Australian Aid | ASEAN-Australia Counter Trafficking

# ASEAN အဖွဲ့ဝင်နိုင်ငံများ၌ လူကုန်ကူးခံရသည့် နစ်နာသူများအတွက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးခြင်း

Marika McAdam



မတ်လ၊ ၂၀၂၂ ခုနှစ်

ရေးသားသူ - Dr Marika McAdam, ASEAN-ACT International Law and Policy Adviser

ဤစာတမ်းတစ်ခုလုံးနှင့် ယင်း၏အစိတ်အပိုင်းတိုင်းအတွက် မူပိုင်ခွင့်ကို Cardno က ပိုင်ဆိုင်၍ Cardno ၏ သဘောတူခွင့်ပြုချက်မရရှိဘဲ ယင်းတို့ကို လူပုဂ္ဂိုလ် တစ်စုံတစ်ဦးအား မီဒီယာများထဲတွင် သို့မဟုတ် မီဒီယာများပေါ်တွင် မည်သို့သောမူဟန် သို့မဟုတ် ပုံစံနှင့်မျှ အသုံးပြုခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ မိတ္တူပွားခြင်း သို့မဟုတ် ထပ်ဆင့်ထုတ်ဝေခြင်း မပြုလုပ်ရ။ဤစာတမ်းကို Cardno က အလုပ်အပ်သူနှင့် သဘောတူထားသော စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ အလုပ်အပ်သူ၏ အကျိုးကျေးဇူးအတွက်နှင့် အသုံးပြုရန်အတွက်သာ ထုတ်ဝေခြင်းဖြစ်ပါသည်။ အကယ်၍ တတိယပုဂ္ဂိုလ်တစ်စုံတစ်ဦး သို့မဟုတ် တတိယအဖွဲ့အစည်းတစ်ရပ်ရပ်က ဤစာတမ်းတွင်ပါဝင်သောအရာများကို အသုံးပြုသောကြောင့်ဖြစ်စေ၊ အားကိုးအားထားပြုခြင်းကြောင့်ဖြစ်စေ ပေါ်ပေါက်လာရသော မည်သည့်ယေဘုယျတာဝန် သို့မဟုတ် ဥပဒေကြောင်းအရ တာဝန်ကိုမျှ Cardno အနေဖြင့် ခံယူမည်မဟုတ်ပါ။

သက်ဆိုင်မှုမရှိကြောင်း မြွက်ဟချက် -ဤစာတမ်းကို ဩစတြေးလျအစိုးရက နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာနမှတစ်ဆင့် ရန်ပုံငွေ ထောက်ပံ့ခဲ့ပါသည်။ ဤစာတမ်း၌ ဖော်ပြပါရှိသောအမြင်များနှင့် ထင်မြင်ယူဆချက်များသည် စာရေးသူ၏ ကိုယ်ပိုင်အမြင်များနှင့် ထင်မြင်ယူဆချက်များသာဖြစ်ပြီး ဩစတြေးလျအစိုးရ၏အမြင်များနှင့် ထင်မြင်ယူဆချက်များ မဟုတ်ပါကြောင်း။

Photo cover by: Paolo Nicolello, Nguyen Dang Hoang Nhu, Kristen Sturdivant, Hakan Nural on Unsplash

Australian Aid | ASEAN-Australia Counter Trafficking

# ASEAN အဖွဲ့ဝင်နိုင်ငံများ၌ လူကုန်ကူးခံရသည့် နစ်နာသူများအတွက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးခြင်း

Marika McAdam



# မာတိကာ


**AICHR အင်ဒိုနီးရှားကိုယ်စားလှယ်၏ အမှာစာ .....7**

**SOMTC Leader - ဖိလစ်ပိုင်၏ အမှာစာ .....9**

**အနှစ်ချုပ်.....11**

ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူ၏ ရင်းမြစ်များ .....2

ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား အနက်ဖွင့်ဆိုခြင်း .....6

ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို လက်တွေ့ကျင့်သုံးခြင်း.....7

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အခက်အခဲများ .....9

နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းဆိုင်ရာ အခက်အခဲများ..... 10

နစ်နာသူအား ပြစ်ဒဏ်ချမှတ်ခြင်းဆိုင်ရာ လက်တွေ့အခြေအနေများ..... 13

ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့အကောင်အထည်ဖော်ခြင်းဆိုင်ရာ အကြံပြုချက်များ. 15

**နိဒါန်း .....18**

**၁။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူ၏ ရင်းမြစ်များ.....24**

၁.၁ နိုင်ငံတကာဥပဒေနှင့် မူဝါဒ..... 25

၁.၂ ဒေသအလိုက်ဥပဒေနှင့် မူဝါဒ ..... 31

၁.၃ ပြည်တွင်းဥပဒေနှင့် မူဝါဒ..... 41

**၂။ ASEAN အဖွဲ့ဝင်နိုင်ငံများရှိ ဥပဒေ၊ မူဝါဒနှင့် ကျင့်သုံးမှုအလေ့အထများ .....52**

၂.၁ ဘရူနိုင်းဒါရူစလမ်..... 53

၂.၂ ကမ္ဘောဒီးယား ..... 55

၂.၃ အင်ဒိုနီးရှား..... 64

၂.၄ လာအို PDR..... 77

၂.၅ မလေးရှား ........ 86

၂.၆ မြန်မာ ........ 91

၂.၇ ဖိလစ်ပိုင် ........ 93

၂.၈ စင်ကာပူ ........ 105

၂.၉ ထိုင်း ........ 112

၂.၁၀ ဗီယက်နမ် ........ 127

**၃။ အကြံပြုချက်များ ........ 135**

၃.၁ ဖော်ထုတ်အတည်ပြုခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း ........ 139

၃.၂ ဖမ်းဆီးခြင်းနှင့် တရားစွဲဆိုခြင်း ........ 144

၃.၃ တရားစွဲဆိုစစ်ဆေးခြင်း ........ 146

၃.၄ ဥပဒေအရ ခုခံချေပခြင်း ........ 151

၃.၅ ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် အမိန့်ချခြင်း ........ 160

၃.၆ ပြစ်မှုထင်ရှားစီရင်ခြင်းနောက်ပိုင်း ပြန်လည်ကုစားမှုများ ........ 166

**နောက်ဆက်တွဲများ ........ 171**

နောက်ဆက်တွဲ ၁ - လူကုန်ကူးခံရသည့် နစ်နာသူများကို ရာဇဝတ်ပြစ်ဒဏ် ချမှတ်ခံရသည့် ပြစ်မှုများ ........ 171

နောက်ဆက်တွဲ ၂။ ဆွေးနွေးပွဲအတွက် ဦးဆောင်ဆွေးနွေးမှု အထောက်အကူပြုကိရိယာ ........ 189

နောက်ဆက်တွဲ ၃ - ပါဝင်တက်ရောက်သူများ ........ 206

**ကိုးကားချက်များ ........ 217**

# စာကွက်များ

**စာကွက် ၁ -** ‘လူကုန်ကူးခြင်း’ ကို အနက်ဖွင့်ဆိုချက် ....................23

**စာကွက် ၂ -** ASEAN အဖွဲ့ဝင်နိုင်ငံများအကြား ချုပ်ဆိုထားသော နှစ်နိုင်ငံသဘောတူ နားလည်မှုစာချွန်လွှာများ...32

**စာကွက် ၃ -** လူကုန်ကူးမှုဆိုင်ရာ အမေရိကန်ပြည်ထောင်စု အစီရင်ခံစာမှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ဖော်ပြချက် ....................36

**စာကွက် ၄ -** လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး၏ လူကုန်ကူးခံရသည့် နစ်နာသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းဆိုင်ရာ စီရင်ဆုံးဖြတ်ချက်....................39

**စာကွက် ၅ -** မူးယစ်ဆေးဝါး မှောင်ခိုကုန်ကူးမှုအတွက် သေဒဏ်ရင်ဆိုင်နေရသော လူကုန်ကူးခံရသည့် နစ်နာသူ - Mary Jane Veloso....................79

**စာကွက် ၆ -** ဖိလစ်ပိုင်နိုင်ငံတွင် နစ်နာသူတစ်ဖြစ်လဲ ကျူးလွန်သူများ သေဒဏ်ချမှတ်ခံရနိုင်ခြေရှိခြင်း .......... 104

**စာကွက် ၇ -** ဖြစ်ရပ်လေ့လာချက် - လက်တွေ့အခြေအနေ၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ကျင့်သုံးရာတွင် တစ်သမတ်တည်းကိုက်ညီမှု မရှိခြင်း .................... 116

**စာကွက် ၈ -** ဝင်ရောက်စီးနင်းမှုများနှင့် လူကုန်ကူးခံရသည့် နစ်နာသူများအား ‘ကယ်ဆယ်ရေး ဆောင်ရွက်မှုများ’ ၏ ရလဒ်အနေဖြင့် လိင်လုပ်သားများ ရာဇဝတ်ပြစ်ဒဏ်ချမှတ်ခံရခြင်း.................... 125

**စာကွက် ၉ -** ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား ပြည်တွင်း၌ ကျင့်သုံးမှုကို ဆန်းစစ်သုံးသပ်ခြင်းအတွက် မူဘောင် .................... 137

**စာကွက် ၁၀ -** ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့်စပ်လျဉ်းသည့် ပုံစံအလိုက် ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ.................. 153

**စာကွက် ၁၁ -** အမေရိကန်ပြည်ထောင်စုရှိ လူကုန်ကူးမှုဆိုင်ရာ လူထုအခြေပြု တရားရုံးတော်များ.................. 163

**စာကွက် ၁၂ -** ရာဇဝတ်မှတ်တမ်းဖျက်သိမ်းခြင်း ဥပဒေများအတွက် အကောင်းဆုံးအလေ့အထများဆိုင်ရာ အကြံပြုချက် .................... 168

**စာကွက် ၁၃ -** ရာဇဝတ်သားအဖြစ် ပြစ်ဒဏ်ချမှတ်ခံရသော လူကုန်ကူးခံရသည့် နစ်နာသူများအား အကူအညီပေးရန် ရာဇဝတ်မှတ်တမ်းဖျက်သိမ်းခြင်း ဥပဒေများ.................... 170

# ပုံများ

**ပုံ ၁ -** ‘လူကုန်ကူးခြင်း’ ကို အနက်ဖွင့်ဆိုချက် ........................................ 138

**ပုံ ၂ -** လူကုန်ကူးမှုဆိုင်ရာ အမေရိကန်ပြည်ထောင်စု အစီရင်ခံစာမှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ဖော်ပြချက် 110

**ပုံ ၃ -** ASEAN အဖွဲ့ဝင်နိုင်ငံများအကြား ချုပ်ဆိုထားသော နှစ်နိုင်ငံသဘောတူ နားလည်မှုစာချွန်လွှာများ............122

# ဇယားများ

**ဇယား ၁ -** အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခြင်း ပုံစံ ........................................ 42

**ဇယား ၂ -** တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခြင်း ပုံစံ........................................ 46

**ဇယား ၃ -** ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အကာအကွယ်ပေးမှု အတိုင်းအတာ ...................... 50

**ဇယား ၄ -** ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် သက်ဆိုင်သည့် ကမ္ဘောဒီးယား မူဝါဒနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ
စာရွက်စာတမ်းများ........................................ 58

“

နိုင်ငံတကာဥပဒေရှိ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို
လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်မှု
ရှိစေရန် ဆောင်ရွက်ခြင်းတို့ လုပ်ဆောင်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများအား
ဥပဒေရေးရာ ဆန်းစစ်သုံးသပ်ရာ၌ ဤအစီရင်ခံစာသည် အလွန်အရေးပါသည့်
အခန်းကဏ္ဍမှ ပါဝင်ကြောင်း မိမိအနေဖြင့် ရှုမြင်ပါသည်။

ဤအစီရင်ခံစာတွင် ASEAN ဒေသ၌ အခြေခံမူအား
လက်တွေ့အကောင်အထည်ဖော်ခြင်းနှင့် လက်တွေ့ကျင့်သုံးခြင်းတို့
ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများအား ဆန်းစစ်လေ့လာထားကာ
လက်တွေ့အခြေအနေ၌ ကြုံတွေ့ရသည့် အခက်အခဲများအား ဖော်ထုတ်ညွှန်ပြရာတွင်
အလွန်ပင် ပြည့်စုံမှုရှိပြီး အခြေခံမူအား ပိုမိုထိရောက်စွာ ကျင့်သုံးနိုင်ရေးအတွက်
မရှိမဖြစ်အရေးပါသော ပါဝင်လုပ်ဆောင်သူများဖြစ်သည့် တရားရေးတာဝန်ရှိသူများ၊
မူဝါဒ ရေးဆွဲချမှတ်သူများနှင့် ဥပဒေ ရေးဆွဲ ပြဋ္ဌာန်းသူများအတွက် ရည်ရွယ်
လမ်းညွှန်သည့် အကြံပြုချက်များ ပါဝင်ခြင်းကြောင့် မိမိအနေဖြင့် အထူးပင်
ကျေးဇူးတင်ရှိလိုပါသည်။

”

United Nations Special Rapporteur on Trafficking in Persons,
Especially Women and Children,

Professor Siobhán Mullally



# AICHR အင်ဒိုနီးရှားကိုယ်စားလှယ်၏ အမှာစာ

လူ့အခွင့်အရေးကို မြှင့်တင်ပေး၍ ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည့် အဓိကအဖွဲ့အစည်းတစ်ခုဖြစ်သော အာဆီယံ အစိုးရများဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင် (AICHR) သည် အာဆီယံအသိုက်အဝန်း၌ လူကုန်ကူးမှု၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှုကို ကိုင်တွယ်ဖြေရှင်းရန် ရေးဆွဲချမှတ် ဆောင်ရွက်သည့် အစီအမံများတွင် အပါအဝင် လူ့အခွင့်အရေးကို ကျယ်ပြန့်စွာ အလေးထားလိုက်နာမှုရှိအောင် ဆောင်ရွက်ဖော်ဆောင်ပေးရမည့် တာဝန်ရှိပေသည်။ လူကုန်ကူးမှုကို ကြိုတင်ကာကွယ်တားဆီးရန်၊ လူကုန်ကူးမှု ကျူးလွန်သူများကို တရားစွဲဆိုစစ်ဆေးနိုင်ရန်နှင့် လူကုန်ကူးခံရသည့် နစ်နာသူများကို ကာကွယ်စောင့်ရှောက်ရန် ကြိုးပမ်းအားထုတ်ရာတွင် လူ့အခွင့်အရေးကို အဓိကအလေးထား၍ လုပ်ဆောင်စေရန် ထိန်းကျောင်းပေးခြင်းဖြင့် AICHR ၏ လုပ်ငန်းဆောင်ရွက်မှုများအတွက် အကျိုးဖြစ်ထွန်းစေနိုင်သည်။

နစ်နာသူများနှင့် ၎င်းတို့၏ မိသားစုများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ထည့်သွင်းစဉ်းစားခြင်းသည် အလွန်အမင်း အရေးကြီး သော်လည်း နစ်နာသူများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရာတွင် ၎င်းနစ်နာသူများ လက်စားချေ တုံ့ပြန်ခံရနိုင်ခြေအား လျှော့ချပေးခြင်းကို အမြဲတစေ အဓိကဦးစားပေးဆောင်ရွက်သင့်သည်။ ထိုသို့ ကာကွယ်စောင့်ရှောက်ရာတွင် မျက်မြင်သက်သေ များလည်းဖြစ်သည့် နစ်နာသူများအားလုံးကို ခြုံငုံမိအောင် အကာအကွယ်ပေးရန်မှာလည်း ညီတူညီမျှ အရေးပါသောအချက် ဖြစ်သည်။ မျက်မြင်သက်သေများကို အကာအကွယ်ပေးခြင်းဆိုင်ရာ အစီအမံများနှင့် နစ်နာသူကို အကာအကွယ်ပေးခြင်းဆိုင်ရာ အစီအမံများကို သင့်လျော်သော အထောက်အပံ့များဖြင့် ပေါင်းစည်းဆောင်ရွက်ပါက ၎င်းပုဂ္ဂိုလ်တို့ထံမှ ပူးပေါင်းဆောင်ရွက်မှုအား ရယူနိုင်မည့် အခွင့်အလမ်းကို ပိုမိုမြင့်မားစေနိုင်သည်သာမက နိုင်ငံတော်များအနေဖြင့် ၎င်းတို့လိုက်နာရမည့် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ ဝတ္တရားများကို ဖြည့်ဆည်းလိုက်နာရာတွင်လည်း အထောက်အကူ ဖြစ်စေနိုင်ပါသည်။

လူကုန်ကူးခံရသည့် နစ်နာသူများကို တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများ သို့မဟုတ် ရာဇဝတ်သားများအဖြစ်ပင် သတ်မှတ် ဆက်ဆံရန်အလို့ငှာ ၎င်းတို့၏ နစ်နာသူဖြစ်မှုကို လျှော့ပေါ့ရှုမြင်ခြင်း သို့မဟုတ် နစ်နာသူမဟုတ်ကြောင်း ငြင်းဆိုခြင်းတို့ကို ဆောင်ရွက်ကာ ၎င်းတို့၏ ကာကွယ်စောင့်ရှောက်မှု ရရှိပိုင်ခွင့်ကို ကျင့်သုံးခွင့်မပေးသည့် အခြေအနေမျိုးကို AICHR အင်ဒိုနီးရှားကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ရာတွင် ကြုံတွေ့ခဲ့ရပါသည်။ ထို့အပြင် လူကုန်ကူးသူများသည် နစ်နာသူများကို ရာဇဝတ်သားအဖြစ် သတ်မှတ်ခံရနိုင်သည့် အန္တရာယ်အကြောင်း အသိပေးကာ ၎င်းတို့လုပ်ဆောင်လိုသည့် ခေါင်းပုံဖြတ်မှု အသွင်သဏ္ဌာန်များနှင့် ဆက်နွှယ်နေသော ရာဇဝတ်လုပ်ရပ်များကို ကျူးလွန်စေရန် ကြိုးကိုင်ခြယ်လှယ်ကြောင်း ဖော်ပြထားသည့် အစီရင်ခံစာ အမြောက်အများကိုလည်း လက်ခံရရှိခဲ့ပါသည်။ ရလဒ်အနေဖြင့် လူကုန်ကူးခံရသည့် နစ်နာသူ အများအပြားသည် ၎င်းတို့၏ နစ်နာသူဖြစ်မှုကို အပြည့်အဝ ထည့်သွင်းစဉ်းစားပေးခြင်း မခံရဘဲ ဖမ်းဆီးထိန်းသိမ်းခံရခြင်း၊ တရားစွဲဆို စစ်ဆေးခံရခြင်း၊ ပြစ်မှုထင်ရှားစီရင်ခံရခြင်းနှင့် ပြည်နှင်ဒဏ်ပေးခံရခြင်းတို့ကို ကြုံတွေ့ကြရပေသည်။

ဤဖြစ်ရပ်များအားလုံးတွင် နစ်နာသူ၏ လူကုန်ကူးခံရမှုကို စေ့စေ့စပ်စပ် စစ်ဆေးစိစစ်ကာ ၎င်းတို့ ကြုံတွေ့ ခံစားခဲ့ရသည့် နစ်နာမှုများအကြောင်း ဂရုတစိုက် နားထောင်ပေးရန် အလွန်အရေးကြီးပြီး နစ်နာသူ၏ လူ့အခွင့်အရေးကို လေးစားလိုက်နာသည့် အနေဖြင့် ၎င်း၏အခွင့်အရေးများကို ချိုးဖောက်၍ တရားစွဲဆို စစ်ဆေးခြင်း သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်း မပြုဘဲ နစ်နာသူကို ကာကွယ်စောင့်ရှောက်ပေးရမည် ဖြစ်သည်။ ပြစ်ဒဏ်လွတ်ငြိမ်းပိုင်ခွင့်ကို လူကုန်ကူးမှုအား ကိုင်တွယ်ဖြေရှင်းရန် ရေးဆွဲချမှတ် ထားသည့် နိုင်ငံတကာအဆင့်၊ ဒေသတွင်းအဆင့်နှင့် နိုင်ငံတော်အဆင့် ဥပဒေမူဘောင်ပါ နစ်နာသူ၏ လူ့အခွင့်အရေးကို ကာကွယ် စောင့်ရှောက်ပေးခြင်း၏ အဓိကသော့ချက်အဖြစ် မှတ်ယူနိုင်သည်။ စင်စစ်ဆိုရသော် ပြစ်ဒဏ်လွတ်ငြိမ်းပိုင်ခွင့် ဟူသည်မှာ ရုပ်သိမ်း၍ မရသည့် နစ်နာသူ၏ ဥပဒေအရကာကွယ်စောင့်ရှောက်မှု ရရှိပိုင်ခွင့်နှင့် ဆက်နွှယ်နေသဖြင့် အထူးအလေးပေးလိုက်နာရမည့် အခွင့်အရေးတစ်ရပ်ပင် ဖြစ်သည်။

အာဆီယံဒေသတွင် ၂၀၁၅ ခုနှစ် အမျိုးသမီးများနှင့် ကလေးသူငယ်များအား အထူးအလေးပေးသော လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ် (ACTIP) ၌ လူကုန်ကူးခံရသည့် နစ်နာသူများအတွက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို ပြဋ္ဌာန်းကာ အာမခံပေးထားသည်။ ၎င်းသဘောတူစာချုပ်၏ အပိုဒ်ခွဲ ၁၄(၇) တွင် စာချုပ်ဝင်နိုင်ငံများသည် “လူကုန်ကူးခံရသည့် နစ်နာသူများကို ရာဇဝတ် ဥပဒေအရဖြစ်စေ စီမံအုပ်ချုပ်ရေး ဥပဒေအရဖြစ်စေ ပြစ်ဒဏ်ချမှတ်ခြင်း မပြုရန်အတွက် ထည့်သွင်းစဉ်းစားရန်” ပြဋ္ဌာန်းသတ်မှတ်ထားသည်။ ထို့အပြင် ၂၀၁၂ ခုနှစ် အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်း (AHRD) ၏ အပိုဒ် ၁၃ တွင် မည်သူမဆိုသည် လူကုန်ကူးခံရမှုမှ ကင်းလွတ်ပိုင်ခွင့်ရှိကြောင်း အတိအလင်း ဖော်ပြထားကာ အပိုဒ် ၂ တွင် လူမျိုး၊ လိင်၊ အသက်၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ နိုင်ငံရေး သို့မဟုတ် အခြား ခံယူချက်၊ နိုင်ငံ သို့မဟုတ် လူမှုဆိုင်ရာ ဇာတိ၊ စီးပွားရေးအဆင့်အတန်း၊ မွေးရာပါ မသန်စွမ်းဖြစ်မှု သို့မဟုတ် အခြားအဆင့်အတန်း တစ်စုံတစ်ရာကို အခြေခံ၍ ခွဲခြားဆက်ဆံမှုမပြုရေး အခြေခံမှုကို ပြဋ္ဌာန်းထားပြီး ဤသည်မှာ လူကုန်ကူးခံရသည့် နစ်နာသူများအတွက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား လက်တွေ့ကျင့်သုံးရာတွင် အထူးပင် အရေးပါသည်။

ထို့အပြင် AHRD ၏ အပိုဒ် ၃ တွင် လူပုဂ္ဂိုလ်တိုင်းသည် ဥပဒေရှေ့မှောက်တွင် ခွဲခြားဆက်ဆံမှုမရှိဘဲ တန်းတူညီမျှ ဖြစ်ကြောင်းနှင့် ဥပဒေ၏ အကာအကွယ်ပေးမှုကို တန်းတူညီမျှ ခံစားပိုင်ခွင့်ရှိကြောင်း ဖော်ပြထားကာ အပိုဒ် ၅ တွင် နစ်နာသူများအနေဖြင့် ၎င်းတို့၏ မည်သည့်အခွင့်အရေးကိုမဆို ချိုးဖောက်ခံရပါက ‘ထိရောက်ပြီး လက်တွေ့ အရေးယူကျင့်သုံးနိုင်သော ပြန်လည်ကုစားမှုကို’ ခံစားပိုင်ခွင့်ရှိကြောင်းနှင့် ပြစ်မှုကျူးလွန်သည်ဟု သက်သေမပြနိုင်မီ အပြစ်ကင်းစင်ကြောင်း ယူဆသတ်မှတ်ခံရပိုင်ခွင့် အပါအဝင် တရားမျှတသည့် ရုံးတင် စစ်ဆေးကြားနာမှုကို ရရှိပိုင်ခွင့်နှင့် တရားရုံးတော်၌ ခုခံချေပပိုင်ခွင့် (အပိုဒ်ခွဲ ၂၀(၁)) တို့ ရှိကြောင်းကိုလည်း ကြေညာစာတမ်းတွင် ထည့်သွင်းဖော်ပြထားသည်။

နိုင်ငံတော်အဆင့်တွင် လူကုန်ကူးခံရသည့် နစ်နာသူများအတွက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေမူဘောင်တွင်လည်း တွေ့ရှိနိုင်သည်။ သို့ရာတွင် နစ်နာသူများကို ၎င်းတို့၏ ဂုဏ်သိက္ခာနှင့် ဂုဏ်သတင်း ပြန်လည်တည်ဆောက်ရန်၊ ၎င်းတို့၏ အခွင့်အရေးများကို ကျင့်သုံးခံစားရန် အထောက်အကူပေးရာတွင် အဆိုပါ အခြေခံမှုအား လက်တွေ့ကျင့်သုံးရန် မဖြစ်မနေ လိုအပ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်အနေဖြင့် ASEAN-Australia Counter Trafficking စီမံကိန်း၏ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ လူကုန်ကူးခံရသည့် နစ်နာသူများအတွက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးခြင်းနှင့်စပ်လျဉ်းသည့် လေ့လာချက်ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါသည်။ ဤလေ့လာချက်တွင် ဖော်ပြထားသည့် သုံးသပ်ချက်၊ တွေ့ရှိချက်များနှင့် အကြံပြုချက်များသည် အချိန်ကိုက်ဖြစ်ပြီး မဟာဗျူဟာ မြောက်သည်သာမက လူ့အခွင့်အရေးရှုထောင့်မှ သုံးသပ်ဖော်ပြထားကာ ဤအချက်မှာ အာဆီယံဒေသ၌ လူ့အခွင့်အရေးကို အလေးထားလိုက်နာစေရန် လုပ်ဆောင်နေသည့် AICHR ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ကိုက်ညီပြီး အာဆီယံဒေသအနှံ့၌ လူကုန်ကူးမှု ကိုင်တွယ်ဖြေရှင်းခြင်းဆိုင်ရာ တွေးမြင်ဆောင်ရွက်ပုံများ ပြောင်းလဲလာမှုကို ကိုင်တွယ်ရာ၌ ကြုံတွေ့ရသည့် AICHR ၏ လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးရာကျပေသည်။

လူကုန်ကူးမှု၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှုကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် စပ်လျဉ်း၍ တစိုက်မတ်မတ် ကြိုးပမ်းအားထုတ်မှုအတွက် ASEAN-Australia Counter Trafficking စီမံကိန်းကို ကျွန်ုပ်အနေဖြင့် ကျေးဇူးတင်ရှိပါသည်။ နစ်နာသူဦးစားပေးသည့် ကနဦးလုပ်ငန်းစီမံချက်များကို ဒီဇိုင်းရေးဆွဲချမှတ်၍ လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးရန် အာဆီယံ ကဏ္ဍအလိုက်အဖွဲ့အစည်းများ၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် အတူတကွ လက်တွဲပူးပေါင်းပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို ကျင့်သုံးနိုင်ရေးအတွက် ကျွန်ုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာကောင်းမွန်လာအောင် လုပ်ဆောင်ရန် မျှော်လင့်လျက်ရှိပါသည်။



**H.E. Yuyun Wahyuningrum**

**Representative of Indonesia to the ASEAN Intergovernmental Commission on Human Rights (2019-2021, 2022-2024)**

# SOMTC Leader - ဖိလစ်ပိုင်၏ အမှာစာ

ASEAN အသိုက်အဝန်းသည် နိုင်ငံဖြတ်ကျော်ကျူးလွန်သည့် ရာဇဝတ်မှုများက ၎င်းတို့၏ ဘေးကင်းလုံခြုံမှုအပေါ် ထိခိုက်စေနိုင်ကြောင်း သိရှိနားလည်ပြီး ဖြစ်ပါသည်။ အထူးပင် ကျယ်ပြန့်စွာဖြစ်ပွားနေပြီး ထင်ရှားရန်ခက်ခဲသည့် နိုင်ငံဖြတ်ကျော်ကျူးလွန်သည့် ရာဇဝတ်မှု အသွင်သဏ္ဍာန်တစ်ရပ်ဖြစ်သော လူကုန်ကူးမှုသည် ASEAN အဖွဲ့ဝင် နိုင်ငံများနှင့် နိုင်ငံသားများအတွက် ကြီးမားသောအန္တရာယ်တစ်ရပ်ပင် ဖြစ်ပါသည်။ သို့ရာတွင် ၎င်းပြစ်မှုအား ကျူးလွန်သူများအတွက်မူ လူကုန်ကူးမှုသည် တွေ့ရှိဖော်ထုတ်ခံရပြီး တရားစွဲဆိုစစ်ဆေးခံရနိုင်သည့် အန္တရာယ် အနည်းဆုံးဖြစ်ကာ နှစ်စဉ် အမြတ်အစွန်း အမြောက်အများရရှိစေသည့် အကျိုးအမြတ်မြင့်မားပြီး အန္တရာယ် ဖြစ်နိုင်ခြေ နည်းပါးသည့် ပြစ်မှုအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ လူကုန်ကူးသူများသည် ပြစ်ဒဏ် ပေးခံရခြင်းမှ လွတ်ကင်းနေသော်လည်း ၎င်းတို့လူကုန်ကူးသည့် နစ်နာသူများမှာမူ လူကုန်ကူးခံရခြင်း၏ အကျိုးဆက်အဖြစ် ကျူးလွန်ခဲ့ရသည့် ဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် တရားမမှုဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာနှင့် ရာဇဝတ်ဆိုင်ရာ အကျိုးဆက်များကိုပင် ကြုံတွေ့ခံစားကြရလျက် ရှိပါသည်။

ASEAN အဖွဲ့ဝင်နိုင်ငံသားများကို လူကုန်ကူးခံရသည့် ဒေသတွင်းနိုင်ငံများနှင့် ဒေသပြင်ပရှိ နိုင်ငံများတွင် နစ်နာသူများသည် စာရွက်စာတမ်းအတုများ အသုံးပြုခြင်း၊ တရားမဝင် နယ်စပ်ဖြတ်ကျော်ခြင်း သို့မဟုတ် နေထိုင်ခြင်း သို့မဟုတ် အလုပ်လုပ်ကိုင်ခြင်းအတွက် ပြစ်ဒဏ်ချမှတ်ခံရခြင်းနှင့် ရင်ဆိုင်ရနိုင်သည်။ ၎င်းတို့ကို လိင်လုပ်ငန်း၊ သို့မဟုတ် ငါးဖမ်းလုပ်ငန်း၊ သို့မဟုတ် ၎င်းတို့အား လူကုန်ကူးခံရသည့် လုပ်ငန်းကဏ္ဍများတွင် ပါဝင်ပတ်သက်လုပ်ကိုင်မှုကြောင့် တရားစွဲဆိုစစ်ဆေးခြင်း ခံရနိုင်သည်။ ၎င်းတို့ကို နစ်နာသူများအဖြစ် ဖော်ထုတ် အတည်ပြုကာ ကာကွယ်စောင့်ရှောက်မှုပေးခြင်းမရှိသည့် အခြေအနေများတွင် လူကုန်ကူးသူများအဖြစ် တရားစွဲဆိုစစ်ဆေးခြင်းကိုပင် ကြုံတွေ့ရနိုင်သည်။ နစ်နာသူများကို ပြစ်မှုများကျူးလွန်စေရန် ခေါင်းပုံဖြတ်သည့် အခြေအနေများတွင် အဆိုပါနစ်နာသူများသည် ကြီးလေးသောပြစ်ဒဏ်များ ချမှတ်ခံရနိုင်ပြီး မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်း သို့မဟုတ် မှောင်ခိုကုန်ကူးခြင်းတွင် ဖြစ်စေ၊ လက်နက်ကိုင်ပဋိပက္ခ သို့မဟုတ် အကြမ်းဖက်မှုတွင် ဖြစ်စေ ပါဝင်ပတ်သက်ရန် ခေါင်းပုံဖြတ်ခံရခြင်းကြောင့် ရလဒ်အနေဖြင့် ကိုယ်ကာယနာကျင်စေသည့် ပြစ်ဒဏ် သို့မဟုတ် သေဒဏ် ချမှတ်ခံရခြင်းကို ကြုံတွေ့ရနိုင်သည်။ ဤ စိုးရိမ်ဖွယ် အချက်များသည် ကျွန်ုပ်တို့အနေဖြင့် လူကုန်ကူးမှုအား တုံ့ပြန်ဆောင်ရွက်ရာ၌ အများအားဖြင့် ထိခိုက်လွယ်ဆုံး ပုဂ္ဂိုလ်များအဖြစ် ပတ်သက်ပါဝင်နေသည့်၊ အဆိုပါဆောင်ရွက်ချက်များ၏ အကျိုးသက်ရောက်မှုကို လက်တွေ့ခံစားရသော လူပုဂ္ဂိုလ်များ၏ အခွင့်အရေးများအား ချိုးဖောက်ခြင်းမရှိစေရန်အတွက် အဆောတလျင် ဂရုပြုလုပ်ဆောင်ရန် လိုအပ်ကြောင်း ညွှန်ပြသတိပေးလျက်ရှိသည်။

ကျွန်ုပ်တို့၏ ASEAN ဒေသ၌ နစ်နာသူများကို ၎င်းတို့လူကုန်ကူးခံရခြင်းနှင့်ဆက်နွယ်၍ ကျူးလွန်ခဲ့ရသည့် ပြစ်မှုများအတွက် ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ အကာအကွယ်ပေးရန် အသုံးပြုသည့်နည်းလမ်းများ ရှိပါသည်။ အမျိုးသမီးများနှင့် ကလေးသူငယ်များအား အထူးအလေးပေးသော လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ် (ACTIP) အရ အဖွဲ့ဝင်နိုင်ငံများသည် နစ်နာသူများအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်း လုပ်ဆောင်ရာတွင် ASEAN လူ့အခွင့်အရေး ကြေညာစာတမ်း၌ ဖော်ပြထားသည့် အခွင့်အရေးများ အပါအဝင် ၎င်းတို့၏ လူ့အခွင့်အရေးများအား အပြည့်အဝ လေးစားလိုက်နာမှု ရှိစွာဖြင့် ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်ထားကြသည်။ ACTIP တွင် နိုင်ငံတော်များသည် လူကုန်ကူးခံရသည့် နစ်နာသူများကို ၎င်းတို့လူကုန်ကူးခံရခြင်းနှင့် တိုက်ရိုက်ဆက်နွယ်၍ ကျူးလွန်ခဲ့ရသည့် ဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် ရာဇဝတ်ဥပဒေအရဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာဥပဒေအရဖြစ်စေ တာဝန်ခံစေခြင်း မပြုရန် ထည့်သွင်းစဉ်းစားသင့်ကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် ASEAN အသိုက်အဝန်းသည် လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး တုံ့ပြန်ဆောင်ရွက်ရာ၌ လူ့အခွင့်အရေးအခြေပြုပြီး နစ်နာသူဗဟိုပြုသော နည်းဟန်ကို ကျင့်သုံးရန် ညီညွတ်စွာ သန္နိဋ္ဌာန်ချမှတ်စွဲကိုင်ထားပါသည်။ အဆိုပါ ကတိကဝတ်ကို ဖြည့်ဆည်းနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးခြင်းသည် မရှိမဖြစ်အရေးပါပေသည်။

နိုင်ငံဖြတ်ကျော်ကျူးလွန်သည့် ရာဇဝတ်မှုဆိုင်ရာ အကြီးတန်းအရာရှိများ တွေ့ဆုံစည်းဝေးပွဲ (SOMTC) အနေဖြင့် *ASEAN အဖွဲ့ဝင်နိုင်ငံများ၌ လူကုန်ကူးခံရသည့် နစ်နာသူများအတွက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့အကောင်အထည်ဖော်ခြင်း* ကို လေ့လာဆန်းစစ်ထားသည့် အရေးပါပြီး အချိန်ကိုက်ပေါ်ထွက်လာသော ဤလေ့လာချက်အတွက် ASEAN-Australia Counter Trafficking စီမံကိန်းအဖွဲ့ကို ချီးမွမ်းကြောင်း ဖော်ပြလိုပါသည်။ ဤလေ့လာချက်အတွက် ဆောင်ရွက်ခဲ့သည့် ခိုင်မာနက်နဲသော ဆွေးနွေးတိုင်ပင်မှုများအရ ဤတွင် ဖော်ပြထားသည့် တွေ့ရှိချက်များသည် ASEAN ဒေသအတွင်းရှိ ပညာရှင်များ၏ ကျွမ်းကျင်ပိုင်နိုင်မှုနှင့် အတွေ့အကြုံများအပေါ် အခြေခံထားကြောင်း ယုံကြည်ပါသည်။ လေ့လာချက်ပါ အကြံပြုချက်များမှာလည်း လူကုန်ကူးမှုအား ဆန့်ကျင်တိုက်ဖျက်ရာ၌ အပြန်အလှန် အထောက်အကူပေးခြင်း၊ ဘုံသဘောတူနားလည်မှုနှင့် လူ့အခွင့်အရေးများကို ဘုံလေးစားလိုက်နာမှုတို့ဖြင့် ဆောင်ရွက်လိုသည့် ကျွန်ုပ်တို့၏ မျှော်မှန်းချက်ရူပါရုံနှင့်လည်း ကိုက်ညီပါသည်။ နစ်နာသူများကို ၎င်းတို့လူကုန်ကူးခံရသည့် အခြေအနေ၏ အကျိုးဆက်အဖြစ် ကျူးလွန်ခဲ့ ရသည့် ဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် ပြစ်ဒဏ်ချမှတ်ခြင်းမှ အကာအကွယ်ပေးခြင်း အပါအဝင် နစ်နာသူများကို အကာအကွယ်ပေး၍ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှု ကျူးလွန်သူများကို တရားမျှတစေရန် ပြစ်ဒဏ်ပေးခြင်း ဆောင်ရွက်လိုသည့် ကျွန်ုပ်တို့၏ ပူးပေါင်းအားထုတ်ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဤအကြံပြုချက်များကို လက်တွေ့အကောင်အထည်ဖော်ရန်အလို့ငှာ ဒေသတစ်ဝန်းရှိ မိတ်ဖက်များနှင့် လက်တွဲ လုပ်ဆောင်နိုင်ရန် မျှော်လင့်စောင့်စားလျက် ရှိပါသည်။

**H.E. Undersecretary Bernardo C. Florece, Jr.**

**SOMTC Leader – Philippines**

**Chair, SOMTC WG on TIP**

**Manila, 21 February 2022**

# အနှစ်ချုပ်

ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအရ လူကုန်ကူးခံရသည့် နစ်နာသူများအနေဖြင့် ၎င်းတို့လူကုန်ကူးခံရခြင်း၏ အကျိုးဆက်အဖြစ် ကျူးလွန်ခဲ့ရသော ပြစ်မှုများအတွက် တရားစွဲဆိုစစ်ဆေးခြင်း သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းကို ခံစားရခြင်းမရှိသင့်ဟု သတ်မှတ်ထားသည်။ ဤအခြေခံမူသည် အလုံးစုံလွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း မဟုတ်ဘဲ နစ်နာသူများအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် လူကုန်ကူးမှုအား ရာဇဝတ်ဆိုင်ရာ တရားမျှတရေး တုံ့ပြန်ဆောင်ရွက်ရာတွင် လူ့အခွင့်အရေး အခြေပြုသည့် ချဉ်းကပ်နည်းဟန်ကို အသုံးချခြင်းအတွက် မရှိမဖြစ်အရေးကြီးသော နည်းလမ်းတစ်ရပ်ဖြစ်သည်။

ဤလေ့လာချက်တွင် ASEAN အဖွဲ့ဝင်နိုင်ငံများ၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို လက်တွေ့ အကောင်အထည်ဖော်ကျင့်သုံးရန်အတွက် ချမှတ်ထားရှိသည့် ဥပဒေများ၊ မူဝါဒများနှင့် ကျင့်သုံးမှု အလေ့အထများကို လေ့လာတင်ပြထားပြီး ရာဇဝတ်ဆိုင်ရာ တရားမျှတရေးကို လက်တွေ့ဖော်ဆောင်ရာ၌ ကြုံတွေ့ရသည့် အခက်အခဲများနှင့် အဟန့်အတားများကို အကျယ်တဝင့် ဆွေးနွေးထားပါသည်။ ဥပဒေ ရေးဆွဲပြဋ္ဌာန်းသူများ၊ မူဝါဒရေးဆွဲချမှတ်သူများနှင့် ရာဇဝတ်ဆိုင်ရာ တရားရေးတာဝန်ရှိသူများအနေဖြင့် ၎င်းတို့၏ ဝတ္တရားများဖြစ်သော လူကုန်ကူးခံရသည့် နစ်နာသူများကို ၎င်းတို့ခံစားပိုင်သည့် လူ့အခွင့်အရေးများနှင့်အညီ ကာကွယ်စောင့်ရှောက်ရန်၊ လူကုန်ကူးမှုအား ကြိုတင်တားဆီး ကာကွယ်ရန်နှင့် ဤလုပ်ငန်းများ အထမြောက် အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လုပ်ဆောင်ရာတွင် အထောက်အကူဖြစ်စေရန်အလို့ငှာ  လေ့လာချက်ပါ တွေ့ရှိချက်များနှင့် အကြံပြုချက်များအား အသုံးချရန် တိုက်တွန်းလိုပါသည်။

ဤလေ့လာချက်ကို ပြုစုရာတွင် လိုအပ်သည့် သတင်းအချက်အလက်များကို ASEAN ဒေသနှင့် အခြားဒေသများမှ ရရှိသည့် အချက်အလက်များအား ဆန်းစပ်သုံးသပ်ခြင်းနှင့် နိုင်ငံ ၆ နိုင်ငံ (ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လာအို PDR၊ ထိုင်းနှင့် အင်ဒိုနီးရှား) ၌ စီစဉ်ဆောင်ရွက်ခဲ့သည့် ဆွေးနွေးဝိုင်း ၁၂ ခုမှ ရယူလေ့လာထားပါသည်။ ဤဆွေးနွေးဝိုင်းများတွင် ပါဝင်တက်ရောက်သူပေါင်း ၁၉၆ ဦးရှိခဲ့ပြီး အစိုးရကိုယ်စားလှယ် ၁၂၂ ဦးနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းကိုယ်စားလှယ် ၇၄ ဦး တက်ရောက်ခဲ့ပါသည်။ ထို့အပြင် သီးခြားပုဂ္ဂလ ပညာရှင် လေးဦးကလည်း စာဖြင့် ရေးသားပေးပို့ခြင်းနှင့် အသေးစိတ်ဝင်ရောက်ဆွေးနွေးခြင်းတို့ဖြင့် ပါဝင်ခဲ့ပါသည်။[1]

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူ၏ ရင်းမြစ်များ

**နိုင်ငံတကာ ဥပဒေနှင့် မူဝါဒ -** ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို *လူကုန်ကူးခြင်း၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးခြင်းကို ကြိုတင်ကာကွယ်တားဆီးရေး၊ တိုက်ဖျက်နှိမ်နင်းရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း* (လူကုန်ကူးခြင်းဆိုင်ရာ တုံ့ပြန်မှုလုပ်ငန်းစဉ်) တွင်ဖြစ်စေ နိုင်ငံဖြတ်ကျော် ဂိုဏ်းဖွဲ့ရာဇဝတ်မှု ကျူးလွန်ခြင်း တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (UNOTC) တွင်ဖြစ်စေ အတိအလင်း ဖော်ပြထားခြင်း မရှိပါ။ သို့ရာတွင် *လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးရုံးက ထုတ်ပြန်သည့် လူ့အခွင့်အရေးနှင့်*

[1] The study also benefited from the author's participation in events related to the non-punishment principle. The author served as a participant and a facilitator at a consultation workshop convened on 4-5 February 2021 by the Special Rapporteur on Trafficking in Persons, especially Woman and Children, to inform the Special Rapporteur's report: *Implementation of the non-punishment principle: Report of the Special Rapporteur on trafficking in persons, especially women and children, Siobhán Mullaly*, UN Doc. A/HRC/47/34 (17 May 2021). The author also participated in a roundtable side event to the 47th Session of the Human Rights Council, on 30 June 2021, 13:00 – 14:30 CET, hosted by ICAT and OHCHR, titled *Non-punishment of victims of trafficking: A roundtable on the application of the principle of non-punishment for victims of trafficking* https://aseanactpartnershiphub.com/resources/video-non-punishment-roundtable/. The author is grateful for these opportunities to gather global insights.

*လူကုန်ကူးခြင်းဆိုင်ရာ အခြေခံမူများနှင့် လမ်းညွှန်ချက်များ အကြံပြုချက်* တွင် ဖော်ပြထားခြင်း အပါအဝင် ယင်းအခြေခံမူကို နစ်နာသူအား လူ့အခွင့်အရေးအခြေပြု ကာကွယ်စောင့်ရှောက်မှုနှင့် အကူအညီပေးခြင်း၏ အဓိကအင်္ဂါရပ်တစ်ခုအဖြစ် ပိုမိုရှုမြင်သတ်မှတ်လာပြီဖြစ်သည်။ ဤရှုမြင်သတ်မှတ်ချက်ကို သဘောတူလက်ခံမှု အများအပြားရရှိခဲ့ပြီး လူကုန်ကူးမှုတိုက်ဖျက်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့၏ ဆွေးနွေးဝိုင်းများ၊[2] လူကုန်ကူးခြင်းဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာများ[3] အပြင် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များ၌ပင် ဤအခြေခံမူကို ကိုင်စွဲကာ လူကုန်ကူးခံရသည့် နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခြင်း မပြုရန် နိုင်ငံတော်များကို တောင်းဆိုထားသည်။[4] ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား တစိုက်မတ်မတ် ကိုင်စွဲလိုက်နာခြင်းကို *လူကုန်ကူးမှု တိုက်ဖျက်ရေးအတွက် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းစီမံချက်အား လက်တွေ့ အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်းသည့် ၂၀၂၁ ခုနှစ် မူဝါဒကြေညာစာတမ်း* တွင် ထပ်လောင်းဖော်ပြ ကတိကဝတ်ပြုထားသည်။[5] ဤအခြေခံမူကို အတင်းအဓမ္မ လုပ်အားခိုင်းစေခြင်းနှင့် အထူးစပ်လျဉ်း၍ နိုင်ငံတကာ ဥပဒေတွင်လည်း ရှင်းလင်းစွာ ထည့်သွင်းဖော်ပြထားပြီး ၂၀၁၄ ခုနှစ် *အတင်းအဓမ္မ လုပ်အားခိုင်းစေခြင်းဆိုင်ရာ တုံ့ပြန်မှုလုပ်ငန်းစဉ် ကွန်ဗင်းရှင်းအမှတ် ၂၉* ၏ အပိုဒ်ခွဲ ၄(၂) တွင် အတင်းအဓမ္မ လုပ်အားခိုင်းစေခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အနေဖြင့် ကျူးလွန်ရန် အဓမ္မစေခိုင်းခံခဲ့ရသည့် ဥပဒေနှင့်မညီသော လုပ်ရပ်များတွင် ၎င်းနစ်နာသူများအား တရားစွဲဆိုစစ်ဆေးခြင်းမပြုရန် အာဏာပိုင်များကို ပြဋ္ဌာန်းထားသည်။ *နိုင်ငံရေးခိုလှုံသူအဖြစ်သတ်မှတ်ခြင်းဆိုင်ရာ ၁၉၅၁ ခုနှစ် ကွန်ဗင်းရှင်း* ၏ အပိုဒ် ၃၁ ကိုလည်း နိုင်ငံရေးခိုလှုံခွင့် လျှောက်ထားသော လူကုန်ကူးခံရသည့် နစ်နာသူများအတွက် ဆက်စပ်အသုံးပြုနိုင်သည်။ အဆိုပါ အပိုဒ်တွင် နိုင်ငံရေးခိုလှုံသူများအား နိုင်ငံတွင်းသို့ တရားမဝင် ဝင်ရောက်လာခြင်း သို့မဟုတ် နေထိုင်ခြင်းအတွက် ပြစ်ဒဏ်ချမှတ်ခြင်းကို တားမြစ်ထားသည်။

**ဒေသအလိုက် ဥပဒေနှင့် မူဝါဒ -** အာရှဒေသတွင် *အမျိုးသမီးများနှင့် ကလေးသူငယ်များအား အထူးအလေးပေးသော လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ်* (၂၀၁၅) ၏ အပိုဒ် ၁၄(၇) တွင် နိုင်ငံတော်များ (ASEAN အဖွဲ့ဝင်နိုင်ငံ ဆယ်နိုင်ငံလုံး) သည် လူကုန်ကူးခံရခြင်းနှင့် တိုက်ရိုက်ဆက်နွယ်၍ ကျူးလွန်ခဲ့သော ဥပဒေနှင့်မညီသည့် လုပ်ရပ်များအတွက် နစ်နာသူများအား ရာဇဝတ်ဥပဒေအရဖြစ်စေ စီမံအုပ်ချုပ်ရေးဆိုင်ရာ ဥပဒေအရဖြစ်စေ ပြစ်ဒဏ်ချမှတ်ခြင်းမပြုရန် စဉ်းစားသင့်ကြောင်း ဖော်ပြထားသည်။ ဤအခြေခံမူကို *အမျိုးသမီးများနှင့် ကလေးသူငယ်များအား အထူးအလေးပေးသော လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ လုပ်ငန်းစီမံချက်၊ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အာဆီယံကော်မရှင်* (ACWC)၊ *လူကုန်ကူးခံရသူ အမျိုးသမီးများနှင့်ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရန် ကျား၊မ ကွဲပြားမှုကို အထူးဂရုပြုထားသော လမ်းညွှန်ချက်* နှင့် *အာဆီယံ လက်တွေ့လုပ်ငန်း လုပ်ဆောင်သူများအတွက် လူကုန်ကူးမှုဆိုင်ရာ ပြစ်ဒဏ်စီရင်ရေး၊ တရားစီရင်ရေးဖြင့် တုံ့ပြန်မှုဆိုင်ရာ လမ်းညွှန်ချက်များ* (၂၀၀၇) တို့ဖြင့် အတည်ပြုပြဋ္ဌာန်းထားသည်။ ထို့အပြင် ASEAN အဖွဲ့ဝင် နိုင်ငံများအကြား နှစ်နိုင်ငံသဘောတူချုပ်ဆိုထားသည့် နားလည်မှုစာချွန်လွှာအချို့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို ထည့်သွင်းဖော်ပြထားသည်၊ သို့သော်လည်း ကာကွယ်စောင့်ရှောက်မှုပေးရာတွင် နစ်နာသူအချို့ (ဥပမာ အမျိုးသမီးများနှင့် ကလေးသူငယ်များ) သို့မဟုတ် သတ်မှတ်ထားသော ပြစ်မှုများ (ဥပမာ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြစ်မှုများ) အတွက်သာ အကျုံးဝင်

---

[2] *Non-punishment and non-prosecution of victims of trafficking in persons: administrative and judicial approaches to offences committed in the process of such trafficking: Background paper prepared by the Secretariat*, Vienna 27 – 29 January 2010, UN Doc. CTOC/COP/WG.4/2010/4 (9 December 2010), para 10.

[3] *Report of the Special Rapporteur on trafficking in persons, especially women and children, Maria Grazia Giammarinaro,* 6 April 2020, UN Doc A/HRC/44/45, para. 36; *Implementation of the non-punishment principle: Report of the Special Rapporteur on trafficking in persons, especially women and children, Siobhán Mullaly*, UN Doc. A/HRC/47/34 (17 May 2021)

[4] See Security Council Resolution 2331 (2016); Security Council Resolution 2388 (2017).

[5] 2021 Political Declaration on the Implementation of the United Nations Global Plan of Action to Combat Trafficking in Persons, UN Doc A/76/L.11, 9 November 2021 [13].

သက်ရောက်ခြင်းမျိုး ရှိနိုင်သည်။ ဒေသတွင်း အဆင့်တွင် *လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ညှိနှိုင်းပူးပေါင်းထားသည့် မဲခေါင်ဝန်ကြီးဌာနများ ကနဦးစီမံချက်* (COMMIT)၊ *မဟာမဲခေါင်ဒေသတွင်း လူကုန်ကူးခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ* နှင့် *နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းနှင့် လွှဲပြောင်းပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ လမ်းညွှန်* (၂၀၁၆) တို့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို ထည့်သွင်းဖော်ပြထားပါသည်။

အာဖရိကဒေသတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို *လူကုန်ကူးခြင်း၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အူဝီဂါဒူဂူ လုပ်ငန်းစီမံချက်* နှင့် ၁၀-နှစ် စီမံကိန်းဖြစ်သည့် *လူကုန်ကူးခြင်း၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ SADC မဟာဗျူဟာစီမံကိန်း* (၂၀၀၉-၂၀၁၉) တို့အပါအဝင် ဥပဒေနှင့် မူဝါဒဆိုင်ရာ စာရွက်စာတမ်းများတွင် အတိအလင်း ဖော်ပြထားပါသည်။

အမေရိကတွင် အမေရိကန်နိုင်ငံများ အဖွဲ့အစည်း၏ အစည်းအဝေးများမှ နိဂုံးချုပ်ချက်များနှင့် အကြံပြုချက်များတွင် အခြေခံမှုကို အသိအမှတ်ပြုလက်ခံထားသည်။ ၎င်းအဖွဲ့အစည်းက ထုတ်ပြန်ထားသည့် လူကုန်ကူးခံရသည့် နစ်နာသူများအား ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ၂၀၀၀ ခုနှစ် အက်ဥပဒေနှင့်အညီ အမေရိကန်ပြည်ထောင်စုနိုင်ငံတော်ရေးရာဝန်ကြီးဌာနက လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာကို ရေးသားရာတွင် ပြည်နယ်များအား ဆန်းစစ်အကဲဖြတ်ရာ၌ နစ်နာသူများအား မည်မျှအတိုင်းအတာအထိ ကာကွယ်စောင့်ရှောက်မှု ပေးသည်ကို စံတစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစားခြင်းပြုသည်။

ဥရောပဒေသတွင် *ဥရောပဒေသ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဖွဲ့အစည်း* (OSCE) ၏ *လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်* တွင် 'လူကုန်ကူးခံရသည့် နစ်နာသူများအား ၎င်းတို့လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်များအတွက် ရာဇဝတ်ဆိုင်ရာ စစ်ဆေးကြားနာခြင်းများ ဆောင်ရွက်ခြင်းမပြုရန် မပျက်မကွက် ဆောင်ရွက်ရန်' အကြံပြုဖော်ပြထားသည် (ဆုံးဖြတ်ချက်အမှတ် ၅၅၇/rev.၁)။ လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ဥရောပကောင်စီကွန်ဗင်းရှင်းတွင် နစ်နာသူများအား ၎င်းတို့ကို အဓမ္မစေခိုင်း၍ ကျူးလွန်ခဲ့ရသည့် လုပ်ရပ်များအတွက် ပြစ်ဒဏ်ချမှတ်ခြင်းမပြုရန် ရွေးချယ်နိုင်ကြောင်း ဖော်ပြထားသည် (အပိုဒ် ၂၆)။ ဥရောပသမဂ္ဂ၏ *ဥရောပပါလီမန်နှင့် ကောင်စီအတွက် ညွှန်ကြားချက်အမှတ် ၂၀၁၁/၃၆/EU* တွင် နစ်နာသူများအား ၎င်းတို့လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခဲ့ရသည့် ပြစ်မှုများအတွက် တရားစွဲဆိုစစ်ဆေးခြင်း သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်းမှ အကာအကွယ်ပေးရာ၌ အကျုံးဝင်သည့် ပြစ်မှုများကို အပြီးအပိုင်ဖော်ပြမထားသည့် စာရင်း (ဖော်ပြချက် ၁၄) ဖြင့် ပြုစုဖော်ပြထားသည် (အပိုဒ် ၈)။ ညွှန်ကြားချက်တွင် ရာဇဝတ်လုပ်ငန်းများ ခေါင်းပုံဖြတ်ဆောင်ရွက်စေခြင်းကို နစ်နာသူများအား လူကုန်ကူးဆောင်ရွက်စေနိုင်သည့် ခေါင်းပုံဖြတ်ခြင်း အသွင်သဏ္ဍာန်တစ်ရပ်အဖြစ်လည်း အသိအမှတ်ပြုခဲ့သည် (ဖော်ပြချက် ၁၁)။ ၂၀၂၁ ခုနှစ် ဧပြီလတွင် လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး၌ ကြားနာခဲ့သည့် *V.C.L and A.N. v The United Kingdom* အမှုမှ မှတ်ကျောက်တင်ရမည့် စီရင်ဆုံးဖြတ်ချက်တစ်ခု ပေါ်ထွန်းလာခဲ့ပြီး လူကုန်ကူးခံရသည့် နစ်နာသူများအား တရားစွဲဆိုစစ်ဆေးခြင်းအတွက် United Kingdom သည် လူ့အခွင့်အရေးဆိုင်ရာ ဥရောပကွန်ဗင်းရှင်းတွင် ပြဋ္ဌာန်းထားသည့် ၎င်းလိုက်နာဆောင်ရွက်ရမည့် ဝတ္တရားများအား ချိုးဖောက်ခြင်းဖြစ်ကြောင်း စီရင်ဆုံးဖြတ်ခဲ့သည် (စာကွက် ၄)။

**ပြည်တွင်း ဥပဒေနှင့် မူဝါဒ -** ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့်စပ်လျဉ်း၍ ရှင်းလင်းတိကျသည့် ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ ရေးဆွဲချမှတ်ပြဋ္ဌာန်းခြင်းသည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား အတည်ပြုကျင့်သုံးရာ၌ အလေ့အထကောင်းတစ်ရပ်ဖြစ်ကြောင်း ကျယ်ပြန့်စွာ လက်ခံထားကြသည်။[6] ASEAN အဖွဲ့ဝင် ဆယ်နိုင်ငံအနက် ခုနစ်နိုင်ငံက ၎င်းတို့၏

[6] *Guidance on the issue of appropriate criminal justice responses to victims who have been compelled to commit offences as a result of their being trafficked: Background paper prepared by the Secretariat for the Working*

လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ထည့်သွင်းထားသည်။ ဥရောပဒေသတွင် လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ ပညာရှင်အဖွဲ့ (GRETA) က ၂၀၁၉ ခုနှစ်အဆုံးသတ်တွင် ဒုတိယအကြိမ် အကဲဖြတ်သုံးသပ်ခြင်းကို ပြီးမြောက်ခဲ့သည့် နိုင်ငံ ၄၂ နိုင်ငံအနက် ၁၇ နိုင်ငံကသာလျှင် သီးခြားဖော်ပြထားသည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ မူဝါဒများကို အတည်ပြုကျင့်သုံးလျက်ရှိကြောင်း မှတ်ချက်ပြုဖော်ပြခဲ့သည်။[7]

နိုင်ငံတော်များသည် နစ်နာသူကကျူးလွန်သည့် ဥပဒေမဲ့ဆောင်ရွက်ချက်နှင့် ၎င်း၏ လူကုန်ကူးခံရခြင်းတို့အကြား ဆက်နွှယ်မှုကို ဥပဒေဖြင့်သတ်မှတ်ရာတွင် မတူညီသည့် ချဉ်းကပ်နည်းဟန်များကို အသုံးပြုကြသည်။ အချို့နိုင်ငံများတွင် နစ်နာသူသည် လုပ်ရပ်ကိုကျူးလွန်ရန် အဓမ္မစေခိုင်းခံရခြင်းဖြစ်ရန် လိုအပ်ပြီး အချို့နိုင်ငံများတွင်မူ အဆိုပါလုပ်ရပ်များကို လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခြင်းဖြစ်ရန် လိုအပ်သည်။ အချို့သောပညာရှင်များက 'တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခြင်း' ပုံစံဟု အမည်သတ်မှတ်ထားသည့် ဒုတိယချဉ်းကပ်နည်းဟန်သည် လူကုန်ကူးသူက နစ်နာသူအပေါ် အသုံးပြုခဲ့သည့် နည်းလမ်းများကို သက်သေပြရန် လိုအပ်သည့် 'အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခြင်း' ပုံစံထက် ပိုမိုကျယ်ပြန့်ခြုံငုံပြီး သက်သေထူရန် ပိုမိုလွယ်ကူသဖြင့် အသုံးပြုရန် ပိုမိုသင့်လျော်သည်ဟု ယူဆသတ်မှတ်ကြသည်။ ကလေးသူငယ် နစ်နာသူများအတွက်မူ အသုံးပြုသည့်နည်းလမ်းရှိရန် မလိုအပ်သောကြောင့် ဤ အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခြင်း ပုံစံသည် ကလေးသူငယ် နစ်နာသူများနှင့်သက်ဆိုင်သည့် ဖြစ်စဉ်များတွင် လက်တွေ့အသုံးပြုရန် မသင့်လျော်ဟု သတ်မှတ်ကြသည်။ ပုံစံနှစ်မျိုးစလုံးကို (အင်္ဂလိပ်ဘာသာ) စာမျက်နှာ ၃၅ တွင် ဆက်လက်ရှင်းပြထားသည်။

နိုင်ငံတော်ဥပဒေ၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို ထည့်သွင်းဖော်ပြထားသည့် ASEAN နိုင်ငံ ခုနစ်နိုင်ငံအနက် ငါးနိုင်ငံ (ဘရူနိုင်းဒါရူစလမ်၊ လာအို PDR၊ မလေးရှား၊ မြန်မာနှင့် ဖိလစ်ပိုင်) သည် တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခြင်း ပုံစံကို ကျင့်သုံးသည်။ အင်ဒိုနီးရှားဥပဒေတွင်သာ အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခြင်း ပုံစံကို ကျင့်သုံးပြီး လူကုန်ကူးသူက နစ်နာသူကို ဖိအားပေးစေခိုင်းခြင်းရှိရန် လိုအပ်ကြောင်း ပြဋ္ဌာန်းထားသည်။ ထိုင်းနိုင်ငံက အခြားနည်းဟန်ကွဲတစ်ရပ်ကို ကျင့်သုံးပြီး သတ်မှတ်ထားသည့် ပြစ်မှုများအတွက် နစ်နာသူအား တရားစွဲဆိုစစ်ဆေးခြင်းကို ဆောင်ရွက်ရန် တရားရေးဝန်ကြီးထံမှ စာဖြင့်ရေးသားထားသည့် ခွင့်ပြုမိန့်ကို တောင်းခံရန် လိုအပ်ကြောင်း ပြဋ္ဌာန်းထားသည်။ ဗီယက်နမ်နှင့် စင်္ကာပူနိုင်ငံရှိ ဥပဒေများတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို အတိအလင်း ဖော်ပြထည့်သွင်းထားခြင်း မရှိပေ။ ဒေသတွင်းရှိ နိုင်ငံအများစုတွင် ပြစ်ဒဏ်ချမှတ်ခြင်းမှ ကာကွယ်စောင့်ရှောက်ပေးမှု အတိုင်းအတာသည် ရွေးချယ်သတ်မှတ်ထားသည့် ပြစ်မှုများအတွက်သာ သက်ရောက်အကျုံးဝင်ပြီး အဆိုပါပြစ်မှုများတွင် လူဝင်မှုကြီးကြပ်ရေးနှင့် စာရွက်စာတမ်းဆိုင်ရာ ပြစ်မှုများ (ဘရူနိုင်းဒါရူစလမ်၊ မလေးရှား)၊ တရားမဝင် ရွှေ့ပြောင်းနေထိုင်ခြင်းနှင့် ပြည့်တန်ဆာပြုခြင်း (လာအို PDR)၊ လူဝင်မှုကြီးကြပ်ရေး၊ ပြည့်တန်ဆာပြုခြင်း၊ စာရွက်စာတမ်း သို့မဟုတ် အလုပ်အကိုင်ဆိုင်ရာ ပြစ်မှုများ (ထိုင်း)၊ လူကုန်ကူးခြင်းဆိုင်ရာ ပြစ်မှုများ (မြန်မာ) ပါဝင်သည်။ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် ပြစ်ဒဏ်ချမှတ်ခြင်းမှ ကာကွယ်စောင့်ရှောက်ပေးခြင်းကို သီးခြားပြစ်မှုများအတွက်သာ ကန့်သတ်မထားပေ။ ဥပဒေတွင် ပြဋ္ဌာန်းချက်များ ထည့်သွင်းဖော်ပြခြင်းသည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့်စပ်လျဉ်း၍ လူအများက နားလည်လာစေရန် အထောက်အကူ ပေးနိုင်မည်ဟု ယူဆသတ်မှတ်ခဲ့ကြသော်လည်း လက်တွေ့ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍မူ ဖော်ပြနိုင်သည့်သာဓက မရှိသလောက်နီးပါးပင်ဖြစ်သည်။

*Group on Trafficking in Persons*, Vienna 10 and 11 September 2020, UN Doc. CTOC/COP/WG.4/2020/2 (15 June 2020), paragraph 46.

[7] Conference of the Parties to the UNTOC, Report on the meeting of the Working Group on Trafficking in Persons (10 - 11 September 2020), UN Doc. CTOC/COP/WG.4/2020/4, 28 September 2020, paragraph 34.

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား အနက်ဖွင့်ဆိုခြင်း

**ပြစ်မှုနှင့် လူကုန်ကူးခံရခြင်းတို့အကြား ဆက်နွယ်မှုကို ဖော်ထုတ်သတ်မှတ်ခြင်း** - နစ်နာသူကကျူးလွန်သည့် ဥပဒေနှင့်မကိုက်ညီသော လုပ်ရပ်များနှင့် ၎င်း၏ လူကုန်ကူးခံရခြင်းတို့အကြား ဆက်နွယ်မှုကို မည်သို့ ဖော်ထုတ်သတ်မှတ်သည်နှင့်စပ်လျဉ်း၍ နားလည်သိမြင်မှုသည် နိုင်ငံအလိုက် ကွာခြားပြီး တစ်နိုင်ငံစီအတွင်း၌ပင် ထပ်မံ၍ ကွဲပြားမှုရှိသည်။ နစ်နာသူကို မည်သည့်အချိန်တွင် ပြစ်ဒဏ်ချမှတ်သင့်သည် သို့မဟုတ် လွတ်ငြိမ်းခွင့်ပြုသင့်သည်၊ မည်သည့်အခြေအနေ၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို ခံစားပိုင်ခွင့်ရှိသည့် နစ်နာသူအဖြစ်မှ ရပ်စဲသည်နှင့် စပ်လျဉ်း၍ မေးခွန်းပြဿနာများ ကြုံတွေ့ခဲ့ကြရသည်။ လေ့လာချက်ဆောင်ရွက်ခဲ့သည့် နိုင်ငံများတွင် ဆက်နွယ်မှုအား မည်သည့်အချိန်၌ ရပ်စဲသည်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ရာ၌ သဘောအမြင်တူညီမှု မရှိကြပေ။ ယေဘုယျ သဘောတူညီခဲ့ကြသည်မှာ လူပုဂ္ဂိုလ်သည် ပြစ်မှု ကျူးလွန်မည်၊ မကျူးလွန်မည်ကို ရွေးချယ်ခြင်းအပေါ် လွှမ်းမိုးသက်ရောက်ခံရခြင်းမှ လွတ်ကင်းသည်နှင့်တစ်ပြိုင်နက် ကာကွယ်စောင့်ရှောက်မှုပေးခြင်းကို ရုပ်သိမ်းသင့်ကြောင်း သဘောတူညီခဲ့ကြသည်။ တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခြင်း ပုံစံကို ကျင့်သုံးသည့် ဥပဒေပိုင်နက်များတွင်ပင် လူပုဂ္ဂိုလ်တစ်ဦးကို ၎င်းအနေဖြင့် အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် ပြစ်ဒဏ်ချမှတ်ခြင်း မပြုသင့်သော်လည်း စိတ်ဆန္ဒရှိစွာ ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက်မူ တရားစွဲဆိုစစ်ဆေးသင့်သည်ဟူ၍ အများစုက လက်ခံသဘောတူကြသည်။ ဤအချက်နှင့်စပ်လျဉ်း၍ ဖော်ပြရာတွင် 'အင်အားသုံးခြင်း' နှင့် 'ခြိမ်းခြောက်ခြင်း' ဟူသည့် စကားရပ်များသည် လူကုန်ကူးသူများက နစ်နာသူများကို ကြိုးကိုင်ခြယ်လှယ်ရန် အသုံးပြုသည့် ထင်ရှားရန်ခက်ခဲသော စိတ်ပိုင်းဆိုင်ရာနည်းဗျူဟာများကို ခြုံငုံမိခြင်း မရှိနိုင်ကြောင်း မှတ်ချက်ပြုဖော်ပြထားပြီး အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခြင်းကို အနက်ဖွင့်ဆိုရာတွင် လူကုန်ကူးသူများက အသုံးပြုသည့် 'နည်းလမ်းများ' အားလုံးကို ထည့်သွင်းခြုံငုံမှုရှိစေရန်အတွက် ကျယ်ပြန့်စွာ အနက်ဖွင့်ဆိုသင့်ကြောင်း ညွှန်းဆိုထားသည်။

**ကာကွယ်စောင့်ရှောက်ပေးမှု အတိုင်းအတာနှင့်စပ်လျဉ်းသည့် မတူညီသောအမြင်များ** - ပါဝင်တက်ရောက်သူ အချို့က ပြဋ္ဌာန်းချက်များတွင် အချို့သောပြစ်မှုများ (အဓိကအားဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည့်တန်ဆာပြုခြင်း ဆိုင်ရာ ပြစ်မှုများ) အတွက်သာ ကာကွယ်စောင့်ရှောက်မှုပေးရန် ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ သဘောမတူသည့် အမြင်ရှိကြောင်း ဖော်ပြခဲ့ကြပြီး နစ်နာသူအနေဖြင့် လူကုန်ကူးခံရခြင်းဖြစ်စဉ်တစ်လျှောက် ကျူးလွန်ရနိုင်သည့် ပြစ်မှုများအားလုံး အတွက် ထည့်သွင်းကာကွယ်စောင့်ရှောက်မှုပေးရန် မွမ်းမံပြင်ဆင်မှုများ ဆောင်ရွက်သင့်ကြောင်း အငြင်းပွားဆွေးနွေး ခဲ့ကြသည်။ ဆန်းစစ်ဆုံးဖြတ်ရာ၌ ပြစ်မှု၏ ကြီးလေးမှုအတိုင်းအတာကို ထည့်သွင်း စဉ်းစားသင့်သည်ဟု ရှုမြင်သောကြောင့် ထိုသို့ ပိုမိုကျယ်ပြန့်ခြုံငုံစွာ ကာကွယ်စောင့်ရှောက်မှုပေးခြင်းကို ပြင်းပြင်းထန်ထန် သဘောမတူကြောင်း အချို့က ဖော်ပြဆွေးနွေးခဲ့ကြသည်။ အဆိုပါ ပါဝင်တက်ရောက်သူများက နစ်နာသူ-ကျူးလွန်သူများကို ကြီးလေးသည့်ပြစ်မှုများ၊ အထူးသဖြင့် မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများအတွက် တရားစွဲဆို စစ်ဆေးသင့်ကြောင်း ရှုမြင်ကြသည်။ နစ်နာသူများက လူကုန်ကူးသူအဖြစ် မည်သည့်အခြေအနေ၌ ကိုယ်တိုင် ပြောင်းလဲသွားသည်နှင့်စပ်လျဉ်း၍လည်း မတူညီသော အတွေးအမြင်များကို ဖော်ပြခဲ့ကြပြီး နစ်နာသူ တစ်ဖြစ်လဲ လူကုန်ကူးသူအား မည်သည့်အခြေအနေ၌ တရားစွဲဆိုစစ်ဆေးခြင်း ပြုသင့်သည်နှင့်စပ်လျဉ်း၍လည်း အလားတူပင် ဖြစ်သည်။ ကာကွယ်စောင့်ရှောက်မှုပေးခြင်း၏ ရည်ရွယ်ချက်သည် နစ်နာသူများအား မိမိတို့နှင့် ပူးပေါင်း ဆောင်ရွက်လာအောင် တိုက်တွန်းအားပေးရန်ဖြစ်ပြီး ပူးပေါင်းဆောင်ရွက်ခြင်းမရှိသော နစ်နာသူများကို တရားစွဲဆို စစ်ဆေးခြင်းမှ လွတ်ငြိမ်းခွင့်မပြုသင့်ကြောင်း လူအနည်းစုက ဖော်ပြဆွေးနွေးခဲ့ကြသည်။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား အနက်ဖွင့်ဆိုရန်အတွက် လမ်းညွှန်မှုလိုအပ်ခြင်း** - ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား အနက်ဖွင့်ဆိုခြင်းနှင့် လက်တွေ့ကျင့်သုံးခြင်းတို့ ဆောင်ရွက်ရာတွင် အထောက်အကူပေးရန်အလို့ငှာ ရှိရင်းစွဲ ဒေသဆိုင်ရာ သို့မဟုတ် ပြည်တွင်း မူဝါဒ သို့မဟုတ် လမ်းညွှန်စာရွက်စာတမ်းများကို အသုံးပြုထားကြောင်း

မည်သည့် အထောက်အထားကိုမျှ ရှာဖွေတွေ့ရှိခြင်း မရှိပေ။ သို့ရာတွင် အခြေခံမူအား သဟဇာတဖြစ်စွာ နားလည်သဘောပေါက်နိုင်ရန်အတွက် လမ်းညွှန်ချက်ရေးဆွဲထုတ်ပြန်ရန် စိတ်အားထက်သန်စွာ တောင်းဆိုလိုကြောင်း ပါဝင်တက်ရောက်သူများစွာက ဖော်ပြခဲ့ကြပါသည်။ အခြေခံမူအား သိရှိနားလည်ခြင်းနှင့် လက်တွေ့ကျင့်သုံးနိုင်မှု စွမ်းရည်သည် ဗဟိုအဆင့်၊ ဒေသအဆင့်နှင့် ပြည်နယ်အဆင့်များ၌ ကွာဟနေသည်များကို ဖြည့်ဆည်းပေးရန် အလို့ငှာ ဝေးလံခေါင်သီသော ဒေသများနှင့် ဒေသန္တရနေရာများမှ တရားရေးတာဝန်ရှိသူများ အပါအဝင် ရာဇဝတ်ဆိုင်ရာ တရားမျှတရေးလုပ်ငန်းစဉ်တစ်လျှောက် ပါဝင်ဆောင်ရွက်နေသည့် တရားရေး တာဝန်ရှိသူများအနေဖြင့် အဆိုပါ လမ်းညွှန်ချက်ကို လက်လှမ်းမီရယူနိုင်ရန် ဆောင်ရွက်ပေးသင့်ကြောင်း ပါဝင်တက်ရောက်သူများက အလေးအနက် ဖော်ပြခဲ့ကြသည်။ မတူညီသည့် ဥပဒေဆိုင်ရာ စာရွက်စာတမ်းများမှ တစ်သမတ်တည်း မကိုက်ညီမှုများကို ပြန်လည်ညှိနှိုင်းပြင်ဆင်ရန်အတွက် လမ်းညွှန်ချက်ပေးရန်နှင့် ကနဦး တုံ့ပြန်ဆောင်ရွက်ရသည့် အရာရှိများ (ရဲအရာရှိ၊ လူဝင်မှုကြီးကြပ်ရေး အရာရှိနှင့် လုပ်သားဆိုင်ရာ စစ်ဆေးရေး အရာရှိများ) အနေဖြင့် ကျူးလွန်သူများသည် လူကုန်ကူးခံရသည့် နစ်နာသူ ဖြစ်နိုင်ခြေရှိသည်ဟု ဖော်ထုတ် အတည်ပြုပြီးသည်နှင့်တစ်ပြိုင်နက် ၎င်းတို့ကို ကာကွယ်စောင့်ရှောက်မှု ပေးနိုင်ရန်အတွက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို ကနဦးမှစ၍ လက်တွေ့ကျင့်သုံးရန် ညွှန်ကြားချက်ပေးထားသင့်ကြောင်း အကြံပြုချက်များ တင်ပြခဲ့ကြသည်။

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို လက်တွေ့ကျင့်သုံးခြင်း

**ဥပဒေပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို အများအားဖြင့် လက်တွေ့ကျင့်သုံးခြင်း မရှိပေ -** ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူသည် လူကုန်ကူးမှုအား နစ်နာသူဗဟိုပြု တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်၏ အင်္ဂါရပ်တစ်ခုဖြစ်သည်ဟု ကျယ်ပြန့်စွာ အသိအမှတ်ပြုလက်ခံထားကြသော်လည်း လက်တွေ့ကျင့်သုံးရာတွင်မူ တစ်သမတ်တည်းကိုက်ညီမှု မရှိကြပေ။ ပြည်တွင်းရှိ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို အတိအလင်း ရည်ညွှန်းကိုးကားခြင်း သို့မဟုတ် စွဲဆိုထားသည့် စွဲချက်ကို ခုခံချေပရာတွင် ၎င်းပြဋ္ဌာန်းချက်ကို ထည့်သွင်း အသုံးပြုခြင်းကြောင့် နစ်နာသူ-ကျူးလွန်သူများကို တရားစွဲဆိုစစ်ဆေးခြင်း မပြုသည့် ဖြစ်စဉ်မှာ ရှားပါးပါသည်။ သို့ရာတွင် အပြီးအပိုင် ဖော်ပြထားသည့် ပြစ်မှုစာရင်းပါ ပြစ်မှုများအတွက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ဆိုင်ရာ ပြဋ္ဌာန်းချက်ကို သက်ရောက်အကျုံးဝင်စေသည့် ဥပဒေပိုင်နက်များတွင်ပင် နစ်နာသူများအား ဥပဒေပါ ပြစ်မှုစာရင်းမှ ပြစ်မှုများအပါအဝင် ၎င်းတို့ လူကုန်ကူးခံရသည့် ဖြစ်စဉ်တစ်လျှောက် ကျူးလွန်ခဲ့သည့် အခြားသော ဥပဒေနှင့်မညီသည့် လုပ်ရပ်များအတွက် ပြစ်ဒဏ်ချမှတ်ခြင်း *မပြုသည့်* သာဓကများ ရှိခဲ့သည်။ အချို့သော ပါဝင်တက်ရောက်သူများက (ဖော်ထုတ်အတည်ပြုပြီးဖြစ်သော) လူကုန်ကူးခံရသည့် နစ်နာသူများသည် တရားစွဲဆို စစ်ဆေးခြင်းကို လုံးဝမကြုံတွေ့ရပါဟု အခိုင်အမာဆိုပြီး လူပုဂ္ဂိုလ်တစ်ဦးအား မည်သို့ဆက်ဆံမည်ကို ဆုံးဖြတ်ရာတွင် ကျူးလွန်သူဟူသည့် သတ်မှတ်ချက်ထက် နစ်နာသူဟူသည့် သတ်မှတ်ချက်ကို ပိုမိုဦးစားပေးသည့် သာဓကများအား ဖော်ပြခဲ့ကာ ဤတွင် သီးခြားဥပဒေဖော်ပြချက် တစ်စုံတစ်ရာကို လက်တွေ့ကျင့်သုံးခြင်း၏ တိုက်ရိုက်အကျိုးရလဒ်အဖြစ် တရားစွဲဆို စစ်ဆေးခြင်းမှ လွတ်ငြိမ်းခွင့်ရခြင်း မဟုတ်သည်ကို ထပ်မံ၍ မှတ်ချက်ပြု ဖော်ပြလိုပါသည်။ နစ်နာသူများအနေဖြင့် ၎င်းတို့လူကုန်ကူးခံရခြင်းနှင့်ဆက်နွှယ်၍ ကျူးလွန်ခဲ့သည့် လုပ်ရပ်များအတွက် တရားစွဲဆိုခံခဲ့ရသည့် သာဓက အမြောက်အများကို အခြားသူများက ပြန်လည်ဖော်ပြ ဆွေးနွေးခဲ့ကြပါသည်။

**ရာဇဝတ်ဆိုင်ရာ တရားရေးတာဝန်ရှိသူများ၏ အခန်းကဏ္ဍ -** ရာဇဝတ်ဆိုင်ရာ တရားရေးတာဝန်ရှိသူများသည် စွဲချက်တင်မည်၊ မတင်မည်ကို ဆုံးဖြတ်ရာ၌ မြင့်မားစွာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိကြောင်း ပါဝင်တက်ရောက်သူများက ရှင်းလင်းဖော်ပြခဲ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးခြင်းနှင့် စပ်လျဉ်း၍ အထူးအလေးပေးဖော်ပြရမည့် အဟန့်အတားများကို တင်ပြဆွေးနွေးခဲ့ကြပါသည်။ ရာဇဝတ်ဆိုင်ရာ တရားရေး တာဝန်ရှိသူများသည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူ၊ ၎င်း၏ ရည်ရွယ်ချက်နှင့် ၎င်းအား ကျင့်သုံးရာတွင်

၎င်းတို့ဆောင်ရွက်ရမည့် အခန်းကဏ္ဍတို့နှင့်စပ်လျဉ်း၍ ရင်းနှီးကျွမ်းဝင်မှု မရှိခြင်း သို့မဟုတ် လုံလောက်စွာ နားလည်သဘောပေါက်မှု မရှိခြင်းတို့ ဖြစ်နိုင်ပါသည်။ ဤအချက်မှာ ASEAN ဒေသတွင်သာ ဖြစ်ပွားနေခြင်း မဟုတ်ဘဲ အခြားနေရာများ၌လည်း အလားတူပင်ဖြစ်ကြောင်း တွေ့ရှိရပါသည်။[8] ယေဘုယျအားဖြင့် လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ခြင်းနှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ အထူးပြု စွမ်းဆောင်ရည်မြှင့်တင်ခြင်း ကြိုးပမ်းမှုများမှာ ညီမျှခြင်းမရှိကြောင်း သတ်မှတ်ခဲ့ကြသည်။ ရာဇဝတ်ဆိုင်ရာ တရားမျှတရေးစနစ်အတွင်းရှိ အကျိုးသက်ဆိုင်သူ အားလုံးသည် လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ခြင်းဆိုင်ရာ လေ့ကျင့်သင်ကြားပေးခြင်းကို လက်ခံရရှိခြင်း မရှိဘဲ အထူးသဖြင့် ပြည်နယ်၊ ကျေးလက် သို့မဟုတ် ဝေးလံခေါင်သီသော ဒေသများမှ တရားရေးတာဝန်ရှိသူများသည် ၎င်းတို့အတွက်လိုအပ်သော လေ့ကျင့်သင်ကြားပေးခြင်းကို လက်ခံရရှိမှု မရှိခြင်းမျိုးလည်း ဖြစ်နိုင်သည်။ ဤအချက်သည် ASEAN နှင့် အခြားဒေသများတွင်လည်း အလားတူပင်ဖြစ်သည်။[9]

တရားရေးတာဝန်ရှိသူများအနေဖြင့် လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဥပဒေအပေါ် အခြေခံ၍ စွဲချက်တင်ခြင်းအား *ရှောင်လွှဲခြင်း* ထက် *ရာဇဝတ်ဥပဒေ* တွင် ဖော်ပြထားသည့်အတိုင်း စွဲချက်တင်ရန် ပိုမိုဆောင်ရွက်လိုနိုင်ကြောင်း ပါဝင်တက်ရောက်သူများကို ရှင်းပြဆွေးနွေးခဲ့ကြသည်။ အခြား စိန်ခေါ်မှုတစ်ရပ်မှာ ကျူးလွန်သူများအား တရားစွဲဆို စစ်ဆေးမှု မပြုခြင်းသည် ရာဇဝတ်ဆိုင်ရာ တရားရေးတာဝန်ရှိသူများ၏ တာဝန်နှင့် ဆန့်ကျင်နေသည့်အချက်ပင် ဖြစ်သည်၊ အစိုးရရှေ့နေများ၏ အခန်းကဏ္ဍမှာ စွဲချက်တင်စစ်ဆေးရန် ဖြစ်သည်။ ကြီးလေးသည့်ပြစ်မှုမှ နစ်နာသူကို ဖော်ထုတ်အတည်ပြုရန် တာဝန်မရှိဘဲ အဓိကတာဝန်အနေဖြင့် လူဝင်မှုကြီးကြပ်ရေး ဥပဒေအား ချိုးဖောက်သူများကို ဖော်ထုတ်အတည်ပြုရသည့် လူဝင်မှုကြီးကြပ်ရေး အရာရှိများနှင့်စပ်လျဉ်း၍လည်း အလားတူပင် ဖော်ပြဆွေးနွေး ခဲ့ကြသည်။ ထို့ကြောင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရေးဆွဲပြဋ္ဌာန်းထားလျှင်ပင် ရာဇဝတ်ဆိုင်ရာ တရားရေးတာဝန်ရှိသူများအနေဖြင့် လူပုဂ္ဂိုလ်များအား ကျူးလွန်သူများအဖြစ် မရှုမြင်ဘဲ နစ်နာသူများအဖြစ် ရှုမြင်နိုင်ရန်အတွက် ခံယူချက် အပြောင်းအလဲကို ဖော်ဆောင်ပေးရန် လိုအပ်သည်။[10] ဤအချက်နှင့်သက်ဆိုင်သည့် အခြားစိန်ခေါ်မှုတစ်ရပ်မှာ စွမ်းဆောင်ရည်တိုင်းတာရာတွင် ပြစ်ဒဏ်ချမှတ်မှုကို ရှောင်လွှဲနိုင်ခြင်းထက် ပြီးမြောက် အောင် ချမှတ်နိုင်ခြင်းဖြင့် တိုင်းတာခြင်းပင် ဖြစ်သည်။ ထို့ကြောင့် တရားရေးတာဝန်ရှိသူများအနေဖြင့် ပြစ်ဒဏ် လွတ်ငြိမ်းခွင့် အခြေခံမှုကို လက်တွေ့ကျင့်သုံးစေရန်အတွက် မည်သို့မက်လုံးပေးနိုင်သည်နှင့် တရားစွဲဆိုစစ်ဆေးခြင်း မပြုရန် ရွေးချယ်ပါက တာဝန်ပေါ့လျော့သည်ဟု စွဲချက်တင်ခံရခြင်းမှ မည်သို့ရှောင်လွှဲနိုင်သည်ကို တွေးခေါ်ကြံဆရန် လိုအပ်သည်။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို လက်တွေ့ကျင့်သုံးရမည့် အခြေအနေ -** သီအိုရီအရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုသည် ရာဇဝတ်ဆိုင်ရာ တရားမျှတရေးလုပ်ငန်းစဉ်၏ အဆင့်အားလုံးအပေါ် အကျုံးဝင်သက်ရောက်မှု ရှိသော်လည်း ဤသီအိုရီကို လက်တွေ့ကျင့်သုံးရာ၌ အခက်အခဲများ ကြုံတွေ့ရသည်။ နစ်နာသူဖြစ်နိုင်ခြေ ရှိသူများအား ဖော်ထုတ်အတည်ပြုခြင်းနှင့် လူကုန်ကူးသူဖြစ်နိုင်ခြေရှိသူများအား စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ အပြိုင်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များအကြားမှ ဆက်နွှယ်မှုနှင့်စပ်လျဉ်း၍ မေးခွန်းပြဿနာများကို ကြုံတွေ့ရသည်။ ယေဘုယျအားဖြင့် သဘောတူညီချက်ရရှိခဲ့သည်မှာ ကျူးလွန်သူတစ်ဦးသည် လူကုန်ကူးခံရသည့် နစ်နာသူဖြစ်နိုင်ခြေရှိကြောင်း အသိအမှတ်ပြုပြီးသည်နှင့်တစ်ပြိုင်နက် တတ်နိုင်သမျှဆောလျင်စွာ အခြေခံမှုကို ကျင်သုံးသင့်ကြောင်းနှင့် နစ်နာသူ

[8] For instance, GRETA has noted a lack of awareness as a persistent problem in EU Member States, owing to deficiencies in training on the non-punishment principle and victim identification more generally. See Ryszard Piotrowicz, "Article 26, Non-punishment provision" in Julia Planitzer and Helmut Sax (eds.) *A Commentary on the Council of Europe Convention on against Trafficking in Human Beings* (Edward Elgar, 2020) 318, referring to various GRETA reports.

[9] Michelle Koinange, Coalition Coordinator, Stop the Traffik, Kenya, speaking on the principle of non-punishment of victims of trafficking in persons, being a side event to the 47th Session of the Human Rights Council 30 June 2021, 13:00 – 14:30 CET. Author's notes on file.

[10] Anne T. Gallagher, *The International Law of Human Trafficking* (Cambridge, 2010) 502

အဖြစ် ဆုံးဖြတ်သတ်မှတ်ခြင်း တရားဝင်လုပ်ငန်းစဉ် ပြီးမြောက်သည်အထိ ဖြစ်စေ လူကုန်ကူးသူအပေါ် စွဲချက်တင်ခြင်း သို့မဟုတ် တရားစွဲဆိုစစ်ဆေးခြင်းဆိုင်ရာ ရလဒ်ပေါ်သည်အထိ ဖြစ်စေ စောင့်ဆိုင်းခြင်းမပြုရန် သဘောတူညီခဲ့ကြသည်။ ဤသို့ ကနဦးကာကွယ်စောင့်ရှောက်မှုပေးရန် ပျက်ကွက်ခဲ့ပါက လူပုဂ္ဂိုလ်တစ်ဦးသည် ရာဇဝတ်ဆိုင်ရာ တရားမျှတရေးစနစ်အတွင်းသို့ ကျူးလွန်သူတစ်ဦးအဖြစ် ရောက်ရှိသွားပါက ပြန်လည်ဖယ်ရှားပေးရန် အခက်အခဲရှိသည်၊ သို့သော်လည်း တရားရေးတာဝန်ရှိသူများက ထိုသို့ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းအချို့ကို မှတ်ချက်ပြုဖော်ပြခဲ့ကြကာ ၎င်းတွင် ကျူးလွန်သူကို နစ်နာသူအဖြစ် ဖော်ထုတ်အတည်ပြုနိုင်သော်လည်း ပြစ်မှုကျူးလွန်သူအဖြစ် ပြစ်မှုထင်ရှားစီရင်ခံရသည့် ဖြစ်စဉ်များတွင် နောက်ဆုံးဆောင်ရွက်ချက်အဖြစ် လျှော့ပေါ့ပြစ်ဒဏ်ချမှတ်ခြင်းအထိ ပါဝင်သည်။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို လက်တွေ့မကျင့်သုံးသင့်သည့် အခြေအနေ -** ပါဝင်တက်ရောက်သူ အချို့က နစ်နာသူများအား ၎င်းတို့လူကုန်ကူးခံရခြင်းနှင့် စိုးစဉ်းမျှမသက်ဆိုင်သည့် ပြစ်မှုများအတွက် တရားစွဲဆို စစ်ဆေးခြင်းမှ ကာကွယ်စောင့်ရှောက်မှုပေးရန်အတွက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို အလွဲသုံးစားပြုခြင်း သို့မဟုတ် လူကုန်ကူးခံရသည့်နစ်နာသူ မဟုတ်သူများအား ကာကွယ်စောင့်ရှောက်မှုပေးရန်အတွက် လွဲမှားကျင့်သုံးမိခြင်းတို့နှင့် စပ်လျဉ်းသည့် ပြဿနာများကို ဖော်ပြဆွေးနွေးခဲ့ကြသည်။ အချို့ကလည်း ပြစ်မှုများ ထပ်ခါတလဲ ကျူးလွန်သော နစ်နာသူများအား အကာအကွယ်ပေးရန် အခြေခံမှုအား အလွဲသုံးစားပြုခြင်းကို ကာကွယ်ရန်အတွက် ကြိုတင်ဆောင်ရွက်ထားသင့်ကြောင်း ဖော်ပြဆွေးနွေးခဲ့ကြသည်။ ဤဆွေးနွေးချက်များအရ ရာဇဝတ်ဆိုင်ရာ တရားရေးတာဝန်ရှိသူများကို လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ပေးရန်နှင့် အခြေခံမှုပါ အင်္ဂါရပ်များအကြား အပြန်အလှန်ဆက်နွှယ်သက်ရောက်မှုတို့ကို နားလည်အောင် လေ့ကျင့်သင်ကြားပေးရန် မဖြစ်မနေအရေးကြီးကြောင်းကို ညွှန်ပြနေပေသည်။

## နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အခက်အခဲများ

**နှစ်နိုင်ငံသဘောတူစာချုပ်များတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို လက်တွေ့ကျင့်သုံးရာ၌ တစ်သမတ်တည်းမရှိခြင်း -** ASEAN ဒေသရှိ နှစ်နိုင်ငံသဘောတူစာချုပ် အမြောက်အများတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကို အတိအလင်း ထည့်သွင်းဖော်ပြထားသော်လည်း ဤဖော်ပြချက်များကို လက်တွေ့ကျင့်သုံးခြင်းနှင့်စပ်လျဉ်း၍မူ မည်သည့် သာဓကကိုမျှ တွေ့ရှိရခြင်း မရှိပေ။ စာချုပ်ချုပ်ဆိုသည့် နိုင်ငံများအကြား သဟဇာတဖြစ်သည့် နားလည်သိမြင်မှု ရှိရန် အရေးကြီးကြောင်းကို အဓိကသတိပြုရမည့်အချက်အဖြစ် သတ်မှတ်ခဲ့ကြသည်။ ဂရုပြုမှတ်သားသင့်သည်မှာ နစ်နာသူဟုသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်များအနေဖြင့် သဘောတူညီချက် ရရှိရန်နှင့် အခြား နေရာဒေသတစ်ခု၌ နစ်နာသူအဖြစ် ဖော်ထုတ်အတည်ပြုခံခဲ့ရသူများကို အသိအမှတ်ပြုပေးရန် လိုအပ်သည်။ နှစ်နိုင်ငံ သဘောတူစာချုပ်များတွင် ပါရှိသည့် သိသာထင်ရှားသော ကာကွယ်စောင့်ရှောက်မှုပေးခြင်းဆိုင်ရာ ကွာဟချက်များနှင့် စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြပြီး အဆိုပါစာချုပ်များတွင် ကာကွယ်စောင့်ရှောက်မှုသည် သတ်မှတ်ပြစ်မှုများ (လူဝင်မှုကြီးကြပ်ရေးနှင့် ပြည့်တန်ဆာပြုခြင်း) နှင့် သတ်မှတ်နစ်နာသူများ (အမျိုးသမီးများနှင့် ကလေးသူငယ်များ) အတွက်သာ အကျုံးဝင်သက်ရောက်လေ့ရှိသည်ကို ဖော်ပြကာ အခြေခံမှုအား လက်တွေ့ ကျင့်သုံးရာ၌ ခွဲခြားဆက်ဆံမှု ပါဝင်နေခြင်းကို ထောက်ပြခဲ့ကြသည်။ ပြည်တွင်းဥပဒေ၌ အလားတူ ပြဋ္ဌာန်းချက်များ ရေးဆွဲပြဋ္ဌာန်းခြင်းမရှိသည့် အခြေအနေတွင် နှစ်နိုင်ငံသဘောတူစာချုပ်၌ ဖော်ပြထားသည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များအား လက်တွေ့ကျင့်သုံးခြင်းနှင့်စပ်လျဉ်းသည့် လက်တွေ့ဆန်မှု ပြဿနာများနှင့်စပ်လျဉ်း၍လည်း မေးခွန်းများ ဖော်ပြဆွေးနွေးခဲ့ကြသည်။

**နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လက်တွေ့အခက်အခဲများ** - နိုင်ငံတစ်နိုင်ငံ၌ ပြစ်မှုထင်ရှား စီရင်ခံထားရသော လူကုန်ကူးခံရသည့် နစ်နာသူတစ်ဦးကို အခြားတစ်နိုင်ငံမှ လူကုန်ကူးသူများနှင့် ဆန့်ကျင်၍ သက်သေထွက်ဆိုချက်ပေးခြင်းအား ခွင့်ပြုခြင်းနှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အခက်အခဲများကို သာဓကများဖော်ပြ၍ ဆွေးနွေးခဲ့ကြကာ အဆိုပါအခက်အခဲများ၏ ရလဒ်မှာ ပြစ်ဒဏ်ချမှတ်ရာ၌ ကြန့်ကြာခြင်းပင် ဖြစ်သည် (စာကွက် ၅ ကို ကြည့်ပါ)။ ထို့အပြင် နစ်နာသူများအား နိုင်ငံအတွင်း၌ တရားစွဲဆိုစစ်ဆေးခြင်းကို ရှောင်လွှဲရန်အတွက် အခြားတစ်နိုင်ငံထံ ပြန်လည်လွှဲပြောင်းပေးရာတွင်လည်း အခက်အခဲများ ကြုံတွေ့ရသည်။ ASEAN ဒေသပြင်ပ၌ အပါအဝင် ရှုပ်ထွေးသော နိုင်ငံဖြတ်ကျော် လူကုန်ကူးမှုများတွင် ကြုံတွေ့ရသည့် ဥပဒေပိုင်နက်ဆိုင်ရာ အခက်အခဲများကိုလည်း အထူးဖော်ပြခဲ့ကြသည်။ ရေကြောင်းပိုင်နက်အတွင်း ကျူးလွန်သည့် ခေါင်းပုံဖြတ်ခြင်းသည် အထူးရှုပ်ထွေးသော ဥပဒေပိုင်နက်ဆိုင်ရာ အခက်အခဲများကို ပေါ်ပေါက်စေနိုင်ကြောင်း မှတ်ချက်ပြုဆွေးနွေး ခဲ့ကြသည်။ ပူးပေါင်းဆောင်ရွက်ခြင်းအတွက် ထောက်ကူပေးရန်နှင့် အကောင်းဆုံးသော ကျင့်သုံးမှုအလေ့အထများအား အသိပေးလေ့ကျင့်ပေးရန် ဆောင်ရွက်နေသည့် ASEAN-Australia Counter Trafficking စီမံကိန်းနှင့် မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး (UNODC) တို့ကဲ့သို့ ဝင်ရောက်ပါဝင်သူများ၏ ထောက်ပံ့ကူညီမှုဖြင့် တရားရေးတာဝန်ရှိသူ အချင်းချင်းအကြား ASEAN အတွင်း၌သာ မဟုတ်ဘဲ ၎င်းထက်ကျော်လွန်၍ ပူးပေါင်း ဆောင်ရွက်ခြင်း၏ အရေးပါပုံကို အပြန်အလှန်အတားများအား ကျော်ဖြတ်နိုင်မည့် နည်းလမ်းတစ်ခုအဖြစ် အထူး အလေးပေးဖော်ပြခဲ့ကြသည်။

## နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းဆိုင်ရာ အခက်အခဲများ

**လူကုန်ကူးခံရသည့် နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခြင်းမှ လွတ်ငြိမ်းခွင့်ပေးရန်ဆောင်ရွက်ရာတွင် နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းသည် မရှိမဖြစ် အရေးပါသည်** - နစ်နာသူများအား ဆောလျင်ထိရောက်စွာ ဖော်ထုတ် အတည်ပြုခြင်းသည် ၎င်းတို့အား လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်သည့် ဥပဒေနှင့် မညီသော လုပ်ရပ်များအတွက် ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ ကာကွယ်စောင့်ရှောက်မှုပေးရာတွင် မရှိမဖြစ် အရေးပါသည်။ နစ်နာသူအများအပြား တရားစွဲဆိုစစ်ဆေးခံရခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်မှာ နစ်နာသူများအား ဖော်ထုတ် အတည်ပြုခြင်း မရှိသောကြောင့်ဖြစ်ကြောင်း ဤလေ့လာချက်တွင် အတည်ပြု တွေ့ရှိခဲ့သည်။ ဖော်ထုတ်အတည်ပြု ခံထားရသည့် နစ်နာသူများကို ၎င်းတို့လူကုန်ကူးခံရသည့် ဖြစ်စဉ်တစ်လျှောက် ကျူးလွန်ခဲ့ရသည့် ဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် တရားစွဲဆိုစစ်ဆေးခြင်း မဆောင်ရွက်သင့်ကြောင်း ကျယ်ပြန့်စွာ ရှုမြင်လက်ခံထားကြသည်။ စွဲချက်တင်မည်၊ မတင်မည်ကို ဆုံးဖြတ်ရာ၌ နောက်ခံအခြေအနေကို ထည့်သွင်းစဉ်းစားရခြင်း ရှိနိုင်သည်၊ လူပုဂ္ဂိုလ် တစ်ဦးကို နစ်နာသူအဖြစ်နှင့် ကျူးလွန်သူအဖြစ် တစ်ပြိုင်နက်တည်း ဖော်ထုတ်တွေ့ရှိရပါက အငယ်စားပြစ်မှုများ အတွက် စွဲချက်တင်စစ်ဆေးခြင်းကို ရှောင်လွှဲနိုင်သော်လည်း ပြစ်မှု တစ်စုံတစ်ရာဖြင့် စွဲချက်တင်ခံထားရသည့် လူပုဂ္ဂိုလ်တစ်ဦးကိုမူ ထို့နောက်မှ နစ်နာသူတစ်ဦးအဖြစ် ဖော်ထုတ် အတည်ပြုခြင်း ဆောင်ရွက်ရန်မှာမူ မဖြစ်နိုင် သလောက်ပင် ဖြစ်သည်။[11] လူပုဂ္ဂိုလ်တစ်ဦးအား နစ်နာသူအဖြစ် အသိအမှတ်ပြုခြင်း၊ မပြုခြင်းသည် ၎င်းအနေဖြင့် ရဲအရာရှိများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းပြုရန် ဆန္ဒ ရှိ၊ မရှိ အပေါ်၌ပင် မူတည်နေနိုင်သည်။[12]

[11] Carolina Villacampa and Núria Torres, Human trafficking for criminal exploitation: Effects suffered by victims in their passage through the criminal justice system, *International Review of Victimology,* 2019, Vol. 25(1) 3–18, at 12.

[12] Carolina Villacampa and Núria Torres, Human trafficking for criminal exploitation: Effects suffered by victims in their passage through the criminal justice system, *International Review of Victimology,* 2019, Vol. 25(1) 3–18, at 8.

**‘ဝင်ရောက်စီးနင်းမှုများ’ အပါအဝင် အချို့အခြေအနေများသည် ဖော်ထုတ်အတည်ပြုခြင်းကို ထိခိုက်စေနိုင်သည် -** လူကုန်ကူးခံရသည့် လူပုဂ္ဂိုလ်များ နေထိုင်၊ အလုပ်လုပ်ကိုင်နေသည့် နေရာများအား တရားဥပဒေစိုးမိုးရေးဆိုင်ရာ စစ်ဆင်ရေးများ ဝင်ရောက်ဆောင်ရွက်ချိန်၌ သို့မဟုတ် လူကုန်ကူးခံရသည့်နစ်နာသူ ဖြစ်နိုင်ခြေရှိသူများသည် ရဲတပ်ဖွဲ့ထံသို့ အကူအညီတောင်းခံရန် သွားရောက်သော်လည်း ရာဇဝတ်သားအဖြစ် သတ်မှတ်ခံရလိုက်သည့် အခြေအနေမျိုး၌ မှားယွင်းအတည်ပြုမိခြင်း ပေါ်ပေါက်နိုင်သည်။[13] လိင်လုပ်ငန်းများလုပ်ကိုင်သည့် နေရာများကို ‘ဝင်ရောက်စီးနင်းမှုများ’ ဆောင်ရွက်ချိန်၌ နစ်နာသူများကို ဖော်ထုတ်အတည်ပြုရန် ပျက်ကွက်လေ့ရှိကြောင်း လူအများအပြားက မှတ်ချက်ပြုဆွေးနွေးထားကြသည်။ အာဏာပိုင်များက နစ်နာသူဖြစ်နိုင်ခြေရှိသူများကို တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများကဲ့သို့ ဆက်ဆံကာ ၎င်းတို့သည် နစ်နာသူများဖြစ်နိုင်ကြောင်း အသိအမှတ်ပြုခြင်းမရှိဘဲ လူဝင်မှုကြီးကြပ်ရေးနှင့် စာရွက်စာတမ်းဆိုင်ရာ ပြစ်မှုများအတွက် စွဲချက်တင်သည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စီမံခန့်ခွဲရေး လုပ်ငန်းစဉ်များတွင်လည်း နစ်နာသူများသည် ဖော်ထုတ်အတည်ပြုခြင်း ခံရနိုင်ခြေ နည်းပါးသည်။ တရားဝင်စာရွက်စာတမ်းဖြင့်မဟုတ်ဘဲ ရွှေ့ပြောင်းနေထိုင်သူများအပေါ် ရန်လိုသည့် မူဝါဒများ ချမှတ်ထားရှိပြီး ကနဦး တုံ့ပြန်ဆောင်ရွက်ရသည့် အရာရှိများ ကျင့်သုံးသည့် ချဉ်းကပ်နည်းလမ်းများ အပေါ် ၎င်းတို့က လွှမ်းမိုးမှုရှိနိုင်သည့် အခြေအနေများတွင် ဤအန္တရာယ်သည် ပို၍ပင်ဆိုးရွားနိုင်သည်။[14] လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးနှင့် ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ ဥပဒေကို ပေါင်းစည်းခြင်းကို ASEAN ဒေသတွင် တွေ့ရှိရကြောင်း မှတ်ချက်ပြုဖော်ပြကြပြီး ရလဒ်အနေဖြင့် လူကုန်ကူးခံရသည့် နစ်နာသူများသည် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများအဖြစ် သတ်မှတ်ခံရကာ ပြည်နှင်ဒဏ်ပေးခံရသည်။[15]

**နစ်နာသူများသည် ရာဇဝတ်ဆိုင်ရာ တရားမျှတရေးစနစ်အတွင်းသို့ ကျူးလွန်သူအဖြစ် ရောက်ရှိသွားပါက နစ်နာသူအဖြစ် ဖော်ထုတ်အတည်ပြုခြင်း ခံရနိုင်ခြေ အင်မတန်နည်းပါးသည် -** နစ်နာသူများသည် ရာဇဝတ်ဆိုင်ရာ တရားမျှတရေးစနစ်အတွင်းသို့ ကျူးလွန်သူအဖြစ် ရောက်ရှိသွားပါက ကာကွယ်စောင့်ရှောက်မှုပေးခြင်း နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်ပေးရန် ခက်ခဲပြီး ၎င်းတို့ ကြုံတွေ့ခံစားရပြီးဖြစ်သည့် ပြစ်ဒဏ်မှ ကာကွယ်စောင့်ရှောက်ပေးရန် မဖြစ်နိုင်တော့ပေ။ လေ့လာချက်ဆောင်ရွက်ခဲ့သည့် နိုင်ငံများတွင် တရားဥပဒေစိုးမိုးရေး အရာရှိများ၊ အစိုးရရှေ့နေများ၊ တရားခံရှေ့နေများ၊ တရားသူကြီးများသည် ၎င်းတို့ရှေ့မှောက်ရှိ ကျူးလွန်သူသည် လူကုန်ကူးခံရသည့်နစ်နာသူ ဖြစ်နိုင်ကြောင်းကို အသိအမှတ်ပြုရန် လိုအပ်သည့် စွမ်းရည်များ ချို့တဲ့နေနိုင်ကြောင်း ဖော်ပြဆွေးနွေးခဲ့ကြသည်။ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှု မဟုတ်သည့် အခြေအနေများ၌ လုံလောက်စွာ ဖော်ထုတ်အတည်ပြုမှု မရှိခြင်းကို ဂရုပြုရမည့်ကိစ္စရပ်အဖြစ် သတ်မှတ်ခဲ့ပြီး အမျိုးသား နစ်နာသူများအား လုံလောက်စွာ ဖော်ထုတ်အတည်ပြုမှု မရှိခြင်းနှင့် လိင်လုပ်ငန်းလုပ်ကိုင်သည့် အမျိုးသမီးများအား ကဲ့ရဲ့ရှုတ်ချခြင်းတို့နှင့် ဆက်နွယ်နေသည့် ကျား-မရေးရာ ရှုထောင့်များကိုလည်း အလားတူဂရုပြုရမည့် ကိစ္စရပ်အဖြစ် သတ်မှတ်ခဲ့သည်။

**ဖော်ထုတ်အတည်ပြုပြီးဖြစ်သည့် အခက်အခဲများအား ကိုင်တွယ်ဖြေရှင်းရန် အစီအမံများ အလျင်အမြန် ရေးဆွဲချမှတ်ရန် လိုအပ်သည် -** ရာဇဝတ်ဆိုင်ရာ တရားမျှတရေး တုံ့ပြန်ဆောင်ရွက်ခြင်း၏ အဆင့်အားလုံးရှိ တရားရေး တာဝန်ရှိသူများအား ဤအခြေခံမူနှင့် ရင်းနှီးကျွမ်းဝင်လာစေရန် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း တက်ရောက် ပါဝင်သူများက အလေးအနက်ဖော်ပြခဲ့ကြပြီး ထိုသို့ဆောင်ရွက်ရာတွင် လူကုန်ကူးခြင်း၏ အနက်ဖွင့်ဆိုချက်နှင့် အရွယ်ရောက်ပြီးပုဂ္ဂိုလ်များနှင့် ကလေးသူငယ်များ နှစ်မျိုးလုံးကို လူကုန်ကူးခြင်းနှင့် သက်ဆိုင်သည့် အင်္ဂါရပ်များ

[13] See for instance, *Undeserving victims? A community report on migrant sex worker victims of crime in Europe* (ICRSE, 2020) 27-29

[14] *Report of the Special Rapporteur on trafficking in persons, especially women and children, Maria Grazia Giammarinaro,* 6 April 2020, UN Doc A/HRC/44/45, 35.

[15] Marija Jovanović, International Law and Regional Norm Smuggling: How the EU and ASEAN Redefined the Global Regime on Human Trafficking, The American Journal of International Law, 2021, Vol. XX, 1, 19

အကြား အပြန်အလှန်ဆက်နွယ်နေမှုအပေါ် နားလည်မှုကို ပိုမိုခိုင်မာစေရန် စီစဉ်လုပ်ဆောင်ပေးခြင်းလည်း အပါအဝင်ဖြစ်သည်။ ဂရုပြုမှတ်သားသင့်သည်မှာ ထင်ရှားရန်ခက်ခဲသော နည်းလမ်းများအား အသုံးပြုခြင်းနှင့် နည်းလမ်းများအသုံးပြုထားသည့် အခြေအနေတွင် သဘောတူညီချက် ပေးခြင်း၏ အရာမရောက်မှုတို့နှင့်စပ်လျဉ်း၍ နားလည်ခြင်းကို ထိရောက်စွာ ဖော်ထုတ်အတည်ပြုခြင်း၏ အဓိက သော့ချက်တစ်ရပ်အဖြစ် ရှုမြင်သတ်မှတ်ခြင်းပင် ဖြစ်သည်။ လူကုန်ကူးမှု ဖြစ်နိုင်ခြေရှိကြောင်း ညွှန်ပြနေသည့် အချက်များကို အတည်ပြုနိုင်သည့် ပထမအဆင့်၌ပင် ထိရောက်သော စစ်ဆေးခြင်းလုပ်ငန်းစဉ်များကို လက်တွေ့ ဆောင်ရွက်ရန် လိုအပ်သည်။ တရားမဝင် ရွှေ့ပြောင်း လုပ်သားများအနက် နစ်နာသူဖြစ်နိုင်ခြေရှိသူများကို ဖော်ထုတ်အတည်ပြုရာတွင် လိုအပ်သည့် စစ်ဆေးခြင်း လုပ်ငန်းစဉ်များ ပိုမိုထိရောက်ကောင်းမွန်အောင် ဆောင်ရွက်ရန်အတွက် စံလုပ်ထုံးလုပ်နည်းများ (SOPs) ကို ကြိုတင်ဦးစွာ အသုံးချခြင်း၊ အရည်အချင်း ပြည့်မီသည့် စကားပြန်များနှင့် NGO များ ပါဝင်သည့် အကျိုးသက်ဆိုင်သူပေါင်းစုံပါဝင်သော ချဉ်းကပ်နည်းဟန်များ အသုံးချခြင်း တို့ကို လုပ်ဆောင်ရန် လိုအပ်ကြောင်း အလေးအနက်ဖော်ပြခဲ့ကြသည်။ အပြည့်အဝ ဆုံးဖြတ်သတ်မှတ်ခြင်း မပြုနိုင်မီအချိန်၌ တရားစွဲဆိုစစ်ဆေးခြင်း မခံရစေရန် ဘေးဆီးရန်ကာသည့်အနေဖြင့် လူပုဂ္ဂိုလ်တစ်ဦးကို နစ်နာသူ အဖြစ် ယူဆသတ်မှတ်ဆက်ဆံခြင်း၏ အရေးပါပုံကို တရားရေးတာဝန်ရှိသူများက အလေးအနက် ဆွေးနွေးခဲ့သည်။ လူပုဂ္ဂိုလ်တစ်ဦးအား ကျူးလွန်သူအဖြစ် သတ်မှတ်၍ တရားစွဲဆိုစစ်ဆေးမည် သို့မဟုတ် နစ်နာသူအဖြစ် သတ်မှတ်၍ ကာကွယ်စောင့်ရှောက်မှုပေးမည်ကို ရွေးချယ်ဆုံးဖြတ်ရာ၌ အသက်အရွယ်အပေါ်လည်း မူတည်ခြင်း ရှိနိုင်သည်။ ထို့ကြောင့် အသက်အရွယ်အား ဆုံးဖြတ်သတ်မှတ်ခြင်း မပြုနိုင်မီအချိန်အထိ အသက်မပြည့်သေးသူ အဖြစ် ယူဆသတ်မှတ်ဆက်ဆံခြင်းကို ကလေးသူငယ်များအား ပြစ်ဒဏ်ချမှတ်ခြင်းမှ ကာကွယ်စောင့်ရှောက်မှု ပေးရာတွင် အလေ့အထကောင်းတစ်ရပ်အဖြစ် ရှုမြင်လက်ခံထားကြသည်။

**နစ်နာသူအား ပြစ်ဒဏ်မချမှတ်ခြင်းနှင့် ကာကွယ်စောင့်ရှောက်မှုပေးခြင်းသည် ဖော်ထုတ်အတည်ပြုခြင်းအတွက် အဓိကသော့ချက်တစ်ရပ်ဖြစ်သည်** - နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းသည် ပြစ်ဒဏ်မချမှတ်ခြင်းအတွက် မဖြစ်မနေ အရေးပါသည်သာမက ပြစ်ဒဏ်မချမှတ်ခြင်းသည်လည်း နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းကို အထောက်အကူဖြစ်စေသည်။ နစ်နာသူများကို ပြစ်မှုကျူးလွန်သူများအဖြစ် ဆက်ဆံပါက ၎င်းတို့အနေဖြင့် ရဲတပ်ဖွဲ့ထံမှ အကူအညီတောင်းခံခြင်း သို့မဟုတ် ရဲတပ်ဖွဲ့နှင့် ပြောဆိုဆက်ဆံခြင်းကို ရှောင်လွှဲလိုကြသည်။ ဆန့်ကျင်ဘက်အနေဖြင့် နစ်နာသူများကို ကျူးလွန်သူများအဖြစ် ဆက်ဆံခြင်းအစား နစ်နာသူအဖြစ် သတ်မှတ် ဆက်ဆံ၍ ကာကွယ် စောင့်ရှောက်ပေးပြီး ၎င်းတို့သည် လူကုန်ကူးခံရခြင်း ဖြစ်စဉ်တစ်လျှောက် ကျူးလွန်ခဲ့ရသော ဥပဒေနှင့်မညီသည့် လုပ်ရပ်များအတွက် ပြစ်ဒဏ်ချမှတ်ခြင်းမှ ကင်းလွတ်ပိုင်ခွင့်ရှိကြောင်းကို အသိပေးပါက နစ်နာသူများအနေဖြင့် အာဏာပိုင်များနှင့် ချိတ်ဆက်ဆောင်ရွက်ရန် ပိုမိုဆန္ဒရှိလာပြီး ထိရောက်သော ဖော်ထုတ်အတည်ပြုခြင်းကို ဆောင်ရွက်နိုင်ရန် လမ်းခင်းပေးသည်။ နစ်နာသူကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်း ဆောင်ရွက်ရာတွင် အခွင့်အရေးအခြေပြု ချဉ်းကပ်နည်းများ အသုံးချခြင်း၏ အရေးပါပုံကို ဤလက်တွေ့အခြေအနေ များက မီးမောင်းထိုးဖော်ပြနေသည်။ တက်ရောက်ပါဝင်သူများက ဤအခြေအနေများနှင့် စပ်လျဉ်း၍ မှတ်ချက်ပြုဆွေးနွေးခဲ့သည်မှာ နစ်နာသူအား ဖော်ထုတ်အတည်ပြုရာတွင် ကြုံတွေ့ရသည့် အဓိက အခက်အခဲ တစ်ရပ်မှာ နစ်နာသူအများအပြားသည် အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်လိုမှု မရှိ၍ဖြစ်စေ ခိုလှုံရေး စခန်းများတွင် မနေထိုင်လို၍ဖြစ်စေ နစ်နာသူများအဖြစ် ဖော်ထုတ်အတည်ပြုခံလိုသည့်ဆန္ဒ မရှိနိုင်ခြင်း ဖြစ်သည်။ နစ်နာသူများသည် နစ်နာသူအဖြစ် ဆက်ဆံခံရခြင်းအစား ပြစ်မှုကျူးလွန်သူအဖြစ် ဆက်ဆံခံရခြင်းကို ရွေးချယ်ရန် ဆန္ဒရှိနေပါက ထင်ရှားသည့်အချက်မှာ လက်ရှိချမှတ်ထားသည့် ကာကွယ်စောင့်ရှောက်မှုနှင့် ထောက်ပံ့ကူညီမှုပေးခြင်း ပုံစံများကို အဆောတလျင် ပြန်လည်ဆန်းစစ်ရန် လိုအပ်နေခြင်းပင် ဖြစ်သည်။

## နစ်နာသူအား ပြစ်ဒဏ်ချမှတ်ခြင်းဆိုင်ရာ လက်တွေ့အခြေအနေများ

**လက်တွေ့အခြေအနေ၌ နစ်နာသူများကို ပြစ်မှုအမျိုးမျိုးအတွက် ပြစ်ဒဏ်ချမှတ်ထားသည် -** အခြားဒေသများနှင့် ASEAN ဒေသတွင် နစ်နာသူများအား ဖမ်းဆီးခြင်း၊ စွဲချက်တင်ခြင်း၊ တရားစွဲဆိုစစ်ဆေးခြင်းနှင့် ပြစ်မှုထင်ရှားစီရင်ခြင်းတို့ ဆောင်ရွက်သည့် ပြစ်မှုများအနက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြစ်မှုများ၊ ပြည့်တန်ဆာပြုခြင်းနှင့် ဆက်နွယ်နေသည့် ပြစ်မှုများသည် အများဆုံးဖြစ်ကြောင်း ဤလေ့လာချက်တွင် အတည်ပြုတွေ့ရှိခဲ့သည်။ မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများအပါအဝင် ၎င်းတို့ကို လူကုန်ကူး၍ အဓမ္မကျူးလွန်စေသည့် ရာဇဝတ်ပြစ်မှုများအတွက် နစ်နာသူများကို တရားစွဲဆိုစစ်ဆေးခြင်းလည်း ရှိသည်။ နစ်နာသူများသည် ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု သို့မဟုတ် လူသေမှု အပါအဝင် ၎င်းတို့အနေဖြင့် လူကုန်ကူးခံရသည့် အခြေအနေမှ လွတ်မြောက်ရန် ကြိုးပမ်းရာ၌ ကျူးလွန်မိသည့် ပြစ်မှုများအတွက် တရားစွဲဆိုစစ်ဆေးခြင်း ခံရသည်။ ထို့အပြင် နစ်နာသူများသည် ၎င်းတို့၏ နစ်နာသူအဖြစ်မှ လွတ်မြောက်ရန် ကြိုးပမ်းသည့်အနေဖြင့် လူကုန်ကူးသည့် ဆောင်ရွက်ချက်များကို ပြောင်းလဲဆောင်ရွက်ပါက လူကုန်ကူးမှုဆိုင်ရာ ပြစ်မှုများဖြင့် တရားစွဲဆိုစစ်ဆေးခြင်း ခံရသည်။[16] ငါးလုပ်ငန်းမှ လူကုန်ကူးခံရသည့် နစ်နာသူများအား လူဝင်မှုကြီးကြပ်ရေး၊ စာရွက်စာတမ်းနှင့် လုပ်သားဆိုင်ရာ ပြစ်မှုများအပြင် တရားမဝင် အထိန်းအကွပ်မဲ့ (IUU) ငါးဖမ်းဆီးခြင်းအတွက် ပြစ်ဒဏ်ချမှတ်ခြင်းကို နိုင်ငံများစွာက အဓိကပြဿနာတစ်ရပ်အဖြစ် ဆွေးနွေးခဲ့ကြသည်။ ပါဝင်တက်ရောက်သူများက အကြမ်းဖက်သမားများနှင့် အိမ်ထောင်ပြုရန် အဓမ္မဖိအားပေးခံခဲ့ရပြီး မိမိကိုယ်တိုင် အကြမ်းဖက်သမားဖြစ်လာသည့် အမျိုးသမီးများနှင့် ကလေးသူငယ်များ အပါအဝင် အကြမ်းဖက်မှုနှင့်သက်ဆိုင်သည့် ပြစ်မှုများ ကျူးလွန်ရန် လူကုန်ကူးခံခဲ့ရသည့် နစ်နာသူများနှင့် စပ်လျဉ်းသည့် အမှုများတွင် ကြုံတွေ့ရသည့် အခက်အခဲများကိုလည်း ထောက်ပြဆွေးနွေးခဲ့ကြသည်။[17]

**လိင်လုပ်ငန်းကဏ္ဍမှ အမျိုးသမီးများအား ရာဇဝတ်သားအဖြစ် စီရင်ရန် လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေကို အလွဲသုံးစားပြုခြင်း -** လိင်လုပ်ငန်းကဏ္ဍမှ အမျိုးသမီးများအား တရားစွဲဆိုစစ်ဆေးရန်အတွက် လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေကို အလွဲသုံးစားပြုခြင်းနှင့်စပ်လျဉ်းသည့် ပြဿနာများကို တင်ပြ ဆွေးနွေးခဲ့ကြပြီး အဆိုပါအမျိုးသမီးများတွင် လူကုန်ကူးခံရသည့်နစ်နာသူ ဖြစ်နိုင်ခြေရှိသူများနှင့် ၎င်းတို့အပြင် အခြားသူများလည်း ပါဝင်နိုင်ကာ အဆိုပါအမျိုးသမီးများကို လူကုန်ကူးမှုဆိုင်ရာ ပြစ်မှုများအတွက် တရားစွဲဆို စစ်ဆေးခြင်းကြောင့် ဒဏ်ကြေးတပ်ခြင်းမှသည် ဖမ်းဆီးထိန်းသိမ်းခြင်း သို့မဟုတ် ပြည်နှင်ဒဏ်ပေးခြင်း၊ သို့မဟုတ် အချို့အခြေအနေများတွင် ကိုယ်ကာယနာကျင်စေသည့် ပြစ်ဒဏ်ပေးခြင်းအထိ ကြုံတွေ့ရနိုင်သည်။ လူကုန်ကူးခံရသည့် နစ်နာသူများနှင့် အခြား ထိခိုက်လွယ်ပုဂ္ဂိုလ်များကို တရားစွဲဆိုစစ်ဆေးခြင်း ပြုမိနိုင်သည့် အန္တရာယ်အား လျှော့ချရန်အတွက် ဥပဒေများအား ပြင်ဆင်မွမ်းမံရန်၊ လိင်လုပ်သားများအတွက် ရာဇဝတ်ဆိုင်ရာ တရားမျှတရေး အရင်းအမြစ်များ အသုံးပြုမှုကို ရှောင်လွှဲရန်နှင့် ထိုအစား လူကုန်ကူးသူများနှင့် အခြား ကြီးလေးသည့်ပြစ်မှုများကျူးလွန်သော ရာဇဝတ်သားများကို တရားစွဲဆိုစစ်ဆေးရန် ဂရုပြုအလေးပေးသင့်ကြောင်း အကြံပြုချက်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

**ASEAN ပြင်ပရှိ ဥပဒေပိုင်နက်များတွင် အပါအဝင် ပြည်ပနိုင်ငံများမှ နိုင်ငံသားများအား ပြစ်ဒဏ်ချမှတ်ခြင်း -** ကလေးသူငယ်များ အပါအဝင် ASEAN အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသားများကို အတင်းအဓမ္မ အိမ်ထောင်ပြုစေခြင်း၊ ရာဇဝတ်မှုများ အဓမ္မကျူးလွန်စေခြင်း၊ ငါးဖမ်းလုပ်ငန်း၊ ဖျော်ဖြေရေးလုပ်ငန်း၊ လိင်လုပ်ငန်းနှင့် အခြားလုပ်ငန်းများ အဓမ္မဆောင်ရွက်စေခြင်းတို့အတွက် လူကုန်ကူးခံရပြီးနောက် ပြည်ပတွင် တရားစွဲဆိုစစ်ဆေးခံရခြင်းများ ရှိခဲ့သည်။ တရားမဝင် ရွှေ့ပြောင်းနေထိုင်ခြင်းကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ပြီး တရားမဝင် ရွှေ့ပြောင်း နေထိုင်သူများအား ကဲ့ရဲ့

[16] For a breakdown of typologies of offence as status offences, consequential offences, liberation offences, see Andreas Schloenhardt & Rebekkah Markey-Towler, "Non-Criminalisation of Victims of Trafficking in Persons – Principles, Promises, and Perspectives", *Groningen Journal of International Law*, vol 4(1) (2016), 10-38 at 13-15.
[17] For a comprehensive list of offences that victims have been criminalized for, see Annex 1.

ရှုတ်ချသော ဓလေ့ရှိသည့် ဥပဒေပိုင်နက်များတွင် ဤအန္တရာယ်ဖြစ်နိုင်ခြေသည် ပိုမို ဆိုးရွားပြီး တရားမဝင်သည့် အခြေအနေများသို့ ကျရောက်နေသော လူကုန်ကူးခံရသည့် နစ်နာသူများသည် ရည်ရွယ်ရင်းမရှိဘဲ ရာဇဝတ်သားအဖြစ် သတ်မှတ်ခံရသည့် အကျိုးဆက်များ ကြုံတွေ့ရနိုင်သည်။ ဤဆွေးနွေးဝိုင်းများတွင် ASEAN ဒေသအတွင်းနှင့် ဒေသပြင်ပ နှစ်မျိုးလုံး၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းကို ပိုမိုခိုင်မာစေရန် အားဖြည့် လုပ်ဆောင်ခြင်း၏ အရေးပါပုံနှင့် မည်သည့်အခြေအနေတွင် လူကုန်ကူးခံရသည့် နစ်နာသူအဖြစ် သတ်မှတ်မည်နှင့် မည်သည့်အခြေအနေတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူ သက်ရောက်အကျုံးဝင်သည်နှင့်စပ်လျဉ်း၍ နားလည်သဘောပေါက်မှုကို သဟဇာတရှိအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်းကို အလေးအနက် ဆွေးနွေးခဲ့ကြသည်။

**ကလေးသူငယ်များအား ပြစ်ဒဏ်ချမှတ်ခြင်း -** ကလေးသူငယ်များအနေဖြင့် အခြားကလေးသူငယ်များအား လူကုန်ကူးခြင်း အပါအဝင် ၎င်းတို့လူကုန်ကူးခံရသည့် ဖြစ်စဉ်တစ်လျှောက် ကျူးလွန်ခဲ့ရသော ပြစ်မှုများအတွက် တရားစွဲဆိုစစ်ဆေးခြင်း ခံခဲ့ရသည့် သာဓကများကို ဖော်ပြဆွေးနွေးခဲ့ကြသည်။ အဆိုပါ တရားစွဲဆို စစ်ဆေးခြင်းများ၏ ဇာစ်မြစ်သည် ကလေးသူငယ်များအား အသက်ပြည့်ပြီးသူများအဖြစ် မှားယွင်းသတ်မှတ်ခြင်းနှင့် ဆက်လက်၍ ၎င်းတို့အား လူကုန်ကူးခံရသည့် နစ်နာသူများအဖြစ် ဖော်ထုတ်အတည်ပြုမှု မရှိခြင်းတို့ ဖြစ်နိုင်သည်။ ဤအချက်တွင် စစ်ဆေးစိစစ်ခြင်းနှင့် ဖော်ထုတ်အတည်ပြုခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ရာ၌ အသက်မပြည့်သေးသူအဖြစ် ယူဆသတ်မှတ်ဆက်ဆံခြင်း၏ အရေးပါပုံကို အလေးပေးဖော်ပြထားသည်။ အချို့ ဖြစ်စဉ်များတွင် ကလေးသူငယ်-နစ်နာသူ-ကျူးလွန်သူများကို လူကုန်ကူးခံရသည့် နစ်နာသူများအဖြစ် သတ်မှတ်ခြင်းအစား ‘ဥပဒေချိုးဖောက်သည့် ကလေးသူငယ်များ’ အဖြစ် သတ်မှတ်ထားနိုင်သည့် ပြဿနာကို ဖော်ပြဆွေးနွေးခဲ့ကြပြီး ဤသို့သတ်မှတ်ခြင်းမှာ ကလေးသူငယ်များအတွက် ဆိုးကျိုးသာဖြစ်စေနိုင်သည်။ ကလေးသူငယ်-ကျူးလွန်သူများအား ဆက်ဆံခြင်းနှင့် အဆိုပါ ကလေးသူငယ်များအနက်မှ လူကုန်ကူးခံရသည့် နစ်နာသူများကို ပြစ်ဒဏ်ချမှတ်မိနိုင်ခြင်းတို့နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ရာတွင် ရာဇဝတ်မှုကျူးလွန်ခြင်းအတွက် တာဝန်ယူရန် သတ်မှတ်ထားသည့် အသက်အရွယ်ကို ထည့်သွင်းစဉ်းစားရန်လည်း လိုအပ်ပြီး ဤအချက်ကို ဆွေးနွေးကြရန် လိုအပ်နိုင်သည်။

**နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခြင်းကို လူကုန်ကူးသူများက အသုံးချခြင်း -** လူကုန်ကူးသူများသည် ၎င်းတို့ ပြစ်ဒဏ်ချမှတ်ခံရနိုင်သည့် အန္တရာယ်ကို ကြုံတွေ့ရနိုင်ခြေအား ရှောင်လွှဲ၍ နစ်နာသူများထံ လမ်းလွှဲပေးရန် (မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများကဲ့သို့) ပြစ်မှုများတွင် နစ်နာသူများ ပါဝင်ဆောင်ရွက်ခြင်းကို အသုံးချနိုင်သည်။ ထို့အပြင် နစ်နာသူများအား ထိန်းချုပ်ရန်အတွက် နည်းဗျူဟာအနေဖြင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ သို့မဟုတ် လုပ်သားဆိုင်ရာ ပြစ်မှုများအတွက် ပြစ်ဒဏ်ချမှတ်ခံရနိုင်ကြောင်း ခြိမ်းခြောက်ခြင်းကိုလည်း အသုံးချနိုင်သည်။ အာဏာပိုင်များက နစ်နာသူများကို ပြစ်မှုကျူးလွန်သူများကဲ့သို့ ဆက်ဆံသည့်အခြေအနေများတွင် ၎င်းတို့က လူကုန်ကူးသူများ၏ အဆိုများ မှန်ကန်ကြောင်း သက်သေထူပေးသကဲ့သို့ပင် ဖြစ်သည်။ ခေါင်းပုံဖြတ်သူများက ဝေဖန်မှုများကို ချုပ်ငြိမ်းစေရန်အတွက် အသရေဖျက်ခြင်းဆိုင်ရာ ပြစ်မှုများကိုပင် အသုံးချနိုင်သည်။ ထိုသို့သော ဖြစ်စဉ်များတွင် အာဏာဟန်ချက်မညီမျှခြင်းမှာ အထင်အရှားပင်ဖြစ်ကာ လူကုန်ကူးသူများနှင့် ခေါင်းပုံဖြတ်သည့် အလုပ်ရှင်များသည် ၎င်းတို့အပေါ် ငွေကြေးနှင့် အခြားအရာများအတွက် မှီခိုနေရနိုင်သည့် နစ်နာသူများအား ဥပဒေအရ အရေးယူဆောင်ရွက်ရန် လိုအပ်သောအရင်းအမြစ်များကို များစွာပိုမိုပိုင်ဆိုင်ထားကြသည်။

**အစိုးရအရာရှိများက ပြစ်ဒဏ်ချမှတ်ခြင်းကို အဂတိလိုက်စားရန် သို့မဟုတ် လွယ်လမ်းလိုက်ရန် အသုံးပြုခြင်း -** အချို့သောဖြစ်စဉ်များတွင် အစိုးရအရာရှိများက အဂတိလိုက်စားရန် သို့မဟုတ် လွယ်လမ်းလိုက်ရန်အတွက် ပြစ်ဒဏ်ချမှတ်ခြင်း သို့မဟုတ် ချမှတ်မည်ဟု ခြိမ်းခြောက်ခြင်းကို ဆောင်ရွက်နိုင်ကြောင်း ဆွေးနွေးခဲ့ကြသည်။ အဂတိလိုက်စားရန်အတွက် နည်းလမ်းအဖြစ် အသုံးချရာတွင် အရာရှိများသည် နစ်နာသူများအား ၎င်းတို့ထံ (ဥပမာ တရားမဝင် နယ်စပ်ဖြတ်ကျော်ရန် သို့မဟုတ် လိင်လုပ်သားအဖြစ် ဆက်လက်လုပ်ကိုင်ရန်) လာဘ်မထိုးပါက သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ မလုပ်ကိုင်ပေးပါက ပြစ်ဒဏ်များချမှတ်မည်ဟု ခြိမ်းခြောက်မှုများ ရှိခဲ့ကြောင်း

ဖော်ပြဆွေးနွေးခဲ့ကြသည်။ လွယ်လမ်းလိုက်ရန် နည်းလမ်းအဖြစ် အသုံးချရာတွင် ဥပမာတစ်ခု ဖော်ပြရသော် ပြစ်ဒဏ်ချမှတ်မည်ဟု ခြိမ်းခြောက်ခြင်း သို့မဟုတ် ချမှတ်ခြင်းကို အကျိုးဖြစ်ထွန်းစေရန်အတွက် အသုံးပြုနိုင်ကြောင်း ဖော်ပြဆွေးနွေးခဲ့ပြီး နစ်နာသူဖြစ်နိုင်ခြေရှိသူများအား ဖမ်းဆီးထိန်းသိမ်းထားခြင်းဖြင့် နစ်နာသူများအား ၎င်းတို့၏ မူလနိုင်ငံများသို့ ပြန်လည်ပို့ဆောင်၍ လူကုန်ကူးသူများနှင့် ဆန့်ကျင်၍ သက်သေထွက်ဆိုရန် စီစဉ်ဆောင်ရွက် ပေးခြင်းအတွက် ကုန်ကျမည့် ကုန်ကျစရိတ်နှင့် အားထုတ်ရမှုများကို ရှောင်လွှဲနိုင်မည်ဖြစ်သည်။

**လူကုန်ကူးခံရသည့် နစ်နာသူများသည် မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများအတွက် တရားစွဲဆိုစစ်ဆေးခြင်းကို ရင်ဆိုင်ရနိုင်သည့်အန္တရာယ် မြင့်မားခြင်း** - ပါဝင်တက်ရောက်သူများသည် လူကုန်ကူးခံရသည့် နစ်နာသူများသည် အငယ်စားပြစ်မှုများမှစ၍ ပြင်းထန်သောပြစ်ဒဏ်များ ချမှတ်ခံရနိုင်သည့် ကြီးလေးသော ပြစ်မှုများအထိ ပြစ်မှုအမျိုးမျိုးပါဝင်သည့် မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများအတွက် တရားစွဲဆိုစစ်ဆေးခြင်းခံရနိုင်သည့် အန္တရာယ်ကို ဆွေးနွေးခဲ့ကြသည်။ မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်း၍ တင်းကျပ်စွာ တာဝန်ခံစေသည့် ဒေသတွင်း ကျင့်သုံးသော နည်းဟန်နှင့်စပ်လျဉ်းသည့် ဖော်ပြဆွေးနွေးချက်များနှင့် လူကုန်ကူးခံရသည့် နစ်နာသူများအပေါ် 'မူးယစ်ဆေးဝါး ဆန့်ကျင်ရေးတိုက်ပွဲ' က ထိခိုက်သက်ရောက်စေသည့် အကျိုးဆက်များကို ဆွေးနွေးခဲ့ကြသည်။ ဤတွင် မှတ်ချက်ပြုဆွေးနွေးရမည်မှာ တရားရေးတာဝန်ရှိသူများအနေဖြင့် ပုဂ္ဂလသဘောအရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို လက်တွေ့ကျင့်သုံးရန် စိတ်ဆန္ဒရှိလျှင်ပင် တရားရေးလုပ်ငန်းစဉ်တစ်လျှောက် ပါဝင်လုပ်ဆောင်သည့် ပါဝင်ဆောင်ရွက်သူများအားလုံးကို အလားတူ လိုက်လံကျင့်သုံးရန် သိမ်းသွင်းရန်မှာ မဖြစ်နိုင်ပေဟု ဆိုနိုင်သည်။ ထို့ကြောင့် လက်တွေ့အခြေအနေတွင် မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုကျူးလွန်ရန် လူကုန်ကူးခံရသည့် နစ်နာသူများသည် အလွန်ကြီးလေးသော အန္တရာယ်နှင့် ရင်ဆိုင်နေကြရနိုင်သည်။

**ကိုယ်ကာယနာကျင်စေသည့် ပြစ်ဒဏ်နှင့် သေဒဏ်** - နစ်နာသူများသည် လူကုန်ကူးခံခဲ့ရပြီး ကျူးလွန်ခဲ့ရသည့် ရာဇဝတ် လုပ်ရပ်များအတွက် ပြင်းထန်သော ပြစ်ဒဏ်များကို ကြုံတွေ့ရနိုင်သည်။ ဤပြစ်ဒဏ်များတွင် လိင်လုပ်ငန်းကဏ္ဍ၌ ဝင်ရောက်လုပ်ကိုင်ခြင်းကြောင့် ကိုယ်ကာယနာကျင်စေသည့် ပြစ်ဒဏ်ချမှတ်ခံရခြင်းမှသည် မူးယစ်ဆေးဝါး သယ်ဆောင်သူများအဖြစ် ခေါင်းပုံဖြတ်ခံရ၍ သေဒဏ်ချမှတ်ခံရခြင်းအထိ အမျိုးမျိုး ပါဝင်နိုင်သည်။ ASEAN အဖွဲ့ဝင်နိုင်ငံများအနက် ထက်ဝက်သည် မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများအတွက် သေဒဏ်ချမှတ်ခြင်းကို ကျင့်သုံးသည်။ ဆွေးနွေးဝိုင်းများတွင် Mary Jane Veloso အပါအဝင် သေဒဏ်ချမှတ်ခံရပြီးနောက် စီရင်မည့်အချိန်ကို စောင့်ဆိုင်းနေရသည့် လူကုန်ကူးခံရသော နစ်နာသူများအကြောင်းကို ဆွေးနွေးခဲ့ကြသည် (စာကွက် ၅ ကို ကြည့်ပါ)။ ပါဝင်တက်ရောက်သူများက အဆိုပါဖြစ်စဉ်များကို ထောက်ချင့်၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ ကျင့်သုံးရန် အဆောတလျင် အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း ရှင်းပြဆွေးနွေးခဲ့ကြသည်။

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့အကောင်အထည်ဖော်ခြင်းဆိုင်ရာ အကြံပြုချက်များ

ရာဇဝတ်ဆိုင်ရာ တရားမျှတရေး လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ဥပဒေ၊ မူဝါဒနှင့် ကျင့်သုံးမှုအလေ့အထများဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့အကောင်အထည်ဖော်ခြင်းကို ပိုမိုခိုင်မာအောင် ဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါ အကြံပြုချက် ၂၆ ချက်ကို ဖော်ပြထားပါသည်။ အကြံပြုချက် တစ်ခုချင်းစီအတွက် လမ်းညွှန်ချက်ကို လေ့လာချက်၏ အပိုင်း ၃ တွင် ဖော်ပြထားပါသည်။

### ဖော်ထုတ်အတည်ပြုခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း


၁။ ပြစ်မှုကျူးလွန်သူများအဖြစ် ကြုံတွေ့ရသူများအနက် လူကုန်ကူးခံရသည့် နစ်နာသူ ဖြစ်နိုင်ခြေရှိသူများကို ဖော်ထုတ်အတည်ပြုနိုင်ရန် ကနဦးတုံ့ပြန်ဆောင်ရွက်သည့် အရာရှိများကို စွမ်းဆောင်ရည် မြှင့်တင်ပေးပါ။

၂။ လူကုန်ကူးသူများ အသုံးပြုသည့် ထိန်းချုပ်မှုနည်းလမ်းများနှင့် နစ်နာသူများအပေါ် ၎င်းတို့၏ အကျိုးသက်ရောက်မှုတို့အား တရားဥပဒေစိုးမိုးရေး အရာရှိများ၏ နားလည်မှုကို ပိုမိုခိုင်မာစေရန် မြှင့်တင်ပေးပါ။

၃။ 'ကိုယ်လုပ်ကိုယ်ခံရသော' သို့မဟုတ် 'စာနာရန်အကြောင်းမရှိသော' လူကုန်ကူးခံရသည့် နစ်နာသူများနှင့် ပတ်သက်သည့် လွဲမှားသည့်အမြင်များနှင့် ယူဆချက်များကို စိန်ခေါ်တိုက်ဖျက်ပါ။

၄။ လူကုန်ကူးခံရသည့်နစ်နာသူ ဖြစ်နိုင်ခြေရှိသော ပြစ်မှုကျူးလွန်သူများကို စစ်ဆေးစိစစ်ခြင်း ဆောင်ရွက်ရန်အတွက် ထိရောက်စွာနှင့် ကျွမ်းကျင်စွာ လွှဲပြောင်းပေးပါ။

၅။ လူကုန်ကူးခံရသည့်နစ်နာသူ ဖြစ်နိုင်ခြေရှိသည့် ပြစ်မှုကျူးလွန်သူများ၏ ပြစ်မှုနှင့် လူကုန်ကူးသူ ဖြစ်နိုင်ခြေရှိသူတို့၏ စီမံလုပ်ဆောင်မှုအကြား ချိတ်ဆက်နေမှုများကို ကြိုတင်ဦးစွာ စုံစမ်းစစ်ဆေးပါ။



### ဖမ်းဆီးခြင်းနှင့် စွဲချက်တင်ခြင်း

၆။ ဖမ်းဆီးခြင်းသည် လူကုန်ကူးခံရသည့် နစ်နာသူများနှင့် လူကုန်ကူးမှုအား ရာဇဝတ်ဆိုင်ရာ တရားစီရင်ရေးအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိကြောင်း ကနဦးတုံ့ပြန်ဆောင်ရွက်သည့် အရာရှိများ နားလည်စေရန် ဆောင်ရွက်ပါ။

၇။ ကနဦးတုံ့ပြန်ဆောင်ရွက်သည့် အရာရှိများက ၎င်းတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်များနှင့် ၎င်းဆုံးဖြတ်ခွင့်များအား မည်သို့ ကျင့်သုံးရမည်ကို နားလည်စေရန် ဆောင်ရွက်ပါ။

၈။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို ကျင့်သုံးစေရေးအတွက် ဥပဒေစိုးမိုးရေး အရာရှိများကို မက်လုံးပေးပါ။

၉။ ဖမ်းဆီးသည့် အရာရှိများက ဖမ်းဆီးခံရသူများအပေါ် ထားရှိလိုက်နာရမည့် တာဝန်များကို နားလည်စေရန် ဆောင်ရွက်ပါ။

### တရားစွဲဆိုစစ်ဆေးခြင်း

၁၀။ လူကုန်ကူးခံရသည့် နစ်နာသူများအနေဖြင့် မလျော်မကန် တရားစွဲဆိုစစ်ဆေးခံရနိုင်သည့် အန္တရာယ်ကိုလျှော့ချရန် ဥပဒေကို ပြင်ဆင်ပါ။

၁၁။ တရားဝင်ဖော်ထုတ်အတည်ပြုခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်ပြီးမြောက်ကာ ရှင်းလင်းစွာ ရှင်းပြသိရှိပြီးမှသာ လူကုန်ကူးခံရသည့် နစ်နာသူတစ်ဦးအား တရားစွဲဆိုစစ်ဆေးရန် ဆုံးဖြတ်သည့် မည်သည့် ဆုံးဖြတ်ချက်ကိုမဆို ချမှတ်စေရန် ဆောင်ရွက်ပါ။

၁၂။ နစ်နာသူအဖြစ်သတ်မှတ်ခြင်းနှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အကြား ဆက်နွှယ်မှုကို ရှင်းပြပါ။

၁၃။ အစိုးရရှေ့နေများသည် ၎င်းတို့လုပ်ဆောင်နိုင်သည့် ဆုံးဖြတ်ပိုင်ခွင့်များနှင့် အဆိုပါ ဆုံးဖြတ်ပိုင်ခွင့်များအား မည်သို့ကျင့်သုံးရမည်ကို နားလည်စေရန် ဂရုပြုဆောင်ရွက်ပါ။

၁၄။ အစိုးရရှေ့နေများ၊ အထူးသဖြင့် လူကုန်ကူးခံရသည့် နစ်နာသူ များက အများအားဖြင့် ကျူးလွန်တတ်သည့် ပြစ်မှုများကို တရားစွဲဆို စစ်ဆေးခြင်းအား အထူးပြုလုပ်ဆောင်သည့် အစိုးရရှေ့နေများကို လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ လေ့ကျင့်သင်ကြား ပေးခြင်းကို ဆောင်ရွက်ပါ။

၁၅။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား ကျင့်သုံးရာတွင် လူကုန်ကူးခြင်း၌ နစ်နာသူ၏ သဘောတူညီမှုသည် အရာရောက်ခြင်းမရှိကြောင်း အခိုင်အမာ သိရှိနားလည်စေရန် ဆောင်ရွက်ပါ။

## ဥပဒေအရ ခုခံချေပခြင်း

၁၆။ နစ်နာသူများအားလုံးကို ပြစ်မှုများအားလုံးအတွက် အကာအကွယ်ပေးနိုင်မည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို လက်တွေ့ကျင့်သုံးနိုင်ရန်အလို့ငှာ အတိအလင်းဖော်ပြထားသည့် ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ ရေးဆွဲပါ သို့မဟုတ် မွမ်းမံပြင်ဆင်ပါ။

၁၇။ နစ်နာသူကကျူးလွန်သည့် ပြစ်မှုနှင့် ၎င်း၏လူကုန်ကူးခံရခြင်းတို့အကြား ဆက်နွှယ်မှုကို မည်သို့ဖော်ထုတ်ရမည်ကို တရားရေးတာဝန်ရှိသူများအား လေ့ကျင့်သင်ကြားပေးခြင်းနှင့် လမ်းညွှန်ချက်ပေးခြင်း ဆောင်ရွက်ပါ။

၁၈။ လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ပြစ်မှုများကျူးလွန်ခဲ့သည့် နစ်နာသူများအတွက် ယေဘုယျ ခုခံချေပချက်များအား အသုံးချခြင်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ဆိုင်ရာ တရားရေးတာဝန်ရှိသူများအား လေ့ကျင့်သင်ကြား ပေးခြင်းနှင့် လမ်းညွှန်ချက်ပေးခြင်း ဆောင်ရွက်ပါ။

၁၉။ သက်သေထူရန်တာဝန်သည် နိုင်ငံတော်၏တာဝန်ဖြစ်ပြီး နစ်နာသူ၏တာဝန် မဖြစ်စေရန် ဂရုပြုဆောင်ရွက်ပါ။

၂၀။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား အလွဲသုံးစားပြုခြင်းမှ ကြိုတင်ကာကွယ်ပါ။



## *ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် အမိန့်ချခြင်း*

၂၁။ တရားရေးကဏ္ဍ အဖွဲ့ဝင်များကို ပြစ်ဒဏ် လွတ်ငြိမ်းခွင့် အခြေခံမှုအကြောင်းနှင့် အဆိုပါ အခြေခံမှုအား အသုံးချရာတွင် ၎င်းတို့ပါဝင်ရမည့် အခန်းကဏ္ဍ အကြောင်း ရင်းနှီး ကျွမ်းဝင်မှု ရှိစေရန် ဆောင်ရွက်ပါ။

၂၂။ ပြစ်မှုထင်ရှားစီရင်ခံရသည့် လူကုန်ကူးခံရသော နစ်နာသူများ အတွက် ပြစ်ဒဏ်အမိန့် ချမှတ်ခြင်းကို မဆောင်ရွက်ဘဲ ရှောင်လွှဲပါ သို့မဟုတ် လျှော့ပေါ့ ပြစ်ဒဏ် ချမှတ်ပါ။

၂၃။ နစ်နာသူ-ကျူးလွန်သူများအား ပြစ်ဒဏ်ချမှတ်ရာတွင် ဒဏ်ခတ်ရန် ပြစ်ဒဏ်ပေးခြင်း မဟုတ်ဘဲ ပြန်လည် ထူထောင် ပြင်ဆင်နိုင်ရန် ပြစ်ဒဏ်ပေးခြင်းကို ဆောင်ရွက်ရန် ထည့်သွင်း စဉ်းစားပါ။

၂၄။ လူကုန်ကူးခံရသည့် နစ်နာသူများကို ကိုယ်ကာယ နာကျင်စေ သည့် ပြစ်ဒဏ် ချမှတ်ခြင်းနှင့် သေဒဏ် ချမှတ်ခြင်းတို့ မရှိစေရန် ကာကွယ်စောင့်ရှောက်ပါ။

## ပြစ်မှုထင်ရှားစီရင်ခြင်းနောက်ပိုင်း ပြန်လည်ကုစားမှုများ

၂၅။ လူကုန်ကူးခံရသည့် နစ်နာသူများ၏ ရာဇဝတ် မှတ်တမ်းများကို ပယ်ဖျက်ရန်အတွက် ဥပဒေဆိုင်ရာ အခွင့်အလမ်းများကို စူးစမ်းရှာဖွေပါ။

၂၆။ ပြစ်မှုထင်ရှားစီရင်ခြင်းများအား ဖျက်သိမ်းရာ၌ လူကုန်ကူးခံရသည့် နစ်နာသူများ ကြုံတွေ့ရသည့် အဟန့်အတားများကို ဖော်ထုတ်၍ ဖြေရှင်းပါ။

# နိဒါန်း

ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအရ လူကုန်ကူးခံရသည့် နစ်နာသူများသည် ၎င်းတို့လူကုန်ကူးခံရခြင်း၏ အကျိုးဆက်အဖြစ် ကျူးလွန်ခဲ့ရသော ပြစ်မှုများအတွက် တရားစွဲဆိုစစ်ဆေးခြင်း သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းကို ခံစားရခြင်းမရှိသင့်ဟု သတ်မှတ်ထားသည်။ ဤအခြေခံမူကို ASEAN အဖွဲ့ဝင်နိုင်ငံ ဆယ်နိုင်ငံလုံးက အတည်ပြုလက်မှတ်ရေးထိုးထားသည့် *အမျိုးသမီးများနှင့် ကလေးသူငယ်များအား အထူးအလေးပေးသော လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ်* (၂၀၁၅)တွင် အတိအလင်း ထည့်သွင်းဖော်ပြထားသည်။ အပိုဒ်ခွဲ ၁၄(၇) တွင် နိုင်ငံများအနေဖြင့် လူကုန်ကူးခံရသည့် နစ်နာသူများကို ၎င်းတို့လူကုန်ကူးခံရခြင်းနှင့် တိုက်ရိုက်ဆက်နွှယ်၍ ကျူးလွန်ခဲ့ရသည့် ဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် တာဝန်ခံစေခြင်း မပြုရန် ထည့်သွင်းစဉ်းစားသင့်ကြောင်း တိုက်တွန်း ဖော်ပြထားသည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူသည် ရာဇဝတ်မှုကျူးလွန်ရန် ဆန္ဒရှိစွာဖြင့် ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် အလုံးစုံ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းမဟုတ်ပေ။[18] ၎င်းအခြေခံမူသည် လူကုန်ကူးခံရသည့် နစ်နာသူများအနေဖြင့် လူကုန်ကူးခံရခြင်း၏ အကျိုးဆက်အဖြစ် ကျူးလွန်ခဲ့ရသည့် ဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်း၊ တရားစွဲဆိုစစ်ဆေးခြင်း၊ ပြစ်ဒဏ် ချမှတ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ပြစ်ဒဏ်ပေးခြင်းကို ကြုံတွေ့ခံစားရခြင်း မရှိစေရန်အတွက် ဆောင်ရွက်ရာတွင် အသုံးချနိုင်သည့် နည်းလမ်းတစ်ရပ်ဖြစ်သည်။[19]

ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူသည် လူကုန်ကူးမှုအား ကိုင်တွယ်ဖြေရှင်းရာတွင် အသုံးပြုသည့် လူ့အခွင့်အရေး အခြေပြု ချဉ်းကပ်နည်းဟန်၏ အဓိကအင်္ဂါရပ်တစ်ခုဖြစ်ပြီး တရားမျှတမှုကို လက်လှမ်းမီရယူနိုင်စေရန် အာမခံချက်ပေးခြင်းနှင့် စိတ်ဒဏ်ရာရစေခြင်းနှင့် သွယ်ဝိုက်၍ နစ်နာသူဖြစ်စေခြင်းတို့မှ အကာအကွယ်ပေးခြင်းတို့ အပါအဝင် ရာဇဝတ်ဆိုင်ရာ တရားမျှတရေးစနစ်တစ်လျှောက်၌ နစ်နာသူတို့၏ အခွင့်အရေးများအား လိုက်နာ စောင့်ထိန်းမှုရှိစေရန် ထိန်းကွပ်ပေးသည်။[20] ထို့ကြောင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူသည် စိတ်ဒဏ်ရာရရှိမှုကို ထည့်သွင်းစဉ်းစားခြင်းရှိပြီး နစ်နာသူဗဟိုပြု ချဉ်းကပ်နည်းဟန်ကို အသုံးပြုရာတွင် လိုအပ်သည့် အဓိကသော့ချက်တစ်ရပ် ဖြစ်သည်။ ထို့အပြင် ဤအခြေခံမူသည် လူကုန်ကူးသူများအား ရာဇဝတ်ဆိုင်ရာ တရားမျှတရေး အရေးယူဆောင်ရွက်မှုတွင် မရှိမဖြစ် အရေးကြီးသည့် အချက်လည်းဖြစ်သည်။[21] နစ်နာသူများသည် ၎င်းတို့ လူကုန်ကူးခံရခြင်း၏ အကျိုးဆက်အဖြစ် ကျူးလွန်ခဲ့ရသည့် ပြစ်မှုများအတွက် ဖမ်းဆီးခြင်းနှင့် တရားစွဲဆိုစစ်ဆေးခြင်းကို ခံရသည့်အခါ အာဏာပိုင်များအပေါ် ၎င်းတို့ထားရှိသည့် ယုံကြည်မှုသည် ပျက်စီးသွားပြီး ၎င်းတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်လိုသည့်ဆန္ဒ ပျောက်ကွယ် သွားနိုင်သည်။[22] သို့ရာတွင် ဤသည်မှာ

[18] *Commentary to the Recommended Principles and Guidelines on Human Trafficking and Human Rights* (OHCHR), p.133

[19] See inter alia, *Non-punishment of victims of trafficking: Issue Brief No. 8* (Inter-Agency Coordination Group against Trafficking in Persons, 2020); *Policy and legislative recommendations towards the effective implementation of the non-punishment provision with regard to victims of trafficking*" (OSCE Office of the Special Representative and Coordinator for Combating Trafficking in Human Beings, Vienna, 2013), para. 10; Ryszard Piotrowicz, "Article 26, Non-punishment provision" in Julia Planitzer and Helmut Sax (eds.) *A Commentary on the Council of Europe Convention on against Trafficking in Human Beings* (Edward Elgar, 2020) p.310

[20] *Human Trafficking: Joint UN Commentary on the EU Directive – A Human Rights-Based Approach* (OHCHR, UNHCR, UNICEF, UNODC, UN Women and ILO, 2011) 35; United Nations Office on Drugs and Crime, *Legislative Guide for the Protocol to Prevent, Suppress and Punish Trafficking in Persons, especially women and children, supplementing the United Nations Convention against Transnational Organized Crime* (United Nations, Vienna, 2020) 48.

[21] UN Conference of the Parties to the United Nations Convention against Transnational Organized Crime, Working Group on Trafficking in Persons, *Non-Punishment and Non-Prosecution of Victims of Trafficking in Persons: Administrative and Judicial approaches to Offences Committed in the Process of Such Trafficking*, UN Doc CTOC/COP/WG.4/2010/4 (9 December 2009) 2–3, paras 5–6.

[22] *Report of the Special Rapporteur on trafficking in persons, especially women and children, Maria Grazia Giammarinaro,* 6 April 2020, UN Doc A/HRC/44/45, para. 29.

နစ်နာသူများအား ပြစ်ဒဏ်မချမှတ်ရခြင်း၏ ဆက်စပ်အကြောင်းရင်းတစ်ရပ် ဖြစ်ပြီး အခြေခံမူကို ကျင့်သုံးခြင်း၏ အဓိကအကြောင်းရင်းမှာ နစ်နာသူများအနေဖြင့် ရာဇဝတ်ဆိုင်ရာ တာဝန်ခံ သင့်သည့် အကြောင်းမရှိသောကြောင့် ဖြစ်သည်။[23]

လွန်ခဲ့သောနှစ်များအတွင်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအပေါ် အလေးထားအာရုံစိုက်မှု ပိုမိုမြင့်မားလာခဲ့သည်။ လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူက ဤအရေးကိစ္စနှင့်စပ်လျဉ်း၍ အထူးအလေးထား ဖော်ပြဆွေးနွေးခဲ့သည်။[24] လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အဖွဲ့အစည်းပေါင်းစုံ ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့ (ICAT) က ဤခေါင်းစဉ်နှင့်စပ်လျဉ်း၍ အကျဉ်းချုပ်ရှင်းလင်းတင်ပြချက် တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။[25] ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် သက်ဆိုင်သည့် အရေးပါသော လေ့လာချက်တစ်ရပ်ကို ဥရောပဒေသ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဖွဲ့အစည်း (OSCE) က ၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည်။[26] ဥရောပကောင်စီ၏ ဥရောပဒေသတွင် လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ ပညာရှင်အဖွဲ့ (GRETA) က ၎င်း၏ နိုင်ငံအစီရင်ခံစာ များတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကို ထည့်သွင်းစဉ်းစားဖော်ပြပြီး အလားတူပင် အမေရိကန်ပြည်ထောင်စု နိုင်ငံတော် ရေးရာ ဝန်ကြီးဌာနကလည်း ၎င်း၏ နှစ်စဉ်ပြုစုထုတ်ပြန်သည့် လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာများတွင် ထည့်သွင်း ဖော်ပြသည်။ မှတ်ကျောက်တင်ရမည့် ဆုံးဖြတ်ချက်အနေဖြင့် ၂၀၂၁ ခုနှစ်၌ လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံးက အစိုးရများသည် လူကုန်ကူးခံရသည့် နစ်နာသူများအား တရားစွဲဆို စစ်ဆေးခြင်း မဆောင်ရွက်သင့်ကြောင်း အတည်ပြုဆုံးဖြတ်ခဲ့သည်။[27]

လက်ရှိဆောင်ရွက်နေသည့် ဤလေ့လာချက်သည် ASEAN အဖွဲ့ဝင်နိုင်ငံများ၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးခြင်းကို လေ့လာသုံးသပ်သည့် ပထမဆုံး လေ့လာချက် ဖြစ်ပါသည်။ ဤလေ့လာချက်ကို ဥပဒေ ရေးဆွဲပြဋ္ဌာန်းသူများ၊ မူဝါဒ ရေးဆွဲချမှတ်သူများနှင့် ရာဇဝတ်ဆိုင်ရာ တရားရေးတာဝန်ရှိသူများအတွက် အသိပညာအခြေခံကို ပိုမိုပြည့်စုံလာအောင် မြှင့်တင်ပေးရန်နှင့် အခြေခံမူအား လက်တွေ့အကောင်အထည် ကျင့်သုံးရန် လက်ရှိဆောင်ရွက်နေသည့် ကြိုးပမ်းမှုများအတွက် ထောက်ကူပေးရန် ရည်ရွယ်၍ ရေးဆွဲပြုစုထားပါသည်။ ဤလေ့လာချက်တွင် အပိုင်းသုံးပိုင်း ပါရှိသည်။

- အပိုင်း ၁ တွင် ဥပဒေနှင့် မူဝါဒများရှိ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူ၏ ရင်းမြစ်များကို ဖော်ပြထားသည်
- အပိုင်း ၂ တွင် ASEAN အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ ဥပဒေ၊ မူဝါဒနှင့် ကျင့်သုံးမှုအလေ့အထများ၌ အခြေခံမူအား မည်သို့ လက်တွေ့အကောင်အထည်ဖော်သည်နှင့်စပ်လျဉ်း၍ လေ့လာဆန်းစစ်သည်
- အပိုင်း ၃ တွင် ရာဇဝတ်ဆိုင်ရာ တရားမျှတရေး လုပ်ငန်းစဉ်များတစ်လျှောက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးခြင်းနှင့်စပ်လျဉ်းသည့် အကြံပြုချက်များနှင့် လမ်းညွှန်ချက်များကို ဖော်ပြထားသည်

[23] Ryszard Piotrowicz, "Article 26, Non-punishment provision" in Julia Planitzer and Helmut Sax (eds.) *A Commentary on the Council of Europe Convention on against Trafficking in Human Beings* (Edward Elgar, 2020) p.317

[24] *Implementation of the non-punishment principle: Report of the Special Rapporteur on trafficking in persons, especially women and children, Siobhán Mullaly*, UN Doc. A/HRC/47/34 (17 May 2021); *The Importance of implementing the non-punishment provision: the obligation to protect victims,* Maria Grazia Giammarinaro, Special Rapporteur on trafficking in persons, especially women and children, United Nations, Geneva, 30 July 2020.


[25] *Non-punishment of victims of trafficking: Issue Brief No. 8* (Inter-Agency Coordination Group against Trafficking in Persons, 2020)

[26] *Policy and legislative recommendations towards the effective implementation of the non-punishment provision with regard to victims of trafficking*" (OSCE Office of the Special Representative and Coordinator for Combating Trafficking in Human Beings, Vienna, 2013)


[27] *V.C.L and A.N. v The United Kingdom* [Application nos. 77587/12 and 74603/12], European Court of Human Rights, 16 February 2021

**လေ့လာချက်အတွက် အသုံးပြုသည့် နည်းနာနိဿယ** - ဤလေ့လာချက်ကို ပြုစုရာတွင် လိုအပ်သည့် သတင်းအချက်အလက်များကို ASEAN ဒေသနှင့် အခြားဒေသများမှ ရရှိသည့် အချက်အလက်များအား ဆန်းစစ်သုံးသပ်ခြင်းနှင့် နိုင်ငံ ၆ နိုင်ငံ (ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လာအို PDR၊ ထိုင်းနှင့် အင်ဒိုနီးရှား) ၌ စီစဉ်ဆောင်ရွက်ခဲ့သည့် ဆွေးနွေးဝိုင်း ၁၂ ခုမှ ရယူလေ့လာထားပြီး ဆွေးနွေးဝိုင်းများ ဆောင်ရွက်ရာ၌ ဤအတွက် သီးသန့်ရည်ရွယ်၍ ရေးဆွဲပြုစုပြီး နိုင်ငံတစ်နိုင်ငံစီအလိုက် နောက်ခံအခြေအနေနှင့် ကိုက်ညီစေရန် မွမ်းမံသည့် ဦးဆောင်ဆွေးနွေးမှု အထောက်အကူပြုကိရိယာကို အသုံးပြုခဲ့ပါသည် (နောက်ဆက်တွဲ ၂ ကို ကြည့်ပါ)။ ဤဆွေးနွေးဝိုင်းများတွင် ပါဝင်တက်ရောက်သူပေါင်း ၁၉၆ ဦးရှိခဲ့ပြီး အစိုးရကိုယ်စားလှယ် ၁၂၂ ဦးနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းကိုယ်စားလှယ် ၇၄ ဦး တက်ရောက်ခဲ့ပါသည်။ ထို့အပြင် သီးခြားပုဂ္ဂလ ပညာရှင် လေးဦးကလည်း စာဖြင့်ရေးသားပေးပို့ခြင်းနှင့် အသေးစိတ်ဝင်ရောက်ဆွေးနွေးခြင်းတို့ဖြင့် ပါဝင်ခဲ့ပါသည်။ ထို့အပြင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူနှင့် စပ်လျဉ်း၍ စီစဉ်ကျင်းပသည့် ပွဲများသို့ ဤလေ့လာချက်အား ရေးသားပြုစုသူသည် ပါဝင်တက်ရောက်ခဲ့ပြီး ထိုမှရရှိသည့် အတွေ့အကြုံများသည်လည်း ဤလေ့လာချက်အတွက် အထောက်အကူ ဖြစ်စေခဲ့ပါသည်။[28]

**ပါဝင်တက်ရောက်သူများ၏ ကျား၊မ အရေအတွက်**




**ပါဝင်တက်ရောက်သူများ၏ အချက်အလက်အကျဉ်း**




**လေ့လာချက်တွင် ကြုံတွေ့ရသည့် အကန့်အသတ်များ** - ASEAN ဒေသတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား အနက်ဖွင့်ဆိုခြင်းနှင့် လက်တွေ့ကျင့်သုံးခြင်းတို့နှင့်စပ်လျဉ်း၍ သုတေသနများနှင့် ဥပဒေစနစ်တို့ အလွန်တရာပင် ရှားပါးကြောင်း တွေ့ရှိရသည်။ ဆွေးနွေးပွဲဆောင်ရွက်ခြင်း မရှိသော နိုင်ငံများနှင့်စပ်လျဉ်းသည့် သတင်း အချက်အလက်များကို အလွန်အနည်းအကျဉ်းသာ ရယူလေ့လာနိုင်ခဲ့သည်။ လက်တွေ့အခြေအနေနှင့် ပိုမို၍ သက်ဆိုင်သည့် လေ့လာချက်ဆိုင်ရာ အကန့်အသတ်တစ်ခုမှာ ကမ္ဘာ့ကပ်ရောဂါနှင့်ဆက်စပ်၍ ချမှတ်ထားသည့် ခရီးသွားလာခွင့် ကန့်သတ်ချက်များကြောင့် သုတေသနဆောင်ရွက်သူသည် ပါဝင်တက်ရောက်သူများနှင့် မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးခြင်း မဆောင်ရွက်နိုင်သဖြင့် ဤအချက်သည် သုတေသနတွေ့ရှိချက်များအပေါ် သက်ရောက်မှုရှိနိုင်သည်။ အွန်လိုင်းမှဆောင်ရွက်သည့် ဆွေးနွေးပွဲများနှင့် အွန်လိုင်းဖက်စပ်ဆောင်ရွက်သည့် ဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်သူများသည် စိတ်အားထက်သန်စွာဖြင့် ပါဝင်ဆွေးနွေးသော်လည်း အွန်လိုင်းဆွေးနွေးပွဲများသည် ရံဖန်ရံခါ၌ မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးရာတွင် ကြုံတွေ့ခံစားရသည့် ပွင့်လင်းမှု နှင့် သက်တောင့်သက်သာရှိမှုတို့ကို ပေးစွမ်းနိုင်ခြင်းမရှိ ဖြစ်တတ်သည်။ အခြားကန့်သတ်ချက်တစ်ရပ်မှာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူ၏ သဘောသဘာဝနှင့် ၎င်းအား လက်တွေ့ကျင့်သုံးသည့် နည်းဟန်တို့နှင့် ဆက်စပ်နေသည်။ စုံစမ်းစစ်ဆေးသူများသည် ၎င်းတို့ကျင့်သုံးပိုင်သည့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို အသုံးပြု၍ တရားစွဲဆိုခြင်း *မပြုရန်* ဆုံးဖြတ်သည့် ဖြစ်စဉ်များ

---

[28] The author served as a participant and a facilitator at a consultation workshop convened on 4-5 February 2021 by the Special Rapporteur on Trafficking in Persons, especially Woman and Children, to inform the Special Rapporteur's report: *Implementation of the non-punishment principle: Report of the Special Rapporteur on trafficking in persons, especially women and children, Siobhán Mullaly*, UN Doc. A/HRC/47/34 (17 May 2021). The author also participated in a roundtable side event to the 47th Session of the Human Rights Council, on 30 June 2021, 13:00 – 14:30 CET, hosted by ICAT and OHCHR, titled *Non-punishment of victims of trafficking: A roundtable on the application of the principle of non-punishment for victims of trafficking* https://aseanactpartnershiphub.com/resources/video-non-punishment-roundtable/. The author is grateful for these opportunities to gather global insights.

သို့မဟုတ် အစိုးရရှေ့နေများက ၎င်းတို့ကျင့်သုံးပိုင်သည့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို အသုံးပြု၍ တရားစွဲဆိုစစ်ဆေးခြင်း *မပြုရန်* ဆုံးဖြတ်သည့် ဖြစ်စဉ်များ၌ သက်ဆိုင်ရာ အချက်အလက်ကို ကောက်ယူစုဆောင်းခြင်းနှင့် မှတ်တမ်းပြုစုခြင်းတို့ မရှိပေ။[29] သို့ရာတွင် ဤလေ့လာချက်နှင့် စပ်လျဉ်းသည့် အကြီးမားဆုံး လိုအပ်ချက်သည် ဖော်ထုတ်အတည်ပြုခြင်း မခံရသေးသော လူကုန်ကူးခံရသည့် နစ်နာသူများနှင့် ဆက်နွှယ်နေသည်။ ASEAN ဒေသနှင့် အခြားဒေသများတွင် အကျဉ်းချခံထားရသော လူကုန်ကူးခံရသည့် နစ်နာသူများ၏ အရေအတွက်ကို ယခုထိတိုင် ဖော်ထုတ်သတ်မှတ်နိုင်ခြင်း မရှိသေးပေ။

**စကားရပ်ဆိုင်ရာ မှတ်ချက် -** 'ပြစ်ဒဏ်လွတ်ငြိမ်းခွင့်' ကို ကျယ်ပြန့်စွာခြုံငုံ၍ဖြစ်စေ၊ သီးခြားကန့်သတ်၍ဖြစ်စေ အနက်ဖွင့်နားလည်နိုင်သည်။ ကျယ်ပြန့်စွာခြုံငုံ၍ အနက်ဖွင့်နားလည်ခြင်းဖြစ်ပါက ၎င်းအခြေခံမူသည် နစ်နာသူများကို ဖမ်းဆီးထိန်းသိမ်းခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်းနှင့် နစ်နာသူက အလိုမရှိသော ကာကွယ် စောင့်ရှောက်မှုပေးခြင်းနှင့် ကူညီထောက်ပံ့ခြင်း ဝန်ဆောင်မှုများ အတင်းအကျပ်ပေးအပ်ခြင်း အပါအဝင် 'ပြစ်ဒဏ်ချမှတ်ခြင်း' ဟု သတ်မှတ်နိုင်သည့် နည်းဟန်များဖြင့် ဆက်ဆံခြင်း အပါအဝင် ပြစ်ဒဏ်ချမှတ်ခြင်း ပုံစံအားလုံးမှ ကာကွယ်စောင့်ရှောက်ပေးခြင်းဟု အနက်ဖွင့်ဆိုနိုင်သည်။[30] ဤလေ့လာချက် ဆောင်ရွက်ရာတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကို သီးခြားကန့်သတ်၍ အနက်ဖွင့်နားလည်ပြီး လူကုန်ကူးခံရသည့် နစ်နာသူများအား ဖမ်းဆီးခြင်း၊ တရားစွဲဆိုစစ်ဆေးခြင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် ပြစ်ဒဏ်အမိန့်ချမှတ်ခြင်းတို့ ဆောင်ရွက်ခြင်းဖြင့် ရာဇဝတ်ဆိုင်ရာ တရားမျှတရေးစနစ်ဖြင့် ၎င်းတို့အား ပြစ်ဒဏ်ချမှတ်ခြင်းမှ ကာကွယ်စောင့်ရှောက်မှုပေးခြင်းကို ရည်ညွှန်းဆိုလိုခြင်း ဖြစ်သည်။

**လေ့လာချက်ဆောင်ရွက်သည့် နယ်ပယ်အတိုင်းအတာဆိုင်ရာ မှတ်ချက် -** ကမ္ဘာတစ်ဝန်းတွင်၊ အထူးသဖြင့် လူ့အခွင့်အရေး၊ လူမှုဆိုင်ရာ အခွင့်အရေးနှင့် လုပ်သားအခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ မူဘောင်များကို လုံလောက်စွာ ချမှတ်ပြဋ္ဌာန်းထားခြင်းမရှိသည့် ဒေသများတွင် 'လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး' ကို အကြောင်းပြ၍ စိုးရွံ့ထိတ်လန့်ဖွယ် တရားမျှတမှုကင်းမဲ့သည့် လုပ်ရပ်များကို ကျူးလွန်နေကြသည်။ လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးအတွက် ရာဇဝတ်ဆိုင်ရာ တရားမျှတရေး မူဘောင်အား အလွဲကျင့်သုံးခြင်းကြောင့် 'ပြစ်မှုကျူးလွန်သူ' နှင့် 'နစ်နာသူ' မဟုတ်သူများသည် ထိုသို့ တံဆိပ်ကပ်သတ်မှတ်ခံရပြီး ရလဒ်အနေဖြင့် ရွှေ့ပြောင်းလုပ်သားများနှင့် အခြားသော ဖယ်ကြဉ်ဖိနှိပ်ခံရသည့် အုပ်စုများကို ကဲ့ရဲ့ရှုတ်ချခြင်းနှင့် ရာဇဝတ်ဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းတို့ ပေါ်ပေါက်စေသည်။ ဤအချက်နှင့်စပ်လျဉ်း၍ အထူးဖော်ပြရမည်မှာ လုပ်ငန်းခွင်များအား ဝင်ရောက်စီးနင်းခြင်းများ ဆောင်ရွက်ရာ၌ တွေ့ရသည့်လူပုဂ္ဂိုလ်များကို ၎င်းတို့ဆန္ဒမပါဘဲ လူကုန်ကူးခံရသည့် နစ်နာသူများအဖြစ် ဖော်ထုတ်အတည်ပြုခြင်း သို့မဟုတ် မှားယွင်းဖော်ထုတ်သတ်မှတ်ခြင်းတို့ ဖြစ်စေနိုင်ပြီး ဖော်ထုတ်အတည်ပြုထားခြင်း မရှိသည့် လူကုန်ကူးခံရသည့် နစ်နာသူများမှာမူ 'ပြည့်တန်ဆာများ'၊ 'တရားမဝင် အလုပ်လုပ်ကိုင်နေသည့် လုပ်သားများ'၊ 'တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများ'၊ သို့မဟုတ် လူကုန်ကူးသူများ အဖြစ်ပင် သတ်မှတ်ခံရပြီး ရာဇဝတ်ဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းကို ကြုံတွေ့ကြရသည် (စာကွက် ၈ ကို ကြည့်ပါ)။[31] နစ်နာသူဗဟိုပြုပြီး လူ့အခွင့်အရေး အခြေပြုသည့် လူကုန်ကူးမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဤတရားမမျှတမှု

---

[29] *Guidance on the issue of appropriate criminal justice responses to victims who have been compelled to commit offences as a result of their being trafficked: Background paper prepared by the Secretariat for the Working Group on Trafficking in Persons*, Vienna 10 and 11 September 2020, UN Doc. CTOC/COP/WG.4/2020/2 (15 June 2020), paragraph 38.

[30] Some of the forms of 'punishment' that victims of trafficking endure, where the subject of the study McAdam, M., *Freedom of movement of persons identified as victims of human trafficking: An analysis of law, policy and practice in the ASEAN region* (ASEAN-ACT, 2021)

[31] See *inter alia, Sex Workers organising for change: Self-representation, community mobilisation, and working conditions* (Global Alliance Against Trafficking Traffic in Women (GAATW, 2018); *A Brief Guide on Collateral Damages of Anti-Trafficking Laws and Measures on Sex Workers* (International Committee on the Rights of Sex Workers in Europe, 2019); *From vulnerability to resilience: sex workers organising to end exploitation* (International Committee on the Rights of Sex Workers in Europe, May 2021); *Collateral Damage: The Impact of Anti-Trafficking Measures on Human Rights around the World* (GAATW, 2007).

များကို အဆောတလျင် ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သော်လည်း ဤ လေ့လာချက်သည် လူကုန်ကူးခံရသည့်နစ်နာသူ မဟုတ်သူများအား ရာဇဝတ်ဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းကို လေ့လာခြင်းမဟုတ်ဘဲ နိုင်ငံဖြတ်ကျော် ဂိုဏ်းဖွဲ့ရာဇဝတ်မှု ကျူးလွန်ခြင်း တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းနှင့် တွဲဖက် အသုံးပြုရမည့် လူကုန်ကူးခြင်း၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးခြင်းကို ကြိုတင်ကာကွယ်တားဆီးရေး၊ တိုက်ဖျက်နှိမ်နင်းရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း (လူကုန်ကူးခြင်းဆိုင်ရာ တုံ့ပြန်မှုလုပ်ငန်းစဉ်) ၏ အပိုဒ် ၃ နှင့် *အမျိုးသမီးများနှင့် ကလေးသူငယ်များအား အထူးအလေးပေးသော လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ သဘောတူစာချုပ်* (ACTIP) ၏ အပိုဒ် ၂ တွင် အနက်ဖွင့်ဆို ဖော်ပြထားသည်နှင့်အညီ လူကုန်ကူးခံရသည့်နစ်နာသူ ဖြစ်သူများအား ရာဇဝတ်ဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းကို လေ့လာခြင်းဖြစ်သည့်အတွက် ဤလေ့လာချက်၏ နယ်ပယ် အတိုင်းအတာကို များစွာ ကျော်လွန်နေပါသည်။

### စာကွက် ၁ - 'လူကုန်ကူးခြင်း' ကို အနက်ဖွင့်ဆိုချက်

(က) "လူကုန်ကူးခြင်း" ဟူသည်မှာ ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြား ဖိအားပေးခြင်း အသွင်သဏ္ဍာန်များကို အသုံးပြု၍ဖြစ်စေ၊ ပြန်ပေးဆွဲ၍ဖြစ်စေ၊ လိမ်လည်၍ဖြစ်စေ၊ လှီဆယ် ဖြားယောင်း၍ ဖြစ်စေ၊ အာဏာ သို့မဟုတ် ထိခိုက်လွယ်သည့် အခြေအနေကို အလွဲသုံးစားပြု၍ဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးအပေါ် ထိန်းချုပ်ပိုင်ခွင့်ရှိသည့် လူပုဂ္ဂိုလ်ထံမှ သဘောတူညီချက်ကို ရယူရန်အလို့ငှာ ငွေကြေး သို့မဟုတ် အကျိုးအမြတ်ခံစားခွင့် ပေးအပ်ခြင်း သို့မဟုတ် ရယူခြင်းဖြစ်စေ နည်းလမ်းများကို အသုံးချ၍ ခေါင်းပုံဖြတ်ရန် ရည်ရွယ်ချက်ဖြင့် လူပုဂ္ဂိုလ်များအား လုပ်သားအဖြစ်ခေါ်ယူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းပေးခြင်း၊ နေထိုင်ရန်နေရာပေးထားခြင်း သို့မဟုတ် လက်ခံထား ခြင်းကို ဆိုလိုသည်။ ခေါင်းပုံဖြတ်ခြင်းဟု ဆိုရာတွင် အနိမ့်ဆုံးသတ်မှတ်ချက်အနေဖြင့် အခြားသူ များအား ပြည့်တန်ဆာအဖြစ်လုပ်ကိုင်စေ၍ ခေါင်းပုံဖြတ်ခြင်း သို့မဟုတ် အခြား လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း အသွင်သဏ္ဍာန်များ၊ အဓမ္မလုပ်အားခိုင်းစေခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးစေခြင်း၊ ကျွန်ပြုခြင်း သို့မဟုတ် ကျွန်ပြုခြင်းနှင့် အလားသဏ္ဍာန်တူသည့် အလေ့အထများ ကျင့်သုံးခြင်း၊ အစေခံအဖြစ် ဆောင်ရွက်စေခြင်း သို့မဟုတ် ကိုယ်တွင်းအင်္ဂါများ ထုတ်ယူခြင်းတို့ ပါဝင်စေရမည်၊

(ခ) ဤအပိုဒ်၏ အပိုဒ်ခွဲ (က) တွင် ဖော်ပြထားသည့် ရည်ရွယ်ရင်းဖြစ်သော ခေါင်းပုံဖြတ်မှုအား ဆောင်ရွက် စေရာတွင် အပိုဒ်ခွဲ (က) တွင် ဖော်ပြထားသည့် နည်းလမ်းများအနက် မည်သည့်နည်းလမ်းကိုမဆို အသုံးပြုခြင်းကြောင့် နစ်နာသူက သဘောတူညီချက်ပေးခြင်းသည် အရာရောက်ခြင်းမရှိစေရ၊

(ဂ) ခေါင်းပုံဖြတ်ရန် ရည်ရွယ်ချက်ဖြင့် ကလေးသူငယ်တစ်ဦးအား လုပ်သားအဖြစ်ခေါ်ယူခြင်း၊ သယ်ယူ ပို့ဆောင်ခြင်း၊ နေထိုင်ရန်နေရာပေးထားခြင်း သို့မဟုတ် လက်ခံထားခြင်း ဖြစ်ပါက ဤအပိုဒ်၏ အပိုဒ်ခွဲ (က) တွင် ဖော်ပြထားသည့် နည်းလမ်းများအနက် မည်သည့်နည်းလမ်းကိုမျှ အသုံးပြုထားခြင်း မရှိလျှင်ပင် "လူကုန်ကူးမှုမြောက်သည်" ဟု ယူဆသတ်မှတ်ရမည်၊

(ဃ) "ကလေးသူငယ်" ဟူသည့် စကားရပ်တွင် အသက်ဆယ့်ရှစ်နှစ်အောက် မည်သူမဆို အကျုံးဝင်သည်။

အပိုဒ် ၃၊ Protocol to Prevent, Suppress and Punish Trafficking in Persons, Especially Women and Children, Supplementing the United Nations Convention against Transnational Organized Crime (Trafficking Protocol); အပိုဒ် ၂၊ ASEAN Convention Against Trafficking in Persons, Especially Women and Children (ACTIP) (ACTIP).

# 1

# ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူ၏ ရင်းမြစ်များ

## ၁.၁ နိုင်ငံတကာဥပဒေနှင့် မူဝါဒ

ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို *လူကုန်ကူးခြင်း၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးခြင်းကို ကြိုတင်ကာကွယ်တားဆီးရေး၊ လျှော့ချရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း* (လူကုန်ကူးခြင်းဆိုင်ရာ တုံ့ပြန်မှုလုပ်ငန်းစဉ်) တွင်ဖြစ်စေ နိုင်ငံဖြတ်ကျော် ဂိုဏ်းဖွဲ့ရာဇဝတ်မှု ကျူးလွန်ခြင်း တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (UNOTC) တွင်ဖြစ်စေ အတိအလင်း ဖော်ပြထားခြင်း မရှိပါ။ သို့သော်လည်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို လူကုန်ကူးခံရသည့် နစ်နာသူများအတွက် နိုင်ငံတော်၏ အကာအကွယ်ပေးရေးဆိုင်ရာ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ အခရာကျသည့် အစိတ်အပိုင်းအဖြစ် ရှုမြင်သတ်မှတ်လာကြပြီဖြစ်သည်။[32]

*လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးရုံးက ထုတ်ပြန်သည့် လူ့အခွင့်အရေးနှင့် လူကုန်ကူးခြင်းဆိုင်ရာ အခြေခံမူများနှင့် လမ်းညွှန်ချက်များ အကြံပြုချက်* (UN Doc. E/2002/68/Add.1) အပါအဝင် စည်းနှောင်အားမဲ့ ဥပဒေ စာချုပ်စာတမ်းများတွင် ဤအခြေခံမူကို အတိအလင်း ထည့်သွင်းဖော်ပြထားပြီး အခြေခံမူ၏ အချက် ၇ တွင် အောက်ပါအတိုင်း ဖော်ပြထားသည် -

> လူကုန်ကူးခံရသူများသည် အခြားနိုင်ငံများသို့ တရားမဝင် ဝင်ရောက်ခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်ခြင်း၊ သို့မဟုတ် လူကုန်ကူးခံရခြင်း၏ တိုက်ရိုက် အကျိုးဆက်အနေဖြင့် ၎င်းတို့ ပါဝင်ပတ်သက်နေသည့် ဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် ဖမ်းဆီး ထိန်းသိမ်းခံရခြင်း၊ စွဲချက်တင်ခံရခြင်း သို့မဟုတ် တရားစွဲဆိုစစ်ဆေးခံရခြင်း မရှိစေရ။

လူကုန်ကူးခြင်းဆိုင်ရာ တုံ့ပြန်မှုလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် ပံ့ပိုးကူညီရန် ဖွဲ့စည်းထားသော လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့တွင် အပါအဝင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို သဘောပေါက်နားလည်ပြီး လက်တွေ့ကျင့်သုံးစေခြင်းအတွက် အရေးပါသော နိုင်ငံတကာအဆင့် ဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ပထမအကြိမ် အစည်းအဝေးတွင် လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့က အကြံပြုခဲ့သည်မှာ ပါဝင်သည့်နိုင်ငံများသည် -

> (က) လူကုန်ကူးခံရသူများအား ဖော်ထုတ်အတည်ပြုခြင်းနှင့် ယင်းကဲ့သို့ နစ်နာသူများအား ထောက်ပံ့ကူညီခြင်းအတွက် သင့်လျော်သော လုပ်ထုံးလုပ်နည်းများ ချမှတ်ရမည်၊ (ခ) လူကုန်ကူးခံရသည့် နစ်နာသူများအား ၎င်းတို့ လူကုန်ကူးခံရခြင်း၏ တိုက်ရိုက် အကျိုးဆက်အဖြစ် ကျူးလွန်ထားသော ဥပဒေနှင့်မညီသည့် လုပ်ရပ်များအတွက် သို့မဟုတ် ယင်းကဲ့သို့ ဥပဒေမဲ့လုပ်ရပ်များကို ကျူးလွန်ရန် အတင်းအကျပ် စေခိုင်း ခံရခြင်းအတွက် ပြစ်ဒဏ်ချမှတ်ခြင်း သို့မဟုတ် တရားစွဲဆို စစ်ဆေးခြင်း မပြုလုပ်ရန် ၎င်းတို့၏ ပြည်တွင်းဥပဒေနှင့်အညီ ထည့်သွင်း စဉ်းစားရမည်။[33]

၂၀၁၀ ခုနှစ် အစည်းအဝေးတွင်မူ လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့က 'အလွန်ကွဲပြားခြားနားသည့် သဘောထားအမြင်များ' အား ဖော်ပြဆွေးနွေးခဲ့ပြီးသည့်နောက် 'ပထမအစည်းအဝေးတွင် သဘောတူညီခဲ့သည့် တရားစွဲဆိုစစ်ဆေးခြင်း

---

32 *Non-punishment and non-prosecution of victims of trafficking in persons: administrative and judicial approaches to offences committed in the process of such trafficking: Background paper prepared by the Secretariat*, Vienna 27 – 29 January 2010, UN Doc. CTOC/COP/WG.4/2010/4 (9 December 2010), para 10.

33 Conference of the Parties to the UNTOC, Report on the meeting of the Working Group on Trafficking in Persons (14–15 April 2009), UN Doc. CTOC/COP/WG.4/2009/2, 21 April 2009, para 12.

မပြုရန်နှင့်စပ်လျဉ်းသော ထပ်တိုးအကြံပြုချက်ကို ထုတ်ပြန်ရန် ဆွေးနွေးရာတွင် သဘောတူညီမှု ထပ်မံမရရှိနိုင်ခဲ့ကြပေ။'[34] ကိုယ်စားလှယ်အချို့သည် အဆိုပါအကြံပြုချက်ကို ယခု ဒုတိယအကြိမ်အစည်းအဝေး၏ ရလဒ်အဖြစ် ပြန်လည်ဖော်ပြရန် ဆုံးဖြတ်ချက်ကို မထောက်ခံသော်လည်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ပြည်တွင်းဥပဒေများ၊ လမ်းညွှန်ချက်များ၊ နိဒါန်းများ သို့မဟုတ် အခြား စာရွက်စာတမ်းများတွင် ရှင်းရှင်းလင်းလင်း ထည့်သွင်းပြဋ္ဌာန်းရန် ဖော်ပြချက်နှင့်အတူ အစီရင်ခံစာတွင် ထပ်မံအတည်ပြုခဲ့သည်။[35] အဆိုပါကိစ္စရပ်အား ၈ ကြိမ်မြောက် အစည်းအဝေးမတိုင်မီအထိ နောက်ဆက်တွဲ လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့များတွင် ဆွေးနွေးခြင်းမရှိခဲ့ဘဲ အဆိုပါ ၈ ကြိမ်မြောက် အစည်းအဝေးတွင် ၎င်းတို့က အကြံပြုခဲ့သည်မှာ ပါဝင်သည့်နိုင်ငံများသည် -

> လူကုန်ကူးခံရသည့် နစ်နာသူများအား ၎င်းတို့ လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ထားသော ဥပဒေနှင့်မညီသည့် လုပ်ရပ်များအတွက် သို့မဟုတ် ယင်းကဲ့သို့ ဥပဒေမဲ့လုပ်ရပ်များကို ကျူးလွန်ရန် အဓမ္မ စေခိုင်းခံရခြင်း အတွက် ပြစ်ဒဏ်ချမှတ်ခြင်း သို့မဟုတ် တရားစွဲဆိုစစ်ဆေးခြင်း မပြုလုပ်ရန် ၎င်းတို့၏ ပြည်တွင်းဥပဒေနှင့် တရားစွဲဆိုစစ်ဆေးခြင်းဆိုင်ရာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့် နှင့်အညီ ထည့်သွင်းစဉ်းစားရမည်။[36]

အကြံပြုချက်သည် ယခင်အစီရင်ခံစာများတွင် မဖော်ပြဖူးသေးသော ကိုးကားချက်အသစ်ဖြစ်သည့် 'တရားစွဲဆိုစစ်ဆေးခြင်းဆိုင်ရာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်'ကို မိတ်ဆက်ထားပြီး နစ်နာသူ၏ ပြစ်မှုကျူးလွန်မှုနှင့် ၎င်းလူကုန်ကူးခံရမှုအကြား ဆက်နွယ်မှုကို ချဉ်းကပ်ရာ၌ တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခြင်း ပုံစံနှင့် အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခြင်း ပုံစံ နှစ်မျိုးစလုံးကိုလည်း ဖော်ပြထားသည်။ (ပုံစံနှစ်မျိုးစလုံး အသေးစိတ်ကို (အင်္ဂလိပ်ဘာသာ) စာမျက်နှာ ၃၅တွင်ကြည့်ပါ။) အဓမ္မစေခိုင်းခံရခြင်းကို ၉ ကြိမ်မြောက် အစည်းအဝေးတွင် အထူးဆွေးနွေးခဲ့ပြီး ၎င်းအစည်းအဝေးတွင် လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့က 'လူကုန်ကူးခံရသည့် အကျိုးရလဒ်အဖြစ် ပြစ်မှုကျူးလွန်ရန် အဓမ္မစေခိုင်းခံရသည့် နစ်နာသူများကို သင့်လျော်သော ရာဇဝတ်ဆိုင်ရာ တရားစီရင်မှုများ ပေးအပ်နိုင်ရေး လမ်းညွှန်ချက်'ဟူ၍ နိုင်ငံစုံညှိနှိုင်းဆွေးနွေးပွဲမှ ဦးစားပေး အရေးကိစ္စအဖြစ် ထည့်သွင်းစဉ်းစားရန် အကြံပြုခဲ့သည်။[37]

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ အကြောင်းအရာသည် လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့၏ ၂၀၂၀ ခုနှစ် ၁၀ ကြိမ်မြောက် အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးရသည့် အကြောင်းအရာတစ်ခုအဖြစ် ပါဝင်ခဲ့သည်။ ထိုဆွေးနွေးမှုများကို ကူညီပံ့ပိုးရန် အတွင်းဝန်များရုံးမှ ပြင်ဆင်သည့် The Background Paper တွင် အခြေခံမှုကို အထမြောက်စေရန် ကုံလုံများပြားသည့်အားထုတ်မှု ရှိလင့်ကစား အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ညီမျှမှုမရှိကြောင်း မှတ်ချက်ပါရှိသည်။[38] ဆွေးနွေးမှုများ ပြုလုပ်စဉ်အတွင်း နစ်နာသူတစ်ဦးအနေဖြင့် အဓမ္မစေခိုင်းခံရကြောင်း သက်သေထူရာတွင် အခက်အခဲရှိကြောင်းကို ကိုယ်စားလှယ်အများအပြားက ထောက်ပြခဲ့ကြသည်။ ထို့အပြင် နိုင်ငံများကျင့်သုံးသည့် ချဉ်းကပ်နည်းဟန်များ တစ်သမတ်တည်းမရှိသည့် ပြဿနာ၊ နစ်နာသူများ၏ ရာဇဝတ် မှတ်တမ်းများကို ပယ်ဖျက်

---

[34] Conference of the Parties to the UNTOC, Report on the meeting of the Working Group on Trafficking in Persons (27-29 January 2010), UN Doc. CTOC/COP/WG.4/2010/6, 16 February 2010, para 109.
[35] Conference of the Parties to the UNTOC, Report on the meeting of the Working Group on Trafficking in Persons (27-29 January 2010), UN Doc. CTOC/COP/WG.4/2010/6, 16 February 2010, paragraphs 50, 51.
[36] Conference of the Parties to the UNTOC, Report on the meeting of the Working Group on Trafficking in Persons (18 July 2018), UN Doc. CTOC/COP/WG.4/2018/3, 16 February 2010, para 7(c).
[37] Conference of the Parties to the UNTOC, Report on the meeting of the Working Group on Trafficking in Persons (9 to 11 September 2019), UN Doc. CTOC/COP/WG.4/2018/3, 25 September 2019, para 4, recommendation 17(b).
[38] *Guidance on the issue of appropriate criminal justice responses to victims who have been compelled to commit offences as a result of their being trafficked: Background paper prepared by the Secretariat for the Working Group on Trafficking in Persons*, Vienna 10 and 11 September 2020, UN Doc. CTOC/COP/WG.4/2020/2 (15 June 2020), paragraph 2.

ပေးခြင်းက ၎င်းတို့ပြန်လည်ထူထောင်ရေးအတွက် လိုအပ်ချက်တစ်ခုအဖြစ်အရေးပါပုံနှင့် အခြေခံမူကို စုံစမ်းစစ်ဆေးမှု အစောပိုင်းကာလမှစကာ ရာဇဝတ်ဆိုင်ရာတရားစီရင်ရေး ဆောင်ရွက်နေသည့် ကာလတစ်လျှောက်လုံး ကျင့်သုံးသွားရန် လိုအပ်ပုံများကို ဆွေးနွေးခဲ့ကြသည်။[39]

ထို့အပြင် နိုင်ငံဖြတ်ကျော် ဂိုဏ်းဖွဲ့ရာဇဝတ်မှု ကျူးလွန်ခြင်း တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံများ တွေ့ဆုံစည်းဝေးပွဲ၏ ၂၀၂၀ ခုနှစ် ဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်မှာ နိုင်ငံများသည် -

> လူကုန်ကူးခံရသည့် နစ်နာသူများအား ၎င်းတို့ လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အနေဖြင့် ကျူးလွန်ထားသော ပြစ်မှုများအတွက် ပြည်တွင်းဥပဒေ နှင့်အညီ မလျော်မကန် ပြစ်ဒဏ်ချမှတ်ခြင်း သို့မဟုတ် တရားစွဲဆို စစ်ဆေးခြင်းများ မပြုလုပ်ဘဲ၊ ထိုပြစ်မှုများအတွက် ပြစ်ဒဏ်ချမှတ်ခံရခြင်း သို့မဟုတ် တရားစွဲဆိုစစ်ဆေးခြင်း ခံရပါကလည်း ပြန်လည်ကုစားမှုများကို ရယူနိုင်စေရန် စီစဉ်ဆောင်ရွက်ပေး၍ ၎င်းအခြေခံမူများကို ထင်ဟပ်ပြဌာန်းသည့် ပြည်တွင်း ဥပဒေများ၊ လမ်းညွှန်ချက်များ သို့မဟုတ် မူဝါဒများကို သင့်တင့်လျောက်ပတ်သလို ရေးဆွဲချမှတ်သင့်သည်။[40]

လုံခြုံရေးကောင်စီကလည်း လူကုန်ကူးခံရသည့် နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခြင်း မပြုရန် နိုင်ငံများအား တောင်းဆိုထားသည်။[41] အမျိုးသမီးများနှင့် ကလေးသူငယ်များအား ခွဲခြားဆက်ဆံမှုတိုက်ဖျက်ရေး ကော်မတီမှလည်း အခြေခံမူကို နစ်နာသူများအားလုံးအပေါ် ခွဲခြားခြင်းမရှိဘဲ ကျင့်သုံးရန် တောင်းဆိုထားသည်။[42] ထို့အပြင် လူ့အခွင့်အရေးကောင်စီဆုံးဖြတ်ချက် ၄၄/၄ အရ လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Siobhán Mullally မှ ၄၇ ကြိမ်မြောက် လူ့အခွင့်အရေးကော်မတီအစည်းအဝေး၌ တင်သွင်းခဲ့သည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား အထမြောက်စေရေး အစီရင်ခံစာတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကို လူကုန်ကူးခံရသည့် နစ်နာသူများအား နိုင်ငံများက အကာအကွယ်ပေးရေး တာဝန်ဝတ္တရားများ၏ အုတ်မြစ်တစ်ခု အဖြစ် ဖော်ပြခဲ့သည်။[43] *လူကုန်ကူးမှု တိုက်ဖျက်ရေးအတွက် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းစီမံချက်အား လက်တွေ့အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်းသည့် ၂၀၂၁ ခုနှစ် မူဝါဒကြေညာစာတမ်း* တွင်လည်း လူကုန်ကူးခံရသည့် နစ်နာသူများအနေဖြင့် ၎င်းတို့ လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အနေဖြင့် ပါဝင်ပတ်သက် ကျူးလွန်ထားသည့် ရာဇဝတ်မှု၊ တရားမမှု၊ အုပ်ချုပ်ရေးဆိုင်ရာ ပြစ်မှုများနှင့် တရားမဝင် နေထိုင်မှုတို့အတွက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို အကောင်အထည်ဖော်ကျင့်သုံးရန် ထပ်မံ အတည်ပြုခဲ့သည်။[44]

အဓမ္မ အလုပ်စေခိုင်းခြင်းနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ် *အဓမ္မ လုပ်အားခိုင်းစေခြင်းဆိုင်ရာ တုံ့ပြန်မှုလုပ်ငန်းစဉ် ကွန်ဗင်းရှင်းအမှတ် ၂၉* ၏ အပိုဒ်ခွဲ ၄(၂) တွင် အောက်ပါအတိုင်း ဖော်ပြထားသည် -

[39] Conference of the Parties to the UNTOC, Report on the meeting of the Working Group on Trafficking in Persons (10 - 11 September 2020), UN Doc. CTOC/COP/WG.4/2020/4, 28 September 2020, paragraphs 8, 9, 11, 12, 13, 15, 16.

[40] CTOC/COP/2020/L.6/Rev.1, para. 13, letter g

[41] See Security Council Resolution 2331 (2016); Security Council Resolution 2388 (2017).

[42] See: Committee on the Elimination of Discrimination against Women, General Recommendation No. 38 (2020) on trafficking in women and girls in the context of global migration, para. 98.

[43] *Implementation of the non-punishment principle: Report of the Special Rapporteur on trafficking in persons, especially women and children, Siobhán Mullaly*, UN Doc. A/HRC/47/34 (17 May 2021). The author of the present study was an expert participant and facilitator at the consultation workshop held on 4 and 5 of February 2021 to gather input into this report.

[44] 2021 Political Declaration on the Implementation of the United Nations Global Plan of Action to Combat Trafficking in Persons, UN Doc A/76/L.11, 9 November 2021 [13].

> အဖွဲ့ဝင်နိုင်ငံတိုင်းသည် အတင်းအဓမ္မ အလုပ်စေခိုင်းခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် မဖြစ်မနေ ကျူးလွန်ခဲ့ရသော ဥပဒေနှင့်မညီသည့် လုပ်ရပ်များတွင် ပါဝင်ပတ်သက်နေသည့် အတင်းအဓမ္မ အလုပ်စေခိုင်းခံရသည့် နစ်နာသူများကို အခွင့်အာဏာရှိသည့် အာဏာပိုင်များက တရားစွဲဆိုစစ်ဆေးခြင်း သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်းများ ပြုလုပ်ပိုင်ခွင့် မရှိစေရန် ၎င်းတို့ဥပဒေစနစ်၏ အခြေခံမူများနှင့်အညီ လိုအပ်သည့် ဆောင်ရွက်မှုများကို လုပ်ဆောင်ရမည်။

ဤနေရာတွင် 'ဥပဒေနှင့်မညီသည့် လုပ်ရပ်များ'ဟု အတိအကျသုံးနှုန်းထားသည်မှာ ရာဇဝတ်မှုဆိုင်ရာ ဥပဒေများကို ချိုးဖောက်ခြင်းသာမက အုပ်ချုပ်ရေးဆိုင်ရာ၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ သို့မဟုတ် အခြား ဥပဒေများကိုပါ ချိုးဖောက်သည့် လုပ်ရပ်များမှာလည်း အကာအကွယ်ပေးမှုတွင် အကျုံးဝင်နိုင်ခြေ ရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို *နိုင်ငံရေးခိုလှုံသူအဖြစ်သတ်မှတ်ခြင်းဆိုင်ရာ ၁၉၅၁ ခုနှစ် ကွန်ဗင်းရှင်း* အပိုဒ် ၃၁ တွင်လည်း ဖော်ပြထားသည်ကိုတွေ့ရပြီး ဒုက္ခသည်များအား နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်ခြင်း သို့မဟုတ် နေထိုင်ခြင်းအတွက် ပြစ်ဒဏ်များချမှတ်ခြင်းကို တားမြစ်ထားသည်။ ဤပြဋ္ဌာန်းချက်သည် နိုင်ငံရေးခိုလှုံခွင့်တောင်းဆိုပိုင်ခွင့်ကို ကျင့်သုံးသည့် လူကုန်ကူးခံရသည့် နစ်နာသူများနှင့် သက်ဆိုင်မှုရှိနိုင်သည်။

## နိုင်ငံတကာဥပဒေနှင့် မူဝါဒမှ ကလေးသူငယ်များ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်

*လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးရုံးက ထုတ်ပြန်သည့် လူ့အခွင့်အရေးနှင့် လူကုန်ကူးခြင်းဆိုင်ရာ အခြေခံမူများနှင့် လမ်းညွှန်ချက်များ အကြံပြုချက်* မှ လမ်းညွှန်ချက် ၈.၃ တွင် 'လူကုန်ကူးခံရသည့် နစ်နာသူ ကလေးသူငယ်များသည် ၎င်းတို့လူကုန်ကူးခံရသော အခြေအနေနှင့် ဆက်စပ်နေသည့် ပြစ်မှုများအတွက် ပြစ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ သို့မဟုတ် အရေးယူခြင်းများ ပြုလုပ်ခံရခြင်းမရှိစေရန် ဆောင်ရွက်ခြင်း'ဟူ၍ ကလေးသူငယ်များအား ပြစ်ဒဏ်ချမှတ်ခြင်းကို ရှောင်လွှဲရန် အတိအလင်း အကာအကွယ်ပေးထားသည်။ ကလေးသူငယ်များအား ပြစ်ဒဏ်ချမှတ်ခြင်းကို UNICEF လမ်းညွှန်ချက်များ ၂.၁ တွင် ထပ်မံ၍ အကာအကွယ် ပေးထားပြီး ယင်းတွင် အောက်ပါအတိုင်း ဖော်ပြထားသည် -

> နစ်နာသူကလေးသူငယ်တစ်ဦးက ရာဇဝတ်မှုများတွင် ပါဝင်ပတ်သက်နေခြင်းသည် ၎င်း၏ ကလေးသူငယ်ဖြစ်ခြင်းနှင့် နစ်နာသူဖြစ်ခြင်း အခြေအနေနှစ်မျိုးစလုံးနှင့် ၎င်း၏ သက်ဆိုင်ရာအထူးအကာအကွယ် ရရှိခံစားခွင့်အပေါ် ထိခိုက်ခြင်း မရှိစေသင့်ပေ။[45]

လူကုန်ကူးခံရသည့် နစ်နာသူကလေးသူငယ်များ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် ဆက်စပ်၍ ကလေးသူငယ် အခွင့်အရေး များဆိုင်ရာ ကွန်ဗင်းရှင်း (**CRC**) ၏ အပိုဒ်ခွဲ ၃၇(ခ)တွင် 'ကလေးသူငယ်တစ်ဦးကို ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် အကျဉ်းချခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး မည်သို့မျှမဖြစ်နိုင်သည့် အဆုံးမှသာ သင့်တင့်လျောက်ပတ်သည့် အတိုတောင်းဆုံးအချိန်ကာလဖြင့်သာ လုပ်ဆောင်ရမည်' ဟု ဖော်ပြထားသည်။[46] ထို့ကြောင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ ကလေးသူငယ်များအား ရာဇဝတ်သားပမာ ပြုမူဆက်ဆံခြင်းသည် CRC ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းဖြစ်သည်။[47]

လူကုန်ကူးခံရသည့် နစ်နာသူကလေးသူငယ်များအပါအဝင် အုပ်ထိန်းသူမပါသော သို့မဟုတ် အုပ်ထိန်းသူနှင့် ကွဲကွာလာသော ကလေးများနှင့်ပတ်သက်၍ မူဝါဒများရေးဆွဲရာတွင် '...ထိုကဲ့သို့ ကလေးသူငယ်များ နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်ခြင်း သို့မဟုတ် နေထိုင်ခြင်းဖြစ်ရုံမျှနှင့် ရာဇဝတ်သားပမာ ပြုမူဆက်ဆံခံရခြင်း မရှိစေရန် နိုင်ငံများက တာဝန်ယူဆောင်ရွက်သင့်သည်'ဟု ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကော်မတီက ဆိုသည်။[48] ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ကလေးသူငယ်များ၊ ကလေးပြည့်တန်ဆာလုပ်ငန်းနှင့် ကလေးညစ်ညမ်းရုပ်ရှင်စာပေများ အရောင်းအဝယ်ပြုခြင်း နှင့်ပတ်သက်၍ ဆောင်ရွက်နိုင်သည့် တုံ့ပြန်မှုလုပ်ငန်းစဉ်နှင့် နှစ်ခုစလုံးနှင့်စပ်လျဉ်း၍ ကော်မတီ၏ နိဂုံးချုပ် လေ့လာတွေ့ရှိချက်များအပြင် ကော်မတီကထုတ်ပြန်ထားသည့် အကြံပြုချက်များတွင်လည်း လူကုန်ကူးခံရသည့် ကလေးသူငယ်များ အရေးယူမခံရသင့်ကြောင်းကို ထပ်လောင်း ပြောဆိုထားသည်။[49] တရားမဝင်လုပ်ငန်းများသို့ လူကုန်ကူးခံရသည့် အကျိုးဆက်အနေဖြင့် ကလေးသူငယ်များအား

---

[45] *Guidelines on the Protection of Child Victims of Trafficking* (Unicef, 2006) 10

[46] Article 37(b) Convention on the Rights of the Child, adopted and opened for signature, ratification and accession by General Assembly resolution 44/25 of 20 November 1989, entry into force 2 September 1990, in accordance with article 49

[47] Where children do come into contact with the criminal justice system, Article 40 of the CRC comes into play, to ensure that children who are alleged, accused or recognised as having infringed penal law are treated in a manner consistent with their age and in accordance with their rights.

[48] CRC General Comment 6, paragraph 62.

[49] Benyam Dawit Mezmur, Member of the UN Committee on the Rights of the Child, and Professor of Law, Dullah Omar Institute, University of the Western Cape speaking on the principle of non-punishment of victims of trafficking in persons, being a side event to the 47th Session of the Human

ရာဇဝတ်ပြစ်ဒဏ်များ ချမှတ်မခံရစေရန်နှင့် အကျဉ်းချခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် အခြားပြစ်ဒဏ်ချမှတ်ခြင်းတို့ မခံရစေရန် အာမခံချက်ပေးသည့် သီးခြား ပြဋ္ဌာန်းချက်များကို ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရန် လိုအပ်သည်ဟူ၍ UNICEF နှင့် ပါလီမန်များသမဂ္ဂက ဖော်ပြထားသည်။[50]

Rights Council 30 June 2021, 13:00 – 14:30 CET. Author's notes on file.

[50] *Combating Child Trafficking: Handbook for Parliamentarians No. 9* (Inter-Parliamentary Union and UNICEF, 2005) 34

## ၁.၂ ဒေသအလိုက်ဥပဒေနှင့် မူဝါဒ

ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို အာဖရိက၊ အမေရိက၊ ဥရောပနှင့် ASEAN ဒေသအပါအဝင် အာရှတိုက်ရှိ နိုင်ငံများ၏ ဥပဒေနှင့် မူဝါဒပြဋ္ဌာန်းချက်များတွင် အတိအလင်းဖော်ပြထားသည်။

### အာရှ

ASEAN အဖွဲ့ဝင် ဆယ်နိုင်ငံလုံး သဘောတူလက်မှတ်ရေးထိုးထားသည့် *အမျိုးသမီးများနှင့် ကလေးသူငယ်များအား အထူးအလေးပေးသော လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ် ၂၀၁၅* တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို ထောက်ခံအားပေးသည့် ခိုင်မာသောထုတ်ပြန်ချက်တစ်ရပ် ပါဝင်သည်။ ၎င်းသဘောတူညီချက်၏ အပိုဒ်ခွဲ ၁၄(၇)တွင် အောက်ပါအတိုင်း ဖော်ပြထားသည် -

> လူကုန်ကူးခံရသည့် နစ်နာသူတစ်ဦးချင်းစီသည် ၎င်းတို့ ကျူးလွန်ထားသော ဥပဒေနှင့် မညီသည့် လုပ်ရပ်များက ၎င်းတို့ လူကုန်ကူးခံရခြင်းနှင့် တိုက်ရိုက်ဆက်နွှယ်နေပါက သက်ဆိုင်ရာနိုင်ငံ၏ ပြည်တွင်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများအရနှင့် သင့်တင့်လျောက်ပတ်သည့် အခြေအနေများတွင် ရာဇဝတ်ဆိုင်ရာ သို့မဟုတ် အုပ်ချုပ်ရေးပိုင်းဆိုင်ရာအရ ပြစ်မှုမြောက်စေရန် တာဝန်ရှိသည်ဟု မသတ်မှတ်ရပါ။

ဤပြဋ္ဌာန်းချက်သည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို အားကောင်းစွာ ထင်ဟပ်ဖော်ပြနိုင်ခြင်းအတွက် အမွှမ်းတင်ခံထားရပေသည်။ လူကုန်ကူးမှုဆိုင်ရာ ယခင် အထူးအစီရင်ခံစာတင်သွင်းသူက နစ်နာသူများကို 'တာဝန်ရှိသည်' ဟု 'မသတ်မှတ်ရ' ဟူသည့် အသုံးအနှုန်းကို အသားပေးကာ 'စကားလုံးကို အဲဒီလို ရှင်းရှင်းလင်းလင်း သုံးနှုန်းထားတဲ့ အတွက်ကြောင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်လို့ဆိုလိုက်ရင် သက်ရောက်တဲ့ ပြစ်ဒဏ်ကို လျှော့ပေါ့ရုံသက်သက်လို့ အဓိပ္ပာယ်ကောက်နိုင်ခြေ မရှိတော့ဘူး' ဟု ပြောဆိုခဲ့သည်။[51] 'သင့်တင့်လျောက်ပတ်သည့် အခြေအနေများတွင်' ဟူသည့် အသုံးအနှုန်းနှင့် နိုင်ငံများ 'ထည့်သွင်းစဉ်းစားရန်' လိုအပ်ချက်ကို အဓိပ္ပာယ်ကောက်ယူရာတွင် နိုင်ငံများအနေဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား ကျင့်သုံးခြင်း ပြုရန်၊ မပြုရန် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိသည်ဟု ညွှန်းဆိုခြင်း မဟုတ်ဘဲ ၎င်းတို့၏ ပြည်တွင်းဖွဲ့စည်းမှု မူဘောင်များနှင့်အညီ အခြေခံမူကို မည်သို့ကျင့်သုံးနိုင်မည်နှင့်စပ်လျဉ်း၍ ပြောင်းလွယ်ပြင်လွယ်ရှိသည်ဟု ဆိုလိုရင်းဖြစ်ပေသည်။[52]

အာဆီယံသဘောတူစာချုပ်ကို သက်ဝင်ထိရောက်စေသည့် အပိုဆောင်းဖြည့်စွက်ချက်များက အခြေခံမူကို ရှင်းလင်းစေသည်။ *အမျိုးသမီးများနှင့် ကလေးသူငယ်များအား အထူးအလေးပေးသော လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ လုပ်ငန်းစီမံချက်* ၏ စာပိုဒ် ခ(ဃ)တွင် အောက်ပါအတိုင်း ဖော်ပြထားသည် -

---

51 *The Importance of implementing the non-punishment provision: the obligation to protect victims,* Maria Grazia Giammarinaro, Special Rapporteur on trafficking in persons, especially women and children, United Nations, Geneva, 30 July 2020, 5 at [14]

52 See, in the context of the non-punishment provision in the European Council Convention against Trafficking in Human Beings, Ryszard Piotrowicz, "Article 26, Non-punishment provision" in Julia Planitzer and Helmut Sax (eds.) *A Commentary on the Council of Europe Convention on against Trafficking in Human Beings* (Edward Elgar, 2020) p.317.

> လူကုန်ကူးခံရသည့် နစ်နာသူတစ်ဦးချင်းစီသည် ၎င်းတို့ ကျူးလွန်ထားသော ဥပဒေနှင့် မညီသည့် လုပ်ရပ်များက ၎င်းတို့ လူကုန်ကူးခံရခြင်းနှင့် တိုက်ရိုက်ဆက်နွှယ်နေပါက သက်ဆိုင်ရာနိုင်ငံ၏ ပြည်တွင်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများအရနှင့် သင့်တင့်လျော်ကန်ပတ်သည့် အခြေအနေများတွင် ရာဇဝတ်ဆိုင်ရာ သို့မဟုတ် အုပ်ချုပ်ရေးပိုင်းဆိုင်ရာအရ ပြစ်မှုမြောက်ကြောင်း တာဝန်ရှိသည်ဟု မသတ်မှတ်ရပါ။

အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အာဆီယံ ကော်မရှင်(ACWC)၏ *လူကုန်ကူးခံရသူ အမျိုးသမီးများနှင့်ပတ်သက်၍ ကိုင်တွယ် ဖြေရှင်းရန် ကျား၊မ ကွဲပြားမှုကို အထူးဂရုပြုထားသော လမ်းညွှန်ချက်* တွင်လည်း (အပိုင်း ၃၊ ၃.၆.၁) ၌ အောက်ပါအတိုင်း ဖော်ပြထားသည် -

> နစ်နာသူများသည် ၎င်းတို့ လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အနေဖြင့် ကျူးလွန်ထားနိုင်သည့် မည်သည့်ပြစ်မှုအတွက်မဆို ထိန်းသိမ်းခြင်း၊ စွဲချက်တင်ခြင်း သို့မဟုတ် တရားစွဲဆိုစစ်ဆေးခြင်းများ ပြုလုပ်မခံရသင့်ပါ။

*အာဆီယံ လက်တွေ့လုပ်ငန်း လုပ်ဆောင်သူများအတွက် လူကုန်ကူးမှုဆိုင်ရာ ပြစ်ဒဏ်စီရင်ရေး၊ တရားစီရင်ရေးဖြင့် တုံ့ပြန်မှုဆိုင်ရာ လမ်းညွှန်ချက်များ* (၂၀၀၇) ၏ အပိုင်း ၁၊ ၈-၂ တွင် အောက်ပါအတိုင်း ဖော်ပြထားသည် -

> လူကုန်ကူးခံရသည့် နစ်နာသူများသည် ၎င်းတို့ လူကုန်ကူးခံရခြင်း၏ တိုက်ရိုက် အကျိုးဆက်အနေဖြင့် ၎င်းတို့ကျူးလွန်ထားသော ပြစ်မှုများနှင့်စပ်လျဉ်း၍ စွဲချက် တင်ခြင်း သို့မဟုတ် တရားစွဲဆိုစစ်ဆေးခြင်းများ ပြုလုပ်မခံရသင့်ပါ။

**စာကွက် ၂ - ASEAN အဖွဲ့ဝင်နိုင်ငံများအကြား ချုပ်ဆိုထားသော နှစ်နိုင်ငံသဘောတူနားလည်မှုစာချွန်လွှာများ**

အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ချုပ်ဆိုထားသည့် နားလည်မှုစာချွန်လွှာများ (MOUs) အပါအဝင် လူကုန်ကူး ခံရသည့် နစ်နာသူများနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များ အတိအလင်း ဖော်ပြ ပါဝင်သည့် နှစ်နိုင်ငံသဘောတူစာချုပ်များ အများအပြားရှိသည်။ အချို့စာချုပ်များတွင် ထိုပြဋ္ဌာန်းချက်များသည် ကာကွယ်စောင့်ရှောက်မှုပေးရာ၌ အကျုံးဝင်သည့် ပြစ်မှုများကို ကန့်သတ်ထားခြင်း၊ သို့မဟုတ် အချို့နစ်နာသူ များအပေါ်သာ သက်ရောက်ပြီး ကျန်လူများ မပါဝင်ခြင်း၊ အရွယ်ရောက်ပြီးသော အမျိုးသားများ မကြာခဏ ဆိုသလို မပါဝင်ခြင်းတို့ ရှိပေသည်။

| နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုထားသည့် နိုင်ငံများ၊ ခုနှစ် | ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက် အကန့်အသတ်များ |
| --- | --- |
| ကမ္ဘောဒီးယားနှင့် ဗီယက်နမ် (၂၀၀၅) | အမျိုးသမီးများနှင့် ကလေးသူငယ်များသာ |
| ထိုင်းနှင့် ဗီယက်နမ် (၂၀၀၈) | အမျိုးသမီးများနှင့် ကလေးသူငယ်များသာ |
| မြန်မာနှင့် ထိုင်း (၂၀၀၉) | |
| မြန်မာနှင့် တရုတ် (၂၀၀၉) | |
| လာအိုနှင့် ဗီယက်နမ် (၂၀၁၀) | |

| | |
|---|---|
| လာအိုနှင့် တရုတ် (၂၀၁၄) | တရားမဝင် ဝင်ရောက်မှု သို့မဟုတ် ထွက်ခွာမှု၊ သို့မဟုတ် လူကုန်ကူးမှုကြောင့် တိုက်ရိုက်ဖြစ်ပွားသည့် အခြားပြစ်မှုများ |
| ကမ္ဘောဒီးယားနှင့် ထိုင်း (၂၀၁၄) | အမျိုးသမီးများနှင့် ကလေးသူငယ်များသာ |
| လာအိုနှင့် ထိုင်း (၂၀၁၇) | ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကို အထူးဖော်ပြထားခြင်း မရှိသော်လည်း တရားမျှတမှု ရရှိစေရန်နှင့် မှုခင်းကိစ္စဆောင်ရွက်ရာတွင် ထပ်မံထိခိုက်နစ်နာရခြင်းမှ အကာအကွယ်ပေးရန် ပါရှိသည် |
| လာအိုနှင့် ဗီယက်နမ် (၂၀၂၀) | တရားမဝင် ရွှေ့ပြောင်းနေထိုင်မှုနှင့် ၎င်းနှင့်သက်ဆိုင်သည့် ပြစ်မှုများသာ |

ဒေသတွင်းအဆင့်၌ *လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ညှိနှိုင်းပူးပေါင်းထားသည့် မဲခေါင်ဝန်ကြီးဌာနများ ကနဦးစီမံချက်* (COMMIT) တွင် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်တို့ ပါဝင်သည်။ *မဟာမဲခေါင်ဒေသတွင်း လူကုန်ကူးခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ* ၏ အပိုဒ် ၁၆ ရှိ 'လူကုန်ကူးခံရသည့် နစ်နာသူများအဖြစ် ဖော်ထုတ်အတည်ပြုခံရသူများကို လူဝင်မှုကြီးကြပ်ရေးတွင် တရားဥပဒေစိုးမိုးရေးအာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းခြင်းမပြုရန် ဂရုပြု ဆောင်ရွက်ခြင်း'[53] ကို လက်မှတ်ရေးထိုး ကတိကဝတ်ပြုထားကြသည်။

*နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းနှင့် လွှဲပြောင်းပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများဆိုင်ရာ COMMIT လမ်းညွှန် - မဟာမဲခေါင်ဒေသအတွက် ဘုံလမ်းညွှန်ချက်များ* (၂၀၁၆) တွင် အောက်ပါအတိုင်း ဖော်ပြ ထားသည် -

> လူကုန်ကူးခံရသူများသည် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေများကို ချိုးဖောက်သောကြောင့်သော်လည်းကောင်း၊ ၎င်းတို့ လူကုန်ကူးခံရခြင်း၏ တိုက်ရိုက် အကျိုးဆက် အနေဖြင့် ၎င်းတို့ ပါဝင်ပတ်သက်နေသည့် လုပ်ရပ် များအတွက် သော်လည်းကောင်း၊ မည်သည့်အခြေအနေ၌မဆို ၎င်းတို့အား တရားစွဲဆိုစစ်ဆေးခြင်း သို့မဟုတ် ထိန်းသိမ်း ထားခြင်း မပြုရပါ။

ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် တောင်အာရှအဖွဲ့ (SAARC) *အမျိုးသမီးများနှင့် ကလေးသူငယ် များကို ပြည့်တန်ဆာလုပ်ငန်းအတွက် လူကုန်ကူးမှုအား ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (၂၀၀၂)* တွင်မူ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့်ပတ်သက်၍ မည်သို့မျှ ထုတ်ပြန်ပြောဆိုထားခြင်း မရှိပေ။

## အာဖရိက

လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အာဖရိကသမဂ္ဂကော်မရှင် ကနဦးစီမံချက် ကမ်ပိန်း (AU.COMMIT) သည် လူကုန်ကူးခြင်း၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူး ခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အူဂါဒူဂူ လုပ်ငန်းစီမံချက် ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ရွှေ့ပြောင်းနေထိုင်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများညီလာခံ (၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်မှ ၂၃ ရက်နေ့အထိ) က အတည်ပြုခဲ့သည့်အတိုင်း '[က] လူကုန်ကူးခံရသည့် နစ်နာသူများအား ရာဇဝတ်သားကဲ့သို့ ပြုမူဆက်ဆံခြင်းကို ရှောင်ရှားရန် တိကျသောဆောင်ရွက်မှုများကို လုပ်ဆောင်ရန်' နိုင်ငံများကို တောင်းဆိုသည်။ ဒေသတွင်းအဆင့်တွင် အာဖရိကတောင်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေး

53 COMMIT *Memorandum of Understanding on Cooperation against Trafficking in Persons in the Greater Mekong Sub-region*, signed on October 29, 2004, by representatives of Governments of the Kingdom of Cambodia, the People's Republic of China, the Lao People's Democratic Republic, the Union of Myanmar, the Kingdom of Thailand, and the Socialist Republic of Vietnam.

အသိုက်အဝန်း (SADC) ၏ လူကုန်ကူးခြင်း၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးခြင်းကို ဆန့်ကျင် တိုက်ဖျက်ရေးဆိုင်ရာ ဆယ်နှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၀၉-၂၀၁၉) မှ ဖော်ပြချက်အမှတ် ၃.၁.၆ တွင် 'နစ်နာသူများအနေဖြင့် ၎င်းတို့လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အနေဖြင့် ပါဝင်ပတ်သက် နေသည့် လုပ်ရပ်များအတွက် ရာဇဝတ်သားကဲ့သို့ ပြုမူဆက်ဆံခြင်း မခံရသင့်' ဟု အတိအလင်းဖော်ပြ ထားသည်။ ECOWAS ကြေညာစာတမ်း (၂၀၀၁) နှင့် လူကုန်ကူးခြင်း၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများအား လူကုန်ကူးခြင်းကို ဆန့်ကျင် တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက် (၂၀၀၂-၂၀၀၃) ၌ အနောက်အာဖရိကဒေသခွဲတွင် နစ်နာသူများအား ပိုမိုနစ်နာရခြင်းမှ အကာအကွယ်ပေးရန်မှလွဲ၍ ပြစ်ဒဏ် လွတ်ငြိမ်းခွင့်နှင့်ပတ်သက်ပြီး သီးခြား အရေးယူဆောင်ရွက်မှု တစ်စုံတစ်ရာ ဖော်ပြထားခြင်းမရှိပေ။

## အမေရိက

အမေရိကန်နိုင်ငံများအဖွဲ့အစည်း (OAS) က ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို ၎င်း၏ လူကုန်ကူးမှုဆိုင်ရာ နိုင်ငံတော်အာဏာပိုင်များ ပထမအစည်းအဝေးတွင် အသိအမှတ်ပြုခဲ့သည်။ ၎င်း၏ ဆုံးဖြတ်ချက်များနှင့် အကြံပြုချက်များတွင် လူကုန်ကူးခံရသည့် နစ်နာသူများသည် ၎င်းတို့ လူကုန်ကူးခံရခြင်း၏ တိုက်ရိုက် အကျိုးဆက်အနေဖြင့် တရားမဝင်လုပ်ရပ်များတွင် ပါဝင်ပတ်သက်နေခြင်းအတွက် တရားစွဲဆိုစစ်ဆေးခြင်း မခံရစေရန် နိုင်ငံတော်အာဏာပိုင်များက အဖွဲ့ဝင်နိုင်ငံများကို တောင်းဆိုထားသည်။[54] ထိုဆုံးဖြတ်ချက်များနှင့် အကြံပြုချက်များကို ၂၀၀၉ ခုနှစ်၊ ၂၅ မှ ၂၇ တွင် ပြုလုပ်ခဲ့သည့် ဒုတိယအစည်းအဝေး၌ အတည်ပြုခဲ့သည်။ ထို့အပြင် လူကုန်ကူးမှုကို တရားစွဲဆိုစစ်ဆေးခြင်း၊ တရားမျှတမှု စီရင်ရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့် အဖွဲ့အစည်းဆိုင်ရာ ခိုင်မာအားကောင်းစေရေး မဟာဗျူဟာများတွင် လုပ်ထုံးလုပ်နည်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့၏ အားဖြည့် ပါဝင်မှုကြောင့် ''လူကုန်ကူးခံရသည့် နစ်နာသူများအနေဖြင့် ထိုကဲ့သို့ ပါဝင်ပတ်သက်နေခြင်းသည် ၎င်းတို့ လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက် ဖြစ်နေပါက၊ သို့မဟုတ် ထိုကဲ့သို့ လုပ်ရပ်များတွင် ပါဝင်ပတ်သက်ရန် အဓမ္မစေခိုင်းခံရခြင်းဖြစ်ပါက" နစ်နာသူများကို ဖမ်းဆီးထိန်းသိမ်းခြင်း၊ တရားစွဲဆိုစစ်ဆေးခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းတို့ကို ရှောင်ရှားရန် အကြံပြုချက်အား ထည့်သွင်းနိုင်ခဲ့သည်။[55] တတိယအကြိမ် အစည်းအဝေးတွင် နစ်နာသူများကို "ရာဇဝတ်သားကဲ့သို့ ပြုမူဆက်ဆံခံရခြင်း မရှိစေရန်၊ ထပ်မံနစ်နာရခြင်းများ မဖြစ်စေရန်နှင့် လိင်ကွဲပြားမှု၊ မျိုးဆက်ကွဲပြားမှု၊ လူမျိုးကွဲပြားမှု၊ လိင်တိမ်းညွတ်စိတ် ကွဲပြားမှုနှင့် စွမ်းရည်ကွဲပြားမှုတို့ကို သဘောပေါက်နားလည်ကာ လူ့အခွင့်အရေးကို အခြေခံသည့်ချဉ်းကပ်မှုဖြင့် ချဉ်းကပ်ရန်" တရားရေးရာ စုံစမ်းစစ်ဆေး နေစဉ် ကာလတစ်လျှောက်လုံး ကျင့်သုံးရန်လိုအပ်သည့် အဆင့်များ ရှိကြောင်း ဆုံးဖြတ်ချက်ကျခဲ့သည်။[56] လူကုန်ကူးမှုဆိုင်ရာ နိုင်ငံတော်အာဏာပိုင်များ စတုတ္ထအစည်းအဝေးတွင် OAS နိုင်ငံများက '[နစ်နာသူများ၏] လူ့အခွင့်အရေးကို မယိမ်းယိုင်သော လေးစားမှုဖြင့် ချဉ်းကပ်ခြင်းနှင့် အကာအကွယ်ပေးခြင်း'၏ အရေးပါပုံကို ကြေညာ ထားသော *လူကုန်ကူးမှုဆန့်ကျင်ရေး နိုင်ငံတကာ-အမေရိကန် ကြေညာစာတမ်း* သို့မဟုတ် 'ဘရာစီလီယာကြေညာ

[54] First Meeting of National Authorities on Trafficking in Persons, Porlamar, Island Margarita, Bolivarian Republic of Venezuela – 14 to 17 March 2006, Conclusions and Recommendations RTP/doc.16/06 rev. 1 corr. 1, 26 April 2016, Topic IV Protection and Assistance for Victims of Trafficking in Persons, point 7.

[55] Second Meeting of National Authorities on Trafficking in Persons, Buenos Aires, Argentina – 25 – 27 March 2009, Conclusions and Recommendations RTP-II/doc.5/09 rev. 10, 18 September 2009, point 21.

[56] Third Meeting of National Authorities on Trafficking in Persons, Guatemala City, Guatemala – 15-16 October 2012, Conclusions, RTP-III/doc.7/12, 16 October 2012, point 4c.

စာတမ်း’ကို အတည်ပြုခဲ့သည်။[57]

[57] Inter-American Declaration against Trafficking in Persons, “Declaration of Brasilia”, Fourth Meeting of National Authorities on Trafficking in Persons, Brasilia, Brazil – 5 December 2014, RTP-IV/doc.5/14 rev. 1, paragraph 4.

## စာကွက် ၃ - လူကုန်ကူးမှုဆိုင်ရာ အမေရိကန်ပြည်ထောင်စု အစီရင်ခံစာမှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ဖော်ပြချက်

အမေရိကန်ပြည်ထောင်စု၏ ပြည်တွင်းဥပဒေသည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို တစ်ကမ္ဘာ လုံးတွင် မည်သို့နားလည်သဘောပေါက်ပြီး ကျင့်သုံးသည်အပေါ် သိသာထင်ရှားစွာ သက်ရောက်မှု ရှိသည်။ ၂၀၀၀ ပြည့်နှစ် အမေရိကန်နိုင်ငံတော်ရေးရာဌာနမှ ထုတ်ပြန်သော လူကုန်ကူးမှု အစီရင်ခံစာကို ပြုစုရာတွင် အစိုးရများအားလုံးကို အကဲဖြတ်သည့် စံနှုန်းများကို အမေရိကန် ပြည်ထောင်စု လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေး အက်ဥပဒေတွင် ဖော်ပြထားသည့် 'လူကုန်ကူးမှုပပျောက်ရေး အနိမ့်ဆုံးစံနှုန်းများ' တွင် သတ်မှတ်ပေးထားသည်။[58] နစ်နာသူများ ပြစ်ဒဏ် လွတ်ငြိမ်းခွင့်နှင့် စပ်လျဉ်း၍ ၎င်းအစီရင်ခံစာတွင် အသုံးပြုထားသည့် 'လေးနက်ပြီး စဉ်ဆက်မပြတ်သည့် အားထုတ်မှု' ၏ ဒုတိယသတ်မှတ်ထားသော အမှတ်အသားမှာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် ဆက်စပ်နေပြီး နိုင်ငံတော်အစိုးရက 'လူကုန်ကူးခံရသည့် နစ်နာသူများကို လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အနေဖြင့် ၎င်းတို့ကျူးလွန်သည့် ဥပဒေနှင့် မညီသော လုပ်ရပ်များအတွက် မလျော်မကန် ဖမ်းဆီးအကျဉ်းချခြင်း၊ ဒဏ်ကြေးတပ်ခြင်း သို့မဟုတ် အခြားပြစ်ဒဏ်ပေးခြင်းများ မရှိစေရန် ရဲတပ်ဖွဲ့များနှင့် လူဝင်မှုကြီးကြပ်ရေးအရာရှိများကို နစ်နာသူများ၏ လိုအပ်ချက်အား အဓိကထားသည့် ချဉ်းကပ်နည်းများဖြင့် နစ်နာသူများအား ဆက်ဆံခြင်း၊ ဖော်ထုတ် အတည်ပြုခြင်းနှင့် ပတ်သက်၍ သင်တန်းများပေးကာ ဆောင်ရွက်လျက်ရှိသည်။'[59]

## ဥရောပ

ဥရောပဒေသတွင် *ဥရောပဒေသ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဖွဲ့အစည်း* (OSCE) ၏ *လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်* တွင် 'လူကုန်ကူးခံရသည့် နစ်နာသူများအား ၎င်းတို့လူကုန်ကူး ခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်များအတွက် ရာဇဝတ်ဆိုင်ရာ စစ်ဆေးကြားနာခြင်းများ ဆောင်ရွက်ခြင်းမပြုရန် မပျက်မကွက် ဆောင်ရွက်ရန်' အကြံပြု ဖော်ပြထားသည် (ဆုံးဖြတ်ချက်အမှတ် ၅၅၇/rev.၁)။

*လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ၂၀၀၅ ခုနှစ် ဥရောပကောင်စီကွန်ဗင်းရှင်း* ၏ အပိုဒ် ၂၆ တွင် အောက်ပါအတိုင်း ဖော်ပြထားသည် -

> နိုင်ငံတစ်နိုင်ငံချင်းစီက မိမိတို့ တရားဥပဒေစနစ်၏ အခြေခံမှုများနှင့်အညီ နစ်နာသူများအား ၎င်းတို့ အဓမ္မစေခိုင်းခံရခြင်းကြောင့် ပါဝင်ပတ်သက်ရသည့် ပြစ်မှုများအတွက် ပြစ်ဒဏ် ချမှတ်ခြင်းမပြုရန် ရွေးချယ်နိုင်ခြင်းရှိကြောင်း သတ်မှတ်ပေးရမည်။

'ရွေးချယ်နိုင်ခြင်းရှိကြောင်း သတ်မှတ်ပေးရမည်' ဟူသည့် အသုံးအနှုန်းကို နိုင်ငံများအနေဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို ကျင့်သုံးရန်၊ မကျင့်သုံးရန် ဆုံးဖြတ်ခွင့်ပေးခြင်း မဟုတ်ဘဲ ကျင့်သုံးရမည့် တာဝန်ဝတ္တရားအား မည်သို့ဖြည့်ဆည်းဆောင်ရွက်ရမည်ကို ဆုံးဖြတ်ခွင့်ပေးခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ကောက်ယူသည်။[60] 'အဓမ္မစေခိုင်း

---

[58] Trafficking Victims Protection Act of 2000, Div. A of Pub. L. No. 106-386 § 108, as amended.

[59] Minimum Standards for the elimination of trafficking in persons set out in *Trafficking Victims Protection Act* of 2000, Div. A of Pub. L. No. 106-386 § 108, paragraph 2, as amended.

[60] Ryszard Piotrowicz, "Article 26, Non-punishment provision" in Julia Planitzer and Helmut Sax (eds.) *A Commentary on the Council of Europe Convention on against Trafficking in Human Beings* (Edward Elgar,

ခံရခြင်း’ ကို မည်သို့နားလည်သဘောပေါက်သည်နှင့် ၎င်းတွင် လှည့်ဖြားခြင်း သို့မဟုတ် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားလုပ်ခြင်း သို့မဟုတ် ထိခိုက်လွယ်သည့်အနေအထား ဖြစ်နေခြင်းတို့ ပါဝင်မှု ရှိ၊ မရှိအား ၎င်းအသုံးအနှုန်းအားဖြင့် ရှင်းရှင်းလင်းလင်း မသိနိုင်ပေ။ ‘ပြစ်ဒဏ်ချမှတ်ခြင်းမပြုရန်’ ဟူသည့် အကန့်အသတ်ရှိမှုသည် သီအိုရီအရဆိုလျှင် နိုင်ငံများက နစ်နာသူများအား ထိန်းသိမ်းခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်း သို့မဟုတ် အလုပ်သမားရေးရာနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေများအား ချိုးဖောက်ခြင်းအတွက် ဖမ်းဆီးပြီး တရားစွဲဆိုစစ်ဆေးခြင်းများကို ပြုလုပ်ခွင့် ရှိကောင်းရှိနိုင်ဦးမည်ဖြစ်သည်။[61]

၂၀၁၁ ခုနှစ် ဧပြီလ ၅ ရက်နေ့ ရက်စွဲဖြင့် ဥရောပသမဂ္ဂ၏ လူကုန်ကူးမှု တားဆီးနှိမ်နှင်းရေးနှင့် လူကုန်ကူးခံရသည့် နစ်နာသူများအား အကာအကွယ်ပေးခြင်းဆိုင်ရာ ဥရောပပါလီမန်နှင့် ကောင်စီအတွက် ညွှန်ကြားချက်အမှတ် ၂၀၁၁/၃၆/EU နှင့် ကောင်စီမူဘောင်ဆုံးဖြတ်ချက် 2002/629/JHA (OJ L 101, 1 15.4.2011) အား အစားထိုးသည့် (အပိုဒ် ၈ နှင့် ဖော်ပြချက် ၁၄) ဖော်ပြချက် ၁၄ တွင် အောက်ပါအတိုင်း ဖော်ပြထားသည် -

> လူကုန်ကူးခံရသည့် နစ်နာသူများသည် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများ၏ တရားဥပဒေစနစ် အခြေခံမူဝါဒများနှင့်အညီ ၎င်းတို့လူကုန်ကူးခံရခြင်း၏ တိုက်ရိုက် အကျိုးဆက်အနေဖြင့် မဖြစ်မနေကျူးလွန်ရသော စာရွက်စာတမ်းအတုများ အသုံးပြုခြင်း၊ သို့မဟုတ် ပြည့်တန်ဆာ အလုပ်လုပ်ကိုင်ခြင်း သို့မဟုတ် ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ ဥပဒေအောက်ရှိ ပြစ်မှုများ ကျူးလွန်ခြင်းကဲ့သို့သော ရာဇဝတ်မှုများအတွက် တရားစွဲဆိုစစ်ဆေးခံရခြင်း သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ အကာအကွယ်ရရှိသင့်သည်။ ထိုကဲ့သို့ အကာအကွယ်ပေးရသည့် ရည်ရွယ်ချက်မှာ နစ်နာသူများ၏ လူ့အခွင့်အရေးကို စောင့်ရှောက်ရန်၊ ထပ်မံ၍နစ်နာရခြင်းများကို ရှောင်ရှားရန်နှင့် ကျူးလွန်သူများကို ရာဇဝတ်ကြောင်းအရ အရေးယူရာတွင် ၎င်းတို့မှ သက်သေအဖြစ် ပါဝင်နိုင်စေရေးကို တွန်းအားပေးရန် ဖြစ်သည်။ ဤအကာအကွယ်တွင် လူတစ်ဦး၏ ဆန္ဒအလျောက်ကျူးလွန်သည့် သို့မဟုတ် ပါဝင်ခဲ့သည့် ပြစ်မှုများအတွက် တရားစွဲဆိုစစ်ဆေးခြင်း သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်းတို့ကို ချန်လှပ်မထားသင့်ပေ။

အပိုဒ် ၈ ၌ ‘နစ်နာသူအား တရားစွဲဆိုစစ်ဆေးခြင်းမပြုရန် သို့မဟုတ် ပြစ်ဒဏ်များချမှတ်ခြင်းမပြုရန်’ ပါဝင်သည် -

> အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ တရားဥပဒေစနစ် အခြေခံမူဝါဒများနှင့်အညီ လူကုန်ကူးခံရသည့် နစ်နာသူများက အပိုဒ် ၂ တွင် ရည်ညွှန်းထားသည့် မည်သည့်လုပ်ရပ်မဆို၏ တိုက်ရိုက်အကျိုးဆက်အနေဖြင့် မဖြစ်မနေကျူးလွန်ရသော ရာဇဝတ်မှုများတွင် ပါဝင်ပတ်သက်မှုအတွက် အခွင့်အာဏာရှိသော နိုင်ငံတော် အာဏာပိုင်များအနေဖြင့် ၎င်းနစ်နာသူများအား တရားစွဲဆိုစစ်ဆေးခြင်း သို့မဟုတ် ပြစ်ဒဏ်များချမှတ်ခြင်းတို့ ပြုလုပ်ခွင့်မရှိစေရန် ဂရုပြု၍ လိုအပ်သည့် ဆောင်ရွက်မှုများကို လုပ်ဆောင်ရမည်။

ထို့ကြောင့် EU ညွှန်ကြားချက် 2011/36/EU သည် အာဏာပိုင်များအနေဖြင့် ‘တရားစွဲဆိုစစ်ဆေးခြင်း သို့မဟုတ် ပြစ်ဒဏ်များချမှတ်ခြင်းတို့ ပြုလုပ်ခွင့်မရှိကြောင်း’ ဆိုသည့်အတွက် ‘ပြစ်ဒဏ်များချမှတ်ခြင်း မပြုလုပ်ရန်’ဟုသာ ပါရှိသည့် ဥရောပကွန်ဗင်းရှင်း၏ ဖော်ပြချက်ထက် သာလွန်နေပါသည်။ အထူးသဖြင့် အုပ်ချုပ်ရေးဆိုင်ရာနှင့် ရာဇဝတ်မှုဆိုင်ရာ အရေးယူမှုအကြား မည်သည့်ကွဲပြားချက်မဆို ညွှန်ကြားချက် အပိုဒ် ၈ မှ အကြောင်းအရာအရ

2020) p.317; Ryszard Piotrowicz and Liliana Sorrentino, “What’s on your mind? Towards growing recognition of the non-punishment principle with regard to victims of trafficking?” *La Strada Newsletter*, Issue 44, April 2017, 10.

[61] Anne T. Gallagher, *The International Law of Human Trafficking* (Cambridge, 2010) 117-118, 127.

သက်ဆိုင်ခြင်းမရှိဟု သတ်မှတ်သည်။[62] ဥရောပသမဂ္ဂညွှန်ကြားချက်၏ ဖော်ပြချက် ၁၁ ကလည်း ရာဇဝတ်မှုများမှ အမြတ်ထုတ်ခြင်းကို ခေါင်းပုံဖြတ်မှုပုံစံတစ်မျိုးအဖြစ် အသိအမှတ်ပြုထားသည်။ ၎င်းတွင် လူတစ်ဦးတစ်ယောက်အား 'ခါးပိုက်နှိုက်ခြင်း၊ အလစ်သုတ်ခြင်း၊ မူးယစ်ဆေးကုန်ကူးခြင်းနှင့် ငွေကြေးရလိုမှုကြောင့် လုပ်ဆောင်သည့် ပြစ်ဒဏ်ချမှတ်နိုင်သော အခြားအလားတူလုပ်ရပ်များ' ကို ကျူးလွန်စေရန် အမြတ်ထုတ်ခြင်းတို့ အပါအဝင်ဖြစ်သည်။

[62] *Human Trafficking: Joint UN Commentary on the EU Directive – A Human Rights-Based Approach* (OHCHR, UNHCR, UNICEF, UNODC, UN Women and ILO, 2011) 37

## စာကွက် ၄ - လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး၏ လူကုန်ကူးခံရသည့် နစ်နာသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းဆိုင်ရာ စီရင်ဆုံးဖြတ်ချက်

၂၀၂၁ ခုနှစ် ဧပြီလတွင် ဥရောပလူ့အခွင့်အရေးတရားရုံး (ECtHR) ၏ *V.C.L and A.N. v The United Kingdom* [Application nos. 77587/12 and 74603/12] အမှု ဆုံးဖြတ်ချက်ဖြင့် တရားရုံးတော်သည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူနှင့်ပတ်သက်၍ ရှင်းလင်းစွာနားလည်စေရန် ဖော်ပြနိုင်ခဲ့သည်။

ယူကေသည် ရာဇဝတ်မှုဆိုင်ရာ ခေါင်းပုံဖြတ်မှု ရည်ရွယ်ချက်အတွက် လူကုန်ကူးခံရသည့် အသက်မပြည့်သေးသူ ဗီယက်နမ်နိုင်ငံသားနှစ်ဦးအား ၎င်းတို့မှာ နစ်နာသူများဖြစ်ကြောင်းကို အခွင့်အာဏာရှိသော လူကုန်ကူးမှု တိုက်ဖျက်ရေးအာဏာပိုင်များက ဖော်ထုတ်အတည်ပြုပြီး ဖြစ်သော်ငြားလည်း မူးယစ်ဆေးဝါးထုတ်လုပ်မှုတွင် ပါဝင်ပတ်သက်မှုအတွက် တရားစွဲဆို၊ စီရင်ချက်ချပြီး ပြစ်ဒဏ်ချမှတ်ခဲ့ဖူးသည်။ ယင်းဆုံးဖြတ်ချက်အရ ယူကေအာဏာပိုင်များက လူကုန်ကူးခံရသည့် နစ်နာသူများကို ကျူးလွန်သည့်ပြစ်မှုအပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခြင်းဖြစ်သည်ဟု မှတ်ယူနိုင်သည်။ ဤအမှုဆိုလျှင် လူကုန်ကူးခံရသူများ အရေးယူခံရခြင်းကို ယခင်က ရှောင်လွှဲနိုင်ခဲ့သည့် စာရွက်စာတမ်းဆိုင်ရာ ပြစ်မှုများနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် ဆေးခြောက်နှင့်ဆက်စပ်သည့် ပြစ်မှုများဖြစ်သည်။[63] ယူကေသည် ကျွန်ပြုခြင်းနှင့် အဓမ္မလုပ်အားခိုင်းစေမှု (လူကုန်ကူးခြင်းအပါအဝင်) ကို တားမြစ်ထားသော လူ့အခွင့်အရေးဆိုင်ရာ ဥရောပကွန်ဗင်းရှင်း အပိုဒ် ၄ နှင့် မျှတသောတရားစီရင်ခွင့်ဆိုင်ရာ အပိုဒ် ၆ တို့ရှိ ၎င်းတို့၏ တာဝန်ဝတ္တရားများအား ချိုးဖောက်ကြောင်း ECtHR က စီရင်ဆုံးဖြတ်ခဲ့သည်။ ဤဆုံးဖြတ်ချက်ကို ချမှတ်ရာတွင် ECtHR က လူကုန်ကူးခံရသည့် နစ်နာသူများ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့်စပ်လျဉ်း၍ ထောက်ပြချက်များစွာ တင်ပြခဲ့သည်။

နိုင်ငံတကာ သို့မဟုတ် ဒေသဆိုင်ရာ စာရွက်စာတမ်းများ၌ လူကုန်ကူးမှုအား တရားစွဲဆိုစစ်ဆေးခြင်းတွင် ယေဘုယျတားမြစ်ချက် မရှိသော်လည်း နစ်နာသူအား အတင်းအဓမ္မစေခိုင်းခံရခြင်းဖြစ်ပါက နိုင်ငံတော်သည် တရားစွဲဆိုခြင်းကို မဖြစ်မနေရှောင်လွှဲရန် တာဝန်မရှိသော်လည်း တရားစွဲဆိုခြင်းမပြုရန် တိုက်တွန်းထားသည်။[64] သို့သော်လည်း လူကုန်ကူးခံရသည့် နစ်နာသူများ သို့မဟုတ် လူကုန်ကူးခံရနိုင်ခြေရှိသူများအား တရားစွဲဆိုစစ်ဆေးခြင်းမှာ လူပုဂ္ဂိုလ်တစ်ဦးသည် လူကုန်ကူးခံရပြီဖြစ်ကြောင်း စိတ်ချစွာသံသယဖြစ်နိုင်သည့် အခြေအနေများကို သတိပြုမိသည်နှင့် ၎င်းတို့အား အကာအကွယ်ပေးရန် ဆောင်ရွက်ရမည့် နိုင်ငံတော်၏တာဝန်နှင့် အတိုက်အခံဖြစ်နေနိုင်ကြောင်းကို တရားရုံးက ထည့်သွင်းစဉ်းစားခဲ့သည်။ ဤအချက်နှင့်ပတ်သက်၍ နိုင်ငံများသည် နစ်နာသူများကို အကာအကွယ်ပေးရန်နှင့် ၎င်းတို့ ပြန်လည်ထူထောင်ရေးကို ဖြစ်မြောက်အောင် ဆောင်ရွက်ပေးရန် တာဝန်ဝတ္တရားရှိပြီး တရားစွဲဆို စစ်ဆေးခြင်းသည် ၎င်းတို့ ပြန်လည်ထူထောင်ရေးကို ထိခိုက်စေနိုင်ကာ ၎င်းတို့ ထပ်မံလူကုန်ကူးခံရရန် အလားအလာရှိသွားစေနိုင်ကြောင်း တရားရုံးက ဖော်ပြခဲ့သည်။ ယင်းနှင့်စပ်လျဉ်း၍ ရာဇဝတ်မှုလုပ်ငန်းစဉ်အား အခက်အခဲဒုက္ခတစ်ခုအဖြစ်၊ ပြစ်မှုထင်ရှားစီရင်ခြင်းအား ၎င်းတို့ ပြန်လည်နာလန်ထူရန် အတားအဆီးတစ်ခုအဖြစ် နှင့် ထောင်သွင်းအကျဉ်းချခြင်းက ၎င်းတို့အား ကူညီထောက်ပံ့ခြင်းနှင့် ဝန်ဆောင်မှုများအတွက် အဟန့်အတားတစ်ခုအဖြစ် သတ်မှတ်ခံရပေသည်။[65]

---

[63] Parosha Chandran, Barrister and Professor of Practice in Modern Slavery Law in The Dickson Poon School of Law, King's College London, referring to the case of R v O [2008] EWCA Crim 2835, speaking on the principle of non-punishment of victims of trafficking in persons, at a side event to the 47th Session of the Human Rights Council 30 June 2021, 13:00 – 14:30 CET. Author's notes on file.

[64] *V.C.L and A.N. v The United Kingdom* [Application nos. 77587/12 and 74603/12], European Court of Human Rights, 16 February 2021, para 158.

[65] *V.C.L and A.N. v The United Kingdom* [Application nos. 77587/12 and 74603/12], European Court of Human Rights, 16 February 2021, paras 158-159.

နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းကလည်း ၎င်းတို့အား ပြစ်ဒဏ်မှ အကာအကွယ်ပေးရန်အတွက် ပဓာနကျကြောင်းကို တရားရုံးက ရှင်းပြခဲ့သည်။ ထို့ကြောင့် ရာဇဝတ်မှုတစ်ခု ကျူးလွန်ထားသည်ဟု သံသယရှိခံရသူတစ်ဦးက လူကုန်ကူးခြင်းခံထားရသူဖြစ်နိုင်သည်ဟု စိတ်ချစွာသံသယဖြစ်နိုင်သည့် အခြေအနေများတွင် ထိုပုဂ္ဂိုလ်သည် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ စာချုပ်စာတမ်းများတွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း လူကုန်ကူးခံရခြင်း ဟုတ်၊မဟုတ် သတ်မှတ်ဆုံးဖြတ်ရန်အတွက် ၎င်းအား အရည်အချင်းပြည့်ဝသူများမှ မဆိုင်းမတွ အကဲဖြတ်သင့်သည်။

ထို့အပြင် ကျွမ်းကျင်သူတစ်ဦးက လူကုန်ကူးမှုဆိုင်ရာ အကဲဖြတ်ချက် ပြုလုပ်ပြီးသည့်နောက်မှသာ လူကုန်ကူးခံရသည့် နစ်နာသူတစ်ဦးအား တရားစွဲဆိုစစ်ဆေးခြင်း ပြုရန်၊ မပြုရန် မည်သည့်ဆုံးဖြတ်ချက်ကိုမဆို ချမှတ်သင့်သည်ဟု တရားရုံးမှ မှတ်ချက်ပြုသည်။ ဤနေရာတွင် ကလေးသူငယ်များ၏ ထိခိုက်လွယ်မှုကို မှတ်ချက်ပြုဖော်ပြထားသည်။ ကျွမ်းကျင်သူတစ်ဦးက အကဲဖြတ်ပြီးသည်နှင့် မည်သည့်နောက်ဆက်တွဲ တရားစွဲဆိုစစ်ဆေးမှုဆိုင်ရာ ဆုံးဖြတ်ချက်ချခြင်းတွင်မဆို ထိုအကဲဖြတ်ချက်ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ အစိုးရရှေ့နေသည် အဆိုပါအကဲဖြတ်ချက်မှ တွေ့ရှိချက်များကို လိုက်နာရန် စည်းနှောင်နေခြင်းမရှိသော်လည်း လူကုန်ကူးမှုဆိုင်ရာ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှုရှိသည့် မလိုက်နာရခြင်း အကြောင်းရင်းများကို ရှင်းရှင်းလင်းလင်းဖော်ပြနိုင်ရန် လိုအပ်မည်ဖြစ်သည်။[66]

ယူကေသည် အဓမ္မလုပ်အားခိုင်းစေမှုနှင့်စပ်လျဉ်း၍ လူ့အခွင့်အရေးဆိုင်ရာ ဥရောပကွန်ဗင်းရှင်း၏ အပိုဒ် ၄ ပါ တာဝန်ဝတ္တရားများနှင့် မျှတသောတရားစီရင်ပိုင်ခွင့်ရှိမှု အပိုဒ် ၆ နှစ်ခုစလုံးကို ချိုးဖောက်ကြောင်း ECtHR က စီရင်ဆုံးဖြတ်ခဲ့ပြီး ဥရောပသမဂ္ဂ လူကုန်ကူးမှုတိုက်ဖျက်ရေးညွှန်ကြားချက်နှင့် လူကုန်ကူးမှုဆိုင်ရာ ကျင့်ထုံးများအပေါ် ထားရှိသည့် ကတိကဝတ်များနှင့်ဆန့်ကျင်ကာ လူကုန်ကူးခံရသည့် နစ်နာသူများအား ယူကေက တရားစွဲဆိုစစ်ဆေးခြင်းအတွက် ဝေဖန်ခဲ့သည်။

.

[66] *V.C.L and A.N. v The United Kingdom* [Application nos. 77587/12 and 74603/12], European Court of Human Rights, 16 February 2021, paras 160-162.

## ၁.၃ ပြည်တွင်းဥပဒေနှင့် မူဝါဒ

ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို လက်တွေ့ကျင့်သုံးမှု အကောင်အထည်ဖော်ရေးအတွက် ကောင်းမွန်သော အလေ့အထတစ်ခုမှာ ပြည်တွင်းဥပဒေများတွင် သီးခြားပြဋ္ဌာန်းချက်များကို ပြဋ္ဌာန်းခြင်းဖြစ်သည်။[67] နိုင်ငံများသည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ၎င်းတို့နိုင်ငံ၏ ဥပဒေစနစ်နှင့်အညီ ပုံစံအမျိုးမျိုးဖြင့် ပြဋ္ဌာန်းထားသည်။ အချို့သော လူကုန်ကူးမှုဆိုင်ရာဥပဒေများတွင် သို့မဟုတ် ၎င်းတို့၏ ပြစ်မှု (သို့မဟုတ် ရာဇသတ်ကြီး) ကျင့်ထုံးတွင် သီးခြား ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူများ ပါရှိသည်။ အကောင်းဆုံးအလေ့အထမှာ အကာအကွယ်ပေးခြင်းကို သီးခြားပြစ်မှုများအတွက်သာ ကန့်သတ်မထားဘဲ ပြင်းထန်သော သို့မဟုတ် ကြီးလေးသော ပြစ်မှုများတွင်လည်း ရရှိစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။ သို့ရာတွင် နိုင်ငံအများစု၏ ဥပဒေတွင် အချို့သောပြစ်မှုများကိုသာ အကာအကွယ်ပေးထားသည်။[68]

ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို ကျင့်သုံးနိုင်ရန် နစ်နာသူ၏ ကျူးလွန်မှုနှင့် လူကုန်ကူးမှုအကြား ဆက်စပ်မှုကို ထူထောင်ရမည်ဖြစ်သည်။ နိုင်ငံတော်များသည် ၎င်းတို့၏ နိုင်ငံတော်ဥပဒေများအရ နစ်နာသူ၏ ရာဇဝတ်မှုဆိုင်ရာ အပြုအမူနှင့် ၎င်း၏လူကုန်ကူးခံရခြင်းတို့အကြား ဆက်နွယ်နေမှုအပေါ် ကွဲပြားသော ချဉ်းကပ်မှုများကို ကျင့်သုံးကြသည်။

| **အစမ့်စေခိုင်းခံရ၍ ကျူးလွန်ခြင်းပုံစံ** | **တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခြင်းပုံစံ** |
|---|---|
| အကျပ်ကိုင်ခြင်း/အတင်းအကျပ်စေခိုင်းခြင်းကြောင့် ပြုလုပ်ခဲ့သည့် လုပ်ရပ်များ | လူကုန်ကူးမှု၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ဖြစ်ပွားခဲ့သည့် လုပ်ရပ်များ |

**အစမ့်စေခိုင်းခံရ၍ ကျူးလွန်ခြင်း ပုံစံ -** (မတရားချုပ်နှောင်၍ စေခိုင်းခြင်း ပုံစံဟုလည်း ခေါ်ဆိုသည့်) အစမ့်စေခိုင်းခံရ၍ ကျူးလွန်ခြင်း ပုံစံကို လူပုဂ္ဂိုလ်တစ်ဦးအနေဖြင့် မိမိဆန္ဒအလျောက် ကျူးလွန်ခြင်း မဟုတ်သော ပြစ်မှုအတွက် ရာဇဝတ်ဆိုင်ရာတာဝန် မခံစေရသင့်ဟူသော ယုံကြည်ချက်အပေါ် အခြေတည်ထားသည်။ ထို့ကြောင့် လူကုန်ကူးခံရသူသည် ၎င်း လူကုန်ကူးခံနေရစဉ်အတွင်း မဖြစ်မနေကျူးလွန်ခဲ့ရသည့် ပြစ်မှုများအတွက် ရာဇဝတ်သားကဲ့သို့ ပြုမူဆက်ဆံခံရခြင်း မရှိပေ။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူသည် လူကုန်ကူးသူများက ထင်ရှားရန်ခက်ခဲသော နည်းလမ်းများ (အားနည်းသောအခြေအနေကို အလွဲသုံးစားပြုခြင်းကဲ့သို့) အသုံးပြုခဲ့သည့် ဖြစ်စဉ်များထက် (အင်အားသုံးခြင်းကဲ့သို့) ထင်သာမြင်သာရှိသောနည်းလမ်းများကို အသုံးပြုခြင်းခံရသည့် နစ်နာသူများအပေါ် ပိုမိုသက်ရောက်မှုရှိနိုင်သည်မှာ အဆန်းမဟုတ်ပေ။[69] ထို့ကြောင့် အတင်းအကျပ်စေခိုင်းခြင်းကို ခြိမ်းခြောက်မှု သို့မဟုတ် အင်အားအသုံးပြုမှုဟုသာ သဘောပေါက်နားလည်ထားပါက အစမ့်စေခိုင်းခံရ၍ ကျူးလွန်ခြင်း ပုံစံကို လက်တွေ့ ကျင့်သုံးရန် သိသာသော အကန့်အသတ်များရှိနေသည်။[70] သို့ဖြစ်၍ လူကုန်ကူးမှုဆိုင်ရာ နိုင်ငံတကာ

---

[67] *Guidance on the issue of appropriate criminal justice responses to victims who have been compelled to commit offences as a result of their being trafficked: Background paper prepared by the Secretariat for the Working Group on Trafficking in Persons*, Vienna 10 and 11 September 2020, UN Doc. CTOC/COP/WG.4/2020/2 (15 June 2020), paragraph 46.

[68] For instance, in many states in the United States, non-punishment provisions only relate to prostitution-related offence, providing limited protection to victims of sexual forms of exploitation and none to victims of trafficking for non-sexual forms of exploitation. Zornosa, Francisco, Protecting Victims from Punishment and Promoting their Rehabilitation: The Need for an Affirmative Defense, *Washington and Lee Journal of Civil Rights and Social Justice*, 2016, Vol 22, Issue 1, 177-203 at 195-196.

[69] United Nations Office on Drugs and Crime, *Female Victims of Trafficking for Sexual Exploitation as Defendants: A Case Law Analysis* (United Nations, Vienna, 2020) 66-88.

[70] United Nations Office on Drugs and Crime, *Female Victims of Trafficking for Sexual Exploitation as Defendants: A Case Law Analysis* (United Nations, Vienna, 2020) 65, 109.

အဓိပ္ပာယ် ဖွင့်ဆိုချက်အရ လူကုန်ကူးသူတစ်ဦးက နစ်နာသူတစ်ဦးအား အဓမ္မစေခိုင်းနိုင်သည့် 'နည်းလမ်းများ' အားလုံးကို ခြုံငုံမိစေရန်အတွက် အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခြင်းဟု ဆိုရာတွင် ကျယ်ကျယ်ပြန့်ပြန့် ခြုံငုံထည့်သွင်းနားလည်ရန် ဆောင်ရွက်ခြင်းသည် အလေ့အထကောင်းဖြစ်သည်။

## ဇယား ၁ - အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခြင်း ပုံစံ

| | **အဓမ္မစေခိုင်းခြင်း (မတရားချုပ်နှောင်၍ စေခိုင်းခြင်း)** |
|---|---|
| **သတ်မှတ်ထားသည့် အထောက်အထား လိုအပ်ချက်** | နစ်နာသူများသည် ၎င်းတို့ မဖြစ်မနေကျူးလွန်ရသော ပြစ်မှုများအတွက် ပြစ်ဒဏ်ချမှတ်ခြင်း မခံရသင့်ပေ။ အဓမ္မစေခိုင်းမှုကို သမားရိုးကျ အတင်းအကျပ်စေခိုင်းမှုဆိုင်ရာ ခုခံချေပချက်ကဲ့သို့ တူညီသော အဆင့်မြင့်စံနှုန်းဖြင့် သက်သေမပြနိုင်သော်လည်း စွပ်စွဲခံရသူနှင့် အလားတူ အခြေအနေမျိုးတွင် ပုံမှန်လူတစ်ဦးကလည်း ရာဇဝတ်မှုကျူးလွန်ရန်မှအပ လက်တွေ့ကျသည့် ရွေးချယ်စရာ မရှိနိုင်ခြင်းကဲ့သို့သော လူကုန်ကူးမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် သတ်မှတ်ထားသည့် 'နည်းလမ်းများ'မှ တစ်ခုခုဖြင့် သက်သေပြနိုင်ပေသည်။ |
| **ဒေသအလိုက် သာဓက (ASEAN ပြင်ပ)** | နိုင်ငံတစ်နိုင်ငံချင်းစီသည် မိမိတို့၏ ဥပဒေစနစ်မှ အခြေခံမူဝါဒများနှင့်အညီ နစ်နာသူများအနေဖြင့် အတင်းအကျပ်စေခိုင်းခံရသဖြင့် ဥပဒေနှင့်မညီသော လုပ်ရပ်များတွင် ပါဝင်ပတ်သက်နေခြင်းအတွက် ၎င်းတို့အား ပြစ်ဒဏ်ချမှတ်ခြင်းများမပြုရန် ရွေးချယ်နိုင်ခြင်းရှိကြောင်း သတ်မှတ်ပေးရမည်။<br>(အပိုဒ် ၂၆၊ လူကုန်ကူးမှုတားဆီးရေးဆိုင်ရာ ဥရောပကောင်စီကွန်ဗင်းရှင်း) |
| **နိုင်ငံအလိုက် သာဓကများ (ASEAN)** | **အင်ဒိုနီးရှား**<br>လူကုန်ကူးမှု ကျူးလွန်သူတစ်ဦး၏ အကျပ်ကိုင်မှုကြောင့် ရာဇဝတ်မှုကျူးလွန်သည့် နစ်နာသူကို ဥပဒေအရ ပြစ်မှုဆိုင်ရာစွဲချက်တင်ခြင်း မပြုရ။<br>အပိုဒ် ၁၈ ၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ပြစ်မှုဆိုင်ရာအက်ဥပဒေကို ပယ်ဖျက်သည့် ဥပဒေအမှတ် ၂၁၊ ၂၀၀၇ |
| **နိုင်ငံအလိုက် သာဓကများ (ASEAN မဟုတ်သည့် နိုင်ငံများ)** | **ဟောတီ**<br>လူကုန်ကူးခံရသည့် နစ်နာသူများသည် လက်ရှိဥပဒေရည်ညွှန်းပါ ပြစ်မှုများအား အမှန်တကယ် ကျူးလွန်ထားသူများ၏ အတင်းအကျပ်စေခိုင်းမှုကြောင့် ကျူးလွန်ထားရသည့် လူကုန်ကူးခံရခြင်းနှင့် ဆက်စပ်နေသော တရားမဝင်လုပ်ရပ်များအတွက် တရားစွဲဆိုစစ်ဆေးမှုအားလုံးမှ လွတ်ငြိမ်းခွင့် ရရှိစေရမည်။<br>(အပိုဒ် ၂၂.၂၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ဥပဒေ)<br>ယခင်အပိုဒ်တွင် ပြဋ္ဌာန်းထားသည့် အလားတူအခြေအနေများအောက်တွင် လူသတ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသော လူကုန်ကူးခံရသည့် နစ်နာသူများသည် ပြစ်ဒဏ်လျှော့ပေါ့သက်သာမှုရရန် သင့်လျော်မှုရှိနိုင်သည်။<br>(အပိုဒ် ၂၂.၃၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ဥပဒေ) |

**မိုဇမ်ဘစ်**

လူကုန်ကူးခံရသည့် နစ်နာသူများသည် ဤဥပဒေတွင်ပါဝင်သော လူကုန်ကူးမှုဆိုင်ရာ လုပ်ရပ်များ သို့မဟုတ် ၎င်းတို့ အတင်းအကျပ်စေခိုင်းခြင်းခံရသည့် မည်သည့်လုပ်ရပ်များအတွက်မဆို ပြစ်မှုဆိုင်ရာ ဥပဒေအရ တာဝန်မရှိစေရ။

(အပိုဒ် ၂၀(၃)၊ ဥပဒေအမှတ် ၆/၂၀၀၈)

**ယူနိုက်တက်ကင်းဒမ်း**

(၁) လူပုဂ္ဂိုလ်တစ်ဦးသည် အောက်ပါအချက်များနှင့် ကိုက်ညီနေပါက ပြစ်မှုမြောက်သည်ဟု သတ်မှတ်ခြင်း မရှိစေရ -

(က) ပြစ်မှုဖြစ်စေသည့် လုပ်ရပ်ကို လုပ်သည့်အချိန်၌ အသက် ၁၈ နှစ် သို့မဟုတ် ၁၈ နှစ်နှင့်အထက် ဖြစ်နေခြင်း၊

(ခ) အတင်းအကျပ်စေခိုင်းခံရခြင်းကြောင့် ထိုလုပ်ရပ်ကို ပြုလုပ်ရခြင်း၊

(ဂ) အဓမ္မစေခိုင်းခြင်းက ကျွန်ပြုခြင်း သို့မဟုတ် သက်ဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းဟု မှတ်ယူနိုင်ခြင်း၊ နှင့်

(ဃ) စွပ်စွဲခံရသူနှင့် အလားတူအခြေအနေမျိုးတွင် ပုံမှန်လူတစ်ဦးကလည်း အလားတူ သက်ဆိုင်ရာ လက္ခဏာရပ်များရှိနေလျှင် ရာဇဝတ်မှုကျူးလွန်ရန်မှအပ လက်တွေ့ကျသည့် ရွေးချယ်စရာ မရှိနိုင်ခြင်း။

(၂) လူတစ်ဦးသည် အခြားလူတစ်ဦးက သို့မဟုတ် ထိုပုဂ္ဂိုလ်၏ အခြေအနေများအရ တစ်စုံတစ်ခု ပြုလုပ်ရန် အတင်းအကျပ်စေခိုင်းခြင်း ခံရနိုင်သည်။

(၃) အဓမ္မစေခိုင်းခြင်းကို ကျွန်ပြုခြင်း သို့မဟုတ် သက်ဆိုင်ရာခေါင်းပုံဖြတ်ခြင်းဟု မှတ်ယူနိုင်သော အခြေအနေများမှာ -

(က) ပုဒ်မ ၁ အောက်ရှိ ပြစ်မှုမြောက်စေသည့် လုပ်ရပ်ဖြစ်ခြင်း သို့မဟုတ် ထိုလုပ်ရပ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ခြင်း၊ သို့မဟုတ် သက်ဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းကို ဖြစ်မြောက်စေသည့် လုပ်ရပ်ဖြစ်ခြင်း၊ သို့မဟုတ်

(ခ) ကျွန်ပြုခံရသည့် နစ်နာသူဖြစ်ခြင်း သို့မဟုတ် ဖြစ်ခဲ့ဖူးခြင်း၊ သို့မဟုတ် သက်ဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း ခံရသည့် နစ်နာသူဖြစ်ခြင်း၏ တိုက်ရိုက်အကျိုးဆက်ဖြစ်ခြင်း။

(၄) လူတစ်ဦးတစ်ယောက် ပြစ်မှုမမြောက်သည့် အချက်များမှာ -

(က) ပြစ်မှုဖြစ်စေသည့်လုပ်ရပ် ပြုလုပ်စဉ်က အသက် ၁၈ နှစ်အောက်ဖြစ်ခြင်း၊

(ခ) ကျွန်ပြုခံရသည့် နစ်နာသူဖြစ်ခြင်း သို့မဟုတ် ဖြစ်ခဲ့ဖူးခြင်း၊ သို့မဟုတ် သက်ဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း ခံရသည့် နစ်နာသူဖြစ်ခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ထိုလုပ်ရပ်ကို ပြုလုပ်ခြင်း၊

(ဂ) စွပ်စွဲခံရသူနှင့် အလားတူအခြေအနေမျိုးတွင် ပုံမှန်လူတစ်ဦးမှလည်း စွပ်စွဲခံရသူကဲ့သို့ အလားတူ သက်ဆိုင်ရာ လက္ခဏာရပ်များရှိနေလျှင် ထိုလုပ်ရပ်ကို ပြုလုပ်နိုင်ခြင်း။

(၅) ဤအပိုင်းအတွက် ရည်ရွယ်၍-

"သက်ဆိုင်ရာလက္ခဏာရပ်များ" ဆိုသည်မှာ အသက်၊ လိင်နှင့် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ နာမကျန်းမှု သို့မဟုတ် မသန်စွမ်းမှုတစ်ခုခုကို ဆိုလိုသည်။

"သက်ဆိုင်ရာခေါင်းပုံဖြတ်ခြင်း" သည် ခေါင်းပုံဖြတ်ခံရခြင်း (ပုဒ်မ ၃ ၏ အနက်ဖွင့်ဆိုချက်) အရ လူကုန်ကူးခံရသည့် နစ်နာသူဖြစ်ခြင်း၊ သို့မဟုတ် ဖြစ်ခဲ့ဖူးခြင်းကြောင့် ခေါင်းပုံဖြတ်ခံရသူဖြစ်သည်ဟု မှတ်ယူနိုင်သည်။

(၆) ဤပုဒ်မတွင် လုပ်ရပ်တစ်ခုအား ရည်ညွှန်းချက်များတွင် ချန်လှပ်ထားမှုတစ်ခု ပါဝင်သည်။

(ပုဒ်မ ၄၅၊ ခေတ်သစ်ကျွန်ပြုမှုအက်ဥပဒေ ၂၀၁၅)။

**တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခြင်း ပုံစံ -** တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခြင်း ပုံစံအရ လူကုန်ကူးခံရသူ ကျူးလွန်သောပြစ်မှုသည် လူကုန်ကူးခံရမှုနှင့် ပတ်သက်နေလျှင် ရာဇဝတ်သားကဲ့သို့ ပြုမူဆက်ဆံခြင်း မခံရပါ။ ပြစ်မှုနှင့် လူကုန်ကူးမှုအကြား ဆက်နွယ်မှုတွင် အင်အားသုံးခြင်း၊ အကျပ်ကိုင်ခြင်း သို့မဟုတ် အတင်းအကျပ်စေခိုင်းခြင်း သို့မဟုတ် မဖြစ်မနေပြုလုပ်ရခြင်းတို့ ပါဝင်ရန်မလိုအပ်သော်လည်း ၎င်းပြစ်မှုမှာ လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်ဖြစ်ရန် လိုအပ်ပေသည်။ လူတစ်ဦးဦးက ရာဇဝတ်မှုကျူးလွန်ရန် လူကုန်ကူးခံရခြင်းကဲ့သို့သော ပြစ်မှုကိုယ်၌က လူကုန်ကူးခြင်း၏ အမြတ်ထုတ် ခေါင်းပုံဖြတ်ရန် ရည်ရွယ်ချက်မှ ဖြစ်ပေါ်ရခြင်းဖြစ်ပါက ပြစ်မှုနှင့် လူကုန်ကူးမှုအကြား ဆက်နွယ်မှုမှာ အထူး ရှင်းလင်းသွားမည်ဖြစ်သည်။ ဤ တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခြင်း ပုံစံကို လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ အပါအဝင် လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ပါဝင်ဆောင်ရွက်သူများက အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခြင်း ပုံစံထက် ပိုမိုအသုံးပြုလိုကြသည်။[71] ထိုချဉ်းကပ်မှုနှစ်မျိုးစလုံးကို လက်တွေ့ ကျင့်သုံးရာတွင် အခက်အခဲကိုယ်စီရှိသော်ငြား တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခြင်း ပုံစံသည် လက်တွေ့တွင် အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခြင်း/မတရားချုပ်နှောင်၍ စေခိုင်းခြင်း ပုံစံထက် သက်သေထူရန်နှင့် အသုံးချရန် ပိုမိုလွယ်ကူသည်ဟု မှတ်ယူကြသည်။[72] အထူးသဖြင့် အရွယ်မရောက်သေးသူများနှင့် စပ်လျဉ်း၍ ၎င်းတို့ လူကုန်ကူးခံရကြောင်း အတည်ပြုရန် နည်းလမ်းများအား သက်သေပြရန်မလိုသည်ကို ကြည့်ခြင်းအားဖြင့် အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခြင်း ပုံစံကို လက်တွေ့မကျဟု မှတ်သားထားသည်။[73] တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခြင်း အခြေပြုပုံစံသည် နစ်နာသူ၏ ပြစ်မှုကျူးလွန်ခြင်းက လူကုန်ကူးသူဘက်မှ အဓမ္မစေခိုင်းခြင်း၏ ရလဒ်ဖြစ်ကြောင်း သက်သေအထောက်အထား အတိအကျလိုအပ်သည့် အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခြင်း အခြေပြုပုံစံထက် လက်တွေ့တွင် ပိုမိုကျယ်ပြန့်မှုရှိသည်။[74]

---

[71] *Report of the Special Rapporteur on trafficking in persons, especially women and children, Maria Grazia Giammarinaro,* 6 April 2020, UN Doc A/HRC/44/45, para. 36; *Implementation of the non-punishment principle: Report of the Special Rapporteur on trafficking in persons, especially women and children, Siobhán Mullaly*, UN Doc. A/HRC/47/34 (17 May 2021) para. 52.

[72] *The Importance of implementing the non-punishment provision: the obligation to protect victims*, Maria Grazia Giammarinaro, Special Rapporteur on trafficking in persons, especially women and children, United Nations, Geneva, 30 July 2020, 5 at [14]; *Trafficking in persons, especially women and children, Report of the Special Rapporteur on trafficking in persons, especially women and children*, UN Doc. A/HRC/44/45 (6 April 2020) [23]

[73] United Nations Office on Drugs and Crime, *Female Victims of Trafficking for Sexual Exploitation as Defendants: A Case Law Analysis* (United Nations, Vienna, 2020) 87.

[74] *Guidance on the issue of appropriate criminal justice responses to victims who have been compelled to commit offences as a result of their being trafficked: Background paper prepared by the Secretariat for the Working Group on Trafficking in Persons*, Vienna 10 and 11 September 2020, UN Doc. CTOC/COP/WG.4/2020/2 (15 June 2020), paragraph 61-62.

## ဇယား ၂ - တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခြင်း ပုံစံ

| | **တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခြင်း (ဆက်နွှယ်မှု)** |
|---|---|
| **သတ်မှတ်ထားသည့် အထောက်အထား လိုအပ်ချက်** | နစ်နာသူများသည် ၎င်းတို့လူကုန်ကူးခံရခြင်းနှင့် ဆက်စပ်နေသည့် ပြစ်မှုများအတွက် ပြစ်ဒဏ်ချမှတ်မခံရသင့်ပေ။ |
| **ဒေသအလိုက် သာဓက** | လူကုန်ကူးခံရသည့် နစ်နာသူတစ်ဦးချင်းစီသည် ၎င်းတို့ ကျူးလွန်ထားသော ဥပဒေနှင့်မညီသည့် လုပ်ရပ်များက ၎င်းတို့ လူကုန်ကူးခံရခြင်းနှင့် တိုက်ရိုက်ဆက်နွှယ်နေပါက သက်ဆိုင်ရာနိုင်ငံ၏ ပြည်တွင်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများအရနှင့် သင့်တင့်လျောက်ပတ်သည့် အခြေအနေများတွင် ရာဇဝတ်ဆိုင်ရာ သို့မဟုတ် အုပ်ချုပ်ရေးပိုင်းဆိုင်ရာအရ ပြစ်မှုမြောက်စေရန် တာဝန်ရှိသည်ဟု မသတ်မှတ်ရပါ။ (အပိုဒ် ၁၄(၇)၊ **ACTIP**) |
| **နိုင်ငံအလိုက် သာဓကများ (ASEAN)** | **ဘရူနိုင်းဒါရူစလမ်**<br><br>လူကုန်ကူးခံရသူတစ်ဦးသည် ဤအချက်များကြောင့် ပြစ်မှုဆိုင်ရာ တရားစွဲဆိုစစ်ဆေးခံရရန် ဥပဒေအရ တာဝန်မရှိပါ -<br><br>(က) ဘရူနိုင်းဒါရူစလမ်နိုင်ငံတွင်းသို့ တရားမဝင် ဝင်ရောက်ခြင်း၊<br><br>(ခ) ဘရူနိုင်းဒါရူစလမ်နိုင်ငံအတွင်း တရားမဝင်နေထိုင်ခြင်း၊ သို့မဟုတ်<br><br>(ဂ) လူကုန်ကူးခံရသည်ဟု ယူဆခံရခြင်း သို့မဟုတ် လူကုန်ကူးခံခဲ့ရခြင်း၏ တိုက်ရိုက်အကျိုးဆက် ဖြစ်သည့် ဘရူနိုင်းဒါရူစလမ်နိုင်ငံအတွင်း ဝင်ရောက်ရန် ရည်ရွယ်ချက်ဖြင့် ၎င်း ရယူခဲ့သည့်၊ သို့မဟုတ် ၎င်းအား ပေးအပ်ထားသည့် ခရီးသွားစာရွက်စာတမ်း သို့မဟုတ် မှတ်ပုံတင်စာရွက်စာတမ်း အတုများအား ပြုလုပ်ရယူခြင်း သို့မဟုတ် လက်ဝယ်ပိုင်ဆိုင်ခြင်း။<br><br>(အပိုဒ် ၄၇၊ ဘရူနိုင်းဒါရူစလမ် လူကုန်ကူးမှုတိုက်ဖျက်ရေးအမိန့်ကြေညာချက် (၂၀၁၉))<br><br>**လာအို PDR**<br><br>လူကုန်ကူးခံရသည့် နစ်နာသူများတွင် အောက်ပါအခွင့်အရေးများရှိသည် - **[...]** ၇။ ပြည့်တန်ဆာအလုပ်လုပ်ကိုင်ခြင်းဆိုင်ရာ ပြစ်မှုနှင့် တရားမဝင် အခြေချနေထိုင်မှုတို့အတွက် ပြစ်မှုဆိုင်ရာတာဝန်ရှိမှုမှ လွတ်ငြိမ်းခွင့်ရရှိပြီး ထိန်းသိမ်းခံရခြင်း မရှိစေရ။<br><br>(အပိုဒ် ၃၉၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ပြစ်မှုဆိုင်ရာအက်ဥပဒေအား ဖျက်သိမ်းသည့် ဥပဒေအမှတ် ၂၁၊ ၂၀၀၇)<br><br>**မလေးရှား** |

လူကုန်ကူးခံရသူတစ်ဦးသည် ဤအချက်များကြောင့် ပြစ်မှုဆိုင်ရာ တရားစွဲဆိုစစ်ဆေးခံရရန် ဥပဒေအရ တာဝန်မရှိပါ -

(က) သက်ဆိုင်ရာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်ခြင်း သို့မဟုတ် ဖြတ်သန်းခြင်း၊

(ခ) သက်ဆိုင်ရာနိုင်ငံအတွင်း တရားမဝင်နေထိုင်ခြင်း သို့မဟုတ် ဖြတ်သန်းခြင်း၊ သို့မဟုတ်

(ဂ) လူကုန်ကူးခံရသည်ဟု ယူဆခံရခြင်း သို့မဟုတ် လူကုန်ကူးခံခဲ့ရခြင်း၏ တိုက်ရိုက်အကျိုးဆက်ဖြစ်သည့် သက်ဆိုင်ရာနိုင်ငံအတွင်း ဝင်ရောက်ရန် သို့မဟုတ် ဖြတ်သန်းသွားရန် ရည်ရွယ်ချက်ဖြင့် ၎င်း ရယူခဲ့သည့်၊ သို့မဟုတ် ၎င်းအား ပေးအပ်ထားသည့် ခရီးသွားစာရွက်စာတမ်း သို့မဟုတ် မှတ်ပုံတင်စာရွက်စာတမ်း အတုများအား ပြုလုပ်ရယူခြင်း သို့မဟုတ် လက်ဝယ်ပိုင်ဆိုင်ခြင်း။

(အပိုဒ် ၂၅၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် မှောင်ခိုရွှေ့ပြောင်းဝင်ရောက်သူများ တားဆီးရေး အက်ဥပဒေ၊ ၂၀၀၇)

## မြန်မာ

ဗဟိုအဖွဲ့သည် -

(က) လူကုန်ကူးခံရသူအား ဤဥဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့်  အရေးယူခြင်းမပြုရ။

(ခ) လူကုန်ကူးမှုမှ တိုက်ရိုက်အကျိုးဆက်အဖြစ် ပေါ်ပေါက်လာသော အခြားပြစ်မှု တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍  လူကုန်ကူးခံရသူအား အရေးယူရန် သင့် မသင့် ဆုံးဖြတ် ပေးရမည်။

(ပုဒ်မ ၁၃၊ ၂၀၀၅ ခုနှစ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ)

## ဖိလစ်ပိုင်

လူကုန်ကူးခံရသူများကို ၎င်းလုပ်ရပ် သို့မဟုတ် လူကုန်ကူးသည့် လုပ်ရပ်များမှ နစ်နာသူများအဖြစ် အသိအမှတ်ပြုရမည်ဖြစ်ပြီး လူကုန်ကူးမှုနှင့် တိုက်ရိုက်ပတ်သက်နေသည့် ရာဇဝတ်လုပ်ရပ်များအတွက် ပြစ်ဒဏ်ချမှတ်ခြင်း မပြုရ။ **[...]** ဤကိစ္စနှင့်စပ်လျဉ်း၍ ဤအက်ဥပဒေတွင် ဖော်ပြထားသည့် ရည်ရွယ်ချက်ဖြင့် ခေါင်းပုံဖြတ်ခြင်းတွင် လူကုန်ကူးခံရသူ၏ သဘောတူညီချက် ပေးမှုသည် အရာရောက်ခြင်းမရှိစေရ။

(အပိုဒ် ၁၇၊ လူကုန်ကူးမှုတိုက်ဖျက်ရေးအက်ဥပဒေ (အမှတ် ၉၂၀၈)၊ ၂၀၀၃)

**နိုင်ငံအလိုက် သာဓကများ (ASEAN မဟုတ်သည့် နိုင်ငံများ)**

**Argentina**

လူကုန်ကူးခံရသည့် နစ်နာသူများကို လူကုန်ကူးခံရသည့် တိုက်ရိုက်အကျိုးဆက်ဖြစ်သည့် မည်သည့်ပြစ်မှုအတွက်မဆို ပြစ်ဒဏ်ချမှတ်ခြင်း မရှိစေရ။

(အပိုဒ် ၅၊ ဥပဒေ၊ ၂၆.၃၆၄၊ ၂၀၀၈ ခုနှစ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် လူကုန်ကူးခံရသူများအားကူညီစောင့်ရှောက်ရေး)

**အီဂျစ်**

နစ်နာသူသည် လူကုန်ကူးခံရခြင်းကြောင့် ဖြစ်ပွားသည့် မည်သည့်ပြစ်မှုအတွက်မျှ ပြစ်မှုဆိုင်ရာ သို့မဟုတ် တရားမမှုဆိုင်ရာ တာဝန်မရှိစေရ။

(အပိုဒ် ၂၁၊ ၂၀၁၀ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေအမှတ် (၆၄)

**Kenya ကင်ညာ**

အခြားမည်သည့်ဥပဒေပြဋ္ဌာန်းချက်များ ရှိလင့်ကစား လူကုန်ကူးခံရသည့် နစ်နာသူသည် ကင်ညာနိုင်ငံအတွင်း တရားမဝင်နေထိုင်ခြင်းနှင့် ဆက်နွှယ်နေသည့် မည်သည့်ပြစ်မှုအတွက်မဆို သို့မဟုတ် လူကုန်ကူးခံရသည့် တိုက်ရိုက်အကျိုးဆက်ဖြစ်သည့် မည်သည့်ပြစ်မှုအတွက်မဆို ပြစ်မှုဆိုင်ရာအရ တာဝန်မရှိစေရ။

(ပုဒ်မ ၁၄၊ လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေ)

**မော်လဒီ**

လူကုန်ကူးခံရသူအဖြစ် ဥပဒေစိုးမိုးရေးအရာရှိ သို့မဟုတ် အကာအကွယ်ပေးရေး အရာရှိက သတ်မှတ်ခြင်းခံရသူသည် လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အနေဖြင့် သို့မဟုတ် တိုက်ရိုက်ပတ်သက်နေသည့် မည်သည့် ရာဇဝတ်မှုဆိုင်ရာလုပ်ရပ်အတွက်မဆို ဤဥပဒေနှင့်အညီ ပြစ်မှုမြောက်မည် မဟုတ်ပါ။

(ပုဒ်မ ၄၂၊ ၂၀၁၅ ခုနှစ် လူကုန်ကူးမှု အက်ဥပဒေ)

**ကာတာ**

လူကုန်ကူးခံရသည့် နစ်နာသူသည် လူကုန်ကူးခံရခြင်းနှင့် တိုက်ရိုက်ပတ်သက်နေသည့် မည်သည့်ရာဇဝတ်မှုအတွက်မဆို ပြစ်မှုဆိုင်ရာ သို့မဟုတ် တရားမမှုဆိုင်ရာ တာဝန်မရှိစေရ။

(အပိုဒ် ၄၊ ၂၀၁၁ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေး ကာတာဥပဒေအမှတ် ၁၅)

**ရိုမေးနီးယား**

လူကုန်ကူးခံရသည့် နစ်နာသူသည် ၎င်း ခေါင်းပုံဖြတ်ခံရခြင်း၏ ရလဒ်အနေဖြင့်

ပြည့်တန်ဆာ အလုပ်လုပ်ကိုင်ခြင်း၊ တောင်းရမ်းခြင်း၊ နယ်စပ်ကို တရားမဝင် ဖြတ်သန်းခြင်း သို့မဟုတ် လူ့ကိုယ်တွင်းကလီစာများ၊ တစ်သျှူးများ သို့မဟုတ် ဆဲလ်များ ပေးခြင်းတို့အတွက် ပြစ်ဒဏ်ချ မှတ်ခံရမည် မဟုတ်ပါ။

(လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေ အပိုဒ် ၂၀ (၂၀၁၀ ခုနှစ်တွင် ပြင်ဆင်ခဲ့))

**အမေရိကန်ပြည်ထောင်စု**

လူကုန်ကူးမှု၊ မျိုးဆက်ပွားမှု၊ ကျွန်ပြုမှု၊ အနိုင်အထက် စေခိုင်းမှု၊ သို့မဟုတ် အဓမ္မ အလုပ်စေခိုင်းမှု၊ စာရွက်စာတမ်းများနှင့် စပ်လျဉ်းသည့် ဥပဒေမဲ့ပြုကျင့်မှု ဆိုင်ရာ ပြစ်ဒဏ်များသည် "ပြင်းထန်သော လူကုန်ကူးမှုကို ကျူးလွန်ခံခဲ့ရသည့် နစ်နာသူ ဖြစ်သူ သို့မဟုတ် ဖြစ်ဖူးသူက" အဆိုပါလုပ်ရပ်ကို လူကုန်ကူးခံရခြင်းကြောင့် ကျူးလွန်ခဲ့ရခြင်း ဖြစ်ပါက "၎င်း၏ လုပ်ရပ်အပေါ် အကျုံးဝင်သက်ရောက်မှု မရှိစေရ [...]။"

"[...] ပြင်းထန်သော လူကုန်ကူးမှုကို ကျူးလွန်ခံခဲ့ရသည့် နစ်နာသူများကို လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အနေဖြင့် ၎င်းတို့ကျူးလွန်သည့် ဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် မလျော်မကန် ဖမ်းဆီးအကျဉ်းချခြင်း၊ ဒဏ်ကြေးတပ်ခြင်း၊ အခြားပြစ်ဒဏ်ပေးခြင်းမျိုး မပြုလုပ်ရ။"

(ပုဒ်မ ၁၅၉၂၊ ၂၀၀၀ ပြည့်နှစ် လူကုန်ကူးခံရသူများအား ကာကွယ်ရေးဥပဒေ (TVPA))

ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို ဥပဒေတွင် မည်သို့ဖော်ပြထားသည်ဖြစ်စေ၊ လူကုန်ကူးခံရသည့် နစ်နာသူများကို နိုင်ငံများက အကာအကွယ်ပေးရန် တာဝန်ဝတ္တရားရှိသည့်အတိုင်း ကျင့်သုံးရန်လိုအပ်ပေသည်။ နိုင်ငံများသည် လူကုန်ကူးခံရသည့် နစ်နာသူအား ဖော်ထုတ်အတည်ပြုနိုင်မှု မရှိခြင်းကြောင့် နောက်ဆက်တွဲအနေဖြင့် ၎င်းနစ်နာသူ သည် ရာဇဝတ်သားကဲ့သို့ ပြုမူဆက်ဆံခံရခြင်းဖြစ်စေ၊ လူတစ်ဦးအား တရားစွဲဆိုစစ်ဆေးခြင်းနှင့် စီရင်ချက်ချခြင်း ပြုရန်၊ မပြုရန် ဆုံးဖြတ်ချက်များချရာတွင် ထိုပုဂ္ဂိုလ်၏ နစ်နာထိခိုက်မှုအား လုံလောက်စွာ ထည့်သွင်းစဉ်းစားခြင်း မရှိခြင်းကြောင့်ဖြစ်စေ ဤတာဝန်ဝတ္တရားကို ချိုးဖောက်မိနိုင်သည်။[75]

ဤအပိုင်းတွင် ASEAN အဖွဲ့ဝင်နိုင်ငံများရှိ ဥပဒေနှင့် မူဝါဒများတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို မည်သို့

[75] Ryszard Piotrowicz, "Article 26, Non-punishment provision" in Julia Planitzer and Helmut Sax (eds.) *A Commentary on the Council of Europe Convention on against Trafficking in Human Beings* (Edward Elgar, 2020) 319

ထည့်သွင်းပြဋ္ဌာန်းထားသည်နှင့် လက်တွေ့တွင် မည်သို့ကျင့်သုံးသည်တို့ကို ဖော်ပြပါမည်။ ASEAN အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံအနက် ခုနစ်နိုင်ငံရှိ ပြည်တွင်းဥပဒေများတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို အတိအလင်း ထည့်သွင်းပြဋ္ဌာန်းထားပြီး ၎င်းနိုင်ငံများမှာ ဘရူနိုင်းဒါရူစလမ်၊ အင်ဒိုနီးရှား၊ လာအို PDR၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့ ဖြစ်ပါသည်။

## ဇယား ၃ - ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အကာအကွယ်ပေးမှု အတိုင်းအတာ

| နိုင်ငံ | ဥပဒေတွင် အတိအလင်း ဖော်ပြထားသည့် ပြဋ္ဌာန်းချက် | အကာအကွယ်ပေးမှုဆိုင်ရာ ကန့်သတ်ချက်များ | ပုံစံ | |
|---|---|---|---|---|
| | | | အကျိုးဆက်အဖြစ် လုပ်ဆောင်ရခြင်း | သိမ်းသွင်းခံရ၍ လုပ်ဆောင်ရခြင်း |
| ဘရူနိုင်း ဒါရူစလမ် | အပိုဒ် ၄၇၊ လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ဘရူနိုင်းဒါရူစလမ် အမိန့်ကြေညာချက် (၂၀၁၉) | ကန့်သတ်ချက်ရှိသည်။ နိုင်ငံတွင်းသို့ တရားမဝင် ဝင်ရောက်ခြင်း၊ တရားမဝင် နေထိုင်ခြင်းနှင့် စာရွက်စာတမ်းဆိုင်ရာ ပြစ်မှုများ အတွက်သာ အကျုံးဝင်သည်။ | ✓ | |
| ကမ္ဘောဒီးယား | မရှိပါ | - | - | - |
| အင်ဒိုနီးရှား | အပိုဒ် ၁၈၊ လူကုန်ကူးမှုဆိုင်ရာ ရာဇဝတ်မှု အက် ဥပဒေ ပယ်ဖျက်ခြင်းဆိုင်ရာ ဥပဒေအမှတ် ၂၁၊ ၂၀၀၇ခုနှစ် | ကန့်သတ်ချက်မရှိပါ။ | | ✓ |
| လာအို PDR | အပိုဒ် ၃၉၊ လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေ (၂၀၁၅) | ကန့်သတ်ချက်ရှိသည်။ ပြည့်တန်ဆာပြုခြင်းနှင့် နိုင်ငံတွင်းသို့ တရားမဝင် ဝင်ရောက်ခြင်းဆိုင်ရာ ပြစ်မှုများအတွက်သာ အကျုံးဝင်သည်။ | ✓ | |
| | အပိုဒ် ၂၅၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေ (၂၀၀၄) | ကန့်သတ်ချက်ရှိသည်။ အမျိုးသမီးများနှင့် ကလေးသူငယ်များ အတွက်သာ အကျုံးဝင်ပြီး အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးခြင်း၊ ပြည့်တန်ဆာပြုခြင်းနှင့် နိုင်ငံတွင်းသို့ တရားမဝင် ဝင်ရောက်ခြင်းဆိုင်ရာ ပြစ်မှုများအတွက်သာ အကျုံးဝင်သည်။ | ✓ | |
| မလေးရှား | အပိုဒ် ၂၅၊ လူကုန်ကူးမှု နှင့် ရွှေ့ပြောင်းနေထိုင်သူများအား မှောင်ခိုသွင်းမှု ဆန့်ကျင်တိုက်ဖျက်ရေး အက်ဥပဒေ (၂၀၀၇) | ကန့်သတ်ချက်ရှိသည်။ နိုင်ငံတွင်းသို့ တရားမဝင် ဝင်ရောက်ခြင်း၊ တရားမဝင် နေထိုင်ခြင်းနှင့် စာရွက်စာတမ်း ဆိုင်ရာ ပြစ်မှုများအတွက်သာ အကျုံးဝင်သည်။ | ✓ | |

| | | | | |
|---|---|---|---|---|
| မြန်မာ | အပိုဒ် ၁၃၊ လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး အက်ဥပဒေ (၂၀၀၅) | ကန့်သတ်ချက်ရှိသည်။ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေ (၂၀၀၅) တွင် ဖော်ပြထားသည့် ပြစ်မှုများ အတွက်သာ အကျုံးဝင်သည်။ | ✓ | |
| ဖိလစ်ပိုင် | အပိုဒ် ၁၇၊ RA ၁၀၃၆၄ (၂၀၁၂) (ချဲ့ထွင်မွမ်းမံ ထားသော လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး အက်ဥပဒေ) ဖြင့် မွမ်းမံ ပြင်ဆင်ထားသည့် ပြည်သူ့ သမ္မတနိုင်ငံ အက်ဥပဒေ အမှတ် ၉၂၀၈ (၂၀၀၃) | ကန့်သတ်ချက်မရှိပါ။ | ✓ | |
| စင်ကာပူ | မရှိပါ | - | - | - |
| ထိုင်း | ထိုင်းနိုင်ငံ လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး အက်ဥပဒေ B.E. ၂၅၅၁ (၂၀၀၈) ၏ အပိုဒ် ၄၁ | ကန့်သတ်ချက်ရှိသည်။ နိုင်ငံတွင်းသို့ တရားမဝင် ဝင်ရောက်ခြင်း သို့မဟုတ် နေထိုင်ခြင်း၊ အချက်အလက်အတုများ ဖြည့်သွင်းခြင်း၊ စာရွက်စာတမ်းဆိုင်ရာ ပြစ်မှုများ၊ ပြည့်တန်ဆာမှုများ၊ အလုပ်အကိုင်ဆိုင်ရာ ပြစ်မှုများ အတွက်သာ အကျုံးဝင်သည်။ သို့ရာတွင် လူကုန်ကူးခံရသူ များအား ဤပြစ်မှုများအတွက် ရာဇဝတ်မှု ဆိုင်ရာ ရုံးတင် စစ်ဆေး ကြားနာခြင်း ဆောင်ရွက်ရန်အတွက် တရားရေး ဝန်ကြီးထံမှ စာဖြင့် ရေးသားထားသော ခွင့်ပြုချက် ကို တောင်းခံနိုင်သည်။ | | |

ဤအခြေခံမှုကို လက်တွေ့အခြေအနေများတွင် ကျင့်သုံးရာ၌ အခြေခံမှု၏ အကာအကွယ်ပေးမှု အတိုင်းအတာနှင့် အကျိုးသက်ရောက်မှုတို့နှင့်စပ်လျဉ်းသည့် ရှုပ်ထွေးခက်ခဲသော မေးခွန်းပြဿနာများကို ကြုံတွေ့ကြရသည်။ ဥပမာဆိုရသော် ဤအခြေခံမှုသည် မည်သည့်အခြေအနေတွင် အကျုံးဝင်၍ မည်သည့်အခြေအနေမျိုးတွင် သက်ရောက်မှုမရှိသနည်း။ နစ်နာသူက ကျူးလွန်သည့် ပြစ်မှုနှင့် ၎င်း လူကုန်ကူးခံရခြင်းတို့အကြား ဆက်နွယ်မှုကို မည်သို့သက်သေထူမည်နည်း။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်တွင် ပြစ်မှုအမျိုးအစားအားလုံး အကျုံးဝင်ပါသလော၊ သို့မဟုတ် မည်သည့်အခြေအနေများတွင် မည်သည့် ပြစ်မှုများသည် အကျုံးဝင်ပါသနည်း။ လူကုန်ကူးခံရသည့် နစ်နာသူတစ်ဦး ဖြစ်ခြင်းကြောင့် ၎င်း၏ ရာဇဝတ်သားအဖြစ် သတ်မှတ်နိုင်ချက်ကို ပယ်ဖျက်မည်လော သို့မဟုတ် လျှော့ချမည်လော။ ဤမေးခွန်းများကို ဖြေဆိုရာတွင် ကြုံတွေ့ရသည့် ရှုပ်ထွေးခက်ခဲမှုသည် ဤအခြေခံမှုအား ဥပဒေတွင် အကျယ်တဝင့် အသိအမှတ်ပြုထားသော်လည်း လက်တွေ့ကျင့်သုံးရာ၌ တစ်သမတ်တည်းကျင့်သုံးနိုင်မှု မရှိခြင်း၏ အကြောင်းအရင်းကို ရှင်းလင်းဖော်ပြနေသည့် အဖြေတစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။

# 2

# ASEAN အဖွဲ့ဝင်နိုင်ငံများရှိ ဥပဒေ၊ မူဝါဒနှင့် ကျင့်သုံးမှုအလေ့အထများ

## ၂.၁ ဘရူနိုင်းဒါရူစလမ်

ဘရူနိုင်းဒါရူစလမ်နိုင်ငံ အာဏာပိုင်များသည် ဤလေ့လာချက်အတွက် ဆွေးနွေးဝိုင်းဆောင်ရွက်မှုများတွင် ပါဝင် ဆွေးနွေးခြင်းမပြုသည့်အတွက် ဤနိုင်ငံ၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ကျင့်သုံးခြင်းနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို အများပြည်သူရယူနိုင်သည့် ရင်းမြစ်များထံမှသာ ရယူနိုင်ခဲ့ပါသည်။ လေ့လာချက်အတွက် အသုံးပြုနိုင်သည့် သတင်းအချက်အလက် အလွန်အနည်းအကျဉ်းသာ ရရှိခဲ့ပါသည်။

**လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေတွင် အတိအလင်းဖော်ပြထားသည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ဆိုင်ရာ ပြဋ္ဌာန်းချက် -** *လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ဘရူနိုင်းဒါရူစလမ် အမိန့်ကြေညာချက်* (၂၀၁၉)၏ အပိုဒ် ၄၇ တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို ထည့်သွင်းထားပြီး လူကုန်ကူးခံရသူသည် လူကုန်ကူးမှု၏ တိုက်ရိုက် အကျိုးဆက်အဖြစ် နိုင်ငံတွင်းသို့ တရားမဝင် ဝင်ရောက်ခြင်း၊ တရားမဝင် နေထိုင်ခြင်းနှင့် ခရီးသွားစာရွက်စာတမ်း သို့မဟုတ် မှတ်ပုံတင်စာရွက်စာတမ်း အတုများအား ဝယ်ယူခြင်း သို့မဟုတ် လက်ဝယ်ပိုင်ဆိုင်ခြင်းတို့အတွက် ရာဇဝတ်မှုဆိုင်ရာ ရုံးတင်စစ်ဆေး ကြားနာခြင်းမှ ကင်းလွတ်ခွင့်ရရှိစေရမည်ဟု ဖော်ပြထားသည်။

> ရာဇဝတ်မှုဆိုင်ရာ ရုံးတင်စစ်ဆေးကြားနာခြင်းမှ ကင်းလွတ်ခွင့်
>
> ၄၇။ လူကုန်ကူးခံရသူသည် အောက်ပါအချက်များအတွက် ရာဇဝတ်မှုဆိုင်ရာ ရုံးတင် စစ်ဆေး ကြားနာခြင်းမှ ကင်းလွတ်ခွင့်ရရှိစေရမည် -
>
> (က) ဘရူနိုင်းဒါရူစလမ်နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်ခြင်း၊
>
> (ခ) ဘရူနိုင်းဒါရူစလမ်နိုင်ငံအတွင်း တရားမဝင် နေထိုင်ခြင်း၊ သို့မဟုတ်
>
> (ဂ) ကျူးလွန်ဖြစ်ပွားခဲ့သည်ဟု ယူဆသတ်မှတ်သော လူကုန်ကူးမှု၏ တိုက်ရိုက် အကျိုးဆက်အဖြစ် ဘရူနိုင်းဒါရူစလမ်နိုင်ငံတွင်းသို့ ဝင်ရောက်ရန်အတွက် ရယူခဲ့သော သို့မဟုတ် ရရှိခဲ့သော ခရီးသွား သို့မဟုတ် မှတ်ပုံတင်ဆိုင်ရာ စာရွက်စာတမ်းအတုများ ဝယ်ယူခြင်း သို့မဟုတ် လက်ဝယ်ပိုင်ဆိုင်ခြင်း။

*လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ဘရူနိုင်းဒါရူစလမ် အမိန့်ကြေညာချက်* (၂၀၁၉)၏ အပိုဒ် ၄၇ ကို လက်တွေ့ ကျင့်သုံးခြင်း ရှိ၊ မရှိနှင့် မည်သို့အနက်ဖွင့်၍ ကျင့်သုံးသည်နှင့်စပ်လျဉ်း၍ မည်သည့် သတင်းအချက်အလက်ကိုမျှ ရယူနိုင်ခြင်း မရှိခဲ့ပေ။

**တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများသည် လူကုန်ကူးမှုဆိုင်ရာ ပြစ်မှုများအတွက် ပြစ်ဒဏ်ချမှတ်ခြင်း ခံရနိုင်သော အန္တရာယ်ဖြစ်နိုင်ခြေ -** *လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ဘရူနိုင်း ဒါရူစလမ် အမိန့်ကြေညာချက်* (၂၀၁၉)၏ အပိုဒ် ၄၈ အရ ဘရူနိုင်းနိုင်ငံ၌ လူကုန်ကူးခံရသည့် နစ်နာသူများသည် လူကုန်ကူးမှုဆိုင်ရာ ပြစ်မှုများအတွက် ပြစ်ဒဏ်ချမှတ်ခံရနိုင်သည့် အန္တရာယ်ရှိကြောင်း တွေ့ရှိခဲ့ရသည်။

> ပြစ်မှုကျူးလွန်သူကို တရားမဝင် ရွှေ့ပြောင်းနေထိုင်သူအဖြစ် သတ်မှတ်ခြင်း
>
> ၄၈။ ဤအမိန့်ကြေညာချက် သို့မဟုတ် ဤတွင်ပါရှိသည့် မည်သည့် စည်းမျဉ်း သတ်မှတ်ချက်များကိုမဆို ချိုးဖောက်သည့်ပြစ်မှုကြောင့် ပြစ်ဒဏ်ချမှတ်ခံရသည့် ဘရူနိုင်းဒါရူစလမ်နိုင်ငံသားမဟုတ်သူ မည်သူမဆိုကို လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေ (အခန်း ၁၇) အပိုဒ် ၈ အရ တရားမဝင် ရွှေ့ပြောင်းနေထိုင်သူအဖြစ် သတ်မှတ်သည်။

လူကုန်ကူးခံရသော နစ်နာသူများအဖြစ်မှ ပြောင်းလဲကာ ခေါင်းပုံဖြတ်ရန်အတွက် အခြားသူများအား စည်းရုံးခေါ်ယူခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်း လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်သောကြောင့် လူကုန်ကူးမှု ကျူးလွန်သူများအဖြစ် မှားယွင်းသတ်မှတ်ခံရပါက အဆိုပါ နစ်နာသူများသည် အပိုဒ် ၄၇ ဖြင့် ပေးအပ်ထားသည့် အကာအကွယ်တွင်

အကျုံးမဝင်ဘဲ အပိုဒ် ၄၈ အရ ‘တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများ’ အဖြစ် သတ်မှတ်ခံရနိုင်သည်။

**လူကုန်ကူးခံရသော နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခြင်း ပေါ်ပေါက်စေသည့် ဖော်ထုတ်အတည်ပြုခြင်း ဆိုင်ရာ စိန်ခေါ်မှုများ -** ၂၀၂၁ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အမေရိကန်ပြည်ထောင်စု အစီရင်ခံစာတွင် နစ်နာသူများအား ဖော်ထုတ်အတည်ပြုရာတွင် အားနည်းချက်များရှိနေသောကြောင့် နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခဲ့သည့် ဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ကြောင်း ဖော်ပြထားသည်။ အဆိုပါ အစီရင်ခံစာတွင် ‘အစိုးရသည် လူကုန်ကူးမှု ကျူးလွန်သူများက လူကုန်ကူးခံရသော နစ်နာသူများကို တရားမဝင် ဆောင်ရွက်မှုများတွင် ပါဝင်ရန်အတွက် သိမ်းသွင်းခဲ့ခြင်း ရှိ၊ မရှိကို စစ်ဆေးဖော်ထုတ်ရန် နစ်နာသူဗဟိုပြု ချဉ်းကပ်နည်းလမ်းကို အသုံးပြုခြင်းမရှိဘဲ နစ်နာသူဖြစ်နိုင်သည့် လူပုဂ္ဂိုလ်များအား ဖမ်းဆီးခြင်း၊ နိုင်ငံပြင်ပသို့ ပြန်ပို့ခြင်းနှင့် တရားစွဲဆိုခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်’[76] ဟု ဖော်ပြထားသည်။ ထို့အပြင် အာဏာပိုင်များသည် လူမျိုးခြားအမျိုးသမီးများအား ပြည့်တန်ဆာမှုကြောင့် ဖမ်းဆီးသည့် ‘ဝင်ရောက်စီးနင်းခြင်း’ ကဲ့သို့သော တရားဥပဒေစိုးမိုးရေး စစ်ဆင်ရေးများဖြင့် နစ်နာသူများအား ဖမ်းဆီးထိန်းသိမ်းပြီးမှသာလျှင် ဖော်ထုတ်အတည်ပြုခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လေ့ရှိသည်ဟူ၍လည်း ဖော်ပြထားသည်။ ဖော်ထုတ်အတည်ပြုခြင်း မခံရသည့် နစ်နာသူများကို လုပ်သားဆိုင်ရာ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြစ်မှုများကြောင့် ဖမ်းဆီးခြင်းလည်း ရှိနိုင်သည်၊ အလုပ်ရှင်များက လုပ်သားများကို လုပ်ခမပေးဘဲ နိုင်ငံကူးလက်မှတ်များအား သိမ်းဆည်းထားကာ လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များထံသို့ အဆိုပါ လုပ်သားများ ထွက်ပြေးသွားကြောင်း သတင်းပေးတိုင်ကြားသည့် ဖြစ်စဉ်မျိုးများ၌ပင် လူမျိုးခြားလုပ်သားများကို စနစ်တကျ စစ်ဆေးဖော်ထုတ်ခြင်းမရှိဘဲ ဘရူနိုင်းနိုင်ငံပြင်ပသို့ ပြန်ပို့သည့်ဖြစ်စဉ်များရှိခဲ့ကြောင်း သိရှိရသည်။[77]

[76] 2021 Trafficking in Persons Report: Brunei (US Department of State, 2021)

[77] 2021 Trafficking in Persons Report: Brunei (US Department of State, 2021)

## ၂.၂ ကမ္ဘောဒီးယား

ဤလေ့လာချက်အတွက် ကမ္ဘောဒီးယားနိုင်ငံတွင် ဆွေးနွေးပွဲနှစ်ခုကို ကျင်းပဆောင်ရွက်ခဲ့ပြီး အစိုးရနှင့် အစိုးရမဟုတ်သော လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး အဖွဲ့အစည်းများကို ကိုယ်စားပြု၍ တက်ရောက်ပါဝင်ကြသူ စုစုပေါင်း ၃၀ ဦး ရှိခဲ့ပါသည်။ ဤအပိုင်းတွင် ၎င်းတို့၏ ထိုးထွင်းသုံးသပ်ချက်များကို အဓိကအသုံးချထားပြီး အများပြည်သူရယူနိုင်သည့် သတင်းအချက်အလက်များကိုလည်း အသုံးပြုထားပါသည်။

### ဥပဒေနှင့် မူဝါဒတို့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို ထည့်သွင်းဖော်ပြခြင်း

**ဥပဒေတွင် ရာဇဝတ်ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များ မပါရှိခြင်း -** ကမ္ဘောဒီးယားနိုင်ငံ ဥပဒေတွင် လူကုန်ကူးခံရသော နစ်နာသူများအား ၎င်းတို့၏ လူကုန်ကူးခံရမှုနှင့် ဆက်နွှယ်နေသည့် ပြစ်မှုများအတွက် ရုံးတင်စစ်ဆေး ပြစ်ဒဏ်ချမှတ်ခြင်းမှ အကာအကွယ်ပေးရန် ရာဇဝတ်ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်ကို အတိအလင်း ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။ ပါဝင်တက်ရောက်သူ အချို့က ဤအခြေခံမူကို ရဲတပ်ဖွဲ့၊ အစိုးရရှေ့နေများနှင့် တရားသူကြီးများက တစ်သမတ်တည်း ထိရောက်မှုရှိစွာ ကျင့်သုံးနိုင်ရန်အတွက် ဥပဒေတွင် ရှင်းလင်းစွာ ထည့်သွင်း ပြဋ္ဌာန်းသင့်ကြောင်း ၎င်းတို့၏အမြင်ကို ဖော်ပြခဲ့ကြသည်။

**ကလေးသူငယ်နစ်နာသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ -** *လူကုန်ကူးမှုနှင့် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်း တိုက်ဖျက်ရေးဥပဒေ* (၂၀၀၈) ၏ အပိုဒ် ၄၄ တွင် ကလေးသူငယ်များကို အရွယ်မရောက်သေးသည့် အသက်ဆယ့်ငါးနှစ်အောက်ပုဂ္ဂိုလ်နှင့် လိင်ဆက်ဆံခြင်း (အပိုဒ် ၄၂) အပါအဝင် အရွယ်မရောက်သေးသည့် အသက်ဆယ့်ငါးနှစ်အောက်ပုဂ္ဂိုလ်နှင့် မတော်တရော် ကျူးလွန်ခြင်း (အပိုဒ် ၄၃) တို့ အပါအဝင် ပြစ်မှုများအတွက် ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ လွတ်ငြိမ်းခွင့် ပေးအပ်ထားသည်။ အသက် ၁၅ နှစ်ကျော်လွန်ပြီးသူများအတွက်ပါ အကာအကွယ်ဖြစ်စေနိုင်မည့် အားနည်းချက်များကို ဖော်ပြဆွေးနွေးခဲ့သော်လည်း အစိုးရကိုယ်စားပြု ပါဝင်တက်ရောက်သူများက အသက်အရွယ် ဆုံးဖြတ်သတ်မှတ်ခြင်းကို အထောက်အကူဖြစ်စေရန် ရေးဆွဲချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းများရှိကြောင်းနှင့် တရားဝင် ဆုံးဖြတ်သတ်မှတ်ခြင်း မပြုမီအချိန်အထိ အရွယ်မရောက်သေးသည့်ပုဂ္ဂိုလ်အဖြစ် သတ်မှတ်ကြောင်းတို့ကို ပြန်လည်ဖော်ပြဆွေးနွေးခဲ့ကြသည်။ ထို့အပြင် အစိုးရကိုယ်စားပြု ပါဝင်တက်ရောက်သူများက ကမ္ဘောဒီးယားနိုင်ငံတွင် (အရွယ်မရောက်သေးသည့်ပုဂ္ဂိုလ်များအား ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်များအား ပြဋ္ဌာန်းထားသည့်) *ရာဇဝတ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းလက်စွဲ* အပိုဒ် ၉၆ နှင့် (ရာဇဝတ်သားအဖြစ် သတ်မှတ်နိုင်သည့်အရွယ်သည် ၁၈ နှစ် ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည့်) *ကလေးသူငယ်ဆိုင်ရာ တရားမျှတရေးဥပဒေ* အပိုဒ် ၇ တို့ဖြင့် ဥပဒေချိုးဖောက်သည့် ကလေးသူငယ်များအတွက် အထူးအကာအကွယ်ပေးထားကြောင်းကိုလည်း ဖော်ပြဆွေးနွေးခဲ့ကြသည်။[78]

**နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခြင်းမှ အကာအကွယ်ပေးရေး အခြားဥပဒေပြဋ္ဌာန်းချက်များ -** ပြည်တွင်းဥပဒေတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်အား အတိအလင်း ထည့်သွင်းထားခြင်း မရှိသော်လည်း ပါဝင်တက်ရောက်သူ အချို့က ဥပဒေသည် ယေဘုယျအားဖြင့် နစ်နာသူများကို အကာအကွယ်ပေးသောကြောင့် ဤအခြေခံမူကို ကာကွယ်လိုက်နာရာရောက်သည်ဟု ထင်မြင်ကြောင်း ဖော်ပြဆွေးနွေးခဲ့ကြသည်။ နစ်နာသူအား အကာအကွယ်ပေးခြင်းသည် လူ့အခွင့်အရေးများအား လေးစားလိုက်နာခြင်း၏ အဓိကအင်္ဂါရပ်တစ်ခုဖြစ်ပြီး နစ်နာသူတို့ ပူးပေါင်းဆောင်ရွက်စေရန်

[78] This rule is subject to the exception that the court can make minors aged 14 and upwards criminally liable if circumstances or personality allow. See 'Juvenile Justice and Strategic Operational Plan 2018-2020', Ministry of Social Affairs Veterans and Youth Rehabilitation and Ministry of Justice, p.201.

ဆောင်ရွက်ရာတွင် အရေးပါသည်။ ဤအချက်နှင့်ပတ်သက်၍ *လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေ*၊ ရာဇဝတ်ဥပဒေ၊ (ခမာနိုင်ငံသားများအတွက် ဥပဒေရှေ့မှောက်တွင် လူ့အခွင့်အရေးနှင့် တန်းတူညီမျှမှုတို့ကို ခံစားခွင့်ရှိစေရန် အကာအကွယ်ပေးထားသော) ကမ္ဘောဒီးယား ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၁ အပြင် နိုင်ငံတကာနှင့် ဒေသတွင်း စာချုပ်စာတမ်းများကို ရည်ညွှန်းဖော်ပြခဲ့သည်။ သို့ရာတွင် ကမ္ဘောဒီးယားသည် သက်ဆိုင်ရာ နိုင်ငံတကာ စာချုပ်စာတမ်းများ၌ စာချုပ်ဝင်အဖြစ် လက်မှတ်ရေးထိုးထားကြောင်းကို ထောက်ပြခဲ့ပြီး တရားရုံးတော်အနေဖြင့် စီရင်ဆုံးဖြတ်ချက်များ ချမှတ်ရာ၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကဲ့သို့ အခြေခံမူများကို ရှင်းလင်းစွာ ထည့်သွင်း ပြဋ္ဌာန်းထားခြင်း မရှိသည့် ပြည်တွင်းဥပဒေကိုသာ ထည့်သွင်းစဉ်းစားလိုက်နာကြောင်း မှတ်ချက်ပြု ဆွေးနွေးခဲ့ကြသည်။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့်ဆက်စပ်နေသည့် မူဝါဒစာရွက်စာတမ်းများ -** အောက်တွင်ဖော်ပြထားသည့် ဇယား ၄ အပါအဝင် မြောက်များစွာသော မူဝါဒစာရွက်စာတမ်းများ၊ လမ်းညွှန်များ၊ ဖောင်ပုံစံများနှင့် လုပ်ထုံးလုပ်နည်းများသည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူနှင့် ဆက်စပ်နေသည်။ တရားရေး တာဝန်ရှိသူများက ဆွေးနွေးဝိုင်းများတွင် ဤမူဝါဒစာရွက်စာတမ်းများအား ရည်ညွှန်းဆွေးနွေးခြင်း စိုးစဉ်းမျှမရှိခဲ့သည့်အတွက် ၎င်းတို့သည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ကျင့်သုံးရာ၌ အနည်းငယ်သာ အသုံးဝင်သည့် သို့မဟုတ် လုံးဝ အသုံးမဝင်သည့် အချက်ကို ဖော်ပြနေသည်။ လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် ငါးနှစ်တာ မဟာဗျူဟာ စီမံကိန်း ၂၀၁၉-၂၀၂၃ တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကို ထည့်သွင်းဖော်ပြမထားသော်လည်း ASEAN လုပ်ငန်းစီမံချက်နှင့် အညီ ACTIP ကို လက်တွေ့ အကောင်အထည်ဖော်ရန် ဖော်ပြ၍ ၎င်းအခြေခံမူ သဘောတရားကို ထင်ဟပ်ထားသည်။[79] အခြား မူဝါဒစာရွက်စာတမ်းများတွင်လည်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့်စပ်လျဉ်း၍ ဖော်ပြထားခြင်း မရှိပါ။[80]

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား အနက်ဖွင့်ဆိုခြင်း

**လူကုန်ကူးမှုနှင့် နစ်နာသူကကျူးလွန်သည့် ပြစ်မှုအကြား ဆက်နွှယ်မှုကို ဖော်ထုတ်ခြင်း -** အစိုးရ တာဝန်ရှိသူများက နစ်နာသူတစ်ဦးအား ၎င်းကျူးလွန်ခဲ့သည့် ပြစ်မှုအတွက် ပြစ်ဒဏ်ကျခံရသင့်ခြင်း ရှိ၊ မရှိ ဆုံးဖြတ်ရာတွင် ၎င်း၏ ရည်ရွယ်ချက်အပေါ် အခြေခံစဉ်းစားကြောင်းနှင့် ဥပမာအားဖြင့် နစ်နာသူသည် ပြစ်မှုကျူးလွန်ရန် အဓမ္မစေခိုင်းခံရ၍ ရည်ရွယ်ချက်မရှိဘဲ ကျူးလွန်ခဲ့ရခြင်း ဖြစ်ပါက ၎င်းကို နစ်နာသူအဖြစ် သတ်မှတ်ကြောင်း ရှင်းပြဆွေးနွေးခဲ့ကြသည်။ ပြစ်မှုတစ်ရပ်ကို ရည်ရွယ်ချက်မရှိဘဲ ကျူးလွန်ခဲ့ရသည့် ပုဂ္ဂိုလ်အား အပြစ်မရှိဟု သတ်မှတ်ရမည်ဖြစ်သည့်နည်းတူ လူပုဂ္ဂိုလ်တစ်ဦးက အခြား လူပုဂ္ဂိုလ်တစ်ဦး၏ အခွင့်အရေးများကို အဓမ္မစေခိုင်းခံရ၍မဟုတ်ဘဲ ချိုးဖောက်ပါက ၎င်းအနေဖြင့် ထိုလုပ်ရပ်အတွက် တာဝန်ခံစေရမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားဥပဒေတွင် ရှင်းလင်းစွာ ဖော်ပြထားပါသည်။

---

[79] Five-Year National Strategic Plan for Counter Trafficking in Persons 2019-2023, p.12.

[80] These include: *Prakas* 852 on Implementation of the Policy on Protection of the Rights of Human Trafficking dated August 31st, 2009; Policy on Protection of the Rights of Victims of Human Trafficking, dated August 31st, 2009 and *Prakas* No. 857S.V.Y on Minimum Standards for Protection of the Rights of Victims of Human Trafficking Dated September 3rd, 2009, Ministry of Social Affairs, Veterans and Youth Rehabilitation. The minimum standards do not explicitly protect victims from criminalization, but rather anticipate that victims may be facing criminal charges. A point contained in Article 6(11) on the right to freedom of movement states that "Adult victims facing no criminal charges shall have the right to leave law enforcement institutions or service providers after informing the competent authorities or institutions..." This provision implies that there are situations when adult victims will be facing criminal changes, in which case, they do not enjoy the same freedom of movement. In contrast, article 6(4) affirms their right to be "treated with respect throughout the victim assistance process and be recognized as individuals who have undergone a difficult series of circumstances" and states that "any act of discrimination and / or stereotyping against the victim on the basis of sex, age, race, ethnicity, religion, nationality, sexual preference, disability, or past experiences is strictly prohibited."

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့်စပ်လျဉ်း၍ လမ်းညွှန်ချက်ပေးခြင်း၏ အရေးပါပုံ -** ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကို ထည့်သွင်းဖော်ပြထားသည့် ရှိရင်းစွဲ လမ်းညွှန်ချက်များအား တရားရေးတာဝန်ရှိသူများက ဆွေးနွေးဝိုင်းများ၌ ရည်ညွှန်းဆွေးနွေးခြင်း မရှိခဲ့ပေ (အောက်တွင်ဖော်ပြထားသည့် ဇယား ၄ ကို ကြည့်ပါ)။ သို့ရာတွင် အစိုးရအနေဖြင့် လူကုန်ကူးမှုဆိုင်ရာ ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသည့် လူကုန်ကူးမှုဆိုင်ရာ မျက်မြင်သက်သေများနှင့် နစ်နာသူများအား ထိရောက်စွာ ကာကွယ်စောင့်ရှောက်မှုပေးခြင်းနှင့်စပ်လျဉ်း၍ နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းဆောင်ရွက်ရေးအတွက် လမ်းညွှန်ချက်များနှင့် စံသတ်မှတ်ချက်များ ချမှတ်ထားရှိသင့်ကြောင်း အကြံပြုချက်များကို ဆွေးနွေးခဲ့ကြသည်။ ၎င်းတို့၏ အကြံပြုချက်များတွင် ထိုသို့သော လမ်းညွှန်ချက်များရှိပါက ဖော်ထုတ်အတည်ပြုခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ထောက်ကူပေးနေသည့် NGO များ၏ လက်တွေ့လုပ်ငန်းဆောင်ရွက်မှုတွင် ပိုမို၍ ထိရောက်လာစေနိုင်ကြောင်း ဖော်ပြဆွေးနွေးခဲ့သည်။ နစ်နာသူများအား တရားစွဲဆိုထားသည့် အမှုများကို ရုပ်သိမ်းခွင့်ပြုရန်နှင့် တရားရေးအာဏာပိုင်များကို နိုင်ငံတကာ ကတိကဝတ်များနှင့် နှစ်နိုင်ငံသဘောတူ စာချုပ်များကို ထည့်သွင်းစဉ်းစားလိုက်နာရန် လမ်းညွှန်ရန်အတွက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ကျင့်သုံးခြင်းနှင့် စပ်လျဉ်း၍လည်း အလားတူလမ်းညွှန်ချက် ပြုစုချမှတ်ပေးရန် အကြံပြုခဲ့ကြသည်။

## ဇယား ၄ - ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် သက်ဆိုင်သည့် ကမ္ဘောဒီးယား မူဝါဒနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ စာရွက်စာတမ်းများ

| | |
|---|---|
| *သင့်တင့်လျော်ညီသော ဝန်ဆောင်မှုများ ပေးအပ်နိုင်ရေးအတွက် လူကုန်ကူးခံရသည့် နစ်နာသူများအား ဖော်ထုတ်အတည်ပြုခြင်းဆိုင်ရာ ဖောင်ပုံစံများနှင့် လုပ်ထုံးလုပ်နည်းများ လမ်းညွှန်* (လူကုန်ကူးမှုဆိုင်ရာ နိုင်ငံတော်အဆင့်ကော်မတီ၊ NCCT၊ ၂၀၁၅) | ၂။ ဂ၊ ၂ - [ပဏာမ] ဖော်ထုတ်အတည်ပြုခြင်း လုပ်ငန်းစဉ်အတွင်း နစ်နာသူများအဖြစ် တရားဝင် အတည်ပြုသတ်မှတ်ခြင်းခံရသည့် ပြည်ပနိုင်ငံသားများကို တရားမဝင် နိုင်ငံတွင်းသို့ ဝင်ရောက်ခြင်းကြောင့်ဖြစ်စေ ပြည့်တန်ဆာပြုခြင်းကြောင့်ဖြစ်စေ ဖမ်းဆီးထိန်းသိမ်းခြင်း သို့မဟုတ် တရားစွဲဆိုခြင်း မရှိစေရ။ တရားဝင် မူရင်းနိုင်ငံသို့ ပြန်ပို့ခြင်း လုပ်ငန်းစဉ်အား စောင့်ဆိုင်းနေစဉ်အတွင်း နေထိုင်ခိုလှုံရာနှင့် ကာကွယ်စောင့်ရှောက်မှု ပေးထားရမည်။ |
| *ကမ္ဘောဒီးယားနိုင်ငံတော်မှ လူကုန်ကူးခံရသည့် ကလေးသူငယ်များ၏ အခွင့်အရေးများအား ကာကွယ်လိုက်နာခြင်း လမ်းညွှန်ဆိုင်ရာ ဆုံးဖြတ်ချက်* (ကလေးသူငယ်ဆိုင်ရာ ကမ္ဘောဒီးယား နိုင်ငံတော်အဆင့်ကောင်စီ၊ CNCC၊ ၂၀ ဒီဇင်ဘာ ၂၀၀၇၊ အမှတ် ၁၀၇) | အပိုဒ် ၄၊ ၂.၃ (က) လူကုန်ကူးခံရသည့် ကလေးသူငယ်များသည် လူ့အခွင့်အရေး ချိုးဖောက်ခံရသည့် နစ်နာသူများ ဖြစ်သည်။ ၎င်းတို့အား ပြစ်မှုကျူးလွန်သူများအဖြစ် ဆက်ဆံခြင်း သို့မဟုတ် ၎င်းတို့၏ လူကုန်ကူးခံရသည့် ကလေးသူငယ်ဖြစ်သော အခြေအနေနှင့်ဆက်နွှယ်၍ ကျူးလွန်ခဲ့ရသည့် မည်သည့်ပြစ်မှုအတွက်မဆို ရာဇဝတ် ပြစ်ဒဏ် ချမှတ်ခြင်း သို့မဟုတ် ချမှတ်မည်ဟု ခြိမ်းခြောက်ခြင်း မပြုသင့်ပါ။ |
| *လူကုန်ကူးခြင်းနှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းကို တားဆီးတိုက်ဖျက်ခြင်း ဥပဒေအား အကောင်အထည်ဖော်ခြင်းဆိုင်ရာ လမ်းညွှန်* (တရားဝင်အဖွဲ့အစည်းက ထုတ်ပြန်ထားခြင်းမဟုတ်သည့် UNIAP ဘာသာပြန်မှု၊ ၂၀၀၈) အထွေထွေလမ်းညွှန် | (၄) ပြည့်တန်ဆာများကို ပြည့်တန်ဆာလုပ်ငန်း အတွက် ဝယ်ယူခံထားရသည့် နစ်နာသူများအဖြစ် သတ်မှတ်ဆက်ဆံ ရမည်။ ပြည့်တန်ဆာပြုခြင်းသည် ပြစ်မှုမဟုတ်သည့်အားလျော်စွာ ပြည့်တန်ဆာပြုသည့် ပုဂ္ဂိုလ်များအား ဥပဒေသစ်အရ ပြစ်မှုကျူးလွန်သူများအဖြစ် ပြစ်ဒဏ်ချမှတ်ခြင်း မရှိပေ။ |
| *လူကုန်ကူးခံရသည့် နစ်နာသူများ၏ အခွင့်အရေးများအား ကာကွယ်လိုက်နာခြင်းအတွက် မူဝါဒနှင့် အနိမ့်ဆုံး* စံသတ်မှတ်ချက်များ (လူမှုရေးရာ၊ စစ်မှုထမ်းဟောင်းနှင့် လူငယ်ပြန်လည်ထူထောင်ရေး ဆိုင်ရာ ဝန်ကြီးဌာန၊ ၂၀၀၉) | "လူကုန်ကူးခံရသည့် နစ်နာသူများသည် နိုင်ငံဖြတ်ကျော်ကျူးလွန်သည့် ပြစ်မှုမှ နစ်နာသူများဖြစ်ကြောင်းနှင့် ၎င်းတို့၏ ဖြစ်ရပ်ဇာတ်ကြောင်းသည် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများနှင့် သဏ္ဌာန်ဆင်တူနေနိုင် သော်လည်း ၎င်းတို့သည် တရားမဝင် ရွှေ့ပြောင်းနေထိုင် သူများ မဟုတ်ကြောင်း ကျွန်ုပ်တို့အနေဖြင့် သိရှိပါသည်။ ၎င်းတို့သည် ရာဇဝတ်မှု ကျူးလွန်သူများ မဟုတ်ဘဲ လေးစားခံရပိုင်ခွင့်၊ တရားမျှတမှု ခံစားရပိုင်ခွင့် နှင့် ခွဲခြား ဆက်ဆံခံရခြင်းမရှိဘဲ မိမိ၏ အနာဂတ်အား ကိုယ်တိုင် ဆုံးဖြတ်နိုင်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တို့ကို ခံစားရပိုင်ခွင့် ရှိသော လူပုဂ္ဂိုလ်များ ဖြစ်သည်။" (စာ - ၁) ဤ စာရွက် စာတမ်း (စာ - ၈ ) တွင် လူပုဂ္ဂိုလ်များအား  ရာဇဝတ်ဆိုင်ရာ လုပ်ရပ်များ ကျူးလွန်စေရန်အတွက် လူကုန်ကူးခံရနိုင်ကြောင်းကိုလည်း အသိအမှတ် ပြုထားသည်။ သို့ရာတွင် အနိမ့်ဆုံး စံသတ်မှတ်ချက်များတွင် နစ်နာသူများအား ရာဇဝတ်လုပ်ရပ်များ ကျူးလွန်သူအဖြစ် သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ပါရှိပြီး ရာဇဝတ်ဆိုင်ရာ တရားစွဲဆိုချက်များအား ရင်ဆိုင်နေရခြင်းမရှိသည့် နစ်နာသူများအတွက်သာ လွတ်လပ်စွာ သွားလာပိုင်ခွင့်ကို ပေးအပ်ထားသည် (စာ - ၂၇)။ |

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား လက်တွေ့ကျင့်သုံးခြင်း

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုသည် အချို့ပြစ်မှုများအတွက်သာ သက်ရောက်အကျုံးဝင်ခြင်း -** ဥပဒေတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်ကို အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း အစိုးရကိုယ်စားပြု ပါဝင်တက်ရောက်သူများက လူကုန်ကူးခံရသည့် နစ်နာသူများဟု ယူဆ သတ်မှတ်ထားသူများအား တရားစွဲဆို စစ်ဆေးခြင်း မရှိကြောင်း ဖော်ပြခဲ့ကြသည်။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံထားရသည့် ပြည်ပနိုင်ငံသား နစ်နာသူများအား ၎င်းတို့သည် လူကုန်ကူးခံရသည့် နစ်နာသူများ ဖြစ်ကြောင်း ဖော်ထုတ်အတည်ပြုပြီးသည်နှင့် တစ်ပြိုင်နက် စွဲချက်တင်ခြင်းကို ဆက်လက်လုပ်ဆောင်ခြင်း မရှိခဲ့သည့် သာဓကကို ဖော်ပြဆွေးနွေးခဲ့ကြသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ခေါင်းပုံဖြတ်ခံနေရသည့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန် နိုင်ငံသားများကိုလည်း လူဝင်မှုကြီးကြပ်ရေးနှင့် လုပ်သားဆိုင်ရာ ဥပဒေများအား ချိုးဖောက်ခြင်းအတွက် ပြစ်ဒဏ်ချမှတ်ခြင်းမရှိဘဲ နစ်နာသူများအဖြစ် သတ်မှတ်၍ ကာကွယ်စောင့်ရှောက်ပေးခဲ့သည့် သာဓကများကိုလည်း ဖော်ပြဆွေးနွေးခဲ့ကြသည်။ ပြည့်တန်ဆာပြုခြင်းနှင့်စပ်လျဉ်း၍လည်း အလားတူပင် ဆောင်ရွက်ကြောင်း ဖော်ပြခဲ့ကြပြီး အဆိုပါ အခြေအနေတွင် ပြည့်တန်ဆာပြုခြင်းမှ စီးပွားရေးအရ အမြတ်အစွန်းရရှိသူများကိုသာ တရားစွဲဆိုသည်။ သို့ရာတွင် လူပုဂ္ဂိုလ်တစ်ဦး သည် လူကုန်ကူးခံရသည့် နစ်နာသူဖြစ်သော်လည်း မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုကဲ့သို့ အခြားသော သီးခြားပြစ်မှု တစ်ခုခုကို ကျူးလွန်ထားသူလည်းဖြစ်ပါက အဆိုပါပြစ်မှုအတွက် တာဝန်ခံရနိုင်ကြောင်းကို ရှင်းပြဆွေးနွေးခဲ့ကြသည်။

**လူကုန်ကူးခံရသည့် နစ်နာသူများအား ပြစ်ဒဏ်မချမှတ်ရေးအတွက် တရားရေးဆိုင်ရာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်၏ အခန်းကဏ္ဍ -** စုံစမ်းစစ်ဆေးသူများ၊ အစိုးရရှေ့နေများနှင့် စုံစမ်းစစ်ဆေးရေး တရားသူကြီးများသည် လူကုန်ကူးခံရသည့် နစ်နာသူများအား ပြစ်ဒဏ်မချမှတ်ရေးနှင့်စပ်လျဉ်း၍ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို ထိရောက်မှုရှိစွာ ကျင့်သုံးနိုင်ကြောင်းနှင့် တရားသူကြီးများသည် ၎င်းတို့ စုံစမ်းစစ်ဆေးရာတွင် ရှာဖွေတွေ့ရှိချက်များအပေါ် အခြေခံ၍ တရားစွဲဆိုထားသည့် အမှုများကို ပြင်ဆင်ခြင်း သို့မဟုတ် ပလပ်ခြင်းများ ဆောင်ရွက်နိုင်သည့် ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်း အစိုးရကိုယ်စားပြု ပါဝင်တက်ရောက်သူများက ရှင်းပြဆွေးနွေးခဲ့ကြသည်။ ကမ္ဘောဒီးယားနိုင်ငံရှိ မည်သည့် တရားရုံးတော်က တရားစွဲဆိုစစ်ဆေးခံနေရသည့် လူပုဂ္ဂိုလ်တစ်ဦးသည် နစ်နာသူဖြစ်ကြောင်း သိရှိရသည့်အခါ၌ အမှုအား ပလပ်ရန်အတွက် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို ကျင့်သုံးခဲ့သည့် သာဓက သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးအား နစ်နာသူအဖြစ် သတ်မှတ်ရန် အမိန့်ချမှတ်ခဲ့သည့် သာဓက တစ်စုံတစ်ရာကိုမျှ ဖော်ပြခဲ့ခြင်း မရှိပေ။ အခြေခံမှုအား လက်တွေ့ကျင့်သုံးရာတွင် ဥပဒေဖြင့် ပြဋ္ဌာန်းဖော်ပြထားခြင်းမဟုတ်ဘဲ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ဖြင့် ကျင့်သုံးစေပါက ထိုသို့ကျင့်သုံးရာ၌ တစ်သမတ်တည်းမကိုက်ညီမှုများ ပေါ်ပေါက်လာနိုင်ကြောင်း မှတ်ချက်ပြုဆွေးနွေးခဲ့ကြသည်။ ဤတွင် ဥပဒေတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို ထင်ဟပ်ဖော်ပြထားသည့် ရှင်းလင်းသော ပြဋ္ဌာန်းချက်တစ်ရပ် အား ထည့်သွင်းဖော်ပြခြင်းဖြင့် တရားသူကြီးများသည် ၎င်းတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို ကျင့်သုံး၍ အခြေခံမှုအား ပိုမိုတစ်သမတ်တည်းဖြစ်စွာ ကျင့်သုံးနိုင်ရန် ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူစေရန် ဆောင်ရွက်ပေးနိုင်ကြောင်း ထပ်မံဖော်ပြဆွေးနွေးခဲ့ကြသည်။

## နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အခက်အခဲများ

**နှစ်နိုင်ငံသဘောတူနှင့် ဒေသတွင်း သဘောတူစာချုပ်များ၏ အရေးပါပုံ -** လူကုန်ကူးခံရသည့် ကမ္ဘောဒီးယား နိုင်ငံသားများအား ခေါ်ဆောင်သွားသည့် နိုင်ငံများနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု ရှိခြင်းသည် အဆိုပါနိုင်ငံသား များအား ပြစ်ဒဏ်ချမှတ်ခြင်းမှ ကာကွယ်စောင့်ရှောက်မှုပေးရန် ဆောင်ရွက်ရာတွင် အဓိကကျသည့် သော့ချက်တစ်ရပ် အဖြစ် သတ်မှတ်ခဲ့သည်။ အရေးကြီးသည်မှာ ထိုသို့ ပူးပေါင်းဆောင်ရွက်ခြင်းသည် နစ်နာသူအား ဖော်ထုတ် အတည်ပြုခြင်းဆိုင်ရာ စံသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ ဘုံသဘောတူညီမှု ရယူနိုင်ရန် အထောက်အကူဖြစ်စေမည်

ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံသည် ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့နှင့် နားလည်မှုစာချွန်လွှာများ ရေးထိုးချုပ်ဆိုထားပြီး စာချုပ်ဝင်များသည် အမျိုးသမီးနှင့် ကလေးသူငယ် နစ်နာသူများအား ပြစ်မှုကျူးလွန်သူများအဖြစ် မဆက်ဆံဘဲ နစ်နာသူများအဖြစ် ဆက်ဆံရန်၊ တရားမဝင် နိုင်ငံအတွင်းသို့ဝင်ရောက်ခြင်း သို့မဟုတ် ထွက်ခွာခြင်း သို့မဟုတ် လူကုန်ကူးမှုနှင့် တိုက်ရိုက်ဆက်နွယ်နေသည့် အခြား မည်သည့်ပြစ်မှုများအတွက်မဆို ပြစ်ဒဏ်ချမှတ်ခြင်းကို ရှောင်လွှဲရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။[81] (မလေးရှား အပါအဝင်) အဓိကချုပ်ဆိုလိုသည့် နိုင်ငံအချို့ဖြင့်မူ ယခုအထိ နားလည်မှုစာချွန်လွှာ ရေးထိုးထားခြင်း မရှိသေးပေ။ သို့ရာတွင် မလေးရှားနိုင်ငံ တရားရုံးတော်တွင် တရားသူကြီးက ကမ္ဘောဒီးယားနိုင်ငံသား နစ်နာသူများကို နစ်နာသူအဖြစ် သတ်မှတ်ကာ တရားမဝင် နိုင်ငံအတွင်းသို့ ဝင်ရောက်ခြင်းနှင့် နေထိုင်ခြင်းအတွက် စွဲဆိုထားသည့် အမှုများကို ပလပ်ခဲ့သည့် သာဓကကို ဖော်ပြဆွေးနွေး ခဲ့ကြသည်။

**နှစ်နိုင်ငံသဘောတူနှင့် ဒေသတွင်း သဘောတူစာချုပ်များအား လက်တွေ့ကျင့်သုံးရာတွင် ညီမျှမှုမရှိခြင်း -** နှစ်နိုင်ငံ သဘောတူစာချုပ်များအပြင် *ရာဇဝတ်ဆိုင်ရာ ကိစ္စရပ်များအတွက် အပြန်အလှန် ဥပဒေ အထောက်အကူပေးခြင်း ဆိုင်ရာ ASEAN စာချုပ်* နှင့် တရားခံလွှဲပြောင်းရေးဆိုင်ရာ သဘောတူ စာချုပ်များကို လက်တွေ့အကောင်အထည် ဖော်ရာ၌ အပြည့်အဝ သို့မဟုတ် တစ်သမတ်တည်း အကောင်အထည်ဖော်မှု မရှိဟု သတ်မှတ်ရှုမြင်ကြောင်း ဖော်ပြ ဆွေးနွေးခဲ့ကြသည်။ ရာဇဝတ်ဆိုင်ရာ တရားမျှတရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်နိုင်ငံသဘောတူ နားလည်မှုစာချွန်လွှာများကို အကျိုးရှိစွာ လက်တွေ့ကျင့်သုံးခြင်းမရှိသည့်အတွက် အမှုသည် လူကုန်ကူးမှု သို့မဟုတ် လုပ်သားဆိုင်ရာ ဥပဒေ ချိုးဖောက်မှုဖြစ်သည်ဟု သတ်မှတ်ရာတွင် သဘောထားကွဲပြားမှုများ ပေါ်ပေါက်လာစေသည့် လက်တွေ့ဖြစ်ရပ်သာဓကများကို ဖော်ပြဆွေးနွေးခဲ့ကြသည်။ နယ်စပ်ဖြတ်ကျော်၍ စုံစမ်းစစ်ဆေးမှု ဆောင်ရွက်ခြင်း မရှိသည့်အတွက် လူကုန်ကူးသူများအား တရားစွဲဆိုထားသည့် အမှုများသည် အခြားသော ဥပဒေပိုင်နက်များတွင် အသက်ဝင်ခြင်းမရှိကြောင်း သာဓကများကိုလည်း ဖော်ပြဆွေးနွေးခဲ့ကြသည်။ နားလည်မှုစာချွန်လွှာများတွင် ဖော်ပြထားသည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို ပြည်တွင်းဥပဒေ၌ ပြဋ္ဌာန်းထားခြင်း မရှိပါက ထိရောက်စွာ လက်တွေ့အကောင်အထည်ဖော်ရန် မည်သို့ဆောင်ရွက်မည်နှင့် စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြသည်။ ရှင်းလင်းသည့် ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်တစ်ရပ်ကို ရေးဆွဲ ချမှတ်နိုင်ပါက နိုင်ငံများအနေဖြင့် အခြေခံမူကို တစ်သမတ်တည်း လက်တွေ့ကျင့်သုံးနိုင်ပြီး ၎င်းတို့အချင်းချင်းအကြား ချုပ်ဆိုချမှတ်ထားသည့် နားလည်မှုစာချွန်လွှာများနှင့် စံလုပ်ထုံးလုပ်နည်းများအပေါ် မှီခိုအားထားနေရမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ဖော်ပြဆွေးနွေးခဲ့ကြသည်။ ထို့အပြင် စံလုပ်ထုံးလုပ်နည်းများနှင့် နားလည်မှုစာချွန်လွှာများသည် အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အလေးပေး ထားပြီး ငါးဖမ်းလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများအတွင်းသို့ လူကုန်ကူးခံရသည့် အမျိုးသားများ အား ကာကွယ်စောင့်ရှောက်မှုပေးခြင်းမရှိကြောင်းကိုလည်း ဖော်ပြ ဆွေးနွေးခဲ့ကြသည်။

## နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းဆိုင်ရာ အခက်အခဲများ

**နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းကို ထိရောက်စွာဆောင်ရွက်နိုင်မှုသည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၏ အဓိက သော့ချက်တစ်ရပ်ဖြစ်သည် -** ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့်စပ်လျဉ်း၍ ဖော်ထုတ်အတည်ပြုခြင်း၏ အရေးပါမှုကို အကျိုး သက်ဆိုင်သူများက အလေးအနက် ဖော်ပြဆွေးနွေးခဲ့ကြသည်။ ထိရောက်သည့် ဖော်ထုတ်အတည်ပြုခြင်း လုပ်ငန်းစဉ် ကို ဆောလျင်စွာပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ကမ္ဘောဒီးယားနိုင်ငံသားဖြစ်စေ ပြည်ပနိုင်ငံသား ဖြစ်စေ

[81] See Article 6 of the *Memorandum of Understanding between the Government of the Kingdom of Cambodia and the Government of the Kingdom of Thailand on Bilateral Cooperation for Eliminating Trafficking in Persons and Protecting Victims of Trafficking* (30 April 2014) and Article 5 of the *Agreement between the Royal Government of Cambodia and the Government of Socialist Republic of Vietnam on Bilateral Cooperation in Elimination of Children and Women Trafficking and Protection of Victims of Trafficking* (signed October 10, 2005 and amended on September 28, 2012)

လူကုန်ကူးခံရသည့် ပုဂ္ဂိုလ်များသည် ပြစ်ဒဏ်ချမှတ်ခံရခြင်း မရှိကြောင်း အစိုးရကိုယ်စားပြုပါဝင် တက်ရောက်သူများက အခိုင်အမာ ဖော်ပြ ဆွေးနွေးခဲ့ကြသည်။ ဖော်ထုတ်အတည်ပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း များသည် *လူကုန်ကူးခြင်းဆိုင်ရာ တုံ့ပြန်မှုလုပ်ငန်းစဉ်* နှင့် *လူကုန်ကူးခြင်းနှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းကို တားဆီးတိုက်ဖျက်ရေး ကမ္ဘောဒီးယားဥပဒေ* နှင့် ကိုက်ညီလိုက်နာမှုရှိကြောင်း ဖော်ပြခဲ့ကြသည်။ အမှားလုပ်မိနိုင်ခြေကို လျှော့ချရန်အလို့ငှာ အစောပိုင်းအဆင့်မှပင် နစ်နာသူဖြစ်နိုင်ကြောင်း ယူဆသတ်မှတ်သည့် အလေ့အထကို လက်တွေ့ကျင့်သုံးကြောင်းနှင့် နစ်နာသူများအား အစောပိုင်းအဆင့်များတွင် ဖော်ထုတ်အတည်ပြုခြင်း မရှိခဲ့လျှင်သော်ပင် စုံစမ်းစစ်ဆေးသည့် သို့မဟုတ် တရားခွင်ကြားနာသည့် တရားသူကြီးက ဖော်ထုတ် အတည်ပြုမည်ဖြစ်ကြောင်းကို ရှင်းပြဆွေးနွေးခဲ့ကြသည်။ ဤဆွေးနွေးချက်များသည် ကမ္ဘောဒီးယားနိုင်ငံသည် လူကုန်ကူးခံရသည့် နစ်နာသူများအား ထိရောက်စွာ ဖော်ထုတ်အတည်ပြုခြင်း မရှိဟူသော နိုင်ငံတကာအသိုက်အဝန်း၏ ရှုမြင်ချက်များနှင့် ဆန့်ကျင်နေသည်။[82]

**ပြည်ပမှပြန်လည်ဝင်ရောက်လာသည့် ကမ္ဘောဒီးယားနိုင်ငံသားများအား စစ်ဆေးစိစစ်ခြင်းဆိုင်ရာ အလေ့အထကောင်းများ -** ရဲတပ်ဖွဲ့သည် ပြည်သူများအနေဖြင့် ၎င်းတို့နှင့် ပြောဆိုဆက်ဆံရာ၌ သက်တောင့်သက်သာ ရှိစေရန်အတွက် ရဲဝန်ထမ်းဝတ်စုံကို မဝတ်ဆင်ဘဲ သာမန်အဝတ်အစားများကိုသာ ဝတ်ဆင်ခြင်း အပါအဝင် ကြိုးပမ်းဆောင်ရွက်သည့် သာဓကများကို ဖော်ပြဆွေးနွေးခဲ့ကြသည်။ ဤတွင် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ သို့မဟုတ် အင်ဒိုနီးရှားနိုင်ငံတို့မှ ပြန်လည်ဝင်ရောက်လာသည့် လူအုပ်စုများကို လူကုန်ကူးမှုဆိုင်ရာ စစ်ဆေးစိစစ်ခြင်းအား ရဲတပ်ဖွဲ့က ဆောင်ရွက်ကြောင်းကို မှတ်ချက်ပြု ဆွေးနွေးခဲ့သည်။

**လူကုန်ကူးခံရသည့် အမျိုးသားနစ်နာသူများအား လုံလောက်စွာ ဖော်ထုတ်အတည်ပြုမှု မရှိခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးချက်များ -** အမျိုးသားများသည် လူကုန်ကူးခြင်းမခံရဟု ယူဆ သတ်မှတ်ချက်များကြောင့် အမျိုးသမီးများနှင့် ကလေးသူငယ်များနှင့် နှိုင်းယှဉ်ကြည့်ပါက လူကုန်ကူးခံရသည့် အမျိုးသား နစ်နာသူများအား ဖော်ထုတ်အတည်ပြုခြင်း နည်းပါးနေကြောင်းကို အချို့ပါဝင်တက်ရောက်သူများကို ဖော်ပြဆွေးနွေးခဲ့ကြသည်။

**ကမ္ဘောဒီးယားနိုင်ငံရှိ လူကုန်ကူးခံရသည့် ပြည်ပနိုင်ငံသားနစ်နာသူများအား ဖော်ထုတ်အတည်ပြုခြင်း ဆိုင်ရာ အခက်အခဲများ -** ကမ္ဘောဒီးယားနိုင်ငံသို့ မည်သို့ရောက်ရှိလာသည်၊ မည်သူက ခေါ်ဆောင်လာသည်၊ မည်သည့်ကတိများ ပေးခဲ့သည်တို့ အပါအဝင် လူကုန်ကူးမှုကို ညွှန်ပြနေသည့် အချက်များအား စစ်ဆေးစိစစ်တွေ့ရှိစေနိုင်သည့် နောက်ဆက်တွဲစုံစမ်းစစ်ဆေးခြင်းကို မဆောင်ရွက်ဘဲ လူဝင်မှုကြီးကြပ်ရေးနှင့် လုပ်သားဆိုင်ရာ ဥပဒေများကို ချိုးဖောက်ခြင်းကြောင့် ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ဒဏ်ကြေးတပ်ခြင်း ခံခဲ့ရသည့် ပြည်ပနိုင်ငံသားများရှိကြောင်းကို ဖော်ပြဆွေးနွေးခဲ့ကြသည်။ ထိုသို့သော ဖြစ်စဉ်များတွင် မတူညီသည့် တာဝန်ဝတ္တရားများကို ထမ်းဆောင်ရသည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ရဲတပ်ဖွဲ့နှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ရဲတပ်ဖွဲ့တို့အကြား ညှိနှိုင်းဆောင်ရွက်မှု မရှိခြင်းကြောင့် တရားမဝင်သည့် အခြေအနေသို့ ကျရောက်နေသော ရွှေ့ပြောင်းနေထိုင်သူအချို့ကို လူကုန်ကူးမှု ဖြစ်နိုင်ခြေအတွက် စစ်ဆေးစိစစ်ခြင်း မရှိဘဲ မူရင်းနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်းအစား ပြည်နှင်ဒဏ်ပေးခြင်းကို ခံရနိုင်သည့် အန္တရာယ်ရှိကြောင်း မှတ်ချက်ပြုဆွေးနွေးခဲ့သည်။ ဤသည်ကို ကုစားရန်အတွက် သက်ဆိုင်သူပေါင်းစုံ ပါဝင်သည့် ချဉ်းကပ်နည်းလမ်းအား အသုံးပြုခြင်း၏ အရေးပါပုံကို ထိုသို့အသုံးပြုခြင်းဖြင့် တရားမဝင် ရွှေ့ပြောင်း နေထိုင်သူများ အလုပ်လုပ်ကိုင် သို့မဟုတ် နေထိုင်သည့် နေရာများ၌ စစ်ဆင်ရေးများ ဆောင်ရွက်သည့် လူဝင်မှု ကြီးကြပ်ရေးဆိုင်ရာ အာဏာပိုင်များကို လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ရဲတပ်ဖွဲ့၊ လူမှုရေးရာ ကူညီရေးအဖွဲ့နှင့် အခြား အဖွဲ့အစည်းများက အကူအညီပေးခြင်းဖြင့် ရွှေ့ပြောင်းလုပ်သားများအကြားတွင် ပါရှိနေသည့် လူကုန်ကူးခံရသည့် နစ်နာသူများအား ဖော်ထုတ်အတည်ပြုခြင်းကို အထောက်အကူဖြစ်စေနိုင်ကြောင်း အထူးဖော်ပြ ဆွေးနွေးခဲ့ကြသည်။

[82] See for instance, Concluding Observations on the sixth periodic report of Cambodia, *Committee on the Elimination of Discrimination against Women,* CEDAW/C/KHM/CO/6, 12 November 2019 [26].

## နစ်နာသူအား ပြစ်ဒဏ်ချမှတ်ခြင်းဆိုင်ရာ လက်တွေ့အခြေအနေများ

**လိင်လုပ်ငန်းလုပ်ကိုင်သည့် အမျိုးသမီးများအား ရာဇဝတ်ပြစ်ဒဏ်ချမှတ်ရန်အတွက် လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေအား အလွဲသုံးခြင်း -** အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်း တိုက်ဖျက်ရေးကော်မတီသည် လူကုန်ကူးမှု ကျူးလွန်ခြင်းမရှိသော လူပုဂ္ဂိုလ်များအား ရာဇဝတ်ပြစ်ဒဏ် ချမှတ်ခြင်းအတွက် လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေအား အလွဲသုံးခြင်းနှင့်စပ်လျဉ်း၍ ဖော်ပြဆွေးနွေးခဲ့ကြကာ ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်သော အမျိုးသမီးများအား ရာဇဝတ်ပြစ်ဒဏ် ချမှတ်သည့် နိုင်ငံတော်ဥပဒေအား ပြန်လည်ပြင်ဆင်ပေးရန် တောင်းဆိုခဲ့သည်။[83] ထို့အပြင် တစ်ချိန်တည်း၌ ခေါင်းပုံဖြတ်သူများအား တရားစွဲဆိုစစ်ဆေးသည့် ဖြစ်စဉ်များမှာလည်း ရှားပါးသည်။ ထို့ကြောင့် ကော်မတီက ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် အောက်ပါအတိုင်း ဆောင်ရွက်သင့်ကြောင်း တိုက်တွန်းတောင်းဆိုခဲ့သည် -

> လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေ အပါအဝင် လူကုန်ကူးမှု တိုက်ဖျက်ရေး အစီအမံများကို လူကုန်ကူးသူများအား တရားစွဲဆိုစစ်ဆေးခြင်းနှင့် နစ်နာသူများအတွက် ထိရောက်သော ပြန်လည်ကုစားမှုများ ပေးအပ်ခြင်းအတွက်သာ အသုံးပြုပြီး လူကုန်ကူးမှု ကျူးလွန်ခြင်းမရှိသော လူပုဂ္ဂိုလ်များအား အပြစ်ပေးရန် အလွဲသုံးခြင်းမရှိစေရန်အတွက် ဂရုပြုဆောင်ရွက်စေလိုသည်။[84]

လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုကျူးလွန်၍ တရားစွဲဆိုစစ်ဆေးခြင်း ခံနေရသည့် လိင်လုပ်ငန်းလုပ်ကိုင်သော ဤပုဂ္ဂိုလ်များအနက် လူကုန်ကူးသူများအဖြစ် စွဲချက်တင်ခြင်း၊ တရားစွဲဆို စစ်ဆေးခြင်းနှင့် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသည့် နစ်နာသူများလည်း ပါဝင်နေနိုင်ပြီး ဤသည်မှာ ၎င်းတို့အား လူကုန်ကူးသူများကို စုံစမ်းစစ်ဆေးခြင်းနှင့် တရားမျှတစေရန် ပြစ်ဒဏ်ချမှတ်ခြင်းတို့အစား ၎င်းတို့က အစားထိုးခံစားနေရခြင်းဖြစ်သည်။

**ကမ္ဘောဒီးယားနိုင်ငံရှိ လူကုန်ကူးခံရသည့် ပြည်ပနိုင်ငံသားနစ်နာသူများ -** ကမ္ဘောဒီးယားနိုင်ငံ၌ လူကုန်ကူးခံရသည့် ပြည်ပနိုင်ငံသားနစ်နာသူများသည် ပြစ်ဒဏ်ချမှတ်ခြင်းခံရကြောင်း ဖော်ပြ ဆွေးနွေးချက်များ ရှိခဲ့သည်။ ၂၀၂၀ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အမေရိကန်ပြည်ထောင်စု အစီရင်ခံစာတွင် ကမ္ဘောဒီးယားနိုင်ငံ၌ လစာကောင်းသည့် အလုပ်အကိုင်များ ရရှိရန်အတွက် ဝန်ထမ်းခေါ်ယူကြေး ပေးဆောင်ကာ ကမ္ဘောဒီးယားသို့ ရောက်ရှိချိန်၌မှ လူကုန်ကူးသူများက ခေါင်းပုံဖြတ်ခြင်းကိုခံရပြီး လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေချိုးဖောက်မှုအတွက် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မလေးရှားနိုင်ငံသား လူငယ်များအကြောင်း မီဒီယာများက ဖော်ပြချက်ကို ရည်ညွှန်းကိုးကားထားသည်။[85] အချို့သော ခေါင်းပုံဖြတ်မှုအသွင်သဏ္ဌာန်များကို ခံစားရသည့် ပြည်ပနိုင်ငံသား နစ်နာသူများအား ခွဲခြားဆက်ဆံမှုများ ရှိကြောင်း ပါဝင်တက်ရောက်သူအချို့က ဆွေးနွေးခဲ့ပြီး တစ်ဦးက ဗီယက်နမ်၊ တရုတ်နှင့် အာဖရိက နိုင်ငံသား နစ်နာသူများသည် တစ်ခါတရံတွင် ခွဲခြားဆက်ဆံခံရမည်ကို ကြောက်ရွံ့ကြကြောင်း မှတ်ချက်ပြုဖော်ပြခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံသားများအတွက် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ပေးအပ်သည့် ဝန်ဆောင်မှုများ အများအပြားရှိသော်လည်း ပြည်ပနိုင်ငံသားနစ်နာသူများကို ထောက်ပံ့ကူညီသည့် အဖွဲ့အစည်းများမှာ ပိုမိုနည်းပါးကြောင်း မှတ်ချက်ပြု ဆွေးနွေးခဲ့ကြသည်။ ကမ္ဘောဒီးယားတွင် ပြည့်တန်ဆာပြုခြင်းနှင့် ကိုယ်ဝန်အငှားဆောင်ခြင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုများကို ခံစားရသည့် ပြည်ပနိုင်ငံသားများသည် ပြစ်ဒဏ်ချမှတ်ခံရနိုင်သည့် အန္တရာယ်ကို အထူးပိုမိုကြုံတွေ့ရကြောင်း ဖော်ပြခဲ့ကြပြီး ကိုယ်ဝန်အငှားဆောင်ခြင်းကို လူကုန်ကူးခြင်းဟူ၍

---

83 See for instance, Concluding Observations on the sixth periodic report of Cambodia, *Committee on the Elimination of Discrimination against Women,* CEDAW/C/KHM/CO/6, 12 November 2019 [29](a).

84 See for instance, Concluding Observations on the sixth periodic report of Cambodia, *Committee on the Elimination of Discrimination against Women,* CEDAW/C/KHM/CO/6, 12 November 2019 [26](c); [27](f).

85 2020 Trafficking in Persons Report: Malaysia (US Department of State, 2020)

ဆက်စပ်အနက်ဖွင့်ဆိုခြင်း ရှိသင့်၊ မရှိသင့်နှင့်စပ်လျဉ်း၍ ရှုပ်ထွေးသော ပြဿနာများကို တင်ပြဆွေးနွေးခဲ့ကြသည်။ ဤတွင် ကိုယ်ဝန်အငှားဆောင်ရန် အသုံးချခံခဲ့ရသည့် အမျိုးသမီးအချို့ကို ဥပဒေနှင့်မညီသည့် လုပ်ရပ်များအား ကျူးလွန်မှုဖြင့် တရားစွဲဆိုစစ်ဆေးခြင်းကို ကမ္ဘောဒီးယားတွင်သာမက ASEAN ဒေသတွင်းရှိ အခြားနေရာများ တွင်လည်း ဆောင်ရွက်ကြပြီး ထိုသည်မှာ ၎င်းတို့ကို လူကုန်ကူးခံရသည့်နစ်နာသူ ဖြစ်နိုင်ခြေရှိသူအဖြစ် ဖော်ထုတ် အတည်ပြုခြင်းကို လမ်းခင်းပေးမည့် ဥပဒေပြဋ္ဌာန်းချက်မရှိခြင်းကြောင့် ဖြစ်နိုင်ကြောင်း မှတ်ချက်ပြုဆွေးနွေး ခဲ့ကြသည်။ ဆန့်ကျင်ဘက်အနေဖြင့် အခြား ပါဝင်တက်ရောက်သူများက ကမ္ဘောဒီးယားရှိ လူကုန်ကူးခံရသည့် ပြည်ပနိုင်ငံသားနစ်နာသူများသည် ၎င်းတို့လူကုန်ကူးခံရခြင်းနှင့်ဆက်နွှယ်နေသည့် ပြစ်မှုများအတွက် ပြစ်ဒဏ်ချမှတ် ခံရခြင်းမရှိဘဲ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အာဏာပိုင်များနှင့် ရဲတပ်ဖွဲ့က ၎င်းတို့ကို နစ်နာသူများအဖြစ် သတ်မှတ် ဆက်ဆံကြောင်း ဖော်ပြဆွေးနွေးခဲ့ကြသည်။ လိင်ပိုင်းဆိုင်ရာနှင့် အဓမ္မ လုပ်အားခိုင်းစေခြင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း အတွက် လူကုန်ကူးခံရသည့် (ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အရှေ့ဥရောပ၊ အိန္ဒိယ သို့မဟုတ် နီပေါ၊ သီရိလင်္ကာ သို့မဟုတ် ဗီယက်နမ် အပါအဝင်) ပြည်ပနိုင်ငံသား နစ်နာသူများကို ၎င်းတို့အနေဖြင့် တရားမဝင်မှန်းသိလျက်နှင့် အခြားသူများအား ၎င်းတို့နှင့်အတူ ကမ္ဘောဒီးယားသို့ အတူလိုက်ပါရန် တိုက်တွန်းခေါ်ယူလာသည့် ဖြစ်စဉ်များ၌ပင် ၎င်းတို့ကို တရားစွဲဆို စစ်ဆေးခြင်း မပြုခဲ့သည့် သာဓကများရှိကြောင်း ဖော်ပြဆွေးနွေးခဲ့ကြသည်။

**ပြည်ပနိုင်ငံသို့ လူကုန်ကူးခံရသည့် ကမ္ဘောဒီးယားနိုင်ငံသား နစ်နာသူများ** - ကမ္ဘောဒီးယားနိုင်ငံအတွင်း၌ လူကုန်ကူးခံ ရသည့် နစ်နာသူများအား ကာကွယ်စောင့်ရှောက်ကြောင်း အာဏာပိုင်များက ထုတ်ပြန်ထားသော်လည်း ပြည်ပနိုင်ငံသို့ လူကုန်ကူးခံရသည့် ကမ္ဘောဒီးယားနိုင်ငံသား နစ်နာသူများ၏ ကြုံတွေ့ခံစားရမှုများအကြောင်းကို ပါဝင်တက်ရောက် သူများက ဖော်ပြဆွေးနွေးခဲ့ကြသည်။ ကမ္ဘောဒီးယားနိုင်ငံသား နစ်နာသူများသည် တရုတ်၊ မလေးရှား၊ ထိုင်းနှင့် စင်္ကာပူ အပါအဝင် ပြည်ပနိုင်ငံများတွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ သို့မဟုတ် ရာဇဝတ်ဆိုင်ရာ ပြဋ္ဌာန်းချက်များအား ချိုးဖောက်ခြင်းအတွက် ပြစ်ဒဏ်ချမှတ်ခြင်း ခံခဲ့ရကြောင်း ပြန်လည်သိရှိခဲ့ရပြီး အချို့ဖြစ်စဉ်များတွင် အဆိုပါပုဂ္ဂိုလ် များအား နစ်နာသူများအဖြစ် ဖော်ထုတ်အတည်ပြုထားသော်လည်း ပြစ်ဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်သည်။ အဓမ္မလုပ်အား ခိုင်းစေခြင်းအတွက် လူကုန်ကူးခံခဲ့ရသည့် ပုဂ္ဂိုလ်များသည်လည်း လူကုန်ကူးခံရသည့် နစ်နာသူများအဖြစ် ဖော်ထုတ် အတည်ပြုခြင်း မခံရဘဲ တရားမဝင် သစ်ခုတ်လှဲခြင်း သို့မဟုတ် တရုတ်လောင်းကစားရုံများတွင် တရားမဝင် အလုပ်လုပ်ခြင်းအတွက် ပြစ်ဒဏ်ချမှတ်ခြင်း ခံခဲ့ရကြောင်းကိုလည်း ဖော်ပြဆွေးနွေးခဲ့ကြသည်။

**ငါးဖမ်းလုပ်ငန်းရှိ လူကုန်ကူးခံရသည့် နစ်နာသူများ** - စာရွက်စာတမ်း အတုပြုလုပ်ခြင်းနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြစ်မှုများအတွက် တရားစွဲဆိုမှုများနှင့် ပြစ်ဒဏ်ချမှတ်ခြင်း ရင်ဆိုင်ရမည်ဟု ခြိမ်းခြောက်ခံထားရသည့် သို့မဟုတ် အမှန်တကယ် ကြုံတွေ့ရနိုင်သည့် ငါးဖမ်းလုပ်ငန်းဆိုင်ရာ ခေါင်းပုံဖြတ်ခံရသည့် ပုဂ္ဂိုလ်များအတွက် ကာကွယ် စောင့်ရှောက်မှုပေးရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို အစိုးရကိုယ်စားပြုနှင့် အစိုးရကိုယ်စားပြုမဟုတ်သော ပါဝင်တက်ရောက်သူ နှစ်ဘက်လုံးက ဖော်ပြ ဆွေးနွေးခဲ့ကြသည်။ ငါးဖမ်းလုပ်ငန်းအတွင်းသို့ လူကုန်ကူးခံရပြီး လွတ်မြောက်အောင် ရုန်းထွက်လာနိုင်သည့် နစ်နာသူများသည် ၎င်းတို့ရောက်ရှိသော နိုင်ငံများ၌ လူကုန်ကူးခံရသည့် နစ်နာသူများအဖြစ် ဖော်ထုတ်အတည်ပြုခံရခြင်းမရှိဘဲ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြစ်မှုများအတွက် ပြစ်ဒဏ် ချမှတ်ခြင်းကို ခံကြရသည်။ လူကုန်ကူးခံရခြင်းဖြစ်နိုင်ခြေရှိသော ငါးဖမ်းလုပ်သားများအား နစ်နာသူများအဖြစ် ဖော်ထုတ်အတည်ပြုကာ ကာကွယ်စောင့်ရှောက်မှု ပေးခြင်းထက် ဖမ်းဆီးထိန်းသိမ်းကာ အပြစ်ရှိကြောင်းဝန်ခံရန် အကြပ်ပြုသိမ်းသွင်း၍ ကိုယ်ကာယနာကျင်စေသည့် ပြစ်ဒဏ်ချမှတ်ပြီး ရာဇဝတ်မှတ်တမ်းတွင် ထည့်သွင်းခဲ့သည့် ဖြစ်စဉ်များအကြောင်းကို ဖော်ပြဆွေးနွေးခဲ့ကြသည်။

**ပြည်ပမှပြန်လည်ဝင်ရောက်လာသည့် ကမ္ဘောဒီးယားနိုင်ငံသား နစ်နာသူများ** - ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် ကမ္ဘောဒီးယားနိုင်ငံသားများကို ပြည်တွင်းမှ တရားမဝင်ထွက်ခွာမှုအတွက် ပြစ်ဒဏ်ချမှတ်ခြင်းမရှိကြောင်း ရှုမြင်ချက် တူညီခဲ့ကြသည်။ နေရပ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခံရသည့် ငါးဖမ်းလုပ်သားများ အပါအဝင် နေရပ်ပြန်လာသည့်

နစ်နာသူများ၏ စိုးရိမ်ပူပန်မှုများကို လျှော့ချရန် ရဲတပ်ဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုကို ချီးမွမ်းဖော်ပြခဲ့ကြသည်။ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ရန်အတွက် အိမ်နီးချင်းများ သို့မဟုတ် ဆွေမျိုးသားချင်းများကို ပြည်ပသို့ခေါ်ဆောင်သွားခဲ့သည့် ဦးဆောင်သူများ သို့မဟုတ် ပွဲစားများသည်လည်း နစ်နာသူများပင်ဖြစ်သည့်အလျောက် ၎င်းတို့ကိုလည်း ကျူးလွန်သူများ အဖြစ် တရားစွဲဆိုခြင်း မပြုပေ။ ဤသည်နှင့်ဆန့်ကျင်၍ လူကုန်ကူးခံရသည့် နစ်နာသူတစ်ဦးအဖြစ် ဝန်ဆောင်မှုများ ပေးအပ်လျက်ရှိသူတစ်ဦးသည် အခြား နစ်နာသူများစွာကိုလည်း ပြည်ပတွင် တရားမဝင် အလုပ်လုပ်ရန် ပို့ဆောင်ခဲ့ကြောင်း ရှာဖွေတွေ့ရှိသည့်အခါ ပြစ်မှုကျူးလွန်သူအဖြစ် ပြန်လည် သတ်မှတ်၍ ပေးအပ်လျက်ရှိသည့် ဝန်ဆောင်မှုများကို ရပ်တန့်ခဲ့သည့် ဖြစ်ရပ်ရှိခဲ့ကြောင်း ထည့်သွင်း ဖော်ပြဆွေးနွေးခဲ့သည်။

## ၂.၃ အင်ဒိုနီးရှား

ဤလေ့လာချက်အတွက် အင်ဒိုနီးရှားနိုင်ငံတွင် ဆွေးနွေးပွဲနှစ်ခုကို ကျင်းပဆောင်ရွက်ခဲ့ပြီး အစိုးရနှင့် အစိုးရမဟုတ်သော လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး အဖွဲ့အစည်းများကို ကိုယ်စားပြု၍ တက်ရောက်ပါဝင်ကြသူ စုစုပေါင်း ၂၉ ဦး ရှိခဲ့ပါသည်။ ဤအပိုင်းတွင် ၎င်းတို့၏ ထိုးထွင်းသုံးသပ်ချက်များကို အဓိကအသုံးချထားပြီး အများပြည်သူရယူနိုင်သည့် သတင်းအချက်အလက်များကိုလည်း အသုံးပြုထားပါသည်။

### ဥပဒေနှင့် မူဝါဒတို့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို ထည့်သွင်းဖော်ပြခြင်း

**လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေတွင် အတိအလင်းဖော်ပြထားသည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ဆိုင်ရာ ပြဋ္ဌာန်းချက် -** *လူကုန်ကူးမှုဆိုင်ရာ ရာဇဝတ်အက်ဥပဒေကို ဖျက်သိမ်းသည့် ဥပဒေအမှတ် ၂၁၊ ၂၀၀၇* ၏ အပိုဒ် ၁၈ တွင် ဖိအားပေးခံရ၍ ရာဇဝတ်မှုကျူးလွန်ခဲ့ရသော လူကုန်ကူးခံရသည့် နစ်နာသူများအား ရာဇဝတ်ဆိုင်ရာ တရားစွဲဆိုမှုများမှ ကာကွယ်စောင့်ရှောက်မှု ပေးထားသည်။ ရာဇဝတ်ဆိုင်ရာ တရားစွဲဆိုမှုများမှ အကာအကွယ်ပေးရာ၌ မည်သည့် ရာဇဝတ်ပြစ်မှုများအတွက်သာ အကျုံးဝင်သည်ဟု ကန့်သတ်ထားခြင်းမရှိဘဲ 'လူကုန်ကူးမှုကျူးလွန်သူတစ်ဦးက ဖိအားပေး၍ ပြစ်မှုကျူးလွန်ခဲ့ရသည့် နစ်နာသူကို ရာဇဝတ်ဆိုင်ရာ တရားစွဲဆိုမှု ဆောင်ရွက်ခြင်းမရှိစေရ' ဟုသာ ရိုးရှင်းစွာ ပြဋ္ဌာန်းထားသည်။ ဤပြဋ္ဌာန်းချက်တွင် တရားမမှု၊ အုပ်ချုပ်ရေးဆိုင်ရာနှင့် လူဝင်မှုကြီးကြပ်ရေး ဆိုင်ရာ ပြစ်မှုများ ဖော်ပြပါဝင်ခြင်း မရှိပေ။

**နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခြင်းမှ ရှောင်လွှဲခြင်းနှင့်စပ်လျဉ်းသည့် အခြားဥပဒေများ -** ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် သက်ဆိုင်မှုရှိသည်ဟု သတ်မှတ်၍ ထည့်သွင်းဆွေးနွေးခဲ့သည့် ဥပဒေများတွင် *ရာဇသတ်ကြီးဥပဒေ* ၏ အပိုဒ် ၅၅ လည်း အပါအဝင်ဖြစ်ပြီး အဆိုပါပြဋ္ဌာန်းချက်က ပေးအပ်သည့် ကာကွယ်စောင့်ရှောက်မှုသည် လူကုန်ကူးမှုဆန့်ကျင် တိုက်ဖျက်ရေး ဥပဒေ၏ အပိုဒ် ၁၈ က ပေးအပ်သည့် ကာကွယ်စောင့်ရှောက်မှုထက် လျော့နည်းကာ ပြစ်မှုကို ရည်ရွယ်ချက်ရှိရှိ ကျူးလွန်သူ သို့မဟုတ် အခြားသူများကို ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်သူများအား ရာဇဝတ်ဆိုင်ရာ တာဝန်ခံစေခြင်းနှင့် ဆက်စပ်နေသည်။ *မျက်မြင်သက်သေနှင့် နစ်နာသူ ကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေ* ဖြစ်သည့် ဥပဒေအမှတ် ၃၁ (၂၀၁၄) ၏ အပိုဒ် ၁၀ တွင် မျက်မြင်သက်သေများ၊ နစ်နာသူများနှင့် မှန်ကန်ရိုးဖြောင့်သော သတင်းအချက်အလက် သို့မဟုတ် ထွက်ဆိုချက် ပေးသည့် တရားမမှုနှင့် ရာဇဝတ်မှုဆိုင်ရာ သတင်းပေးများအား တရားစွဲဆိုစစ်ဆေးခြင်းကို တားမြစ်ထားသဖြင့် ဤအပိုဒ်သည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုနှင့် ဆက်စပ်နေသည်ဟု မှတ်ချက်ပြုဆွေးနွေးခဲ့သည်။ ACTIP နှင့်စပ်လျဉ်း၍လည်း ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး ၎င်းအား အတိအလင်း အသက်ဝင်စေရန် ပြည်တွင်းဥပဒေ၌ ပြဋ္ဌာန်းချက်များ ထည့်သွင်းဖော်ပြ ထားခြင်းမရှိသည့် အခြေအနေများတွင် မည်သည့် အတိုင်းအတာအထိ ဥပဒေအရ စည်းနှောင်မှုရှိသည်ဟု မှတ်ယူကာ လိုက်နာသင့်ကြောင်းကိုလည်း ဆွေးနွေးခဲ့ကြသည်။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့်စပ်လျဉ်းသည့် မူဝါဒများ -** *လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် လုပ်ငန်းစီမံချက် ၂၀၁၇-၂၀၁၉* တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအကြောင်း ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။ ဤလေ့လာချက်အတွက် သုတေသနဆောင်ရွက်ခဲ့သည့် ၂၀၂၁ ခုနှစ်၌ နိုင်ငံတော်အဆင့် လုပ်ငန်းစီမံချက် ၂၀၂၀-၂၀၂၄ ကို ရယူလေ့လာနိုင်ခြင်း မရှိခဲ့ပေ။ ဆွေးနွေးဝိုင်းများ ဆောင်ရွက်ရာ၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို နိုင်ငံတော်အဆင့် နှင့် ဒေသတွင်းအဆင့် လုပ်ငန်း စီမံချက်များ နှစ်မျိုးလုံးတွင် ထည့်သွင်းပြဋ္ဌာန်း၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း လက်တွေ့အကောင်အထည်ဖော်ခြင်းအတွက် လမ်းပြမြေပုံကို တွဲဖက်၍ ပြုစုထုတ်ပြန်ပေးသင့်ကြောင်း အကြံပြုဆွေးနွေးခဲ့ကြသည်။

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား အနက်ဖွင့်ဆိုခြင်း

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား နားလည်သဘောပေါက်ခြင်း -** တရားရေးတာဝန်ရှိသူများသည် အင်ဒိုနီးရှားနိုင်ငံ၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား ကောင်းစွာ နားလည်သဘောပေါက်ခြင်း ရှိ၊ မရှိ နှင့်စပ်လျဉ်း၍ မတူကွဲပြားသော ရှုမြင်ချက်များကို ဖော်ပြဆွေးနွေးခဲ့ကြသည်။ ကနဦး တုံ့ပြန် ဆောင်ရွက်ရသည့် တရားဥပဒေစိုးမိုးရေး အရာရှိများနှင့် မျက်မြင်သက်သေနှင့် နစ်နာသူ ကာကွယ်စောင့်ရှောက်ရေး အေဂျင်စီ (LPSK) ကိုယ်စားလှယ်များသည် နစ်နာသူများ အနေဖြင့် စာရွက်စာတမ်း အတုလုပ်ခြင်းကဲ့သို့ ပြစ်မှုများကို ကျူးလွန်နိုင်ခြေရှိပြီး ဥပဒေအမှတ် ၂၁ ၏ အပိုဒ် ၁၈ အရ ၎င်းတို့ကို ပြစ်ဒဏ်ချမှတ်ခြင်း မဆောင်ရွက်နိုင်ကြောင်း သိရှိနားလည်သည်ဟု အချို့က ယူဆ ဆွေးနွေးခဲ့ကြသည်။ ပါဝင်တက်ရောက်သူအချို့က အခြေခံမူကို ဥပဒေတွင် ထည့်သွင်းဖော်ပြထားသည့် အားလျော်စွာ တရားရေးကဏ္ဍ အဖွဲ့ဝင်များသည် ၎င်းအခြေခံမူကို ကောင်းစွာနားလည်သည်ဟု ယူဆ ဆွေးနွေးခဲ့ကြသော်လည်း အခြားတက်ရောက်သူ များကမူ တရားသူကြီးများအနေဖြင့် အဆိုပါ အခြေခံမူကို ပြည်တွင်းဥပဒေ၌ ထိရောက်စွာ ထည့်သွင်းပြဋ္ဌာန်း ထားကြောင်း လက်ခံလာစေရန်အတွက် ပြည်တွင်း၌ ပိုမိုကျယ်ပြန့်စွာ အသိပေးရှင်းလင်းခြင်း ဆောင်ရွက်ရန် လိုအပ်နေသေးသည်ဟု တင်ပြ ဆွေးနွေးခဲ့ကြသည်။ ပြဋ္ဌာန်းချက်အား အနက်ဖွင့်ဆိုရာတွင် ပုဂ္ဂိုလ်များကွဲပြားသည် အလိုက် အနက်ဖွင့်ဆိုချက်များလည်း ကွဲပြားနိုင်သည်ဟု ပါဝင်တက်ရောက်သူအချို့က ဆွေးနွေးခဲ့ကြသည်။ အခြေခံမူ အား နားလည်သဘောပေါက်ခြင်းတွင် ညီမျှမှုမရှိသေးဟု ယူဆသတ်မှတ်ထားသူများက အထူးသဖြင့် နိုင်ငံတွင်းအဆင့် ၌ ရာဇဝတ်ဆိုင်ရာ တရားရေးတာဝန်ရှိသူများသည် လူကုန်ကူးမှုအား နားလည် သဘောပေါက်ခြင်းမရှိဘဲ ပြစ်မှုကျူးလွန်ခဲ့သူများသည် ၎င်းပြစ်မှုများအတွက် အဘယ်ကြောင့် ပြစ်ဒဏ်ချမှတ်ခံရခြင်း မရှိသင့်ကြောင်းကို နားမလည်နိုင်ကြောင်း ဖော်ပြဆွေးနွေးခဲ့ကြသည်။

**လူကုန်ကူးမှုနှင့် နစ်နာသူကကျူးလွန်သည့် ပြစ်မှုအကြား ဆက်နွှယ်မှုကို ဖော်ထုတ်ခြင်း -** ပြစ်မှုကျူးလွန်ခြင်းနှင့် လူကုန်ကူးခြင်းတို့အကြား ဆက်နွှယ်မှုကို ရှင်းပြရာတွင် နစ်နာသူများအနေဖြင့် ၎င်းတို့ဆန္ဒမပါဘဲ ပြစ်မှုကျူးလွန် ရသည့်အခါ ပြစ်ဒဏ်ချမှတ်ခြင်းမခံရသည့် ဖိအားပေးခြင်း (အဓမ္မ စေခိုင်းခြင်း) သတ်မှတ်ချက်ကို အသုံးပြုသည်။ သို့ရာတွင် လူကုန်ကူးခံရသည့် ပုဂ္ဂိုလ်များအား ကာကွယ်စောင့်ရှောက်မှုပေးရန်အလို့ငှာ တရားခွင်တွင် အပိုဒ် ၁၈ ကို လက်တွေ့ကျင့်သုံးနိုင်ရန်အတွက် လိုအပ်သည့်အင်္ဂါရပ်များအား မည်သို့သက်သေထူရမည်နှင့် စပ်လျဉ်းသည့် စံသတ်မှတ်ချက်များ ရေးဆွဲ ချမှတ်ထားခြင်းမရှိသောကြောင့် ဥပဒေသည် လုံလောက်စွာ အသေးစိတ်ဖော်ပြထားခြင်း မရှိဟု ပါဝင်တက်ရောက်သူအချို့က ဖော်ပြဆွေးနွေးခဲ့ကြသည်။

နစ်နာသူကကျူးလွန်သည့် ပြစ်မှုသည် လူကုန်ကူးမှုကျူးလွန်သူ၏ လုပ်ရပ်များနှင့် ဆက်နွှယ်နေကြောင်း သက်သေထူရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ 'အင်အားသုံးခြင်း' နှင့် 'ဖိအားပေးခြင်း' ဟူသည့် စကားရပ်များ၏ အနက်အဓိပ္ပါယ်နှင့်စပ်လျဉ်းသည့် မေးခွန်းများနှင့် နစ်နာသူအား ပြစ်မှုကျူးလွန်စေရန် မည်သို့လုပ်ဆောင်သည်ကို နားလည်ရန်ကြိုးပမ်းရာ၌ စိတ်ပိုင်းဆိုင်ရာ ကြိုးကိုင်ခြယ်လှယ်မှုကို ထည့်သွင်း စဉ်းစားခြင်း ပြုသင့်၊ မပြုသင့်တို့ကို ဆွေးနွေးခဲ့ကြသည်။ လူကုန်ကူးခံရသည့် နစ်နာသူအချို့အတွက် 'အင်အားသုံးခြင်း' ဟူသည့် စကားရပ်သည်

ပြစ်မှုတစ်ရပ်တွင် ၎င်းတို့ပါဝင်ဆောင်ရွက်မှုကို ဖော်ပြရာ၌ အသုံးပြုရန် အလွန်မြင့်မားသော စံသတ်မှတ်ချက်တစ်ရပ် ဖြစ်နေနိုင်ကြောင်း ထောက်ပြ ဆွေးနွေးခဲ့ကြသည်။ နစ်နာသူများသည် လူကုန်ကူးသူများ၏ ထိန်းချုပ်မှုအောက်၌ လုပ်ကိုင် ဆောင်ရွက်နေရသည့် အခြေအနေတွင် ရာဇဝတ်မှုကျူးလွန်ရန် နစ်နာသူက သဘောတူညီချက် ပေးခြင်းသည် အရာရောက်ခြင်းမရှိကြောင်းကိုလည်း မှတ်ချက်ပြုဆွေးနွေးခဲ့ကြသည်။

**အခြေခံမူအား လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးခြင်းဆိုင်ရာ လမ်းညွှန်ချက် -** အင်ဒိုနီးရှားတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့်စပ်လျဉ်းသည့် လမ်းညွှန်ချက်အချို့ကို ချမှတ်ပြဋ္ဌာန်းထားသည်။ *လူကုန်ကူးမှု ကိုင်တွယ်ဖြေရှင်းရာတွင် လူကုန်ကူးခံရသည့် နစ်နာသူများအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် တရားဥပဒေစိုးမိုးရေး အရာရှိများအတွက် လမ်းညွှန်* (၂၀၀၉) တွင် ၎င်းတို့လူကုန်ကူးခံရခြင်းနှင့် ဆက်စပ်နေသည့် ပြစ်မှုများအား ကျူးလွန်သည်ဟူ၍လည်း သတ်မှတ်ခံထားရသော နစ်နာသူများ ကြုံတွေ့ရသည့် အခက်အခဲများကို (စာ - ၃၆ တွင်) ဖော်ပြထားပြီး အရာရှိများအနေဖြင့် နစ်နာသူများသည် ၎င်းတို့လူကုန်ကူးခံရခြင်းနှင့်စပ်လျဉ်း၍ ပြစ်မှုများ ကျူးလွန်မိနိုင်ကြောင်း နားလည်ရန်အတွက် အထူး ကျွမ်းကျင်မှုစွမ်းရည်များရှိရန် လိုအပ်ကြောင်း (စာ - ၄၁ တွင်) အလေးပေးဖော်ပြထားသည်။ *လူကုန်ကူးမှုဆိုင်ရာ မျက်မြင်သက်သေ နှင့်/သို့မဟုတ် နစ်နာသူအတွက် ဘက်စုံဝန်ဆောင်မှုစင်တာ (ISC) လမ်းညွှန်* တွင် ရာဇဝတ်ပြစ်ဒဏ်မချမှတ်ခြင်းနှင့် စပ်လျဉ်း၍ နောက်ဆက်တွဲဇယား ၄ ၌ ဖော်ပြထားပြီး မေးမြန်းစစ်ဆေးသူများသည် နစ်နာသူအား ၎င်းအနေဖြင့် လူကုန်ကူးသူက မည်သို့ ဖိအားပေး၍ ဖြစ်စေ မိမိဆန္ဒမပါဘဲ ကျူးလွန်ခဲ့ရသည့် ဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် တရားစွဲဆိုစစ်ဆေးခြင်း ခံရမည် မဟုတ်ကြောင်း မပျက်မကွက် အသိပေးရန် ဖော်ပြထားသည်။[86] ပါဝင်တက်ရောက်သူများက ဤလမ်းညွှန်များအနက် မည်သည်ကမျှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား နားလည်ရန်အတွက် အထောက်အကူဖြစ်စေသည်ဟု ရှုမြင်ဆွေးနွေးခဲ့ခြင်း မရှိပေ။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ လမ်းညွှန်ချက်ကို ဆက်လက်ပြုစုဖော်ပြရန်နှင့် ရှိရင်းစွဲ လမ်းညွှန်ချက်ကို လက်တွေ့အကောင်အထည်ဖော်ရန် လိုအပ်ခြင်း -** တရားရေးတာဝန်ရှိသူများက ရှိရင်းစွဲ လမ်းညွှန်ချက်များအား ထည့်သွင်းဆွေးနွေးခြင်းမပြုသည့်အချက်ကို ထောက်ချင့်၍ ၎င်းလမ်းညွှန်များကို ကျယ်ပြန့်စွာ အသုံးပြုခြင်းမရှိကြောင်း ကောက်ချက်ချနိုင်သည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူနှင့် သက်ဆိုင်သည့် အခြား မည်သည့် လမ်းညွှန်ချက်များ သို့မဟုတ် စာရွက်စာတမ်းများကိုမျှ ထည့်သွင်း ဆွေးနွေးခြင်းလည်း မရှိပေ။ သို့ရာတွင် အခြေခံမူ၏ အနက်ဝေဝါးမှုအကြောင်း ဆွေးနွေးရာတွင် အထူးသဖြင့် တရားဥပဒေစိုးမိုးရေး အရာရှိများနှင့် လူဝင်မှုကြီးကြပ်ရေး အရာရှိများသည် အခြေခံမူအား တစ်သမတ်တည်း နားလည်သဘောပေါက်မှုရှိစေရန်နှင့် နိုင်ငံတော်အဆင့်နှင့် ပြည်နယ်အဆင့်၌ ရှိနေသော အသိပညာဆိုင်ရာ ကွာဟချက်များကို ဖြည့်ဆည်းရန်အလို့ငှာ အစိုးရက စည်းမျဉ်း ပြဋ္ဌာန်းချက်များ သို့မဟုတ် နည်းစနစ်ဆိုင်ရာ ညွှန်ကြားချက်များကို ပြုစုဖြန့်ဝေရန် အကြံပြု ဆွေးနွေးခဲ့ကြသည်။ ရဲအရာရှိများနှင့် အစိုးရရှေ့နေများအနေဖြင့် အမှုစီမံခန့်ခွဲရေး ဆွေးနွေးမှုများတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို ထည့်သွင်းစဉ်းစားနိုင်ရန် အထောက်အကူပေးရန်အတွက် လေ့ကျင့် သင်ကြားပေးခြင်းကို စီစဉ်ဆောင်ရွက်ပေးရန်လည်း အကြံပြုဆွေးနွေးခဲ့သည်။

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ကျင့်သုံးခြင်း

**ရာဇဝတ်ဆိုင်ရာ တရားမျှတရေးလုပ်ငန်းစဉ်တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူ သက်ရောက် အကျုံးဝင်သည့် အခြေအနေ -** အပိုဒ် ၁၈ ကို လက်တွေ့ကျင့်သုံးမှု မရှိသေးကြောင်း ပါဝင်တက်ရောက်သူများက ဖော်ပြဆွေးနွေးခဲ့ကြပြီး ဆိုလိုသည်မှာ ၎င်းအား လက်တွေ့ကျင့်သုံးခြင်းနှင့် စပ်လျဉ်းသည့် ဆွေးနွေးချက်များကို တွေးဆဆွေးနွေးခဲ့ကြခြင်း

[86] ASEAN & ACTIP: Using a Regional Legal Framework to Fight a Global Crime (Liberty Asia, 2017) 39, 44.

ဖြစ်သည်။ အဆိုပါအပိုဒ် ၁၈ သည် မည်သည့်အချိန်၌ သက်ရောက်အကျုံးဝင်သည်နှင့်စပ်လျဉ်း၍မူ လူကုန်ကူးမှုဆိုင်ရာ အင်္ဂါရပ်များအား ဖော်ထုတ်အတည်ပြုပြီးသည့် ကနဦးအခြေအနေမှ စတင်၍ အကျုံးဝင်သည်၊ သို့မဟုတ် ပြစ်မှု ကျူးလွန်သည်ဟု ယူဆရသည့် လူကုန်ကူးသူအား လူကုန်ကူးမှုအတွက် စွဲချက်တင်ခြင်း၊ တရားစွဲဆို စစ်ဆေးခြင်း သို့မဟုတ် ပြစ်မှုထင်ရှားစီရင်ခြင်း ဆောင်ရွက်ပြီးသည့် အခြေအနေ၌ အကျုံးဝင်သည်၊ သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးအား ပြစ်မှုစွဲချက်တင်ပြီးနောက် ၎င်းသည် လူကုန်ကူးခံရသည့် နစ်နာသူဖြစ်ကြောင်း ရှာဖွေတွေ့ရှိသည့် အခြေအနေ၌ အကျုံးဝင်သည်၊ သို့မဟုတ် ဤအခြေအနေများ အပြိုင်ဖြစ်ပေါ်လာနိုင်ခြင်း ရှိ၊ မရှိ ကို ဘုံသဘောတူညီမှု မရရှိခဲ့ဘဲ ဤ အခြေအနေတွင် လူကုန်ကူးသူများသည် နစ်နာသူအား ပြစ်မှုကျူးလွန်စေရန် ဖိအားပေးထားကြောင်း ဖော်ထုတ် တွေ့ရှိပြီး ဖြစ်သည်။ ဤအချက်နှင့်စပ်လျဉ်း၍ နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းသည် နစ်နာသူအား ကာကွယ် စောင့်ရှောက်မှုပေးရန် ရည်ရွယ်၍ သီးခြားလုပ်ဆောင်သော တရားဝင်လုပ်ငန်းစဉ်မဟုတ်သည့် ဆောင်ရွက်ချက်ဖြစ်ပြီး လူကုန်ကူးမှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် တစ်ပြိုင်နက်တည်း ဆောင်ရွက်ခြင်း မရှိနိုင်ကြောင်း ထောက်ပြဆွေးနွေး ခဲ့ကြသည်။ ပြစ်မှု မြောက်၊ မမြောက် ဆုံးဖြတ်ရာတွင် အဆိုပါ ပြစ်မှု၏ အင်္ဂါရပ်များနှင့် ပြည့်စုံခြင်းရှိရန် လိုအပ်ပြီး နစ်နာသူအနေဖြင့် ဖိအားပေးခံရ၍ ပြစ်မှုကျူးလွန်ခြင်း ဖြစ်ပါက အဆိုပါအင်္ဂါရပ်များ ပြည့်စုံခြင်းမရှိကြောင်း ပါဝင်တက်ရောက်သူတစ်ဦးက ဆွေးနွေးခဲ့သည်။ အခြေခံမှုသည် မည်သည့်အခြေအနေ၌ မည်သို့သက်ရောက် အကျုံးဝင်သည်နှင့်စပ်လျဉ်း၍ ရာဇဝတ်ဆိုင်ရာ လုပ်ထုံးလုပ်နည်း ဥပဒေတွင် ဖော်ပြထားခြင်း ရှိ၊ မရှိ နှင့် မည်သို့ ပြဋ္ဌာန်းထားသည်နှင့် စပ်လျဉ်း၍လည်း မေးခွန်းများ ဖော်ပြဆွေးနွေးခဲ့ကြသည်။ ဤဆွေးနွေးမှုအပေါ် အခြေခံ၍ အခြေခံမှုအား လက်တွေ့ကျင့်သုံးခြင်းကို ထောက်ကူပေးရန် လမ်းညွှန်ချက်လိုအပ်ကြောင်း ပါဝင်တက်ရောက်သူများက ထပ်မံ၍ အလေးအနက်ဖော်ပြဆွေးနွေးခဲ့ကြသည်။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား လက်တွေ့ကျင့်သုံးရာ၌ ရဲတပ်ဖွဲ့၏ အခန်းကဏ္ဍ -** ရာဇဝတ်ဆိုင်ရာ တရားရေးတာဝန်ရှိသူများ၏ အခန်းကဏ္ဍအကြောင်းကို ဆွေးနွေးရာ၌ အပိုဒ် ၁၈ သည် အနိမ့်ဆုံးအနေဖြင့် သီအိုရီအရ ရာဇဝတ်ဆိုင်ရာ တရားမျှတရေးလုပ်ငန်းစဉ်၏ အဆင့်အားလုံးတွင် သက်ရောက်ပြီး လူကုန်ကူးခံရသည့်နစ်နာသူ ဖြစ်နိုင်ခြေရှိသူများနှင့် ရဲအရာရှိများ စတင်တွေ့ဆုံသည့် အချိန်မှစ၍ သက်ရောက်အကျုံးဝင်ကြောင်း မှတ်ချက်ပြု ဆွေးနွေးခဲ့ကြသည်။ နစ်နာသူကို နစ်နာသူဖြစ်ကြောင်း ဖော်ထုတ်သိရှိနိုင်သည့် အခြေအနေတွင် ရဲအရာရှိများအနေဖြင့် ၎င်းတို့သည် လူကုန်ကူးခံရသည့် နစ်နာသူများဖြစ်ကြောင်း သက်သေတစ်စုံတစ်ရာဖော်ပြ၍ အပိုဒ် ၁၈ ကို အကောင်အထည်ဖော်ခြင်းဖြင့် လူပုဂ္ဂိုလ်တစ်ဦးအား ကနဦးမှပင် ပြစ်မှုကျူးလွန်သူအဖြစ် မသတ်မှတ်ဘဲ လူကုန်ကူးခံရသည့် နစ်နာသူအဖြစ် သတ်မှတ်ခြင်းကို ဆောင်ရွက်နိုင်သည်။ သို့ရာတွင် လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေ၌ ပါဝင်သည့် ပြစ်မှုများထက် ရာဇသတ်ကြီးဥပဒေ၌ ပါဝင်သည့် ပြစ်မှုများကို ပိုမိုသိရှိပြီး လူပုဂ္ဂိုလ်တစ်ဦးအား ၎င်းတို့ရင်းနှီးကျွမ်းဝင်ခြင်းမရှိသည့် ဥပဒေအရ တရားစွဲဆိုမှုကို ရှောင်လွှဲခြင်းထက် ၎င်းတို့ ရင်းနှီးကျွမ်းဝင်သည့် ဥပဒေအရ တရားစွဲဆိုခြင်းကို ဆောင်ရွက်ခြင်းကို ပိုမိုလုပ်ဆောင်လိုနိုင်ပြီး တရားရုံးတော် များတွင်လည်း အဆိုပါဆုံးဖြတ်ချက်များအတိုင်း ဆက်လက်ဆောင်ရွက်သည့် တရားဥပဒေစိုးမိုးရေး အရာရှိများ၏ စွမ်းဆောင်ရည်နှင့်စပ်လျဉ်း၍ ထောက်ပြဆွေးနွေးမှုများ ရှိခဲ့သည်။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား လက်တွေ့ကျင့်သုံးရာ၌ အစိုးရရှေ့နေများနှင့် တရားခံရှေ့နေများ၏ အခန်းကဏ္ဍ-** ပြစ်ဒဏ်ချမှတ်ခြင်းမှ ကာကွယ်စောင့်ရှောက်မှုပေးခြင်းကို ကနဦးမှပင် ခံစားရခြင်းမရှိပါက နစ်နာသူများသည် ရုံးတင်စစ်ဆေးကြားနာမှုများကို ကြုံတွေ့ရနိုင်သည်။ ၎င်းစစ်ဆေးကြားနာမှုများတွင် တရားခံရှေ့နေများက လူပုဂ္ဂိုလ် သည် နစ်နာသူဖြစ်ကြောင်း သက်သေအထောက်အထားများကို တင်ပြနိုင်ပြီး အစိုးရရှေ့နေများကလည်း လူပုဂ္ဂိုလ်သည် ပြစ်မှုကျူးလွန်ရန် ဖိအားပေးခံခဲ့ရသည့် နစ်နာသူ ဖြစ်ကြောင်း ဖော်ပြချက်အင်္ဂါရပ်များကို စစ်ဆေးတွေ့ရှိနိုင်သည်။ ဤတွင် မှတ်ချက်ပြုဆွေးနွေးခဲ့သည့် အဟန့်အတားတစ်ရပ်မှာ အစိုးရရှေ့နေများ၏ အခန်းကဏ္ဍသည် တရားစွဲဆိုစစ်ဆေးခြင်း ဆောင်ရွက်ရန် ဖြစ်နေခြင်းပင် ဖြစ်သည်။ ထို့ကြောင့် လက်တွေ့အခြေအနေနှင့်အညီ ဖော်ပြရပါက ရဲတပ်ဖွဲ့က နစ်နာသူကို ပြစ်မှုကျူးလွန်သူအဖြစ် ဆက်ဆံပြီးဖြစ်သည့် အခြေအနေနှင့် လူကုန်ကူးသူအား

ဖော်ထုတ် အတည်ပြုကာ တရားစွဲဆိုစစ်ဆေးခြင်း ဆောင်ရွက်ပြီးဖြစ်သည့် အခြေအနေတွင် အပိုဒ် ၁၈ ကို ကျင့်သုံးနိုင်သည်။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ကျင့်သုံးရာ၌ တရားရေးကဏ္ဍ အဖွဲ့ဝင်များ၏ အခန်းကဏ္ဍ -** လူကုန်ကူးခံရသည့်နစ်နာသူ ဖြစ်နိုင်ခြေရှိသူကို ပြစ်မှုတစ်ရပ်အတွက် တရားစွဲဆို စစ်ဆေးခြင်း ဆောင်ရွက်ပြီးဖြစ်သည့် အခြေအနေတွင် တရားသူကြီးသည် ၎င်းအား ရာဇဝတ်ဆိုင်ရာ တာဝန်ခံစေခြင်းမှ လွတ်ငြိမ်းခွင့်ပြုရန်ဖြစ်စေ လျှော့ပေါ့ ပြစ်ဒဏ်ချမှတ်ရန်ဖြစ်စေ ထည့်သွင်းစဉ်းစားခြင်း ပြုနိုင်သည်။ တရားသူကြီးသည် လူပုဂ္ဂိုလ်တစ်ဦးသည် ပြစ်ဒဏ်ချမှတ် ခံရခြင်း မရှိသင့်ကြောင်းကို တရားမျှတမှုဖော်ဆောင်ရန် ရည်ရွယ်၍ ဆုံးဖြတ်စီရင်နိုင်သည်။ မျက်မြင်သက်သေနှင့် နစ်နာသူ ကာကွယ်စောင့်ရှောက်ရေး အေဂျင်စီ (LPSK) ကလည်း ၂၀၁၄ ခုနှစ်၊ ဥပဒေအမှတ် ၃၁ ၏ အပိုဒ် ၁၀ နှင့် ၂၀၀၇ ခုနှစ်၊ ဥပဒေအမှတ် ၂၁ ၏ အပိုဒ် ၁၈ ကို အသုံးပြု၍ တရားရုံးတော်ထံသို့ စာဖြင့်ရေးသား ထားသော ဥပဒေဆိုင်ရာ အတွေးအမြင်များကို ပေးပို့နိုင်သည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား ကျင့်သုံးရန် ချမှတ်ထားသည့် ဤအခွင့်အလမ်းများကို လက်တွေ့လိုက်နာခြင်း ရှိ၊ မရှိ ကိုမူ ဆွေးနွေးချက်များအရ ရှင်းလင်းစွာ ကောက်ချက်ချနိုင်ခြင်း မရှိခဲ့ပေ။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူနှင့် ဆက်စပ်နေသည့် ပြန်လည်ထူထောင်ပြင်ဆင်နိုင်ရန် ပြစ်ဒဏ်ပေးခြင်း အခြေခံမူများ -** အချို့သော တရားရေးတာဝန်ရှိသူများက နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခြင်းမှ ကာကွယ် စောင့်ရှောက်မှုပေးရန်အတွက် နောက်ဆုံး ရွေးချယ်ဆောင်ရွက်စရာအဖြစ် ပြန်လည်ထူထောင် ပြင်ဆင်နိုင်ရန် ပြစ်ဒဏ်ပေးခြင်းကို ထောက်ပြဆွေးနွေးခဲ့ကြသည်။ ပြန်လည်ထူထောင်ပြင်ဆင်နိုင်ရန် ပြစ်ဒဏ်ပေးခြင်းသည် အချို့သော ပြစ်မှုအမျိုးအစားများ (၅ နှစ်ထက်ကျော်လွန်သည့် ထောင်ဒဏ် သတ်မှတ်ထားခြင်းမရှိသော ပြစ်မှုများ) နှင့် အချို့သော ပြစ်မှုကျူးလွန်သူများ (အမျိုးသမီးများနှင့် ကလေးသူငယ်များ) အတွက် အထူးပင်သင့်လျော်ကြောင်း ဖော်ပြ ဆွေးနွေးခဲ့ကြသည်။ တရားသူကြီးများ အနေဖြင့် ပြစ်ဒဏ်အမိန့်ချရာ၌ လျှော့ပေါ့ပေးရန်အတွက် ပြန်လည် ထူထောင်ပြင်ဆင်နိုင်ရန် ပြစ်ဒဏ်ပေးခြင်းဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများကို ဆောင်ရွက်နိုင်ပြီး ပြစ်မှုကျူးလွန်သူသည် လူကုန်ကူးခံရသည့် နစ်နာသူဖြစ်နေသောကြောင့် ၎င်းကို ရာဇဝတ်ဆိုင်ရာ တာဝန်ခံစေခြင်းမှ လုံးလုံးလျားလျား လွတ်ငြိမ်းခွင့်မပေးသော်လည်း ပြစ်ဒဏ်အမိန့်များကို လျှော့ပေါ့ပေးခဲ့သည့် တရားရုံးတော်များရှိကြောင်း သာဓကများကို ဖော်ပြဆွေးနွေးခဲ့ကြသည်။

## နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အခက်အခဲများ

**နိုင်ငံဖြတ်ကျော်ဆောင်ရွက်သည့် လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု အတိုင်းအတာ မညီမျှခြင်း -** အင်ဒိုနီးရှားအာဏာပိုင်များသည် အခြားနိုင်ငံများမှ ရဲအရာရှိများအား ၎င်းတို့နိုင်ငံရှိ အင်ဒိုနီးရှားနိုင်ငံသား များအား နိုင်ငံ၏ လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေများနှင့် အညီ စစ်ဆေးစိစစ်၍ ကာကွယ်စောင့်ရှောက်မှု ပေးရန် တောင်းဆိုခြင်းဖြင့် ဥပဒေအထောက်အကူ ပေးအပ်နိုင်သည်။ ASEAN ဒေသအတွင်းရှိ အချို့နိုင်ငံများသည် နစ်နာသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းအပါအဝင် လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ပြဿနာများနှင့် စပ်လျဉ်း၍ ပူးပေါင်း ဆောင်ရွက်ရာ၌ အခြားနိုင်ငံများထက် ဆောင်ရွက်မှုအတိုင်းအတာ လျော့နည်းကြောင်း ဖော်ပြ ဆွေးနွေးခဲ့ကြသည်။ အပြန်အလှန် ဥပဒေအထောက်အကူပေးရေးနှင့် တရားခံလွှဲပြောင်းရေး စာချုပ်များ ရေးဆွဲချုပ်ဆိုထားခြင်းသည် ပြည်တွင်းဥပဒေပြဋ္ဌာန်းချက်များကို ACTIP နှင့် သဟဇာတကိုက်ညီစေရန် မွမ်းမံ ပြင်ဆင်ခြင်းနှင့်တန်းတူ အဓိကဆောင်ရွက်ရမည့် အရေးကြီးအချက်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ မတူညီသော ဥပဒေပိုင်နက်များတွင် လူကုန်ကူးခြင်းအား တစ်သမတ်တည်း နားလည်သဘောပေါက်ကာ သဟဇာတကိုက်ညီသော ရာဇဝတ်ဆိုင်ရာ တရားမျှတရေး လုပ်ထုံးလုပ်နည်းများ ရှိစေရန်အတွက် ဆောင်ရွက်ရန် အရေးကြီးကြောင်းကို တရားရေးတာဝန်ရှိသူများက ထောက်ပြဆွေးနွေးခဲ့ကြသည်။ အင်ဒိုနီးရှားနိုင်ငံသားများကို ဥပမာအားဖြင့်

အရှေ့အလယ်ပိုင်းဒေသကဲ့သို့ ASEAN ဒေသပြင်ပသို့ လူကုန်ကူးခံရသည့် အခြေအနေများတွင်လည်း အလားတူ အခက်အခဲများရှိနိုင်ကြောင်း ထောက်ပြ ဆွေးနွေးခဲ့ကြသည်။ လူကုန်ကူးသူများကို အင်ဒိုနီးရှားနိုင်ငံတွင်း၌ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တရားစွဲဆိုစစ်ဆေးခြင်း ဆောင်ရွက်လျက်ရှိသော်လည်း ၎င်းတို့ကြောင့် နစ်နာသူများသည် ဥပမာအားဖြင့် အီရတ်နိုင်ငံတွင် ဆက်လက်ရှိနေပြီး ရဲအရာရှိများက တရားစွဲခြင်း သို့မဟုတ် ဒဏ်ကြေးတပ်ခြင်းကို ကြုံတွေ့နေရသည့် ထိုသို့သောအခြေအနေများတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ ကျင့်သုံးရာ၌ ရင်ဆိုင်ရမည့် အခက်အခဲများကို ထောက်ပြဆွေးနွေးခဲ့ကြသည်။

**ASEAN ဒေသတွင်းနှင့် ဒေသပြင်ပ နှစ်မျိုးလုံး၌ ရေကြောင်းဆိုင်ရာ နိုင်ငံဖြတ်ကျော် လူကုန်ကူးခြင်းကို ကိုင်တွယ်ဖြေရှင်းရန် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ခြင်း -** ပစိဖိတ်ဒေသ အပါအဝင် ASEAN ဒေသပြင်ပတွင် အင်ဒိုနီးရှားနိုင်ငံသားများသည် ငါးဖမ်းရေယာဉ်များပေါ်၌ အဓမ္မလုပ်အားစေခိုင်းခံရခြင်း အပါအဝင် ခေါင်းပုံဖြတ်ခြင်းကို ကြုံတွေ့ခံစားနေရသည့် သာဓကများကို ပါဝင်တက်ရောက်သူများက ဖော်ပြဆွေးနွေးခဲ့ကြသည်။ ၎င်းတို့အနေဖြင့် အခြားတစ်နေရာရာ၌ ခေါင်းပုံဖြတ်ခြင်းမခံရမီ (စက်ာပူ ကဲ့သို့) ကြားနိုင်ငံများရှိ ရေယာဉ်များပေါ်သို့ အလုပ်ခေါ်ယူခြင်းခံရသည့် ဖြစ်စဉ်များကို ထောက်ချင့်၍ ရေကြောင်းဆိုင်ရာ လူကုန်ကူးမှုကို ဆန့်ကျင်တိုက်ဖျက်ရန်အတွက် နိုင်ငံဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်း ညွှန်ပြနေသည်။ ဖိလစ်ပိုင်နိုင်ငံ အာဏာပိုင်များက သင်္ဘောပေါ်ရှိ ဝန်ထမ်းများသည် လူကုန်ကူးခံရသည့် နစ်နာသူများဖြစ်ကြောင်း အသိအမှတ်ပြုကာ ၎င်းတို့ကို မည်သည့်ပြစ်မှုအတွက်မျှ တရားစွဲဆိုစစ်ဆေးခြင်းမပြုဘဲ အင်ဒိုနီးရှားသို့ ထိထိရောက်ရောက် ပြန်လည်ပို့ဆောင်ပေးခဲ့သည့် သာဓကကို ဖော်ပြ၍ ဤကိစ္စနှင့်စပ်လျဉ်းသည့် အလေ့အထကောင်းများကို ဆွေးနွေးခဲ့ကြသည်။

**ရာဇဝတ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် ကြုံတွေ့ရသည့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အခက်အခဲများ -** Mary Jane Veloso (အောက်တွင်ဖော်ပြထားသည့် စာကွက် ၅ ကို ကြည့်ပါ) သည် မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများတွင် ပါဝင်ပတ်သက်မှုကြောင့် အင်ဒိုနီးရှားနိုင်ငံတွင် အကျဉ်းချခံထားရပြီး တစ်ချိန်တည်းတွင် ဖိလစ်ပိုင်နိုင်ငံ၌ တရားရင်ဆိုင်နေရသည့် ၎င်းအားလူကုန်ကူးသူများဟု ယူဆ သတ်မှတ်ရသူများနှင့်ဆန့်ကျင်၍ သက်သေထွက်ဆိုပေးရန် ၎င်းကို တောင်းဆိုထားသည့် ဖြစ်စဉ်မှ ရှုပ်ထွေးမှုများကို ထောက်ပြဆွေးနွေးခဲ့ကြသည်။ ဖိလစ်ပိုင်နိုင်ငံ ဥပဒေအရ မျက်မြင်သက်သေများသည် သက်သေထွက်ဆိုရာတွင် ဖိလစ်ပိုင်နိုင်ငံသို့ လူကိုယ်တိုင်လာရောက်ထွက်ဆိုရန် လိုအပ်သည်ဟု သတ်မှတ်ထားခြင်းကြောင့် ဤဖြစ်စဉ်ကို မည်သို့အကောင်အထည်ဖော်မည်နှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းမှာ ရှင်းလင်းမှုမရှိပေ။ ဤဖြစ်စဉ်တွင် အင်ဒိုနီးရှားနိုင်ငံသည် Mary Jane Veloso အား လူကုန်ကူးခံရသည့် နစ်နာသူအဖြစ် အသိအမှတ်ပြုခြင်းမရှိသော်လည်း ဖိလစ်ပိုင်နိုင်ငံတွင် ကြားနာသည့် တရားခွင်ကမူ သူမသည် နစ်နာသူဖြစ်ကြောင်း အတည်ပြုထားသည်။ ခုနစ်နှစ်ကြာ အကျဉ်းချခံခဲ့ရသည့် အင်ဒိုနီးရှားနိုင်ငံသား ရွှေ့ပြောင်းလုပ်သားတစ်ဦးကို အကျဉ်းချပြီးနောက်မှ သူမသည် လူကုန်ကူးခံရသည့် နစ်နာသူတစ်ဦးဖြစ်ကြောင်း ဖော်ထုတ်အသိအမှတ်ပြုခြင်း အပါအဝင် အခြားအကြောင်းရင်းများကြောင့် လွတ်ငြိမ်းခွင့်ပြုလိုက်သည့် ဖြစ်စဉ်တစ်ခုကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

## နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းဆိုင်ရာ အခက်အခဲများ

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ကျင့်သုံးရာတွင် နစ်နာသူအား ဖော်ထုတ် အတည်ပြုခြင်းသည် အဓိကသော့ချက်ဖြစ်ခြင်း -** နစ်နာသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းကို ကျင့်သုံးရာတွင် ကြုံတွေ့ရသည့် အဓိကအခက်အခဲတစ်ခုမှာ ၎င်းတို့အား ထိရောက်စွာ ဖော်ထုတ် အတည်ပြုနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပါဝင်တက်ရောက်သူများက အတည်ပြုဆွေးနွေးခဲ့သည်။ ဖော်ထုတ်အတည်ပြုခြင်း မခံရသေးသည့် နစ်နာသူများစွာ ကျန်ရှိနေပြီး ထိုသို့ ဖော်ထုတ်အတည်ပြုခြင်း မခံရသည့်အတွက် ၎င်းတို့သည် နစ်နာသူများအဖြစ် ကာကွယ်စောင့်ရှောက်မှုပေးခြင်းကို ခံစားရမည့် အစား ပြစ်မှုကျူးလွန်သူများအဖြစ် ဆက်ဆံခံရနိုင်ခြေ ရှိနေသည်။ ၂၀၂၀ ခုနှစ်

လူကုန်ကူးမှုဆိုင်ရာ အမေရိကန်ပြည်ထောင်စု အစီရင်ခံစာတွင် လူကုန်ကူးခံရသည့် နစ်နာသူများအား လုံလောက်စွာ ဖော်ထုတ် အတည်ပြုမှု မရှိခြင်းသည် ၎င်းတို့ပြစ်ဒဏ်ချမှတ်ခံရခြင်း၏ အကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း ထောက်ပြခဲ့ပြီး ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်သည့်နေရာများအား ဝင်ရောက်စီးနင်းခြင်းနှင့် တရားမဝင် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ခြင်းကို တိုက်ဖျက်ခြင်းတို့ ဆောင်ရွက်ရာ၌လည်း အလားတူပင်ဖြစ်သည်။[87] နောက်နှစ်တွင် ထုတ်ပြန်သည့် ၂၀၂၁ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အမေရိကန်ပြည်ထောင်စု အစီရင်ခံစာတွင်လည်း ဤအကြောင်းကို ထပ်မံဖော်ပြ ထားပြီး နစ်နာသူများအနေဖြင့် ၎င်းတို့လူကုန်ကူးခံရကြောင်း အသိပေး တင်ပြရန် ကြိုးပမ်းရာ၌ တစ်ခါတရံတွင် ရဲအရာရှိများက တုံ့ပြန်ဆောင်ရွက်ပေးမှု မရှိကြောင်း မှတ်ချက်ပြု ဖော်ပြထားသည်။[88]

**ရာဇဝတ်ဆိုင်ရာ စစ်ဆေးကြားနာမှု လုပ်ငန်းစဉ်တစ်လျှောက်တွင် အသုံးချနိုင်မည့် ဖော်ထုတ်အတည်ပြုခြင်းဆိုင်ရာ အခွင့်အလမ်းများကို လက်လွတ်ခြင်း** - လူပုဂ္ဂိုလ်တစ်ဦးကို နစ်နာသူအဖြစ် တရားဝင် ဖော်ထုတ်အတည်ပြုခြင်းမရှိဘဲ ပြစ်မှုကျူးလွန်သူအဖြစ် ဆက်ဆံသည့် အခြေအနေတွင် ထိုသို့သတ်မှတ်ဆက်ဆံပြီးနောက်၌ ၎င်းပုဂ္ဂိုလ်အား ရာဇဝတ် ဆိုင်ရာ တရားစီရင်ရေး လုပ်ငန်းစဉ်အတွင်းမှ ပြန်လည်ထုတ်နုတ်ရန် ခက်ခဲကြောင်း သိရှိရသည်။ တရားမဝင် နိုင်ငံတွင်းသို့ ဝင်ရောက်ခြင်းကို မည်သည့်အခြေအနေဖြင့် လုပ်ဆောင်ခဲ့ရသည်ဖြစ်စေ ထိုသို့လုပ်ဆောင်ခြင်းကြောင့် အပြစ်ရှိသည်ဟု သတ်မှတ်ခံရနိုင်သော ရွှေ့ပြောင်းလုပ်သားများနှင့်စပ်လျဉ်းသည့် တရားမဝင် သတ်မှတ်ခြင်းဆိုင်ရာ ပြဿနာရပ်များကို ဖော်ပြဆွေးနွေးခဲ့ကြသည်။ နစ်နာသူဖြစ်ခြင်းကို သိသာထင်ရှားစေရန် ခက်ခဲသော်လည်း ပြစ်မှုကျူးလွန်ခြင်းကိုမူ ပိုမိုမြင်သာနိုင်သောကြောင့် စုံစမ်းစစ်ဆေးရေး အရာရှိများသည် နစ်နာသူများကို လူကုန်ကူး ခံရသည့် နစ်နာသူများအဖြစ် သတ်မှတ်မည့်အစား (ဥပမာ စာရွက်စာတမ်း အတုပြုလုပ်ခြင်းကို ကျူးလွန်သည့်) ပြစ်မှုကျူးလွန်သူများအဖြစ် သတ်မှတ်ထိန်းသိမ်းမှုများ ရှိသည်ဟု သိရှိရသည်။ အချို့ဖြစ်စဉ်များတွင် နစ်နာသူများ အနေဖြင့် ၎င်းတို့ရင်ဆိုင်နေရသည့် ဥပဒေရေးရာ လုပ်ငန်းစဉ်များ ပြီးမြောက်သွားမှသာလျှင် နစ်နာသူအဖြစ် ဖော်ထုတ် အတည်ပြုခြင်းကို ခံယူနိုင်သောကြောင့် ၎င်းတို့သည် စစ်ဆေးကြားနာမှုများ ဆောင်ရွက်နေစဉ်တစ်လျှောက်နှင့် ကြားနာမှုအပြီးသတ်တွင် ပြစ်ဒဏ်ချမှတ်ခြင်းကို ခံစားရခြင်းပင် ဖြစ်သည်။ ဤအချက်နှင့်စပ်လျဉ်းသည့် သာဓကများ တွင် Merry Utami နှင့် Mary Jane Veloso (အောက်တွင်ဖော်ပြထားသည့် စာကွက် ၅ ကို ကြည့်ပါ) တို့အကြောင်း ပါဝင်ပြီး ၎င်းတို့နှစ်ဦးစလုံးသည် မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများအတွက် ပြစ်မှုထင်ရှားစီရင်ခံရပြီးနောက် လူကုန်ကူး ခံရသည့် နစ်နာသူများဖြစ်သည်ဟူသော အချက်အပေါ် အခြေခံ၍ ပြစ်ဒဏ်လျှော့ပေါ့သက်ညှာပေးရန် အယူခံဝင်ကြသူများ ဖြစ်သည်။

**လူကုန်ကူးခံရသည့် နစ်နာသူများအား ဖော်ထုတ်အတည်ပြုမှု မရှိခြင်းနှင့်စပ်လျဉ်းသည့် ကျား-မရေးရာ ရှုထောင့်များနှင့် အဆိုပါနစ်နာသူများအနေဖြင့် ပြစ်ဒဏ်ချမှတ်မှု ခံရနိုင်ခြင်း** - ရဲအရာရှိများမှစ၍ တရားရေးကဏ္ဍ အဖွဲ့ဝင်များအထိ ရာဇဝတ်ဆိုင်ရာ တရားရေးတာဝန်ရှိသူများသည် နစ်နာသူများအပေါ် ထိခိုက်စေသည့် တုံ့ပြန် ဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ခြေရှိကြောင်းနှင့် ရလဒ်အားဖြင့် အဆိုပါ နစ်နာသူများသည် ဖော်ထုတ်အတည်ပြုခြင်း မခံရဘဲ ပြစ်ဒဏ်ချမှတ်ခြင်းကို ခံစားရနိုင်ကြောင်း ဖော်ပြ ဆွေးနွေးခဲ့ကြသည်။ လူမှုဆိုင်ရာ ဖွဲ့စည်းတည်ဆောက် ပုံများသည် ရာဇဝတ်ဆိုင်ရာ တရားရေး တာဝန်ရှိသူများအနေဖြင့် LGBTIQ+ ပုဂ္ဂိုလ် နစ်နာသူများအား ရှုမြင်ပုံနှင့် ဆက်ဆံပုံတို့အပေါ် သက်ရောက်မှုရှိနိုင်ကြောင်း မှတ်ချက်ပြုဆွေးနွေးခဲ့ကြသည်။ အမျိုးသမီးများအား ၎င်းတို့ ဝတ်စားပုံ၊ ဆင်ယင်ပုံ သို့မဟုတ် လမ်းလျှောက်ပုံတို့နှင့်စပ်လျဉ်း၍ ထိခိုက်စေနိုင်သော ယူဆသတ်မှတ်ချက်များ ကိုင်စွဲ ထားခြင်းသည် သိသာထင်ရှားသော ကျား-မရေးရာ ရှုထောင့်များပင်ဖြစ်ပြီး ရလဒ်အနေဖြင့် နစ်နာသူများအား ဖော်ထုတ်အတည်ပြုခြင်း မခံရသည့် အခြေအနေသို့ ဦးတည်သွားနိုင်သည်။ လိင်လုပ်ငန်းကို ကိုယ်ပိုင်ဆန္ဒအလျောက် လုပ်ကိုင်သည့် အမျိုးသမီးများအပေါ် မကောင်းမြင်ကြကြောင်း ပါဝင်တက်ရောက်သူအချို့က ဆွေးနွေးခဲ့ကြသည်။ အမျိုးသားနစ်နာသူများအား ဖော်ထုတ်အတည်ပြုမှု မရှိခြင်းအပေါ် သက်ရောက်နိုင်သည့် ကျား-မရေးရာ ရှုထောင့်များ

[87] 2020 Trafficking in Persons Report: Indonesia (US Department of State, 2020)
[88] 2021 Trafficking in Persons Report: Indonesia (US Department of State, 2021)

ကိုလည်း အထင်အရှား တွေ့ရှိရသည်။ ဖျော်ဖြေရေးလုပ်ငန်းများတွင် တွေ့ရှိရသည့် ပြည်ပနိုင်ငံသား အမျိုးသမီးများအား စစ်ဆေးစိစစ်ကာ ကာကွယ်စောင့်ရှောက်မှုပေးခြင်းကို ဆောင်ရွက်ပေးနိုင်သော်လည်း (ဥပမာဆိုရသော် ရေကြောင်း လုပ်ငန်းကဏ္ဍရှိ) ပြည်ပနိုင်ငံသား အမျိုးသားများကိုမူ လူကုန်ကူးမှုဖြစ်နိုင်ခြေအတွက် စစ်ဆေးစိစစ်ခြင်း မရှိဘဲ ဖမ်းဆီးထိန်းသိမ်းလိုက်သည့် ဖြစ်ရပ်များရှိနိုင်ကြောင်း မှတ်ချက်ပြုဆွေးနွေးခဲ့ကြသည်။ ဤအချက်ကို အခြား ပါဝင်တက်ရောက်သူများကလည်း သဘောတူပြီး အမျိုးသမီးများနှင့် နှိုင်းယှဉ်ပါက လူကုန်ကူးခံရသည့် အမျိုးသား နစ်နာသူများအတွက် ကာကွယ်စောင့်ရှောက်ပေးမှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိခြင်းကို ဖော်ပြဆွေးနွေး ခဲ့ကြသည်။

**နိုင်ငံဖြတ်ကျော် လူကုန်ကူးခံရသည့် နစ်နာသူများအား ဖော်ထုတ်အတည်ပြုခြင်းဆိုင်ရာ အခက်အခဲများ -** နိုင်ငံဖြတ်ကျော် လူကုန်ကူးခံရသည့် နစ်နာသူများသည် ပြစ်ဒဏ်ချမှတ်ခံရနိုင်သည့် အန္တရာယ်ကို အထူး ကြုံတွေ့ရကြောင်း သိရှိရသည်။ နစ်နာသူများကို ကြားလမ်းခရီးတွင် ကြုံတွေ့ဖမ်းဆီးသည့် အာဏာပိုင်များအနေဖြင့် အဆိုပါနစ်နာသူများသည် ခေါင်းပုံဖြတ်ခြင်း မခံရသေးသည့်အတွက် ၎င်းတို့ကို နစ်နာသူများအဖြစ် ဖော်ထုတ်သတ်မှတ်မှုမရှိခြင်းမျိုး ဖြစ်နိုင်ပြီး ထို့ကြောင့်ပင် ၎င်းတို့၏ လူဝင်မှု ကြီးကြပ်ရေး ဥပဒေကို ကျင့်သုံးလိုက်နိုင်သည်။ ဤအဆင့်တွင် နစ်နာသူများကိုယ်၌ကပင် မိမိကိုယ်မိမိ လူကုန်ကူးခံရသည့် နစ်နာသူများအဖြစ် သိရှိနားလည်မှု မရှိနိုင်သည့်အလျောက် အာဏာပိုင်များထံသို့ မိမိ၏ နစ်နာသူအခြေအနေကို ဖော်ပြမှုမရှိခြင်းမျိုး ဖြစ်ပွားနိုင်သည်။ နယ်စပ်ဒေသများရှိ အာဏာပိုင်များ၏ စွမ်းဆောင်ရည်နိမ့်ပါးမှုသည် မှောင်ခိုရွှေ့ပြောင်းနေထိုင်သူများနှင့် လူကုန်ကူးခံရသည့် နစ်နာသူများအား ခွဲခြားခြင်း ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် ရှုပ်ထွေးခက်ခဲမှုများနှင့်တန်းတူပင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား ကျင့်သုံးရာ၌ ရင်ဆိုင်ရသည့် အဟန့်အတားတစ်ခုဖြစ်ကြောင်း ဖော်ပြဆွေးနွေးခဲ့ကြသည်။ ဥပမာဆိုရသော် စာရွက်စာတမ်းဆိုင်ရာ ပြစ်မှုများသည် အဆိုပါ ပြစ်မှု အမျိုးအစား နှစ်ခုလုံးနှင့် ပတ်သက်နေနိုင်သည်။ တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ အများအပြားရှိသည့် အခြေအနေများနှင့် ဒေသများတွင် ဖော်ထုတ်အတည်ပြုခြင်း ဆိုင်ရာ အခက်အခဲများမှာ ပိုမိုဆိုးရွားသည်။ နစ်နာသူများအား အဆောတလျင် ဖော်ထုတ်အတည်ပြုနိုင်ခြေကို မြှင့်တင်ခြင်း၏ တစ်စိတ်တစ်ပိုင်း အနေဖြင့် နစ်နာသူများသည် ၎င်းတို့၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် ကာကွယ်စောင့်ရှောက်မှု ခံစားပိုင်ခွင့်ကို သိရှိအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း ပါဝင်တက်ရောက်သူများက အကြံပြုဆွေးနွေးခဲ့ကြသည်။

**တတိယပုဂ္ဂိုလ်များအား ပြစ်ဒဏ်ချမှတ်ခံရနိုင်သည့် အန္တရာယ်သည် ဖော်ထုတ်အတည်ပြုခြင်းဆိုင်ရာ အခက်အခဲများ ပေါ်ပေါက်စေခြင်း -** အဓမ္မအိမ်ထောင်ပြုစေရန်အတွက် နစ်နာသူများအား (အထူးသဖြင့် တရုတ်နိုင်ငံသို့) လူကုန်ကူးခြင်းသည် ရှုပ်ထွေးခက်ခဲသော နောက်ဆက်တွဲများ ဖြစ်လာစေသည်။ မိဘများအနေဖြင့် ၎င်းတို့၏သမီးသည် ပိုမိုကောင်းမွန်သောဘဝကို ရရှိနိုင်ရန် ကတိကဝတ်များအပေါ် အခြေခံ၍ ပမာဏများပြားသော ငွေကြေးကို လက်ခံရရှိထားပါက ၎င်းတို့သည် တရားစွဲဆို စစ်ဆေးခြင်း ခံရနိုင်သည့် အန္တရာယ်ရှိသည်။ ထို့ကြောင့် နစ်နာသူများသည် ၎င်းတို့၏ မိဘများကိုလည်း ပြစ်ဒဏ် ချမှတ်ခံရမည်ကို စိုးရိမ်၍ ၎င်းတို့အားလူကုန်ကူးသူများအပေါ် အရေးယူဆောင်ရွက်ရန်အတွက် တွေဝေ တွန့်ဆုတ်နေနိုင်သည်။ နစ်နာသူများသည် ၎င်းတို့လူကုန်ကူးခံရခြင်းနှင့် အနည်းငယ်ဖြစ်စေ တိုက်ရိုက်ပင် ဖြစ်စေ ပါဝင်ပတ်သက်နေသည့် ပုဂ္ဂိုလ်များအား ကာကွယ်ပေးလိုသည့် အခြားသော လူကုန်ကူးမှုဆိုင်ရာ အခြေအနေများတွင်လည်း အလားတူအခက်အခဲကို ကြုံတွေ့ရနိုင်သည်။

## နစ်နာသူအား ပြစ်ဒဏ်ချမှတ်ခြင်းဆိုင်ရာ လက်တွေ့အခြေအနေများ

**လူကုန်ကူးခံရသည့် နစ်နာသူများကို ပြစ်မှုအမျိုးမျိုးအတွက် ပြစ်ဒဏ်ချမှတ်ခြင်း -** နစ်နာသူများသည် လူဝင်မှု ကြီးကြပ်ရေးဆိုင်ရာ ပြစ်မှုများ၊ စာရွက်စာတမ်းဆိုင်ရာ ပြစ်မှုများ၊ မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများ၊ တရားမဝင်ကုန်ပစ္စည်းများ ရောင်းချခြင်းနှင့် တရားမဝင်လုပ်ငန်း (ပြည့်တန်ဆာလုပ်ငန်း) လုပ်ကိုင်ခြင်း အပါအဝင် ပြစ်မှုများအတွက် တရားစွဲဆိုခံခဲ့ရသည့် သာဓကများကို တရားရေး တာဝန်ရှိသူများ ဖော်ပြဆွေးနွေးခဲ့ကြသည်။

ကလေးသူငယ်များသည် အခြားကလေးသူငယ်များအား လူကုန်ကူးရာတွင် ပါဝင်ပတ်သက်နေသည့် သို့မဟုတ် ပြည်ပသို့ နစ်နာသူများအဖြစ် လူကုန်ကူးခံရခြင်း ဖြစ်နိုင်သော်လည်း လူဝင်မှုကြီးကြပ်ရေးဥပဒေအရ ပြစ်မှုကျူးလွန်ခံရသူများအဖြစ် ဆက်ဆံခံရသည့် ဖြစ်စဉ်များတွင် ပြစ်ဒဏ်ချမှတ်ခံရနိုင်သည့် အန္တရာယ်ကို ကြုံတွေ့နေရကြောင်း မှတ်ချက်ပြု ဆွေးနွေးခဲ့ကြသည်။ လူသတ်မှုဖြင့် စွဲချက်တင်ခံထားရသည့် လူပုဂ္ဂိုလ်တစ်ဦးကို သူမသည် လူကုန်ကူးခံရသည့် နစ်နာသူဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိရခြင်းကြောင့် သေဒဏ်ချမှတ်ထားခြင်းမှ လွတ်ငြိမ်းခွင့်ပြုလိုက်သည့် ဖြစ်စဉ်ကို သာဓကအဖြစ် ဖော်ပြဆွေးနွေးခဲ့ကြသည်။ ထို့အပြင် ဤအချက်နှင့် စပ်လျဉ်း၍ အင်ဒိုနီးရှားနိုင်ငံသား လူကုန်ကူးခံရသူများသည် အီရတ် အပါအဝင် အရှေ့အလယ်ပိုင်း နိုင်ငံများ၊ စင်္ကာပူနှင့် မလေးရှားနိုင်ငံများ၌ ခေါင်းပုံဖြတ်ခံနေရသည့် အခြေအနေတွင် မိမိကိုယ်မိမိ ခုခံကာကွယ်ရန် ကျူးလွန်ခဲ့ရသည့် ပြစ်မှုများအတွက် တရားစွဲခြင်းခံထားရကြောင်း သာဓကများကိုလည်း ဖော်ပြဆွေးနွေးခဲ့ကြသည်။

**လိင်လုပ်ငန်းလုပ်ကိုင်ရန် လူကုန်ကူးခံရသည့် နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခြင်း** - ၂၀၂၁ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အမေရိကန်ပြည်ထောင်စု အစီရင်ခံစာတွင် လူကုန်ကူးသူများက အဓမ္မစေခိုင်း၍ ကျူးလွန်ခဲ့ရသည့် ပြစ်မှုများအတွက် နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခဲ့သည့် ဖြစ်ရပ်များ ကြားသိရခြင်း မရှိခဲ့သော်လည်း ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်သည့် အသက်အရွယ်ပြည့်ပြီးသူများကို စာရိတ္တနှင့် လူမှုကျင့်ဝတ် ဖောက်ပြန်သည့် ပြစ်မှုများဖြင့် တရားစွဲခံထားရသည့် ဖြစ်စဉ်များရှိခဲ့ပြီး အဆိုပါ ပြစ်မှုများသည် အေဆာပြည်နယ်ရှိ ရှာရီးယားဥပဒေအရ လူမြင်ကွင်း၌ ကြိမ်ဒဏ်ပေးခြင်းကဲ့သို့ ကိုယ်ကာယနာကျင်စေသည့် ပြစ်ဒဏ်ချမှတ်ရန် သတ်မှတ်ထားသော ပြစ်မှုများဖြစ်သည်။[89] ဆွေးနွေးမှုများတွင် NGO များက ဖော်ထုတ်အတည်ပြုထားသည့် လိင်လုပ်ငန်းလုပ်ကိုင်နေသော ကလေးသူငယ်များအား ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ ကာကွယ်စောင့်ရှောက်မှုပေးသော်လည်း အလားတူ အခြေအနေများတွင် ဖော်ထုတ်အတည်ပြုထားသည့် အသက်အရွယ်ပြည့်ပြီးသူများကိုမူ ကာကွယ် စောင့်ရှောက်ပေးမှုမရှိကြောင်း ပါဝင်တက်ရောက်သူများက သာဓကများ ဖော်ပြဆွေးနွေးခဲ့ကြသည်။ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုအတွက် ပြစ်ဒဏ်ချမှတ်ခြင်းကို ကျင့်သုံးရမည့် အခြေအနေ၏ သာဓကများအဖြစ် နစ်နာသူများက အခြားနစ်နာသူများကို စည်းရုံးခေါ်ယူခဲ့သည့် ဖြစ်ရပ်များကို ဖော်ပြ ဆွေးနွေးခဲ့ကြသည်။

**လူဝင်မှုကြီးကြပ်ရေးဥပဒေကို ချိုးဖောက်ခြင်းအတွက် နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခြင်း** - လူကုန်ကူးခံရသည့် ပြည်ပနိုင်ငံသား နစ်နာသူများ (နှင့် မှောင်ခိုရွှေ့ပြောင်းနေထိုင်သူများ) ဆိုင်ရာ ဖြစ်စဉ်များတွင် အုပ်ချုပ်ရေးဆိုင်ရာနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြစ်မှုများကို လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်ခြင်းမရှိကြောင်းနှင့် ၎င်းပုဂ္ဂိုလ်များကို လူဝင်မှုကြီးကြပ်ရေး ဥပဒေအရ အထူးဖြစ်ရပ်များအဖြစ် ဆက်ဆံသည့်အတွက် လူဝင်မှု ကြီးကြပ်ရေးဆိုင်ရာ ဖမ်းဆီးထိန်းသိမ်းခြင်းကို မခံရဘဲ အခြားတစ်နေရာရာ၌ ထားရှိထိန်းသိမ်းခံသည့် ဖြစ်ရပ်များကို သိရှိခဲ့ရသည်။ သို့ရာတွင် နစ်နာသူများအား တရားစွဲဆိုစစ်ဆေးခဲ့သည့် သာဓကများကို ဖော်ပြဆွေးနွေးခဲ့ပြီး နစ်နာသူများသည် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ သို့မဟုတ် စာရွက်စာတမ်းဆိုင်ရာ ပြစ်မှုများကို ကျူးလွန်ရန် ဆန္ဒရှိသည့် အခြေအနေများနှင့် တရားမဝင် ရွှေ့ပြောင်းလုပ်သားများအဖြစ် လုပ်ကိုင်ရန် ကိုယ်တိုင်ဆုံးဖြတ် ရွေးချယ်သည့် အခြေအနေများတွင် ၎င်းတို့ကို တရားစွဲဆိုကြောင်း ပါဝင်တက်ရောက်သူများက မှတ်ချက်ပြုဆွေးနွေးခဲ့ကြသည်။

**အကြမ်းဖက်မှုဆိုင်ရာ ပြစ်မှုများအတွက် နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခြင်း** - လူကုန်ကူးခြင်းနှင့် အကြမ်းဖက်မှုအကြား တည်ရှိနေသည့် ရှုပ်ထွေးသောဆက်နွယ်မှုအကြောင်း ပါဝင်တက်ရောက်သူများက ဆွေးနွေးခဲ့ကြသည်။ အဆိုပါပြစ်မှုနှစ်မျိုးလုံးတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များ အပါအဝင် လူပုဂ္ဂိုလ်များ၏ ထိခိုက်လွယ်မှုကို အလွဲသုံးစားပြုရန်အတွက် သဏ္ဌာန်တူသော စည်းရုံးခေါ်ယူရေး နည်းလမ်းများကို အသုံးပြုကြပြီး ၎င်းတို့အား ပြစ်မှုကျူးလွန်စေရန်အတွက် အတွေးအခေါ်အခြေပြုနှင့် ဘာသာရေးအခြေပြု ကြိုးကိုင်ခြယ်လှယ်မှုကို အသုံးချကြသည်။ ကလေးသူငယ်များနှင့်စပ်လျဉ်း၍ *ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဥပဒေ* သည်

---

[89] 2021 Trafficking in Persons Report: Indonesia (US Department of State, 2021)

ရာဇဝတ်စနစ်အတွင်းရှိ ကလေးသူငယ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် ၎င်းတို့အား နစ်နာသူများအဖြစ် အသိအမှတ်ပြုခြင်းရှိစေရန် အထူးအလေးပေး ဖော်ပြထားသည်။ အကြမ်းဖက်သမားများနှင့် အဓမ္မထိမ်းမြားခြင်းပြုခံခဲ့ရသော ထိခိုက်လွယ်သည့် အမျိုးသမီးများ သို့မဟုတ် မိန်းကလေးငယ်များကို ပြစ်ဒဏ်ချမှတ်ခြင်းထက် ပြန်လည်ထူထောင်ပြင်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်သည်။ သို့ရာတွင် လူကုန်ကူးခံရခြင်းကို ညွှန်ပြနေသည်ဟု သတ်မှတ်နိုင်သော အယူဝါဒသွတ်သွင်းခြင်းနှင့် ထိခိုက်လွယ်မှုအား အလွဲသုံးစားပြုခြင်းတို့ကဲ့သို့ အင်္ဂါရပ်များကို တွေ့ရှိရလျှင်ပင် အကြမ်းဖက်မှုနှင့်ဆက်စပ်နေသည့် ပြစ်မှုများ ကျူးလွန်ရာတွင် စိတ်ဆန္ဒရှိစွာ ပါဝင်ဆောင်ရွက်ခဲ့သည့် လူပုဂ္ဂိုလ်များအတွက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား ကျင့်သုံးရာတွင် အခက်အခဲများကို ကြုံတွေ့ရသည်။ အကြမ်းဖက်သမားကွန်ရက်များအား ထောက်ပံ့ပြီး ပြန်လည်ထူထောင်ပြင်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်းကို အလိုမရှိသည့် လူပုဂ္ဂိုလ်များနှင့် ကြုံတွေ့ရသည့် အခြေအနေများတွင် ၎င်းတို့အား လူကုန်ကူးခံရသည့် နစ်နာသူများအဖြစ် ကာကွယ်စောင့်ရှောက်မှုပေးခြင်းထက် အကြမ်းဖက်သမားများအဖြစ်သတ်မှတ်၍ တရားစွဲဆိုစစ်ဆေးခြင်းက ပိုမိုသင့်လျော်နိုင်ကြောင်း ရှုမြင်ချက်ကို ပါဝင်တက်ရောက်သူအချို့က ဖော်ပြဆွေးနွေးခဲ့ကြသည်။

**ငါးဖမ်းလုပ်ငန်းသို့ လူကုန်ကူးခံရသည့် နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခြင်း** - ၂၀၁၅ ခုနှစ်၌ မာလူကူ ပြည်နယ်ရှိ ဘန်ဂျီနာဒေသတွင် ဖော်ထုတ်တွေ့ရှိခဲ့သည့် လူကုန်ကူးမှုများတွင် ကနဦး၌ နစ်နာသူများကို နိုင်ငံကူးလက်မှတ်အတုများနှင့် ပင်လယ်ကူးလက်မှတ်အတုများ အသုံးပြုခြင်း သို့မဟုတ် စာရွက်စာတမ်း လုံးဝမရှိခြင်းတို့အတွက် မှတ်ပုံတင်အတုဖြင့်နေထိုင်ကြောင်း သံသယရှိ၍ စစ်ဆေးခဲ့ခြင်းဖြစ်သည်။ တရားမဝင် ငါးဖမ်းခြင်းနှင့် ရွှေ့ပြောင်းနေထိုင်ခြင်းတို့အတွက် တရားစွဲဆိုစစ်ဆေးခြင်း ပြုမည့်အစား ၎င်းတို့ကို နစ်နာသူများအဖြစ် သတ်မှတ်ကာ ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ လွတ်ငြိမ်းခွင့်ပေးပြီး ၎င်းတို့၏ နေရပ်နိုင်ငံများ (မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအို PDR) သို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။ ၎င်းတို့အား ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ လွတ်ငြိမ်းခွင့်ပေးရာတွင် လူကုန်ကူးမှု ဥပဒေ၏ အပိုဒ် ၁၈ ကို အတိအလင်း ဖော်ပြအသုံးပြုခြင်း မရှိခဲ့ပေ။ သို့ရာတွင် အင်ဒိုနီးရှားရေပိုင်နက်တွင် တရားမဝင်ငါးဖမ်းနေသည့် ပြည်ပနိုင်ငံသားများကို ဖမ်းဆီးရမိပြီးနောက် ၎င်းတို့ကို လူကုန်ကူးမှုဖြစ်နိုင်ခြေအတွက် စစ်ဆေးစိစစ်ခြင်း မရှိဘဲ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဖမ်းဆီးထိန်းသိမ်းခြင်းကို တစ်ခါတရံ၌ ကာလကြာမြင့်စွာ ဆောင်ရွက်ခဲ့သည့် အခြားဖြစ်စဉ်များကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စုနိုင်ငံတော်ရေးရာဝန်ကြီးဌာနကလည်း (ကမ္ဘောဒီးယား၊ ထိုင်းနှင့် ဗီယက်နမ်တို့မှ လူကုန်ကူးခံရသည့် ငါးဖမ်းလုပ်သားများ အပါအဝင်) ငါးဖမ်းလုပ်ငန်းတွင် ခေါင်းပုံဖြတ်ခံရသည့် ပုဂ္ဂိုလ်များသည် တရားမဝင် ငါးဖမ်းခြင်း၊ သားကောင်ဖမ်းခြင်း၊ မှောင်ခိုကူးခြင်းနှင့် အခြားနိုင်ငံများ၏ ပိုင်နက်များအတွင်း တရားမဝင် ဝင်ရောက်ခြင်းတို့ အပါအဝင် အင်ဒိုနီးရှားရေပိုင်နက်နှင့် အခြားနေရာများတွင် ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် ရာဇဝတ်ပြစ်ဒဏ်ချမှတ်ခံရနိုင်သည့် အန္တရာယ်ကို အထူးမြင့်မားစွာ ကြုံတွေ့နေရသည် ဟု မှတ်ချက်ပြုဖော်ပြခဲ့သည်။[90]

**မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများအတွက် နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခြင်း** - မူးယစ်ဆေးဝါးသယ်ဆောင်သူများအဖြစ် ခေါင်းပုံဖြတ်ခံရသော လူကုန်ကူးခံရသည့် နစ်နာသူများ ရင်ဆိုင်ကြုံတွေ့ရသည့် ပြစ်ဒဏ်ချမှတ်ခံရနိုင်သည့် အန္တရာယ်နှင့်စပ်လျဉ်း၍ အထူးအလေးပေး ဆွေးနွေးခဲ့ကြသည်။ လူပုဂ္ဂိုလ်များအား *လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေ* အရ ကာကွယ်စောင့်ရှောက်မှု ပေးခြင်းထက် *၂၀၀၉ ခုနှစ် မူးယစ်ဆေးဝါး ဥပဒေ* အရ ပြစ်ဒဏ်ချမှတ်ခြင်းကို ပေါ်ပေါက်စေနိုင်သည့် အဓိကအကြောင်းရင်း သုံးခုကို ပါဝင်တက်ရောက်သူများက ဖော်ပြ ဆွေးနွေးခဲ့ကြသည်။ ပထမအချက်မှာ တရားဥပဒေစိုးမိုးရေး အရာရှိများသည် *လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေ* ထက် *မူးယစ်ဆေးဝါး ဥပဒေ* နှင့် ပိုမိုရင်းနှီးကျွမ်းဝင်သောကြောင့် ဖြစ်သည်။ ဒုတိယအချက်မှာ မူးယစ်ဆေးဝါး ဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်းသည် စိတ်ဆန္ဒရည်ရွယ်ချက် အင်္ဂါရပ်ကို ထည့်သွင်းသက်သေထူရန် မလိုအပ်၍ ပိုမိုလွယ်ကူသောကြောင့် ဖြစ်သည်။ ထို့ကြောင့်ပင် ပြစ်မှုကျူးလွန်သူများအဖြစ် ကနဦး ရှုမြင် သတ်မှတ်ခံရသည့် ပုဂ္ဂိုလ်များကို နောင်မည်သည့်အခါမျှ လူကုန်ကူးခံရသည့် နစ်နာသူများအဖြစ် ရှုမြင်

[90] 2021 Trafficking in Persons Report: Indonesia (US Department of State, 2021)

သတ်မှတ်ခြင်း မရှိနိုင်သည့် ဖြစ်ရပ်မျိုး ပေါ်ပေါက်နိုင်ပြီး အကြောင်းရင်းမှာ လူကုန်ကူးမှုကို စုံစမ်း ဖော်ထုတ်ရန်အတွက် အချိန်၊ ခွန်အားနှင့် ကျွမ်းကျင်မှုစွမ်းရည်တို့ အများအပြားစိုက်ထုတ်ရန် လိုအပ်ပြီး ပြီးမြောက်အောင်မြင်ရန်လည်း မသေချာခြင်းကြောင့် ဖြစ်သည်။ တတိယအချက်မှာ 'မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေး တိုက်ပွဲ' သည် လူကုန်ကူးခံရသည့် နစ်နာသူများအနေဖြင့် ပြစ်ဒဏ်ချမှတ်ခြင်း ခံရနိုင်သည့် အန္တရာယ်ကို ပိုမိုဆိုးရွားစေပြီး ၎င်းတို့အား ကာကွယ်စောင့်ရှောက်မှုပေးခြင်းကို ထိခိုက်စေနိုင်သည်။ မူးယစ်ဆေးဝါးသယ်ဆောင်သူများအဖြစ် ခေါင်းပုံဖြတ်ခံရသော လူကုန်ကူးခံရသည့် နစ်နာသူများအား ကာကွယ်စောင့်ရှောက်မှုပေးရန် ထောက်ခံအရေးဆိုသူများသည် မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေး တိုက်ပွဲအား မထောက်ခံခြင်းကြောင့် နိုင်ငံတော်၏ အကျိုးစီးပွားနှင့်ဆန့်ကျင်၍ လုပ်ငန်းဆောင်ရွက်သူအဖြစ် ကဲ့ရဲ့ရှုတ်ချခြင်း သို့မဟုတ် ဝေဖန်ခြင်းကို ကြုံတွေ့ရနိုင်ကြောင်း ပါဝင် တက်ရောက်သူ အချို့က ဖော်ပြဆွေးနွေးခဲ့ကြသည်။

**စာကွက် ၅ - မူးယစ်ဆေးဝါး မှောင်ခိုကုန်ကူးမှုအတွက် သေဒဏ်ရင်ဆိုင်နေရသော လူကုန်ကူးခံရသည့် နစ်နာသူ - Mary Jane Veloso**

၂၀၁၀ ခုနှစ်၌ နိုင်ငံရပ်ခြား၌အလုပ်လုပ်ကိုင်သည့် ပြည်ပနိုင်ငံသား (OFW) ဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံသူ Mary Jane Veloso ကို ရိုဂျာကာတာ လေဆိပ်တွင် ဖမ်းဆီးကာ ၂ ကီလိုဂရမ်ကျော် အလေးချိန်ရှိသည့် ဘိန်းဖြူများအား အင်ဒိုနီးရှားနိုင်ငံတွင်းသို့ မှောင်ခိုတင်သွင်းခြင်းကြောင့် ပြစ်မှုထင်ရှားစီရင်ကာ သေဒဏ်ချမှတ်ခဲ့သည်။ Ms. Veloso က သူမသည် မလေးရှားနိုင်ငံ၌ အလုပ်အကိုင်ဆုံးရှုံးပြီးနောက် လက်ဆွဲသေတ္တာအား ယူဆောင်သွားရန် လှည့်ဖြားခံခဲ့ရသည်ဟု ဖြစ်စဉ်တစ်လျှောက်တွင် အသိပေး ဖော်ပြခဲ့သည်။ Ms. Veloso အား ပြစ်မှုထင်ရှားစီရင်ခြင်းဖြင့် အဆုံးသတ်ခဲ့သည့် ရုံးတင်စစ်ဆေး ကြားနာခြင်း လုပ်ထုံးလုပ်နည်းနှင့်စပ်လျဉ်း၍ ဝေဖန်မှုများ ထွက်ရှိလာခဲ့ပြီး ၎င်းခံစားရပိုင်သည့် တရားမျှတစွာ ရုံးတင်စစ်ဆေးကြားနာမှု ခံယူပိုင်ခွင့်ကို လိုက်နာဖြည့်ဆည်းမှု မရှိကြောင်း ရှုမြင်ချက်များကို ဖော်ပြခဲ့ကြသည်။[91] လူကုန်ကူးခံရသည်ဟု စွဲချက်တင်ခံထားရသည့် Cristina Sergio နှင့် Julius Lacanilao တို့ကို ဆန့်ကျင်၍ Ms. Veloso အနေဖြင့် သက်သေ ထွက်ဆိုနိုင်စေရန်အလို့ငှာ ဖိလစ်ပိုင်အာဏာပိုင်များက ရုံးတင်စစ်ဆေးကြားနာမှုကို ဆိုင်းငံ့ရန် တောင်းဆိုခဲ့သောကြောင့် သူမအား သေနတ်ဖြင့်ပစ်၍ သေဒဏ်စီရင်ရန် အမိန့်ချမှတ်ချက်ကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ပြန်လည် ရုပ်သိမ်းခဲ့သည်။

တရားဥပဒေစိုးမိုးရေး အရာရှိများက Ms. Veloso အား တွေ့ရှိဖမ်းဆီးခဲ့သည့်အချိန်တွင် သူမသည် လူကုန်ကူးခံရသည့် နစ်နာသူဖြစ်ကြောင်း ဖော်ထုတ်အတည်ပြုမှု မရှိခဲ့ပေ။[92] ထိုအစား သူမသည် လူကုန်ကူးခံရသည့် နစ်နာသူဖြစ်ကြောင်းကို ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် ပြစ်ဒဏ်အမိန့်ချမှတ်ခြင်းတို့ ဆောင်ရွက်ပြီးသည့်အချိန်မှ ဖော်ထုတ်တွေ့ရှိခဲ့ရပြီး အဆိုပါတွေ့ ရှိချက်ကို အရပ်ဘက်လူမှု အဖွဲ့အစည်းများ၏ အရေးဆိုခြင်းများနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ကြားနာသည့် Cristina Sergio နှင့် Julius Lacanilao ကို တရားမဝင် လုပ်သားခေါ်ယူခြင်းနှင့် အင်္ဂါရပ်ပြည့်စုံသည့် လူကုန်ကူးမှုတို့အတွက် ရုံးတင်စစ်ဆေး နေသည့် တရားခွင်မှ ပေါ်ထွက်လာသော အချက်အလက်များအပေါ် အခြေခံ၍ ဖော်ထုတ်တွေ့ရှိနိုင်ခဲ့ခြင်း ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ရုံးတင်စစ်ဆေးမှုအရ မည်သို့တွေ့ရှိရသည်ပင်ဖြစ်စေ ဤလေ့လာချက်ကို ရေးသားချိန်တွင် Ms. Veloso ကို အင်ဒိုနီးရှားနိုင်ငံတွင် လူကုန်ကူးခံရသည့် နစ်နာသူအဖြစ် အသိအမှတ်ပြုခြင်း မရှိသေးဘဲ သူမအား ပြစ်ဒဏ်ချမှတ်ခြင်းမှ ကာကွယ်စောင့်ရှောက်မှုပေးရန် *လူကုန်ကူးမှုဆိုင်ရာ ရာဇဝတ်အက်ဥပဒေကို ဖျက်သိမ်းသည့် ဥပဒေ (၂၀၀၇)* ၏ အပိုဒ် ၁၈ ကို ကျင့်သုံးခြင်း မရှိသေးပေ။ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား နှစ်နိုင်ငံသဘောတူ ပူးပေါင်း ဆောင်ရွက်ရန် ကြန့်ကြာနေခြင်းကြောင့် Ms. Veloso သည် ၎င်းအားလူကုန်ကူးသူများနှင့် ဆန့်ကျင်၍ သက်သေထွက်ဆိုခြင်းကို မဆောင်ရွက်ရသေးဘဲ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ အချိန်အထိ အင်ဒိုနီးရှား အကျဉ်းထောင်တွင် ဆက်လက်နေထိုင်ရဆဲ ဖြစ်သည်။ သူမ၏ အမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ ချမှတ်သည့် ဆုံးဖြတ်ချက်သည် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံအကြား နှစ်နိုင်ငံ သဘောတူ ပူးပေါင်းဆောင်ရွက်မှု အပြင် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ACTIP ၏ အပိုဒ်ခွဲ ၁၄(၂) နှင့် *လူကုန်ကူးမှုဆိုင်ရာ ရာဇဝတ်အက်ဥပဒေကို ဖျက်သိမ်းသည့် ဥပဒေ (၂၀၀၇)* ၏ အပိုဒ် ၁၈ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား နားလည်သဘောပေါက်ကာ လက်တွေ့ကျင့်သုံးခြင်းနှင့် စပ်လျဉ်း၍ စွမ်းဆောင်နိုင်ရည်ကို ထင်ဟပ်ဖော်ပြနေ မည်ဖြစ်သည်။

[91] See for instance: Wahyu Susilo, Aspek-aspek Ketidakadilan Dalam Proses Peradilan Terhadap Mary Jane Fiesta Veloso (Perspektif Perbandingan) in Tim Penyusun, *Unfair Trial: Analisis Kasus Terpidana Mati di Indonesia* (Koalisi untuk Hapus Hukuman Mati, 2016) pp.107-114.

[92] Felicity Gerry and Narelle Sherwill, “Human Trafficking, Drug Trafficking and the Death Penalty” *Indonesia Law Review* (2016) 3: 265-282, 271.

**လူကုန်ကူးခံရသည့် အင်ဒိုနီးရှားနိုင်ငံသား နစ်နာသူများအား အခြားဥပဒေပိုင်နက်များတွင် ပြစ်ဒဏ် ချမှတ်ခြင်း -** အင်ဒိုနီးရှားနိုင်ငံသားများသည် ပြည်ပသို့ တရားမဝင် ရွှေ့ပြောင်းနေထိုင်ပြီး ခေါင်းပုံဖြတ် ခံရသည့် နစ်နာသူအဖြစ်သို့ ရောက်ရှိသွားသည့် အခြေအနေများတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ပါဝင်တက်ရောက်သူများက ထောက်ပြဆွေးနွေးခဲ့ကြသည်။ ကလေးသူငယ်များ အပါအဝင် လူကုန်ကူးခံရသည့် အင်ဒိုနီးရှားနိုင်ငံသား နစ်နာသူများသည် ASEAN နိုင်ငံများနှင့် အခြား နေရာများ၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြစ်မှုများ၊ စာရွက်စာတမ်း အတုပြုလုပ်ခြင်း၊ မူးယစ်ဆေးဝါး ပြစ်မှုများနှင့် လူသတ်မှုကိုပင် ကျူးလွန်သူများအဖြစ် ရဲအရာရှိများက ဆက်ဆံခြင်းကို ခံရကြောင်း သိရှိရသည်။ အင်ဒိုနီးရှားနိုင်ငံသား နစ်နာသူများသည် ဒေသန္တရ ရဲတပ်ဖွဲ့ထံမှ အကူအညီ တောင်းခံသော်လည်း အကူအညီမရရှိဘဲ တရားမဝင်နေထိုင်မှုဖြင့် စွဲချက်တင်ခံရသည့် သာဓကကို ဖော်ပြ ဆွေးနွေးခဲ့သည်။ သက်ဆိုင်ရာနိုင်ငံတွင် ဖွင့်လှစ်ထားသည့် အင်ဒိုနီးရှားသံရုံးများသည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို ရင်းနှီးကျွမ်းဝင်မှုမရှိဘဲ အဆိုပါ ဥပဒေပိုင်နက်များရှိ ရာဇဝတ်ဆိုင်ရာ တရားမျှတရေး အာဏာပိုင်များက လူပုဂ္ဂိုလ်တစ်ဦးသည် လူကုန်ကူးခံရခြင်း ရှိ၊ မရှိ စုံစမ်းစစ်ဆေးခြင်း မပြုသည့် အခြေအနေများတွင် ထိုသို့ တရားစွဲဆိုစစ်ဆေးခြင်းများ ဖြစ်ပွားလေ့ရှိကြောင်း သိရှိရသည်။

**စ်ဒဏ်ချမှတ်ခြင်းကို လူကုန်ကူးသူများက အသုံးပြုခြင်း -** လူကုန်ကူးသူများ သို့မဟုတ် ခေါင်းပုံဖြတ်သည့် အလုပ်ရှင်များက လူကုန်ကူးခံရသည့် နစ်နာသူများအား လိမ်လည်မှု၊ သစ္စာမဲ့မှုနှင့် ကုမ္ပဏီစည်းမျဉ်းများအား မလိုက်နာမှုကဲ့သို့ ပြစ်မှုများအတွက် တိုင်ကြားသည့် သာဓကများကို ဖော်ပြ ဆွေးနွေးခဲ့ကြသည်။ ဤသည်မှာ ရာဇဝတ်ဆိုင်ရာ တရားမျှတရေး ဆောင်ရွက်မှုအား ထိခိုက်လွယ်သည့် နစ်နာသူများထံသို့ လမ်းလွှဲရန် အသုံးပြုသည့် မဟာဗျူဟာတစ်ရပ်ဖြစ်ကြောင်း မှတ်ချက်ပြု ဆွေးနွေးခဲ့ကြသည်။ အလားတူပင် ၂၀၂၁ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အမေရိကန်ပြည်ထောင်စု အစီရင်ခံစာတွင် လုပ်သားခေါ်ယူရေး အေဂျင်စီများသည် အလွဲသုံးစားပြုခံရခြင်းကို တိုင်ကြားရန် ကြိုးပမ်းသည့် နစ်နာသူများအား အသရေဖျက်မှုဖြင့် တရားစွဲဆိုမှုများရှိကြောင်း ဖော်ပြခဲ့ပြီး အဆိုပါ နစ်နာသူများသည် တရားခွင်စစ်ဆေးကြားနာခြင်းတွင် ပါဝင်နိုင်ရန်အတွက် ငွေကြေးတတ်နိုင်ခြင်း မရှိသူများ ဖြစ်ကြသည်။

**ပြစ်ဒဏ်ချမှတ်ခြင်းကို အစိုးရအရာရှိများက အသုံးပြုခြင်း -** အထူးသဖြင့် နယ်စပ်ဒေသများတွင် အဂတိလိုက်စားသည့် အရာရှိများက နယ်စပ်ဖြတ်ကျော်ရာတွင် ချောမွေ့စေရန် ငွေကြေးတောင်းခံပြီး ငြင်းဆိုပါက ဖမ်းဆီးထိန်းသိမ်းမည်ဟု ခြိမ်းခြောက်ကာ ပြစ်ဒဏ်ချမှတ်ခြင်းကို လာဘ်တောင်းရန်အတွက် နည်းလမ်းတစ်ရပ်အဖြစ် အသုံးချကြောင်း ပါဝင်တက်ရောက်သူများက ဖော်ပြဆွေးနွေးခဲ့ကြသည်။[93] လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးကို ဆောင်ရွက်ရန် ပြစ်ဒဏ်ချမှတ်ခြင်းအား အသုံးပြုခြင်းမျိုးလည်း ရှိနိုင်သည်။ လက်တွေ့အခြေအနေတွင် အင်ဒိုနီးရှားနိုင်ငံ၌ တွေ့ရှိရသော လူကုန်ကူးခံရသည့် ပြည်ပနိုင်ငံသား နစ်နာသူများကို ၎င်းတို့သည် မှောင်ခိုဝင်ရောက်လာသူ သို့မဟုတ် လူကုန်ကူးခံရသူ သို့မဟုတ် နိုင်ငံရေးခိုလှုံခွင့် လျှောက်ထားလိုသူများ ဖြစ်သည်ကို ဆုံးဖြတ်သတ်မှတ်ရန်အတွက် ဖမ်းဆီး ထိန်းသိမ်းထားခြင်းမျိုး ရှိနိုင်သည်။ နစ်နာသူများအား ၎င်းတို့၏ နေရပ်နိုင်ငံများသို့ ပြန်လည်ပို့ဆောင်ပြီးမှ သက်သေထွက်ဆိုရန်အတွက် အင်ဒိုနီးရှားသို့ ပြန်လည်ခေါ်ယူခြင်းသည် အလွန်အားစိုက်ထုတ်ရပြီး ကုန်ကျစရိတ် မြင့်မားသော လုပ်ငန်းစဉ်ဖြစ်ကာ နစ်နာသူများအား (ဥပမာအားဖြင့် မှတ်ပုံတင်အတုဖြင့် နေထိုင်ခြင်း/အတုပြုလုပ်ခြင်း ဆိုင်ရာ ပြစ်မှုများအတွက်) အင်ဒိုနီးရှားနိုင်ငံ၌ ကနဦးကပင် ဖမ်းဆီး ထိန်းသိမ်းထားခြင်းဖြင့် တရားရေးလုပ်ငန်းစဉ်တွင် မျက်မြင်သက်သေများအဖြစ် ပါဝင်စေနိုင်ကြောင်းကို အစိုးရကိုယ်စားပြု တက်ရောက်ပါဝင်သူတစ်ဦးက ဖော်ပြဆွေးနွေးခဲ့သည်။

---

[93] Also see: *Corruption as a Facilitator of Smuggling of Migrants and Trafficking in Persons in the Bali Process Region with a focus on Southeast Asia* (UNODC and RSO, 2021) pp.26-27.

## ၂.၄ လာအို PDR

ဤလေ့လာချက်အတွက် လာအိုPDRနိုင်ငံတွင် ဆွေးနွေးပွဲနှစ်ခုကို ကျင်းပဆောင်ရွက်ခဲ့ပြီး အစိုးရနှင့် အစိုးရမဟုတ်သော လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး အဖွဲ့အစည်းများကို ကိုယ်စားပြု၍ တက်ရောက်ပါဝင်ကြသူ စုစုပေါင်း ၂၇ ဦး ရှိခဲ့ပါသည်။ ဤအပိုင်းတွင် ၎င်းတို့၏ ထိုးထွင်းသုံးသပ်ချက်များကို အဓိကအသုံးချထားပြီး အများပြည်သူရယူနိုင်သည့် သတင်းအချက်အလက်များကိုလည်း အသုံးပြုထားပါသည်။

## ဥပဒေနှင့် မူဝါဒတို့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို ထည့်သွင်းဖော်ပြခြင်း

**လာအိုနိုင်ငံ၏ လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေတွင် အတိအလင်းဖော်ပြထားသည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များ -** လာအိုနိုင်ငံ ဥပဒေတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကို အတိအလင်းဖော်ပြထားသည့် ပြဋ္ဌာန်းချက်နှစ်ခု ပါဝင်သည်။ *လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေ* (၂၀၁၅) ၏ အပိုဒ်ခွဲ ၃၉(၇) အရ လူကုန်ကူးခံရသည့် နစ်နာသူများသည် 'ရာဇဝတ်ဆိုင်ရာ တာဝန်ခံရခြင်းမှ ကင်းလွတ်ခွင့်ရရှိပြီး ပြည့်တန်ဆာမှုနှင့် တရားမဝင် နိုင်ငံတွင်းသို့ဝင်ရောက်ခြင်းအတွက် ဖမ်းဆီးခြင်းကို မခံရပိုင်သည့်' အခွင့်အရေးရှိသည်။ ထို့အပြင် *အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေ* (၂၀၀၄) ၏ အပိုဒ်ခွဲ ၂၅(၆) အရ အမျိုးသမီးများနှင့် ကလေးသူငယ် နစ်နာသူများသည် 'အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးခြင်း၊ ပြည့်တန်ဆာပြုခြင်း [သို့မဟုတ်] တရားမဝင် နိုင်ငံတွင်းသို့ ဝင်ရောက်ခြင်းနှင့် ဆက်စပ်နေသည့် မည်သည့်ပြစ်မှု အတွက်မဆို တရားစွဲဆိုစစ်ဆေးခြင်းနှင့် ဖမ်းဆီးထိန်းသိမ်းခြင်းမှ လွတ်ငြိမ်းပိုင်သည့်' အခွင့်အရေးရှိသည်။ ဤပြဋ္ဌာန်းချက်များတွင် အကာအကွယ်ပေးမှု အတိုင်းအတာကို အချို့ပြစ်မှုများ (ပြည့်တန်ဆာမှု၊ နိုင်ငံတွင်းသို့ တရားမဝင် ဝင်ရောက်မှုနှင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု) နှင့် အချို့နစ်နာသူများ (အမျိုးသမီးများနှင့် ကလေးသူငယ်များ) အတွက်သာ သက်ရောက်အကျုံးဝင်စေရန် ကန့်သတ်ထားသည်။[94] လာအိုနိုင်ငံသည် ၂၀၁၇ ခုနှစ်၌ လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ASEAN ကွန်ဗင်းရှင်းတွင် သဘောတူပါဝင်ခဲ့ပြီး ထိုသို့မပြုရသေးသည့်ကာလ ၂၀၁၆ ခုနှစ်၌ပင် နိုင်ငံ၏ လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို ထင်ဟပ် ဖော်ပြထားခဲ့ကြောင်း ပါဝင်တက်ရောက်သူများက မှတ်ချက်ပြုဆွေးနွေး ခဲ့ကြသည်။ ဤသည်မှာ လာအိုနိုင်ငံသည် အခြေခံမူအား တစိုက်မတ်မတ် လိုက်နာကျင့်သုံးလျက်ရှိကြောင်း သက်သေထူနေသည့် အချက်ဖြစ်သည်ဟု ထောက်ပြခဲ့ကြသည်။

**ရာဇသတ်ကြီးဥပဒေပါ နစ်နာသူအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ -** *ရာဇသတ်ကြီး ဥပဒေ* (၂၀၁၇) ၏ အပိုဒ် ၅ တွင် အခြေခံမူများကို ထည့်သွင်းဖော်ပြထားပြီး ၎င်းတို့မှာ - (၁) ပြစ်မှုများ ပေါ်ပေါက်ပါက ရာဇဝတ်ဆိုင်ရာ တာဝန်ခံစေခြင်းကို မပျက်မကွက် ဆောင်ရွက်ရခြင်း၊ (၂) ပြစ်မှု ကျူးလွန်သူများက ပြစ်မှုများအတွက် တာဝန်ခံရခြင်း၊ နှင့် (၃) ပြစ်မှုများ၏ သဘောသဘာဝနှင့် အန္တရာယ်ဖြစ်စေနိုင်မှု အတိုင်းအတာ၊ ပြစ်မှုကျူးလွန်သူ၏ ကိုယ်ရည်ကိုယ်သွေးနှင့် အခြေအနေအရပ်ရပ်အပေါ် အခြေခံ၍ ပြစ်မှုကျူးလွန်သူများကို တာဝန်ခံစေခြင်းတို့ ဖြစ်သည်။ *ရာဇသတ်ကြီးဥပဒေ* ၏ အပိုဒ် ၃၃ တွင် ဖိအားပေးခြင်းနှင့် ခြိမ်းခြောက်ခြင်း အပါအဝင် ရာဇဝတ်ဆိုင်ရာ တာဝန်ခံရခြင်းမှ လွတ်ငြိမ်းခွင့် ရစေနိုင်သည့် အခြေအနေရပ်များကို စာရင်းပြုစုဖော်ပြထားပြီး ဤအပိုဒ်ကို လူကုန်ကူးမှုဆိုင်ရာ အခြေအနေများတွင် အသုံးချနိုင်သည်။ *ရာဇသတ်ကြီးဥပဒေ* ၏ အပိုဒ် ၃၅ တွင် လူပုဂ္ဂိုလ် တစ်ဦးသည် ရှောင်လွှဲခြင်းငှာမစွမ်းသာသည့် ဖိအားပေးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းကြောင့် ပြစ်မှုကျူးလွန်ရပါက

[94] Trafficked children are considered 'children in need of special protection' in article 2(2) of the *Law on Protection of the Rights and Interests of Children*, meaning that special protection measures apply under Chapter 2 of that law.

အဆိုပါပုဂ္ဂိုလ်အား ရာဇဝတ်ဆိုင်ရာ တာဝန်ခံစေခြင်းမပြုရန် ပြဋ္ဌာန်းထားသည်။ ကျူးလွန်သည့် ပြစ်မှုသည် ရာဇဝတ်မှုဖြစ်ပါက ထိုသို့ ဖိအားပေးခံရခြင်း သို့မဟုတ် ခြိမ်းခြောက်ခံရခြင်းကို ရာဇဝတ်ဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခံရခြင်းအား လျှော့ပေါ့ပေးရမည့် အခြေအနေရပ်အဖြစ် သတ်မှတ်ရမည် ဖြစ်သည်။ ရာဇဝတ်ဆိုင်ရာ ပြစ်မှုများ၏ အင်္ဂါရပ်များကို ဖော်ပြထားသည့် *ရာဇသတ်ကြီးဥပဒေ* ၏ အပိုဒ် ၁၂ သည်လည်း ဆက်စပ်မှုရှိကြောင်းကို ပါဝင်တက်ရောက်သူများက ထောက်ပြဆွေးနွေးခဲ့ကြသည်။

**လာအိုနိုင်ငံဥပဒေတွင် ပါရှိသည့် အခြား သက်ဆိုင်ရာပြဋ္ဌာန်းချက်များ -** *လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ* (၂၀၁၅) တွင် လာအိုနိုင်ငံသားနစ်နာသူများက လူကုန်ကူးခံရခြင်းနှင့် ဆက်နွယ်၍ ကျူးလွန်သည့် ပြစ်မှုများအတွက် တရားစွဲဆိုခြင်းခံရပါက အသုံးပြုနိုင်မည့် ပြဋ္ဌာန်းချက် အချို့ကို ဖော်ပြထားသည်။[95] ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၄၁ နှင့် ၄၂ သည် လာအိုနိုင်ငံသားများကို ဥပဒေမဲ့ ဖမ်းဆီးခြင်း သို့မဟုတ် အကျဉ်းချခြင်းတို့မှ အကာအကွယ်ပေးထားသည်။ *ရာဇဝတ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းကို မွမ်းမံပြင်ဆင်ထားသည့် ဥပဒေ ကြေညာပြဋ္ဌာန်းချက်* (၂၀၁၇) ၏ (မွမ်းမံ ပြင်ဆင်ထားသည့်) အပိုဒ် ၁၄ တွင် စွပ်စွဲခံရသူအနေဖြင့် ခုခံချေပပိုင်ခွင့်ရှိကြောင်း အာမခံပေးထားပြီး တရားခံရှေ့နေအနေဖြင့် စွပ်စွဲခံရသူက ဥပဒေနှင့်အညီ ခံစားပိုင်ခွင့်ရှိသည့် အခွင့်အရေးများနှင့် ခံစားခွင့်များကို ကာကွယ်စောင့်ရှောက်ပေးပိုင်ခွင့်ရှိကြောင်း အာမခံ ဖော်ပြထားသည်။ ထို့အပြင် အဆိုပါ အပိုဒ်တွင် စွပ်စွဲခံရသူကို 'ၤင်း၏ အပြစ်ကင်းမှုအား သက်သေထူရန်အလို့ငှာ အထောက်အထားပြသရန် အဓမ္မစေခိုင်းခြင်း မပြုရ' ဟူ၍လည်း ပြဋ္ဌာန်းထားသည်။ ပါဝင်တက်ရောက်သူများက *ရာဇဝတ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းကို မွမ်းမံပြင်ဆင်ထားသည့် ဥပဒေ* ၏ အပိုဒ် ၆ ကိုလည်း ထောက်ပြဆွေးနွေးခဲ့ကြပြီး ၎င်းအပိုဒ်တွင် ရာဇဝတ်ဆိုင်ရာ တရားစွဲဆိုမှုအား ပလပ်ရမည့် အကြောင်း ၉ ချက်ကို ဖော်ပြထားသည်။[96] *အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဆိုင်ရာ ဥပဒေ* (၂၀၀၄) တွင် ပါရှိသည့် အကာအကွယ်ပေးမှုနှင့် မတူညီသည်မှာ အဆိုပါဥပဒေသည် အမျိုးသမီးများနှင့် ကလေးသူငယ်များကိုသာ အချို့သောပြစ်မှုများအတွက် ကာကွယ်စောင့်ရှောက်မှုပေးပြီး ဤစာချုပ်စာတမ်းများတွင် ပြဋ္ဌာန်းသည့် အကာအကွယ်ပေးမှုမှာမူ အသက်အရွယ်ပြည့်ပြီးသူ အမျိုးသားများ အပါအဝင် စွပ်စွဲခံရသည့် လူပုဂ္ဂိုလ် အားလုံးအပေါ် အကျုံးဝင်သက်ရောက်သည်။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ သီးခြားမူဝါဒပြဋ္ဌာန်းချက် မရှိခြင်း -** မူဝါဒအဆင့်တွင် *လူကုန်ကူးခံရသည့် နစ်နာသူများအား ကာကွယ်စောင့်ရှောက်ခြင်း၊ ထောက်ပံ့ကူညီခြင်းနှင့် လွှဲပြောင်းပေးခြင်းဆိုင်ရာ လမ်းညွှန်* (လူမှုဆိုင်ရာ ဘေးကင်းလုံခြုံရေး ဝန်ကြီးဌာန၊ လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် ဦးဆောင်ကော်မတီအတွက် အတွင်းရေးမှူးရုံး၊ ၂၀၂၀) တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို အတိအလင်း ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ သို့ရာတွင် ၎င်းလမ်းညွှန်သည် လူ့အခွင့်အရေးဆိုင်ရာ အခြေခံမူများ၊ နစ်နာသူများ၏ ကာကွယ်စောင့်ရှောက်မှု ခံစားရပိုင်ခွင့်များနှင့် နစ်နာသူများအား ၎င်းတို့၏အကျိုးအတွက် သဘောတူညီချက်တောင်းခံ၍ ကာကွယ်စောင့်ရှောက်ခြင်း၊ ထောက်ပံ့ကူညီခြင်းနှင့် လွှဲပြောင်းပေးခြင်းဆိုင်ရာ အခြေခံမူများကို လိုက်နာစောင့်ထိန်းမှု ရှိပါသည်။ လာအို နိုင်ငံတော်အဆင့် လုပ်ငန်းစီမံချက်နှင့် နိုင်ငံတော်အဆင့် ကာကွယ်စောင့်ရှောက်မှုပေးခြင်း လမ်းညွှန်တို့

---

[95] See for instance Article 41 (amended), Article 42 (amended) and Article 46.

[96] Law on Criminal Procedure, 15 May 2004, Article 4, Causes leading to the dismissal of criminal Cases. Causes which will not lead to the opening of an investigation or which will lead to the discontinuation of criminal proceedings are as follows: 1. Non-existence of the incident [which was alleged to constitute] the offence; 2. Lack of components of an offence; 3. Expiration of the limitation period for commencing criminal prosecution; 4. Pardon is granted; 5. A child who is under fifteen years old commits an act that endangers society. In this case, the child will be sent for re-education; 6. There is a mediation agreement between the injured party and the accused person, in a case where the wrongful act does not endanger society as provided in Article 22 of the Penal Law; 7. The injured party has not lodged a complaint or the injured party withdraws his complaint, in a case where the wrongful act is an offence as provided in Article 22 of the Penal Law; 8. Death of the offender; 9. There is an order to dismiss the case or there is a final decision of a people's court regarding the same case.

သည်လည်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူနှင့် သက်ဆိုင်မှုရှိသည်ဟု သတ်မှတ်သော်လည်း အဘယ်ကြောင့် ထိုသို့သတ်မှတ်သည်ကို ရှင်းလင်းဖော်ပြထားခြင်း မရှိပါ။

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား အနက်ဖွင့်ဆိုခြင်း

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား ထိရောက်စွာ နားလည်ခြင်း ရှိ၊ မရှိနှင့်စပ်လျဉ်း၍ သဘောထား အမြင်များ ကွဲပြားခြင်း** - ပါဝင်တက်ရောက်သူများသည် ၎င်းတို့အနေဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား အခိုင်အမာ ထောက်ခံကြောင်း အလေးအနက် ဖော်ပြခဲ့ကြပါသည်။ သို့ရာတွင် လာအိုနိုင်ငံ၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား တစ်သမတ်တည်း နားလည်သဘောပေါက်မှု ရှိ၊ မရှိနှင့်စပ်လျဉ်း၍မှု ကွဲပြားသော သဘောထားအမြင်များကို ဖော်ပြဆွေးနွေးခဲ့ကြပါသည်။ အစိုးရကိုယ်စားပြု ပါဝင်တက်ရောက်သူများက နိုင်ငံအတွင်း၌ အဆိုပါအခြေခံမူကို ကျယ်ပြန့်နက်နဲစွာ နားလည် သဘောပေါက်မှုရှိပြီး ရာဇဝတ်ဆိုင်ရာ တရားရေးတာဝန်ရှိသူများက ၎င်းအခြေခံမူကို ထိရောက်စွာ အနက်ဖွင့်ဆို၍ ကျင့်သုံးနိုင်ရန်အတွက် ဥပဒေပြဋ္ဌာန်းချက် အလုံအလောက် ချမှတ်ထားသည်ဟု ရှုမြင်ဆွေးနွေးခဲ့ကြသည်။ နိုင်ငံတော်ကော်မတီ ဖွဲ့စည်းပုံမှတစ်ဆင့် အခြေခံမူကို ဗဟိုအဆင့်၊ ပြည်နယ်အဆင့်နှင့် ခရိုင်အဆင့်များ၌ ကျယ်ပြန့်စွာ မြှင့်တင်ဆောင်ရွက်ထားနိုင်ပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးက အခြေခံမူကို ဘုံနားလည်သဘောပေါက်မှုရှိစေရေးအတွက် လိုအပ်သော လမ်းညွှန်များကို ချမှတ်ပေးထားပြီးဖြစ်ကြောင်း အဆိုပါ ပါဝင်တက်ရောက်သူများက ဆွေးနွေးခဲ့ကြသည်။ အစိုးရကိုယ်စားပြုမဟုတ်သည့် ပါဝင်တက်ရောက်သူများကမူ ကွဲပြားဆန့်ကျင်နေသော ရှုမြင်ချက်များကို ဖော်ပြဆွေးနွေးခဲ့ကြပြီး တစ်သမတ်တည်း နားလည်သဘောပေါက်မှုမရှိခြင်း နှင့် အခြေခံမူအား သိရှိခြင်း၊ နားလည်သဘောပေါက်ခြင်းတို့ ပိုမိုခိုင်မာမြင့်တက်လာစေရန်အတွက် ပိုမိုထိရောက်သည့် အသိပညာ ဖြန့်ဝေရေး ကြိုးပမ်းအားထုတ်မှုများ ဆောင်ရွက်ရန် လိုအပ်နေကြောင်း ထောက်ပြဆွေးနွေးခဲ့ကြသည်။ ၎င်းပါဝင်တက်ရောက်သူတို့၏ အမြင်တွင် ရဲအရာရှိများ၊ အစိုးရရှေ့နေများနှင့် တရားသူကြီးများသည် ပြစ်ဒဏ် လွတ်ငြိမ်းခွင့် အခြေခံမူကို အပြည့်အဝ သဘောပေါက်နားလည်ခြင်း မရှိသည့်အပြင် လက်တွေ့ ကျင့်သုံးရာတွင်လည်း တစ်သမတ်တည်းမရှိဘဲ ယင်းအခြေအနေမှာ အထူးသဖြင့် ဒေသန္တရအဆင့်နှင့် ခရိုင်အဆင့်များတွင် ပိုမိုဆိုးရွားသည်။ နစ်နာသူနှင့် ကျူးလွန်သူအပေါ် ရိုးရှင်းစွာ အနက်ဖွင့်ရှုမြင်သည့် နားလည်သဘောပေါက်မှုများကို တွန်းလှန်နိုင်ရန် အတွက် သဘောထားအမြင်များအား ပြောင်းလဲရန် ပိုမိုအားထုတ်ကြိုးပမ်းရန် လိုအပ်ကြောင်း အလေးအနက် ဖော်ပြခဲ့ကြသည်။

**လူကုန်ကူးမှုနှင့် နစ်နာသူကကျူးလွန်သည့် ပြစ်မှုအကြား ဆက်နွှယ်မှုကို ဖော်ထုတ်ခြင်း** - အခြေခံမူအား လက်တွေ့ကျင့်သုံးရာ၌ လူကုန်ကူးမှုနှင့် နစ်နာသူကကျူးလွန်သည့် ပြစ်မှုအကြား ဆက်နွှယ်မှုကို မည်သို့ ဖော်ထုတ်သည် သို့မဟုတ် မည်သည့်အခြေအနေတွင် ဆက်နွှယ်မှုမရှိကြောင်း သတ်မှတ်သည်နှင့် စပ်လျဉ်း၍ မည်သည့်သုံးသပ်ချက် ကိုမျှ ဖော်ပြဆွေးနွေးခြင်း မရှိခဲ့ပေ။ အတိအလင်း ထုတ်ဖော်ဆွေးနွေးမှု မရှိခဲ့သော်လည်း *ရာဇသတ်ကြီးဥပဒေ* ၏ အပိုဒ် ၁၂ ကို ရည်ညွှန်းဖော်ပြခဲ့ပြီး အဆိုပါအပိုဒ်တွင် လာအိုနိုင်ငံ၌ ပြစ်မှုမြောက်သည်ဟု သတ်မှတ်နိုင်ရန် လိုအပ်သော အင်္ဂါရပ်လေးခု (ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်း၊ ကျူးလွန်ရခြင်း ရည်ရွယ်ချက်၊ ကျူးလွန်ရန် ရည်ရွယ်ဆန္ဒနှင့် ကျူးလွန်သူ) ကို ဖော်ပြထားသည်။ လူကုန်ကူးခံရသည့် နစ်နာသူက ပြစ်မှုကျူးလွန်သော်လည်း ဤတွင် လူကုန်ကူးသူ၏ 'နည်းလမ်း' အသုံးပြုခြင်းကို ထည့်သွင်းစဉ်းစားပါက နစ်နာသူသည် ပြစ်မှုမြောက်ရန် လိုအပ်သည့် အင်္ဂါရပ်ဖြစ်သော 'ရည်ရွယ်ဆန္ဒ' မရှိသောကြောင့် တရားစွဲဆိုစစ်ဆေးခြင်းမှ လွတ်ငြိမ်းခွင့်ရရှိနိုင်မည်ဟု ယူဆသတ်မှတ်နိုင်သည်။ သို့ရာတွင် အချို့သောပြစ်မှုများ (တိုက်ရိုက် အကျိုးဆက်အဖြစ် ကျူးလွန်ရသည့် ပြစ်မှုများ) အတွက်သာ အကျုံးဝင်သည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဖိအားပေးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းကြောင့် ကျူးလွန်ရသည့် ပြစ်မှုများ (အဓမ္မစေခိုင်းခံရ၍ ကျူးလွန်သော ပြစ်မှုများ) နှင့်စပ်လျဉ်း၍ *ရာဇသတ်ကြီးဥပဒေ* ၌ ဖော်ပြထားသည့် အထွေထွေပြဋ္ဌာန်းချက်များနှင့် မည်သို့ညှိနှိုင်းပေါင်းစပ်ကျင့်သုံးသည်ကိုမူ ဆွေးနွေးခြင်း မရှိခဲ့ပေ။

**လာအိုဥပဒေတွင် ပြဋ္ဌာန်းပါရှိသည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာအကာအကွယ်ပေးမှု အတိုင်းအတာသည် ကန့်သတ်ချက်ရှိခြင်း** - လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေတွင် ပါရှိသည့် ပြဋ္ဌာန်းချက်များအရ လူကုန်ကူးခံရသည့် နစ်နာသူများကို ပြစ်ဒဏ်ချမှတ်ခြင်း မပြုနိုင်သည့် ပြစ်မှုနှစ်မျိုးသာရှိသည်ကို ထောက်ပြလျက် ပါဝင်တက်ရောက်သူအချို့က လူကုန်ကူးခံရသည့် နစ်နာသူများအနေဖြင့် ၎င်းတို့လူကုန်ကူးခံရသည့် ဖြစ်စဉ်တစ်လျှောက် ကျူးလွန်ရနိုင်သည့် ပြစ်မှုများ အားလုံးကို ထည့်သွင်းပါဝင်မှုရှိစေရန်အတွက် အကာအကွယ်ပေးမှု အတိုင်းအတာကို ချဲ့ထွင်ပြဋ္ဌာန်းရန် လိုအပ်သည်ဟု ထင်မြင်ကြောင်း ဖော်ပြဆွေးနွေးခဲ့ကြသည်။ ဤသည်နှင့်စပ်လျဉ်း၍ ဖော်ပြဆွေးနွေးသည့် သာဓကများတွင် မူးယစ်ဆေးဝါး ရောင်းချခြင်း၊ ကိုယ်တွင်းအင်္ဂါ ထုတ်ယူရောင်းချရန် လူကုန်ကူးခြင်း၊ အဓမ္မ တောင်းရမ်းစေခြင်း၊ သို့မဟုတ် ပြည်ပနိုင်ငံသား တိုက်ခိုက်ရေးသမားများအဖြစ် အဓမ္မ လုပ်ကိုင်စေခြင်း စသည်တို့ ပါဝင်သည်။ တရားရေးတာဝန်ရှိသူတစ်ဦးက လူကုန်ကူးခံရသည့် နစ်နာသူအား ကာကွယ်စောင့်ရှောက်မှု ပေးရာတွင် လူကုန်ကူးမှုဆိုင်ရာ ဥပဒေတွင် ဖော်ပြထားသည့် လူကုန်ကူးမှုကို အနက်ဖွင့်ဆိုချက်၌ ပါရှိသည့် 'နည်းလမ်း' အသုံးပြုခံရ၍ ရလဒ်အနေဖြင့် ကျူးလွန်ရသည့် ပြစ်မှုများအားလုံးကို ပါဝင်စေရန် ချဲ့ထွင်ပြဋ္ဌာန်းသင့်ကြောင်း ဖော်ပြဆွေးနွေးခဲ့သည်။ အခြားသူများက ထိုသို့ချဲ့ထွင်၍ ကာကွယ်စောင့်ရှောက်မှုပေးခြင်းအပေါ် ထောက်ခံသည့်အမြင်မရှိဘဲ ရာဇဝတ်ဆိုင်ရာ တာဝန်ခံရခြင်း မရှိစေရန်အတွက် ရှောင်လွှဲရန် အခြေခံမှုကို အလွဲသုံးနိုင်သည့် အန္တရာယ်နှင့် အခြေခံမှုသည် ထပ်ခါတလဲ ပြစ်မှုကျူးလွန်သူများကို ကာကွယ်စောင့်ရှောက်မှု မပေးသင့်ကြောင်းကို ထောက်ပြဆွေးနွေးခဲ့ကြသည်။

**အခြေခံမှုအား လက်တွေ့ကျင့်သုံးခြင်းအတွက် အသေးစိတ်လမ်းညွှန်ချက်ပေးရန် လိုအပ်ခြင်း** - လာအို ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား လက်တွေ့ အကောင်အထည်ဖော် ကျင့်သုံးခြင်းကို ထောက်ကူပေးရန်အတွက် အခြားသက်ဆိုင်ရာ စာချုပ်စာတမ်း မရှိသည့်အကြောင်းကို ပါဝင်တက်ရောက်သူများက ဖော်ပြဆွေးနွေးခဲ့ကြသည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို ပြည်တွင်း၌ အသားတကျ ကျင့်သုံးနိုင်ရန် ဆောင်ရွက်ခြင်းနှင့် အဆိုပါ အခြေခံမှုကို နိုင်ငံတကာနှင့် ဒေသအလိုက် စာချုပ်စာတမ်းများအပေါ် အခြေမခံတော့ဘဲ လာအိုနိုင်ငံ၏ အခြေအနေကို အခြေခံ၍ ပြောင်းလဲကျင့်သုံးနိုင်ရန် ဆောင်ရွက်ခြင်းအတွက် မရှိမဖြစ် အရေးပါသည့် အချက်မှာ အသေးစိတ်ဖော်ပြထားသည့် လမ်းညွှန်ချက်ရှိရန်ဖြစ်သည်ဟု ရှုမြင်ကြောင်း ပါဝင်တက်ရောက်သူအချို့က ဖော်ပြဆွေးနွေးခဲ့ကြသည်။ အခြေခံမှုကို ဥပဒေတွင်ဖော်ပြထားသည့်အတိုင်း လက်တွေ့ကျင့်သုံးရာ၌ ရာဇဝတ်ဆိုင်ရာ တရားရေးတာဝန်ရှိသူများအနေဖြင့် ၎င်းတို့ပါဝင်ဆောင်ရွက်ရမည့် အခန်းကဏ္ဍကို နားလည်နိုင်ရန်အတွက် အထောက်အကူပြုနည်းကိရိယာများနှင့် လမ်းညွှန်များကို အသေးစိတ် ရေးဆွဲ ချမှတ်ပေးစေလိုကြောင်း အစိုးရကိုယ်စားပြုနှင့် အစိုးရကိုယ်စားပြုမဟုတ်သည့် ပါဝင်တက်ရောက်သူ နှစ်ဘက်လုံးက ဖော်ပြတောင်းဆိုခဲ့ကြသည်။ လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် နစ်နာသူဗဟိုပြု ချဉ်းကပ်နည်းဟန်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို ပေါင်းစပ်နိုင်ရန်အလို့ငှာ အစိုးရရှေ့နေများ၊ တရားခံရှေ့နေများ၊ ဥပဒေအထောက်အကူပေး ရှေ့နေများနှင့် လာအိုရှေ့နေအစည်းအရုံးတို့အတွက် လမ်းညွှန်ချက် ချမှတ်ပေးရန် မဖြစ်မနေ လိုအပ်ကြောင်း ဖော်ပြဆွေးနွေးခဲ့ကြသည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား လက်တွေ့ အကောင်အထည်ဖော် ကျင့်သုံးရာတွင် ရှိရင်းစွဲ ASEAN နှင့် COMMIT လမ်းညွှန်ချက်၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ သုံးသပ်ချက် တစ်စုံတစ်ရာ ဖော်ပြဆွေးနွေးခဲ့ခြင်း မရှိပေ။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအတွက် မည်သည့်လမ်းညွှန်ချက်များ ချမှတ်ပေးသင့်သည်နှင့်စပ်လျဉ်း၍ ရှုမြင်ချက်များ ကွဲပြားခြင်း** - တရားရေးတာဝန်ရှိသူတစ်ဦးက လမ်းညွှန်ချက်တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုသည် လူပုဂ္ဂိုလ်တစ်ဦးကို လူကုန်ကူးခံရသည့်နစ်နာသူ ဖြစ်နိုင်ခြေရှိသူအဖြစ် ဖော်ထုတ် အတည်ပြုပြီးသည့် အချိန်မှစ၍ သက်ရောက်အကျုံးဝင်ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်တွင် လက်ရှိဖော်ပြထားသည့် ပြစ်မှုများထက် ကျော်လွန်၍ ပိုမိုကျယ်ပြန့်များပြားသော ပြစ်မှုများအတွက် သက်ရောက်အကျုံးဝင်သည်ဟု ရှင်းလင်းစွာဖော်ပြထားသင့်

ကြောင်းကို အကြံပြုဆွေးနွေးခဲ့သည်။ အခြေခံမှုကို ကျယ်ပြန့်စွာခြုံငုံ၍ ပြဋ္ဌာန်းသတ်မှတ်ထားသည့် နိုင်ငံတကာ ဥပဒေနှင့် အခြေခံမှုအား အချို့ပြစ်မှုများအတွက်သာ အကျုံးဝင်သည်ဟု ကန့်သတ်ထားသည့် လာအိုဥပဒေတို့အကြား ကွဲပြားသည့် ချဉ်းကပ်နည်းဟန်များကို ညှိနှိုင်းပေါင်းစပ်နိုင်ရန် လမ်းညွှန်တွင် ထည့်သွင်းဆောင်ရွက်သင့်ကြောင်း အခြားပါဝင်တက်ရောက်သူတစ်ဦးက ဆွေးနွေးခဲ့သည်။ ထို့အပြင် နစ်နာသူများက ပြစ်မှုကို ထပ်ခါတလဲ ကျူးလွန်သည့် အခက်အခဲကို မည်သို့ ကိုင်တွယ်ဖြေရှင်းသင့်သည်နှင့်စပ်လျဉ်း၍ ရဲအရာရှိများ၊ အစိုးရ ရှေ့နေများနှင့် တရားရုံးတော်များအနေဖြင့် ဘုံသဘောပေါက်နားလည်မှုရှိစေရန်အတွက် လမ်းညွှန်တွင် ထည့်သွင်းထောက်ကူ ပေးရန်လည်း အကြံပြုဆွေးနွေးခဲ့ကြသည်။ နစ်နာသူများက အခြားသူများကို ထပ်မံစည်းရုံးခေါ်ယူသည့် အခြေအနေများတွင် ထိုသို့ခေါ်ယူသည့် ၎င်းနစ်နာသူများအား အခြေခံမှုအရ ဆက်လက်၍ အကာအကွယ်ပေးခြင်း ရှိသင့်၊ မရှိသင့်နှင့် ဆက်နွှယ်၍လည်း မေးမြန်းဆွေးနွေးခဲ့ကြသည်။

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား လက်တွေ့ကျင့်သုံးခြင်း

**ကြီးလေးသောပြစ်မှုများအတွက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား လက်တွေ့ကျင့်သုံးခြင်း -** လာအိုနိုင်ငံတွင် လူကုန်ကူးခံရသည့် နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခဲ့သည့် ဖြစ်စဉ်မျိုး မရှိခဲ့ကြောင်း အစိုးရကိုယ်စားပြု ပါဝင်တက်ရောက်သူများက အကြိမ်ကြိမ်အဖန်ဖန် ဖော်ပြခဲ့ကြသည်။ အခြားသူများကို ထပ်မံစည်းရုံးခေါ်ယူသည့် နစ်နာသူများသည် နစ်နာသူများအဖြစ်မှ လူကုန်ကူးသူများအဖြစ်သို့ ကိုယ်တိုင် ပြောင်းလဲသွားသည့် အခြေအနေကို သာဓကအဖြစ် ဖော်ပြဆွေးနွေးခဲ့ပြီး အဆိုပါအခြေအနေ၌ ၎င်းလူပုဂ္ဂိုလ်များကို ကျူးလွန်သူအဖြစ် မသတ်မှတ်ဘဲ နစ်နာသူအဖြစ် သတ်မှတ်ဆက်ဆံခံရနိုင်ခြေ ပိုမိုမြင့်မားသည်။ လူကုန်ကူးခံရသည့် နစ်နာသူအနေဖြင့် ၎င်းလူကုန်ကူး ခံရသည့် ဖြစ်စဉ်တစ်လျှောက် ကျူးလွန်ခဲ့ရသည့် အခြားပြစ်မှုများအတွက် တရားစွဲဆိုစစ်ဆေးမှုခံရနိုင်ခြင်း ရှိ၊ မရှိနှင့် စပ်လျဉ်း၍ ရှင်းလင်းသည့် သတင်းအချက်အလက် မရရှိခဲ့ပေ။ မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများအတွက် တရားစွဲဆိုခြင်း မပြုပါက ထိုဆုံးဖြတ်ချက်ကို ဆန့်ကျင်သူများ ရှိနိုင်သည်ဟု အချို့က ဖော်ပြဆွေးနွေးခဲ့ပြီး နစ်နာသူသည် *လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေ* အရ ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ လွတ်ငြိမ်းခွင့်ရှိသော်လည်း မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများအတွက်မူ တရားစွဲဆိုစစ်ဆေးခြင်းကို ဆက်လက်ရင်ဆိုင်ရနိုင်ခြေ မြင့်မားကြောင်း ဆွေးနွေးခဲ့ကြသည်။ ဤအချက်မှာ လူကုန်ကူးမှုဆိုင်ရာ ဥပဒေရှိ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်ကို အခြားဥပဒေများနှင့် ညှိနှိုင်းပေါင်းစပ်ခြင်းပြုရန် လိုအပ်ကြောင်း ညွှန်ပြနေခြင်းဖြစ်သည်။[97]

**နစ်နာသူများကို ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ အကာအကွယ်ပေးရာတွင် ရာဇဝတ်ဆိုင်ရာ တရားရေး တာဝန်ရှိသူများ၏ အခန်းကဏ္ဍ -** ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို လက်တွေ့ကျင့်သုံးခြင်းသည် စုံစမ်းစစ်ဆေးသူများ၏ အစိုးရရှေ့နေများထံ ပြသရန် အထောက်အထားစုဆောင်းနိုင်သည့် စွမ်းရည်၊ အစိုးရရှေ့နေများ၏ လူကုန်ကူးခံရသည့် နစ်နာသူသည် ပြစ်ဒဏ်ချမှတ်ခြင်း မခံရသင့်ကြောင်း တရားသူကြီးများထံ ရှင်းလင်းတင်ပြနိုင်သည့် စွမ်းရည်တို့အပေါ် မူတည်နေကြောင်း ရှင်းပြ ဆွေးနွေးခဲ့ကြသည်။ လူကုန်ကူးခံရသည့် နစ်နာသူတစ်ဦးသည် တရားရုံးတော်၌ တရားစွဲဆိုခြင်းခံရပါက ရုံးတော်သည် အမှုတွဲအား အစိုးရရှေ့နေထံသို့ ပြန်လည်ပေးအပ်၍ ဆက်လက်စုံစမ်း စစ်ဆေးခြင်း ဆောင်ရွက်ရန် ပြန်လည်လွှဲပြောင်းပေးနိုင်သည်။ အစိုးရရှေ့နေသည် စုံစမ်းစစ်ဆေးခြင်းကို ကိုယ်တိုင် ဖြစ်စေ၊ စာဖြင့်ရေးသားထားသည့် အသိပေးညွှန်ကြားချက်မှတစ်ဆင့် ရဲအရာရှိများကို ဆောင်ရွက်စေခြင်း ဖြစ်စေ လုပ်ဆောင်နိုင်သည်။ တရားသူကြီးများအနေဖြင့် *ရာဇဝတ်ကျင့်ထုံး ဥပဒေ* မှ ရာဇဝတ်ဆိုင်ရာ တရားစွဲဆိုမှုအား ပလပ်ရမည့် အကြောင်း ၉ ချက်ကို ဖော်ပြထားသည့် အပိုဒ် ၆ ကိုလည်း အသုံးပြုနိုင်သည့် အခွင့်အလမ်းရှိသည်။ တရားဥပဒေစိုးမိုးရေး အရာရှိများသာမက အခြား နိုင်ငံတော် အရာရှိများ၊ လူမှုဝန်ထမ်းများ၊ ဝန်ဆောင်မှုပေးအပ်သူများ၊ ရှေ့နေများနှင့် နစ်နာသူအား ကာကွယ် စောင့်ရှောက်မှုပေးခြင်းနှင့် ဆက်စပ်နေသည့် အခြားသူများကိုပါ

---

[97] Some participants emphasised the value of their participation in the roundtable discussion, to enhance their understanding of the non-punishment principle, and integrate it into their counter-trafficking work.

ဗဟိုအဆင့်၌တင် မဟုတ်ဘဲ ပြည်နယ် အဆင့်နှင့် ခရိုင်အဆင့်များ၌ပါ လေ့ကျင့်သင်ကြားပေးရန် လိုအပ်ကြောင်း ပါဝင်တက်ရောက်သူများက ဖော်ပြဆွေးနွေးခဲ့ကြသည်။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လိုက်နာစောင့်ထိန်းရာတွင် ရှေ့နေများ၏ အခန်းကဏ္ဍ -** ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လိုက်နာစောင့်ထိန်းနိုင်ရေးအတွက် ရာဇဝတ်ဆိုင်ရာ တရားမျှတရေး လုပ်ငန်းစဉ်များ၏ အစကနဦးမှပင် ရှေ့နေများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ကြောင်းကို အလေးအနက် ဖော်ပြဆွေးနွေးခဲ့ကြသည်။ သာဓကအဖြစ် မူးယစ်ဆေးဝါး မှောင်ခိုကုန်ကူးမှုတစ်ခုကို ဖော်ပြခဲ့ပြီး ယင်းတွင် စွပ်စွဲခံရသူများသည် သေဒဏ်ချမှတ်ခံရခြင်းနှင့် ရင်ဆိုင်နေရသည်။ အဆိုပါအမှုတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ကျင့်သုံးခြင်းနှင့်စပ်လျဉ်း၍ ထည့်သွင်းစဉ်းစားမှုမရှိဘဲ ရာဇဝတ်ဆိုင်ရာ တရားမျှတရေး စစ်ဆေးကြားနာမှုများ၏ အစကနဦးမှပင် အခြေခံမူအား မည်သို့ လက်တွေ့ကျင့်သုံးရမည်ကို နားလည်သဘောပေါက်သည့် ရှေ့နေများ ခန့်အပ်ပေးရန် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခြင်း မရှိခဲ့ပေ။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား ထိရောက်စွာ လက်တွေ့ အကောင်အထည်ဖော် ကျင့်သုံးနိုင်ရန် အဓိကလိုအပ်သည့် အချက်တစ်ခုမှာ စွပ်စွဲခံရသူများနှင့် နစ်နာသူများ နှစ်မျိုးလုံးအတွက် အကူအညီပေးရာတွင် ရှေ့နေများ ပါဝင်ဆောင်ရွက်သည့် အခန်းကဏ္ဍ ဖြစ်သည်ဟု အစိုးရကိုယ်စားပြု ပါဝင်တက်ရောက်သူများက အလေးအနက် ဖော်ပြဆွေးနွေးခဲ့ကြသည်။ ရာဇဝတ်ဆိုင်ရာ တရားမျှတရေး စစ်ဆေးကြားနာမှုများတစ်လျှောက်တွင် နစ်နာသူဗဟိုပြု ချဉ်းကပ်နည်းဟန်များကို အသုံးပြုရေးအတွက် ထောက်ပံ့ ကူညီရာတွင် လာအိုအမျိုးသမီးရေးရာသမဂ္ဂ၏ ပါဝင်ဆောင်ရွက်သည့် အခန်းကဏ္ဍကိုလည်း ထောက်ပြဆွေးနွေး ခဲ့ကြသည်။ ရှေ့နေများသည် နစ်နာသူဗဟိုပြု ချဉ်းကပ်နည်းဟန်များကို အသုံးပြုရေးအတွက် ထောက်ခံ အရေးဆိုခြင်းနှင့် အခြေခံမူအား ထောက်ခံအရေးဆိုခြင်းတို့ကို ၎င်းတို့အထက်အရာရှိများထံမှ ညွှန်ကြားချက်ကို မစောင့်ဆိုင်းဘဲ ကိုယ်တိုင်ဆောင်ရွက်ရမည့် တာဝန်ရှိကြောင်းကိုလည်း အစိုးရကိုယ်စားပြု မဟုတ်သည့် ပါဝင် တက်ရောက်သူများက အလေးအနက် ဖော်ပြဆွေးနွေးခဲ့ကြသည်။ သို့ရာတွင် လက်တွေ့ကျင့်သုံးခြင်း ဆိုင်ရာ အခက်အခဲများကို ဆွေးနွေးတွေ့ရှိခဲ့ရပြီး ဥပဒေအထောက်အကူ ရယူနိုင်သည့် အခွင့်အရေးများ ရှိကြောင်း ပြဋ္ဌာန်းထားလင့်ကစား နစ်နာသူ-တရားခံများအတွက် ရှေ့နေရရှိနိုင်ရေး ဆောင်ရွက်ပေးရန် ဥပဒေအထောက်အကူ ပေးခြင်းအတွက် ရန်ပုံငွေလုံလောက်မှုမရှိကြောင်း ဖော်ပြဆွေးနွေးခဲ့ကြသည်။[98]

## နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အခက်အခဲများ

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လိုက်နာစောင့်ထိန်းရာတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ အရေးပါပုံ -** နိုင်ငံတစ်နိုင်ငံမှ အခြားတစ်နိုင်ငံသို့ လူကုန်ကူးခံရပြီး (မူးယစ်ဆေးဝါး မှောင်ခိုကုန်ကူးခြင်း ကဲ့သို့) ပြစ်မှုကျူးလွန်ရန် အဓမ္မစေခိုင်းခံသည့် လူပုဂ္ဂိုလ်ကို ဥပဒေပိုင်နက် နှစ်ခုစလုံးတွင် လူကုန်ကူးခံရသည့် နစ်နာသူအဖြစ် သတ်မှတ်ပြီး ပြစ်ဒဏ်ချမှတ်ခြင်းမှ ကာကွယ်စောင့်ရှောက်ပေးရန် ဆောင်ရွက်ရာ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများသည် မရှိမဖြစ် အရေးပါကြောင်းကို ပါဝင် တက်ရောက်သူများက ဖော်ပြဆွေးနွေးခဲ့ကြသည်။ လာအို PDR နှင့် ထိုင်း၊ ဗီယက်နမ် နှင့် တရုတ်နိုင်ငံတို့ အကြား ချုပ်ဆိုသည့် နားလည်မှုစာချွန်လွှာများကဲ့သို့ နှစ်နိုင်ငံသဘောတူစာချုပ်များတွင် အခြေခံမူအား ထည့်သွင်းပြဋ္ဌာန်းထားရန် အရေးကြီးကြောင်းကို အလေးအနက် ဖော်ပြဆွေးနွေးခဲ့ကြသည်။ သို့ရာတွင် ရှိရင်းစွဲ နှစ်နိုင်ငံသဘောတူစာချုပ်များအကြောင်းကိုမူ ထည့်သွင်းဆွေးနွေးခဲ့ခြင်း မရှိပေ။ လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသည် လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာများကို ဗီယက်နမ်နှင့် ၂၀၁၀ တွင်လည်းကောင်း၊ တရုတ်နှင့် ၂၀၁၄ တွင်လည်းကောင်း၊ ထိုင်းနှင့် ၂၀၁၇ တွင်လည်းကောင်း ချုပ်ဆိုခဲ့သည် (အထက်တွင်ဖော်ပြထားသည့် စာကွက် ၃ ကို ကြည့်ပါ)။ ၂၀၁၀ ခုနှစ်တွင် ဗီယက်နမ်နှင့် ချုပ်ဆိုခဲ့သည့် နားလည်မှု

[98] It was noted that articles 90 and 96 of the *Constitution*, and articles 19 and 21 on the *Law on Lawyers*, as well as article 71 of the *Criminal Procedure Code*, set out the right to have legal representation.

စာချွန်လွှာ၌ စာချုပ်ဝင်များသည် လူကုန်ကူးခံရသည့် နစ်နာသူများကို 'တရားမဝင် နိုင်ငံတွင်းသို့ဝင်ရောက်ခြင်း သို့မဟုတ် အခြား ဆက်နွယ်နေသည့် မည်သည့် အုပ်ချုပ်ရေးဆိုင်ရာ ပြစ်မှုများအတွက်မဆို' ဖမ်းဆီးထိန်းသိမ်းခြင်း နှင့်/သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်း မဆောင်ရွက်ရန် ပြဋ္ဌာန်းထားသည် (အပိုဒ် ၄(၁)(က))။ ၂၀၁၄ ခုနှစ်တွင် တရုတ်နိုင်ငံနှင့် ချုပ်ဆိုခဲ့သည့် နားလည်မှုစာချွန်လွှာ၌ စာချုပ်ဝင်များသည် 'နစ်နာသူများကို တရားမဝင် နိုင်ငံတွင်းသို့ဝင်ရောက်ခြင်း သို့မဟုတ် ပိုင်နက်တွင်းမှ ထွက်ခွာခြင်း သို့မဟုတ် ၎င်းတို့ လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခဲ့သည့် အခြား မည်သည့်ပြစ်မှုများအတွက်မဆို ပြစ်ဒဏ်ချမှတ်ခြင်း မပြုရ' ဟု ဖော်ပြထားသည် (အပိုဒ် ၄(၁))။[99] ၂၀၁၇ ခုနှစ်တွင် ထိုင်းနိုင်ငံနှင့် ချုပ်ဆိုခဲ့သည့် နားလည်မှုစာချွန်လွှာတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကို သီးခြားထည့်သွင်းဖော်ပြထားခြင်း မရှိသော်လည်း လူကုန်ကူးခံရသည့် နစ်နာသူများအတွက် တရားမျှတမှုနှင့် ဥပဒေအရ အကာအကွယ်ပေးမှု ရှိစေရန် (အပိုဒ် ၆) နှင့် ၎င်းတို့အား ဥပဒေရေးရာ စစ်ဆေးကြားနာမှုများဖြင့် ထပ်မံ၍ နစ်နာစေခြင်းအား ရှောင်လွှဲရန် လိုအပ်ကြောင်း (အပိုဒ် ၁၇) ဖော်ပြထားသည်။[100] ဤ နှစ်နိုင်ငံသဘောတူ စာချုပ်များကို လက်တွေ့ကျင့်သုံးခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ၎င်းတို့တွင် ဖော်ပြထားသည့် ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို လာအိုနိုင်ငံဥပဒေနှင့် မည်သို့ ပေါင်းစပ်ညှိနှိုင်းသည်ကို လည်းကောင်း ဆွေးနွေးခြင်း မရှိခဲ့ပေ။ နားလည်မှုစာချွန်လွှာများနှင့် စံလုပ်ထုံးလုပ်နည်းများသည် နိုင်ငံနှစ်ခုလုံးမှ လက်တွေ့ အကောင်အထည်ဖော် ကျင့်သုံးရေး အဖွဲ့အစည်းများအနေဖြင့် လူကုန်ကူးခံရသည့် နစ်နာသူများအား ဖော်ထုတ်အတည်ပြုခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ အကာအကွယ်ပေးခြင်းတို့ကို မည်သို့ဆောင်ရွက်ရမည်နှင့် စပ်လျဉ်း၍ တစ်သမတ်တည်း နားလည်သဘောပေါက်မှုရှိစေရန် ဆောင်ရွက်ပေးသင့်ကြောင်း ယေဘုယျအားဖြင့် အကြံပြု ဆွေးနွေးခဲ့ကြသည်။

**ရာဇဝတ်ဆိုင်ရာ တရားမျှတရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ -** နိုင်ငံဖြတ်ကျော် လူကုန်ကူးမှုများတွင် ပါဝင်ပတ်သက်နေသည့် နိုင်ငံများ၏ ပြည်တွင်း ဥပဒေများသည် အချင်းချင်းမကိုက်ညီဘဲ လာအိုနိုင်ငံအတွင်းရှိ နိုင်ငံသားမဟုတ်သူများအကြောင်း သတင်းအချက်အလက်များကို မျှဝေအသိပေးခြင်းမရှိသည့် အခြေအနေများတွင် အပြန်အလှန် ဥပဒေ အထောက်အကူပေးရာတွင် အခက်အခဲများ ကြုံတွေ့ရကြောင်း သိရှိရသည်။ လာအိုနိုင်ငံသား နစ်နာသူများကို ဖော်ထုတ်အတည်ပြု၍ လာအိုနိုင်ငံသို့ ပြန်လည် ပို့ဆောင်ရေးအတွက် ပူးပေါင်း ဆောင်ရွက်ရာတွင်လည်း ၎င်းပုဂ္ဂိုလ်အား နစ်နာသူအဖြစ်သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ သဘောတူညီမှု မတည်ဆောက်နိုင်သည့်အတွက် ကြန့်ကြာနေကြောင်းကိုလည်း သိရှိခဲ့ရသည်။ အချို့သော ဖြစ်စဉ်များတွင် (ဥပမာဖော်ပြရသော် အစမ္ပထိမ်းမြားစေရန် တရုတ်နိုင်ငံသို့ လူကုန်ကူးခံရပြီးနောက်) နစ်နာသူများကို ပြစ်ဒဏ်ချမှတ်ခြင်း မပြုဘဲ လာအိုနိုင်ငံသို့ ပြန်လည်ပို့ဆောင်သော်လည်း တရားမျှတရေးအတွက် ကျူးလွန်သူများကို အပြစ်ပေးရန် ဆက်လက်စုံစမ်းဆောင်ရွက်ခြင်း မရှိပေ။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို လက်တွေ့ အကောင်အထည်ဖော်ကျင့်သုံးရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာကောင်းမွန်လာစေရန် ကြိုးပမ်း အားထုတ်ရာ၌ ပါဝင်ရန်အတွက် နိုင်ငံခြားရေး ဝန်ကြီးဌာနများ၊ ASEAN နှင့် ချိတ်ဆက်ဆောင်ရွက်သည့် အဖွဲ့အစည်းများ၊ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး (UNODC) နှင့် တစ်သီးပုဂ္ဂလ ပညာရှင်များကို အကြံပြုလိုကြောင်း ဖော်ပြဆွေးနွေးခဲ့ကြပါသည်။

## နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းဆိုင်ရာ အခက်အခဲများ

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား လက်တွေ့ကျင့်သုံးခြင်းအပေါ် သက်ရောက်မှုရှိသည့် ဖော်ထုတ် အတည်ပြုခြင်းဆိုင်ရာ အခက်အခဲများ -** နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းသည် လူပုဂ္ဂိုလ်တစ်ဦးကို

[99] *Agreement between the Government of the Lao People's Democratic Republic and the Government of the People's Republic of China on Cooperation in Preventing and Combating Trafficking in Persons* (2014)
[100] *Memorandum of understanding Between the Government of the Kingdom of Thailand and the Government of the Lao People Democratic Republic on Cooperation to Combat Trafficking in Persons* (2017)

နစ်နာသူအဖြစ် သို့မဟုတ် ပြစ်မှုကျူးလွန်သူအဖြစ် ရှုမြင်ဆက်ဆံမည်ကို သတ်မှတ်ခြင်း ဖြစ်သည့်အလျောက် ဤလုပ်ငန်းစဉ်သည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ကျင့်သုံးရာတွင် ပထမဆုံးဆောင်ရွက်ရသည့် ကနဦးစမှတ်ဖြစ်ကြောင်း ပါဝင်တက်ရောက်သူများက အလေးအနက် ဖော်ပြဆွေးနွေးခဲ့ကြပါသည်။ လူကုန်ကူးခြင်းကို အနက်ဖွင့်ဆိုချက်သည် နစ်နာသူများအား အတိအကျ ဖော်ထုတ်အတည်ပြုကာ ၎င်းတို့ကို ပြစ်ဒဏ်ချမှတ်ခြင်းမှ အကာအကွယ်ပေးရန် လုံလောက်မှုရှိသည်ဟု ရှုမြင်သော်လည်း အချို့ကမူ ကွဲပြားဆန့်ကျင်နေသော ရှုမြင်ချက်များကို ဖော်ပြခဲ့ကြသည်။ နစ်နာသူများအား ဖော်ထုတ်အတည်ပြုခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းမှ အကာအကွယ်ပေးခြင်း ဆောင်ရွက်ရာတွင် လူကုန်ကူးမှု၌ နစ်နာသူက သဘောတူညီချက်ပေးခြင်းကို အဟန့်အတားတစ်ခုအဖြစ် ကြုံတွေ့ရကြောင်း မှတ်ချက်ပြုဆွေးနွေးခဲ့ကြသည်။ နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းကို ကဏ္ဍစုံ ချဉ်းကပ်နည်းဟန်ဖြင့် လုပ်ဆောင်ရာတွင် ရဲတပ်ဖွဲ့နှင့် လာအိုအမျိုးသမီးရေးရာသမဂ္ဂတို့အပြင် အခြား အကျိုးသက်ဆိုင်သူများကိုလည်း ချိတ်ဆက်ပါဝင်စေနိုင်ကြောင်း အကြံပြုဆွေးနွေးခဲ့ကြသည်။

**'ဝင်ရောက်စီးနင်းမှုများ' သည် နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းကို ထိခိုက်စေခြင်း** - ၂၀၂၁ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အမေရိကန်ပြည်ထောင်စု အစီရင်ခံစာတွင် လာအိုနိုင်ငံတစ်ဝန်း၌ အသုံးပြုသည့် နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းနှင့် စစ်ဆေးစိစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် တစ်သမတ်တည်းမဖြစ်ဘဲ ရလဒ်အနေဖြင့် ရဲအရာရှိများက ဖော်ထုတ်အတည်ပြုမခံရသော လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းအတွက် လူကုန်ကူးခံခဲ့ရသည့် နစ်နာသူအချို့ကို လူကုန်ကူးသူများက အဓမ္မစေခိုင်း၍ ကျူးလွန်ခဲ့ရသည့် ပြည့်တန်ဆာမှုများ အတွက် ပြစ်ဒဏ်ချမှတ်ခြင်းများ ရှိခဲ့ကြောင်း မှတ်ချက်ပြုဖော်ပြထားသည်။ အစီရင်ခံစာတွင် ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်သည့် နေရာများအား 'ဝင်ရောက်စီးနင်းမှုများ' ဆောင်ရွက်ချိန်၌ ကြုံတွေ့ရသူများ အပါအဝင် နစ်နာသူ ဖြစ်နိုင်ခြေရှိသူများကို ကြိုတင်ဦးစွာ စစ်ဆေးစိစစ်ခြင်းနှင့် ဖော်ထုတ်အတည်ပြုခြင်းတို့ ဆောင်ရွက်ရန် အကြံပြု ထားသည်။ ထို့အပြင် ရဲအရာရှိများ၏ အသက်အရွယ်ပိုင်းခြားဆုံးဖြတ်နိုင်စွမ်း ချို့တဲ့မှုကြောင့် အရွယ်ရောက်ပြီးသူနှင့် ကလေးသူငယ် နစ်နာသူများသည် ပြည့်တန်ဆာမှုဆိုင်ရာ စွဲချက်များဖြင့် ဖမ်းဆီးခံရကြောင်းကိုလည်း ၎င်းအစီရင်ခံစာတွင် ဖော်ပြထားသည်။[101] နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းကို ပိုမို၍ တိုးတက်ကောင်းမွန် လာစေရန် မြှင့်တင်နိုင်ကြောင်း ရှုမြင်သူများက နစ်နာသူများကို ရဲအရာရှိများနှင့် လူဝင်မှုကြီးကြပ်ရေး အာဏာပိုင်များက တစ်ခါတရံတွင် 'တရားမဝင်' ရွှေ့ပြောင်းနေထိုင်သူများအဖြစ် မှားယွင်း သတ်မှတ်လေ့ရှိကြောင်း မှတ်ချက်ပြုဆွေးနွေးခဲ့သည်။ အဂတိလိုက်စားမှုအကြောင်းကိုလည်း ဖော်ပြဆွေးနွေးခဲ့ပြီး လူပုဂ္ဂိုလ်များကို လူကုန်ကူးမှု အတွက် စစ်ဆေးစိစစ်ခြင်း ဆောင်ရွက်ရမည့်အစား မှန်ကန်သောစာရွက်စာတမ်းများ မပါရှိဘဲ ခရီးသွားခြင်းကြောင့် 'ဒဏ်ကြေးတပ်ခြင်း' သို့မဟုတ် ဒဏ်ကြေးတပ်မည်ဟု ခြိမ်းခြောက်ခြင်းတို့ ပြုလုပ်လေ့ ရှိကြောင်းကို ဖော်ပြခဲ့ကြသည်။

**နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်း ပိုမိုထိရောက်ကောင်းမွန်လာစေရန် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကို အသုံးချခြင်း** - ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို လက်တွေ့အကောင်အထည်ဖော်ကျင့်သုံးရာ၌ ကြုံတွေ့ရသည့် အဓိကအခက်အခဲ တစ်ရပ်မှာ နစ်နာသူများက ၎င်းတို့နှင့်နီးစပ်သော မိတ်ဆွေများနှင့် မိသားစုများအား တရားစွဲဆိုစစ်ဆေးခံရခြင်းမှ အကာအကွယ်ပေးရန်အတွက် သတင်းအချက်အလက် ထိမ်ချန်ကွယ်ဝှက်ခြင်းဖြစ်ကြောင်း နိုင်ငံတော်အာဏာပိုင်များက မှတ်ချက်ပြုဖော်ပြခဲ့သည်။ တစ်ခါတရံ၌ နစ်နာသူများသည် ဖမ်းဆီးခံရမည်ကို စိုးရွံ့သဖြင့် ရဲတပ်ဖွဲ့ထံ အကူအညီတောင်းခံခြင်း မပြုကြောင်းကို အစိုးရကိုယ်စားပြုမဟုတ်သည့် ပါဝင်တက်ရောက်သူများက ဖော်ပြဆွေးနွေး ခဲ့ကြသည်။ နစ်နာသူများကို အာဏာပိုင်များနှင့် ထိတွေ့ဆက်ဆံရန် မြှင့်တင်ပေးရန်နှင့် နစ်နာသူအား ဖော်ထုတ် အတည်ပြုခြင်းကို ပိုမိုကောင်းမွန်အောင် မြှင့်တင်ရန်အတွက် လူကုန်ကူးခံရခြင်း၏ အကျိုးဆက်အဖြစ် ကျူးလွန်ခဲ့ရသည့် ပြစ်မှုများအတွက် ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ လွတ်ငြိမ်းပိုင်ခွင့် အပါအဝင် ၎င်းတို့ခံစားရပိုင်သည့် အခွင့်အရေးများအကြောင်း နစ်နာသူများကို အသိပေးရှင်းပြရန် အကြံပြုဆွေးနွေးခဲ့သည်။ ဖော်ထုတ် အတည်ပြုခြင်း

[101] 2021 Trafficking in Persons Report: Lao (US Department of State, 2021)

လုပ်ငန်းစဉ်တစ်လျှောက် ကနဦးအစကပင် လူမှုဝန်ထမ်းများ၊ ဝန်ဆောင်မှုပေးအပ်သူများ၊ ရှေ့နေများ၊ တရားသူကြီးများနှင့် လိုအပ်ပါက ကလေးသူငယ်အုပ်ထိန်းသူများဖြင့် ဖွဲ့စည်းထားသည့် ပညာရှင်ပေါင်းစုံ အဖွဲ့များကို အသုံးပြုခြင်း အပါအဝင် သင့်တင့်လျောက်ပတ်သည့် ထောက်ပံ့ကူညီမှု ပေးအပ်ခြင်းကို မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ်ကြောင်းကိုလည်း မှတ်ချက်ပြုဆွေးနွေးခဲ့ကြသည်။

## နစ်နာသူအား ပြစ်ဒဏ်ချမှတ်ခြင်းဆိုင်ရာ လက်တွေ့အခြေအနေများ

**နစ်နာသူများအား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြစ်မှုများအတွက် ပြစ်ဒဏ်ချမှတ်ခြင်း -** လာအိုနိုင်ငံတွင် လူကုန်ကူးခံရသည့် နစ်နာသူများအား တရားစွဲဆိုစစ်ဆေးမှုများ ပေါ်ပေါက်ခဲ့ခြင်းမရှိကြောင်း အစိုးရကိုယ်စားပြုပါဝင်တက်ရောက်သူအချို့က ဖော်ပြခဲ့သော်လည်း ဤအချက်နှင့်စပ်လျဉ်း၍ အချို့က သဘောမတူကြောင်း ဖော်ပြဆွေးနွေးခဲ့ကြကာ လူကုန်ကူးခံရသည့် နစ်နာသူအဖြစ် တရားဝင် ဖော်ထုတ် အတည်ပြုခြင်း ခံရပြီးသည့် နစ်နာသူများသည်ပင် တရားစွဲဆိုစစ်ဆေးခြင်း ခံရနိုင်သည်ဟု ဖော်ပြ ဆွေးနွေးခဲ့ကြသည်။ ရာဇဝတ်ဆိုင်ရာ တရားရေးတာဝန်ရှိသူများသည် အခြေခံမူအား သိရှိနားလည်ခြင်း မရှိသည့်အတွက် ရလဒ်အနေဖြင့် နစ်နာသူများသည် ပြစ်ဒဏ်ချမှတ်ခြင်းမပြုရန် ဥပဒေ၌ အတိအလင်း ဖော်ပြထားသည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာနှင့် ပြည့်တန်ဆာပြုခြင်းဆိုင်ရာ ပြစ်မှုများအတွက်ပင် တရားစွဲဆိုစစ်ဆေးခံရနိုင်ကြောင်း ဖော်ပြဆွေးနွေးခဲ့ကြသည်။ ရွှေ့ပြောင်းနေစဉ်လမ်း၌ တွေ့ရှိ ထိန်းသိမ်းခံရသော လူကုန်ကူးခံရသည့် နစ်နာသူများသည် တရားမဝင် နိုင်ငံတွင်းသို့ဝင်ရောက်ခြင်း ပြစ်မှုများဖြင့် တရားစွဲဆိုခံရနိုင်ပြီး လုပ်ငန်းဆောင်ရွက်သည့်နေရာများတွင် တွေ့ရှိထိန်းသိမ်းခံရသည့် နစ်နာသူများမှာမူ တရားမဝင် အလုပ်လုပ်ကိုင်ခြင်းအတွက် ဖမ်းဆီးခြင်းနှင့် တရားစွဲဆိုစစ်ဆေးခြင်းကို ကြုံတွေ့ရနိုင်သည်။

**ပြည့်တန်ဆာပြုခြင်းနှင့် အငှားကိုယ်ဝန်ဆောင်ခြင်းဆိုင်ရာ ပြစ်မှုများအတွက် နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခြင်း -** လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ရန် ရည်ရွယ်၍ လူကုန်ကူးခံခဲ့ရသည့် နစ်နာသူများသည် ပြည့်တန်ဆာပြုခြင်းဆိုင်ရာ ပြစ်မှုများအတွက် တရားစွဲဆိုစစ်ဆေးခံရနိုင်သည့် အန္တရာယ်ကို အထူးပင် ကြုံတွေ့ရနိုင်ကြောင်း မှတ်ချက်ပြုဆွေးနွေးခဲ့ကြသည်။ လူပုဂ္ဂိုလ်တစ်ဦးသည် နစ်နာသူ သို့မဟုတ် ကျူးလွန်သူ ဖြစ်သည်ဟု ဆုံးဖြတ်သတ်မှတ်ရာတွင် အဆိုပါပုဂ္ဂိုလ်နှင့် တွေ့ရှိသည့် တရားရေးဆိုင်ရာ အကျိုးသက်ဆိုင်သူ၏ ပုဂ္ဂလစာရိတ္တအမြင်သည် ၎င်းဆုံးဖြတ်ချက်ချမှတ်ရာတွင် အချက်တစ်ချက်အဖြစ် လွှမ်းမိုးပါဝင်ကြောင်း မှတ်ချက်ပြုဆွေးနွေးခဲ့ကြသည်။ လိင်အခြေပြု သို့မဟုတ် ကျား-မ အခြေပြု ခွဲခြားဆက်ဆံခြင်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ပြဿနာတစ်ရပ် မဟုတ်ကြောင်း ယူဆသတ်မှတ်ထားကြသော်လည်း အချို့သော တရားဥပဒေစိုးမိုးရေး အရာရှိများအနေဖြင့် ပုံသေယူဆ သတ်မှတ်ချက်များနှင့် လူမှုစံနှုန်းများကြောင့် လိင်လုပ်ငန်းလုပ်ကိုင်သူများအပေါ် ခွဲခြားဆက်ဆံမှုများ ရှိနိုင်ကြောင်း ဖော်ပြဆွေးနွေးခဲ့ကြသည်။ ထိုသို့ ဘက်လိုက်ရှုမြင်မှုများသည် နစ်နာသူများအား ထိရောက်စွာ ဖော်ထုတ်အတည်ပြုနိုင်ခြင်းကို ထိခိုက်စေပြီး ရလဒ်အနေဖြင့် နစ်နာသူများသည် ပြည့်တန်ဆာပြုခြင်းဆိုင်ရာ ပြစ်မှုများအတွက် တရားစွဲဆိုစစ်ဆေးခြင်းကို ကြုံတွေ့ရနိုင်သည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူနှင့်စပ်လျဉ်းသည့် မေးခွန်းပြဿနာများအကြောင်းကို ဆွေးနွေးရာ၌ ကိုယ်ဝန်အငှားဆောင်စေရန် အမျိုးသမီးများအား လူကုန်ကူးခြင်းကိုလည်း ဖော်ပြဆွေးနွေးခဲ့ကြသည်။

**လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြစ်မှုများအတွက် နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခြင်း -** ဦးတည်နိုင်ငံသို့ မရောက်ရှိမီ နယ်စပ်များ၌ တွေ့ရှိထိန်းသိမ်းခံရသည့် နစ်နာသူများ ကြုံတွေ့ရသည့် အခက်အခဲများအကြောင်းကိုလည်း ပါဝင်တက်ရောက်သူများက ထောက်ပြဆွေးနွေးခဲ့ကြပြီး အဆိုပါ နစ်နာသူများသည် နစ်နာသူအဖြစ် ဖော်ထုတ်အတည်ပြုခြင်း မခံရသော်လည်း နိုင်ငံတစ်နိုင်ငံအတွင်းမှ ထွက်ခွာစေခြင်း သို့မဟုတ် ပြည်နှင်ဒဏ်ပေးခြင်းကို ခံရနိုင်သည့်အတွက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ သို့မဟုတ် အခြားပြစ်မှုများအတွက် ပြစ်ဒဏ်ချမှတ်ခံရနိုင်သည့် အန္တရာယ်ကို ကြုံတွေ့ရကြောင်း ဆွေးနွေးခဲ့ကြသည်။ လာအိုနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခံရသည့် အချို့နစ်နာသူများသည်

ဖော်ထုတ်အတည်ပြုခြင်း လုပ်ငန်းစဉ်များတွင် စစ်ဆေးစိစစ်ခြင်းကို ခံခဲ့ရသော်လည်း လာအိုနိုင်ငံတွင် အခိုင်အမာ ချမှတ်ထားသည့် စစ်ဆေးစိစစ်ခြင်း လုပ်ထုံးလုပ်နည်းယန္တရား မရှိသည့်အတွက် ထိုသို့ ပြန်လည်ပို့ဆောင်ခံရသည့် နစ်နာသူအချို့မှာမူ စစ်ဆေးစိစစ်ခြင်းအား ခံယူရခြင်းမရှိကြောင်း သိရှိရသည်။ ဤအခြေအနေများ၏ ရှုပ်ထွေးမှုသည် နစ်နာသူများကို ထွက်ခွာစေသည့် သို့မဟုတ် ပြည်နှင်ဒဏ်ပေးသည့် အခြေအနေများတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို မည်သို့ကျင့်သုံးမည်၊ နယ်စပ်ဖြတ်ကျော်ပါဝင်သည့် အမှုများကို မည်သည့်ဥပဒေပိုင်နက်နှင့်အညီ စီရင်မည် နှင့် ထိုသို့သော ဖြစ်စဉ်များတွင် နှစ်နိုင်ငံသဘောတူ နားလည်မှုစာချွန်လွှာများသည် မည်သည့်အခန်းကဏ္ဍမှ ပါဝင်မည် စသည်တို့နှင့် ဆက်နွှယ်နေသည့် မေးခွန်းပြဿနာများကို ပေါ်ထွက်လာစေသည်။

**ပြည်ပနိုင်ငံများမှ လာအိုနိုင်ငံသား နစ်နာသူများကို တရားစွဲဆိုစစ်ဆေးခြင်း -** လူကုန်ကူးခံရသည့် လာအိုနိုင်ငံသား နစ်နာသူများသည် ပြည်ပနိုင်ငံများ၌ တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများအဖြစ် တရားစွဲဆိုစစ်ဆေးခံရသည့် ဖြစ်စဉ်များရှိခဲ့ကြောင်း ပါဝင်တက်ရောက်သူများက ဖော်ပြဆွေးနွေးခဲ့သည်။ အဓမ္မထိမ်းမြားစေရန် လူကုန်ကူးခံရသည့် လာအိုနိုင်ငံသားများအကြောင်းကို သာဓကအဖြစ် ဖော်ပြပြီး အဆိုပါဖြစ်စဉ်များတွင် နစ်နာသူများသည် ဦးတည်နိုင်ငံများသို့ တရားမဝင် ဝင်ရောက်ခြင်း သို့မဟုတ် ခွင့်ပြုထားသည့်ကာလကျော်လွန်၍ နေထိုင်ခြင်းကြောင့် တရားစွဲဆိုစစ်ဆေးခံရနိုင်သည့် အန္တရာယ်ကို ရင်ဆိုင်နေရသည်။ ထိုသို့ဖြစ်စဉ်များတွင် ပြန်လည်ပို့ဆောင်ခံရသူများကို ပြည်ပနိုင်ငံက တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများအဖြစ် သတ်မှတ်သော်လည်း လာအိုနိုင်ငံကမူ လူကုန်ကူးခံရသည့် နစ်နာသူများ အဖြစ် သတ်မှတ်သည်။ ရေယာဉ်ပေါ်၌ လူသတ်မှု၊ ကိုယ်တွင်းအင်္ဂါ ထုတ်ယူရောင်းချမှု၊ ပြည့်တန်ဆာ ပြုမှုနှင့် ကိုယ်ဝန်အငှားဆောင်မှု အပါအဝင် ပိုမိုကြီးလေးသော ပြစ်မှုများအတွက် တရားစွဲဆိုခံထားရသည့် နစ်နာသူများအကြောင်း သာဓကများကိုလည်း ဖော်ပြဆွေးနွေးခဲ့ကြသည်။ ဤဖြစ်စဉ်များတွင် ကျူးလွန်သူများသည် လာအိုနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်၌ ပြစ်ဒဏ်ချမှတ်ခြင်း မခံရကြောင်း သိရှိရပြီး အကြောင်းရင်းမှာ ၎င်းတို့ကို နစ်နာသူများအဖြစ် ဖော်ထုတ်အတည်ပြုထားသောကြောင့် ဖြစ်သည်။ ထို့ကြောင့် မည်သည့်အခြေအနေ၌ လူပုဂ္ဂိုလ်တစ်ဦးကို လူကုန်ကူးခံရသည့် နစ်နာသူအဖြစ် သတ်မှတ်ရမည်နှင့်စပ်လျဉ်း၍ သဟဇာတဖြစ်စွာ ဘုံသဘောတူ နားလည်မှုသည် နိုင်ငံဖြတ်ကျော် လူကုန်ကူးခံရသည့် နစ်နာသူများအား ထောက်ပံ့ကူညီရာ၌ အဓိကသော့ချက် ဖြစ်ကြောင်း ထောက်ပြ ဆွေးနွေးခဲ့ကြသည်။

**လူကုန်ကူးခံရသည့် ကလေးသူငယ်များ ပြစ်ဒဏ်ချမှတ်ခံရနိုင်သည့် အန္တရာယ် -** ရှုပ်ထွေးသော မူးယစ်ဆေးဝါး မှောင်ခိုကုန်ကူးမှုများတွင် ပါဝင်ပတ်သက်ခြင်းအတွက် အပါအဝင် ကလေးသူငယ်များ ကြုံတွေ့နေရသည့် ပြစ်ဒဏ်ချမှတ်ခံရနိုင်သည့် အန္တရာယ်များကို တရားရေးတာဝန်ရှိသူအချို့က ထောက်ပြဆွေးနွေးခဲ့ကြသည်။ ထိုသို့သောဖြစ်စဉ်များ၌ လူကုန်ကူးသူများသည် အာဏာပိုင်များအနေဖြင့် စုံစမ်းစစ်ဆေးရန် အခက်တွေ့နိုင်သည့် သြဇာအာဏာရှိသူများ ဖြစ်သည်။ လူပုဂ္ဂိုလ်တစ်ဦးသည် အသက် ၁၈ နှစ် ကျော်လွန်ပြီးဖြစ်သည် သို့မဟုတ် ၁၈ နှစ်အောက်ဖြစ်သည်ဟု ဆုံးဖြတ်သတ်မှတ်ခြင်းသည် ၎င်းကို လူကုန်ကူးခံရသည့် နစ်နာသူအဖြစ် သတ်မှတ်ခြင်း ပြုမည်၊ မပြုမည်နှင့် အကျိုးဆက်အနေဖြင့် ပြစ်ဒဏ်ချမှတ်ခြင်း ပြုမည်၊ မပြုမည်ကို ဆုံးဖြတ်ခြင်းအပေါ် သက်ရောက်မှုရှိနိုင်ကြောင်း ထောက်ပြ ဆွေးနွေးခဲ့ကြသည်။ အသက်အရွယ်ကို အတည်မပြုနိုင်သည့် ဖြစ်စဉ်များတွင် အသက်မပြည့်သေးသူဟု ယူဆသတ်မှတ်ခြင်းကို လက်တွေ့ကျင့်သုံးခြင်း၏ အရေးပါပုံကို အထူးအလေးပေး ဆွေးနွေးခဲ့ကြသည်။

## ၂.၅ မလေးရှား

မလေးရှားနိုင်ငံ အာဏာပိုင်များသည် ဤလေ့လာချက်အတွက် ဆွေးနွေးဝိုင်းဆောင်ရွက်မှုများတွင် ပါဝင်ဆွေးနွေးခြင်း မပြုသည့်အတွက် ဤနိုင်ငံ၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ကျင့်သုံးခြင်းနှင့် စပ်လျဉ်းသည့်

သတင်းအချက်အလက်များကို အများပြည်သူရယူနိုင်သည့် ရင်းမြစ်များနှင့် တစ်သီးပုဂ္ဂလ ပညာရှင်များထံမှသာ ရယူနိုင်ခဲ့ပါသည်။

**လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ပြည်တွင်းဥပဒေများတွင် အတိအလင်း ဖော်ပြထားသည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက် -** *လူကုန်ကူးမှုနှင့် လူမှောင်ခိုသွင်းမှု ဆန့်ကျင်တိုက်ဖျက်ရေး အက်ဥပဒေ* (၂၀၀၇) ၏ အပိုဒ် ၂၅ တွင် လူကုန်ကူးခံရသည့် နစ်နာသူများကို ၎င်းလူကုန်ကူးခံရခြင်း၏ တိုက်ရိုက် အကျိုးဆက်အဖြစ် ကျူးလွန်ခဲ့ရသည့် တရားမဝင် နိုင်ငံတွင်းသို့ဝင်ရောက်ခြင်း၊ နေထိုင်ခြင်းနှင့် နိုင်ငံတွင်းသို့ ဝင်ရောက်ရန်အလို့ငှာ အတုပြုလုပ်ထားသည့် ခရီးသွားစာရွက်စာတမ်း သို့မဟုတ် မှတ်ပုံတင်စာရွက်စာတမ်းကို ရယူခြင်း သို့မဟုတ် လက်ဝယ်ပိုင်ဆိုင်ခြင်းအတွက် ရာဇဝတ်ဆိုင်ရာ တရားစွဲဆိုစစ်ဆေးခြင်း မပြုရန် ပြဋ္ဌာန်းထားသည်။

> အပိုဒ် ၂၅။ လူကုန်ကူးခံရသည့် ပုဂ္ဂိုလ်ကို အောက်ပါအချက်များအတွက် ရာဇဝတ်ဆိုင်ရာ တရားစွဲဆိုစစ်ဆေးခြင်း မပြုစေရ -
>
> (က) ဦးတည်နိုင်ငံ သို့မဟုတ် ကြားနိုင်ငံသို့ တရားမဝင် ဝင်ရောက်ခြင်း၊
>
> (ခ) ဦးတည်နိုင်ငံ သို့မဟုတ် ကြားနိုင်ငံတွင် တရားမဝင်နေထိုင်ခြင်း၊ သို့မဟုတ်
>
> (ဂ) ဦးတည်နိုင်ငံ သို့မဟုတ် ကြားနိုင်ငံသို့ ဝင်ရောက်ရန်အလို့ငှာ မည်သည့် အတုပြုလုပ်ထားသည့် ခရီးသွားစာရွက်စာတမ်း သို့မဟုတ် မှတ်ပုံတင်စာရွက်စာတမ်းကိုမဆို ဝယ်ယူသဖြင့် သို့မဟုတ် ၎င်းထံပေးအပ်ခံရသဖြင့် ရယူခြင်း သို့မဟုတ် လက်ဝယ်ပိုင်ဆိုင်ခြင်း။
>
> ဖြစ်ပွားခဲ့သည်ဟု ယူဆသတ်မှတ်သော သို့မဟုတ် ဖြစ်ပွားခဲ့သော လူကုန်ကူးမှု၏ တိုက်ရိုက်အကျိုးဆက်အနေဖြင့် အထက်ပါအချက်များကို ကျူးလွန်ရခြင်း ဖြစ်ပါက လူကုန်ကူးခံရသည့် ပုဂ္ဂိုလ်ကို ရာဇဝတ်ဆိုင်ရာ တရားစွဲဆိုစစ်ဆေးခြင်း မရှိစေရ။

ဤပြဋ္ဌာန်းချက်သည် လူကုန်ကူးခံရသည့် နစ်နာသူများက ၎င်းတို့လူကုန်ကူးခံရခြင်း၏ အကျိုးဆက်အဖြစ် ကျူးလွန်သည့် ပြစ်မှုများအားလုံးအတွက် ရာဇဝတ်ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ အကာအကွယ်ပေးခြင်း မဟုတ်ပေ။[102] မလေးရှားအာဏာပိုင်များအနေဖြင့် လူကုန်ကူးခံရသည့် နစ်နာသူများအား ရာဇဝတ်ဆိုင်ရာ တရားစွဲဆို စစ်ဆေးခြင်းမှ လက်တွေ့အကာအကွယ်ပေးရန်အတွက် ၎င်းတို့ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်ကိုဖြစ်စေ အခြား သက်ဆိုင်ရာဥပဒေကိုဖြစ်စေ လက်တွေ့ကျင့်သုံးခြင်း ရှိ၊ မရှိနှင့် မည်သို့ ကျင့်သုံးသည်နှင့်စပ်လျဉ်း၍ ရှင်းလင်းတိကျသော သတင်းအချက်အလက် မရရှိခဲ့ပေ။

**ရာဇသတ်ကြီးဥပဒေပါ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များ -** လူပုဂ္ဂိုလ်တစ်ဦးသည် ခြိမ်းခြောက်၍ အဓမ္မစေခိုင်းခံရမှုကြောင့် ပြစ်မှုကျူးလွန်ရခြင်းဖြစ်ပါက ယေဘုယျခြွင်းချက်တွင် အကျုံးဝင်ကြောင်း ဖော်ပြထားသည့် အပိုဒ် ၉၄ အပါအဝင် *ရာဇသတ်ကြီးဥပဒေ* တွင် ပြဋ္ဌာန်းထားသည့် ယေဘုယျခြွင်းချက်များအား အခြား ပြစ်မှုများအတွက် တာဝန်ခံရခြင်းကို လျှော့ချပေးရန်အတွက် အသုံးပြုနိုင်သည် -

> ခြိမ်းခြောက်၍ အဓမ္မစေခိုင်းခံရမှုကြောင့် ပြစ်မှုကျူးလွန်ရခြင်း
>
> ၉၄။ လူသတ်မှု၊ အခန်း ၆ တွင် ဖော်ပြထားသည့် သေဒဏ်ချမှတ်ခံရနိုင်သည့် ပြစ်မှုများနှင့် အခန်း ၆ (က) တွင် ဖော်ပြထားသည့် ပြစ်မှုများမှအပ လူပုဂ္ဂိုလ်တစ်ဦးသည် ခြိမ်းခြောက်၍ အဓမ္မ စေခိုင်းခံရပြီး ပြစ်မှုကျူးလွန်သည့်အချိန်တွင် ၎င်းအနေဖြင့်

[102] Article 44(1) of *Malaysian Anti-Trafficking in Persons and Anti-Smuggling of Migrants Act 2007* allows victims of trafficking to be placed in 'temporary custody' during investigation.

> စေခိုင်းခံရသည့်အတိုင်း ဆောင်ရွက်ခြင်းမှအပ အခြားရွေးချယ်စရာမှာ ချက်ချင်း အသက်ဆုံးရှုံးရခြင်းဖြစ်သည်ဟု ကျိုးကြောင်းဆီလျော်စွာ နားလည်သိရှိနိုင်သည့် အခြေအနေတွင် ကျူးလွန်ခဲ့ရသည့် မည်သည့် လုပ်ရပ်မဆိုကို ပြစ်မှုအဖြစ် သတ်မှတ်ခြင်း မရှိစေရ၊
>
> ဤတွင် ပြစ်မှုမြောက်နိုင်သည့် လုပ်ရပ်ကို ကျူးလွန်သူသည် ထိုသို့ ချုပ်နှောင် စေခိုင်းခြင်းခံရသည့် အခြေအနေသို့ မိမိဆန္ဒအလျောက် ကျရောက်စေခြင်း သို့မဟုတ် ချက်ချင်းအသက်ဆုံးရှုံးရခြင်းမှအပ အခြားတစ်နည်းနည်းဖြင့် မိမိကို နာကျင်ထိခိုက်စေ နိုင်သောကြောင့် ကျရောက်စေခြင်း မဖြစ်ရန်လိုအပ်ကြောင်း သတ်မှတ်သည်။[103]

**မူဝါဒစာရွက်စာတမ်းများတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို ဖော်ပြခြင်း -** ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား အတည်ပြုကျင့်သုံးနိုင်ရေးအတွက် ရှင်းလင်းတိကျသော မူဝါဒလမ်းညွှန်ချက် မရှိပေ။ ယေဘုယျ ဖော်ပြမှုအဆင့်တွင် *လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် လုပ်ငန်းစီမံချက်* ၂၀၁၆-၂၀၂၀ ၌ လူကုန်ကူးခံရသည့် ပုဂ္ဂိုလ်များအား ဆက်ဆံရာတွင် နစ်နာသူဗဟိုပြုပြီး လူ့အခွင့်အရေးအခြေပြုသော ချဉ်းကပ်နည်းဟန်များကို အသုံးပြုရန် ကတိကဝတ်ပြုကြောင်း ဖော်ပြထားသည်။ မလေးရှားနိုင်ငံ၏ *လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် လုပ်ငန်းစီမံချက်* ၂၀၂၁-၂၀၂၅ တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကို အတိအလင်း ရည်ညွှန်းဖော်ပြထားခြင်း မရှိသော်လည်း လူ့အခွင့်အရေးများ၊ အထူးသဖြင့် နစ်နာသူများ၏ လူ့အခွင့်အရေးများကို မြှင့်တင်ပေးခြင်းနှင့် ကာကွယ်စောင့်ရှောက်ပေးခြင်းဆိုင်ရာ နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ လူ့အခွင့်အရေး အခြေပြုပြီး ကျား-မရေးရာ အချက်များကို ထည့်သွင်းစဉ်းစားမှုရှိသော ချဉ်းကပ်နည်းဟန်ကို အသုံးပြုရန် အထူး အလေးပေး ဖော်ပြထားပါသည်။ ဤတွင် လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် အခြားအခြေအနေတစ်စုံတစ်ရာ အပါအဝင် မည်သည့်အကြောင်းကြောင့်မျှ ပြစ်ဒဏ်မချမှတ်ရေး အခြေခံမူကို သီးခြားပင် ထည့်သွင်းဖော်ပြထားသည်။[104] မလေးရှားနိုင်ငံက ၂၀၁၇ ခုနှစ်တွင် လက်မှတ်ရေးထိုး အတည်ပြုခဲ့သော ACTIP ကို တစိုက်မတ်မတ် စောင့်ထိန်း လိုက်နာလျက်ရှိကြောင်းကိုလည်း နိုင်ငံတော်အဆင့် လုပ်ငန်းစီမံချက်တွင် အလေးအနက် ထည့်သွင်း ဖော်ပြထားပါသည်။

**လေ့ကျင့်သင်ကြားပေးခြင်း စီစဉ်ဆောင်ရွက်ရာတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို အသိအမှတ်ပြု ထည့်သွင်း သင်ကြားခြင်း -** ၂၀၂၂ ခုနှစ်တွင် ILO သည် လူကုန်ကူးမှုနှင့် လူမှောင်ခိုသွင်းမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာရုံး (NSO MAPO) နှင့် မိတ်ဖက်ပူးပေါင်း၍ မလေးရှားနိုင်ငံအတွက် လေ့ကျင့် သင်ကြားပေးခြင်းဆိုင်ရာ လက်စွဲလမ်းညွှန်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး ၎င်းတွင် နစ်နာသူများကို ပြစ်မှု ကျူးလွန်သူများ အဖြစ် ဆက်ဆံခြင်းမပြုရန် လိုအပ်ကြောင်း အထူးအလေးပေး ဖော်ပြထားသည်။

> အဓမ္မလုပ်အားစေခိုင်းခံရသည့်၊ လူကုန်ကူးခံရသည့် နစ်နာသူများနှင့်စပ်လျဉ်း၍ လုပ်ငန်း ဆောင်ရွက်ရာတွင် ဤသူများသည် တရားမဝင် နိုင်ငံတွင်းသို့ ဝင်ရောက်ခြင်း သို့မဟုတ် နိုင်ငံတွင်း၌ နေထိုင်ရန် လိုအပ်သော အထောက်အထားစာရွက်စာတမ်းများ မရှိခြင်းကဲ့သို့ ပြစ်မှုများကို ကျူးလွန်ထားနိုင်သော်လည်း ၎င်းတို့ကိုယ်၌မှာ ပြစ်မှုကျူးလွန်ခံရသည့် နစ်နာသူများဖြစ်ကာ ရာဇဝတ်မှုကျူးလွန်သူများ မဟုတ်သည်ကို အမြဲတစေ သတိချပ် အမှတ်ရနေရန် လိုအပ်သည်။ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများနှင့် အရာရှိများသည် အဓိက စွမ်းဆောင်ရည် ညွှန်းကိန်းများ သို့မဟုတ် ဝင်ရောက်စီးနင်းမှု စစ်ဆင်ရေးများ

[103] The Explanatory Notes provided to this provision are identical to those offered to the Section 94 of the Singapore Penal Code (see 2.8 below).
[104] National Action Plan on Anti-Trafficking in Persons (Malaysia, 2021) 4.2.3, p.18.

ကြောင့် ဤမှုနှင့် မကိုက်ညီသည့်၊ ဥပမာအားဖြင့် နစ်နာသူများကို တရားမဝင် နိုင်ငံတွင်းသို့ ဝင်ရောက်ခြင်းကြောင့် အရေးယူဆောင်ရွက်ရန် လိုအပ်ခြင်းကဲ့သို့ အခြား ဦးစားပေးရမည့် ကိစ္စရပ်များ ရှိနိုင်သဖြင့် ဤအခြေအနေမှာ အခက်အခဲကြုံတွေ့ ရနိုင်သည့် အခြေအနေမျိုးဖြစ်သည်။ နစ်နာသူဗဟိုပြု ချဉ်းကပ်နည်းဟန်တွင် နစ်နာသူကို ပထမဦးစားပေးထားပြီး အဓမ္မလုပ်အားစေခိုင်းခံရသည့်၊ လူကုန်ကူးခံရသည့် နစ်နာသူ၏ လိုအပ်ချက်များနှင့် အခွင့်အရေးများကို အလေးထားသည်။[...][105]

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို လိုက်နာစောင့်ထိန်းရာတွင် တရားဥပဒေစိုးမိုးရေး အရာရှိများ၏ အခန်းကဏ္ဍ -** ၂၀၂၀ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အမေရိကန်ပြည်ထောင်စု အစီရင်ခံစာတွင် လူကုန်ကူးခံရသည့် နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခြင်းကို လူကုန်ကူးမှုဆိုင်ရာ စုံစမ်း စစ်ဆေးခြင်းအား ကြိုတင်ဦးစွာ ဆောင်ရွက်မှုမရှိခြင်းနှင့် ချိတ်ဆက်ပြထားပြီး နစ်နာသူများနှင့် ကြုံတွေ့ရပါက ၎င်းတို့အားလူကုန်ကူးသူများကို စုံစမ်းစစ်ဆေးခြင်းထက် ၎င်းတို့ကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေ ချိုးဖောက်မှုများအတွက် လွှဲပြောင်းစစ်ဆေးစေခြင်းကိုသာ ဆောင်ရွက်လေ့ရှိသဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်း ပါဝင်ဆောင်ရွက်သူများအနေဖြင့် လူကုန်ကူးမှုအား တရားဥပဒေစိုးမိုးရေး အရာရှိများထံ အသိပေးတိုင်ကြားခြင်း မပြုလိုသည့်ဆန္ဒ မြင့်မားလာကြောင်း မှတ်ချက်ပြု ဖော်ပြထားသည်။[106]

**ဖော်ထုတ်အတည်ပြုခြင်းဆိုင်ရာ အခက်အခဲများနှင့် နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခြင်းကို ပေါ်ပေါက်စေသည့် 'ဝင်ရောက်စီးနင်းမှုများ' -** နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်း ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် လူကုန်ကူးမှုနှင့် လူမှောင်ခိုသွင်းမှု ဆန့်ကျင်တိုက်ဖျက်ရေးကောင်စီ (MAPO) သည် စံလုပ်ထုံးလုပ်နည်း (SOP) များ ကို ရေးဆွဲချမှတ်ထားသည်။ သို့ရာတွင် ၂၀၂၁ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အမေရိကန်ပြည်ထောင်စု အစီရင်ခံစာ၌ အစိုးရများသည် နစ်နာသူများအနေဖြင့် ကိုယ်တိုင် ဖော်ထုတ်အတည်ပြုလာရန် ဆက်လက်မျှော်မှန်းလျက်ရှိပြီး ထိခိုက်လွယ်သည့် အသိုက်အဝန်းများ၌ တရားဥပဒေ စိုးမိုးရေးဆိုင်ရာ 'ဝင်ရောက်စီးနင်းမှုများ' လုပ်ဆောင်ရာတွင် နစ်နာသူများကို ကြိုတင်ဦးစွာ ဖော်ထုတ် အတည်ပြုရန်အတွက် SOP များကို လက်တွေ့အကောင်အထည်ဖော်ခြင်း မရှိကြောင်းနှင့် ထိုသို့ ဝင်ရောက်စီးနင်းမှုများသည် နစ်နာသူများအနေဖြင့် တရားဥပဒေစိုးမိုးရေး အရာရှိများထံ ဖွင့်ဟဖော်ပြခြင်းဖြစ်စေ၊ မိမိကိုယ်ကို ဖော်ထုတ်အတည်ပြုခြင်းဖြစ်စေ လုပ်ဆောင်လာရန် အထောက်အကူ မဖြစ်စေဘဲ ရလဒ်အနေဖြင့် နစ်နာသူများသည် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာနှင့် ပြည့်တန်ဆာလုပ်ငန်းဆိုင်ရာ ဥပဒေချိုးဖောက်မှုများ အတွက် ပြစ်ဒဏ်ချမှတ်ခြင်းကို ဆက်လက်ကြုံတွေ့ခံစားရကြောင်း မှတ်ချက်ပြု ဖော်ပြထားသည်။[107] 'ဝင်ရောက်စီးနင်းမှုများ' သည် ဖော်ထုတ်အတည်ပြုခြင်း ဆောင်ရွက်ရာတွင် ထိရောက်မှုမရှိကြောင်းနှင့် ၎င်းဆောင်ရွက်ချက်များကြောင့် နစ်နာသူများသည် ရာဇဝတ်မှုကျူးလွန်သူများအဖြစ် ဆက်ဆံခံရနိုင်သည့် အန္တရာယ် ရှိကြောင်းကို ၂၀၂၀ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အမေရိကန်ပြည်ထောင်စု အစီရင်ခံစာတွင်လည်း အလားတူပင် ထည့်သွင်းဖော်ပြခဲ့သည်။[108] ထို့အပြင် မလေးရှားနိုင်ငံတွင် အဓမ္မလုပ်အားခိုင်းစေရန် လူကုန်ကူးခြင်းသည် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ရန် လူကုန်ကူးခြင်းထက် ပိုမိုကျယ်ပြန့်စွာ ဖြစ်ပွားကြုံတွေ့နေရသည့် ပြဿနာရပ် ဖြစ်သော်လည်း ဤအတွက်လူကုန်ကူးခံရသည့် နစ်နာသူများအား ဖော်ထုတ်အတည်ပြုရန် လုံလောက်စွာ အရေးပေးဆောင်ရွက်မှု မရှိကြောင်းကိုလည်း ထည့်သွင်းဖော်ပြခဲ့သည်။[109] မလေးရှားနိုင်ငံသည် မူးယစ်ဆေးဝါး သယ်ဆောင်သူများကို လူကုန်ကူးခံရသည့် နစ်နာသူများအဖြစ် ဖော်ထုတ်အတည်ပြုရန် ပျက်ကွက်ကြောင်းလည်း မှတ်ချက်ပြုဖော်ပြထားကာ ရလဒ်အနေဖြင့် အဆိုပါနစ်နာသူများသည် လူကုန်ကူးခံရသည့် နစ်နာသူများအဖြစ်

---

105 *Forced labour and trafficking in persons: Training manual for Malaysian law enforcers* (ILO, 2021) p.73
106 2020 Trafficking in Persons Report: Malaysia (US Department of State, 2020)
107 2021 Trafficking in Persons Report: Malaysia (US Department of State, 2021)
108 2020 Trafficking in Persons Report: Malaysia (US Department of State, 2020)
109 2021 Trafficking in Persons Report: Malaysia (US Department of State, 2021)

ကာကွယ်စောင့်ရှောက်ခြင်း ခံရမည့်အစား မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများအတွက် တရားစွဲဆိုစစ်ဆေးခြင်းကို ကြုံတွေ့ကြရသည်။ ဥပမာဆိုရသော် တရုတ်ပြည်မကြီးမှ အမျိုးသမီးများကို လှည့်ဖြား၍ မလေးရှားနိုင်ငံတွင်းသို့ မူးယစ်ဆေးဝါးများ မှောင်ခိုကုန်ကူးစေသည့် ဖြစ်ရပ်များရှိခဲ့ကြောင်းကို သိရှိရသည်။ လူကုန်ကူးခံရသည့် နစ်နာသူ ဖြစ်နိုင်ခြေရှိကြောင်း ဖော်ထုတ်အတည်ပြုခြင်းမခံရသည့် ဤဖြစ်စဉ်များအားလုံးတွင် နစ်နာသူများသည် မူးယစ်ဆေးဝါး မှောင်ခိုကုန်ကူးမှုအတွက် တရားစွဲဆိုစစ်ဆေးခြင်းကို ကြုံတွေ့ကြရသည်။[110]

**တရားမဝင် ရွှေ့ပြောင်းနေထိုင်ခြင်းကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်းသည် နစ်နာသူများ ပြစ်ဒဏ်ချမှတ်ခံရနိုင်သည့် အန္တရာယ်ကို ပိုမိုဆိုးရွားစေခြင်း -** မလေးရှားနိုင်ငံတွင် နစ်နာသူများအား လုံလောက်စွာ ဖော်ထုတ် အတည်ပြုခြင်း မရှိသည့် အခြေအနေ၌ တရားမဝင် ရွှေ့ပြောင်းနေထိုင်ခြင်းကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်းသည် နစ်နာသူအား ပြစ်ဒဏ်ချမှတ်ခြင်းနှင့်စပ်လျဉ်း၍ နစ်နာသူများကို ထိခိုက်စေသော နောက်ဆက်တွဲဆိုးကျိုးများ ပေါ်ပေါက်လာစေကြောင်း ဖော်ပြဆွေးနွေးမှုများ ရှိခဲ့သည်။ မလေးရှားနိုင်ငံတွင် အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူများကို ဖမ်းဆီးနိုင်ရန် လက်နက်ကိုင်တပ်ဖွဲ့များအား လုပ်ပိုင်ခွင့် မြှင့်တင်ပေးထားကာ နိုင်ငံရေးခိုလှုံခွင့် တောင်းခံသူများနှင့် ဒုက္ခသည်များအား လူကုန်ကူးမှု ညွှန်းကိန်းများ စစ်ဆေးစိစစ်ခြင်းကို လုံလောက်စွာ ဆောင်ရွက်ခြင်းမရှိသောကြောင့် ရလဒ်အနေဖြင့် လူကုန်ကူးခံရသည့်နစ်နာသူ ဖြစ်နိုင်ခြေရှိသူများသည် 'တရားမဝင်' ရွှေ့ပြောင်းနေထိုင်သူများအဖြစ် ဆက်ဆံခံရကြောင်း ဖော်ပြထားသည်။[111] လူကုန်ကူးခံရသည့် နစ်နာသူများအား *လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေ* အရ ရာဇဝတ်ပြစ်ဒဏ်ချမှတ်ခြင်းသည် ရွှေ့ပြောင်းနေထိုင်သူများနှင့် လူကုန်ကူးခံရသည့် နစ်နာသူများအပေါ် အဆိုးမြင်သည့် သဘောထားများမှ ပေါက်ဖွားလာကြောင်း သိရှိရသည်။[112] ၂၀၁၅ ခုနှစ်၌ တာဝန်ထမ်းဆောင်ခဲ့သည့် လူကုန်ကူးခြင်း၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးခြင်းဆိုင်ရာ ကုလသမဂ္ဂ အထူးအစီရင်ခံစာ တင်သွင်းသူက မလေးရှားနိုင်ငံသို့ လုပ်ငန်းဆောင်ရွက်ရန် သွားရောက်ပြီးနောက် အောက်ပါအတိုင်း မှတ်ချက်ပြု ဖော်ပြခဲ့သည် -

> ...လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး အက်ဥပဒေ (၂၀၀၇) တွင် လူကုန်ကူးခံရသည့် နစ်နာသူများကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြစ်မှုများအတွက် ရာဇဝတ်သားအဖြစ် တရားစွဲဆို စစ်ဆေးခြင်းမှ အတိုင်းအတာတစ်ခုအထိ အကာအကွယ်ပေးရန် ပြဋ္ဌာန်းဖော်ပြထားသော်လည်း တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများအား ရာဇဝတ်သား အဖြစ် သတ်မှတ်၍ တရားစွဲဆို စစ်ဆေးရန် ခိုင်မာသောမူဝါဒချမှတ်ထားခြင်းသည် လူကုန်ကူးခံရသည့် နစ်နာသူများအပေါ် ရည်ရွယ်ချက်မရှိဘဲ ထိခိုက်စေသည့် အကျိုးဆက်များ ပေါ်ပေါက်စေနိုင်သည်။

ထို့နောက် ဆက်လက်၍ လူကုန်ကူးခံရသည့် နစ်နာသူများ အပါအဝင် အလွဲသုံးစားပြုခြင်းကို တိုင်ကြားလိုသည့် ပုဂ္ဂိုလ်များသည် ရာဇဝတ်သားအဖြစ် သတ်မှတ်ခံရနိုင်သည့် အန္တရာယ်ကို ကြုံတွေ့ကြရပြီး ရလဒ်အနေဖြင့် လူများစွာသည် အာဏာပိုင်များအား ဆက်သွယ်အသိပေးခြင်းကို ရှောင်ကြဉ်ကြကာ အခြားသူများမှာမူ ၎င်းတို့ တာဝန်ခံရခြင်း မရှိသင့်သည့် လူကုန်ကူးခံရသည့်အခြေအနေ၌ ကျူးလွန်ခဲ့ရသော ပြစ်မှုများအတွက် ရာဇဝတ်သား အဖြစ် မလျော်ကန်စွာ ပြစ်ဒဏ်ချမှတ်ခံရခြင်းကို ကြုံတွေ့ကြရကြောင်း ဆက်လက်ဖော်ပြခဲ့သည်။[113]

---

110 Justice Centre Hong Kong, *Submission for the Working Group on Arbitrary Detention's Study on arbitrary detention relating to drug policies* (March 2020)

111 Other forms of punishment noted, include victims being taken to court in handcuffs to testify against their trafficker. 2021 Trafficking in Persons Report: Malaysia (US Department of State, 2021).

112 See: http://www.tenaganita.net/news-and-press-releases/press-releases/tenaganita-press-statement-malaysia-needs-to-wake-up-to-its-human-trafficking-problem/ accessed on 6 April 2021.

113 Source: *Report of the Special Rapporteur on trafficking in persons, especially women and children, Maria Grazia Giammarinaro, Addendum, Mission to Malaysia*, UN Doc A/HRC/29/38/Add.1, 1 June 2015 [25]

၎င်းအစီရင်ခံစာကို ထုတ်ပြန်ခဲ့သည့်အချိန်မှစ၍ လွန်ခဲ့သောခြောက်နှစ်အတွင်း ဤအခြေအနေများသည် တိုးတက်ကောင်းမွန်မှုရှိလာသည် ဟု ယူဆသတ်မှတ်နိုင်မည့် အချက်အလက်အထောက်အထား မရှိသလောက်ပင်ဖြစ်သည်။ ထိုအစား အမေရိကန် ပြည်ထောင်စု နိုင်ငံတော်ရေးရာ ဝန်ကြီးဌာနက နောက်ဆုံးထုတ်ပြန်ခဲ့သည့် လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာတွင် အောက်ပါအတိုင်း ဖော်ပြထားသည် -

> အစိုးရများသည် နစ်နာသူများအနေဖြင့် မိမိကိုယ်ကို ကိုယ်တိုင် ဖော်ထုတ်အတည်ပြုလာရန် ဆက်လက်မျှော်မှန်းလျက်ရှိပြီး တရားဥပဒေစိုးမိုးရေးဆိုင်ရာ 'ဝင်ရောက်စီးနင်းမှုများ' လုပ်ဆောင်ရာတွင်ဖြစ်စေ၊ အာဏာပိုင်များနှင့် ကြုံတွေ့ဆက်ဆံလာရသည့် ထိခိုက်လွယ်သည့် အသိုက်အဝန်းများတွင်ဖြစ်စေ နစ်နာသူများကို ကြိုတင်ဦးစွာဖော်ထုတ်အတည်ပြုရန်အတွက် စံလုပ်ထုံးလုပ်နည်းများကို လက်တွေ့အကောင်အထည်ဖော်ခြင်း မရှိဘဲ ထို့ကြောင့်ပင် အာဏာပိုင်များက နစ်နာသူများကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာနှင့် ပြည့်တန်ဆာပြုခြင်းဆိုင်ရာ ဥပဒေချိုးဖောက်မှုများအတွက် မလျော်ကန်စွာဆက်လက်၍ ပြစ်ဒဏ်ချမှတ်လျက်ရှိသည်။[114]

## ၂.၆ မြန်မာ

ဤလေ့လာချက်အတွက် မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စတင်ခဲ့သည့် အာဏာသိမ်းမှုကြောင့် ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ခဲ့ခြင်းမရှိပါ။ ထို့ကြောင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား အကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အများပြည်သူ ရယူနိုင်သည့် သတင်းအချက်အလက်များနှင့် ပညာရှင်များ၏ ထိုးထွင်းသုံးသပ်ချက်များမှ တစ်ဆင့်သာ ရယူနိုင်ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား အကောင်အထည်ဖော်ခြင်းနှင့်စပ်ဆိုင်သည့် သတင်းအချက်အလက်များကို အနည်းအကျဉ်းသာ ရယူလေ့လာနိုင်ခဲ့သည်။

**ပြည်တွင်းဥပဒေတွင် အတိအလင်းဖော်ပြထားသည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်** - လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ (၂၀၀၅) ၏ အခန်း ၅ တွင် ဗဟိုအဖွဲ့သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ လူကုန်ကူးခံရသူများကို ပြစ်မှုတစ်ခုခုအတွက် အရေးယူခြင်းမပြုရန်နှင့် လူကုန်ကူးမှု၏ တိုက်ရိုက်အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသည့် အခြားပြစ်မှုတစ်ခုခုအတွက် လူကုန်ကူးခံရသူများအား အရေးယူရန် သင့်လျော်မှု ရှိ၊ မရှိ ဆုံးဖြတ်ရမည်ဟု ဖော်ပြထားပြီး လူကုန်ကူးခံရသည့် နစ်နာသူများ၏ အခွင့်အရေးများကို အကာအကွယ် ပေးထားသည်။

> ယင်းဥပဒေ၏ အပိုဒ် ၁၃ အရ -
>
> ၁၃။ ဗဟိုအဖွဲ့သည် -
>
> (က) လူကုန်ကူးခံရသူအား ဤဥဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် အရေးယူခြင်းမပြုရ။
>
> (ခ) လူကုန်ကူးမှုမှ တိုက်ရိုက်အကျိုးဆက်အဖြစ် ပေါ်ပေါက်လာသော အခြားပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လူကုန်ကူးခံရသူအား အရေးယူရန် သင့် မသင့် ဆုံးဖြတ်ပေးရမည်။

ဗဟိုအဖွဲ့သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ အပိုဒ် ၁၃(က) အရ လူကုန်ကူးခံရသည့် နစ်နာသူတစ်ဦးကို ၎င်းဥပဒေ၌ ဖော်ပြထားသည့် ပြစ်မှုများအတွက် အရေးယူခြင်းမပြုရသော်လည်း နစ်နာသူတစ်ဦးသည် အပိုဒ်

[114] 2021 Trafficking in Persons Report: Malaysia (US Department of State, 2021)

၁၃(ခ)အရ ၎င်းတို့ကျူးလွန်သည့် အခြားမည်သည့်ပြစ်မှုအတွက်မဆို တရားစွဲဆိုစစ်ဆေးခံရနိုင်ပေသည်။

**ကလေးသူငယ် နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ ကာကွယ်ခြင်း** - ဥပဒေသည် ကလေးသူငယ် နစ်နာသူများကို တရားစွဲဆိုစစ်ဆေးခံရခြင်းမှ အကာအကွယ် အတန်အသင့် ပေးထားပေသည်။ *ကလေးသူငယ်များ အခွင့်အရေးများဆိုင်ရာ ဥပဒေ* တွင် မိမိသဘောဆန္ဒအလျောက် စစ်မှုထမ်းရန် ဝင်ရောက်ခြင်းအတွက် အနိမ့်ဆုံး လိုအပ်သော အသက်သတ်မှတ်ချက်ကို ၁၈ နှစ်ဟု သတ်မှတ်ထားပြီး ကလေးသူငယ်များကို အစိုးရတပ်ဖွဲ့များ သို့မဟုတ် အစိုးရမဟုတ်သည့် လက်နက်ကိုင်တပ်ဖွဲ့များက ခေါ်ယူခြင်း သို့မဟုတ် အသုံးပြုခြင်းမှ အကာအကွယ်ပေးမှုများကို ပိုမိုခိုင်မာစေသည်။ လူကုန်ကူးမှုဆိုင်ရာ အမေရိကန်ပြည်ထောင်စု အစီရင်ခံစာတွင် အထက်ပါ လက်နက်ကိုင် တပ်ဖွဲ့များက ခေါ်ယူခြင်း သို့မဟုတ် အသုံးပြုခြင်း၏ အကျိုးဆက်အနေဖြင့် နစ်နာသူများ မဖြစ်မနေ ကျူးလွန်ရသည့် ရာဇဝတ်မှုများအတွက် ပြစ်မှုဆိုင်ရာစွဲချက်များကို အလိုအလျောက် ပယ်ဖျက်ပေးခြင်းနှင့် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့အစည်းများထံသို့ လွှဲပြောင်းပေးခြင်းများအပါအဝင် အကာအကွယ်ပေးမှုများကို ထောက်ပြညွှန်းဆိုထားသည်။ သို့ရာတွင် ထိုကဲ့သို့သော အကာအကွယ်ပေးမှုများကို ချီးကျူးထိုက်သော်လည်း ပြစ်မှုဆိုင်ရာတာဝန်ရှိသည့် အသက်အရွယ်ကို ၁၀ နှစ် (၇ နှစ်မှ တိုးသွားခြင်းဖြစ်) အဖြစ် သတ်မှတ်ထားခြင်းမှာ ကလေးသူငယ်များကို အချို့သော ရာဇဝတ်မှုများအတွက် ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ အကာအကွယ်ပေးနိုင်ရန် အလွန်ငယ်ရွယ်နေပါသည်။[115]

**မူဝါဒပိုင်းတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို ထည့်သွင်းဖော်ပြခြင်း** - မူဝါဒအဆင့်၌ မြန်မာနိုင်ငံ၏ သုံးကြိမ်မြောက် လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိမ်း (၂၀၁၇-၂၀၂၂) တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို ထည့်သွင်းဖော်ပြမထားသော်လည်း လူကုန်ကူးမှု တိုက်ဖျက်ရေးအတွက် နစ်နာသူဗဟိုပြုသည့် ချဉ်းကပ်ပုံကို အသားပေးဖော်ပြထားသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ၌ အာဏာသိမ်းခံရပြီးသည့်နောက် အာဏာသိမ်း စစ်တပ်က ရိုဟင်ဂျာလူမျိုးများကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြစ်မှုများအတွက် အရေးယူသဖြင့် နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် ရိုဟင်ဂျာလူမျိုးများကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြစ်မှုများဖြင့် စွဲချက်တင်မည် မဟုတ်ဟူသည့် အစိုးရမူဝါဒမှာ ပျက်ပြယ်သွားခဲ့ရကြောင်း မှတ်တမ်းတင်တွေ့ရှိရသည်။[116]

**နစ်နာသူများအတွက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကို လက်တွေ့ကျင့်သုံးခြင်း** - အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာတွင် လူကုန်ကူးခံရသည့် အချို့သော နစ်နာသူများမှာ သိရှိနားလည်မှုမရှိခြင်းကြောင့်သော်လည်းကောင်း ရဲများနှင့် တရားရေးဆိုင်ရာ အရာရှိများအကြား စစ်ဆေးမှုဆိုင်ရာလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကြောင့် သော်လည်းကောင်း၊ အနည်းဆုံး ခိုးယူမှုဖြင့် စွဲချက်တင်ခံရသည့်သာဓကအပါအဝင် လူကုန်ကူးသူများမှ အတင်းအကျပ်ကျူးလွန်ခိုင်းသည့် ဥပဒေနှင့် မညီသောလုပ်ရပ်များအတွက် ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရကြောင်း မှတ်တမ်းတင်ထားသည်။ သို့သော်လည်း ထိုဖြစ်ရပ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ (CBTIP)ဥက္ကဋ္ဌက ၎င်းပုဂ္ဂိုလ်မှာ လူကုန်ကူးခံရသည့် နစ်နာသူဖြစ်ကြောင်း အာဏာပိုင်များက တရားဝင်အသိအမှတ်ပြုပြီးသည်နှင့်တစ်ပြိုင်နက် ထိုရာဇဝတ်မှုကို ဆိုင်းငံ့ခဲ့သည်။[117] ယင်းသို့ဆိုင်းငံ့ခြင်းမှာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ၂၀၀၅ ပါ အပိုဒ် ၁၃ ကို ကျင့်သုံးခြင်း၏ တိုက်ရိုက်အကျိုးဆက်အနေဖြင့် ဖြစ်ပွားခြင်း ဟုတ်၊ မဟုတ် မရှင်းလင်းပေ။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်တွင် နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်း၏ အခန်းကဏ္ဍ** - မြန်မာနိုင်ငံတွင် လူကုန်ကူး ခံရသည့် နစ်နာသူများကို ဖော်ထုတ်အတည်ပြုမှုမရှိခြင်းသည် ၎င်းတို့ ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ အကာအကွယ် ရရှိရန်အတွက် သိသာထင်ရှားသည့် အတားအဆီးတစ်ခုဖြစ်သည်။ ၂၀၂၀ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အမေရိကန် ပြည်ထောင်စု အစီရင်ခံစာတွင် ထိုကဲ့သို့ နစ်နာသူများကို ဖော်ထုတ်အတည်ပြုခြင်းမှာ လိုအပ်သည်ထက် နည်းပါးနေ

[115] 2020 Trafficking in Persons Report: Burma (US Department of State, 2020)
[116] 2021 Trafficking in Persons Report: Burma (US Department of State, 2021)
[117] 2021 Trafficking in Persons Report: Burma (US Department of State, 2021)

ကြောင်း မှတ်တမ်းတင်ထားသည်။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ လက်ထပ်ထိမ်းမြားရန်သွားရာမှ လိင်ပိုင်းဆိုင်ရာ သို့မဟုတ် အလုပ်ကြမ်းဆိုင်ရာ ခေါင်းပုံဖြတ်ခံရနိုင်ခြေရှိသူများနှင့် ထိုင်းနိုင်ငံသို့သွားရမှ လိင်ပိုင်းဆိုင်ရာကုန်ကူးခံရနိုင်သည့် နစ်နာသူဖြစ်နိုင်ခြေရှိသူများကို အာဏာပိုင်များက ဖော်ထုတ်အတည်ပြုခြင်းရှိသော်လည်း ကဏ္ဍအားလုံး၌ နစ်နာသူများကို လိုက်လံဖော်ထုတ်အတည်ပြုခြင်း မရှိကြောင်း ၎င်းအစီရင်ခံစာတွင် မှတ်တမ်းတင်ဖော်ပြထားသည်။[118]

**လူကုန်ကူးခံရသည့် နစ်နာသူများကို အကာအကွယ်ပေးရန် နိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်မှု -** မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့် နားလည်မှုစာချွန်လွှာများချုပ်ဆိုထားပြီး နစ်နာသူများကို ပြစ်မှုကျူးလွန်သူများအဖြစ် မဆက်ဆံဘဲ နစ်နာသူများအဖြစ် ဆက်ဆံရမည်ဖြစ်ကာ မိမိတို့နိုင်ငံပိုင်နက်အတွင်းသို့ တရားမဝင် ဝင်ရောက်ခြင်း သို့မဟုတ် ထွက်ခွာခြင်း၊ သို့မဟုတ် လူကုန်ကူးရာမှ တိုက်ရိုက်ဖြစ်ပွားသည့် အခြားမည်သည့်ပြစ်မှုအတွက်မဆို ပြစ်ဒဏ်ချမှတ်ခြင်း မပြုရန် ၎င်းနားလည်မှုစာချွန်လွှာချုပ်ဆိုထားသည့် နိုင်ငံများမှ အတည်ပြုထားသည်။ ထိုကဲ့သို့ သဘောတူစာချုပ်များကို ထိုင်းနိုင်ငံ (၂၀၀၉၊ အပိုဒ်ခွဲ ၈(က))၊ တရုတ်နိုင်ငံ (၂၀၀၉၊ အပိုဒ်ခွဲ ၅(၁)) တို့နှင့် ချုပ်ဆိုထားသည်။ ဤနှစ်နိုင်ငံသဘောတူစာချုပ်များကို နစ်နာသူများအား တရားစွဲဆိုစစ်ဆေးခံရခြင်းမှ ကာကွယ်ရန်အတွက် လက်တွေ့တွင် အကောင်အထည်ဖော်ကျင့်သုံးခြင်း ရှိ၊ မရှိမှာမူ မရှင်းလင်းပေ။

## ၂.၇ ဖိလစ်ပိုင်

ဤလေ့လာချက်အတွက် ဖိလစ်ပိုင်နိုင်ငံတွင် ဆွေးနွေးပွဲနှစ်ခုကို ကျင်းပဆောင်ရွက်ခဲ့ပြီး အစိုးရနှင့် အစိုးရမဟုတ်သော လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး အဖွဲ့အစည်းများကို ကိုယ်စားပြု၍ တက်ရောက်ပါဝင်ကြသူ စုစုပေါင်း ၂၀ ဦး ရှိခဲ့ပါသည်။ ဤအပိုင်းတွင် ၎င်းတို့၏ ထိုးထွင်းသုံးသပ်ချက်များကို အဓိကအသုံးချထားပြီး အများပြည်သူရယူနိုင်သည့် သတင်းအချက်အလက်များကိုလည်း အသုံးပြုထားပါသည်။

### ဥပဒေနှင့် မူဝါဒတို့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို ထည့်သွင်းဖော်ပြခြင်း

**လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေတွင် အတိအလင်းဖော်ပြထားသည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ဆိုင်ရာ ပြဋ္ဌာန်းချက် -** *RA 10364* (၂၀၁၂) *(ချဲ့ထွင်မွမ်းမံထားသည့် လူကုန်ကူးမှုတိုက်ဖျက်ရေး အက်ဥပဒေ)* ဖြင့် ပြင်ဆင်ထားသည့် *နိုင်ငံတော်အက်ဥပဒေအမှတ် ၉၂၀၈* ၏ အပိုဒ် ၁၇ တွင် လူကုန်ကူးခံရသည့် နစ်နာသူများသည် လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ်၊ သို့မဟုတ် ဖြစ်ရပ်တစ်ခုအဖြစ်၊ သို့မဟုတ် ဆက်နွှယ်မှုအဖြစ်၊ သို့မဟုတ် လူကုန်ကူးသူက အမိန့်ပေးစေခိုင်းခြင်းကို လိုက်နာသောအားဖြင့် ကျူးလွန်ခဲ့သည့် ဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် ပြစ်ဒဏ်ချမှတ်ခြင်းမပြုရဟု ဖော်ပြထားသည်။ ၎င်းအပိုဒ်သည် ပြည့်တန်ဆာပြုခြင်းအတွက် လူကုန်ကူးခံရသည့် နစ်နာသူများကို တရားစွဲဆိုစစ်ဆေးခြင်း၊ ဒဏ်ကြေးတပ်ခြင်း သို့မဟုတ် *မွမ်းမံပြင်ဆင်ထားသည့် ရာဇသတ်ကြီးဥပဒေ* အရ ဖော်ပြထားသည့် အခြားပြစ်ဒဏ်များအား ချမှတ်ခြင်းမှလည်း အကာအကွယ်ပေးထားသည်။

> အပိုဒ် ၁၇ - လူကုန်ကူးခံရသူများအတွက် ဥပဒေဆိုင်ရာ အကာအကွယ်။
>
> – လူကုန်ကူးခံရသူများကို လူကုန်ကူးသည့်လုပ်ရပ် သို့မဟုတ် လုပ်ရပ်များ၏ နစ်နာသူများအဖြစ် အသိအမှတ်ပြုရမည်ဖြစ်ကာ ဤအက်ဥပဒေတွင် စာရင်းပြုစု ထည့်သွင်းထားသည့် လူကုန်ကူးသည့် လုပ်ရပ်များအပေါ်အခြေခံ၍ လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် သော်လည်းကောင်း၊ ဖြစ်ရပ်တစ်ခုအနေဖြင့်သော်

[118] 2020 Trafficking in Persons Report: Burma (US Department of State, 2020)

လည်းကောင်း၊ ဆက်နွယ်မှုအဖြစ်နှင့်သော်လည်းကောင်း၊ သို့မဟုတ် လူကုန်ကူးသူမှ အမိန့်ပေးစေခိုင်းခြင်းကို လိုက်နာသောအားဖြင့် သော်လည်းကောင်း နစ်နာသူများက ကျူးလွန်ခဲ့သည့် ဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် ပြစ်ဒဏ်ချမှတ်ခြင်းမပြုရ။ ဤကိစ္စနှင့်စပ်လျဉ်း၍ ဤအက်ဥပဒေတွင် ဖော်ပြထားသည့် ရည်ရွယ်ချက်ဖြင့် ခေါင်းပုံဖြတ်ခြင်းတွင် လူကုန်ကူးခံရသူ၏ သဘောတူညီချက် ပေးမှုသည် အရာရောက်ခြင်းမရှိစေရ။

ဤအက်ဥပဒေ၏ အပိုဒ် ၄ တွင် ဖွင့်ဆိုသတ်မှတ်ထားသည့်အတိုင်း ပြည့်တန်ဆာပြုခြင်း အတွက် လူကုန်ကူးခံရသည့် နစ်နာသူများသည် *မွမ်းမံပြင်ဆင်ထားသည့် ရာဇသတ်ကြီး ဥပဒေ* ၏ အပိုဒ်ခွဲ ၂၀၂ တွင် မပါဝင်သည့်အတွက် ၎င်းတို့အား တရားစွဲဆိုစစ်ဆေးခြင်း၊ ဒဏ်ကြေးတပ်ခြင်း သို့မဟုတ် ၎င်းဥပဒေအောက်ရှိ ပြစ်ဒဏ်များ ချမှတ်ခြင်းမပြုရ။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်နှင့် စပ်ဆိုင်သည့် ထပ်ဆောင်းပြဋ္ဌာန်းချက်များ -** ထပ်ဆောင်း ပြဋ္ဌာန်းချက်များကို *နိုင်ငံတော်အက်ဥပဒေအမှတ် ၁၀၃၆၄* ဖြင့် ပြင်ဆင်ထားသည့်အတိုင်း *မွမ်းမံပြင်ဆင်ထားသည့် စည်းမျဉ်းစည်းကမ်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး နိုင်ငံတော်အက်ဥပဒေအမှတ် ၉၂၀၈* တွင် ထည့်သွင်း ဖော်ပြထားသည်။ 'လူကုန်ကူးခံရခြင်းကြောင့်သော်လည်းကောင်း၊ လူကုန်ကူးသူများ၏ အမိန့်ပေးစေခိုင်းမှုများကြောင့် သော်လည်းကောင်း ကျူးလွန်ခဲ့သည့် ဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် အမှုရင်ဆိုင်ရခြင်းများမှ အကာအကွယ်ပေးခြင်း' အပိုဒ် ၈၈ တွင် 'ရည်ရွယ်ချက်ဖြင့် ခေါင်းပုံဖြတ်မှုအပေါ် လူကုန်ကူးခံရသူ၏ သဘောတူ လိုက်လျောမှုမှာ သက်ဆိုင်မှုမရှိပေ။ လူကုန်ကူးခံရသူများသည် လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် သော်လည်းကောင်း၊ ဖြစ်ရပ်တစ်ခုအနေဖြင့်သော်လည်းကောင်း၊ ဆက်နွယ်မှုအဖြစ်နှင့်သော်လည်းကောင်း၊ သို့မဟုတ် လူကုန်ကူးသူမှ အမိန့်ပေးစေခိုင်းခြင်းကို လိုက်နာသောအားဖြင့်သော်လည်းကောင်း ကျူးလွန်ခဲ့သည့် ဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် ပြစ်ဒဏ်ချမှတ်ခြင်းမပြုရ' ဟုဆိုသည်။ ထို့အပြင် အပိုဒ် ၈၉ ရှိ 'မွမ်းမံပြင်ဆင်ထားသည့် ရာဇသတ်ကြီးဥပဒေ၏ အပိုဒ်ခွဲ ၂၀၂ အောက်ရှိ ပြစ်မှုများမှ အကာအကွယ်ပေးခြင်း' ကလည်း 'ပြည့်တန်ဆာပြုခြင်း အတွက် လူကုန်ကူးခံရသည့် နစ်နာသူများကို တရားစွဲဆိုစစ်ဆေးခြင်း၊ ဒဏ်ကြေးသတ်မှတ်ခြင်း သို့မဟုတ် မွမ်းမံပြင်ဆင်ထားသည့် ရာဇသတ်ကြီးဥပဒေ အပိုဒ်ခွဲ ၂၀၂ ၏ ပြဋ္ဌာန်းချက်များအောက်တွင် ပြစ်ဒဏ်ချမှတ်ခြင်း မပြုလုပ်ရ' ဟုဆိုသည်။ အပိုဒ် ၉၄ ကလည်း လူကုန်ကူးခံရသည့် နစ်နာသူ၏ လိင်ပိုင်းဆိုင်ရာကိစ္စတွင် ပါဝင်ပတ်သက်ရန် လိုက်လျောမှုကို သက်သေပြရန်ရည်ရွယ်ချက်ဖြင့် သို့မဟုတ် ၎င်း၏ လိင်ပိုင်းဆိုင်ရာ သို့မဟုတ် အခြားအထုံပါမှုကို သက်သေပြရန်ရည်ရွယ်ချက်ဖြင့် လူကုန်ကူးခံရသူ၏ ယခင်က လိင်ပိုင်းဆိုင်ရာအပြုအမူ သို့မဟုတ် လိင်ပိုင်းဆိုင်ရာအထုံပါမှုကို သက်သေတင်ခွင့်မပြုပေ။

**ကလေးသူငယ် နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ အကာအကွယ်ပေးခြင်း -** ကလေးသူငယ် နစ်နာသူများသည် အခြေအနေမဲ့လေလွင့်မှုနှင့် ပြည့်တန်ဆာပြုခြင်းတို့အတွက် တရားစွဲဆိုစစ်ဆေးခြင်းကို တားမြစ်သည့် *လူငယ်ဆိုင်ရာ တရားရေး အက်ဥပဒေ* အပိုဒ် ၅၈ မှတစ်ဆင့် အပါအဝင် အချို့သောပြစ်မှုများမှ အကာအကွယ်ရရှိထားသည်။ ထပ်မံ၍ ကလေးသူငယ်နှိပ်စက်ညှင်းပန်းမှု တားဆီးရေး အက်ဥပဒေ၊ အပိုဒ် ၅ တွင် စီးပွားဖြစ်လိင်ပိုင်းဆိုင်ရာ လုပ်ရပ်များတွင် ပါဝင်ပတ်သက်သည့် ကလေးသူငယ်များသည် 'ပြည့်တန်ဆာပြုခြင်းနှင့် အခြား လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုခြင်း တို့တွင် ခေါင်းပုံဖြတ်ခံရသည့် ကလေးသူငယ်များဖြစ်ကြသည်' ဟု ဖော်ပြပါရှိသည်။

**နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခြင်းမှ ရှောင်လွှဲခြင်းနှင့်စပ်လျဉ်းသည့် အခြားဥပဒေများ -** *မွမ်းမံပြင်ဆင်ထားသည့် ရာဇသတ်ကြီးဥပဒေ*တွင် လွတ်ငြိမ်းခွင့်ပေးထားသည့် အခြေအနေများကို ခုခံချေပချက်များအား တိုးမြှင့်ရာတွင် ဖြစ်နိုင်ခြေရှိသည့် လမ်းကြောင်းများအဖြစ် ဖော်ပြထားပြီး ခုခံချေပချက်များကို လျှောက်လဲသည်ဆိုရုံမျှ

လျှော့ချက်လဲခြင်းသည် နစ်နာသူများကို မူလအစကတည်းက တရားစွဲဆိုစစ်ဆေးခံရခြင်းမှ အကာအကွယ်ပေးရန် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လိုက်နာခြင်းနှင့် မတူညီကြောင်း အသိအမှတ်ပြုထားသည်။ ဆိုက်ဘာပြစ်မှုဆိုင်ရာ အက်ဥပဒေ ၂၀၁၂ ကိုလည်း လူကုန်ကူးမှုတိုက်ဖျက်ရေး အက်ဥပဒေကိုသာ ပို၍အသုံးပြုသင့်သည့် အမှုများတွင် ၎င်းကိုအသုံးပြုခြင်း ရှိနိုင်သည့်အတွက် ဆက်စပ်ထည့်သွင်းဆွေးနွေးခဲ့သည်။ ထိုကဲ့သို့သော အမှုများတွင် နစ်နာသူကို လူကုန်ကူးမှုတိုက်ဖျက်ရေး အက်ဥပဒေဖြင့် ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ အကာအကွယ်ပေးသည်ထက် ဆိုက်ဘာပြစ်မှုဆိုင်ရာ အက်ဥပဒေဖြင့် စွဲချက်တင်နိုင်သည့်အတွက် ခေါင်းပုံဖြတ်မှုသဘောတရားပါဝင်နေသည့် ဖြစ်ရပ်များတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်အား လိုက်နာကျင့်သုံးခြင်း၏ အရေးပါပုံကို တွေ့ရှိရပေမည်။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့်စပ်လျဉ်းသည့် မူဝါဒများ -** *လူကုန်ကူးခံရသည့် အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ လမ်းညွှန်ချက်များ* (လူကုန်ကူးမှုတိုက်ဖျက်ရေး နိုင်ငံတကာအေဂျင်စီကောင်စီနှင့် ပူးပေါင်းညှိနှိုင်းရွက်ဆောင်သည့် ဖိလစ်ပိုင်အမျိုးသမီးရေးရာ ကော်မရှင် (IACAT) ၂၀၁၃) က 'လူကုန်ကူးခံရသည့် အမျိုးသမီးများကို ပြစ်မှုကျူးလွန်သူများအဖြစ်မဟုတ်ဘဲ နစ်နာသူများအဖြစ် ဆက်ဆံသင့်သည်' ဟု အလေးပေး ပြောဆိုထားသည်။ ထို့အပြင် ဆုံးဖြတ်ချက်အမှတ် ၀၀၆ Series of 2017 မှတစ်ဆင့် ၂၀၁၇ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် *လူကုန်ကူးမှုတိုက်ဖျက်ရေး နိုင်ငံတကာအေဂျင်စီကောင်စီ* (IACAT) မှ အတည်ပြုခဲ့သည့် *လူကုန်ကူးခြင်းဆိုင်ရာအမှုများ ပါဝင်ပတ်သက်နေသည့် လွှဲပြောင်းရေးစနစ်ဆိုင်ရာ လမ်းညွှန်ချက်များ*တွင် လူကုန်ကူးခံရသူများသည် '၎င်းတို့ လူကုန်ကူးခံနေရစဉ်အတွင်း ဥပဒေနှင့်မညီသော လုပ်ရပ်များတွင် ပါဝင်ပတ်သက်မှုအတွက် ရာဇဝတ်သားကဲ့သို့ ပြုမူဆက်ဆံခြင်း (သို့မဟုတ် စွဲချက်တင်ခံခြင်း၊ သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်း) များ မခံရရန်' အခွင့်အရေးရှိသည်ဟု ဖော်ပြထားသည်။ ဤမူဝါဒများကို ဆွေးနွေးပွဲများတွင် ထည့်သွင်းဆွေးနွေးခဲ့ခြင်း မရှိပေ။

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား အနက်ဖွင့်ဆိုခြင်း

**နိုင်ငံတော်အက်ဥပဒေ ၉၂၀၈ တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်၏ အဆင့်ဆင့်ပြောင်းလဲမှု -** ဥပဒေသည် လူကုန်ကူးခံရသည့် နစ်နာသူများကို ရာဇဝတ်မှုများအတွက်သာမက၊ အလုပ်သမားဥပဒေ ချိုးဖောက်ခြင်းများနှင့် အုပ်ချုပ်ရေးဆိုင်ရာစွဲချက်များအတွက် ပြစ်ဒဏ်ချမှတ်ခြင်းမှ အကာအကွယ်ပေးရန်အထိ ကျယ်ပြန့်လာပြီဖြစ်ကြောင်း ပါဝင်ဆွေးနွေးသူများက မှတ်ချက်ပြုဆွေးနွေးခဲ့ကြသည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်သည် မူလအားဖြင့် လူကုန်ကူးမှုနှင့် 'တိုက်ရိုက်ပတ်သက်နေသည့်' လုပ်ရပ်များနှင့်သာ သက်ဆိုင်ပြီး နောက်ပိုင်းမှသာ လူကုန်ကူးခံရခြင်း၏ 'တိုက်ရိုက်အကျိုးဆက်ဖြစ်သည့်' လုပ်ရပ်များကိုညွှန်းဆိုရန် ပြင်ဆင်ခဲ့ကြောင်း ဆွေးနွေးသူတစ်ဦးမှ ပြောဆိုခဲ့သည်။ ဤအချက်နှင့်စပ်လျဉ်း၍ အခြေခံမူအား အနက်ဖွင့်ဆိုရာတွင် 'ပြစ်ဒဏ်အမိန့်မချမှတ်ခြင်း' သီးသန့်ကိုသာ အကျုံးဝင်စေရန် ဆွေးနွေးမှုများ ရှိခဲ့ပြီး အဆုံးသတ်တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူဟူသည်မှာ ရာဇဝတ်ဆိုင်ရာ တရားရေးလုပ်ငန်းစဉ်ရှိ အဆင့်အားလုံးအတွက် အကျုံးဝင်သည်ဟု ကျယ်ပြန့်စွာအနက်ဖွင့်ဆိုကာ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် တရားစွဲဆိုစစ်ဆေးခြင်းတို့မှပါ အကာအကွယ်ပေးရမည်ဟု ဆုံးဖြတ်သတ်မှတ်ခဲ့သည်။ ရာဇဝတ်ဆိုင်ရာ တရားရေးလုပ်ငန်းစဉ်ရှိ အဆင့်အမျိုးမျိုးတွင် အခြေခံမူအား မည်သို့ အနက်ဖွင့်ဆိုမည်ကိုမူ ရှင်းလင်းစွာ သတ်မှတ်နိုင်ခဲ့ခြင်း မရှိပေ။

**ပြည့်တန်ဆာပြုခြင်းနှင့် မသက်ဆိုင်သည့် ပြစ်မှုများတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် ပတ်သက်၍ ရှင်းလင်းမှုမရှိခြင်း -** ပါဝင်ဆွေးနွေးကြသူများသည် ပြည့်တန်ဆာပြုခြင်းဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်း၍ ဥပဒေကို ကျယ်ပြန့်စွာ သဘောပေါက်နားလည်ခြင်းနှင့် ထိရောက်စွာကျင့်သုံးခြင်းရှိသည်ဟု ယူဆရှုမြင်ကြသည်။ သို့သော်လည်း နစ်နာသူများအနေဖြင့် အဆင်သင့်သတ်မှတ်ပြီးဖြစ်သော အကာအကွယ်ပေးခြင်းကို ခံစားရခြင်းမရှိနိုင်သည့် အခြားပြစ်မှုများနှင့် ပတ်သက်ပြီး အမှုထားစရာဖြစ်ပေါ်လာကာ ယင်းအကြောင်းကို ဆွေးနွေးခဲ့ကြပြီး သာဓကအနေဖြင့် လူကုန်ကူးခံရသည့် နစ်နာသူဖြစ်နိုင်ခြေရှိသူအချို့ စာရွက်စာတမ်းဆိုင်ရာပြစ်မှုများ (အတုပြုလုပ်ခြင်းဖြစ်စေ၊ ပြောင်းလဲပြင်ဆင်ထားခြင်း

ဖြစ်စေ) အတွက် စွဲချက်တင်ခံရခြင်းကို ဖော်ပြခဲ့ကြသည်။ လူကုန်ကူးခံရသူများသည် မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများဖြင့် စွဲချက်တင်ခံရမည်ဖြစ်ကာ တရားစွဲဆို စစ်ဆေးခံရခြင်းမှ အကာအကွယ်ရရှိမည့်အစား ၎င်းတို့ လူကုန်ကူး ခံရသည့်အခြေအနေကို ခုခံချေပချက်အဖြစ် လျှောက်လဲရန်သာရှိတော့မည်ဖြစ်သည်။ ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ အကာအကွယ်ပေးမှု အတိုင်းအတာမှာ ရှင်းလင်းပြတ်သားမှု မရှိသည့်အတွက် လူကုန်ကူးခံရသည့် နစ်နာသူများသည် သာဓကအားဖြင့် အခြားသူများကို လူကုန်ကူးသည့်အခါ စွဲချက်တင်ခံရနိုင်မည်ဖြစ်သည်။ ဤအရေးကိစ္စနှင့်စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာ လမ်းညွှန်ချက် လိုအပ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

**လူကုန်ကူးမှုနှင့် နစ်နာသူကကျူးလွန်သည့် ပြစ်မှုအကြား ဆက်နွယ်မှုကို ဖော်ထုတ်ခြင်း** - လူကုန်ကူးခံရသည့် နစ်နာသူများကို ၎င်းတို့လူကုန်ကူးခံရသည့် အတွေ့အကြုံနှင့်ပတ်သက်ပြီး သတင်းအချက်အလက်ရယူခြင်းနှင့် အချိန်ကာလတစ်ခုအတွင်း ၎င်းတို့ထံမှ သက်သေခံချက်ရယူခြင်းကို ဆောင်ရွက်ရာ၌ ကြုံတွေ့ရသည့် လက်တွေ့အခက်အခဲများမှအပ ပြစ်မှုကျူးလွန်ခြင်းနှင့် လူကုန်ကူးခြင်းတို့အကြား ဆက်နွယ်မှုဖော်ထုတ်ပုံကို အနည်းငယ်မျှသာ ဆွေးနွေးခဲ့ကြသည်။ သို့သော်လည်း ဖိလစ်ပိုင်ဥပဒေသည် တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခြင်း ပုံစံကို လက်ခံကျင့်သုံးခြင်း ဖြစ်လင့်ကစား ရာဇဝတ်မှုကျူးလွန်ခြင်းကို အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခြင်း ဖြစ်ပြီး ၎င်းတို့ကြားမှ အင်အားကြီးငယ်ကွာဟမှု သဘောသဘာဝကြောင့်ဖြစ်သည်ဟု သဘောပေါက်နားလည် ထားသည့် အရိပ်အယောင်များရှိနေသည်။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အား အနက်ဖွင့်ဆိုခြင်းနှင့်စပ်လျဉ်း၍ မူဝါဒများ လိုအပ်ခြင်း** - ဤဥပဒေကို ထပ်မံ ဖြည့်စွက်ရန်နှင့် ဤဥပဒေအား ပြည့်တန်ဆာပြုခြင်းဆိုင်ရာ ပြစ်မှုများတွင်သာမကဘဲ အခြားပြစ်မှုများတွင်ပါ အလေးပေးကျင့်သုံးရန်အတွက် ရှင်းလင်းသည့်မူဝါဒများ လိုအပ်ကြောင်းကို တာဝန်ရှိသူများက အသားပေး ဆွေးနွေးခဲ့ကြသည်။ နစ်နာသူများသည် 'ပြစ်ဒဏ်ချမှတ်ခြင်းမခံရသင့်' ဟူသည့် ဥပဒေအရလိုအပ်ချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းချက်ကို တောင်းဆိုခဲ့ကြသည်။ အထူးသဖြင့် နစ်နာသူတစ်ဦးသည် စီရင်ချက်ချမှတ်ခြင်း မခံရသင့်သော်လည်း ဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် စွဲချက်တင်ကာ တရားစွဲဆိုစစ်ဆေးခြင်း ခံရနိုင်သေးသည်ဟု ဆိုလိုရင်း ဖြစ်ကြောင်း၊ မဖြစ်ကြောင်း၊ သို့မဟုတ် ထိုထက်ပိုမိုကျယ်ပြန့်သော အကာအကွယ်ပေးရေးကို မျှော်မှန်းခြင်း ဖြစ်ကြောင်း၊ မဖြစ်ကြောင်း မေးခွန်းထုတ်ခဲ့ကြသည်။ လူကုန်ကူးခံရသူများနှင့် ကြုံတွေ့ရသည့် တာဝန်ရှိသူများက နစ်နာသူများကို ဆောလျင်စွာ ဖော်ထုတ်အတည်ပြုခြင်းအပါအဝင် လူကုန်ကူးမှုဆိုင်ရာ တာဝန်ရှိသူများ ပြစ်ဒဏ် လွတ်ငြိမ်းခွင့် အခြေခံမှုကို လက်တွေ့ကျင့်သုံးမှုရှိစေရန် အချက်အလက်များဖြန့်ဝေခြင်း၊ သင်တန်းပေးခြင်းနှင့် ဆွေးနွေးပွဲများ ပြုလုပ်ပေးပြီး ၎င်းတို့အနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေ အပိုဒ် ၁၇ ကို 'မှန်ကန်စွာ' အဓိပ္ပာယ်ကောက်ယူရန် နိုင်ငံတကာစံချိန်စံနှုန်းများအပေါ် အခြေခံသည့် မူဝါဒလမ်းညွှန်ချက်နှင့် အကြံပြုချက်များ လိုအပ်ကြောင်းကို ပါဝင်ဆွေးနွေးကြသူများက ထောက်ပြခဲ့ကြသည်။

**ဥပဒေဆိုင်ရာ ရှေ့နောက်မကိုက်ညီမှုများအား ဖြေရှင်းရန် လမ်းညွှန်ချက်လိုအပ်ခြင်း** - မတူညီသော ဥပဒေများတွင် ပါရှိနေသည့် ရှေ့နောက်မကိုက်ညီမှုများအား မည်သို့ဖြေရှင်းမည်နှင့်စပ်လျဉ်း၍ လမ်းညွှန်ချက်လိုအပ်ကြောင်းကို အလေးအနက် ဖော်ပြဆွေးနွေးခဲ့ကြသည်။ ဤသို့ဆွေးနွေးရာတွင် အခြေခံမှုကို လက်တွေ့ကျင့်သုံးရာ၌ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အား အနိမ့်ဆုံးအတိုင်းအတာဖြင့်သာ ကျင့်သုံးနိုင်အောင် ဆောင်ရွက်ရန်နှင့် နစ်နာသူများကို တရားစွဲဆိုစစ်ဆေးသည့် အမှုများအပါအဝင် ပြစ်မှုအမျိုးမျိုးအတွက် အခြေခံမှုကို ကျယ်ပြန့်စွာ အကျုံးဝင် ကျင့်သုံးနိုင်အောင် ဆောင်ရွက်ရန် အကြံပြုဖော်ပြခဲ့ကြသည်။ အခြေခံမှုနှင့်စပ်လျဉ်း၍ အကျယ်တပြန့် အသိပညာ ပေးရန်နှင့် လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေး အာဏာပိုင်များထံ လွှဲပြောင်းညွှန်းပို့ပေးသည့် အမှုများ ပိုမိုများပြား လာစေရန်အလို့ငှာ လမ်းညွှန်ချက်ရေးဆွဲချမှတ်ရာတွင် တရားဥပဒေစိုးမိုးရေး အရာရှိများအတွက်သာ ဦးတည်

ဆောင်ရွက်ခြင်းမဟုတ်ဘဲ လုပ်သားဆိုင်ရာ အာဏာပိုင်များနှင့် ဒေသန္တရ အစိုးရယူနစ်များ (LGU) အဆင့်ရှိ အခြားအဖွဲ့အစည်းများအတွက်ပါ ဦးတည်ရေးဆွဲပေးရန် အစိုးရကိုယ်စားပြုမဟုတ်သည့် ပါဝင်တက်ရောက်သူများက အလေးအနက် ဖော်ပြဆွေးနွေးခဲ့ကြသည်။ လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (DSWD) အနေဖြင့် အခြေခံမူကို ပိုမိုကျယ်ပြန့်စွာ ကျင့်သုံးနိုင်စေရန် ၎င်းတို့အတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ပေးခြင်း၏ အရေးပါပုံကိုလည်း အထူးအလေးပေး ဆွေးနွေးခဲ့ကြသည်။

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ကျင့်သုံးခြင်း

**ပြည့်တန်ဆာပြုခြင်းဆိုင်ရာ ပြစ်မှုများအတွက် ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ နစ်နာသူများကို အကာအကွယ်ပေးရန် ဥပဒေကို အသုံးချခြင်း -** အပိုဒ် ၁၇ သည် ပြစ်ဒဏ်ချမှတ်ခြင်းမှ အကာအကွယ်ပေးရန်အတွက် ခိုင်မာသော အခြေခံ တစ်ရပ်ကို ပေးစွမ်းကြောင်း ယေဘုယျအားဖြင့် သဘောတူညီကြသော်လည်း လက်တွေ့ကျင့်သုံးရာတွင်မူ မည်မျှ ထိရောက်မှုရှိသည်နှင့်စပ်လျဉ်း၍ မတူကွဲပြားသော အမြင်များကို ဖော်ပြဆွေးနွေးခဲ့ကြသည်။ အစိုးရကိုယ်စားပြု ပါဝင် တက်ရောက်သူများက ၎င်းအခြေခံမူကို ထိရောက်စွာ လက်တွေ့ကျင့်သုံးမှုရှိကာ လူကုန်ကူးခံရသည့် နစ်နာသူများကို ခွင်းချက်ထားသည့် အမှုများအတွက်သာလျှင် တရားစွဲဆိုခြင်း ပြုသည်ဟု မှတ်ယူရှုမြင်သည်။ ဖမ်းဆီးရေး ဆောင်ရွက်သည့် အရာရှိများ၊ အစိုးရရှေ့နေများနှင့် တရားသူကြီးများအနေဖြင့် လူကုန်ကူးခံရသည့် နစ်နာသူများကို တရားစွဲခြင်း သို့မဟုတ် တရားခွင်စစ်ဆေးကြားနာခြင်းများ မပြုရန် ဥပဒေက လမ်းခင်းပေးသည်ဟု အလေးအနက် ဆွေးနွေးခဲ့ကြသည်။ ဤအခြေအနေသည် ပြဋ္ဌာန်းချက်ကို ရင်းနှီးကျွမ်းဝင်မှု ရှိသောကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ပြီး ၎င်းပြဋ္ဌာန်းချက်ကို ကျောထောက်နောက်ခံပြုထားသည့် အခြေခံမူကို သိရှိနားလည်ခြင်းကြောင့် မဟုတ်ပေ။

**လိင်လုပ်ငန်းမှ လူကုန်ကူးခံရသည့် နစ်နာသူများအတွက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို လက်တွေ့ ကျင့်သုံးခြင်း -** နစ်နာသူများကို ပြည့်တန်ဆာပြုခြင်းဆိုင်ရာ ပြစ်မှုများအတွက် တရားစွဲဆိုခြင်းနှင့် အမှုဖွင့်ခြင်း မရှိစေရန် ဆောင်ရွက်ရာ၌ ဥပဒေသည် အလွန်ထိရောက်ကြောင်း မှတ်ချက်ပြုဆွေးနွေးခဲ့ကြသည်။ သို့ရာတွင် ခြွင်းချက်ထားသည့် အမှုများရှိကြောင်း ဖော်ပြခဲ့ကြပြီး သာဓကအနေဖြင့် လူကုန်ကူးခံရသည့် နစ်နာသူ ဖြစ်ဖူးသူက ကလေးသူငယ်များကို ခေါင်းပုံဖြတ်ရန်အတွက် စည်းရုံးခေါ်ယူခြင်း ဆက်လက်လုပ်ဆောင်သည့် ဖြစ်စဉ်တစ်ခုကို ဖော်ပြခဲ့ကြသည်။ ဤဖြစ်စဉ်တွင် နစ်နာသူ-ကျူးလွန်သူကို တရားစွဲဆိုခြင်းမှအပ အခြားရွေးချယ်ဆောင်ရွက်ရန် မရှိဟု သတ်မှတ် ဆုံးဖြတ်ခဲ့ကြသည်။ နစ်နာသူတစ်ဦးသည် နစ်နာသူအခြေအနေကို ကျော်လွန်၍ ကိုယ်တိုင် လူကုန်ကူးသူ အဖြစ်သို့ ရောက်ရှိသွားသည့်၊ အထူးသဖြင့် ကလေးသူငယ်များကို စည်းရုံးခေါ်ယူသည့် လူကုန်ကူးသူ အဖြစ်သို့ ရောက်ရှိသွားသည့် အခြေအနေတွင် အခြေခံမူကို ကျင့်သုံးမှုမရှိခြင်းမှာ ကျိုးကြောင်းဆီလျော်သည်ဟု တရားရေး တာဝန်ရှိသူတစ်ဦးက ယူဆကြောင်း ဆွေးနွေးခဲ့သည်။ ဤအချက်တွင် နစ်နာသူ ဖြစ်ဖူးသူများနှင့် လက်ရှိ နစ်နာသူများ၏ အကျိုးအတွက် ဟန်ချက်ညီစေရန် ချိန်ညှိဆောင်ရွက်ခြင်းကို အခက်အခဲတစ်ရပ်အဖြစ် ကြုံတွေ့ရ ကြောင်း ဖော်ပြဆွေးနွေးခဲ့ကြသည်။ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ရန် လူကုန်ကူးခံရခြင်းကို အမျိုးသမီးများက ပိုမိုကြုံတွေ့ရသည့်အလျောက် ၎င်းတို့အနေဖြင့် နစ်နာသူများအဖြစ် စတင်ရောက်ရှိခဲ့သည့် လိင်လုပ်ငန်းအတွင်းသို့ အခြားသူများကို လူကုန်ကူးခြင်းအတွက် အမျိုးသမီးများကို တရားစွဲဆိုစစ်ဆေးခြင်း ပိုမိုခံရနိုင်သည့် အချက်ကိုလည်း ဖော်ပြကာ ကျား-မရေးရာ ရှုထောင့်မှ ဆွေးနွေးခဲ့ကြသည်။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လိုက်နာစောင့်ထိန်းရာတွင် တရားဥပဒေစိုးမိုးရေး အရာရှိများနှင့် အစိုးရရှေ့နေများ၏ အခန်းကဏ္ဍ -** ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ကျင့်သုံးရာ၌ ရာဇဝတ်ဆိုင်ရာ

တရားရေးတာဝန်ရှိသူများသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်သည်။ စွဲချက်တင်မည်ဆိုပါက မည်သည့်ပြစ်မှုများဖြင့် စွဲချက်တင်ရမည်ကို စုံစမ်းစစ်ဆေးရေး အရာရှိများက အကြံပြုဖော်ပြပြီး စွဲချက်တင်ခံရသည့် ပုဂ္ဂိုလ်၏ ရာဇဝတ်တာဝန်ခံရခြင်းကို လျှော့ချပေးနိုင်ရန် ၎င်းလူကုန်ကူးခံရသည့် အခြေအနေနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ထည့်သွင်းဖော်ပြပေးနိုင်သည်။ အစိုးရရှေ့နေများက တရားခွင်တွင် စစ်ဆေးကြားနာမှု ဆောင်ရွက်နိုင်သည့် အကြောင်းအခြေခံ ရှိ၊ မရှိ ဆုံးဖြတ်ခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းကို ရပ်တန့်ရန် သို့မဟုတ် လုပ်ဆောင်ရန် တောင်းဆိုခြင်း ဆောင်ရွက်ရသည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်သည် တရားစွဲဆိုစစ်ဆေးခြင်းဆိုင်ရာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အပေါ် တည်မှီမနေသင့်သော အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း ပါဝင်တက်ရောက်သူများက မှတ်ချက်ပြုဆွေးနွေးခဲ့ကြသည်။ များစွာသော တရားဥပဒေစိုးမိုးရေး အရာရှိများ၊ အစိုးရရှေ့နေများနှင့် တရားသူကြီးများသည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုနှင့် ရင်းနှီးကျွမ်းဝင်မှု မရှိကြောင်း ဖော်ပြဆွေးနွေးခဲ့ကြသည်။ တရားဥပဒေစိုးမိုးရေး အရာရှိတစ်ဦးက လူပုဂ္ဂိုလ်နှစ်ဦး (အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး) ကို ပြည့်တန်ဆာပြုခြင်းဆိုင်ရာ ပြစ်မှုများဖြင့် စွဲချက်တင်ရန် အကြံပြုရာ၌ ၎င်းအမှုနှင့်သက်ဆိုင်သည့် အစိုးရရှေ့နေက အဆိုပါအရာရှိကို အပိုဒ် ၁၇ အား အသံထွက်ဖတ်စေပြီး ထို့နောက် ၎င်း၏အကြံပြုချက်ကို ပြောင်းလဲခဲ့သည့် သာဓကတစ်ခုကို အစိုးရရှေ့နေတစ်ဦးက ဖော်ပြဆွေးနွေးခဲ့သည်။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား လိုက်နာစောင့်ထိန်းရာတွင် တရားသူကြီးများ၏ အခန်းကဏ္ဍ -** တရားသူကြီးများသည် နစ်နာသူများကို 'ပြစ်ဒဏ်ချမှတ်ခြင်း မပြုရ' ဟု ဖော်ပြထားသည့် အပိုဒ် ၁၇ အပါအဝင် အခြေခံမှုများ၊ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အချက်အလက်များအပေါ် အခြေခံ၍ ဆုံးဖြတ်ချက်များ စီရင်ချမှတ်နိုင်သည့် အခွင့်အာဏာရှိသည်။ ဤအချက်နှင့်စပ်လျဉ်း၍ ပါဝင်တက်ရောက်သူများက သီအိုရီအရ တရားသူကြီးများသည် ပြစ်ဒဏ်အမိန့် မချမှတ်ရန် သို့မဟုတ် လျှော့ပေါ့ပြစ်ဒဏ်ချမှတ်ရန် ဆုံးဖြတ်ပိုင်သော်လည်း တရားသူကြီးများက ပြစ်ဒဏ်အမိန့်မချမှတ်သည့် အမှုဖြစ်စဉ်များကို ကြုံတွေ့ရဖူးခြင်း မရှိကြောင်း ရှင်းပြ ဆွေးနွေးခဲ့ကြသည်။ တရားရုံးတော်များသည် အသက်မပြည့်သေးသူများ ပြစ်မှုထင်ရှားစီရင်ခံရသည့် ရာဇဝတ် မှတ်တမ်းများကို ချိတ်ပိတ်နိုင်သကဲ့သို့ အသက်ပြည့်ပြီးသူများ၏ ရာဇဝတ်မှတ်တမ်းများကိုလည်း ချိတ်ပိတ်နိုင်ခြင်း ရှိ၊ မရှိကိုမူ ရှင်းလင်းကွဲပြားစွာ မသိရှိရပေ။ တရားရင်ဆိုင်နေရသည့် နစ်နာသူများ၏ ပြစ်မှုစွဲချက်များကို ရုပ်သိမ်းပေးရန် တောင်းဆိုခြင်းကိုလည်း ဆောင်ရွက်နိုင်ကြောင်း ဖော်ပြဆွေးနွေးခဲ့ကြပြီး ပါဝင်တက်ရောက်သူ တစ်ဦးက ၎င်းသည် မူးယစ်ဆေးဝါး သယ်ယူပို့ဆောင်မှုဖြင့် တရားရင်ဆိုင်နေရသည့် နစ်နာသူတစ်ဦးကို ရုံးတော်က ပြစ်မှုစွဲချက်များ ရုပ်သိမ်းပေးရန် အောင်အောင်မြင်မြင် တောင်းဆိုနိုင်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

## နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အခက်အခဲများ

**နိုင်ငံဖြတ်ကျော် လူကုန်ကူးခြင်းနှင့် ဆက်နွှယ်နေသည့် ဥပဒေပိုင်နက်ဆိုင်ရာ အခက်အခဲများ -** အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများ အပါအဝင် လူကုန်ကူးသူများအနေဖြင့် တရားရေးပြစ်ဒဏ် ချမှတ်ခံရခြင်း မရှိမီ လူကုန်ကူးခံရသည့် ပြည်ပနိုင်ငံ၌ လုပ်ကိုင်နေသော ဖိလစ်ပိုင်နိုင်ငံသား လုပ်သား (OFW) များကသာလျှင် ပြစ်ဒဏ်ချမှတ်ခံရလေ့ရှိကြောင်း တရားရေးတာဝန်ရှိသူများက မှတ်ချက်ပြု ဆွေးနွေးခဲ့ကြသည်။ ဤတွင် ဥပဒေပိုင်နက်ဆိုင်ရာ အခက်အခဲများကို ဖော်ပြဆွေးနွေးခဲ့ကြပြီး အထူးသဖြင့် နစ်နာသူများကို (ဆီးရီးယား၊ ဆော်ဒီအာရေဗျ သို့မဟုတ် UAE ကဲ့သို့) အခြားဦးတည်နိုင်ငံများထံ လူကုန်ကူးခံရသည့် ဖြစ်စဉ်များတွင် ၎င်းအခက်အခဲများကို ကြုံတွေ့ရပြီး ၎င်းတို့အား စည်းရုံးခေါ်ယူသူများသည် ဖိလစ်ပိုင်နိုင်ငံသားများပင် ဖြစ်စေကာမူ ဤအခက်အခဲများ ရှိဆဲပင်ဖြစ်သည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို မတူညီသည့် ဥပဒေပိုင်နက်များတွင် လိုက်နာစောင့်ထိန်းရာ၌ အခက်အခဲကြုံတွေ့ရခြင်းအတွက် သာဓကအနေဖြင့် ငါးဖမ်းလုပ်ငန်းအတွင်းသို့ လူကုန်ကူးခံရသည့် ဖိလစ်ပိုင်နိုင်ငံသား နစ်နာသူများကို ဖိလစ်ပိုင်နိုင်ငံပြင်ပ၌ တရားစွဲဆိုစစ်ဆေးခံခဲ့ရသည့် ဖြစ်စဉ်ကို ဖော်ပြ ဆွေးနွေးခဲ့ပြီး ဤသည်မှာ

ပြည်တွင်းရှိ တရားဥပဒေစိုးမိုးရေး အရာရှိများနှင့် အစိုးရရှေ့နေများအတွက် အခက်အခဲများ ပေါ်ပေါက်လာစေသည်။ အခြားတစ်ဘက်တွင်မူ ဆီးရီးယားနိုင်ငံ၌ ဖိလစ်ပိုင်နိုင်ငံသား နစ်နာသူများကို စစ်ဆေးစိစစ်ကာ ကြိုတင်ပြင်ဆင်ပြီးဖြစ်သော ကျမ်းကျိန်ထွက်ဆိုချက်များဖြင့် နေရပ်နိုင်ငံသို့ ပြန်ပို့ခြင်းဖြင့် ၎င်းတို့နေရပ်ပြန်ရောက်ချိန်၌ ဝန်ပေါ့လျော့စေရန် ဆောင်ရွက်ပေးခြင်းကို အလေ့အထကောင်းတစ်ရပ်အဖြစ် ဖော်ပြဆွေးနွေးခဲ့ကြသည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို လိုက်နာစောင့်ထိန်းရန်အတွက် ဖိလစ်ပိုင်နိုင်ငံနှင့် မလေးရှားနှင့် စင်္ကာပူကဲ့သို့ အဓိကနိုင်ငံများအကြား ရဲတပ်ဖွဲ့အဆင့် ပူးပေါင်းဆောင်ရွက်ခြင်း အပါအဝင် ပိုမိုခိုင်မာကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်ရန် လိုအပ်ချက်ကို အထူးအလေးပေး ဆွေးနွေးခဲ့ကြသည်။

## နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းဆိုင်ရာ အခက်အခဲများ

**လူကုန်ကူးခံရသည့် နစ်နာသူများကို ဖော်ထုတ်အတည်ပြုခြင်းနှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် -** ဖော်ထုတ် အတည်ပြုထားသည့် နစ်နာသူများကို ပြစ်မှုများအတွက် တရားစွဲဆိုစစ်ဆေးခြင်း မပြုသင့်ကြောင်းနှင့် ဤသို့ ဆောင်ရွက်နိုင်ရန်အတွက် နစ်နာသူများကို ဆောလျင်စွာ ဖော်ထုတ်အတည်ပြုခြင်းသည် အထူးအရေးပါကြောင်း ကျယ်ပြန့်စွာ လက်ခံသဘောတူညီခဲ့ကြသည်။ ဖော်ထုတ်အတည်ပြုထားသည့် နစ်နာသူများကို ပြစ်မှုများအတွက် တရားစွဲဆိုစစ်ဆေးခဲ့သည့် သာဓကများမှာ မရှိသလောက် နည်းပါးသော်လည်း (အထူးသဖြင့် အစိုးရကိုယ်စားပြုမဟုတ်သည့် ပါဝင်တက်ရောက်သူများက) နစ်နာသူများကို ထိရောက်စွာ ဖော်ထုတ်အတည်ပြုမှု မရှိခြင်းကြောင့် ၎င်းတို့ကို ပြစ်ဒဏ်ချမှတ်ခြင်းမှ အကာအကွယ်ပေးနိုင်မှု မရှိကြောင်း ဖော်ပြဆွေးနွေးခဲ့ကြသည်။

**နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းဆိုင်ရာ အခက်အခဲများကို ဖြေရှင်းကျော်လွှားရန် လိုအပ်ခြင်း -** နစ်နာသူများသည် မိမိကိုယ်ကို နစ်နာသူဖြစ်ကြောင်း ဖော်ထုတ်အသိပေးခြင်း မရှိဘဲ ၎င်းတို့ လူကုန်ကူးခံရသည့် ဖြစ်စဉ်တစ်လျှောက် ကျူးလွန်ခဲ့ရသည့် ပြစ်မှုများအတွက် ကျူးလွန်သူများအဖြစ် ဝန်ခံအတည်ပြုသည့် ဖြစ်ရပ်များရှိပြီး ၎င်းကို အခက်အခဲတစ်ရပ်အဖြစ် ဖော်ပြဆွေးနွေးခဲ့ကြသည်။ ဤအချက်နှင့်စပ်လျဉ်း၍ တရားရေးတာဝန်ရှိသူများသည် လူကုန်ကူးသူများက နစ်နာသူများ၏ ထိခိုက်လွယ်သည့် အခြေအနေကို မည်သို့အလွဲသုံးစားပြုနိုင်ကြောင်း နက်နဲစွာ သိရှိနားလည်ထားရန် လိုအပ်ပြီး ထိုမှသာလျှင် အင်အားသုံးခြင်း သို့မဟုတ် အကြမ်းဖက်ခြင်း မပြုဘဲ ထင်ရှားရန်ခက်ခဲသည့် နည်းလမ်းများဖြင့် လူကုန်ကူးခံခဲ့ရသည့် နစ်နာသူများကို ၎င်းတို့အနေဖြင့် ပိုမိုထိရောက်စွာ ဖော်ထုတ် အတည်ပြုနိုင်မည် ဖြစ်သည်။ ထိရောက်စွာဖြင့် အချိန်မဆိုင်းဘဲ ဖော်ထုတ်အတည်ပြုနိုင်ရန်အတွက် လမ်းညွှန်ချက်များရှိခြင်းသည် တရားဥပဒေစိုးမိုးရေး တာဝန်ရှိသူများအနေဖြင့် နစ်နာသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အပါအဝင် ၎င်းတို့ ခံစားရပိုင်သည့် ဥပဒေရေးရာ အကာအကွယ်များအကြောင်း အသိပေးရှင်းပြရန် လိုအပ်ခြင်းနှင့်တန်းတူ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အတွက် အဓိကအရေးပါကြောင်း အလေးအနက် ဖော်ပြဆွေးနွေးခဲ့ကြသည်။ ဤတွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အဖွဲ့အစည်း၏ အဓိက လုပ်ငန်းတာဝန်သည် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေချိုးဖောက်မှုများကို ဖော်ထုတ်ရန်ဖြစ်ပြီး လူကုန်ကူးခံရသည့် နစ်နာသူများကို ဖော်ထုတ်အတည်ပြုရန် မဟုတ်သည့်အားလျော်စွာ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြစ်မှုများကို ကျူးလွန်သူဖြစ်နိုင်ခြေရှိသူကို လူကုန်ကူးခံရသည့် နစ်နာသူဖြစ်နိုင်ခြေရှိသူအဖြစ် စစ်ဆေးစိစစ်ရန်အလို့ငှာ တရားဥပဒေစိုးမိုးရေး အရာရှိများထံ မည်သည့်အခြေအနေ၌ လွှဲပြောင်းပေးရမည်ကို ရှင်းလင်းကွဲပြားစွာ သတ်မှတ်ထားခြင်း မရှိသဖြင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေချိုးဖောက်မှုများ လုပ်ဆောင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးစိစစ်ခြင်းသည် အဓိကအခက်အခဲ တစ်ခုဖြစ်ကြောင်း မှတ်ချက်ပြုဆွေးနွေးခဲ့ကြသည်။

**ရာဇဝတ်ဆိုင်ရာ တရားရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေစဉ် နစ်နာသူများအား ဖော်ထုတ် အတည်ပြုခြင်းနှင့်**

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ကျင့်သုံးခြင်း** - နစ်နာသူကို မည်သည့်အခြေအနေတွင် ဖော်ထုတ်အတည်ပြုသည်နှင့် ၎င်းတို့ကို တရားဝင် ဖော်ထုတ်အတည်ပြုရန် မည်သူ့ထံတွင် တာဝန်ရှိသည်နှင့်စပ်လျဉ်း၍ မေးခွန်းများ ဖော်ပြဆွေးနွေးခဲ့ကြသည်။ သာဓကဆိုရသော် တရားခွင်၌ စစ်ဆေးကြားနာမှု ဆောင်ရွက်နေစဉ် လူကုန်ကူးမှုကို ညွှန်ပြနေသည့် အင်္ဂါရပ်တစ်စုံတစ်ရာ တွေ့ရှိရပါက တရားရင်ဆိုင်နေရသည့် ပုဂ္ဂိုလ်များကို ဤအခြေအနေတွင် ‘ဖော်ထုတ်အတည်ပြုပြီး’ ဖြစ်ပါသလော။ ဤတွင် လူကုန်ကူးခံရသည်ဟု ဖော်ထုတ်အတည်ပြုထားခြင်း မရှိသည့် အသက်မပြည့်သေးသူများကို မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများအတွက် တရားစွဲဆိုစစ်ဆေးခဲ့သော်လည်း တရားခွင်၌ စစ်ဆေးကြားနာနေစဉ် ၎င်းတို့ကို လူကုန်ကူးခံခဲ့ရသည်ဟု စစ်ဆေးပေါ်ပေါက်ခဲ့သည့် ဖြစ်ရပ်တစ်ခုကို ဥပမာအဖြစ် ဖော်ပြဆွေးနွေးခဲ့သည်။ ၎င်းနစ်နာသူများကို ဆိုင်းငံ့ပြစ်ဒဏ်များ ချမှတ်ခဲ့သော်လည်း ၎င်းတို့သည့် အလွန်စိုးရွံ့နေသောကြောင့် လူကုန်ကူးသူများကို အမှုဖွင့်ခြင်း မရှိခဲ့ပေ။ လူပုဂ္ဂိုလ်သည် ဥပဒေအရ အကာအကွယ်ပေးရမည့် နစ်နာသူဖြစ်သည်ဟူသော ယူဆသတ်မှတ်ချက်နှင့် လူကုန်ကူးမှု ဖြစ်ပွားခဲ့သည်ဟု သတ်မှတ်နိုင်မည့် တရားစွဲဆိုစစ်ဆေးခြင်းဆိုင်ရာ အကြောင်းအခြေခံအား ရှာဖွေဖော်ထုတ်ခြင်းတို့အကြား ဟန်ချက်ညီစေရန် ဆောင်ရွက်ခြင်းနှင့် ဤဆုံးဖြတ်ချက်များကို မည်သူက ချမှတ်မည်တို့နှင့်စပ်လျဉ်း၍လည်း မေးခွန်းများ ဖော်ပြဆွေးနွေးခဲ့ကြသည်။ ဤတွင် နစ်နာသူများ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်သည် လူကုန်ကူးသူများ ပြစ်ဒဏ်ချမှတ်ခံရခြင်းအပေါ် တည်မှီနေခြင်း မရှိဘဲ တရားရေးတာဝန်ရှိသူများအနေဖြင့် လူပုဂ္ဂိုလ်သည် နစ်နာသူဖြစ်သည်ဟု ယူဆသတ်မှတ်ကာ အမှားခံ၍ ၎င်းတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းသည် အလေ့အထကောင်း ဖြစ်သည်ဟု အကြံပြုဖော်ပြလိုပါသည်။

## နစ်နာသူအား ပြစ်ဒဏ်ချမှတ်ခြင်းဆိုင်ရာ လက်တွေ့အခြေအနေများ

**လူကုန်ကူးခြင်းဆိုင်ရာ ပြစ်မှုများအတွက် နစ်နာသူများကို တရားစွဲဆိုစစ်ဆေးခြင်း** - နစ်နာသူ ဖြစ်နိုင်ခြေရှိသူများသည် လူကုန်ကူးခြင်းဆိုင်ရာ ပြစ်မှုများအတွက် တရားစွဲဆိုစစ်ဆေးခံရနိုင်ကြောင်း အမှုဖြစ်စဉ်အချို့က ဖော်ပြနေသည်။ ရာဇဝတ်မှု အမှတ်စဉ် ၁၃-၉၈၂၀ နှင့် ၁၃-၉၈၂၁၊ ၂၀၁၃ ဖြစ်သည့် People vs. Ruth Dela Rosa y Likinon, aka “Sally” အမှုတွင် အစိုးရရှေ့နေသည် နစ်နာသူများ၏ ထွက်ဆိုချက်များနှင့် လိင်ဆက်ဆံမှုရှိခဲ့ကြောင်း မှုခင်းစစ်ဆေးချက် အထောက်အထားကိုသာ သက်သေအဖြစ် တင်ပြခဲ့ပြီး နစ်နာသူ-တရားခံက ပြစ်မှုတွင် ပါဝင်ကျူးလွန်စေရန်အလို့ငှာ အင်အားသုံးမည်ဟု ခြိမ်းခြောက်ခြင်း သို့မဟုတ် အသုံးပြုခြင်း သို့မဟုတ် အခြားဖိအားပေးခြင်းများ ဆောင်ရွက်ခြင်း အပါအဝင် တရားခံများ၏ နစ်နာသူ ဖြစ်နိုင်ခြေရှိသည့် အခြေအနေကို ဖော်ပြရန် သက်သေအထောက်အထား ရှာဖွေတင်ပြခြင်း မရှိခဲ့ပေ။[119] ဖိလစ်ပိုင်နိုင်ငံမှ စင်္ကာပူနိုင်ငံသို့ လူကုန်ကူးခြင်းနှင့် ဆက်နွှယ်နေပြီး ရာဇဝတ်မှု အမှတ်စဉ် Q-၀၈-၁၅၁၉၇၁၊ ၂၀၁၃ ဖြစ်သည့် People v. Janet Java Onida အမှုတွင် တရားရုံးတော်က တရားခံသည် နစ်နာသူဖြစ်ကြောင်း အသိအမှတ်ပြုခဲ့သော်လည်း တရားစွဲဆိုစစ်ဆေးခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ အဆိုပါအမှုဖြစ်စဉ်တွင် နစ်နာသူ-တရားခံသည် ၎င်းကိုယ်၌က ခေါင်းပုံဖြတ်ခံနေရသည့် အခြေအနေတွင် အခြားအမျိုးသမီးငယ် တစ်ဦးကို လူကုန်ကူးခဲ့သည်။ တရားရုံးတော်က တရားခံကို ထောင်ဒဏ် နှစ် ၂၀ ချမှတ်ခဲ့ပြီး အမှုနှင့်စပ်လျဉ်း၍ “စွပ်စွဲခံရသူသည် ခေါင်းပုံဖြတ်ခံရသည့် နစ်နာသူဖြစ်သည်ဟု ရုံးတော်အနေဖြင့် မှတ်ယူသော်လည်း တရားလို [အမည်ချန်လှပ်ထား] နှင့်စပ်လျဉ်းသည့်ဖြစ်ရပ်တွင် ရုံးတော်သို့တင်ပြသည့် သက်သေအထောက်အထားများအရ စွပ်စွဲခံရသူ Janet Java သည် ခေါင်းပုံဖြတ်သူများအနက် တစ်ဦးအပါအဝင်ဖြစ်ကြောင်း ထင်ရှားသည့်အတွက် ဥပဒေကို ချိုးဖောက်ရာရောက်သည်” ဟု ထုတ်ပြန်ဖော်ပြခဲ့သည်။[120]

---

[119] United Nations Office on Drugs and Crime, *Female Victims of Trafficking for Sexual Exploitation as Defendants: A Case Law Analysis* (United Nations, Vienna, 2020) 15.

[120] United Nations Office on Drugs and Crime, *Female Victims of Trafficking for Sexual Exploitation as Defendants: A Case Law Analysis* (United Nations, Vienna, 2020) 96

**လိင်လုပ်ငန်းရှိ လူကုန်ကူးခံရသည့် နစ်နာသူများနှင့် အခြားသူများကို တရားစွဲဆိုစစ်ဆေးခြင်း -** လူကုန်ကူးခံရသည့် နစ်နာသူများကို ပြည့်တန်ဆာပြုခြင်းဆိုင်ရာ ပြစ်မှုများအတွက် ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ အကာအကွယ်ပေးရန် ဥပဒေအား အသုံးချခြင်းနှင့်စပ်လျဉ်း၍ မတူကွဲပြားသော ရှုမြင်ချက်များကို ဖော်ပြ ဆွေးနွေးခဲ့ကြသည်။ အစိုးရကိုယ်စားပြုမဟုတ်သည့် ပါဝင်တက်ရောက်သူများက အပိုဒ် ၁၇ ကို ချီးမွမ်း ဖော်ပြခဲ့ကြသော်လည်း တရားရေးတာဝန်ရှိသူများအနေဖြင့် ၎င်းအပိုဒ်ကို လက်တွေ့ကျင့်သုံးရန်အလို့ငှာ စွမ်းဆောင်ရည်မလုံလောက်ကြောင်း ထောက်ပြဆွေးနွေးခဲ့ကြပြီး လိင်လုပ်ငန်းတွင် ပါဝင်ပတ်သက်နေသည့် အမျိုးသမီးများအား တရားစွဲဆိုစစ်ဆေးခြင်းကို ဝေဖန်ခဲ့ကြသည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား မသိရှိခြင်းနှင့် 'နစ်နာသူအပေါ် ပြစ်တင်ခြင်း' ကို နေရာအနှံ့အပြားတွင် ကြုံတွေ့နေရကြောင်း အစိုးရကိုယ်စားပြု မဟုတ်သည့် ပါဝင်တက်ရောက်သူများက ဖော်ပြဆွေးနွေးခဲ့ကြသည်။ လူကုန်ကူးခံရသည့် နစ်နာသူများ အပါအဝင် လိင်လုပ်ငန်းတွင် ပါဝင်ပတ်သက်နေသည့် အမျိုးသမီးများအပေါ် ၎င်းတို့ကိုယ်၌က ပြစ်မှုများကျူးလွန်သည့် တရားဥပဒေစိုးမိုးရေး အရာရှိအချို့၏ ခံယူချက်သဘောထားကို ဝေဖန်ဆွေးနွေးခဲ့ကြသည်။ လိင်လုပ်ငန်းတွင် ပါဝင်ပတ်သက်နေသည့် အမျိုးသမီးများအား ပြည့်တန်ဆာမှုဖြင့် တရားစွဲဆိုသည့် ဖြစ်ရပ်များကို လူကုန်ကူးမှု တိုက်ဖျက်ရေးဥပဒေက လျှော့ချပေးနိုင်ခဲ့ကြောင်း ယူဆရှုမြင်ခဲ့ကြပြီး လိင်လုပ်ငန်းတွင် ပါဝင်ပတ်သက်နေသည့် အမျိုးသမီးများအပေါ် ရဲအရာရှိများက ကျူးလွန်သည့် ပြစ်မှုများအနက် ပိုမိုပြင်းထန်ဆိုးရွားသည့် ပြစ်မှုများသည် ၂၀၁၅ မတိုင်မီကာလများတွင် ဖြစ်ပွားခဲ့ကြောင်း သိရှိရပြီး အဆိုပါပြစ်မှုများတွင် ၎င်းအမျိုးသမီးများအနေဖြင့် လိင်ဆက်ဆံရန် သဘောမတူပါက အကျဉ်းချမည်ဟု ရဲအရာရှိများက ခြိမ်းခြောက်မှုများလည်း ပါဝင်သည်။ သို့ရာတွင် လိင်လုပ်ငန်းတွင် ပါဝင်ပတ်သက်နေသည့် အမျိုးသမီးများကို ပြည့်တန်ဆာမှုဖြင့်မဟုတ်လျှင် အခြားပြစ်မှုများဖြင့် တရားစွဲဆိုသည့် အလေ့အထမှာ ယခုထိတိုင် ဆက်လက်တည်ရှိနေဆဲဖြစ်ကြောင်း ဖော်ပြ ဆွေးနွေးခဲ့ကြသည်။

**နေရပ်ပြန်လာသည့် ပြည်ပ၌လုပ်ကိုင်သော ဖိလစ်ပိုင်နိုင်ငံသား လုပ်သားများ (OFWs) ကို ပြစ်ဒဏ်ချမှတ်ခြင်း -** နေရပ်ပြန်လာသည့် ဖိလစ်ပိုင်နိုင်ငံသား OFW များကို ၎င်းတို့အနေဖြင့် *၁၉၉၆ ခုနှစ် နိုင်ငံကူးလက်မှတ်ဆိုင်ရာ အက်ဥပဒေ* တွင် ဖော်ပြထားသည့် ပြစ်မှုများကို ကျူးလွန်လျှင်ပင် နေရပ်သို့ ပြန်ရောက်ချိန်တွင် လူဝင်မှုကြီးကြပ်ရေး ဆိုင်ရာ ဥပဒေချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ချမှတ်ခြင်းမရှိသော်လည်း ခြွင်းချက်များ ရှိကြောင်းကိုမူ မှတ်ချက်ပြု ဆွေးနွေးခဲ့ကြသည်။ စိတ်ရှည်မှုမရှိသော တရားဥပဒေစိုးမိုးရေး အရာရှိ အချို့က လူကုန်ကူးခံရသည့် နစ်နာသူများ အနေဖြင့် ပူးပေါင်းဆောင်ရွက်လာစေရန် လုပ်ဆောင်ရာ၌ နိုင်ငံကူးလက်မှတ်ဆိုင်ရာ ပြစ်မှုများဖြင့် တရားစွဲဆိုမည်ဟု ခြိမ်းခြောက်ကာ အမှန်တကယ် ပြစ်ဒဏ်ချမှတ်ခြင်းထက် ထိုသို့ခြိမ်းခြောက်မှုကို အသုံးချလေ့ရှိကြောင်းကိုလည်း မှတ်ချက်ပြု ဆွေးနွေးခဲ့ကြသည်။ သို့ရာတွင် ဤခြွင်းချက်များမှအပ နေရပ်ပြန်လာသော လူကုန်ကူးခံရသည့် နစ်နာသူများကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ သို့မဟုတ် စာရွက်စာတမ်းဆိုင်ရာ ပြစ်မှုများအတွက် တရားစွဲဆိုခြင်း မရှိကြောင်း ယေဘုယျအားဖြင့် သဘောတူညီခဲ့ကြပြီး နစ်နာသူအချို့မှာမူ နေရပ်ပြန်မလာမီ ပြည်ပဥပဒေပိုင်နက်များ၌ ပြစ်ဒဏ်ချမှတ်ခံခဲ့ရကြောင်းကို မှတ်ချက်ပြုဖော်ပြခဲ့ကြသည်။

**ပြည်ပသို့ လူကုန်ကူးခံရသည့် ဖိလစ်ပိုင်နိုင်ငံသား နစ်နာသူများကို ပြစ်ဒဏ်ချမှတ်ခြင်း -** ဖိလစ်ပိုင်နိုင်ငံသား OFW များကို စာချုပ်စာတမ်း ချိုးဖောက်မှုဆိုင်ရာ သို့မဟုတ် ပုဂ္ဂလအချက်အလက် ချိုးဖောက်မှုဆိုင်ရာ ပြစ်မှုများ၊ ပိုင်နက်အတွင်းမှ တရားမဝင် ထွက်ခွာခြင်းနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြစ်မှုများအပြင် လူကုန်ကူးမှုဖြင့် အရှေ့အလယ်ပိုင်းတွင် တရားစွဲဆိုစစ်ဆေးခဲ့သည့် အမှုဖြစ်စဉ်များကို ပါဝင်တက်ရောက်သူများက ဖော်ပြ ဆွေးနွေးခဲ့ကြသည်။ အရှေ့အလယ်ပိုင်းရှိ OFW တစ်ဦး၏ အွန်လိုင်းလူမှုမီဒီယာအကောင့်ကို ၎င်း၏ အလုပ်ရှင်က ဖိလစ်ပိုင်နိုင်ငံမှ အခြားသူများကို စည်းရုံးခေါ်ယူရန်အတွက် အသုံးပြုခဲ့ခြင်း ဖြစ်သော်လည်း အဆိုပါ OFW သည် အင်္ဂါရပ်ပြည့်စုံသည့် လူကုန်ကူးမှုဖြင့် တရားစွဲဆိုခံရပြီး ဖိလစ်ပိုင်နိုင်ငံတွင် ထိန်းသိမ်းခံခဲ့ရသည်။ OFW များသည် (ကိုဗစ်ဖြစ်ပွားစဉ် အခြေအနေ၌ ကြုံတွေ့ခဲ့ရသကဲ့သို့) တရားမဝင် အခြေအနေသို့ ကျရောက်ပြီး ပြစ်ဒဏ်ချမှတ်ခံရမည်ကို စိုးရွံ့၍ အာဏာပိုင်များထံ သွားရောက်ခြင်းမပြုနိုင်သည့် အခြေအနေများတွင် လူဝင်မှု

ကြီးကြပ်ရေးဆိုင်ရာ ပြစ်မှုများအတွက် တရားစွဲဆိုစစ်ဆေးခံရနိုင်သည့် အန္တရာယ်ကို အထူးကြုံတွေ့ကြရသည်။ အချို့သောဖြစ်စဉ်များတွင် အလုပ်ရှင်များသည် OFW အများအပြား ရင်ဆိုင် ကြုံတွေ့ရသည့် ပမာဏများပြားသော ပေးချေရမည့် အကြွေးများနှင့် ဤပြစ်မှုများဖြင့် ခြိမ်းခြောက်ကာ ၎င်းတို့ကို ထိန်းချုပ်ရန် ဆောင်ရွက်ကြသည်။ အင်ဒိုနီးရှားရှိ ငါးဖမ်းလုပ်ငန်းအတွင်းသို့ လူကုန်ကူးခံရသည့် ပုဂ္ဂိုလ်များကို တရားစွဲဆိုစစ်ဆေးကာ ဖိလစ်ပိုင်သို့ ပြည်နှင်ဒဏ်ပေးသည့် အမှုဖြစ်စဉ်နှင့် မူးယစ်ဆေးဝါး သယ်ဆောင်သူများအဖြစ် ခေါင်းပုံဖြတ်ခံရပြီး မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများအတွက် တရားရင်ဆိုင်နေရသည့် ပုဂ္ဂိုလ်များအနက် တစ်ဦးကိုသာလျှင် နစ်နာသူအဖြစ် ဖော်ထုတ်အတည်ပြုပြီး ၎င်းကိုပင် အမှုမှ လွတ်ငြိမ်းခွင့်မပေးဘဲ လျှော့ပေါ့ပြစ်ဒဏ်သာလျှင် ချမှတ်သည့် အမှုဖြစ်စဉ်တို့ကို ဖော်ပြဆွေးနွေးခဲ့ကြသည်။ ဤအချက်နှင့်စပ်လျဉ်း၍ မှတ်ကျောက်တင်ရမည့် အမှုဖြစ်စဉ်မှာ အင်ဒိုနီးရှားနိုင်ငံတွင်းသို့ ဘိန်းဖြူမှောင်ခိုတင်သွင်းမှုဖြင့် သေဒဏ်ချမှတ်ခံရသည့် Mary Jane Veloso အမှုပင် ဖြစ်သည် (အထက်တွင်ဖော်ပြထားသည့် စာကွက် ၅ ကို ကြည့်ပါ)။ OFW များသည် အချို့နိုင်ငံများတွင် အသရေဖျက်မှုဆိုင်ရာ စွဲချက်များကို ရင်ဆိုင်နေရကြောင်းနှင့် အရှေ့အလယ်ပိုင်းတွင် ဘာသာရေးစံနှုန်းများကို ချိုးဖောက်မှုကြောင့် သာသနာစောင့်ရှောက်ရေးရဲတပ်ဖွဲ့၏ အရေးယူခံရခြင်းများရှိကြောင်း မှတ်ချက်ပြု ဆွေးနွေးခဲ့ကြသော်လည်း ဤဖြစ်စဉ်များမှ OFW များသည် လူကုန်ကူးခံရသည့် နစ်နာသူများ ဟုတ်၊ မဟုတ် ကိုမူ ရှင်းလင်းကွဲပြားစွာ သိရှိရခြင်း မရှိပေ။

**ကလေးသူငယ် နစ်နာသူများ ပြစ်ဒဏ်ချမှတ်ခံရနိုင်ခြေ မြင့်မားခြင်း -** အခြားသော ကလေးသူငယ်များကို အွန်လိုင်းမှ လိင်ပိုင်းဆိုင်ရာ လုပ်ရပ်များ ကျူးလွန်စေရန် ကလေးသူငယ်များအား စည်းရုံးသိမ်းသွင်းစေသည့် ကလေးသူငယ်များအား အွန်လိုင်းမှ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း (OSEC) နှင့်စပ်လျဉ်း၍ ကလေးသူငယ် နစ်နာသူများသည် ပြစ်ဒဏ်ချမှတ်ခံရနိုင်သည့် အန္တရာယ်ကို မြင့်မားစွာ ကြုံတွေ့နေရကာ ၎င်းတို့သည် အဆိုပါ အခြေအနေသို့ မကျရောက်မီ အသက်မပြည့်သေးသူများအဖြစ် ဖော်ထုတ်ခံရခြင်း မရှိပေ။[121] အလားတူပင် အသက် ၁၅ နှစ်အောက် အသက်မပြည့်သေးသူများကို ရာဇဝတ်တာဝန်ခံရခြင်းမှ ဥပဒေအရ လွတ်ငြိမ်းခွင့်ပေးထားပြီး အသက် ၁၅ နှစ်နှင့် ၁၈ နှစ်ကြား ကလေးသူငယ်များသည် ပြစ်ဒဏ်ချမှတ်ခံရနိုင်သည့် အန္တရာယ်ရှိသဖြင့် မူးယစ်ဆေးဝါး မှောင်ခိုကုန်ကူးခြင်းတွင် ပါဝင်ပတ်သက်နေသည့် အသက် ၁၅ နှင့် ၁၈ ကြား ကလေးသူငယ်များသည် ပြစ်ဒဏ်ချမှတ်ခံရနိုင်သည့် အန္တရာယ်ကို ကြုံတွေ့နေကြရသည်။ အစိုးရ၏ 'မူးယစ်ဆေးဝါးဆန့်ကျင်ရေး တိုက်ပွဲ' ကြောင့် အာဏာပိုင်များအနေဖြင့် ကျူးလွန်သူများသည် အမှန်တကယ်တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကို ခံစားရပိုင်သည့် 'နစ်နာသူများ' ဖြစ်ကြောင်း မရှုမြင်နိုင်သည့်အတွက် ဤအန္တရာယ်သည် ပိုမိုဆိုးရွားလာကြောင်းကို မှတ်ချက်ပြုဆွေးနွေးခဲ့ကြသည်။ ဤတွင် အသက်မပြည့်သေးသူများဆိုင်ရာ နိုင်ငံတော် အက်ဥပဒေ ၉၃၄၄ ကို အသက်မပြည့်သေးသူများအား တရားစွဲဆိုခြင်းမပြုရန် အခြေခံအဖြစ် အသုံးပြုနိုင်မည့် ဖြစ်နိုင်ခြေအကြောင်း ပါဝင်တက်ရောက်သူများက ထောက်ပြဆွေးနွေးခဲ့ကြသည်။

**ကလေးသူငယ်များကို လူကုန်ကူးခံရသည့် နစ်နာသူများအဖြစ်အစား ဥပဒေချိုးဖောက်သူများအဖြစ် ဆက်ဆံခြင်း -** လုပ်သားအဖြစ် ခေါင်းပုံဖြတ်ရန် လူကုန်ကူးခံရသည့် ကလေးသူငယ်များသည် ဆာလောင်မှုကြောင့် ခိုးမှုကျူးလွန်ရာတွင် ၎င်းတို့ကို လူကုန်ကူးခံရသည့် နစ်နာသူများအစား ဥပဒေချိုးဖောက်သူများအဖြစ် သတ်မှတ်ကာ ဆက်ဆံသည့် အမှုဖြစ်စဉ်များ ကြုံတွေ့ခဲ့ရဖူးကြောင်းကို ပါဝင်တက်ရောက်သူတစ်ဦးက ဖော်ပြဆွေးနွေးခဲ့သည်။ ဤသည်မှာ ဒေသန္တရ လူမှုဖူလုံရေး ဝန်ဆောင်မှုပေးသူများ၊ တရားဥပဒေစိုးမိုးရေး အရာရှိများနှင့် အစိုးရ ရှေ့နေများသည် ဥပဒေရေးရာ အကာအကွယ်များကို ထိရောက်စွာ လက်တွေ့ကျင့်သုံးရန်အလို့ငှာ လူကုန်ကူးမှု ဥပဒေ (နိုင်ငံတော် အက်ဥပဒေ ၉၂၀၈) နှင့် အသက်မပြည့်သေးသူများဆိုင်ရာ ဥပဒေများ (နိုင်ငံတော်အက်ဥပဒေ ၉၃၄၄) ကို မည်သို့

[121] A particular complexity in the OSEC context was noted in the situation of children who self-generate and self-distribute images. In such cases it is easier to consider those under 15 to be children, whereas those older fall into a grey area in respect of whether they should be exempt from prosecution or not.

ချိတ်ဆက်အသုံးပြုရမည်ကို သိရှိနားလည်မှုမရှိခြင်းကြောင့်ဖြစ်သည်ဟု ဆွေးနွေးခဲ့ကြသည်။ တောင်ပိုင်းဒေသများရှိ လက်နက်ကိုင်ပဋိပက္ခအတွင်းသို့ လူကုန်ကူးခံရသည့် ကလေးသူငယ်များအနက် အချို့ကို လူကုန်ကူးခံရသည့် နစ်နာသူများအဖြစ် ကာကွယ်စောင့်ရှောက်ရမည့်အစား ပြစ်မှုကျူးလွန်သူများအဖြစ် အကျဉ်းချခဲ့သည့် ဖြစ်ရပ်များကို ဖော်ပြကာ ၎င်းကလေးသူငယ်နစ်နာသူများကို အကာအကွယ်ပေးရန် ဥပဒေများအား လက်တွေ့အသုံးချရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကိုလည်း မှတ်ချက်ပြု ဆွေးနွေးခဲ့ကြသည်။

## စာကွက် ၆ - ဖိလစ်ပိုင်နိုင်ငံတွင် နစ်နာသူတစ်ဖြစ်လဲ ကျူးလွန်သူများ သေဒဏ်ချမှတ်ခံရနိုင်ခြေရှိခြင်း

ဖိလစ်ပိုင်နိုင်ငံတွင် လက်ရှိအချိန်၌ လူကုန်ကူးမှုဆိုင်ရာ ပြစ်မှုများအတွက် သေဒဏ်ချမှတ်ခြင်းကို လက်တွေ့ကျင့်သုံးမှု မရှိပေ။ သို့ရာတွင် နိုင်ငံတော်အက်ဥပဒေ ၈၂၀၈ ကို မွမ်းမံပြင်ဆင်၍ အပိုဒ် ၆ တွင် ဖော်ပြထားသည့် အင်္ဂါရပ်ပြည့်စုံသော လူကုန်ကူးမှုများအတွက် သေဒဏ်ချမှတ်ခြင်းကို ပြန်လည်ပြဋ္ဌာန်းကျင့်သုံးရန် အဆိုပြုသည့် လွှတ်တော်ဥပဒေကြမ်း အမှတ် ၁၂၃၉ နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ရှေ့နေအစည်းအရုံး (IBA) က ပူပန်ကြောင်းကို ထုတ်ပြန်ဖော်ပြခဲ့သည်။ ဤအဆိုပြုချက်သည် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ် (ICCPR) ၏ ရွေးချယ်လိုက်နာနိုင်သော ဒုတိယလုပ်ငန်းစဉ်အရ ဖိလစ်ပိုင်အစိုးရက လိုက်နာစောင့်ထိန်းရမည့် ကတိကဝတ်ဖြစ်သော သေဒဏ်ချမှတ်ခြင်းအား ပြန်လည်ပြဋ္ဌာန်းကျင့်သုံးခြင်းကို ရှောင်လွှဲရမည့် ဝတ္တရားနှင့် ဆန့်ကျင်နေကြောင်း IBA က ထောက်ပြခဲ့သည်။ ထို့အပြင် ဥပဒေကြမ်းတွင် လူကုန်ကူးမှုနှင့်စပ်လျဉ်းသည့် ရှုပ်ထွေးမှုများ အားလုံးကို အလုံအလောက် ထင်ဟပ်ထည့်သွင်းထားခြင်း မရှိကြောင်းကိုလည်း မှတ်ချက်ပြုဖော်ပြခဲ့သည်။ နစ်နာသူများ၊ အထူးသဖြင့် အမျိုးသမီးနစ်နာသူများကို လူကုန်ကူးမှု ကျူးလွန်သူများအဖြစ် သတ်မှတ်သည့် ဤဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းခြင်းဖြင့် ဖိလစ်ပိုင်နိုင်ငံတွင် နစ်နာသူများကို ကာကွယ်စောင့်ရှောက်ရန် ချမှတ်ထားသည့် အစီအမံများအား ထိခိုက်စေနိုင်ကြောင်းကိုလည်း အထူးမှတ်ချက်ပေးဖော်ပြခဲ့သည်။ ထို့အပြင် ကြီးလေးသောပြစ်မှုများကို ကိုယ်တိုင်ကျူးလွန်ခြင်းမရှိဘဲ အရေးမကြီးသည့် အခန်းကဏ္ဍများမှသာ ပါဝင်သူများပါ ၎င်းဥပဒေကြမ်းအရ သေဒဏ်ချမှတ်ခံရနိုင်သည့် အန္တရာယ်ကိုလည်း ဖော်ပြခဲ့သည်။ အတိုချုံးဆိုရသော် ဥပဒေကြမ်းအား အတည်ပြု ပြဋ္ဌာန်းခြင်းသည် ဖိလစ်ပိုင်နိုင်ငံတွင် လူကုန်ကူးမှုကို ဆန့်ကျင်တိုက်ဖျက်ရန်နှင့် လူကုန်ကူးခံရသည့် နစ်နာသူများကို ကာကွယ်စောင့်ရှောက်ရန် ဆောင်ရွက်ခဲ့သည့် အပြင်းအထန် ကြိုးပမ်းအားထုတ်မှုများကို ထိခိုက်စေမည် ဖြစ်သည်။[122]

---

[122] Gerry QC, Felicity., Karen Gomez Dumpit, Sara Kowal, Courtney Keefe, *Human trafficking and the proposed reintroduction of the death penalty,* 3 April 2020, International Bar Association, www.ibanet.org accessed 30 September 2021

## ၂.၈ စင်္ကာပူ

စင်္ကာပူနိုင်ငံ အာဏာပိုင်များသည် ဤလေ့လာချက်အတွက် ဆွေးနွေးဝိုင်းဆောင်ရွက်မှုများတွင် ပါဝင်ဆွေးနွေးခြင်း မပြုသည့်အတွက် ဤနိုင်ငံ၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ကျင့်သုံးခြင်းနှင့် စပ်လျဥ်းသည့် သတင်းအချက်အလက်များကို အများပြည်သူရယူနိုင်သည့် ရင်းမြစ်များနှင့် တစ်သီးပုဂ္ဂလ ပညာရှင်များ၏ ထိုးထွင်းသုံးသပ်ချက်များထံမှသာ ရယူနိုင်ခဲ့ပါသည်။

### ဥပဒေနှင့် မူဝါဒတို့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို ထည့်သွင်းဖော်ပြခြင်း

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်ကို အတိအလင်း ထည့်သွင်းဖော်ပြထားမှု မရှိခြင်း -** ၂၀၁၄ ခုနှစ် *လူကုန်ကူးမှု ကာကွယ်တားဆီးရေး အက်ဥပဒေ* (ဥပဒေအမှတ် ၄၅၊ ၂၀၁၄) တွင် လူကုန်ကူးခံရသည့် နစ်နာသူများကို ပြစ်ဒဏ်ချမှတ်ခြင်း သို့မဟုတ် တရားစွဲဆိုစစ်ဆေးခြင်းမှ အကာအကွယ်ပေးရန် မည်သည့် ပြဋ္ဌာန်းချက်ကိုမျှ သီးခြားထည့်သွင်းဖော်ပြထားခြင်း မရှိပေ။ (ကလေးသူငယ်များအား လူကုန်ကူးခြင်းသည် ရာဇဝတ်မှုမြောက်ကြောင်း အပိုဒ် ၁၂ တွင် ပြဋ္ဌာန်းထားသည့်) *ကလေးသူငယ်နှင့် လူငယ်များဆိုင်ရာ အက်ဥပဒေ* တွင် အခြေခံမူနှင့်သက်ဆိုင်သည့် မည်သည့်ပြဋ္ဌာန်းချက်ကိုမျှ ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။ ၂၀၂၀ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အမေရိကန်ပြည်ထောင်စု အစီရင်ခံစာတွင် စင်္ကာပူနိုင်ငံသည် လူကုန်ကူးခံရသည့် နစ်နာသူများအနေဖြင့် အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခဲ့ရသည့် ဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ အကာအကွယ် ပေးခြင်းကို ပိုမိုကောင်းမွန်အောင် မြှင့်တင်ရန်အတွက် နိုင်ငံ၏ ဥပဒေရေးရာ မူဘောင်အား မွမ်းမံပြင်ဆင်သင့်ကြောင်း အကြံပြုဖော်ပြထားသည်။[123]

**အသုံးပြုနိုင်သည့် ဥပဒေဆိုင်ရာ ခုခံချေပချက်များနှင့် အဓမ္မစေခိုင်းခြင်းကို နားလည်သဘောပေါက်ခြင်း -** ၂၀၀၈ ခုနှစ် *ရာဇသတ်ကြီး ဥပဒေ* ၏ အခန်း ၄ တွင် ယေဘုယျခြွင်းချက်များကို ပြဋ္ဌာန်းထားပြီး အချို့အချက်များသည် လူကုန်ကူး ခံရသည့် ပုဂ္ဂိုလ်များ ကျူးလွန်ရနိုင်သည့် ပြစ်မှုများနှင့် သက်ဆိုင်ကာ အဆိုပါအချက်များတွင် ကြောက်ရွံ့မှုကြောင့် လုပ်ဆောင်ရသည့် (အပိုဒ် ၉၀) သို့မဟုတ် အဓမ္မစေခိုင်း၍ လုပ်ဆောင်ရသည့် (အပိုဒ် ၉၄) အခြေအနေများ ပါဝင်သည် -

> ကြောက်ရွံ့မှု သို့မဟုတ် လှည့်ဖြားခံရမှုကြောင့် သဘောတူညီချက်ပေးခြင်း၊ စိတ်ပေါ့သွပ်သူက သဘောတူညီချက်ပေးခြင်း၊ ကလေးသူငယ်က သဘောတူညီချက် ပေးခြင်း
>
> ၉၀။ အောက်ပါအချက်များနှင့် ငြိစွန်းနေပါက သက်ဆိုင်ရာ သဘောတူညီချက်သည် ဤဥပဒေပါ မည်သည့်အပိုင်းတွင်ဖြစ်စေ ဖော်ပြထားသည့် သဘောတူညီချက်အဖြစ် သတ်မှတ်ခြင်း မရှိစေရ -
>
> (က)သဘောတူညီချက်ပေးသူသည် -
>
> (၁) မိမိကိုယ်တိုင် သို့မဟုတ် အခြားသူတစ်ဦးကို ထိခိုက်ဒဏ်ရာရစေမည်ကို ကြောက်ရွံ့၍ သို့မဟုတ် ဥပဒေမဲ့ ချုပ်နှောင်မည်ကို ကြောက်ရွံ့၍ သဘောတူညီချက်ပေးခြင်း၊
>
> (၂) အချက်အလက်တစ်စုံတစ်ရာနှင့်စပ်လျဥ်း၍ လှည့်ဖြားခံရပြီး ၎င်းလှည့်ဖြားမှု လုပ်ရပ်အား ကျူးလွန်သူသည် ထိုသို့ သဘောတူညီချက်ပေးခြင်းမှာ အထက်ပါ ကြောက်ရွံ့စေခြင်း သို့မဟုတ် လှည့်ဖြားခြင်းကြောင့် ဖြစ်သည်ဟု သိရှိခြင်း

[123] 2020 Trafficking in Persons Report: Singapore (US Department of State, 2020)

သို့မဟုတ် ထိုသို့ယုံကြည်ယူဆနိုင်ရန် ခိုင်လုံသော အကြောင်းရှိခြင်း၊

(ခ) သဘောတူညီချက်ပေးသူသည် စိတ်ပေါ့သွပ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာမှုမရှိခြင်း၊ မူးယစ်နေခြင်း၊ သို့မဟုတ် မည်သည့်မူးယစ်ဆေးဝါးဖြစ်စေ အခြားမူးယစ်စေသည့် အရာကိုဖြစ်စေ အသုံးပြုထားခြင်း ဖြစ်ပြီး သဘောတူညီချက်ပေးသည့် ကိစ္စရပ်၏ သဘောသဘာဝနှင့် နောက်ဆက်တွဲအကျိုးဆက်များကို နားလည်နိုင်စွမ်းမရှိခြင်း၊ သို့မဟုတ်

(ဂ) လက်တွေ့အခြေအနေ၌ ဆန့်ကျင်ကွဲပြားနေကြောင်း မတွေ့ရှိရပါက သဘော တူညီချက် ပေးသူသည် အသက် ၁၂ အောက် အရွယ်ရှိသူဖြစ်ခြင်း။

ခြိမ်းခြောက်မှုဖြင့် အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခြင်း

၉၄။ လူသတ်မှုနှင့် သေဒဏ်ချမှတ်နိုင်သည့် နိုင်ငံတော်အား ဆန့်ကျင်ကျူးလွန်သော ပြစ်မှုများမှအပ လူပုဂ္ဂိုလ်တစ်ဦးသည် ခြိမ်းခြောက်၍ အဓမ္မစေခိုင်းခံရပြီး ပြစ်မှုကျူးလွန်သည့် အချိန်တွင် ၎င်းအနေဖြင့် စေခိုင်းခံရသည့်အတိုင်း ဆောင်ရွက်ခြင်းမှအပ အခြား ရွေးချယ်စရာမှာ ချက်ချင်း အသက်ဆုံးရှုံးရခြင်းဖြစ်သည်ဟု ကျိုးကြောင်းဆီလျော်စွာ နားလည်သိရှိနိုင်သည့် အခြေအနေတွင် ကျူးလွန်ခဲ့ရသည့် မည်သည့် လုပ်ရပ်မဆိုကို ပြစ်မှုအဖြစ် သတ်မှတ်ခြင်း မရှိစေရ၊ ဤတွင် ပြစ်မှုမြောက်နိုင်သည့် လုပ်ရပ်ကို ကျူးလွန်သူသည် ထိုသို့ ချုပ်နှောင်စေခိုင်းခြင်းခံရသည့် အခြေအနေသို့ မိမိဆန္ဒ အလျောက် ကျရောက်စေခြင်း သို့မဟုတ် ချက်ချင်းအသက်ဆုံးရှုံးရခြင်းမှအပ အခြား တစ်နည်းနည်းဖြင့် မိမိကို နာကျင်ထိခိုက်စေနိုင်သောကြောင့် ကျရောက်စေခြင်း မဖြစ်ရန် လိုအပ်ကြောင်း သတ်မှတ်သည်။

ခန္ဓာကိုယ်နှင့် ပစ္စည်းဥစ္စာအား ပုဂ္ဂလ ခုခံကာကွယ်ပိုင်ခွင့်

၉၇။ အပိုဒ် ၉၉ တွင် ဖော်ပြထားသည့် ကန့်သတ်ချက်များနှင့်အညီ လူပုဂ္ဂိုလ်တိုင်းသည် ခုခံကာကွယ်ရန်အတွက် အောက်ပါတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိသည် -

(က) လူ့ခန္ဓာကိုယ်ကို ထိခိုက်စေသည့် မည်သည့်ဆောင်ရွက်ချက်မှမဆို မိမိခန္ဓာကိုယ်ကို ဖြစ်စေ အခြားသူတစ်ဦးဦး၏ ခန္ဓာကိုယ်ကိုဖြစ်စေ ခုခံကာကွယ်ခြင်း၊

(ခ) မိမိ၏ သို့မဟုတ် အခြားသူတစ်ဦးဦး၏ ရွှေ့ပြောင်းနိုင်သော ပစ္စည်းဥစ္စာဖြစ်စေ မရွှေ့ပြောင်းနိုင်သော ပစ္စည်းဥစ္စာဖြစ်စေကို ခိုးမှု၊ လုယက်မှု၊ ထိခိုက်ပျက်စီးစေမှု သို့မဟုတ် ရာဇဝတ်ကြံရွယ်ချက်ဖြင့် ကျူးကျော်ဝင်ရောက်မှု မြောက်သည်ဟု သတ်မှတ် နိုင်သော လုပ်ရပ်၊ သို့မဟုတ် ခိုးမှု၊ လုယက်မှု၊ ထိခိုက်ပျက်စီးစေမှု သို့မဟုတ် ရာဇဝတ်ကြံရွယ်ချက်ဖြင့် ကျူးကျော်ဝင်ရောက်မှုကို ကျူးလွန်ရန် ကြိုးပမ်းသည့် လုပ်ရပ်ကို ခုခံကာကွယ်ခြင်း။

ဤ အဓမ္မစေခိုင်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်စပ်လျဉ်း၍ *ရာဇသတ်ကြီး ဥပဒေ* တွင် ရှင်းလင်းချက်မှတ်စုများကို ထည့်သွင်းဖော်ပြထားပြီး ၎င်းတို့ကို ၁၈၆၀ ခုနှစ် အိန္ဒိယ ရာဇသတ်ကြီး ဥပဒေ၏ အပိုဒ် ၉၄ မှ ကောက်နုတ်ထားခြင်း ဖြစ်သည် -

ရှင်းလင်းချက် ၁။ - ဂိုဏ်းဖွဲ့လုယက်သူများ၏ အမူအကျင့်စရိုက်ကို သိရှိသော်လည်း မိမိဆန္ဒအလျောက်ဖြစ်စေ၊ ရိုက်နှက်ခံရမည်ဟု ခြိမ်းခြောက်ခံရ၍ဖြစ်စေ အဆိုပါ ဂိုဏ်းဖွဲ့လုယက်သူများနှင့် ပူးပေါင်းသူ မည်သူမဆိုသည် ဥပဒေချိုးဖောက်သည့် ပြစ်မှုဟု သတ်မှတ်နိုင်သည့် မည်သည့်လုပ်ရပ်ကိုမဆို ကျူးလွန်ရန် အပေါင်းအဖော်များက အဓမ္မ စေခိုင်း၍ ကျူးလွန်ရခြင်းဖြစ်သည်ဟု အကြောင်းပြချက်ပေးကာ ဤခြွင်းချက်တွင် ပြဋ္ဌာန်းထားသည့် လွတ်ငြိမ်းခွင့်ကို ခံစားပိုင်ခွင့် မရှိစေရ။

ရှင်းလင်းချက် ၂။ - ဂိုဏ်းဖွဲ့လုယက်သူများက ဖမ်းဆီးခေါ်ဆောင်ကာ လက်ငင်း အသက်ဆုံးရှုံးရမည်ဟု ခြိမ်းခြောက်၍ ဥပဒေချိုးဖောက်သည့် ပြစ်မှုဟု သတ်မှတ်နိုင်သည့် မည်သည့်လုပ်ရပ်ကိုမဆို ကျူးလွန်ရန် - သာဓကဖော်ပြရသော် ပန်းပဲထုလုပ်သူအား ၎င်း၏ အသက်မွေးဝမ်းကျောင်း ကိရိယာများကို အသုံးပြု၍ ဂိုဏ်းဖွဲ့လုယက်သူများ ဝင်ရောက် လုယက်နိုင်စေရန်အလို့ငှာ အိမ်တစ်အိမ်၏ တံခါးအား အင်အားသုံးဖျက်ဆီးရန် ဖိအားပေး ခိုင်းစေခြင်းကဲ့သို့ - အဓမ္မစေခိုင်းခံရသူ မည်သူမဆိုသည် ဤခြွင်းချက်တွင် ပြဋ္ဌာန်းထားသည့် လွတ်ငြိမ်းခွင့်ကို ခံစားပိုင်ခွင့်ရှိသည်။ [Indian PC 1860, s. 94]

**မူဝါဒတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကို ထည့်သွင်းဖော်ပြခြင်း -** ဥပဒေတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်ကို အတိအလင်း ထည့်သွင်းဖော်ပြထားခြင်း မရှိသော်လည်း *လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး ဆိုင်ရာ နိုင်ငံတော်အဆင့် ဆောင်ရွက်မှုနည်းလမ်း ၂၀၁၆-၂၀၂၆* (လူကုန်ကူးမှုဆိုင်ရာ စင်္ကာပူအဖွဲ့အစည်းပေါင်းစုံ လုပ်ငန်းအဖွဲ့) မှ နစ်နာသူများ အား ကာကွယ်စောင့်ရှောက်ရေးအပိုင်းတွင် - 'နစ်နာသူများကို အလုပ်အကိုင်ဆိုင်ရာ နှင့်/သို့မဟုတ် လူဝင်မှု ကြီးကြပ်ရေးဆိုင်ရာ ဥပဒေများအား ချိုးဖောက်မှုအတွက် ဖြစ်စေ၊ သို့မဟုတ် ၎င်းတို့လူကုန်ကူးခံရခြင်း၏ တိုက်ရိုက် အကျိုးဆက်အဖြစ် ကျူးလွန်ခဲ့ရသည့် မည်သည့်လုပ်ရပ်မဆိုအတွက် ဖြစ်စေ တရားစွဲဆိုစစ်ဆေးခြင်း မပြုသင့်ပေ'[124] ဟု ဖော်ပြထားသည်။ ဤမူဝါဒဖော်ပြချက်၌ နစ်နာသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရာတွင် တိုက်ရိုက် အကျိုးဆက်အဖြစ် ကျူးလွန်ခြင်း ပုံစံကို ထင်ဟပ် ဖော်ပြထားသော်လည်း ဥပဒေတွင်မူ အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခြင်း ပုံစံကို ပိုမိုလိုလား အသုံးပြုထားသည်။

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား အနက်ဖွင့်ဆိုခြင်း

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား နားလည်သဘောပေါက်ခြင်း -** ၂၀၁၄ ခုနှစ် *လူကုန်ကူးမှု ကာကွယ်တားဆီးရေး အက်ဥပဒေ* တွင် တရားစွဲဆိုစစ်ဆေးခြင်းမှ အကာအကွယ်ပေးမှုအတွက် အတိအလင်း ထည့်သွင်းဖော်ပြထားခြင်း မရှိသော်လည်း လူပုဂ္ဂိုလ်တစ်ဦးကို ၎င်း၏ ရည်ရွယ်ဆန္ဒမပါရှိဘဲ အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခဲ့သည့် ပြစ်မှုအတွက် တာဝန်ခံစေခြင်း မပြုနိုင်ကြောင်း ယေဘုယျ နားလည်သဘောပေါက်ခြင်းကို ထည့်သွင်းဖော်ပြထားသည်။ ၂၀၁၇ ခုနှစ် လေ့လာချက်တစ်ရပ်တွင် Liberty Asia သည် အက်ဥပဒေအား အတည်ပြုရန်အတွက် လွှတ်တော်တွင်း ငြင်းခုံဆွေးနွေးမှုများနှင့်စပ်လျဉ်း၍ ဖော်ပြရာ၌ တရားစွဲဆိုစစ်ဆေးခြင်းမှ လွတ်ငြိမ်းပိုင်ခွင့်ကို အက်ဥပဒေတွင် ထည့်သွင်းဖော်ပြသင့်ကြောင်း အကြံပြုချက်များကို တုံ့ပြန်ခဲ့သည့် Mr. Christopher de Souza (အက်ဥပဒေကို ဥပဒေကြမ်းအဖြစ် တင်ပြခဲ့သူ) ၏ မှတ်ချက်များကို အောက်ပါအတိုင်း ဖော်ပြခဲ့သည် -

---

124 *National Approach against Trafficking in Persons 2016-2026* (Singapore Inter-Agency Task Force on Trafficking in Persons) 14. Available for download at: https://www.mha.gov.sg/what-we-do/combating-trafficking-in-persons

> လက်တွေ့အခြေအနေ၌ မိမိတို့နိုင်ငံ၏ အာဏာပိုင်များသည် နစ်နာသူတစ်ဦးကို ၎င်းလူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ရန် အဓမ္မစေခိုင်းခံရသည့် ပြစ်မှုများအတွက် တရားစွဲဆိုစစ်ဆေးလေ့မရှိဘဲ အကြောင်းရင်းမှာ ရိုးရှင်းစွာဖြင့်ပင် အဆိုပါ နစ်နာသူများသည် ၎င်းပြစ်မှုများကို ကျူးလွန်ရန်အတွက် လက်ခံခြင်း သို့မဟုတ် သဘောတူခြင်း မရှိသောကြောင့်ဖြစ်ပြီး ပြစ်မှုကျူးလွန်ရန် အဓမ္မစေခိုင်းခံရခြင်း ဖြစ်သည့်အလျောက် ပြစ်မှုမြောက်သည်ဟု သတ်မှတ်ရန် လိုအပ်သော ရည်ရွယ်ဆန္ဒ အင်္ဂါရပ်နှင့်ပင် ပြည့်စုံခြင်း မရှိနိုင်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ၎င်းဥပဒေရေးရာ အခြေခံမှုများကို အသုံးချ၍ အတိုင်းအတာတစ်ခုအထိ အဆင်ချော စေရန် ကျင့်သုံးနိုင်သည်ဟု မိမိအနေဖြင့် ထင်မြင်သည်။ အစိုးရရှေ့နေသည် အသေးစိတ် စစ်ဆေးသုံးသပ်ရာတွင် သက်ဆိုင်ရာပုဂ္ဂိုလ်က ရာဇဝတ်တာဝန်ကို အနိမ့်ဆုံး မည်မျှ အတိုင်းအတာအထိ ခံယူသင့်သည်အပေါ် အခြေမခံဘဲ အမှုဖြစ်စဉ်တစ်ခုချင်းစီ၏ အချက်အလက်အပြည့်အစုံအပေါ် အခြေခံ၍ ဆောင်ရွက်ခြင်းဖြစ်သည်။ ဤ လုပ်ငန်းစဉ် သည် ပြစ်မှုအမျိုးအစား အားလုံးအတွက် တစ်သမတ်တည်းဖြစ်ပြီး ဥပဒေကြမ်းသည် အစိုးရရှေ့နေ၏ ကိုယ်ပိုင်ဆုံးဖြတ်ကျင့်သုံးပိုင်ခွင့်ကို နှောင့်ဖွဲ့ခြင်း မရှိစေသင့်ပေ။[125]

**လူကုန်ကူးမှုနှင့် နစ်နာသူကကျူးလွန်သည့် ပြစ်မှုအကြား ဆက်နွှယ်မှုကို ဖော်ထုတ်ခြင်း** - ဖော်ပြခဲ့သည့်အတိုင်းပင် နစ်နာသူတစ်ဦးက ကျူးလွန်သည့်ပြစ်မှုများအတွက် ခုခံချေပရာတွင် အသုံးပြုနိုင်သည့် ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များသည် အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခြင်း ပုံစံကို အသုံးချပြီး *လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး ဆိုင်ရာ နိုင်ငံတော်အဆင့် ဆောင်ရွက်မှုနည်းလမ်း ၂၀၁၆-၂၀၂၆* တွင် အသုံးချထားသည့် ပိုမိုကျယ်ပြန့်ခြုံငုံသော တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခြင်း ပုံစံနှင့် ကွဲလွဲဆန့်ကျင်နေသည်။ လူကုန်ကူးသူများက ထင်ရှားရန် ခက်ခဲသော နည်းလမ်းများအား အသုံးပြုခြင်းသည် နစ်နာသူအနေဖြင့် ဤခုခံချေပချက်များကို အသုံးပြုနိုင်ရန် လိုအပ်သည့် 'အဓမ္မစေခိုင်းခံရမှု' ကို သက်သေထူရန် လုံလောက်မှု ရှိ၊ မရှိ ရှင်းလင်းစွာ မသိရှိရပေ။

**ပြစ်မှုကျူးလွန်ရန် အဓမ္မစေခိုင်းခံရသည့် နစ်နာသူက အသုံးပြုနိုင်သည့် ခုခံချေပချက်များ** - နစ်နာသူက ခေါင်းပုံဖြတ်ခံရန် သဘောတူညီချက်ပေးသည့် အခြေအနေများ အပါအဝင် လူကုန်ကူးခံရသည့် နစ်နာသူများအပေါ် လူကုန်ကူးသူများက ထင်ရှားရန်ခက်ခဲသည့် နည်းလမ်းများ အသုံးပြုခြင်းကိုပါ ခြုံငုံမိစေရန်အလို့ငှာ *ရာဇသတ်ကြီး ဥပဒေ* ၏ အပိုဒ် ၉၄ ကို ကျယ်ပြန့်စွာ အနက်ဖွင့်ဆိုခြင်း ရှိ၊ မရှိ ထည့်သွင်းစဉ်းစားနိုင်သည်။ လူကုန်ကူးခံရသည့် နစ်နာသူများသည် ၎င်းတို့ကိုယ်တိုင် သို့မဟုတ် အခြားသူများ လက်ငင်းအသက်ဆုံးရှုံးရနိုင်သည်ဟု ကျိုးကြောင်းဆီလျော်မှုရှိစွာ နားလည်လက်ခံနိုင်သည့် အခြေအနေများတွင် ခြိမ်းခြောက်၍ အဓမ္မ စေခိုင်းခံရသောကြောင့် ပြစ်မှုမြောက်သည့်လုပ်ရပ်များကို ကျူးလွန်ရခြင်းဖြစ်ပါက ခုခံချေပချက်များကို အသုံးပြုနိုင်သည်။ ဤခုခံချေပချက်သည် သေဒဏ်ချမှတ်နိုင်သော *ရာဇသတ်ကြီး ဥပဒေ* တွင် ဖော်ပြထားသည့် လူသတ်မှု၊ မုသားသက်သေခံမှုနှင့် စားပြတိုက်မှုတို့အပြင် *မူးယစ်ဆေးဝါး အလွဲသုံးခြင်း အက်ဥပဒေ* တွင် ဖော်ပြထားသည့် မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုအများအပြားအတွက် အကျုံးဝင်ခြင်း မရှိပါ။ မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်း၍ တရားရုံးတော်သည် အပိုဒ် ၃၃(ခ) အရ သတ်မှတ်ထားသော အခြေအနေရပ်များတွင် သေဒဏ်မချမှတ်ရန် ရွေးချယ်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ လူပုဂ္ဂိုလ်တစ်ဦးသည် မိမိ၏ ကိုယ်ခန္ဓာ သို့မဟုတ် ပစ္စည်းဥစ္စာကို ခုခံကာကွယ်ရန်အတွက် ပုဂ္ဂလ ခုခံကာကွယ်ခွင့်ရှိကြောင်းကိုလည်း အပိုဒ် ၉၇ တွင် ပြဋ္ဌာန်းထားသည်။ သို့ရာတွင် သေဆုံးခြင်း သို့မဟုတ် အပြင်းအထန် ဒဏ်ရာရခြင်းကို ဖြစ်ပွားစေနိုင်သည်ဟု ကျိုးကြောင်းခိုင်လုံစွာ ယူဆသတ်မှတ် နိုင်ခြင်းမရှိသော လုပ်ရပ်များအတွက်၊ သို့မဟုတ် ကျူးလွန်သူသည် အစိုးရအာဏာပိုင်များထံမှ အကာအကွယ်

---

[125] ASEAN & ACTIP: Using a Regional Legal Framework to Fight a Global Crime (Liberty Asia, 2017) 113. Also see https://www.todayonline.com/singapore/anti-human-trafficking-laws-passed-parliament

တောင်းခံရန် ဆောင်ရွက်နိုင်သည့် အချိန်ရှိသော ဖြစ်ရပ်များတွင် အဆိုပါ ပုဂ္ဂလ ခုခံကာကွယ်ပိုင်ခွင့်သည် အကျုံးမဝင်ပေ။ ထို့ကြောင့်ပင် ထိုသို့သော ခုခံချေပချက်များကို အသုံးချခြင်းသည် လူပုဂ္ဂိုလ်တစ်ဦး၏ အမှုဖြစ်စဉ်အပေါ် အလွန်တည်မှီနေမည်ဖြစ်ပြီး အလွန်ဆိုးရွားပြင်းထန်သော လူကုန်ကူးမှု အသွင်သဏ္ဌာန်များကို ကြုံတွေ့ခံစားရသည့် နစ်နာသူများက ကျူးလွန်သော ပြစ်မှုများအတွက်သာလျှင် အကျုံးဝင်နိုင်ခြေရှိသည်။

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ကျင့်သုံးခြင်း

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ကျင့်သုံးရန် ရာဇဝတ်ဆိုင်ရာ လုပ်ထုံးလုပ်နည်း ချမှတ်ခြင်း -** စင်ကာပူနိုင်ငံ၏ တရားစွဲဆိုစစ်ဆေးခြင်းဆိုင်ရာ မူဝါဒသည် လူပုဂ္ဂိုလ်တစ်ဦးအနေဖြင့် အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ရသော လုပ်ရပ်များကြောင့် တရားစွဲဆိုစစ်ဆေးခံရခြင်း မရှိသည့် သီးခြားပုဂ္ဂလ အခြေအနေရပ်အပေါ် အခြေတည်ထားခြင်း မဟုတ်ပေ။ ထိုအစား တရားစွဲဆိုစစ်ဆေးရန် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အမှုဖြစ်စဉ်တစ်ခု၏ အချက်အလက်များနှင့် အခြေအနေရပ်များ အားလုံးကို ထည့်သွင်းစဉ်းစားကာ ပြစ်မှုကျူးလွန်သည့် အချိန်၌ တည်ရှိနေသော အခြေအနေအရပ်ရပ်ကို စုံစမ်းစစ်ဆေးသူများက အတည်ပြုစစ်ဆေးပြီး တရားစွဲဆိုစစ်ဆေးခြင်း ပြုမည်၊ မပြုမည်ကို ဆုံးဖြတ်ရန်အတွက် နောက်ခံအချက်အလက်များကို ပံ့ပိုးပေးသည်။ ရှေ့နေချုပ်ရုံးသည် မည်သည့် ရာဇဝတ်ဆိုင်ရာ စစ်ဆေးကြားနာမှုကိုမဆို အစပြုရန်၊ ဆောင်ရွက်ရန် သို့မဟုတ် ရပ်တန့်ရန် ဆုံးဖြတ် ဆောင်ရွက်ပိုင်ခွင့် ရှိသည်။ ထိုသို့ ဆုံးဖြတ်သတ်မှတ်ရာ၌ အမှု၌ ပတ်သက်ပါဝင်သူများ၏ ရာဇဝတ်တာဝန်ခံသင့်မှု အပါအဝင် အမှုဖြစ်စဉ်နှင့်သက်ဆိုင်သည့် အချက်အလက်များ အားလုံးကို အသေးစိတ် စိစစ်သုံးသပ်မှု ဆောင်ရွက်သည်။ ထို့ကြောင့် လူပုဂ္ဂိုလ်တစ်ဦးသည် ၎င်းလူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ပြစ်မှုမြောက်သည့် လုပ်ရပ်များအား ကျူးလွန်ခဲ့ရခြင်းဖြစ်ကြောင်း ဤလုပ်ငန်းစဉ်မှတစ်ဆင့် ဆုံးဖြတ် သတ်မှတ်ခံရပါက ၎င်းအား တရားစွဲဆိုစစ်ဆေးခြင်း ခံရမည်မဟုတ်ပေ။

## နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အခက်အခဲများ

**နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဥပဒေပိုင်နက်ဆိုင်ရာ အခက်အခဲများ -** စင်ကာပူသို့ နိုင်ငံဖြတ်ကျော် လူကုန်ကူးခံရသည့် နစ်နာသူများကို ၎င်းတို့၏ နေရပ်နိုင်ငံများက (သံရုံးများမှတစ်ဆင့်ဖြစ်စေ သို့မဟုတ် ၎င်းတို့အား နေရပ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ချိန်၌ဖြစ်စေ) လူကုန်ကူးခံရသည့် နစ်နာသူများအဖြစ် သတ်မှတ်သော်လည်း စင်ကာပူနိုင်ငံတွင် အာဏာပိုင်များက ထိုသို့သတ်မှတ်ခြင်း မရှိသည့်အလျောက် စင်ကာပူတွင် ၎င်းနစ်နာသူများသည် ပြစ်ဒဏ်ချမှတ်ခံရနိုင်ကြောင်း ပညာရှင်များက ထောက်ပြဆွေးနွေးခဲ့ကြသည်။

## နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းဆိုင်ရာ အခက်အခဲများ

**နစ်နာသူများကို ပြစ်ဒဏ်ချမှတ်ခြင်းမှ အကာအကွယ်ပေးရန်အတွက် ဖော်ထုတ်အတည်ပြုခြင်းကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် လိုအပ်ချက် -** ဖော်ထုတ်အတည်ပြုခြင်း လုပ်ငန်းစဉ်များ ပိုမိုခိုင်မာ ကောင်းမွန်လာစေရန်အတွက် လူကုန်ကူးမှုနှင့်စပ်လျဉ်းသည့် အသိပညာမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် အကူအညီတောင်းခံရန် အာဏာပိုင်များထံ ချဉ်းကပ်ဆက်သွယ်လာသည့် နစ်နာသူများ ကြုံတွေ့ရသည့် အဟန့်အတားများအား ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ကြောင်း မှတ်ချက်ပြုဆွေးနွေးခဲ့ကြသည်။ ယခုဖော်ပြခဲ့သည့် ဖော်ထုတ်အတည်ပြုခြင်းဆိုင်ရာ လိုအပ်ချက်များကို ၂၀၂၀ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အမေရိကန်ပြည်ထောင်စု အစီရင်ခံစာတွင်လည်း ထည့်သွင်းဖော်ပြထားပြီး အာဏာပိုင်များသည် လူကုန်ကူးခံရသည့် နစ်နာသူများအပေါ် အကြွေးနှင့် စိတ်ပိုင်းဆိုင်ရာ ဖိအားပေးခြင်းတို့၏ သက်ရောက်မှုကို လုံလောက်စွာ နားလည်မှု

မရှိကြောင်းနှင့် ရလဒ်အနေဖြင့် ဖော်ထုတ်အတည်ပြုခြင်း မခံရသည့် နစ်နာသူများသည် ပြစ်ဒဏ်ချမှတ်ခြင်းကို ကြုံတွေ့ရနိုင်ကြောင်း NGO များ၏ ထောက်ပြဆွေးနွေးချက်ကို ဖော်ပြခဲ့သည်။[126] ၂၀၂၁ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အမေရိကန်ပြည်ထောင်စု အစီရင်ခံစာတွင် ဤတွေ့ရှိချက်ကိုပင် ထပ်မံဖော်ပြပြီး ရဲတပ်ဖွဲ့သည် လိုင်စင်မဲ့ ပြည့်တန်ဆာအိမ်များအား 'ဝင်ရောက်စီးနင်းမှုများ' ဆောင်ရွက်ရာတွင် လူကုန်ကူးမှုအား ညွှန်ပြနေသည့် အချက်များကို တစ်သမတ်တည်း စစ်ဆေးစိစစ်ခြင်း မရှိဘဲ ရလဒ်အနေဖြင့် ဖော်ထုတ် အတည်ပြုခြင်း မခံရသော လူကုန်ကူးခံရသည့် နစ်နာသူများသည် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ချိုးဖောက်မှုများ သို့မဟုတ် ပြည့်တန်ဆာမှုပြုရန် အများပြည်သူအား သွေးဆောင်ခြင်းကြောင့် ပြစ်ဒဏ်ချမှတ်ခြင်းကို ကြုံတွေ့ရနိုင်ကြောင်း NGO များ၏ ထောက်ပြဆွေးနွေးချက်ကို ဖော်ပြခဲ့သည်။[127]

## နစ်နာသူအား ပြစ်ဒဏ်ချမှတ်ခြင်းဆိုင်ရာ လက်တွေ့အခြေအနေများ

**လက်တွေ့အခြေအနေတွင် နစ်နာသူများအား ဖော်ထုတ်အတည်ပြုမှု မရှိခြင်း၏ ရလဒ်အနေဖြင့် နစ်နာသူအား ပြစ်ဒဏ်ချမှတ်ခြင်းကို ကြုံတွေ့ရခြင်း -** လူကုန်ကူးခံရသည့် ပုဂ္ဂိုလ်များကို တရားဝင် ဖော်ထုတ်အတည်ပြုခြင်း မရှိဘဲ တရားမဝင် အလုပ်လုပ်ကိုင်ခြင်း သို့မဟုတ် လိုအပ်သည့် စာရွက်စာတမ်းများမရှိဘဲ အလုပ် လုပ်ကိုင်ခြင်းကြောင့် ရာဇဝတ်ပြစ်ဒဏ်ချမှတ်သည့် ဖြစ်ရပ်များ ရှိခဲ့ကြောင်း သိရှိရသည်။ ထိုသို့သော အခြေအနေများကို လိင်လုပ်ငန်း လုပ်ကိုင်သည့် အမျိုးသမီးများ၊ အထူးသဖြင့် ပြည်ပနိုင်ငံသား အမျိုးသမီးများ ကြုံတွေ့ရတတ်ကြောင်း မှတ်ချက်ပြုခဲ့ပြီး အဆိုပါအမျိုးသမီးများသည် ကိုယ်ထိလက်ရောက် ရိုက်နှက်ခံရခြင်း၊ အနိုင်ကျင့်ခံရခြင်း သို့မဟုတ် ခေါင်းပုံဖြတ်ခံရခြင်းတို့ကြောင့် ရဲတပ်ဖွဲ့ထံ အကူအညီတောင်းခံသော်လည်း ရလဒ်အနေဖြင့် နိုင်ငံဝင်ခွင့်မရှိဘဲ အလုပ်လုပ်ကိုင်ခြင်းကြောင့် ရာဇဝတ်ပြစ်ဒဏ်ချမှတ်ခြင်းကို ကြုံတွေ့ရသည်။ ဆောက်လုပ်ရေးနှင့် ကုန်ပစ္စည်းပို့ဆောင်ရေး လုပ်ငန်းများ အတွင်းသို့ လူကုန်ကူးခံရပြီး လူကုန်ကူးခံရကြောင်း ဖော်ထုတ်အတည်ပြုမခံရသည့် အမျိုးသားများလည်းရှိပြီး ၎င်းတို့ကို တရားမဝင် အလုပ်လုပ်ကိုင်မှုဖြင့် တရားစွဲဆိုကြောင်း သာဓကများကိုလည်း ဖော်ပြခဲ့သည်။

**နစ်နာသူများနှင့် အခြားသူများကို ပြစ်ဒဏ်ချမှတ်ရန် လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေကို အလွဲသုံးခြင်း -** အချို့သော ဥပဒေရေးရာ စာချုပ်စာတမ်းများ၏ ကြီးလေးစွာ ပြစ်ဒဏ်ချမှတ်သည့် သဘောသဘာဝသည် လူကုန်ကူးခံရသည့် နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခြင်းအပေါ် သက်ရောက်မှုရှိနိုင်သည်။ ဥပမာဖော်ပြရသော် *လူကုန်ကူးမှု ကာကွယ်တားဆီးရေး အက်ဥပဒေ* ၏ အပိုဒ် ၈ တွင် ဖော်ပြထားသည့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ပိုင်ခွင့်များအရ ရဲအရာရှိများသည် အက်ဥပဒေတွင် ဖော်ပြထားသည့် ပြစ်မှုတစ်စုံတစ်ရာ ဖြစ်ပွားနေသည်ဟု ယုံကြည်နိုင်သောအကြောင်း ခိုင်လုံစွာရှိသည့် မည်သည့်ပရိဝုဏ်အတွင်းသို့မဆို ဝရမ်းမလိုအပ်ဘဲ ဝင်ရောက်ခြင်း၊ မည်သည့်ပုဂ္ဂိုလ်များကိုမဆို ထိန်းသိမ်းကာ စစ်ဆေးမေးမြန်းခြင်းတို့ ဆောင်ရွက်နိုင်ရန် လုပ်ပိုင်ခွင့်ပေးထားသည်။ လူပုဂ္ဂိုလ်တစ်ဦးသည် အက်ဥပဒေ၏ အပိုင်း ၂ တွင် ဖော်ပြထားသည့် မည်သည့်ပြစ်မှုကိုမဆို ကျူးလွန်နေသည် သို့မဟုတ် ကျူးလွန်ခဲ့သည်ဟု ကျိုးကြောင်းခိုင်လုံစွာ သံသယရှိပါက ရဲအရာရှိသည် အဆိုပါပုဂ္ဂိုလ်အား ဝရမ်းမလိုဘဲ ဖမ်းဆီးထိန်းသိမ်းခွင့်ရှိကြောင်း အပိုဒ် ၈ တွင် ပြဋ္ဌာန်းထားသည်။ ဤသို့ဆောင်ရွက်ရာ၌ ရဲအရာရှိ သို့မဟုတ် တရားဥပဒေစိုးမိုးရေး အရာရှိကို နှောင့်ယှက်တားဆီးသည့် ပရိဝုဏ်အတွင်းရှိ မည်သူမဆိုသည် ရည်ရွယ်ဆန္ဒရှိစွာဖြင့် ဝတ္တရားနှောင့်ယှက်မှုမြောက်သည်ဟု အပိုဒ် ၁၇ အရ သတ်မှတ်နိုင်သည်။ မှားယွင်းသော ထွက်ဆိုဖော်ပြချက်များ သို့မဟုတ် သတင်းအချက်အလက်များ ပေးအပ်ခြင်း မပြုရန်လည်း အပိုဒ် ၂၀ ဖြင့် တားမြစ်ထားသည်။ ၎င်းပြစ်မှုနှစ်ရပ်လုံးအတွက် $၁၀,၀၀၀ ထက် မကျော်လွန်သော ငွေဒဏ် သို့မဟုတ် ၁၂ လ ထက် မကျော်လွန်သော ထောင်ဒဏ် သို့မဟုတ် ငွေဒဏ်ထောင်ဒဏ် နှစ်ရပ်လုံးကို ချမှတ်နိုင်သည်။ ဤပြဋ္ဌာန်းချက်များကို လူကုန်ကူးသူများ

[126] 2020 Trafficking in Persons Report: Singapore (US Department of State, 2020)
[127] 2021 Trafficking in Persons Report: Singapore (US Department of State, 2021)

အပေါ် မကျင့်သုံးဘဲ နစ်နာသူများအပေါ် ကျင့်သုံးမိနိုင်သည့် အန္တရာယ်သည် ဤပြဋ္ဌာန်းချက်များအား လက်တွေ့ကျင့်သုံးရာ၌ ပါဝင်ဆောင်ရွက်သည့် မည်သည့် အရာရှိမဆိုအတွက် အထူးရေးဆွဲထားသည့် လေ့ကျင့်သင်ကြားပေးမှုကို စီစဉ်ပို့ချပေးရန် လိုအပ်ကြောင်း ညွှန်ပြနေသည်။

**လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ရန် လူကုန်ကူးခံရသည့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ပြစ်ဒဏ်ချမှတ်ခံရနိုင်သည့် အန္တရာယ်** - လိင်လုပ်ငန်းလုပ်ကိုင်နေသည့် လူကုန်ကူးခံရသော နစ်နာသူတစ်ဦးအား လူကုန်ကူးခံရသည့် နစ်နာသူအဖြစ် တရားဝင် ဖော်ထုတ်အတည်ပြုပြီးနောက် ခွင့်ပြုချက်ကိုကျော်လွန်၍ အလုပ်လုပ်ကိုင်ခြင်းအတွက် တရားစွဲဆိုခြင်းမရှိသည့် ဖြစ်ရပ်အပါအဝင် စင်္ကာပူနိုင်ငံတွင် အလေ့အထကောင်းများ ကျင့်သုံးမှုရှိကြောင်း မှတ်ချက်ပြုဖော်ပြခဲ့သည်။ တရားစွဲဆိုမည့်အစား အဆိုပါနစ်နာသူကို ကာကွယ် စောင့်ရှောက်၍ ၎င်းအား နေရာချပေးခဲ့သည့် ခိုလှုံရာဌာနအပြင်ဘက်တွင် အလုပ်လုပ်ကိုင်ရန် အခွင့်အရေး ပေးခဲ့သည်။ သို့ရာတွင် နစ်နာသူများကို ပြည့်တန်ဆာပြုခြင်းဆိုင်ရာ ပြစ်မှုများအတွက် ပြစ်ဒဏ်ချမှတ်နိုင်သည့် အန္တရာယ်များရှိကြောင်းကိုလည်း ပညာရှင်များက မှတ်ချက်ပြုဖော်ပြခဲ့ပြီး ဖိလစ်ပိုင်၊ ထိုင်းနှင့် အင်ဒိုနီးရှားမှ အမျိုးသမီးများသည် ရဲတပ်ဖွဲ့ထံ သွားရောက်အကူအညီတောင်းခံသော်လည်း ရာဇဝတ်ပြစ်ဒဏ် ချမှတ်ခံခဲ့ရသည့် ဖြစ်ရပ်များကို ဖော်ပြခဲ့ကြသည်။ စင်္ကာပူနိုင်ငံ၏ *အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ကျူးလွန်သော ပြစ်မှုများဆိုင်ရာ ၁၉၉၇ ခုနှစ် အမျိုးသမီးရေးရာ ပဋိညာဉ်စာတမ်း* တွင် ပြည့်တန်ဆာပြုခြင်းနှင့် တရားရေး စစ်ဆေးကြားနာမှုများ မဆောင်ရွက်မီ အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ဘေးကင်းလုံခြုံသည့် နေရာ၌ ထိန်းသိမ်းထားရှိခြင်းနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ (အပိုဒ် ၁၅၅)၊ 'ကိုယ်ကျင့်တရားနှင့် မလျော်ညီသည့် ရည်ရွယ်ချက်များအတွက် လေ့ကျင့်သင်ကြားပေးထားသည့် သို့မဟုတ် အသုံးချခံရသည့်' အသက် ၂၁ နှစ်အောက် အမျိုးသမီးများ သို့မဟုတ် မိန်းကလေးငယ်များကို လုပ်ငန်းခွင်မှဖယ်ရှား၍ ဘေးကင်းလုံခြုံသည့် နေရာ၌ ထိန်းသိမ်း ထားရှိခြင်း (အပိုဒ် ၁၅၉) နှင့် အခြားဖြစ်စဉ်များ (အပိုဒ် ၁၆၀)၊ ၎င်းတို့ကို လုပ်ငန်းခွင်မှဖယ်ရှား၍ မလေးရှား၊ ဘရူနိုင်းဒါရူစလမ် သို့မဟုတ် ဟောင်ကောင်သို့ ပြန်လည်ပို့ဆောင်ခြင်း (အပိုဒ် ၁၆၅) သို့မဟုတ် ၎င်းနေရာများမှ ခေါ်ယူလက်ခံ၍ စင်္ကာပူတွင် ထိန်းသိမ်းခြင်း(အပိုဒ် ၁၆၇) နှင့် ထိန်းသိမ်းထားရှိသည့် နေရာကို စွန့်ခွာခြင်းအတွက် ဖမ်းဆီးခြင်း (အပိုဒ် ၁၆၉) တို့ကို ထည့်သွင်းဖော်ပြထားသည်။

**အဓမ္မလုပ်အားခိုင်းစေရန် ခေါင်းပုံဖြတ်ခံရသည့် နစ်နာသူများ ပြစ်ဒဏ်ချမှတ်ခံရနိုင်သည့် အန္တရာယ်** - လိင်လုပ်ငန်းတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ခေါင်းပုံဖြတ်ခြင်းအပြင် ဆောက်လုပ်ရေး လုပ်ငန်းခွင်များနှင့် သင်္ဘောကျင်းများသို့ လူကုန်ကူးခံရသည့် အမျိုးသား နစ်နာသူများကို တရားမဝင် အလုပ်လုပ်ကိုင်ခြင်း သို့မဟုတ် သတ်မှတ်ခွင့်ပြုချက်မရှိဘဲ အလုပ်လုပ်ကိုင်ခြင်း၊ သို့မဟုတ် အချို့ဖြစ်စဉ်များတွင် လွဲမှားစွာ ထွက်ဆိုဖော်ပြခြင်းအတွက် ဖမ်းဆီးထိန်းသိမ်းခံရသည့် သာဓကများကို ဖော်ပြခဲ့သည်။ စင်္ကာပူသည် ငါးဖမ်းလုပ်ငန်းအတွင်းသို့ လူကုန်ကူးခံရသည့် ASEAN နိုင်ငံများမှ အမျိုးသားများအတွက် ကြားနိုင်ငံတစ်ခု ဖြစ်ကြောင်းကိုလည်း အသိအမှတ်ပြုထားကြသည်။

**နိုင်ငံသားမဟုတ်သည့် နစ်နာသူများ ပြစ်ဒဏ်ချမှတ်ခံရနိုင်သည့် အန္တရာယ်** - *လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေ* တွင် 'တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများ' ဟူသည်ကို 'မိမိကိုယ်တိုင် ရှာဖွေစားသောက်နိုင်သည့် နည်းလမ်းရှိကြောင်း ဖော်ပြခြင်းမပြုနိုင်သည့် မည်သူမဆို'၊ 'ပြည့်တန်ဆာပြုခြင်းမှ ရရှိသည့်ငွေကြေးဖြင့် စားသောက်နေထိုင်သည့် သို့မဟုတ် ၎င်းလုပ်ငန်းမှ ငွေကြေးလက်ခံရရှိသည့် သို့မဟုတ် စင်္ကာပူနိုင်ငံသို့ မရောက်ရှိမီက ပြည့်တန်ဆာပြုခြင်းမှ ရရှိသည့်ငွေကြေးဖြင့် စားသောက်နေထိုင်သည့် သို့မဟုတ် ၎င်းလုပ်ငန်းမှ ငွေကြေးလက်ခံရရှိသည့် မည်သည့် ပြည့်တန်ဆာ သို့မဟုတ် မည်သူမဆို'၊ သို့မဟုတ် '[မှန်ကန်ခိုင်လုံသော] ခရီးသွားစာရွက်စာတမ်းများ လက်ဝယ်မရှိသူ သို့မဟုတ် အတုပြုလုပ်ထားသော သို့မဟုတ် ပြင်ဆင်ထားသော ခရီးသွားစာရွက်စာတမ်းများ လက်ဝယ်ပိုင်ဆိုင်ထားသူ မည်သူမဆို' အပါအဝင် 'တရားမဝင်ဟု သတ်မှတ်ထားသည့် အင်္ဂါရပ်များနှင့် ကိုက်ညီနေသည့် ပုဂ္ဂိုလ်များ' ဟု

ရည်ညွှန်းဖော်ပြထားသည်။[128] ဤဖြစ်စဉ်တွင် လူပုဂ္ဂိုလ်အနေဖြင့် ၎င်းသည် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ မဟုတ်ကြောင်း သက်သေပြရမည့် သက်သေထူရန်တာဝန် ရှိသည်။ ဤပြဋ္ဌာန်းချက်သည် လူကုန်ကူးခံရသည့် နစ်နာသူ အားလုံးမဟုတ်လျှင်ပင် အများစုအပေါ် အကျုံးဝင်နေနိုင်သဖြင့် ဖော်ထုတ်အတည်ပြုခြင်း လုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်မှု၏ အရေးပါပုံကို ထပ်မံ၍ မီးမောင်းထိုးဖော်ပြလျက်ရှိသည်။[129]

## ၂.၉ ထိုင်း

ဤလေ့လာချက်အတွက် ထိုင်းနိုင်ငံတွင် ဆွေးနွေးပွဲနှစ်ခုကို ကျင်းပဆောင်ရွက်ခဲ့ပြီး အစိုးရနှင့် အစိုးရမဟုတ်သော လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး အဖွဲ့အစည်းများကို ကိုယ်စားပြု၍ တက်ရောက်ပါဝင်ကြသူ စုစုပေါင်း ၃၈ ဦး ရှိခဲ့ပါသည်။ ဤအပိုင်းတွင် ၎င်းတို့၏ ထိုးထွင်းသုံးသပ်ချက်များကို အဓိကအသုံးချထားပြီး အများပြည်သူ ရယူနိုင်သည့် သတင်းအချက်အလက်များကိုလည်း အသုံးပြုထားပါသည်။

### ဥပဒေနှင့် မူဝါဒတို့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို ထည့်သွင်းဖော်ပြခြင်း

**လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်ကို အတိအလင်း ထည့်သွင်းဖော်ပြခြင်း -** *လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး အက်ဥပဒေ* B.E. ၂၅၅၁ (၂၀၀၈) ၏ အပိုဒ် ၄၁ နှင့် ၎င်းကို မွမ်းမံပြင်ဆင်ထားသည့် ၂၀၁၅ (BE ၂၅၅၈) နှင့် ၂၀၁၇ (BE ၂၅၆၀) ဥပဒေအရ တရားရေးဝန်ကြီးထံမှ စာဖြင့် ရေးသားထားသည့် ခွင့်ပြုချက်မရှိဘဲ နစ်နာသူများကို တရားမဝင် နိုင်ငံတွင်းသို့ ဝင်ရောက်ခြင်း သို့မဟုတ် နေထိုင်ခြင်း၊ အချက်အလက်မှားများ ဖော်ပြခြင်း၊ စာရွက်စာတမ်းဆိုင်ရာ ပြစ်မှုများ၊ ပြည့်တန်ဆာပြုခြင်းဆိုင်ရာ ပြစ်မှုများ သို့မဟုတ် အလုပ်လုပ်ကိုင်ခြင်းဆိုင်ရာ ပြစ်မှုများအတွက် တရားစွဲဆိုစစ်ဆေးခြင်း ဆောင်ရွက်ပိုင်ခွင့် မရှိကြောင်း ဖော်ပြထားသည် -

> တရားရေးဝန်ကြီး၏ စာဖြင့်ရေးသားထားသည့် ခွင့်ပြုချက်မရှိဘဲ စုံစမ်းစစ်ဆေးရေး အရာရှိသည် မည်သည့် လူကုန်ကူးခံရသည့် နစ်နာသူကိုမဆို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေအရ ခွင့်ပြုချက်မရှိဘဲ တရားမဝင် နိုင်ငံတွင်းသို့ ဝင်ရောက်ခြင်း သို့မဟုတ် နေထိုင်ခြင်း၊ နိုင်ငံတွင်းမှ ထွက်ခွာခြင်း၊ တာဝန်ရှိသူအရာရှိထံ အချက်အလက်မှားများ ဖော်ပြခြင်း၊ ရာဇသတ်ကြီး ဥပဒေအရ ခရီးသွားစာရွက်စာတမ်းကို အတုပြုလုပ်ခြင်း သို့မဟုတ် အသုံးပြုခြင်း၊ ပြည့်တန်ဆာပြုခြင်းကို ကြိုတင်ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်နှိမ်နင်းရေးဆိုင်ရာ ဥပဒေအရ ပြစ်မှုကျူးလွန်ခြင်း၊ အထူးသဖြင့် ပြည့်တန်ဆာ ပြုစေရန် ရည်ရွယ်ချက်ဖြင့် လူပုဂ္ဂိုလ် တစ်ဦးကို ဆက်သွယ်ခြင်း၊ သွေးဆောင်ခြင်း၊ မိတ်ဆက်ခြင်းနှင့် ပြည့်တန်ဆာမှုတောင်းခံခြင်းနှင့် ပြည့်တန်ဆာမှု ကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် ပြည့်တန်ဆာပြုသည့်နေရာတွင် စုရုံးခြင်း သို့မဟုတ် ပြည်ပနိုင်ငံ သားများ အလုပ်လုပ်ကိုင်ခြင်းဆိုင်ရာ ဥပဒေအရ ပေးအပ်ထားသည့် ခွင့်ပြုချက်မရှိဘဲ အလုပ်လုပ်ကိုင်သည့် ပြည်ပနိုင်ငံသားဖြစ်ခြင်းတို့ကြောင့် ရာဇဝတ်ဆိုင်ရာ စစ်ဆေး ကြားနာမှုကို ဆောင်ရွက်ခြင်းမရှိစေရ။

[128] Immigration Act c. 133 (M. Ordinance 12 of 1959, rev'd ed. Jan 1, 2008) pt. II

[129] Marija Jovanović, International Law and Regional Norm Smuggling: How the EU and ASEAN Redefined the Global Regime on Human Trafficking, *The American Journal of International Law*, 2021, Vol. XX, 1, 20

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်ပါ ကန့်သတ်ချက်များနှင့် မွမ်းမံပြင်ဆင်မှုအတွက် တရားရေး တာဝန်ရှိသူများ၏ အကြံပြုချက်များ -** ဥပဒေပါ အပိုဒ် ၄၁ အရ လူကုန်ကူးခံရသည့် နစ်နာသူကို တရားရေးဝန်ကြီး ထံမှ စာဖြင့်ရေးသားထားသည့် ခွင့်ပြုချက်ဖြင့် ရာဇဝတ်ဆိုင်ရာ စစ်ဆေးကြားနာမှုကို *ဆောင်ရွက်နိုင်သည်*။ ဤပြဋ္ဌာန်းချက်နှင့်စပ်လျဉ်း၍ ဖော်ပြဆွေးနွေးရာ၌ ၎င်းပြဋ္ဌာန်းချက်သည် အခွင့်အာဏာရှိသည့် အရာရှိတစ်ဦးက နစ်နာသူအဖြစ် တရားဝင် ဖော်ထုတ်အတည်ပြုထားသည့် နစ်နာသူများအတွက်သာ အကျုံးဝင်ပြီး အဆိုပါ အရာရှိ အနေဖြင့် ထိုသို့ဖော်ထုတ်သတ်မှတ်ရန် ဝတ္တရားမရှိသည့်နည်းတူ ၎င်းဆုံးဖြတ်ချက်အား သဘောမတူ၍ စိန်ခေါ် ဖြေရှင်းရန် ဆောင်ရွက်နိုင်သည့်အချက်များ မရှိခြင်းကြောင့် အကာအကွယ်ပေးရာတွင် သိသာထင်ရှားစွာ လစ်ဟာ မှုများ ပေါ်ပေါက်နိုင်သည်ဟု ဆွေးနွေးခဲ့ကြသည်။[130] ထို့အပြင် ဤပြဋ္ဌာန်းချက်သည် သတ်မှတ်ထားသည့် ပြစ်မှုများ အတွက်သာ အကျုံးဝင်သည်။ ဤကန့်သတ်ချက်များကို ဆွေးနွေးပွဲတက်ရောက်လာသူများက ဖော်ပြ ဆွေးနွေးခဲ့ကြပြီး အချို့က မှတ်ပုံတင်အတုပြုလုပ်ခြင်းကဲ့သို့ ထပ်ဆောင်းပြစ်မှုများအတွက်ပါ အကျုံးဝင်စေရန် ဤပြဋ္ဌာန်းချက်ကို ချဲ့ထွင်မွမ်းမံသင့်သည်ဟု အကြံပြုဆွေးနွေးခဲ့ကြသည်။ အချို့ကလည်း နစ်နာသူကို ပြစ်ဒဏ်ချမှတ်မှုမှ မည်သည့် အတိုင်းအတာအထိ အကာအကွယ်ပေးထားသည်ကို စုံစမ်းစစ်ဆေးရေးအရာရှိများ အနေဖြင့် ရှင်းလင်းစွာ သိရှိနိုင်ရန် ဥပဒေကို ရေးဆွဲသင့်ကြောင်း ဖော်ပြဆွေးနွေးခဲ့ကြသည်။ ထို့အပြင် နစ်နာသူများကို အမည်ပျက်စာရင်းသွင်းခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်မှုများအတွက် နိုင်ငံကူးလက်မှတ်များ၌ ထည့်သွင်းဖော်ပြခြင်း တို့ကို ပြည်ထဲရေးဝန်ကြီး အနေဖြင့် တားဆီးကာကွယ်ပေးနိုင်ရန် ဥပဒေတွင် အတိအလင်း ဖော်ပြထားနိုင်ကြောင်း အကြံပြုဆွေးနွေးခဲ့ကြသည်။

**အဓမ္မ လုပ်အားခိုင်းစေခြင်း သို့မဟုတ် မလွဲရှောင်သာ အလုပ်လုပ်ကိုင်ရခြင်းကို ကြုံတွေ့ခဲ့ရသည့် နစ်နာသူ-ကျူးလွန်သူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းကို တစိုက်မတ်မတ်ဆောင်ရွက်ခြင်း -** ထိုင်းနိုင်ငံသည် အဓမ္မလုပ်အားခိုင်းစေခြင်းဆိုင်ရာ ကွန်ဗင်းရှင်းအတွက် ILO တုံ့ပြန်မှုလုပ်ငန်းစဉ် (၂၀၁၄) ၌ လက်မှတ်ရေးထိုးထားသည့် နိုင်ငံဖြစ်ပြီး ယင်းလုပ်ငန်းစဉ်တွင် 'အဓမ္မလုပ်အားခိုင်းစေခံရသူများကို ၎င်းတို့ အဓမ္မလုပ်အားခိုင်းစေခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် မဖြစ်မနေကျူးလွန်ရသည့် ဥပဒေနှင့်မညီသော လုပ်ရပ်များတွင် ပါဝင်ပတ်သက်မှု အတွက် အခွင့်အာဏာရှိသော အာဏာပိုင်များက တရားစွဲဆိုစစ်ဆေးခြင်း သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်းများ ပြုလုပ်ခွင့် မရှိကြောင်း သေချာစေရန် လိုအပ်သည်များကို ဆောင်ရွက်ရမည်' ဟူ၍ ဖော်ပြထားသည်။ ပြည်တွင်းဥပဒေ၌ ဤပြဋ္ဌာန်းချက်အား လက်တွေ့အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍မူ ဆွေးနွေးခြင်းမရှိခဲ့ပေ။

**ဥပဒေပါ အခြား သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များ -** *လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး အက်ဥပဒေ* B.E. ၂၅၅၁ (၂၀၀၈) ၏ အပိုဒ် ၄၁ အပြင် ၎င်းအက်ဥပဒေ၏ အပိုဒ် ၃၁ သည်လည်း သက်ဆိုင်မှုရှိပြီး အစိုးရရှေ့နေများသည် လူကုန်ကူးခံရသည့် နစ်နာသူများအပါအဝင် မည်သူမဆိုကို သက်သေထွက်ဆိုရန်အတွက် တရားရုံးတော်သို့ ဆင့်ခေါ်ပိုင်ခွင့်ရှိပြီး ထိုသို့ဆင့်ခေါ်မှုကြောင့် နစ်နာသူများက ပါဝင်ပတ်သက်ခဲ့ရနိုင်သည့် ရာဇဝတ်လုပ်ရပ်များနှင့် စပ်လျဉ်းသည့် အခြေအနေအရပ်ရပ် အပြည့်အစုံကို ဖော်ထုတ်သိရှိနိုင်သောကြောင့် ရလဒ်အနေဖြင့် နစ်နာသူများ ပြစ်ဒဏ်ချမှတ်ခံရနိုင်သည့် အန္တရာယ် လျော့နည်းသွားသည်ဟု ထင်မြင်ကြောင်း ဖော်ပြဆွေးနွေးခဲ့ကြသည်။

**ရာဇဝတ်မှတ်တမ်းများ ပယ်ဖျက်ခြင်းကို ဥပဒေအရ ဆောင်ရွက်နိုင်မှု မရှိခြင်း -** ပြစ်မှုကျူးလွန်သူများ၏ ရာဇဝတ်မှတ်တမ်းများကို ရှင်းလင်းဖယ်ရှားရန် အသုံးပြုနိုင်သည့် *တော်ဝင်လွတ်ငြိမ်းခွင့်များနှင့် ကျူးလွန်သူများအား ပြန်လည်ထူထောင်ပြင်ဆင်ပေးခြင်း အက်ဥပဒေ* တွင် ဖော်ပြထားသည့် အနည်းငယ်သော အခြေအနေများမှအပ ရာဇဝတ်မှတ်တမ်းများကို ပယ်ဖျက်နိုင်ရန် ဖော်ပြထားသည့် အခြား ဥပဒေပြဋ္ဌာန်းချက် မရှိပေ။ သို့ရာတွင် တတိယ နိုင်ငံသို့ လူကုန်ကူးခံရသည့် နစ်နာသူတစ်ဦး၏ ရာဇဝတ်မှတ်တမ်းကို ပယ်ဖျက်ပေးရန် တရားရှေ့နေချုပ်ရုံးက နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် UNHCR တို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်တစ်ရပ် ရှိခဲ့ကြောင်းကို ကိုးကားဖော်ပြ

[130] Marija Jovanović, International Law and Regional Norm Smuggling: How the EU and ASEAN Redefined the Global Regime on Human Trafficking, *The American Journal of International Law*, 2021, Vol. XX, 1, 20

ဆွေးနွေးခဲ့ကြသည်။

**မူဝါဒတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ဖော်ပြချက် မပါရှိခြင်း -** မူဝါဒနှင့်စပ်လျဉ်း၍ လူမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘေးကင်းလုံခြုံရေး ဝန်ကြီးဌာန(MSDHS)က ထုတ်ပြန်သည့် *လူကုန်ကူးမှု တားဆီးကာကွယ်ရေး နှင့် နှိမ်နင်းတိုက်ဖျက်ရေးဆိုင်ရာ ဒုတိယအကြိမ် နိုင်ငံတော်အဆင့် မူဝါဒ၊ မဟာဗျူဟာများနှင့် အစီအမံများ* (၂၀၁၇-၂၀၂၁) တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူနှင့်စပ်လျဉ်း၍ ထည့်သွင်းဖော်ပြထားခြင်း မရှိသော်လည်း နစ်နာသူများအား ဖော်ထုတ်အတည်ပြုခြင်းကို ပိုမိုထိရောက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရသည်။

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား အနက်ဖွင့်ဆိုခြင်း

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူ၏ ရည်ရွယ်ချက်ကို နားလည်သဘောပေါက်ခြင်း -** ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို လိုက်နာစောင့်ထိန်းခြင်း၏ အကြောင်းရင်းနှစ်ရပ်ကို တရားရေးတာဝန်ရှိသူများက ဖော်ပြ ဆွေးနွေးခဲ့ကြသည်။ ပထမအချက်မှာ နစ်နာသူများကို ပြစ်မှုများအတွက် တရားမစွဲဆိုခြင်းမှာ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ရာဇဝတ်ဆိုင်ရာ စစ်ဆေးကြားနာမှုများတွင် မျက်မြင်သက်သေများအဖြစ် ပါဝင်ရန်အတွက် ၎င်းတို့ကို မက်လုံးပေး သိမ်းသွင်းရန် ဖြစ်သည်။ ဒုတိယအချက်မှာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူသည် လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရာတွင် နစ်နာသူဗဟိုပြု ချဉ်းကပ်နည်းဟန်၏ တစ်စိတ်တစ်ပိုင်း ဖြစ်သောကြောင့် ဖြစ်သည်။ အခြေခံမူ၏ ရည်ရွယ်ချက်ကို နားလည်သဘောပေါက်ရာတွင် ကွဲပြားနေသော ဤနားလည်မှုနှစ်မျိုးသည် အခြေခံမူအား မည်သို့ အနက်ဖွင့်ဆိုသည်အပေါ် သက်ရောက်လွှမ်းမိုးသည်။

**ပူးပေါင်းဆောင်ရွက်ခြင်းမရှိသည့် နစ်နာသူများကို ပြစ်ဒဏ်ချမှတ်ခြင်းမှ အကာအကွယ် ပေးသင့်၊ မပေးသင့်နှင့် စပ်လျဉ်းသည့် မတူညီသော အမြင်များ -** လူကုန်ကူးသူများကို တရားစွဲဆိုစစ်ဆေးရာတွင် ပူးပေါင်းဆောင်ရွက်ခြင်း *မရှိသည့်* နစ်နာသူများကို အပိုဒ် ၄၁ အရ အကာအကွယ် ပေးသင့်၊ မပေးသင့်နှင့် စပ်လျဉ်း၍ ပါဝင်တက်ရောက်သူများက မေးမြန်းဆွေးနွေးခဲ့ကြသည်။ ဤအချက်နှင့်စပ်လျဉ်း၍ သဘောထားအမြင်များမှာ ကွဲပြားကြသည်။ အချို့က နစ်နာသူသည် ရာဇဝတ်ဆိုင်ရာ စစ်ဆေးကြားနာမှုများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရန် ရွေးချယ်လျှင်ပင် နစ်နာသူဗဟိုပြု ချဉ်းကပ်နည်းဟန်အရ ၎င်းကို ပြစ်ဒဏ်ချမှတ်ခြင်း မပြုသင့်ကြောင်း ဖော်ပြဆွေးနွေးခဲ့သည်။ ဤအမြင်ကို ထောက်ခံသူများသည် နစ်နာသူက ပူးပေါင်းဆောင်ရွက်မှု မပြုခြင်းကြောင့် ၎င်းတို့ကို ယခင်ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် ပြစ်ဒဏ်ချမှတ်ပါက ပြဋ္ဌာန်းချက်၏ ရည်ရွယ်ချက်နှင့် ကိုက်ညီမှုရှိမည်မဟုတ်ဟု ရှုမြင်ကြောင်းနှင့် နစ်နာသူများသည် ပူးပေါင်းဆောင်ရွက်မှု မပြုခြင်းကြောင့် ပြစ်ဒဏ်ချမှတ်ခံရမည်ကို စိုးရိမ်ရန်မလိုဘဲ ငြင်းပယ်နိုင်သည့်အခွင့်အရေး ရှိသင့်ကြောင်း ဆွေးနွေးခဲ့ကြသည်။ အချို့သူများက ဆန့်ကျင်ဘက်အမြင်ကို ဖော်ပြဆွေးနွေးခဲ့ကြပြီး အပိုဒ် ၄၁ ၏ ရည်ရွယ်ချက်သည် နစ်နာသူများကို ရာဇဝတ်ဆိုင်ရာ စစ်ဆေးကြားနာမှုများတွင် ပူးပေါင်းပါဝင်လာစေရန် တိုက်တွန်းအားပေးလိုခြင်းဖြစ်ပြီး တရားရေးတာဝန်ရှိသူများအနေဖြင့် နစ်နာသူများထံ ချဉ်းကပ်ဆက်ဆံရာတွင် ပြစ်မှုကျူးလွန်သူများအဖြစ် မဆက်ဆံဘဲ မျက်မြင်သက်သေများအဖြစ် ဆက်ဆံစေရန်ဖြစ်သည်ဟု ပြန်လည်ဆွေးနွေးခဲ့ကြသည်။ ဤရှုမြင်ချက်အရ မျက်မြင်သက်သေအဖြစ် ပူးပေါင်းဆောင်ရွက်ခြင်းမရှိသည့် နစ်နာသူသည် ပူးပေါင်းဆောင်ရွက်သည့် နစ်နာသူက ခံစားပိုင်ခွင့်ရှိသော ကာကွယ်စောင့်ရှောက်မှုနှင့် အရင်းအမြစ်များအသုံးချမှုတို့ကို ခံစားပိုင်ခွင့် မရှိပေ။ နစ်နာသူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပြစ်ဒဏ်ချမှတ်ခြင်းမှ အကာအကွယ်ပေးခြင်းကို ရယူခံစားပိုင်ခွင့်ရှိပါက လူကုန်ကူးမှုကျူးလွန်သူများသည် နစ်နာသူများကို ငွေပေး၍ဖြစ်စေ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ပူးပေါင်းဆောင်ရွက်ခြင်းမပြုရန် မက်လုံးပေးနိုင်သည့် အခွင့်အလမ်းကို

ပေးအပ်သကဲ့သို့ဖြစ်ပြီး သွယ်ဝိုက်သောနည်းဖြင့် လူကုန်ကူးသူများကို အကျိုးရှိစေနိုင်သည်ဟု ဖော်ပြဆွေးနွေးခဲ့ကြသည်။

**လူကုန်ကူးမှုနှင့် နစ်နာသူကကျူးလွန်သည့် ပြစ်မှုအကြား ဆက်နွယ်မှုကို ဖော်ထုတ်ခြင်း -** ထိုင်းနိုင်ငံဥပဒေအရ လူပုဂ္ဂိုလ်တစ်ဦးသည် ရာဇဝတ်မှုမြောက်နိုင်သည့် လုပ်ရပ်ကို ရည်ရွယ်ချက်ရှိစွာ ကျူးလွန်မှသာလျှင် ၎င်းအတွက် ရာဇဝတ်ဆိုင်ရာ တာဝန်ခံရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည် (အပိုဒ် ၅၉)။ ထို့အပြင် လူပုဂ္ဂိုလ်တစ်ဦးသည် 'ရှောင်လွှဲခြင်း သို့မဟုတ် ခုခံခြင်းငှာ မစွမ်းသာသော အဓမ္မစေခိုင်းခြင်း သို့မဟုတ် ဖိအားပေးခြင်းကြောင့်' အပါအဝင် အခြေအနေအရလိုအပ်၍ ဆောင်ရွက်ရသည့် လုပ်ရပ်များအတွက် ပြစ်ဒဏ်ချမှတ်ခြင်း မပြုရန်လည်း ပြဋ္ဌာန်းထားသည် (အပိုဒ် ၆၇(၁) သို့မဟုတ် 'အဆိုပါလူပုဂ္ဂိုလ်သည် ကိုယ်တိုင်ဖန်တီးထားသည့် အခြေအနေ မဟုတ်ဘဲ အခြားမည်သည့်နည်းဖြင့်မျှ ရှောင်လွှဲခြင်းငှာ မစွမ်းသာသည့် လက်ငင်းကြုံတွေ့ရနိုင်သော အန္တရာယ်မှ ကိုယ်တိုင် သို့မဟုတ် အခြားသူတစ်ဦးအား လွတ်မြောက်စေခြင်းငှာ ကျူးလွန်ရပါက'၊ 'အခြေအနေအရ ကျိုးကြောင်းသင့်တင့်စွာ လိုအပ်သည်ထက် ပိုမိုကျူးလွန်ခြင်း မရှိပါက' (အပိုဒ် ၆၇(၂)))။

နစ်နာသူသည် ဥပမာအားဖြင့် မိမိကိုယ်ကို ခုခံကာကွယ်ခြင်းကဲ့သို့ အကြောင်းရင်းတစ်စုံတစ်ရာကြောင့် ပြစ်မှုကို ကျူးလွန်ရကြောင်း ဖော်ထုတ်အတည်ပြုနိုင်ခြင်းမရှိပါက အပိုဒ် ၄၁ ကို အသုံးမပြုနိုင်ကြောင်း တရားရေး တာဝန်ရှိသူ အချို့က ဖော်ပြဆွေးနွေးခဲ့ကြသည်။ အခြားသူများက အမြင်ကွဲပြားကြပြီး လူကုန်ကူးသူများ၏ လုပ်ရပ်များနှင့် ပြစ်မှုနှင့်ဆက်နွယ်သည်ထက် ခြွင်းချက်ပြုလွတ်ငြိမ်းခွင့်ပေးခြင်းက ပို၍ပင် ဆက်နွယ်မှုရှိကြောင်း အကြံပြုဆွေးနွေး ခဲ့ကြသည်။ လူပုဂ္ဂိုလ်တစ်ဦးသည် ပြည့်တန်ဆာလုပ်ငန်းဆောင်ရွက်ရန် ထိုင်းနိုင်ငံအတွင်းသို့ ကိုယ်ပိုင်ဆန္ဒအလျောက် တရားမဝင် ဝင်ရောက်ကာ စာရွက်စာတမ်းများအား ကိုယ်တိုင် အတုပြုလုပ်ခြင်းဖြစ်ပါက ၎င်း၏ ပြစ်မှုကျူးလွန်မှုသည် လူကုန်ကူးသူနှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိသည့်အလျောက် အပိုဒ် ၄၁ သည် အကျုံးဝင်ခြင်း *မရှိကြောင်း* ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ဤတွင် မှတ်ချက်ပြုဆွေးနွေးခဲ့သည်မှာ လူပုဂ္ဂိုလ် တစ်ဦးသည် ထိုင်းနိုင်ငံအတွင်းသို့ ကိုယ်ပိုင်ဆန္ဒအလျောက် တရားမဝင် ဝင်ရောက်ပြီးနောက် လူကုန်ကူးခံရသည့် နစ်နာသူအဖြစ်သို့ ကျရောက်သွားသည့် အခြေအနေတွင် စုံစမ်းစစ်ဆေးသူများသည် ဖြေရှင်းရန်ခက်ခဲသော စိန်ခေါ်မှုများကို ကြုံတွေ့ရပြီး ထိုသို့သော ဖြစ်စဉ်များတွင် ၎င်းပုဂ္ဂိုလ်ကို အပိုဒ် ၄၁ အရ အကာအကွယ်ပေးခြင်း ရှိ၊ မရှိ မေးမြန်းဆွေးနွေးခဲ့ကြသည်။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်သည် နစ်နာသူအဖြစ်သတ်မှတ်ချက်နှင့် ချိတ်ဆက်နေခြင်း -** အချို့သော တရားရေး တာဝန်ရှိသူများသည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို ရှုမြင်ရာတွင် ပိုမိုကျယ်ပြန့်ခြုံငုံစွာ ရှုမြင်ပြီး လူပုဂ္ဂိုလ်က ကျူးလွန်သည့်ပြစ်မှုသည် လူကုန်ကူးခံရခြင်းနှင့် တိုက်ရိုက်ဆက်နွယ်နေရန် လိုအပ်ကြောင်း သတ်မှတ်မည့်အစား အဆိုပါလူပုဂ္ဂိုလ်၏ နစ်နာသူအဖြစ် ကျရောက်နေသော အခြေအနေနှင့် ချိတ်ဆက်နေသည်ဟု ရှုမြင်ကြောင်း ဆွေးနွေးခဲ့သည်။ ဤသည်နှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ထိန်းသိမ်းရေးစခန်းများ သို့မဟုတ် ခိုလှုံရာ စခန်းများတွင် မိမိဆန္ဒမပါဘဲ ထိန်းသိမ်းခံထားရသည့် (ကလေးသူငယ်များ အပါအဝင်) နစ်နာသူများက ပစ္စည်းများ ဖျက်ဆီးခြင်း၊ ခိုးမှု ကျူးလွန်ခြင်း သို့မဟုတ် ဝန်ထမ်းများကို ကိုယ်ထိလက်ရောက် တိုက်ခိုက်ခြင်း စသည်တို့ကို သာဓကအဖြစ် ဖော်ပြခဲ့သည်။ အချို့ဖြစ်စဉ်များတွင် တရားဥပဒေစိုးမိုးရေး အရာရှိများက ဤပြစ်မှုများအတွက် နစ်နာသူများကို တရားစွဲဆိုသော်လည်း အချို့ဖြစ်စဉ်များ၌ စွဲဆိုခြင်းမရှိကြောင်း သိရှိရသည်။ အတိုချုံးဆိုရသော် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှု၏ အကျုံးဝင်မှု အတိုင်းအတာကို တရားရေးတာဝန်ရှိသူများက တစ်သမတ်တည်း နားလည်သဘောပေါက်ခြင်း မရှိပေ။

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား လက်တွေ့ကျင့်သုံးခြင်း

**ထိုင်းနိုင်ငံဥပဒေပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်၏ တန်ဖိုး -** တော်ဝင်ထိုင်းရဲတပ်ဖွဲ့ကဖြစ်စေ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အစိုးရဌာနကဖြစ်စေ လူကုန်ကူးခံရသည့် နစ်နာသူကို တရားစွဲဆိုစစ်ဆေးရန် အပိုဒ် ၄၁ အရ ခွင့်ပြုချက်တောင်းခံသည့် ဖြစ်စဉ်မျိုး လက်ရှိအချိန်အထိ မရှိကြောင်း သိရှိရသည်။ ၎င်းပြဋ္ဌာန်းချက်သည် ထိုင်းနိုင်ငံ၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးမှု ပိုမိုကောင်းမွန်တိုးတက်လာခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း တရားရေးတာဝန်ရှိသူများက ထောက်ပြဆွေးနွေးခဲ့ကြပြီး ၎င်းပြဋ္ဌာန်းချက်ကို အတည်မပြုမီက နစ်နာသူအား တရားစွဲဆိုစစ်ဆေးမှုများ ရှိခဲ့ကြောင်းကို သာဓကများ ဖော်ပြဆွေးနွေးခဲ့ကြသည်။ ဤတွင်ဖော်ပြခဲ့သည့် သာဓကတစ်ခု၌ ငါးဖမ်းလုပ်ငန်းရှိ နစ်နာသူများကို ထိုင်းသင်္ဘောသားလက်မှတ်များ အပါအဝင် စာရွက်စာတမ်းများ အတုပြုလုပ်မှုဖြင့် တရားစွဲဆိုစစ်ဆေးခဲ့သည်။ အစိုးရနှင့် အစိုးရမဟုတ်သော အကျိုးသက်ဆိုင်သူများ၏ ပူးပေါင်းကြိုးပမ်းအားထုတ်မှုများကြောင့် ၎င်းတို့ကို ပြစ်မှုထင်ရှားစီရင်ခြင်းမှ ရှောင်လွှဲနိုင်ခဲ့ပြီး ဆက်လက်၍လည်း လာအို၊ မြန်မာ သို့မဟုတ် ကမ္ဘောဒီးယားနိုင်ငံသားများအား ကယ်ဆယ်ရေးနှင့် နေရပ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးအတွက် စံလုပ်ထုံးလုပ်နည်းများကို ရေးဆွဲချမှတ် မိတ်ဆက်ပေးနိုင်ခဲ့ပြီး ၎င်းတို့ကို တရားစွဲဆိုစစ်ဆေးခံရခြင်းမှ ရှောင်လွှဲကာ အကာအကွယ်ပေးနိုင်ရန် ဆောင်ရွက်နိုင်ခဲ့သည်။

### စာကွက် ၇ - ဖြစ်ရပ်လေ့လာချက် - လက်တွေ့အခြေအနေ၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ကျင့်သုံးရာတွင် တစ်သမတ်တည်းကိုက်ညီမှု မရှိခြင်း

ဥပဒေတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို ထည့်သွင်းပြဋ္ဌာန်းထားလင့်ကစား လက်တွေ့အခြေအနေ၌ လက်တွေ့ကျင့်သုံးရာတွင် တစ်သမတ်တည်းကိုက်ညီမှု မရှိခြင်းမျိုး ဖြစ်ပွားနိုင်သည်။ လူကုန်ကူးသည့် လမ်းကြောင်းတွင် တည်ရှိနေသည့် နိုင်ငံများအကြား သို့မဟုတ် နိုင်ငံတစ်ခုတည်းအတွင်း၌ပင် ဤသို့ ဖြစ်ပွားနိုင်သည်။ ဖြစ်ရပ်တစ်ခုတွင် ဥဇဘက်ကစ္စတန်မှ အမျိုးသမီးငယ်နှစ်ဦးကို ထိုင်းနိုင်ငံ၌ စားပွဲထိုးအဖြစ် အလုပ်အကိုင်ရရှိမည်ဟု လိမ်လည်ကတိပေး၍ လူကုန်ကူးလာသည်။ ထိုင်းနိုင်ငံသို့ ရောက်ရှိချိန်၌ ၎င်းတို့ကို ပြည့်တန်ဆာအဖြစ် ခြောက်လကြာ အဓမ္မလုပ်ကိုင်စေပြီးနောက် တရုတ်ဂိုဏ်းတစ်ဂိုဏ်းထံ ရောင်းချကာ ၎င်းဂိုဏ်းက သူမတို့ကို ‘ကုန်ပစ္စည်းများ’ ထိုင်းနိုင်ငံတွင်းသို့ သယ်ဆောင်ပေးပါက လွတ်မြောက်ခွင့်ပေးမည်ဟု ကတိပေးခဲ့သည်။ နှစ်ဦးလုံးက အဆိုပါ ကမ်းလှမ်းချက်ကို လက်ခံခဲ့ကြပြီး လက်ဆွဲသေတ္တာများအတွင်း၌ မူးယစ်ဆေးဝါးများ မှောင်ခိုသယ်ဆောင်ကာ ပါကစ္စတန်နိုင်ငံမှ ထိုင်းနိုင်ငံသို့ ခရီးဆက်လာခဲ့ကြသည်။ ယင်းတို့ နှစ်ဦးလုံးကို ဘန်ကောက်၌ ဖမ်းဆီးရမိခဲ့ပြီး တရားစွဲဆိုစစ်ဆေးကာ ပြစ်မှုထင်ရှားစီရင်၍ ထောင်ဒဏ် ၃၂ နှစ် နှင့် ၂၅နှစ် အသီးသီး ချမှတ်ခဲ့သည်။ NGO တစ်ဖွဲ့၏ အကူအညီဖြင့် တစ်ဦးမှာ လွတ်ငြိမ်းချမ်းသာခွင့်ရရှိခဲ့ပြီး နေရပ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခံခဲ့ရသော်လည်း ကျန်တစ်ဦးမှာမူ အကျဉ်းထောင်ထဲ၌ ဆက်လက် ကျန်ရှိနေဆဲ ဖြစ်သည်။ ဤသာဓကအရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို လက်တွေ့ကျင့်သုံးရာတွင် တစ်သမတ်တည်း မဖြစ်မှုမျိုး ရှိနိုင်ပြီး ရလဒ်အနေဖြင့် လူကုန်ကူးခံရသည့် နစ်နာသူများအတွက် မတူညီသည့် အကျိုးဆက်များ ပေါ်ထွက်လာစေနိုင်ကြောင်း တွေ့ရှိနိုင်သည်။

Source: *Policy and legislative recommendations towards the effective implementation of the non-punishment provision with regard to victims of trafficking* (OSCE, Vienna 2013) 25

**ရာဇဝတ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်ကို လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးခြင်း -** ထိုင်းနိုင်ငံမှ အရာရှိများသည် *လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးအက်ဥပဒေ B.E. ၂၅၅၁* (၂၀၀၈) အပိုဒ် ၄၁ ကို အတိအကျ လိုက်နာကျင့်သုံးသည်ဟု ပါဝင်တက်ရောက်သူများက ရှုမြင်ကြောင်း ဖော်ပြဆွေးနွေးခဲ့ကြသည်။ လူကုန်ကူးခံရသူများကို တရားမဝင် နိုင်ငံတွင်းသို့ဝင်ရောက်ခြင်း သို့မဟုတ် ပြည့်တန်ဆာပြုခြင်းအတွက် တရားစွဲဆိုစစ်ဆေးရန် ဝန်ကြီးဌာနထံမှခွင့်ပြုချက်တောင်းခံရန် လိုအပ်ကြောင်း သတ်မှတ်ချက်သည် ASEAN ကွန်ဗင်းရှင်းထက် ပိုမိုမြင့်မားထိရောက်သော အကာအကွယ်ပေးမှု စံသတ်မှတ်ချက်ကို ပြဋ္ဌာန်းထားခြင်းဖြစ်သည်ဟု ရှုမြင်ကြောင်းဖော်ပြဆွေးနွေးခဲ့ကြသည်။ ဤရှုမြင်ချက်အရ စုံစမ်းစစ်ဆေးသူများ၊ အစိုးရရှေ့နေများနှင့် တရားရုံးတော်များသည် နစ်နာသူများကို တရားစွဲဆိုစစ်ဆေးပိုင်ခွင့် မရှိဘဲ ထိုသို့ တရားစွဲဆိုစစ်ဆေးရန် ဝန်ကြီးတစ်ဦးတည်းကသာလျှင် အမိန့်ချမှတ်နိုင်သောကြောင့် ဖော်ထုတ် အတည်ပြုခံရသည့် နစ်နာသူများကိုတရားစွဲဆိုရန်မှာ လုပ်ထုံးလုပ်နည်းအရ မဖြစ်နိုင်ကြောင်း ဖော်ပြ ဆွေးနွေးခဲ့ကြသည်။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို ကျင့်သုံးသင့်သည့် အခြေအနေ -** ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကိုကျင့်သုံးရာ၌ နစ်နာသူဖြစ်ကြောင်း တရားဝင် ဆုံးဖြတ်သတ်မှတ်ရန် ဆောင်ရွက်ရသည့် ရှည်လျားသောလုပ်ငန်းစဉ်တစ်ခုလုံး ပြီးမြောက်အောင် စောင့်ဆိုင်းရန် လိုအပ်ခြင်းမရှိသင့်ကြောင်း တရားရေးတာဝန်ရှိသူတစ်ဦးက ရှင်းပြဆွေးနွေးခဲ့သည်။ အခြေခံမူအား လက်တွေ့ကျင့်သုံးရန်အတွက် နစ်နာသူအဖြစ် တရားဝင်ဆုံးဖြတ်သတ်မှတ်ပြီးဖြစ်ရန် သို့မဟုတ် လူကုန်ကူးသူများအား တရားစွဲဆိုစစ်ဆေးမှုများ၏ ရလဒ်ကိုစောင့်ဆိုင်းရန် လိုအပ်ကြောင်း အကြံပြုချက်သည် အခြေခံမူ၏ ရည်ရွယ်ချက်ဖြစ်သော လူကုန်ကူးခံရသည့်နစ်နာသူများကို အကာအကွယ်ပေးရန်ဟူသည့် ရည်ရွယ်ချက်နှင့် ဆန့်ကျင်နေသည်ဟု ယူဆသတ်မှတ်နိုင်ကြောင်း ဆွေးနွေးခဲ့သည်။ လူကုန်ကူးသူအား တရားစွဲဆိုပြီးဖြစ်ပါက အခြေခံမူကို ကျင့်သုံးရန်လုံလောက်မှုရှိသင့်သည်ဟု ရှုမြင်ကြောင်း အဆိုပါပုဂ္ဂိုလ်က ဖော်ပြဆွေးနွေးခဲ့သည်။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လိုက်နာစောင့်ထိန်းရာတွင် စုံစမ်းစစ်ဆေးရေး အရာရှိများ၏အခန်းကဏ္ဍ -** အပိုဒ် ၄၁ သည် စုံစမ်းစစ်ဆေးရေး အရာရှိအနေဖြင့် လိုက်နာကျင့်သုံးရန်ဖြစ်ပြီးအစိုးရရှေ့နေများ သို့မဟုတ် တရားရုံးတော်ဆိုင်ရာ အရာရှိများက ဆောင်ရွက်ရန်မဟုတ်ကြောင်းရှင်းပြဆွေးနွေးခဲ့ကြသည်။ တရားဥပဒေ စိုးမိုးရေး အရာရှိများအနေဖြင့် နစ်နာသူများသည် အဘယ်ကြောင့်လိမ်လည်ဖြေဆိုနိုင်သည် သို့မဟုတ် ၎င်းတို့၏ နစ်နာသူအဖြစ်ကျရောက်မှုအကြောင်း မှန်ကန်သည့်အချက်အလက်များ မဖော်ပြနိုင်သည်နှင့်စပ်လျဉ်း၍ လုံလောက်စွာ နားလည်သဘောပေါက်မှု မရှိခြင်းနှင့်ထိုသို့နားလည်နိုင်သည့် စွမ်းရည်မရှိခြင်းတို့ကြောင့် နစ်နာသူများသည် ၎င်းတို့ကျူးလွန်ခဲ့ရသည့်ပြစ်မှုများအတွက် ပြစ်ဒဏ်ကျခံရနိုင်သည့် အခြေအနေများတွင် အခြေခံမူအား လက်တွေ့အကောင်အထည်ဖော်ခြင်းဆိုင်ရာ အခက်အခဲများကို ကြုံတွေ့ရကြောင်း မှတ်ချက်ပြု ဆွေးနွေးခဲ့ကြသည်။[131] သို့ရာတွင်ပါဝင်တက်ရောက်သူများက ရဲအရာရှိများသည် အခြေခံမူအား လက်တွေ့ ကျင့်သုံးခြင်းနှင့်စပ်လျဉ်းသည့်၎င်းတို့၏ စွမ်းရည်ကို မြှင့်တင်ထားသည်ဟု ယုံကြည်ကြောင်းနှင့် ဤတွင် နစ်နာသူများကို ကြိုတင်ဖော်ပြသတ်မှတ်ပြီးဖြစ်သည့် ပြစ်မှုများဖြင့် စွဲချက်တင်ခြင်းကို ရှောင်လွှဲခြင်းသာမက အပိုဒ် ၄၁ ဖြင့် အတိအလင်းခြွင်းချက်မပြုထားသည့် ပြစ်မှုများပင် အပါအဝင် *ရာဇသတ်ကြီး ဥပဒေ* ရှိ အခြား ပြစ်မှုများအတွက်ပါ

[131] *Legal Analysis of Human Trafficking in Thailand* (Liberty Asia, 2017) 30

စွဲချက်မတင်ဘဲ ရှောင်လွှဲကြောင်း ပါဝင်တက်ရောက်သူများက အခိုင်အမာ ဖော်ပြခဲ့ကြသည်။ တရားဥပဒေ စိုးမိုးရေး အရာရှိများအနေဖြင့် နစ်နာသူများကို စာရွက်စာတမ်းဆိုင်ရာ သို့မဟုတ် လိမ်လည်မှုဆိုင်ရာ ပြစ်မှုများ၊ မှတ်ပုံတင်အတု ပြုလုပ်ခြင်း၊ ခွင့်ပြုကာလထက် ကျော်လွန်နေထိုင်ခြင်း၊ သို့မဟုတ် အခြားသူများအား လူကုန်ကူးရာတွင် ပါဝင်ပတ်သက်မှုတို့အတွက် နစ်နာသူများကို တရားစွဲဆိုခြင်းမပြုရန် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အား ကျင့်သုံးခဲ့သည့် သာဓကများကို ဖော်ပြဆွေးနွေးခဲ့ကြသည်။ သို့ရာတွင် ဤအချက်နှင့်စပ်လျဉ်း၍လည်း အခက်အခဲများရှိကြောင်း ဖော်ပြဆွေးနွေးခဲ့ကြသည်။ ရဲအရာရှိများကို ၎င်းတို့ဆောင်ရွက်နိုင်သည့် ဖမ်းဆီးမှုများနှင့် တရားစွဲမှုများအပေါ် အခြေခံ၍ စွမ်းဆောင်ရည်တိုင်းတာခြင်း နှင့် တရားစွဲဆိုခြင်း မပြုပါက တာဝန်ပေါ့လျော့မှုဖြင့် ပြစ်ဒဏ်ပေးခံရနိုင်သည့် အချက်များသည် ၎င်းတို့အနေ ဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ ကျင့်သုံးခြင်းမှ ရှောင်လွှဲနိုင်စေသည့် အချက်များ ဖြစ်နိုင်သည် (အောက်တွင်ဖော်ပြထားသည့် နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်း ကို ကြည့်ပါ)။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လိုက်နာစောင့်ထိန်းရာတွင် အစိုးရရှေ့နေများနှင့် တရားခံရှေ့နေများ၏ အခန်းကဏ္ဍ -** စုံစမ်းစစ်ဆေးသူများက နစ်နာသူကို တရားစွဲသောကြောင့် ၎င်းနစ်နာသူသည် ရုံးတော်ရှေ့မှောက်သို့ စွပ်စွဲခံရသူအဖြစ် ရောက်ရှိလာပါက အစိုးရရှေ့နေများသည် အဆိုပါ သံသယ တရားခံမှာ လူကုန်ကူးခံရသည့် နစ်နာသူမဟုတ်ကြောင်း အသေအချာ သိရှိသည့် အခြေအနေများ၌သာ ၎င်းအမှုများကို တရားစွဲဆိုစစ်ဆေးခြင်း ဆောင်ရွက်သင့်ကြောင်း ရှင်းပြဆွေးနွေးခဲ့ကြသည်။ ဤတွင် အစိုးရရှေ့နေများအနေဖြင့် ၎င်းတို့ကို အနိမ့်ဆုံး အတိုင်းအတာဖြင့်သာ တရားစွဲဆိုစစ်ဆေးနိုင်သည့် အခွင့်အလမ်းရှိကြောင်း မှတ်ချက်ပြု ဆွေးနွေးခဲ့ကြသည်။ သာဓကအနေဖြင့် ကိုယ်ဝန်အငှားဆောင်ခြင်း ဆိုင်ရာ အမှုဖြစ်စဉ်တစ်ခုအကြောင်း ဖော်ပြခဲ့ပြီး ၎င်းအမှုတွင် ကိုယ်ဝန်အငှားဆောင်သည့် မိခင်သည် မျိုးဆက်ပွားဆိုင်ရာ နည်းပညာနှင့်သက်ဆိုင်သည့် ပြစ်မှုများကြောင့် ရာဇဝတ်ပြစ်ဒဏ် ချမှတ်ခံရမည်ကို စိုးရိမ်သဖြင့် သူမအား နစ်နာသူအဖြစ် သတ်မှတ်နိုင်ရန် မလုံလောက်သည့် အချက်အလက်များကိုသာ ဖော်ပြအသိပေးခဲ့သည်။ သို့ရာတွင် အစိုးရရှေ့နေများသည် သူမကို တရားစွဲဆိုခြင်း မရှိဘဲ သူမအား ခေါင်းပုံဖြတ်ခဲ့သူများကို ဆန့်ကျင်၍ သက်သေထွက်ဆိုမည့် မျက်မြင်သက်သေအဖြစ် အကာအကွယ်ပေးရန် ရွေးချယ်ဆုံးဖြတ်ခဲ့သည်။ ဤတွင် မိခင်သည် မမျိုးဥပိုင်ရှင်မဟုတ်သည့် အခြေအနေဖြစ်သော ထိုသို့သော ဖြစ်စဉ်များ၌ မျိုးဆက်ပွားဆိုင်ရာ နည်းပညာနှင့်သက်ဆိုင်သည့် ပြစ်မှုကျူးလွန်မှုများ ရှိနိုင်သော်လည်း အငှားကိုယ်ဝန်ဆောင်သူများကို တရားစွဲဆိုစစ်ဆေးခြင်းသည် ၎င်းတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ခြေကို ထိခိုက်စေနိုင်ကြောင်း မှတ်ချက်ပြုဆွေးနွေးခဲ့ကြသည်။ ဤအခြေအနေတွင် တရားခံရှေ့နေများ အနေဖြင့်လည်း နစ်နာသူအား တရားစွဲဆိုထားသည့် ပြစ်မှုများနှင့် သက်ဆိုင်ပါက အပိုဒ် ၄၁ ကို အသုံးချခြင်း အပါအဝင် တရားရင်ဆိုင်နေရသည့် လူပုဂ္ဂိုလ်များအတွက် အပြည့်အဝ ခုခံချေပရမည့် တာဝန်ရှိသည်။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လိုက်နာစောင့်ထိန်းရာတွင် တရားရုံးတော်များ၏ အခန်းကဏ္ဍ -** စုံစမ်းစစ်ဆေးသူများနှင့် အစိုးရရှေ့နေများက လူကုန်ကူးခံရသည့် နစ်နာသူများကို တရားစွဲဆိုစစ်ဆေးရန် ရွေးချယ် ဆုံးဖြတ်ပါက တရားရုံးတော်အနေဖြင့် ၎င်းအမှုများကို ပလပ်ရန် မည်သည့်နည်းဖြင့်မျှ အခွင့်အာဏာမရှိကြောင်း ပါဝင်တက်ရောက်သူများက ရှင်းပြဆွေးနွေးခဲ့ကြသည်။ ဤအတွက် ခြွင်းချက်ကို *ရာဇသတ်ကြီး ဥပဒေ* မှ *ကိုယ်တိုင်ထိန်းချုပ်ခြင်းငှာ မစွမ်းသာသည့်အခြေအနေများ* တွင် ဖော်ပြထားပြီး နစ်နာသူများသည် ဥပမာ လက်ငင်းကြုံတွေ့ရနိုင်သည့် ကိုယ်ကာယနာကျင်မှုကဲ့သို့ ထိခိုက်မှုမျိုးမှ မိမိကိုယ်ကို

ကာကွယ်ရန်အလို့ငှာ ကျူးလွန်ခြင်းကဲ့သို့ သာမန်မဟုတ်သော အခြေအနေများကြောင့် အဓမ္မစေခိုင်းခံရပြီး ကျူးလွန်ရသည့် ပြစ်မှုများအတွက် တာဝန်ခံရန် မလိုအပ်ကြောင်း ဖော်ပြထားသည်။ ဤအချက်ကို အသုံးမပြုနိုင်ပါက တရားရုံးတော်သည် အစိုးရရှေ့နေများနှင့် ပူးပေါင်းဆောင်ရွက်ကာ စွဲချက်များကို ရုပ်သိမ်းပယ်ဖျက်နိုင်သည်။ ပြစ်မှုကျူးလွန်သူသည် နစ်နာသူဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိသဖြင့် ပြစ်မှုစွဲချက်များကို ရုပ်သိမ်းပေးခဲ့သည့် ဖြစ်စဉ်များရှိကြောင်း သိရှိခဲ့ရသည်။ တရားရေးကဏ္ဍ အဖွဲ့ဝင်များသည် တရားခွင်မှ လူပုဂ္ဂိုလ်များနှင့် တိုက်ရိုက် ပြောဆိုဆက်ဆံနိုင်သည့် ဆုံးဖြတ်ပိုင်ခွင့် ရှိသော်လည်း ဤသို့ ဆောင်ရွက်လေ့မရှိကြောင်း၊ သို့မဟုတ် စွပ်စွဲခံရသည့် ပြစ်မှုကျူးလွန်သူသည် လူကုန်ကူးခံရသည့် နစ်နာသူတစ်ဦးဖြစ်ကြောင်း ပေါ်ပေါက်နိုင်စေသည့် မေးခွန်းများကို မေးမြန်းလေ့ မရှိကြောင်း မှတ်ချက်ပြုဆွေးနွေးခဲ့ကြသည်။

## နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အခက်အခဲများ

**နှစ်နိုင်ငံသဘောတူ သဘောတူညီချက်များတွင် ဖော်ပြထားသည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှု -** ထိုင်းနိုင်ငံသည် နားလည်မှုစာချွန်လွှာများကို ချုပ်ဆိုထားပြီး မြန်မာနိုင်ငံနှင့် ၂၀၀၉ ခုနှစ်တွင် ချုပ်ဆိုသည့် နားလည်မှုစာချွန်လွှာ (အပိုဒ်ခွဲ ၈(က))၊ တရုတ်နှင့် ၂၀၁၈ခုနှစ် (အပိုဒ် ၅)၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ၂၀၁၄ ခုနှစ်တွင် ချုပ်ဆိုသည့် အမျိုးသမီးများနှင့် ကလေးသူငယ်များဆိုင်ရာ နားလည်မှုစာချွန်လွှာ (အပိုဒ် ၆) နှင့် ဗီယက်နမ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံနှင့် ၂၀၀၈ ခုနှစ်တွင် ချုပ်ဆိုသည့် အမျိုးသမီးများနှင့် ကလေးသူငယ်များဆိုင်ရာ နားလည်မှုစာချွန်လွှာ (အပိုဒ် ၆)တို့ အပါအဝင် အဆိုပါ စာချွန်လွှာများတွင် စာချုပ်ဝင်များအနေဖြင့် နစ်နာသူများကို နစ်နာသူများအဖြစ် ဆက်ဆံကာ ပြစ်မှုကျူးလွန်သူများအဖြစ် မဆက်ဆံရန်နှင့် တရားမဝင် နိုင်ငံတွင်းသို့ ဝင်ရောက်ခြင်း သို့မဟုတ် ပိုင်နက်တွင်းမှ ထွက်ခွာခြင်း၊ သို့မဟုတ် လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခဲ့ရသည့် အခြား မည်သည့်ပြစ်မှု များအတွက် မဆို ပြစ်ဒဏ်ချမှတ်ခြင်းကို ရှောင်လွှဲရန် သဘောတူညီထားကြသည်။ ၂၀၁၇ ခုနှစ်၌ လာအိုနှင့် ထိုင်းနိုင်ငံတို့အကြား ချုပ်ဆိုခဲ့သော နားလည်မှုစာချွန်လွှာတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကို သီးခြားထည့်သွင်းဖော်ပြ ထားခြင်း မရှိသော်လည်း တရားမျှတမှုနှင့် ဥပဒေအရ အကာအကွယ်ပေးမှု ရှိစေရန် (အပိုဒ် ၆) နှင့် ၎င်းတို့အား ဥပဒေရေးရာ စစ်ဆေးကြားနာမှုများဖြင့် ထပ်မံ၍ နစ်နာစေခြင်းအား ရှောင်လွှဲရန် လိုအပ်ကြောင်း (အပိုဒ် ၁၇) ဖော်ပြထားသည်။ အစိုးရကိုယ်စားပြု ပါဝင်တက်ရောက်သူများက ထိုင်းနိုင်ငံ အာဏာပိုင်များသည် ပူးပေါင်း ဆောင်ရွက်ရေး သဘောတူညီချက်များ၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား အတိအလင်း ဖော်ပြထားခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အခြားဥပဒေပိုင်နက်များမှ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ၎င်းအခြေခံမှုအား လိုက်နာကျင့်သုံးမှုရှိကြောင်း မှတ်ချက်ပြုခြင်းမှအပ ဤ သဘောတူစာချုပ်များအား လက်တွေ့ ကျင့်သုံးခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးမှုတစ်စုံတစ်ရာ မရှိခဲ့ပေ။

**မတူညီသော ဥပဒေပိုင်နက်များ၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား ကျင့်သုံးရာတွင် ချဉ်းကပ်နည်းဟန်များ တစ်သမတ်တည်းမရှိခြင်း -** နိုင်ငံဖြတ်ကျော် လူကုန်ကူးခံရသည့် နစ်နာသူများအနေဖြင့် မတူညီသော ဥပဒေပိုင်နက်များတွင် ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ အကာအကွယ်ပေးနိုင်ရန်အလို့ငှာ လူကုန်ကူးခြင်းကို ဆန့်ကျင် တိုက်ဖျက်ရာ၌ ကျင့်သုံးသည့် ချဉ်းကပ်နည်းဟန်များ တစ်သမတ်တည်းရှိရန် အရေးကြီးကြောင်းကို ပါဝင်တက်ရောက် သူများက အလေးအနက် ဖော်ပြဆွေးနွေးခဲ့ကြသည်။ ဤအချက်သည် ASEAN နိုင်ငံများ အတွက်သာ အရေးကြီးသည် မဟုတ်ဘဲ ထိုင်းနိုင်ငံသားများအား လူကုန်ကူးခံရသည့် ဥပဒေပိုင်နက်များအတွက်ပါ အရေးကြီးကြောင်းကို အထူးဖော်ပြကာ အဆိုပါဥပဒေပိုင်နက်များအနေဖြင့် ၎င်းတို့၏ နောက်ခံအခြေအနေနှင့် ဆီလျော်ကိုက်ညီသည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့ကြသည်။ ထိုင်းနိုင်ငံအာဏာပိုင်များ သည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို လက်တွေ့အကောင်အထည်ဖော်ရန်အတွက် သတင်းအချက်အလက်များ

ဝေမျှအသိပေးရန်အလို့ငှာ နစ်နာသူများ၏ နေရပ်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု ရှိကြောင်းကို အစိုးရကိုယ်စားပြု ပါဝင်တက်ရောက်သူများက ဖော်ပြဆွေးနွေးခဲ့ပြီး ASEAN-ACT နှင့် အခြား အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုသည် အကောင်းဆုံးအလေ့အထများကို အသိပေး ဖြန့်ဝေရာတွင် အရေးပါကြောင်း ထောက်ပြ ဆွေးနွေးခဲ့ကြသည်။

## နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းဆိုင်ရာ အခက်အခဲများ

**နစ်နာသူများကို ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ အကာအကွယ်ပေးရာတွင် ၎င်းတို့အား ဖော်ထုတ်အတည်ပြုခြင်းသည် အဓိကအရေးပါခြင်း -** ဆွေးနွေးပွဲသို့ တက်ရောက်လာသူများသည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို လက်တွေ့ ကျင့်သုံးနိုင်ရန်အတွက် ရှေးဦးစွာ နစ်နာသူများကို ဖော်ထုတ်အတည်ပြုရန် လိုအပ်ကြောင်း အလေးအနက် ဖော်ပြဆွေးနွေးခဲ့ကြသည်။ ဤသို့ဖော်ထုတ်အတည်ပြုရန် ပျက်ကွက်ခဲ့ပါက ၎င်းတို့သည် နစ်နာသူများဖြစ်ကြောင်း အတည်ပြုနိုင်မည့် အချက်အလက်သစ်များကို နောင်တွင် တွေ့ရှိရလျှင်ပင် နစ်နာသူများသည် ရာဇဝတ်ဆိုင်ရာ တရားရေးစနစ်အတွင်းသို့ ကျရောက်ပြီးဖြစ်ပါက ၎င်းတို့ ကြုံတွေ့ခံစားရပြီး ဖြစ်သည့် ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ ၎င်းတို့ကို အကာအကွယ်ပေးနိုင်တော့မည် မဟုတ်ပေ။ နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်း လုပ်ငန်းစဉ်သည် ပွင့်လင်းမြင်သာမှုရှိပါက ၎င်းတို့ကို နစ်နာသူအဖြစ် အဘယ်ကြောင့် သတ်မှတ်သည်၊ မသတ်မှတ်သည်နှင့်စပ်လျဉ်းသည့် အကြောင်းရင်းများကို ပိုမိုကောင်းမွန်စွာ နားလည်နိုင်ပြီး ချွတ်ချော်မှုတစ်စုံတစ်ရာရှိပါက ပြန်လည်ကုစားပြင်ဆင်နိုင်သည့်အတွက် အဆိုပါလုပ်ငန်းစဉ်ကို ပွင့်လင်းမြင်သာမှု ရှိစေရန် သတ်မှတ်ခဲ့သည်။ ၂၀၂၀ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အမေရိကန်ပြည်ထောင်စု အစီရင်ခံစာတွင် ထိုင်းနိုင်ငံ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်အား လက်တွေ့အကောင်အထည်ဖော်ခြင်းကို ထိခိုက်စေနိုင်ပြီး နစ်နာသူများအနေဖြင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာနှင့် ပြည့်တန်ဆာပြုခြင်းဆိုင်ရာ ပြစ်မှုများ အပါအဝင် ပြစ်မှုကျူးလွန်ခြင်းအတွက် ပြစ်ဒဏ်ချမှတ်ခံရနိုင်သော အန္တရာယ်ကို မြင့်တက်စေသည့် ဖော်ထုတ် အတည်ပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများရှိ ချို့ယွင်းချက်များကို မှတ်ချက်ပြု ဖော်ပြခဲ့သည်။[132]

**နစ်နာသူအဖြစ် ဖော်ထုတ်အတည်ပြုကာ ကာကွယ်စောင့်ရှောက်ခံရခြင်းထက် ရာဇဝတ်ပြစ်ဒဏ် ချမှတ်ခံရခြင်းကို နစ်နာသူများက ပိုမိုလိုလားခြင်း -** အချို့ဖြစ်စဉ်များတွင် နစ်နာသူအဖြစ် ဖော်ထုတ်အတည်ပြုကာ ကာကွယ် စောင့်ရှောက်ခံရခြင်းထက် ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံထွက်ဆိုကာ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ သို့မဟုတ် ပြည့်တန်ဆာပြုခြင်းဆိုင်ရာ ပြစ်မှုများအတွက် ဒဏ်ကြေးပေးဆောင်ရန် နစ်နာသူများအနေဖြင့် ပိုမိုလိုလားကြောင်း သိရှိရသည်။[133] ဤအချက်အတွက် သာဓကအနေဖြင့် ဖော်ပြခဲ့သည်မှာ အမျိုးသမီးတစ်ဦးကို ပြည့်တန်ဆာမှုပြုရန် သွေးဆောင်ခြင်းကြောင့် ဖမ်းဆီးကာ ၎င်းကလည်း ဒဏ်ကြေးအဖြစ် ဘတ် ၅၀၀ ပေးဆောင်ပြီး အပြစ်ရှိကြောင်း လွယ်လင့်တကူပင် ဝန်ခံထွက်ဆိုကာ ထို့နောက်တွင်မှ ပြည်နှင်ဒဏ်ပေးရန်အတွက် ထိန်းသိမ်းခံခဲ့ရပြီး ကနဦးအစကပင် သူမကို လူကုန်ကူးခံရသည့် နစ်နာသူအဖြစ် ဖော်ထုတ်အတည်ပြုခဲ့ပါက ဥပဒေဖြင့် အကာအကွယ်ပေးမှုကို ခံစားရမည်ဖြစ်သည်။ ဤဖြစ်စဉ်ကဲ့သို့ ‘အငယ်စား’ တရားစွဲဆိုခြင်းသည် မကြာခဏ ဖြစ်လေ့ဖြစ်ထရှိကြောင်း မှတ်ချက်ပြုခဲ့ကြပြီး အချို့နစ်နာသူများသည် ပြည်နှင်ဒဏ်အတွက် ထိန်းသိမ်းခံထားရပြီး ကာလအတန်ကြာမှသာလျှင် နစ်နာသူအဖြစ် ဖော်ထုတ်အတည်ပြုနိုင်ကြောင်း ရှင်းပြ ဆွေးနွေးခဲ့ကြသည်။

---

132 2020 Trafficking in Persons Report: Thailand (US Department of State, 2020).

133 For more on challenges that victims in being ‘protected’ as victims of trafficking, see: McAdam, Marika., *Freedom of movement of persons identified as victims of human trafficking: An analysis of law, policy and practice in the ASEAN region* (ASEAN-ACT, 2021)

**လူကုန်ကူးခံရသည့် နစ်နာသူများကို ဖော်ထုတ်အတည်ပြုခြင်းနှင့် ရာဇဝတ်ပြစ်ဒဏ်ချမှတ်ခြင်းတွင် စကားပြန်များ၏ အခန်းကဏ္ဍ** - နစ်နာသူအား ဖော်ထုတ်အတည်ပြုရာတွင် ကောင်းမွန်သင့်လျော်စွာ လေ့ကျင့်သင်ယူထားသည့် စကားပြန်များအား ရယူအသုံးပြုနိုင်မှုသည် အဓိကကြုံတွေ့ရသည့် အခက်အခဲတစ်ရပ် ဖြစ်ကြောင်း မှတ်ချက်ပြု ဆွေးနွေးခဲ့ကြသည်။ နစ်နာသူအား ဖော်ထုတ်အတည်ပြုရန် မေးမြန်းစစ်ဆေးမှုများနှင့် တရားရုံးတော်၌ စစ်ဆေးကြားနာမှုများတွင် ပါဝင်ခဲ့ဖူးသည့် စကားပြန်များ အားလုံးသည် ကောင်းမွန်သင့်လျော်စွာ လေ့ကျင့်သင်ယူထားသည့် စကားပြန်များမဟုတ်ဘဲ တစ်ခါတရံတွင် လူကုန်ကူးသူများက အဓမ္မစေခိုင်း၍ ကျူးလွန်ခဲ့ရသည့် ဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် အပြစ်ဝန်ခံထွက်ဆိုရန် နစ်နာသူများအား တိုက်တွန်း နားချရန်ပင် ကြိုးပမ်းလေ့ရှိကြောင်း NGO များက အစီရင်ခံဖော်ပြခဲ့ကြသည်။[134]

**နစ်နာသူများကို ဖော်ထုတ်အတည်ပြုခြင်းနှင့် ၎င်းတို့အား ပြစ်ဒဏ်ချမှတ်ခြင်းမပြုရန် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အား ကျင့်သုံးရာတွင် ရဲအရာရှိများ၏ အခန်းကဏ္ဍနှင့် စွမ်းဆောင်ရည်** - ကနဦးတုံ့ပြန်ဆောင်ရွက်ရသည့် ရဲအရာရှိများသည် ကလေးသူငယ်များ ပါဝင်ပတ်သက်နေသည့် သို့မဟုတ် အကြမ်းဖက်မှု ပါဝင်သည့် ဖြစ်စဉ်များတွင် လူကုန်ကူးမှုများကို အလွယ်တကူ အတည်ပြုနိုင်သော်လည်း ထင်ရှားရန်ခက်ခဲသော နည်းလမ်းများအား အသုံးပြုထားသည့် လူကုန်ကူးမှုများကိုမူ အတည်ပြုနိုင်ရန် စွမ်းဆောင်ရည်လိုအပ်ဆဲပင် ဖြစ်ကြောင်း ပါဝင်တက်ရောက်သူများက မှတ်ချက်ပြုဆွေးနွေးခဲ့ကြသည်။ တရားဥပဒေစိုးမိုးရေး အရာရှိများ၏ စွမ်းဆောင်ရည်ကို ၎င်းတို့ဆောင်ရွက်ခဲ့သည့် ဖမ်းဆီးမှု အရေအတွက်နှင့် တရားစွဲဆိုမှု အရေအတွက်တို့ဖြင့် တိုင်းတာနိုင်ကြောင်း ပါဝင်တက်ရောက်သူများက မှတ်ချက်ပြုဆွေးနွေးခဲ့ကြသည်။ ဤသည်မှာ တရားဥပဒေ စိုးမိုးရေး အရာရှိများအနေဖြင့် ပြစ်မှုကျူးလွန်သူများအဖြစ် ၎င်းတို့ကြုံတွေ့ရသည့် လူပုဂ္ဂိုလ်များအနက် နစ်နာသူများကို ဖော်ထုတ်အတည်ပြုခြင်း မဆောင်ရွက်ရန် လှုံ့ဆော်သည့်အချက်ဖြစ်နိုင်ပြီး ရလဒ်အနေဖြင့် နစ်နာသူများသည် 'ရှင်းလင်းကွဲပြားမှုမရှိသော အခြေအနေ' သို့ ကျရောက်ခြင်းနှင့် ဖော်ထုတ်အတည်ပြုမှု လုံးဝမခံရခြင်းတို့ကို ကြုံတွေ့ရနိုင်ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူသည်လည်း ၎င်းတို့အပေါ် သက်ရောက်မှုရှိမည် မဟုတ်ပေ။ ရဲအရာရှိများကို နစ်နာသူများအား ဖော်ထုတ်အတည်ပြုနိုင်စေရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် ၎င်းတို့အား စွဲချက်မတင်ရန်အတွက် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အား ကျင့်သုံးရန် မက်လုံးပေးခြင်းတို့ ဆောင်ရွက်ရန်အတွက် အဓိကလုပ်ဆောင်ရမည့် အစီအမံများမှာ ရဲတပ်ဖွဲ့၏ စွမ်းဆောင်ရည်အား တိုင်းတာသည့်နည်းလမ်းကို ပြောင်းလဲရန်နှင့် စစ်ဆေးစိစစ်မှုများ ပြုလုပ်နိုင်ရန် လေ့ကျင့်သင်ကြားပေးခြင်းတို့ဖြစ်ကြောင်း အလေးအနက် ဖော်ပြဆွေးနွေးခဲ့ကြသည်။

**နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းမှ အကာအကွယ်ပေးခြင်းတို့ကို ထောက်ကူရာတွင် NGO များ၏ အခန်းကဏ္ဍ** - ဖော်ထုတ်အတည်ပြုခြင်း လုပ်ငန်းစဉ်များတွင် ရဲတပ်ဖွဲ့က NGO များအား ချိတ်ဆက်ပါဝင်စေခြင်းသည် ဖော်ထုတ်အတည်ပြုခြင်းဆိုင်ရာ အလေ့အထကောင်းတစ်ရပ်ဖြစ်ကြောင်း မှတ်ချက်ပြု ဆွေးနွေးခဲ့ကြသည်။ စစ်ဆေးစိစစ်ခြင်း လုပ်ငန်းစဉ်များတွင် NGO ၏ ပါဝင်ဆောင်ရွက်မှုသည် မိမိကိုယ်ကို နစ်နာသူများဟု မရှုမြင်ဘဲ ရဲတပ်ဖွဲ့အပေါ်လည်း အယုံအကြည်မရှိသည့် နစ်နာသူများနှင့် ယုံကြည်မှု တည်ဆောက်ရာတွင် အထောက်အကူပေးနိုင်ပြီး ရလဒ်အနေဖြင့် နစ်နာသူအား ဖော်ထုတ်အတည်ပြုရာတွင် ပိုမိုထိရောက်မှုရှိကြောင်း သိရှိခဲ့ရသည်။ ရာဇဝတ်ဆိုင်ရာ တရားရေးစနစ်အတွင်းသို့ ကျရောက်ပြီးဖြစ်သည့် ပုဂ္ဂိုလ်များအား နစ်နာသူများအဖြစ် အသိအမှတ်ပြုကာ ဆီလျော်ကိုက်ညီသည့် ထောက်ပံ့ကူညီမှုများ ရရှိနိုင်စေရန် ဆောင်ရွက်ပေးနိုင်ခဲ့သည့် သာဓကများရှိကြောင်း NGO ကိုယ်စားပြု ပါဝင်တက်ရောက်သူများက ဖော်ပြ ဆွေးနွေးခဲ့ကြသည်။

**ကလေးသူငယ် နစ်နာသူများကို ကလေးသူငယ်များအဖြစ် ဖော်ထုတ်သတ်မှတ်ခြင်းနှင့် အကာအကွယ်ပေးခြင်း၏ အရေးပါပုံ** - လူပုဂ္ဂိုလ်တစ်ဦးကို နစ်နာသူအဖြစ် သတ်မှတ်၍ အကာအကွယ်ပေးမည် သို့မဟုတ် ပြစ်မှု

[134] 2021 Trafficking in Persons Report: Thailand (US Department of State, 2021). The State Department reports that Thailand's criminal defamation laws have been used strategically by companies to pursue charges against potential victims and advocates.

ကျူးလွန်သူအဖြစ် သတ်မှတ်၍ တရားစွဲဆိုစစ်ဆေးမည်ကို ဆုံးဖြတ်ရာ၌ အဆိုပါပုဂ္ဂိုလ်၏ အသက်အရွယ်အပေါ် မူတည်၍ ဆုံးဖြတ်သတ်မှတ်လေ့ရှိကြောင်းကိုလည်း ပါဝင်တက်ရောက်သူများက မှတ်ချက်ပြု ဆွေးနွေးခဲ့ကြသည်။ သာဓကတစ်ရပ်တွင် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုသည့် ဓာတ်ပုံများ ရိုက်ကူးကာ ရောင်းချခြင်းအတွက် ဖမ်းဆီးခံခဲ့ရသည့် လူပုဂ္ဂိုလ်တစ်ဦးကို ဖမ်းဆီးပြီးနောက်၌ အသက် ၁၅ နှစ်အောက်ဖြစ်သည့် အသက်မပြည့်သေးသူဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။ သူမကို ကလေးသူငယ်အဖြစ် သတ်မှတ်သည့်အတွက် အပိုဒ် ၄၁ တွင် အတိအလင်း ထည့်သွင်းဖော်ပြမထားသည့် ပြစ်မှုများအတွက် အပါအဝင် တရားစွဲဆိုခြင်း မပြုခဲ့ပေ။ အခြားဖြစ်စဉ်တစ်ခုတွင် လူကုန်ကူးခံရသည့် နစ်နာသူ ဖြစ်နိုင်ခြေရှိသူများအဖြစ် ဖော်ထုတ်သတ်မှတ်ခံရသည့် လူ ၁၄ ဦးပါ အဖွဲ့တစ်ဖွဲ့ပါရှိပြီး ၎င်းအဖွဲ့တွင်းမှ အသက်အရွယ်ပြည့်ပြီးသူများသည် ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆိုသည့်အတွက်ကြောင့် ပြည့်တန်ဆာမှုနှင့် တရားစွဲဆိုစစ်ဆေးခံရပြီး ပြည်နှင်ဒဏ်ပေးခံခဲ့ရသည်။ ကလေးသူငယ်များအတွက်မူ ၎င်းတို့အနေဖြင့် အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်လိုသည့်ဆန္ဒ မရှိခြင်း သို့မဟုတ် နစ်နာသူများအဖြစ် ဖော်ထုတ်အတည်ပြုကာ ထောက်ပံ့ကူညီမှု မရှိခြင်းတို့ကို ထည့်သွင်းမစဉ်းစားဘဲ *ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှု အက်ဥပဒေ* အရ လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ ၎င်းတို့၏ သက်ဆိုင်ရာ စာရွက်စာတမ်းများတွင် အသက်အရွယ်ကို လိမ်လည်ဖော်ပြထားကြောင်း ရဲအရာရှိများက မသိရှိသည့် အခြေအနေများတွင် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ရန် လူကုန်ကူးခံရသည့် ရွှေ့ပြောင်းနေထိုင်သူ ကလေးသူငယ်များသည် ပြစ်ဒဏ်ချမှတ်ခံရနိုင်သည့် အန္တရာယ်နှင့် အထူးကြုံတွေ့ရနိုင်ကြောင်း မှတ်ချက်ပြု ဆွေးနွေးခဲ့ကြသည်။ ထိုသို့သော ဖြစ်စဉ်များတွင် ၎င်းတို့ကို လူကုန်ကူးခံရသည့် နစ်နာသူများအစား ပြည့်တန်ဆာပြုခြင်းဆိုင်ရာ ပြစ်မှုကျူးလွန်သူများအဖြစ် မှားယွင်းသတ်မှတ်မိနိုင်သည်။ ဤအချက်နှင့်စပ်လျဉ်း၍ ဖော်ပြထားသည့် အလေ့အထကောင်းများမှာ အသက်အရွယ်ကို ဆုံးဖြတ်သတ်မှတ်နိုင်ရန်အလို့ငှာ သိပ္ပံနည်းကျ နည်းလမ်းများနှင့် နစ်နာသူဗဟိုပြု လူမှုဆိုင်ရာ ချဉ်းကပ်နည်းဟန်များအပေါ် အားကိုးအားထားပြုရန် ဖြစ်သည်။

**နစ်နာသူမဟုတ်သူများကို နစ်နာသူများအဖြစ် မှားယွင်းသတ်မှတ်ခြင်း** - နစ်နာသူများကို ထိရောက်စွာ ဖော်ထုတ်အတည်ပြုနိုင်မှု မရှိခြင်းအပြင် နစ်နာသူမဟုတ်သူများကို နစ်နာသူများအဖြစ် မှားယွင်း သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍လည်း ဖော်ပြဆွေးနွေးခဲ့ကြသည်။ ဤတွင် လူပုဂ္ဂိုလ်တစ်ဦးကို လူကုန်ကူးခံရသည့် နစ်နာသူအဖြစ် သတ်မှတ်ခဲ့ပြီး ထို့နောက်တွင်မှ တရားရုံးတော်က ၎င်းသည် နစ်နာသူမဟုတ်ကြောင်း ဆုံးဖြတ်သတ်မှတ်ခဲ့သည့် သာဓကတစ်ရပ်ကို ဖော်ပြဆွေးနွေးခဲ့သည်။ ဤဖြစ်စဉ်တွင် အဆိုပါပုဂ္ဂိုလ်အား တရားမဝင် နိုင်ငံတွင်းသို့ ဝင်ရောက်ခြင်းအတွက် ပြစ်ဒဏ်ချမှတ်ခြင်းနှင့် ၎င်းအား လူကုန်ကူးခံရသည့် နစ်နာသူ တစ်ဦးအဖြစ် သတ်မှတ်ကာ ထောက်ပံ့ကူညီခဲ့မှုများအတွက် လူမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘေးကင်းလုံခြုံရေး ဝန်ကြီးဌာန (MSDHS) က ကုန်ကျခဲ့သည့် စရိတ်များအတွက် ပြန်လည်ပေးချေရန် အမိန့်ချခြင်း ဆောင်ရွက်မည်၊ မဆောင်ရွက်မည်ကို အစိုးရရှေ့နေက ရုံးတော်ကို မေးခွန်းထုတ်ခဲ့သည်။ ဤလေ့လာချက်ကို ပြုစုရေးသားနေချိန်တွင် အဆိုပါဖြစ်စဉ်ကို အပြီးသတ်ဖြေရှင်းရခြင်း မရှိသေးပေ။ ဤအချက်နှင့်စပ်လျဉ်း၍ လူကုန်ကူးခံရသည့် နစ်နာသူများသည် (ဒုက္ခသည်များနှင့် မှောင်ခိုရွှေ့ပြောင်းနေထိုင်သူများ ကဲ့သို့) အခြား ပြစ်မှုများနှင့် အခြေအနေများကို ခံစားရသည့် နစ်နာသူများအနေဖြင့် မရရှိနိုင်သည့် အကာအကွယ်များကို ခံစားရရှိကြောင်းနှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား အလွဲသုံးစားပြုခြင်းကို ကာကွယ်တားဆီးရေး မပျက်မကွက် ဆောင်ရွက်ရန် လိုအပ်ကြောင်း ပါဝင်တက်ရောက်သူများက ထောက်ပြဆွေးနွေးခဲ့ကြသည်။

## နစ်နာသူအား ပြစ်ဒဏ်ချမှတ်ခြင်းဆိုင်ရာ လက်တွေ့အခြေအနေများ

**ပြည်ပနိုင်ငံသား နစ်နာသူများသည် ပြစ်ဒဏ်ချမှတ်ခံရနိုင်သည့် အန္တရာယ် အထူးမြင့်မားခြင်း** - ကလေးသူငယ်များ အပါအဝင် လူကုန်ကူးခံရသည့် ပြည်ပနိုင်ငံသား နစ်နာသူများသည် တရားစွဲဆိုစစ်ဆေးခြင်း၊ ဒဏ်ကြေးတပ်ခြင်း၊

ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ပြည်နှင်ဒဏ်ပေးခြင်းကို ခံရနိုင်သည့်အန္တရာယ် အထူးမြင့်မားကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ရသည်။ လိင်ပိုင်းဆိုင်ရာမဟုတ်သည့် လုပ်အားခိုင်းစေမှု အသွင်သဏ္ဌာန်များဖြင့် ခေါင်းပုံဖြတ်ခံရသူများသည် တရားမဝင် ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ ပြစ်မှုများ၊ (နိုင်ငံကူးလက်မှတ်များ၊ ခွင့်ပြုမိန့်များ သို့မဟုတ် သဘောင်္သား လက်မှတ်များနှင့် ဆက်နွှယ်နေသည့်) စာရွက်စာတမ်းဆိုင်ရာ ပြစ်မှုများနှင့် ခွင့်ပြုချက်မရှိဘဲ အလုပ်လုပ်ကိုင်ခြင်း အတွက် တရားစွဲဆိုခြင်းကို ခံကြရသည်။ ထို့အပြင် လိင်လုပ်ငန်းကဏ္ဍ၌ ခေါင်းပုံဖြတ်ခံရသည့် ပုဂ္ဂိုလ်များသည် *ရာဇသတ်ကြီး ဥပဒေ B.E. ၂၄၉၉* နှင့် *ပြည့်တန်ဆာပြုခြင်းကို ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်နှိမ်နင်းရေး အက်ဥပဒေ* B.E. ၂၅၃၉ တို့အရ ထပ်ဆောင်းတရားစွဲဆိုမှုများ ခံရနိုင်သည့် အန္တရာယ်နှင့် ရင်ဆိုင်ကြရသည်။ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခံရသည့် ပြည်ပနိုင်ငံသား နစ်နာသူများကို ပြည့်တန်ဆာပြုခြင်း ဆိုင်ရာ ပြစ်မှုများအပြင် တရားမဝင် ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ ပြစ်မှုများဖြင့်လည်း တရားစွဲဆိုစစ်ဆေးခြင်း ဆောင်ရွက်ခဲ့သည့် သာဓကများရှိသည်။ နစ်နာသူများကို တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများအဖြစ် ပြည်နှင်ဒဏ် ပေးသည့်အခါ နေရပ်နိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးမှသာ ၎င်းတို့သည် နစ်နာသူများဖြစ်ကြောင်း သိရှိရသည့် ဖြစ်စဉ်များလည်း ရှိသည်။

**လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ရန် လူကုန်ကူးခံရသည့် နစ်နာသူများသည် ပြစ်ဒဏ်ချမှတ်ခံရနိုင်သည့် အန္တရာယ် အထူးမြင့်မားခြင်း** - လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ရန် လူကုန်ကူးခံရသည့် နစ်နာသူများ ကြုံတွေ့ရနိုင်သော *ရာဇသတ်ကြီး ဥပဒေ BE ၂၄၉၉* (၁၉၅၆) ပါ ပြစ်မှုစွဲချက်များတွင် 'လိင်နှင့်ဆက်နွှယ်သည့် ပြစ်မှုများ' (အပိုဒ် ၂၇၆ မှ ၂၈၇)၊ အသက်ရှင်သန်မှုနှင့် ကိုယ်ကာယဆိုင်ရာ ပြစ်မှုများ (အပိုဒ် ၂၈၈-၃၀၀) နှင့် လွတ်လပ်ခွင့်ဆိုင်ရာ ပြစ်မှုများ (အပိုဒ် ၃၀၉-၃၂၁) တို့ ပါဝင်သည်။ ကလေးသူငယ်များ အပါအဝင် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ရန် လူကုန်ကူးခံရသည့် နစ်နာသူများသည် *ပြည့်တန်ဆာပြုခြင်းကို ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်နှိမ်နင်းရေး အက်ဥပဒေ* B.E. ၂၅၃၉၊ အထူးသဖြင့် အပိုဒ် ၅ နှင့် ၆ အရ ရာဇဝတ်ပြစ်ဒဏ် ချမှတ်ခံရနိုင်ပြီး ထိုသို့ ချမှတ်ခဲ့သည့် သာဓကများလည်း ရှိခဲ့သည် -

> အပိုဒ် ၅။ ပြည့်တန်ဆာပြုရန် ရည်ရွယ်၍ လမ်းပေါ်၊ အများပြည်သူပိုင်နေရာ သို့မဟုတ် အခြား မည်သည့်နေရာတွင်မဆို ကွယ်ဝှက်မှုမရှိဘဲ အရှက်ကင်းမဲ့စွာဖြင့် တစ်စုံတစ်ဦးကို ပြည့်တန်ဆာမှု ပြုရန် သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း၊ မိမိကိုယ်ကို မိတ်ဆက်ခြင်း၊ နောက်မှလိုက်ခြင်း သို့မဟုတ် စိတ်အနှောင့်အယှက်ဖြစ်အောင် ခေါ်ယူခြင်း ပြုသည့် သို့မဟုတ် အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်စေရန် လုပ်ဆောင်သည့် မည်သူမဆိုသည် ဘတ်တစ်ထောင်ထက် မကျော်လွန်သော ငွေဒဏ်ကို ပေးဆောင်စေရမည်။
>
> အပိုဒ် ၆။ မိမိကိုယ်ကိုဖြစ်စေ အခြားသူတစ်ဦးကိုဖြစ်စေ ပြည့်တန်ဆာပြုစေရန် ရည်ရွယ်၍ အခြား ပုဂ္ဂိုလ်တစ်ဦးနှင့် ပြည့်တန်ဆာအိမ်တွင် တွေ့ဆုံဆက်ဆံသော မည်သူမဆိုသည် တစ်လထက် မကျော်လွန်သော ထောင်ဒဏ် သို့မဟုတ် ဘတ်တစ်ထောင်ထက် မကျော်လွန်သော ငွေဒဏ် သို့မဟုတ် ထောင်ဒဏ်ငွေဒဏ် နှစ်ရပ်လုံးကို ပေးဆောင်စေရမည်။

**လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး ကြိုးပမ်းအားထုတ်မှုများ၏ ရလဒ်အဖြစ် လိင်လုပ်ငန်းလုပ်ကိုင်သည့် ပုဂ္ဂိုလ်များကို တရားစွဲဆိုစစ်ဆေးမိခြင်း** - ထိုင်းနိုင်ငံဥပဒေသည် လူကုန်ကူးခံရသည့် နစ်နာသူများကို အကာအကွယ်ပေးထားပြီး နစ်နာသူများအဖြစ် ဖော်ထုတ်အသိအမှတ်ပြုခြင်း မခံရသူများသည် ရာဇဝတ်ပြစ်ဒဏ် ချမှတ်ခံရနိုင်သည်။ လိင်လုပ်ငန်းများတွင် ပါဝင်ပတ်သက်လုပ်ကိုင်သည့် ပုဂ္ဂိုလ်များသည် လိင်ပိုင်းဆိုင်ရာ သွေးဆောင်မှုအတွက် တရားစွဲဆိုစစ်ဆေးခံရနိုင်ပြီး ထိုင်းဘတ် ၁၅၀၀ ဒဏ်ကြေးအတပ်ခံရကာ ၄၈ နာရီကြာ ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံရနိုင်ကြောင်း ရှင်းပြဆွေးနွေးခဲ့ကြသည်။ တရားမဝင် အခြေအနေများသို့ ကျရောက်နေသော ပုဂ္ဂိုလ်များသည် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အာဏာပိုင်များထံ လွှဲပြောင်းပေးခံရပြီး ပြည်နှင်ဒဏ်ပေးခံရနိုင်သည်။

အငယ်စားပြစ်မှုများသည်ပင် ရာဇဝတ်မှတ်တမ်း ဝင်ရောက်သွားနိုင်ပေသည်။ ပါဝင်တက်ရောက်သူတစ်ဦးက ၎င်းဆောင်ရွက်ခဲ့သည့် ကယ်ဆယ်ရေးကြိုးပမ်းမှုများ၏ ရလဒ်အဖြစ် လူကုန်ကူးခံရသည့် နစ်နာသူအဖြစ် ဖော်ထုတ်အတည်ပြုခြင်းမခံရသူများသည် ရာဇဝတ်ပြစ်ဒဏ်ချမှတ်ခြင်းကို ကြုံတွေ့ရပြီး ၎င်းတို့မှာ အဆိုပါလုပ်ရပ်သည် တရားမဝင်ကြောင်း မသိရှိဘဲ ထိုင်းနိုင်ငံတစ်ဝန်း၌ ကျယ်ပြန့်စွာ ဆောင်ရွက်နေကြသည့် လုပ်ငန်းအတွက် ၎င်းတို့ကို အဘယ်ကြောင့် အကျဉ်းချသနည်းဟု မေးမြန်းခဲ့သည်ကို ပြန်လှန်ပြောပြပြီး ထိုဖြစ်ရပ်နှင့်စပ်လျဉ်း၍ စာရိတ္တဆိုင်ရာ ဝေဝါးထွေပြားမှုကို နက်နက်ရှိုင်းရှိုင်းခံစားရကြောင်း ဖော်ပြဆွေးနွေးခဲ့သည်။ ဤမေးခွန်းကို ကျေနပ်သည်အထိ ဖြေဆိုပေးနိုင်သည့်အဖြေ ၎င်းထံတွင်မရှိကြောင်းနှင့် လူကုန်ကူးခံရသည့် နစ်နာသူများအား ကယ်ဆယ်ရေးကြိုးပမ်းမှုများသည် လိင်လုပ်ငန်းလုပ်ကိုင်သူများအား အကျဉ်းချခြင်းနှင့် ကဲ့ရဲ့ရှုတ်ချခြင်းတို့ဖြင့် အဆုံးမသတ်စေရန်အလို့ငှာ လိင်လုပ်ငန်းကို ဥပဒေကြေပ်မတ်ရန်အတွက် ဥပဒေများ ရေးဆွဲချမှတ်ပြဋ္ဌာန်းသင့်ကြောင်း မှတ်ချက်ပြု ဆွေးနွေးခဲ့သည်။ ဤသို့ပြဋ္ဌာန်းခြင်းဖြင့် တရားဥပဒေ စိုးမိုးရေး အရာရှိများသည် လိင်လုပ်ငန်းလုပ်ကိုင်သူများအား ရာဇဝတ်ပြစ်ဒဏ် ချမှတ်ရန် အားထုတ်ကြိုးပမ်းမည့် အစား လူကုန်ကူးခံရသည့် ပုဂ္ဂိုလ်များကို ကယ်ဆယ်ဖြေရှင်းရန် အလေးပေးဆောင်ရွက်နိုင်မည်ဖြစ်သည်။

### စာကွက် ၈ - ဝင်ရောက်စီးနင်းမှုများနှင့် လူကုန်ကူးခံရသည့် နစ်နာသူများအား 'ကယ်ဆယ်ရေး ဆောင်ရွက်မှုများ' ၏ ရလဒ်အနေဖြင့် လိင်လုပ်သားများ ရာဇဝတ်ပြစ်ဒဏ်ချမှတ်ခံရခြင်း

နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းနှင့် အကာအကွယ်ပေးခြင်း ဆောင်ရွက်ရာတွင် 'ဝင်ရောက်စီးနင်းကာ ကယ်ဆယ်ရေး ပုံစံ' အား အသုံးပြုခြင်းကို လူအများအပြားက အပြင်းအထန် ဝေဖန်ထားကြသည်။ ထိုသို့ ဆောင်ရွက်ရာ၌ လိင်လုပ်ငန်းတွင် ပါဝင်ပတ်သက်လုပ်ကိုင်နေသည့် လူပုဂ္ဂိုလ်များကို ထောင်ချောက်ဆင် ဖမ်းဆီးရန် ဆောင်ရွက်သည့် စစ်ဆင်ရေးများ ပါဝင်နိုင်ပြီး ၎င်းစစ်ဆင်ရေးများတွင် ရဲတပ်ဖွဲ့နှင့် လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး NGO များမှ ကိုယ်စားလှယ်များသည် ဖောက်သည်များအဖြစ် ဟန်ဆောင်ကာ အချို့ဖြစ်စဉ်များတွင် လူကုန်ကူးခံရသူအဖြစ် သို့မဟုတ် ပြည့်တန်ဆာပြုခြင်းဆိုင်ရာ ပြစ်မှုများအား ကျူးလွန်သူအဖြစ် သံသယရှိသည့် ပုဂ္ဂိုလ်များထံမှ လိင်ပိုင်းဆိုင်ရာဝန်ဆောင်မှုများ ရယူခြင်းကို ဆောင်ရွက်သည်။ မည်သည့်ဖြစ်ရပ်အတွက်မဆို လုံလောက်သောအထောက်အထား ရရှိပြီးဖြစ်သည်ဟု မှတ်ယူပါက အဖွဲ့အစည်းအများအပြားမှ အာဏာပိုင်များက တစ်ခါတရံတွင် လက်နက်များကိုင်ဆောင်၍ သော်လည်းကောင်း၊ တစ်ခါတရံ တွင် မီဒီယာများမှ ကိုယ်စားလှယ်များခြံရံ၍သော်လည်း ဝင်ရောက်လာပြီး အသက် ၁၈ နှစ်အောက်ဟု ယုံကြည်သတ်မှတ် ထားသည့် လိင်လုပ်သားများနှင့် အသက် ၁၈ နှစ်ကျော်ပြီး လူကုန်ကူးခံရသည်ဟု မိမိကိုယ်ကို ဖော်ပြအသိပေးသည့် လိင်လုပ်သားများကို 'ကယ်ဆယ်ရေး' ဆောင်ရွက်သည်။ ယေဘုယျအားဖြင့် နစ်နာသူများအဖြစ် သတ်မှတ်ခံရသူများကို (တစ်ခါတရံ၌ ၎င်းတို့၏ ဆန္ဒမပါဘဲ) ခိုလှုံရာစခန်းများ၌ ထားရှိပြီး တစ်ခါတရံတွင် ထားရှိမည့်ကာလ အတိအကျ သတ်မှတ် ထားခြင်းမရှိဘဲ ၎င်းတို့သည် အလုပ်မလုပ်ကိုင်နိုင်သည့်အပြင် ၎င်းတို့၏ မိသားစုများနှင့်လည်း အဆက်အသွယ် အနည်းငယ်သာ ပြုလုပ်နိုင်ခြင်း သို့မဟုတ် လုံးလုံးလျားလျား ပြုလုပ်ခွင့်မရှိခြင်းတို့ကို ကြုံတွေ့ရသည်။ လူကုန်ကူးခံရသည့် နစ်နာသူများအဖြစ် သတ်မှတ်ခြင်းမခံရသူများကို အထောက်အထားမဲ့ နေထိုင်သူများ ဖြစ်ပါက ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် ပြည်နှင်ဒဏ်ပေးခြင်းတို့ ဆောင်ရွက်ပြီး နိုင်ငံကူးလက်မှတ်များတွင် ၎င်းတို့သည် ပြည့်တန်ဆာပြုခြင်းအား တားမြစ် ပိတ်ပင်သည့် ဥပဒေကို ချိုးဖောက်ခဲ့သူများအဖြစ် တံဆိပ်တုံး ခတ်နှိပ်သည်။[135]

**လူကုန်ကူးခံရသည့် ကလေးသူငယ် နစ်နာသူများကို တရားစွဲဆိုစစ်ဆေးခြင်း -** *ရာဇသတ်ကြီး ဥပဒေ BE ၂၄၉၉* (၁၉၅၆) ၏ အပိုဒ် ၇၃ အရ ထိုင်းနိုင်ငံတွင် ရာဇဝတ်မှုအတွက် တာဝန်ခံခြင်းပြုရန် အနိမ့်ဆုံးသတ်မှတ်ထားသည့် အသက်အရွယ်မှာ ၁၀ နှစ်ဖြစ်သည်။ ၂၀၂၀ ခုနှစ် ဇွန်လတွင် ထိုင်းနိုင်ငံ ဝန်ကြီးအဖွဲ့က ရာဇဝတ်မှုအတွက် တာဝန်ခံခြင်းပြုရန် အနိမ့်ဆုံးသတ်မှတ်ထားသည့် အသက်အရွယ်ကို ၁၂ အဖြစ် ပြောင်းလဲပြဋ္ဌာန်းရန် သဘောတူ ထောက်ခံခဲ့သည်။ လူကုန်ကူးခံရသည့် ကလေးသူငယ် နစ်နာသူများကို ပြည့်တန်ဆာပြုခြင်းဆိုင်ရာ ပြစ်မှုများနှင့် အခြားသူများအား စည်းရုံးခေါ်ယူရာတွင် ၎င်းတို့အနေဖြင့် တစ်ထောင့်တစ်နေရာမှ ပါဝင်ပတ်သက်ခဲ့သည့် အွန်လိုင်းမှတစ်ဆင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် လူကုန်ကူးခြင်းဆိုင်ရာ ပြစ်မှုများအတွက် တရားစွဲဆို စစ်ဆေးခဲ့သည့် သာဓကများကို ဖော်ပြဆွေးနွေးခဲ့ကြသည်။ အချို့ဖြစ်စဉ်များတွင် ၎င်းတို့သည် မိမိတို့၏ မိတ်ဆွေ သူငယ်ချင်းများအား စည်းရုံးခေါ်ယူခြင်းမှ ငွေကြေးအမြတ်အစွန်း ရရှိခဲ့သော်လည်း ကလေးသူငယ်များအနေဖြင့် အမြတ်အစွန်းမရရှိသည့် ဖြစ်စဉ်များ၌ပင် ၎င်းတို့ကို တရားစွဲဆိုစစ်ဆေးခြင်းများ ရှိခဲ့သည်။ ကလေးသူငယ်များသည် မျက်မြင်သက်သေများ မဟုတ်လျှင်ပင် *လူကုန်ကူးမှုဆိုင်ရာ အက်ဥပဒေ* နှင့် *ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေ* နှစ်မျိုးလုံးအရ ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်သင့်ကြောင်း ပါဝင်တက်ရောက်သူများက ရှင်းပြဆွေးနွေး ခဲ့ကြသည်။ အခြားသူများအား စည်းရုံးခေါ်ယူခြင်းမှ အမြတ်အစွန်းရရှိသော ကလေးသူငယ် နစ်နာသူများကို ပြစ်မှုစွဲချက်တင်ခြင်းဖြင့် ဤကဲ့သို့ ဆက်လက်ဆောင်ရွက်ခြင်းမှ ရပ်တန့်စေရန် လုပ်ဆောင်သင့်ကြောင်း ဆန့်ကျင်ကွဲပြားသော အမြင်ကိုလည်း ဆွေးနွေးခဲ့ကြသည်။

[135] *Sex Workers organising for change: Self-representation, community mobilisation, and working conditions* (Global Alliance Against Trafficking Traffic in Women (GAATW, 2018) 50; also see *Hit and Run: The impact of anti-trafficking policy and practice on Sex Worker's Human Rights in Thailand* (RATS-W Team, Empower, 2012).

လူကုန်ကူးသူများ/ခေါင်းပုံဖြတ်သူများကို အကာအကွယ်ပေးရန်အတွက် နစ်နာသူများကို မဟာဗျူဟာကျ ရာဇဝတ်ပြစ်ဒဏ် ချမှတ်ခြင်း - အလုပ်ရှင်များသည် ၎င်းတို့အား တိုင်ကြားသည့် နစ်နာသူများကို အပိုဒ် ၄၁ အရ အကာအကွယ်ပေးမှုတွင် မပါဝင်သည့် ခိုးမှုကဲ့သို့သော ပြစ်မှုများကျူးလွန်ကြောင်း စွပ်စွဲ၍ ပြန်လှန်တရားစွဲဆိုသည့် သာဓကများရှိခဲ့ကြောင်း ဖော်ပြဆွေးနွေးခဲ့ကြသည်။ လူကုန်ကူးခံရသည့် နစ်နာသူဖြစ်နိုင်ခြေရှိသူတစ်ဦးသည် လူပုဂ္ဂိုလ်တစ်ဦးအား သတိထားရန် လူမှုမီဒီယာအား အသုံးပြု၍ အခြားသူများကို သတိပေးသဖြင့် အသရေဖျက်မှုဖြင့် တရားစွဲခံရသည့် အခြားသာဓကတစ်ခုကိုလည်း ဖော်ပြဆွေးနွေးခဲ့ကြသည်။ ဤဗျူဟာများသည် အလုပ်ရှင်များက နစ်နာသူများအပေါ် ၎င်းတို့၏ ဩဇာအာဏာသက်ရောက်မှုကို ဖော်ပြရန်နှင့် တာဝန်ခံရခြင်းကို ရှောင်လွှဲရန် အသုံးပြုသည့် မဟာဗျူဟာဖြစ်ကြောင်း မှတ်ချက်ပြု ဆွေးနွေးခဲ့ကြသည်။ ၂၀၂၀ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အမေရိကန်ပြည်ထောင်စု အစီရင်ခံစာတွင် ခေါင်းပုံဖြတ်ခံရသည့် လုပ်သားများက အလုပ်ကိုစွန့်ခွာရန် သို့မဟုတ် အလုပ်ပြောင်းရန် ကြိုးပမ်းချိန်၌ ခေါင်းပုံဖြတ်သည့် အလုပ်ရှင်များက ၎င်းတို့ကို ခိုးမှုဖြင့်စွဲချက်တင်ရန် ဥပဒေစိုးမိုးရေး အရာရှိများအား အယုံသွင်းနားချသည့် ဖြစ်ရပ်များနှင့် နစ်နာသူဖြစ်နိုင်ခြေ ရှိသူများနှင့် အလုပ်သမားအခွင့်အရေးများအတွက် အရေးဆိုသူများကို နှုတ်ပိတ်ရန်အတွက် အသရေဖျက်မှုဆိုင်ရာ ရာဇဝတ်ဥပဒေများကို အသုံးချသည့် ဖြစ်ရပ်များ နှစ်မျိုးလုံးအတွက် သာဓကများကို ဖော်ပြထားသည်။[136]

**တရားစွဲဆိုစစ်ဆေးခြင်းမဟုတ်သည့် နစ်နာသူအား ပြစ်ဒဏ်ချမှတ်ခြင်း အသွင်သဏ္ဍာန်များ -** ရာဇဝတ်ဆိုင်ရာ တရားစွဲဆိုစစ်ဆေးခြင်းမဟုတ်သည့် နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခြင်းအဖြစ် မှတ်ယူနိုင်သော အုပ်ချုပ်ရေးဆိုင်ရာနှင့် အခြား စီမံဆောင်ရွက်ချက်များအကြောင်းကို ပါဝင်တက်ရောက်သူများက သာဓကများ ဖော်ပြဆွေးနွေးခဲ့ကြသည်။ နေရပ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်းမပြုမီ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ထိန်းသိမ်း ထားရှိခြင်းသည် တရားစွဲဆိုစစ်ဆေးခြင်းမဟုတ်သည့် ပြစ်ဒဏ်ချမှတ်ခြင်းတစ်မျိုးဖြစ်ပြီး အကျိုးသက်ဆိုင်သူများ အနေဖြင့် နစ်နာသူဖြစ်နိုင်သူများအား ဖော်ထုတ်အတည်ပြုခြင်းနှင့် ထောက်ပံ့ကူညီခြင်း မဆောင်ရွက်နိုင်အောင် ဟန့်တားခြင်း၏ သာဓကတစ်ရပ်ဖြစ်ကြောင်း ဖော်ပြဆွေးနွေးခဲ့သည်။ လျော်ကြေးပေးရန် ပျက်ကွက်မှုသည်လည်း နစ်နာသူအား ပြစ်ဒဏ်ချမှတ်ခြင်း အသွင်သဏ္ဍာန်တစ်ရပ်ပင်ဖြစ်ပြီး နစ်နာသူများသည် တရားမဝင် အခြေအနေများသို့ ကျရောက်နေသဖြင့် ထောက်ပံ့ကူညီရေး ရန်ပုံငွေများကို လက်လှမ်းမီရယူနိုင်ခြင်း မရှိစေရန် ပိတ်ပင်ထားသော ခွဲခြားဆက်ဆံမှုတစ်မျိုးပင်ဖြစ်ကြောင်းကိုလည်း ထောက်ပြဆွေးနွေးခဲ့ကြသည်။ အခြား သာဓကမှာ ပြည့်တန်ဆာပြုခြင်းဆိုင်ရာ ပြစ်မှုများအား နိုင်ငံကူးလက်မှတ်များတွင် မှတ်တမ်းတင်သည့် အလေ့အထဖြစ်ပြီး ၎င်းသည် နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူအား ကဲ့ရဲ့ရှုတ်ချမှုတစ်မျိုးဖြစ်ကာ ထိုင်းနိုင်ငံသို့ ထပ်မံလာရောက်ခြင်း မပြုနိုင်ရန် တားဆီးခြင်းဖြစ်ကြောင်း ဖော်ပြဆွေးနွေးခဲ့သည်။ လူကုန်ကူးခံရသည့် နစ်နာသူများအဖြစ် ဖော်ထုတ်အတည်ပြုခြင်းခံရသူများပင် ၎င်းတို့ကိုင်ဆောင်သည့် နိုင်ငံကူးလက်မှတ်၌ ပြည့်တန်ဆာလုပ်ငန်းတွင် ပါဝင်ပတ်သက်မှုရှိကြောင်း တံဆိပ်တုံးခတ်နှိပ်ကာ ပြည်နှင်ဒဏ်ပေးခံရကြောင်း သိရှိရသည်။ ဤအလေ့အထကို ဆက်လက်ကျင့်သုံးခြင်း ရှိ၊ မရှိ ရှင်းလင်းစွာ မသိရှိရပေ၊ နစ်နာသူတစ်ဦး၏ နိုင်ငံကူးလက်မှတ်တွင် ထိုသို့ တံဆိပ်တုံးခတ်နှိပ်ခြင်းသည် ၎င်းတို့ကို လူကုန်ကူးခံရသည့် နစ်နာသူများအဖြစ် ဖော်ထုတ်အတည်ပြုခြင်း မတိုင်မီက ကျူးလွန်ခဲ့သည့် ပြစ်မှုများနှင့် ဆက်နွှယ်နေနိုင်သည်၊ သို့မဟုတ် ၎င်းတို့ကို နစ်နာသူများအဖြစ် ဖော်ထုတ်အတည်ပြုခြင်း မရှိခဲ့သည့် ဒေသန္တရ ရဲအရာရှိများ၏ အမှားဖြစ်နိုင်သည်ဟု ထင်မြင်ကြောင်း ပါဝင်တက်ရောက်သူအချို့က ဖော်ပြဆွေးနွေးခဲ့ကြသည်။

**ပြည်ပရှိ လူကုန်ကူးခံရသည့် ထိုင်းနိုင်ငံသား နစ်နာသူများအား တရားစွဲဆိုစစ်ဆေးခြင်း -** လူကုန်ကူးခံရသည့် ထိုင်းနိုင်ငံသား နစ်နာသူများကို ပြည်ပတွင် တရားစွဲဆိုစစ်ဆေးခံရခြင်းမှ အကာအကွယ်ပေးရန် လိုအပ်ကြောင်း တရားရေးတာဝန်ရှိသူများက အလေးအနက် ဖော်ပြဆွေးနွေးခဲ့ကြသည်။ ဤတွင် သာဓကအနေဖြင့် လူကုန်ကူးခံရပြီး လွတ်မြောက်ရန်ကြိုးပမ်းရာ၌ ၎င်းအားခေါင်းပုံဖြတ်သူကို သတ်ဖြတ်ခဲ့သည့် ထိုင်းနိုင်ငံသား နစ်နာသူတစ်ဦး

[136] 2020 Trafficking in Persons Report: Thailand (US Department of State, 2020).

အကြောင်းကို ဖော်ပြဆွေးနွေးခဲ့သည်။ အဆိုပါဖြစ်စဉ် ဖြစ်ပွားသည့်အချိန်၌ လူကုန်ကူးခံရသည့် နိုင်ငံတွင် ၎င်းအား နစ်နာသူအဖြစ် အသိအမှတ်ပြုရန်အတွက် လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေကို ရေးဆွဲချမှတ်ထားခြင်း မရှိသေးသဖြင့် ရလဒ်အနေဖြင့် သူမသည် တရားမဝင် ရွှေ့ပြောင်းနေထိုင်မှုနှင့် လူသေစေမှု နှစ်မျိုးလုံးအတွက် တရားစွဲဆိုစစ်ဆေးခြင်း ခံခဲ့ရသည်။ ရာဇဝတ်ဆိုင်ရာ စစ်ဆေးကြားနာမှုများတွင် ပါဝင်ရန် ထိုင်းနိုင်ငံသား နစ်နာသူများကို အရှေ့အလယ်ပိုင်းတွင် ထိန်းသိမ်းထားခြင်း၊ အခြားနိုင်ငံများ၏ ရေပိုင်နက်များတွင် ဖမ်းဆီးရမိသော ထိုင်းနိုင်ငံသား ငါးဖမ်းလုပ်သားများကို လူကုန်ကူးခံရခြင်းအတွက် စစ်ဆေးစိစစ်ခြင်းမရှိဘဲ တရားစွဲဆိုစစ်ဆေးခြင်း အပါအဝင် အခြားသာဓကများကိုလည်း ဖော်ပြဆွေးနွေးခဲ့ကြသည်။ *လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး အက်ဥပဒေ* B.E. ၂၅၅၁ (၂၀၀၈) တွင် ယခု ထည့်သွင်းပြဋ္ဌာန်းပြီးဖြစ်သည့် အဓမ္မ လုပ်အားခိုင်းစေခံရသည့် နစ်နာသူများကိုလည်း ပြည်ပ၌ ပြစ်ဒဏ်ချမှတ်ခံရကြောင်း သိရှိရသည်။ တရားရေး တာဝန်ရှိသူများအနေဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်နေသည့် ထိုင်းနိုင်ငံသား ရွှေ့ပြောင်းလုပ်သားများအပေါ် သက်ရောက်မှုရှိသော အခြားနိုင်ငံများ၏ လုပ်သားဆိုင်ရာနှင့် အခြားဥပဒေများတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား လက်တွေ့ကျင့်သုံးခြင်းနှင့်စပ်လျဉ်း၍ ပြန်လှန်ဆင်ခြင်သုံးသပ်ရန် ပါဝင်တက်ရောက်သူများက အကြံပြု ဖော်ပြခဲ့ကြသည်။

## ၂.၁၀ ဗီယက်နမ်

ဤလေ့လာချက်အတွက် ဗီယက်နမ်နိုင်ငံတွင် ဆွေးနွေးပွဲနှစ်ခုကို ကျင်းပဆောင်ရွက်ခဲ့ပြီး အစိုးရနှင့် အစိုးရမဟုတ်သော လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး အဖွဲ့အစည်းများကို ကိုယ်စားပြု၍ တက်ရောက်ပါဝင်ကြသူ စုစုပေါင်း ၅၂ ဦး ရှိခဲ့ပါသည်။ ဤအပိုင်းတွင် ၎င်းတို့၏ ထိုးထွင်းသုံးသပ်ချက်များကို အဓိကအသုံးချထားပြီး အများပြည်သူရယူနိုင်သည့် သတင်းအချက်အလက်များကိုလည်း အသုံးပြုထားပါသည်။

### ဥပဒေနှင့် မူဝါဒတို့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို ထည့်သွင်းဖော်ပြခြင်း

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်ကို အတိအလင်း ထည့်သွင်းဖော်ပြထားမှု မရှိခြင်း** - ဗီယက်နမ်နိုင်ငံ ဥပဒေတွင် လူကုန်ကူးခံရသည့် နစ်နာသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။ *လူကုန်ကူးမှုအား ကြိုတင်ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်နှိမ်နင်းရေး* ဥပဒေအမှတ် ၆၆/၂၀၁၁/QH၁၂ တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။ ၂၀၁၁ ခုနှစ် လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေးဥပဒေတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်ကို ထည့်သွင်းဖော်ပြမှု မရှိခြင်းမှာ ၎င်းသည် အခြားပြဋ္ဌာန်းချက်များနှင့် ရှေ့နောက်ကိုက်ညီမှုမရှိဟု ယူဆ၍ဖြစ်သည်ဟု အစိုးရကိုယ်စားပြု ပါဝင်တက်ရောက်သူများက ရှင်းပြဆွေးနွေးခဲ့ကြသည်။ သို့ရာတွင် ၎င်းတို့က နစ်နာသူအား ကာကွယ်စောင့်ရှောက်မှုပေးခြင်းဆိုင်ရာ အမိန့်ကြေညာချက် အပါအဝင် အခြား ဥပဒေရေးရာ စာချုပ်စာတမ်းများ၌ ၎င်းအခြေခံမှုကို ထင်ဟပ်ထည့်သွင်းထားခြင်းရှိကြောင်း ဆက်လက်၍ ဖော်ပြဆွေးနွေးခဲ့ကြသည်။ ၂၀၁၂ ခုနှစ်၊ ဩဂုတ် ၁၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြေညာချက် အမှတ် ၆၂/၂၀၁၂/ND-CP တွင် လူကုန်ကူးခံရသည့် နစ်နာသူများအား ဖော်ထုတ်အတည်ပြုခြင်း၊ နစ်နာသူများနှင့် ၎င်းတို့၏ ဆွေမျိုးသားချင်းများအား ဘေးကင်းလုံခြုံစေရန် အကာအကွယ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည့် အခြေအနေရပ်များကို ဖော်ပြထားပြီး အမိန့်ကြေညာချက် အမှတ် ၀၉/၂၀၁၃/ND-CP တွင် လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဥပဒေပါ ပုဒ်မအချို့ကို အသေးစိတ်ပြဋ္ဌာန်းဖော်ပြထားသော်လည်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့်စပ်လျဉ်း၍ ထည့်သွင်းဖော်ပြခြင်း မရှိပေ။ သို့ရာတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်ကို သီးခြားဖော်ပြထားခြင်း မရှိသော်လည်း ဤအခြေခံမှုအား အခြား စာချုပ်စာတမ်းများတွင် လိုက်နာစောင့်ထိန်းသည့်အပြင် လက်တွေ့အခြေအနေ၌ ရဲအရာရှိများနှင့်

လုဝင်မှုကြီးကြပ်ရေး အရာရှိများသည် နစ်နာသူများကို ပြစ်ဒဏ်ချမှတ်ရန်အစား အကာအကွယ်ပေးရန် လုပ်ငန်းဆောင်ရွက်နေသောကြောင့် သီးခြားပြဋ္ဌာန်းချက် မရှိသော်လည်း အခြေခံမှုကို လိုက်နာကြောင်း ပါဝင်တက်ရောက်သူအချို့က ဖော်ပြဆွေးနွေးခဲ့ကြသည်။

**ဥပဒေတွင်ပါရှိသည့် အခြား သက်ဆိုင်ရာ အကာအကွယ်များ -** ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို ထည့်သွင်းဖော်ပြထားသည့် လူကုန်ကူးမှုဆိုင်ရာ အထူးဥပဒေများနှင့် နှစ်နိုင်ငံသဘောတူ စာချုပ်စာတမ်းများတွင် နစ်နာသူများအား ကာကွယ်စောင့်ရှောက်မှုပေးခြင်းအတွက် အနိမ့်ဆုံးစံသတ်မှတ်ချက်အဖြစ် *ဖွဲ့စည်းပုံ အခြေခံဥပဒေ*တွင် ဖော်ပြထားသည့် လူ့အခွင့်အရေးများကို စံသတ်မှတ်ထားကြောင်း ပါဝင်တက်ရောက်သူများက ဖော်ပြဆွေးနွေးခဲ့ကြသည် (အောက်တွင်ပါရှိသည့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အပိုင်းတွင် ကြည့်ပါ)။ ဤဥပဒေများသည် နိုင်ငံတကာဥပဒေနှင့် ကိုက်ညီမှုရှိကြောင်း အထူးဖော်ပြခဲ့ကြသော်လည်း ၎င်းတို့ကို လက်တွေ့ အကောင်အထည်ဖော်ကျင့်သုံးရေးအတွက်မူ ယခုထက် ပိုမိုကြိုးပမ်းအားထုတ်၍ ဆောင်ရွက်နိုင်ကြောင်းကိုလည်း အသိအမှတ်ပြုဆွေးနွေးခဲ့ကြသည်။ နစ်နာသူများကို ပြစ်မှုများကျူးလွန်ခြင်းအတွက် ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ အကာအကွယ်ပေးရန်အတွက် အင်အားသုံးခြင်းနှင့် အခြားသော ပြစ်မှုလျှော့ပါးစေသည့် အချက်များနှင့်စပ်လျဉ်း၍ *ရာဇသတ်ကြီး ဥပဒေ* နှင့် *ရာဇဝတ်ကျင့်ထုံးဥပဒေ* တို့တွင် ပြဋ္ဌာန်းထားကြောင်းကို ထောက်ပြဆွေးနွေးခဲ့ကြပြီး ၎င်းတို့သည် လူကုန်ကူးခံရသည့် နစ်နာသူဖြစ်သည့်အချက်အပေါ် အခြေခံ၍ အကာအကွယ်ပေးခြင်း မဟုတ်ဘဲ ကာယကံရှင်အများ မဟုတ်ဘဲ ကျူးလွန်ခဲ့ရသည့် လုပ်ရပ်များအတွက် ပြစ်မှုဆိုင်ရာ တာဝန်ခံစေပိုင်ခွင့် မရှိခြင်းနှင့် ၎င်းနှင့်သက်ဆိုင်သည့် ချမှတ်ထားသော ခုခံချေပချက်များအပေါ် အခြေခံ၍ အကာအကွယ်ပေးခြင်း ဖြစ်ပါသည်။

**ရာဇသတ်ကြီးဥပဒေပါ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များ -** *ရာဇသတ်ကြီး ဥပဒေ* (အမှတ် ၁၅/၁၉၉၉/QH၁၀) ၏ အပိုဒ် ၄၆ တွင် 'ရာဇဝတ်ဆိုင်ရာ တာဝန်ခံစေခြင်းကို လျှော့ပေါ့ပေးရမည့် အခြေအနေရပ်များ' ကို ဖော်ပြထားပြီး အဆိုပါ အခြေအနေရပ်များနှင့် ကိုက်ညီပါက တရားရုံးတော်များသည် ဥပဒေ၌ မူလပြဋ္ဌာန်းပါရှိသည့် ပြစ်ဒဏ်များထက် လျှော့ပေါ့၍ အမိန့်ချမှတ်ရန် ရွေးချယ်ဆုံးဖြတ်နိုင်သည်။ ဤအခြေအနေရပ်များအနက် အချို့သည် လူကုန်ကူးခံရသည့် ပုဂ္ဂိုလ်များက ၎င်းတို့လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ရနိုင်သည့် ပြစ်မှုများအတွက် အကျုံးဝင်နိုင်ပြီး ၎င်းတို့တွင် - (င) နစ်နာသူများ သို့မဟုတ် အခြားသူများ၏ ဥပဒေနှင့်မညီသည့် လုပ်ရပ်များသည် ကျူးလွန်သူများကို စိတ်ပိုင်းဆိုင်ရာ ဆွပေးသည့် အကျိုးသက်ရောက်စေခြင်းကြောင့် ပြစ်မှုများကို ကျူးလွန်မိခြင်း၊ (စ) ကိုယ်တိုင်ဖန်တီးထားခြင်း မဟုတ်သည့် ရှောင်လွှဲရန်မစွမ်းသာသော အခက်အခဲများကြောင့် ပြစ်မှုများကို ကျူးလွန်မိခြင်း၊ (ဈ) အခြားသူများက ခြိမ်းခြောက်၍ နှင့်/သို့မဟုတ် အဓမ္မ ဖိအားပေး၍ ပြစ်မှုများကို ကျူးလွန်မိခြင်း၊ နှင့် (ည) မသိရှိမှုကြောင့် ပြစ်မှုများကို ကျူးလွန်မိခြင်းတို့ ဖြစ်ပါသည်။

**လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ မူဝါဒများတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကို အတိအလင်း ထည့်သွင်း ဖော်ပြမှု မရှိခြင်း -** *လူကုန်ကူးခံရသည့် နစ်နာသူများအတွက် ဝန်ဆောင်မှုများပေးအပ်ခြင်းဆိုင်ရာ အနိမ့်ဆုံး စံသတ်မှတ်ချက်များ* (လုပ်သားရေးရာ၊ မသန်စွမ်းရေးရာနှင့် လူမှုရေးရာ ဝန်ကြီးဌာန၊ ၂၀၁၁) နှင့် *လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် လုပ်ငန်းစီမံချက်* ၂၀၁၆-၂၀၂၀ တို့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုနှင့်စပ်လျဉ်း၍ ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ *၂၀၃၀ ပြည့်နှစ် မျှော်မှန်းချက်အတွက် ၂၀၂၁-၂၀၂၅ ကာလအတွင်း လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတော်စီမံကိန်း* တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် စပ်လျဉ်း၍ အတိအလင်း ထည့်သွင်းဖော်ပြထားခြင်း မရှိသော်လည်း နစ်နာသူအား ကာကွယ်စောင့်ရှောက်ခြင်းကို အခိုင်အမာဆောင်ရွက်ရေးအတွက် အသေးစိတ်ဖော်ပြထားပြီး လူကုန်ကူးခံရသည့် နစ်နာသူများအဖြစ် သတ်မှတ်နိုင်ရန် လိုအပ်ချက်များမပြည့်မီသည့်သူများအတွက် လွှဲပြောင်းပေးရေး လုပ်ထုံးလုပ်နည်းများကိုပင် ဖော်ပြထားသည်။

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား အနက်ဖွင့်ဆိုခြင်း

**တာဝန်ခံရခြင်းမှ လွတ်ငြိမ်းရန် အခြေခံမူအား အလွဲသုံးခြင်းကို ရှောင်လွှဲခြင်း -** ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား ယေဘုယျကျယ်ပြန့်စွာ လက်တွေ့ကျင့်သုံးခြင်းနှင့်စပ်လျဉ်း၍ နှစ်ခြိုက်လက်ခံနိုင်ခြင်း မရှိကြောင်း ပါဝင်တက်ရောက်သူ အချို့က ဖော်ပြဆွေးနွေးခဲ့ကြပြီး နစ်နာသူ-ကျူးလွန်သူ၏ ရည်ရွယ်ချက်များ၊ ကျူးလွန်သည့် ပြစ်မှုနှင့်စပ်လျဉ်းသည့် အင်္ဂါရပ်များအပေါ် အလေးထားသုံးသပ်ရန် လိုအပ်ကြောင်းနှင့် ရာဇဝတ်ဆိုင်ရာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေတွင် ပြစ်မှုလျော့ပါးသက်သာစေသည့် အချက်များကို ထည့်သွင်းဖော်ပြရန် လိုအပ်ကြောင်း အလေးအနက် ဆွေးနွေးခဲ့ကြသည်။ ဥပဒေအား လက်တွေ့ကျင့်သုံးခြင်းနှင့် အခြေခံမူအား လက်တွေ့အကောင်အထည်ဖော်ခြင်းအတွက် ရာဇဝတ်ဆိုင်ရာ တရားရေးတာဝန်ရှိသူများက ဆောင်ရွက်ရမည့် အရေးပါလေးနက်သော တာဝန်များအကြောင်းကို အစိုးရကိုယ်စားပြုနှင့် အစိုးရကိုယ်စားပြုမဟုတ်သော ပါဝင်တက်ရောက်သူများ နှစ်ဘက်လုံးက အထူးဖော်ပြဆွေးနွေးခဲ့ကြသည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား အလွဲသုံးခြင်းနှင့်စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးချက်ကို အခြားစာတမ်းများတွင်လည်း တွေ့ရှိရပြီး ၂၀၂၀ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အမေရိကန်ပြည်ထောင်စု အစီရင်ခံစာတွင် နစ်နာသူများသည် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေချိုးဖောက်မှုများကို ရှောင်လွှဲရန်အတွက် အလွဲသုံးစားညှဉ်းပန်းခံရမှုများကို အမှန်ထက်ပို၍ဖော်ပြကြောင်း အစိုးရအရာရှိများက တင်ပြဆွေးနွေးခဲ့သည်ကို မှတ်ချက်ပြုဖော်ပြထားသည်။[137]

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ကျင့်သုံးရာတွင် နစ်နာသူကကျူးလွန်သည့် ပြစ်မှု၏ ကြီးလေးမှုကို ထည့်သွင်းစဉ်းစားခြင်း -** ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို အနက်ဖွင့်ဆိုရာတွင် ပြစ်မှု၏ ကြီးလေးမှုကို ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း အစိုးရကိုယ်စားပြု ပါဝင်တက်ရောက်သူများက အခိုင်အမာ ဖော်ပြဆွေးနွေးခဲ့ကြသည်။ လူသတ်မှု၊ မူးယစ်ဆေးဝါး မှောင်ခိုကုန်ကူးမှု သို့မဟုတ် လူကုန်ကူးမှုကဲ့သို့ ကြီးလေးသော ပြစ်မှုများအတွက် တရားစွဲဆိုစစ်ဆေးခံရခြင်းမှ လွတ်ငြိမ်းခွင့်မပေးသင့်ကြောင်း ပါဝင်တက်ရောက်သူအချို့က ဖော်ပြဆွေးနွေးခဲ့ကြသည်။ နစ်နာသူများကို မည်သည့်အခြေအနေတွင် ပြစ်ဒဏ်ချမှတ်မည်၊ မချမှတ်မည်နှင့် စပ်လျဉ်း၍ စံသတ်မှတ်ချက်များကို ရေးဆွဲချမှတ်ရန်အလို့ငှာ လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေတွင် ပြဋ္ဌာန်းချက်တစ်ရပ်ကို ထည့်သွင်းဖော်ပြရန် အကြံပြုဆွေးနွေးခဲ့ကြသည်။ တရားရေးတာဝန်ရှိသူတစ်ဦးက ဆွေးနွေးခဲ့သည်မှာ ဤအခြေခံမူကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူဟု *အတိအကျ* ခေါ်ဆိုသုံးနှုန်းခြင်း မပြုဘဲ လူကုန်ကူးခံရသည့် နစ်နာသူများအနေဖြင့် ဥပဒေဖြင့် အကာအကွယ်ပေးမှုကို ခံစားပိုင်ခွင့်ရှိသည့်တိုင် ကြီးလေးသော ပြစ်မှုများကို ကျူးလွန်ခြင်းအတွက် တရားစွဲဆိုစစ်ဆေးခြင်းကိုလည်း ဆောင်ရွက်နိုင်ရန်အလို့ငှာ 'လူကုန်ကူးခံရသည့် နစ်နာသူများ ကျူးလွန်သည့် ပြစ်မှုများအားကိုင်တွယ်ဖြေရှင်းရေး အခြေခံမူ' ဟု သုံးနှုန်းရန် ဖော်ပြဆွေးနွေးခဲ့သည်။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ကျင့်သုံးရာတွင် နစ်နာသူကကျူးလွန်သည့် ပြစ်မှုနှင့် ၎င်း၏ လူကုန်ကူးခံရခြင်းအကြား ဆက်နွှယ်မှုကို ဖော်ထုတ်ခြင်း -** နစ်နာသူက ကျူးလွန်သည့် ပြစ်မှုသည် ပြစ်မှု အင်္ဂါရပ်များ ပြည့်စုံကြောင်း ဖော်ထုတ်ပြီးပါက ၎င်းနစ်နာသူသည် တရားစွဲဆိုစစ်ဆေးခြင်းကို ခံယူရန် တာဝန်ရှိပြီး ဥပဒေအရ အကျုံးဝင်သည့် မည်သည့် ခုခံချေပမှုများကိုမဆို အသုံးချပိုင်ခွင့်ရှိကြောင်း အစိုးရအရာရှိများက ရှင်းပြဆွေးနွေးခဲ့သည်။ လူကုန်ကူးခံရသည့် နစ်နာသူသည် ၎င်းအား လူကုန်ကူးသူများက ဖမ်းဆီးခြင်း၊ အဓမ္မစေခိုင်းခြင်း၊ ရာဇဝတ်မှုကျူးလွန်ရန် ဖိအားပေးခြင်းတို့ကြောင့် လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အနေဖြင့် ပြစ်မှုများတွင် ပါဝင်ပတ်သက်ဆောင်ရွက်ခြင်း မဟုတ်ပါက ပြစ်မှုကျူးလွန်သူဖြစ်လာသည့် နစ်နာသူကို တရားစွဲဆိုစစ်ဆေးသင့်ကြောင်း ရှင်းပြဆွေးနွေးခဲ့သည်။ သို့ရာတွင် နစ်နာသူသည် နစ်နာသူအခြေအနေ၏ တိုက်ရိုက်အကျိုးဆက်အဖြစ်မဟုတ်ဘဲ ပြစ်မှုကျူးလွန်ပါက ၎င်းနစ်နာသူကို တရားစွဲဆိုစစ်ဆေးသင့်က အသုံးပြုနိုင်မည့် ပြစ်မှုလျော့ပါးသက်သာစေသော အချက်များကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။

[137] 2020 Trafficking in Persons Report: Viet Nam (US Department of State, 2020)

နစ်နာသူများကို ပြစ်မှုများကျူးလွန်ခြင်းအတွက် ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ အကာအကွယ်ပေးရန်အတွက် အင်အား သုံးခြင်းနှင့် အခြားသော ပြစ်မှုလျှော့ပါးစေသည့် အချက်များနှင့်စပ်လျဉ်း၍ *ရာဇသတ်ကြီး ဥပဒေ* နှင့် *ရာဇဝတ်ကျင့်ထုံး ဥပဒေ* တို့တွင် ပြဋ္ဌာန်းထားကြောင်းကို ထောက်ပြဆွေးနွေးခဲ့ကြပြီး ၎င်းတို့သည် လူကုန်ကူးခံရသည့် နစ်နာသူဖြစ်သည့် အချက်အပေါ် အခြေခံ၍ အကာအကွယ်ပေးခြင်း မဟုတ်ဘဲ ကာယကံရှင်အမှား မဟုတ်ဘဲ ကျူးလွန်ခဲ့ရသည့် လုပ်ရပ်များအတွက် ပြစ်မှုဆိုင်ရာ တာဝန်ခံစေပိုင်ခွင့် မရှိခြင်းနှင့် ၎င်းနှင့်သက်ဆိုင်သည့် ချမှတ်ထားသော ခုခံချေပချက်များအပေါ် အခြေခံ၍ အကာအကွယ်ပေးခြင်း ဖြစ်ပါသည်။ တစ်နည်းဆိုရသော် နစ်နာသူများကို ၎င်းတို့ရည်ရွယ်ဆန္ဒရှိစွာ ကျူးလွန်ခဲ့ခြင်းမဟုတ်သည့် ပြစ်မှုများအတွက် တရားစွဲဆိုစစ်ဆေးခြင်း မဆောင်ရွက်သင့် သော်လည်း ၎င်းတို့ဆန္ဒအလျောက် ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက်မူ ပြစ်ဒဏ်ချမှတ်သင့်သည်။ ကာလမည်မျှ ကြာလွန်ပြီးပါက နစ်နာသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းအား ရပ်တန့်သင့်ကြောင်းနှင့်စပ်လျဉ်း၍လည်း မေးခွန်းများ ဖော်ပြဆွေးနွေးခဲ့ကြပြီး ပါဝင်တက်ရောက်သူများက နစ်နာသူများအနေဖြင့် လူကုန်ကူးသူများထံမှ လွတ်မြောက်ကာ ပြည်ပ၌ အချိန်တစ်ခုကြာ တရားမဝင်နေထိုင်ပြီး တည်ငြိမ်သည့်ဘဝကို ပြန်လည်တည်ဆောက် ပြီးပါက ၎င်းတို့ကျူးလွန်သည့် ပြစ်မှုများအတွက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကို မခံစားရသင့်ဟု ရှုမြင်ကြောင်း ဆွေးနွေး ခဲ့ကြသည်။

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ကျင့်သုံးခြင်း

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ကျင့်သုံးရာတွင် တစ်သမတ်တည်းမဖြစ်မှုများ ရှိနိုင်ခြင်း -** အတိအလင်း ဖော်ပြထားသည့် ဥပဒေပြဋ္ဌာန်းချက် မရှိသော်လည်း လက်တွေ့အခြေအနေတွင် ဤအခြေခံမူကို ကျယ်ပြန့်စွာ လိုက်နာ စောင့်ထိန်းမှုရှိသည်ဟု ရှုမြင်ကြောင်း အစိုးရကိုယ်စားပြု တရားရေးတာဝန်ရှိသူအချို့က ဖော်ပြဆွေးနွေးခဲ့ကြသည်။ သို့ရာတွင် အစိုးရကိုယ်စားပြုနှင့် အစိုးရကိုယ်စားပြုမဟုတ်သည့် ပါဝင်တက်ရောက်သူ နှစ်ဘက်လုံးက ဖော်ပြခဲ့သည့် အခြားရှုမြင်ချက်တစ်ရပ်မှာ ဗီယက်နမ်ဥပဒေ၌ အခြေခံမူကို အတိအလင်း ဖော်ပြထားမှု မရှိခြင်းသည် အခြေခံမူအား လက်တွေ့ကျင့်သုံးရာတွင် ဗဟိုအဆင့်နှင့် ပြည်နယ်အဆင့်များ၌ တစ်သမတ်တည်း မဖြစ်မှုများကို ပေါ်ပေါက်စေနိုင်ပြီး ထို့ကြောင့် လမ်းညွှန်ချက်များ၊ လုပ်ငန်းစဉ်များဖြင့် တွဲဖက် ထောက်ပံ့ပေးထားသည့် ရှင်းလင်းတိကျသော ဥပဒေနှင့် မူဝါဒများကို ရေးဆွဲချမှတ်ထားရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့ကြသည်။ ဒေသန္တရအဆင့် အရာရှိအချို့သည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား မသိရှိသည့် အခြေအနေမျိုးပင် ရှိနိုင်ကြောင်း မှတ်ချက်ပြုဆွေးနွေးခဲ့ကြသည်။ ထို့အပြင် ဥပဒေပြဋ္ဌာန်းချက် ထည့်သွင်းခြင်းဖြင့် နစ်နာသူများသည် ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ အကာအကွယ်ရရှိမည်ဟု ပိုမိုယုံကြည်လာပြီး အာဏာပိုင်များနှင့် ချိတ်ဆက်ဆောင်ရွက်ရန် ပိုမိုဆန္ဒရှိလာနိုင်မည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးခဲ့ ကြသည်။ ဤအချက်နှင့် စပ်လျဉ်း၍ အစိုးရကိုယ်စားပြုမဟုတ်သည့် ပါဝင်တက်ရောက်သူများက နစ်နာသူများအား (ဦးတည်နိုင်ငံများ၌ ကျင့်သုံးမှုများ အပါအဝင်) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အကြောင်း နားလည်လာစေရန် ထောက်ကူ ပေးခြင်းသည် ပိုမို၍ ကောင်းမွန်နိုင်ကြောင်းနှင့် ထို့အပြင် ဗီယက်နမ်နိုင်ငံသား လုပ်သားများကိုလည်း ပြည်ပသို့ ပို့ဆောင်ခြင်းမပြုမီ အလားတူဆောင်ရွက်ရန် အကြံပြုဆွေးနွေးခဲ့ကြသည်။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ချဉ်းကပ်နည်းဟန်တစ်ရပ်အဖြစ် လျှော့ပေါ့ပြစ်ဒဏ်ချမှတ်ခြင်း -** ပြစ်မှုများ ကျူးလွန် သော လူကုန်ကူးခံရသည့် နစ်နာသူများအတွက် လျှော့ပေါ့ပြစ်ဒဏ်များ ချမှတ်ခြင်းကိုလည်း အစိုးရအရာရှိများက ထောက်ပြဆွေးနွေးခဲ့ကြသည်။ *ရာဇသတ်ကြီး ဥပဒေ* ၏ အပိုဒ် ၅၁ အရ တရားရေး တာဝန်ရှိသူများသည် ပုဂ္ဂလ နောက်ကြောင်း၊ ရာဇဝတ်မှတ်တမ်း မရှိခြင်းနှင့် လူပုဂ္ဂိုလ်သည် တရားဥပဒေစိုးမိုးရေး အရာရှိများနှင့် ပူးပေါင်း ဆောင်ရွက်မှုရှိခြင်းတို့ အပါအဝင် ပြစ်ဒဏ်လျှော့ပါးစေသည့် အခြေအနေရပ်များကို ညွှန်းဆိုအသုံးချနိုင်ရန် ခွင့်ပြု ထားသည်။ လူကုန်ကူးသူများသည် ယခင်က လူကုန်ကူးခံရသည့် နစ်နာသူများ ဖြစ်ခဲ့ခြင်းသည် ပြစ်ဒဏ်လျှော့ပေါ့ နိုင်သည့် အချက်တစ်ချက်ဖြစ်ကြောင်းကိုလည်း အစိုးရကိုယ်စားပြုမဟုတ်သည့် ပါဝင်တက်ရောက်သူတစ်ဦးက ထောက်ပြဆွေးနွေးခဲ့သည်။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ကျင့်သုံးရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို တုံ့ပြန်ဖြေရှင်းခြင်း-** ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ကျင့်သုံးခြင်းကို ပိုမိုခိုင်မာကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် အချက်သုံးချက်ကို ပါဝင်တက်ရောက်သူများက ဖော်ပြဆွေးနွေးခဲ့ကြသည်။ ပထမဆုံး အနေဖြင့် ဗီယက်နမ်နိုင်ငံသည် စာချုပ်များနှင့် အခြားသဘောတူညီချက်များဖြင့် အခြေခံမူကို တစိုက်မတ်မတ် လိုက်နာစောင့်ထိန်းလျက်ရှိသော်လည်း လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးရန်မှာမူ ပြည်တွင်းဥပဒေ၌ ၎င်းအခြေခံမူအား ထည့်သွင်းပြဋ္ဌာန်းရန် အဓိက လိုအပ်သည်ဟု အချို့က ဖော်ပြဆွေးနွေးခဲ့ကြသည်။ ဒုတိယ အနေဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ ကျင့်သုံးရန်အတွက် စုံစမ်းစစ်ဆေးရေး၊ တရားစွဲဆို စစ်ဆေးရေးနှင့် တရားစီရင်ဆုံးဖြတ်ရေး အဖွဲ့အစည်းများကို အသိပညာ မြှင့်တင်ပေးခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းနှင့် ၎င်းအဖွဲ့အစည်းများအကြား ဆက်ဆံရေးများ ပိုမို ခိုင်မာလာစေရန် ဆောင်ရွက်ပေးခြင်းတို့ လုပ်ဆောင်ရန် လိုအပ်ကြောင်းနှင့် လုပ်သားဆိုင်ရာ စစ်ဆေးရေးအရာရှိများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူနှင့် စပ်လျဉ်း၍ လေ့ကျင့်သင်ကြားပေးရန် လိုအပ်ကြောင်း ပါဝင်တက်ရောက်သူများက အလေးအနက် ဖော်ပြ ဆွေးနွေးခဲ့ကြသည်။ ဤတွင် အခြေခံမူအား နားလည်သဘောပေါက်ခြင်း ပိုမိုခိုင်မာလာစေရန် အတွက် နစ်နာသူ ထောက်ပံ့ကူညီရေး အဖွဲ့အစည်းများနှင့် ဥပဒေအထောက်အကူပေးရေး အဖွဲ့အစည်းများသည် ရာဇဝတ်ဆိုင်ရာ တရားရေးလုပ်ငန်းစဉ်များ၌ တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်သင့်ကြောင်း မှတ်ချက်ပြု ဆွေးနွေးခဲ့သည်။ တတိယအနေဖြင့် ဤလေ့လာချက်အတွက် လုပ်ဆောင်သည့် ဆွေးနွေးဝိုင်းကဲ့သို့ ဆွေးနွေးဝိုင်း များသည် လူကုန်ကူးမှုအား လူ့အခွင့်အရေးအခြေပြု ဆန့်ကျင်တိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် ပိုမို၍ ကောင်းမွန် လာစေရန်အတွက် အသုံးဝင်သည့် ဆွေးနွေးဝိုင်းများအဖြစ် ထိရောက်မှုရှိကြောင်း ဆွေးနွေးခဲ့ကြသည်။

## နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အခက်အခဲများ

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကို ထည့်သွင်းဖော်ပြထားသည့် နှစ်နိုင်ငံသဘောတူ သဘောတူညီချက်များ -** ဗီယက်နမ်နိုင်ငံသည် ထိုင်းနိုင်ငံနှင့် ၂၀၁၃ ခုနှစ်၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ၂၀၀၄ ခုနှစ်တို့၌ နားလည်မှုစာချွန်လွှာများကို ချုပ်ဆိုခဲ့ပြီး ၎င်း စာချွန်လွှာများတွင် လက်မှတ်ရေးထိုးထားသည့် စာချုပ်ဝင်များအနေဖြင့် နစ်နာသူများကို နစ်နာသူများအဖြစ် ဆက်ဆံကာ ပြစ်မှုကျူးလွန်သူများအဖြစ် မဆက်ဆံရန်နှင့် အမျိုးသမီးနှင့် ကလေးသူငယ် နစ်နာသူများကို တရားမဝင် နိုင်ငံတွင်းသို့ ဝင်ရောက်ခြင်း သို့မဟုတ် ပိုင်နက်တွင်းမှ ထွက်ခွာခြင်း၊ သို့မဟုတ် လူကုန်ကူးခံရခြင်း၏ တိုက်ရိုက် အကျိုးဆက်အဖြစ် ကျူးလွန်ခဲ့ရသည့် အခြား မည်သည့်ပြစ်မှုများအတွက်မဆို ပြစ်ဒဏ်ချမှတ်ခြင်းကို ရှောင်လွှဲရန် သဘောတူညီထားကြသည်။ လာအိုနိုင်ငံနှင့် ဗီယက်နမ်တို့အကြား ၂၀၁၀ ခုနှစ်၌ ချုပ်ဆိုခဲ့သည့် နားလည်မှုစာချွန်လွှာ တွင် စာချုပ်ဝင်များသည် နစ်နာသူများကို 'တရားမဝင် နိုင်ငံတွင်းသို့ဝင်ရောက်ခြင်း သို့မဟုတ် လူကုန်ကူးခံရခြင်းနှင့် ဆက်စပ်နေသည့် အခြား အုပ်ချုပ်ရေးဆိုင်ရာ ပြစ်မှုများအတွက် ဖမ်းဆီးထိန်းသိမ်းခြင်း နှင့်/ သို့မဟုတ် ပြစ်ဒဏ် ချမှတ်ခြင်း မဆောင်ရွက်ရန်' ကတိကဝတ် ပြဋ္ဌာန်းထားသည် (အပိုဒ် ၄(၁)/(က))။ ၂၀၁၀ ခုနှစ်၌ တရုတ်နိုင်ငံနှင့် ချုပ်ဆို ခဲ့သည့် နားလည်မှုစာချွန်လွှာတွင် စာချုပ်ဝင်များသည် နစ်နာသူများကို ၎င်းတို့နိုင်ငံပိုင်နက်အတွင်းသို့ တရားမဝင် ဝင်ရောက်ခြင်း သို့မဟုတ် ပိုင်နက်အတွင်းမှ ထွက်ခွာခြင်း၊ သို့မဟုတ် လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက် အဖြစ် ကျူးလွန်ခဲ့ရသည့် အခြား ဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် ပြစ်ဒဏ်ချမှတ်ခြင်း မဆောင်ရွက်ရန် သဘောတူညီထားကြသည် (အပိုဒ် ၂-က)။ မည်သည့် နှစ်နိုင်ငံသဘောတူ သဘောတူညီချက်၊ စာချုပ် သို့မဟုတ် အပြန်အလှန်ဝတ္တရား ပြဋ္ဌာန်းချက်မဆိုနှင့်အညီ လူကုန်ကူးခံရသည့် နစ်နာသူများကို ဖော်ထုတ်အတည်ပြုရန်အတွက် အပြန်အလှန် ဥပဒေအထောက်အကူ ပေးအပ်ခြင်း သို့မဟုတ် ရရှိခြင်းကို သာဓကဖော်ပြရန် မေးမြန်းရာ၌ ပါဝင် တက်ရောက်သူများအနေဖြင့် ဖော်ပြနိုင်ခြင်း မရှိခဲ့ပေ။

**နစ်နာသူများကို ပြည်ပ၌ တရားစွဲဆိုစစ်ဆေးခံရခြင်းမှ အကာအကွယ်ပေးရာတွင် ကြုံတွေ့ရသည့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အခက်အခဲများ -** လူကုန်ကူးမှုကို အနက်ဖွင့်ဆိုနားလည်ရာတွင် နိုင်ငံများအကြား တစ်သမတ်တည်း သဘောတူညီမှု မရှိခြင်းသည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို ကျင့်သုံးရေးအတွက်

အဟန့်အတားတစ်ရပ်ဖြစ်ကြောင်းကို အစိုးရကိုယ်စားပြုမဟုတ်သည့် ပါဝင်တက်ရောက်သူများက ထောက်ပြ ဆွေးနွေး ခဲ့ကြသည်။ အခြားဥပဒေပိုင်နက်များတွင် လုပ်ငန်းဆောင်ရွက်စေရန်အတွက် *သံတမန်ရေးရာ မှတ်စုဖြင့် အသိပေးမှု* ကို လိုအပ်ခြင်းသည် နစ်နာသူများအနေဖြင့် ဖော်ထုတ်အတည်ပြုမှု မခံရခြင်းနှင့် တရားစွဲဆို စစ်ဆေးခြင်းကို ကြုံတွေ့ ရနိုင်သည့်အန္တရာယ်ကို ပေါ်ပေါက်စေသည့် တစ်စိတ်တစ်ပိုင်းပင်ဖြစ်ကြောင်း အစိုးရ အရာရှိများက ဖော်ပြဆွေးနွေး ခဲ့ကြသည်။ ဖြစ်ပွားရာဒေသအတွင်း၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အခြေခံမှုအား ကျင့်သုံးနိုင်ရန်အတွက် COMMIT လုပ်ငန်းစဉ်အား အသုံးပြုနိုင်မှု ရှိ၊ မရှိ ကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ ဗီယက်နမ်နိုင်ငံသား နစ်နာသူများကို ကာကွယ်စောင့်ရှောက်မှုပေးရာ၌ နစ်နာသူအား ထောက်ပံ့ကူညီရေး နားလည်မှုစာချွန်လွှာများ ချုပ်ဆိုခြင်း အပါအဝင် ဥရောပသမဂ္ဂရှိ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများနှင့် ပိုမိုခိုင်မာစွာ ပူးပေါင်းဆောင်ရွက်ခြင်းသည် အဓိကကျသည် ဟု ဖော်ပြဆွေးနွေးခဲ့ကြသည်။

## နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းဆိုင်ရာ အခက်အခဲများ

**နစ်နာသူများကို ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ အကာအကွယ်ပေးရာတွင် ၎င်းတို့အား ဖော်ထုတ် အတည်ပြုခြင်းသည် အဓိကအရေးပါခြင်း** - နစ်နာသူများကို ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ အကာအကွယ်ပေးရာတွင် ၎င်းတို့အား ဖော်ထုတ် အတည်ပြုခြင်းဆိုင်ရာ ကျွမ်းကျင်မှုစွမ်းရည်များ တိုးတက်လာအောင် မြှင့်တင် ပေးခြင်းသည် အဓိကလိုအပ်ချက် ဖြစ်ကြောင်း အလေးအနက် ဖော်ပြဆွေးနွေးခဲ့ကြသည်။ နစ်နာသူများအဖြစ် ဖော်ထုတ်အတည်ပြုခြင်းခံရပြီး တရားမဝင် နိုင်ငံတွင်းသို့ဝင်ရောက်ခြင်းအတွက် အုပ်ချုပ်ရေးဆိုင်ရာ ဒဏ်ကြေးတပ်ခြင်း အပါအဝင် တရားစွဲဆိုခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းမှ လွတ်ငြိမ်းခွင့်ရှိသည့် နစ်နာသူအဖြစ် အသိအမှတ်ပြုလွှာများ ရရှိသည့် နစ်နာသူများသည် တရားစွဲဆိုစစ်ဆေးခြင်း မခံရစေရန်အတွက် ကောင်းစွာအကာအကွယ်ပေးမှုကို ခံစားရကြောင်း ယေဘုယျအမြင်ကို ဖော်ပြဆွေးနွေးခဲ့ကြသည်။ နစ်နာသူများအား ဖော်ထုတ်အတည်ပြုနိုင်ရေးအတွက် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို အစိုးရကိုယ်စားပြုမဟုတ်သည့် ပါဝင်တက်ရောက်သူတစ်ဦးက ချီးမွမ်းဖော်ပြခဲ့ပြီး ဗီယက်နမ်နှင့် ပြည်ပ နှစ်မျိုးလုံးတွင် နစ်နာသူ-ကျူးလွန်သူများကို ရာဇဝတ်လုပ်ရပ်များ ကျူးလွန်ရန် အဓမ္မ စေခိုင်းခံရသည့် အခြေအနေများကို စုံစမ်းစစ်ဆေးရာ၌ တရားဥပဒေစိုးမိုးရေး တာဝန်ရှိသူများ၏ လုပ်ငန်း ဆောင်ရွက်ချက်သည် အလွန်အရေးပါကြောင်းကို အလေးအနက် ဖော်ပြဆွေးနွေးခဲ့သည်။ သို့ရာတွင် နစ်နာသူများကို အကာအကွယ်ပေးရမည့်အစား ပြစ်ဒဏ်ချမှတ်ခြင်း ဖြစ်ပွားစေနိုင်သည့် ဖော်ထုတ်အတည်ပြုခြင်း လုပ်ထုံးလုပ်နည်းများမှ အချို့လစ်ဟာချက်များကိုလည်း မှတ်ချက်ပြုဆွေးနွေးခဲ့ကြသည်။

**နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပိုမိုကောင်းမွန်အောင် မြှင့်တင်ရန် နယ်ပယ်အတိုင်းအတာ** - ၂၀၂၂ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အမေရိကန်ပြည်ထောင်စု အစီရင်ခံစာတွင် နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်း လုပ်ငန်းစဉ်သည် 'အလွန်ဝန်ပိကာ ရှုပ်ထွေး' နေဆဲဖြစ်ကြောင်း မှတ်ချက်ဖော်ပြခဲ့သည်။ ဖော်ထုတ်အတည်ပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို စနစ်တကျ လက်တွေ့အကောင်အထည်ဖော်ရန် ပျက်ကွက် ခြင်းကြောင့် ရလဒ်အနေဖြင့် နစ်နာသူများကို ကြိုတင်ဦးစွာ ဖော်ထုတ်အတည်ပြုခြင်း မပြုနိုင်ဘဲ လိင်လုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသည့် အမျိုးသမီးများနှင့် ကလေးသူငယ်များ အပါအဝင် အချို့သော နစ်နာသူများသည် လူကုန်ကူး သူများက ၎င်းတို့ကို အဓမ္မစေခိုင်း၍ ကျူးလွန်ခဲ့ရသည့် ဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် ပြစ်ဒဏ်ချမှတ်ခြင်းကို ကြုံတွေ့ရနိုင်သည်။ အဆိုပါအစီရင်ခံစာတွင် ပြည်ပနိုင်ငံသား နစ်နာသူများသည် ၎င်းတို့အား အာဏာပိုင်များက တရားမဝင် နိုင်ငံတွင်းသို့ဝင်ရောက်ခြင်းကြောင့် ဖမ်းဆီးမည်ကို စိုးရွံ့သဖြင့် မိမိကိုယ်ကို ဖော်ထုတ်အတည်ပြုရန် ဆန္ဒမရှိတတ်ကြဘဲ ဗီယက်နမ်နိုင်ငံသား နစ်နာသူများသည် တရားမဝင် နိုင်ငံတွင်းသို့ဝင်ရောက်ခြင်းနှင့် ၎င်းတို့ လူကုန်ကူးခံရခြင်း၏ အကျိုးဆက်အဖြစ် ကျူးလွန်ခဲ့ရသည့် ဥပဒေနှင့်မညီသော လုပ်ရပ်များ၊ သို့မဟုတ် အစိုးရကို

ဝေဖန်ခြင်းတို့အတွက် ပြစ်ဒဏ်ချမှတ်ခံရမည်ကို စိုးရွံ့ကြကြောင်း NGO များက အစီရင်ခံတင်ပြထားသည်။[138]

**လူကုန်ကူးခံရသည့် နစ်နာသူများအား ဖော်ထုတ်အတည်ပြုမှု မရှိခြင်းနှင့်စပ်လျဉ်းသည့် ကျား-မရေးရာ ရှုထောင့်များနှင့် အဆိုပါနစ်နာသူများအနေဖြင့် ပြစ်ဒဏ်ချမှတ်မှု ခံရနိုင်ခြင်း -** လူကုန်ကူးခံရသူ အများစုသည် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ရန် လူကုန်ကူးခံရသည့် အမျိုးသမီးနစ်နာသူများ ဖြစ်သည့်အလျောက် ၎င်းတို့သည် ပြစ်ဒဏ်ချမှတ်ခံရနိုင်သည့် အန္တရာယ်နှင့် အထူးရင်ဆိုင်နေရသည်။ လိင်ပိုင်းဆိုင်ရာမဟုတ်သည့် လုပ်အားဆိုင်ရာ ခေါင်းပုံဖြတ်မှု အသွင်သဏ္ဍာန်များကို ကြုံတွေ့ခံစားနေရသော အမျိုးသမီး နစ်နာသူများသည် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းကို ခံစားရသည့် နစ်နာသူများထက် ဖော်ထုတ်အတည်ပြုခံရရန် ပိုမိုခက်ခဲနိုင်ပြီး ထို့ကြောင့်ပင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြစ်မှုများအတွက် တရားစွဲဆိုစစ်ဆေးခံရနိုင်သည့် အန္တရာယ်ကို ကြုံတွေ့ကြရသည်။ အမျိုးသားများကို နစ်နာသူများဟု ရှုမြင်လက်ခံမှု ပိုမိုနည်းပါးသည့်အလျောက် ၎င်းအချက်သည်လည်း နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းကို အဟန့်အတားဖြစ်စေပြီး ရလဒ်အနေဖြင့် အဆိုပါ အမျိုးသားနစ်နာသူများသည် ပြစ်ဒဏ်ချမှတ်ခံရနိုင်သည့် အန္တရာယ်နှင့် ကြုံတွေ့ကြရသည်။

**ပြည်ပရှိ ဗီယက်နမ်နိုင်ငံသား နစ်နာသူများအား ဖော်ထုတ်အတည်ပြုရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ -** ဗီယက်နမ်နိုင်ငံသားတစ်ဦးကို ပြည်ပသို့ လူကုန်ကူးခံရသည့် နစ်နာသူဖြစ်ကြောင်း သက်သေထူရာ၌ ကြုံတွေ့ရသည့် အခက်အခဲများအကြောင်းကို အစိုးရကိုယ်စားပြုနှင့် အစိုးရကိုယ်စားပြုမဟုတ်သည့် ပါဝင်တက်ရောက်သူ နှစ်ဘက်လုံးက ဖော်ပြဆွေးနွေးခဲ့ကြသည်။ တရားမဝင် အခြေအနေများသို့ကျရောက်နေသော အဆိုပါဗီယက်နမ် နိုင်ငံသားများသည် ဘာသာစကား အခက်အခဲများကို ကြုံတွေ့ရပြီး ဖော်ထုတ်အတည်ပြုခြင်းနှင့် ထောက်ပံ့ ကူညီပေးခြင်းကို မခံစားရဘဲ ပြည်နှင်ဒဏ်ပေးခံရနိုင်သည့် အန္တရာယ်ကို ကြုံတွေ့ရနိုင်ခြေ ပိုမို မြင့်မားသည်။

## နစ်နာသူအား ပြစ်ဒဏ်ချမှတ်ခြင်းဆိုင်ရာ လက်တွေ့အခြေအနေများ

**ပြည်ပရှိ ဗီယက်နမ်နိုင်ငံသား နစ်နာသူများအား တရားစွဲဆိုစစ်ဆေးခြင်း -** အဝမ္ပ ပြည့်တန်ဆာပြုစေရန် သို့မဟုတ် အဓမ္မ ထိမ်းမြားစေရန်အတွက် တရုတ်ပြည်သို့ လူကုန်ကူးခံရသည့် နစ်နာသူများသည် ၎င်းတို့လူကုန်ကူးခံရသော အခြေအနေမှ လွတ်မြောက်ပြီးနောက် လူကုန်ကူးခံရသည့် နစ်နာသူများအဖြစ် ထောက်ပံ့ကူညီမှုပေးခြင်းကို ခံစားရမည့်အစား ပြည်တွင်းသို့ဝင်ရောက်ခြင်း သို့မဟုတ် စာရွက်စာတမ်းဆိုင်ရာ ပြစ်မှုများအတွက် ဖမ်းဆီးခြင်းနှင့် အကျဉ်းချခြင်းတို့ကို တွေ့ကြုံခံစားရကြောင်း ပါဝင်တက်ရောက်သူများက မှတ်ချက်ပြုဆွေးနွေးခဲ့ကြသည်။ ဗီယက်နမ်အာဏာပိုင်များအနေဖြင့် အဆိုပါပုဂ္ဂိုလ်များသည် လူကုန်ကူးခံရသည့် နစ်နာသူများဖြစ်သည်ဟု အတည်ပြုကြောင်း သတင်းအချက်အလက်ပေးပို့သော်လည်း ထိုသို့ ဖမ်းဆီးစစ်ဆေးခြင်းကို ကြုံတွေ့ရနိုင်သည်။ ဆေးခြောက်စိုက်ပျိုးရန် လူကုန်ကူးခံရသည့် ဗီယက်နမ်နိုင်ငံသား နစ်နာသူများအနေဖြင့် ရာဇဝတ်ဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းကို ကြုံတွေ့နေရသည့် သာဓကများကိုလည်း ဖော်ပြဆွေးနွေးခဲ့ကြပြီး ဗီယက်နမ် နိုင်ငံသားများအား ရာဇဝတ်မှုများ ကျူးလွန်စေရန် လူကုန်ကူးမှုများအကြောင်းကို အမှန်စင်စစ်ပင် ကောင်းစွာ မှတ်တမ်းတင်ထားချက်များလည်း ရှိသည်။[139] ဥရောပဒေသ၌ ရာဇဝတ်မှုဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းအကြောင်း တင်ပြထားသည့် ၂၀၁၄ ခုနှစ် အစီရင်ခံစာတစ်ခုတွင် ကလေးသူငယ် များအပါအဝင် လူကုန်ကူးရန် နစ်နာသူများကို ပစ်မှတ်ထားရှာဖွေရာ၌ ဗီယက်နမ်နိုင်ငံသည် အဓိကရင်းမြစ်နိုင်ငံ တစ်ခုဖြစ်ကြောင်း သုံးသပ်ဖော်ပြထားသည်။[140] ယူနိုက်တက်ကင်းဒမ်း၌ လူကုန်ကူးခံရသည့်

[138] 2021 Trafficking in Persons Report: Viet Nam (US Department of State, 2021)

[139] *Trafficking for Forced Criminal Activities and Begging in Europe: Exploratory Study and Good Practices* (Anti-Slavery International, 2014) 50, 57.

[140] Indeed, Viet Nam is the single largest source country for child trafficking into the UK, with Vietnamese gangs trafficking children as low-cost labour. Of the 308 children reportedly arrested for cannabis cultivation in the UK between 2011 and 2014, 245 were Vietnamese nationals, or 79.5% of the total number of foreign children

ဗြိတိန်နိုင်ငံသား နစ်နာသူများအား တရားစွဲဆိုစစ်ဆေးခြင်းသည် လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး၏ *V.C.L and A.N. v The United Kingdom* အမှုတွင် မှတ်ကျောက်တင် စီရင်ဆုံးဖြတ်ချက်တစ်ရပ် ဖြစ်ခဲ့သည် (စာကွက် ၄ ကို ကြည့်ပါ)။

**ဗြိတိန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် ဗြိတိန်နိုင်ငံသား နစ်နာသူများအား တရားစွဲဆိုစစ်ဆေးခြင်း -** ဦးတည်နိုင်ငံများ၌ နစ်နာသူများအဖြစ် အသိအမှတ်ပြုခံရသော်လည်း ဗြိတိန်နိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်၌ ထိုသို့အသိအမှတ်မပြုဘဲ နိုင်ငံတွင်းမှ တရားမဝင် ထွက်ခွာခြင်းနှင့် တရားမဝင် အလုပ်လုပ်ကိုင်ခြင်းတို့အတွက် ဒဏ်ကြေးတပ်ခံရသည့် ဗြိတိန်နိုင်ငံသားများ ကြုံတွေ့ရသည့် အခက်အခဲများအကြောင်းကို အစိုးရကိုယ်စားပြု မဟုတ်သည့် ပါဝင်တက်ရောက်သူများက မှတ်ချက်ပြုဆွေးနွေးခဲ့ကြသည်။ အဝမ္မ ပြည့်တန်ဆာပြုစေရန်အတွက် တရုတ်နိုင်ငံသို့ လူကုန်ကူးခံရပြီး သူမအား ခေါင်းပုံဖြတ်သည့် ပြည့်တန်ဆာအိမ်၏ ပိုင်ရှင်ကို သတ်ဖြတ်၍ ဗြိတိန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာချိန်၌ ၁၅ နှစ် အကျဉ်းချခံခဲ့ရသော ဗြိတိန်နိုင်ငံသူ နစ်နာသူတစ်ဦး၏ ဖြစ်စဉ်ကို တရားရေးတာဝန်ရှိသူများက ညွှန်းဆိုဆွေးနွေးခဲ့ကြသည်။ ပါဝင်တက်ရောက်သူများက ဤဖြစ်စဉ်တွင် နစ်နာသူသည် အဆိုပါ ပြစ်မှုကို ၎င်းလူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခဲ့ခြင်း ဖြစ်ကြောင်း ထောက်ပြခဲ့ကာ လူပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ပြစ်မှုကျူးလွန်ရန် အဓမ္မစေခိုင်းခံရခြင်း ရှိ၊ မရှိ သို့မဟုတ် ဥပမာအားဖြင့် လူသတ်ခြင်းမဟုတ်ဘဲ အခြားတစ်နည်းနည်းဖြင့် မိမိကိုယ်ကို ခုခံကာကွယ်နိုင်ခြင်း ရှိ၊ မရှိ ကို ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း ထောက်ပြဆွေးနွေးခဲ့ကြသည်။

**ဗြိတိန်နိုင်ငံသို့ လူကုန်ကူးခံရသည့် ပြည်ပနိုင်ငံသား နစ်နာသူများအား တရားစွဲဆိုစစ်ဆေးခြင်းနှင့် ပြောင်းရွှေ့နေထိုင်သူအဖြစ် သတ်မှတ်ခြင်းဆိုင်ရာ ထည့်သွင်းစဉ်းစားစရာများ -** ပြည်ပနိုင်ငံသား နစ်နာသူများ အနေဖြင့် ဗြိတိန်နိုင်ငံသို့ လူကုန်ကူးခံရသည့် ဖြစ်စဉ်တစ်လျှောက် ကျူးလွန်ခဲ့ရနိုင်သည့် ပြစ်မှုများအတွက် ၎င်းတို့အား ပြစ်ဒဏ်ချမှတ်ခြင်း ရှိ၊ မရှိနှင့်စပ်လျဉ်း၍ မတူညီသော အမြင်များကို ဖော်ပြဆွေးနွေးခဲ့ကြသည်။ ပြည်ပနိုင်ငံသားများကို ဖော်ထုတ်အတည်ပြုခြင်းသည် ပိုမိုခက်ခဲပြီး ၎င်းတို့အနေဖြင့်လည်း အာဏာပိုင်များထံ မိမိကိုယ်ကို ဖော်ထုတ်အတည်ပြုမှု နည်းပါးနိုင်သည့်အတွက် ရလဒ်အနေဖြင့် ၎င်းတို့သည် တရားစွဲဆို စစ်ဆေးခံရနိုင်သည့် အန္တရာယ်ကို ပိုမိုမြင့်မားစွာ ရင်ဆိုင်ကြရသည်။

**နစ်နာသူတစ်ဖြစ်လဲ လူကုန်ကူးသူများအား တရားစွဲဆိုစစ်ဆေးခြင်း -** ဗြိတိန်နိုင်ငံမှ မလေးရှားနိုင်ငံ သို့မဟုတ် တရုတ်နိုင်ငံကဲ့သို့ အခြားနိုင်ငံများထံ လူကုန်ကူးခံရပြီး ခရီးလမ်းကြောင်းများနှင့် ဆက်သွယ်ရမည့် ပုဂ္ဂိုလ်များကို တွေ့ရှိခဲ့ရပြီးနောက် လူကုန်ကူးသူများအဖြစ် ဗြိတိန်နိုင်ငံသို့ ပြန်လာလုပ်ကိုင်သည့် နစ်နာသူများအကြောင်း သာဓကများကို ဖော်ပြဆွေးနွေးခဲ့ကြသည်။ ထိုသို့သောဖြစ်စဉ်များတွင် ၎င်းတို့အနေဖြင့် လူကုန်ကူးခြင်းတွင် ပါဝင်ပတ်သက်ကြောင်း သက်သေထူနိုင်မည့် အထောက်အထားများကို ရရှိပါက ၎င်းတို့အား တရားစွဲဆို စစ်ဆေးမည်ဖြစ်ကြောင်း အစိုးရကိုယ်စားပြု ပါဝင်တက်ရောက်သူများက ရှင်းပြဆွေးနွေးခဲ့ကြသည်။ အစိုးရကိုယ်စားပြု မဟုတ်သည့် ပါဝင်တက်ရောက်သူများကလည်း နစ်နာသူတစ်ဖြစ်လဲ လူကုန်ကူးသူများအကြောင်း သာဓကများကို ဖော်ပြခဲ့ကြပြီး ဖြစ်စဉ်တစ်ခုတွင် နစ်နာသူတစ်ဦးကို သူမနေရာ၌အစားထိုးရန် အခြားနစ်နာသူတစ်ဦးကို စည်းရုံးခေါ်ယူနိုင်ပါက ဗြိတိန်နိုင်ငံသို့ နေရပ်ပြန်ခွင့်ပေးမည်ဟု ကမ်းလှမ်း၍ သူမက ထိုသို့ ဆောင်ရွက်သည့်အတွက် သုံးနှစ်တာ အကျဉ်းကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ကိုယ်တွင်းအင်္ဂါ ထုတ်ယူရောင်းချရန်အတွက် လူကုန်ကူးခံရသည့် နစ်နာသူတစ်ဦးက အခြားသူများကိုလည်း ကိုယ်တွင်းအင်္ဂါ ထုတ်ယူရောင်းချရန် စည်းရုံးခေါ်ယူသည့် အခြားသာဓက တစ်ရပ်ကိုလည်း ဆွေးနွေးခဲ့ကြသည်။

---

arrested for such offences, many of whom are likely to have been victims of trafficking. *Trafficking for Forced Criminal Activities and Begging in Europe: Exploratory Study and Good Practices* (Anti-Slavery International, 2014) 17-19.

# 3

# ၃။ အကြံပြုချက်များ

ဥပဒေများ၊ ရဲတပ်ဖွဲ့၊ အစိုးရရှေ့နေများနှင့် တရားရုံးတော်များ၊ ရာဇဝတ်ဆိုင်ရာ တရားမျှတရေးစနစ်များရှိ စံတန်ဖိုးများနှင့် ဓလေ့များအကြား ကွဲပြားခြားနားမှု အားလုံးသည် မတူညီသောနိုင်ငံများ၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား မည်သို့အနက်ဖွင့်ဆို၍ လက်တွေ့ကျင့်သုံးသည်အပေါ် လွှမ်းမိုးသက်ရောက်မှုရှိသည်။[141] သို့သော် မည်သို့ ကွဲပြားခြားနားသည်ပင်ဖြစ်စေ စုံစမ်းစစ်ဆေးသူများမှစ၍ အစိုးရရှေ့နေများ၊ တရားခံရှေ့နေများနှင့် တရားရေးကဏ္ဍ အဖွဲ့ဝင်များအထိ ရာဇဝတ်ဆိုင်ရာ တရားရေးတာဝန်ရှိသူများ အားလုံးသည် နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခြင်းမှ အကာအကွယ်ပေးရာတွင် ဝင်ရောက်လုပ်ဆောင်ရမည့် အခန်းကဏ္ဍ ရှိပါသည်။

အကောင်းဆုံးအခြေအနေမှာ လူကုန်ကူးခံရသည့် နစ်နာသူ ဖြစ်နိုင်ခြေရှိသူများနှင့် ပထမဦးဆုံး ကြုံတွေ့ဆက်ဆံရသည့် အရာရှိများသည် ၎င်းတို့ကို ရာဇဝတ်ဆိုင်ရာ တရားမျှတရေး လုပ်ငန်းစဉ်များအတွင်း မသွတ်သွင်းဘဲ ကာကွယ်စောင့်ရှောက်မှုပေးသည့် ဆောင်ရွက်ချက်များကို လုပ်ဆောင်ခြင်းဖြစ်သည်။ ၎င်းဘေးဆီးရန်ကာအစီအမံသည် အလုပ်မဖြစ်ဘဲ တရားဥပဒေစိုးမိုးရေး အရာရှိများက နစ်နာသူအပေါ် စွဲချက်တင်ပါက ဆက်လက်ဆောင်ရွက်ပေးရမည့် အကာအကွယ်မှာ ၎င်းနစ်နာသူအား တရားစွဲဆိုစစ်ဆေးမှု မပြုခြင်းပင် ဖြစ်သည်။ တရားစွဲဆိုစစ်ဆေးခြင်းအား မပျက်မကွက်ဆောင်ရွက်ရန် ပြဋ္ဌာန်းထားသည့် ဥပဒေပိုင်နက်များတွင်ပင် အစိုးရ ရှေ့နေများသည် တရားခွင်စစ်ဆေးကြားနာမှုများအား ရပ်တန့်ကာ ယင်းအစား လူကုန်ကူးသူများအား အမှုဖွင့်ရန် အမိန့်ချမှတ်ခြင်း သို့မဟုတ် လျှောက်ထားတောင်းဆိုခြင်းတို့ ဆောင်ရွက်နိုင်သေးသည်။ နောက်ဆုံးအနေဖြင့် အဆိုပါ ဘေးဆီးရန်ကာအစီအမံနှစ်ခုစလုံးသည် နစ်နာသူအား ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ အကာအကွယ်ပေးရန် ပျက်ကွက်ခဲ့ပါက တရားရုံးတော်များအနေဖြင့် နစ်နာသူများအား ပြစ်မှုထင်ရှားစီရင်မှု မပြုခြင်း သို့မဟုတ် နောက်ဆုံးအားထုတ်မှုအနေဖြင့် ပြစ်ဒဏ်အမိန့်များ ချမှတ်ရာတွင် လျှော့ပေါ့ချမှတ်ပေးခြင်းဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို လိုက်နာထိန်းသိမ်းနိုင်သည်။[142]

ဤအပိုင်းတွင် ရာဇဝတ်ဆိုင်ရာ တရားမျှတရေး လုပ်ငန်းစဉ်တစ်လျှောက် ပြင်ဆင်ချမှတ်ထားသည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ဘေးဆီးရန်ကာအစီအမံများနှင့်စပ်လျဉ်း၍ အကြံပြုချက် ၂၆ ချက် ဖော်ပြထားသည်။ အကျိုးသက်ဆိုင်သူများဖြစ်သည့် ဥပဒေနှင့် မူဝါဒရေးဆွဲသူများအပြင် တရားရေးတာဝန်ရှိသူများအနေဖြင့် ဤအကြံပြုချက်များကို ထည့်သွင်းစဉ်းစားကာ မိမိတို့၏အခြေအနေနှင့် ကိုက်ညီအောင်မွမ်းမံ၍ အကြံပြုချက်များကို လက်တွေ့အကောင်အထည်ဖော်ခြင်းအား စောင့်ကြည့်လေ့လာရန်အတွက် လုပ်ထုံးလုပ်နည်းများ ရေးဆွဲချမှတ်၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ကျင့်သုံးခြင်းကို ထိန်းသိမ်းမြှင့်တင်ရန် တိုက်တွန်းအပ်ပါသည်။

---

141 *Guidance on the issue of appropriate criminal justice responses to victims who have been compelled to commit offences as a result of their being trafficked: Background paper prepared by the Secretariat for the Working Group on Trafficking in Persons*, Vienna 10 and 11 September 2020, UN Doc. CTOC/COP/WG.4/2020/2 (15 June 2020), paragraph 36.

142 *The Importance of implementing the non-punishment provision: the obligation to protect victims,* Maria Grazia Giammarinaro, Special Rapporteur on trafficking in persons, especially women and children, United Nations, Geneva, 30 July 2020, 9-10

### စာကွက် ၉ - ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အခြေခံမူအား ပြည်တွင်း၌ ကျင့်သုံးမှုကို ဆန်းစစ်သုံးသပ်ခြင်းအတွက် မူဘောင်

ရာဇဝတ်ဆိုင်ရာ တရားရေးတာဝန်ရှိသူများအနေဖြင့် ၎င်းတို့၏ ဥပဒေပိုင်နက်အတွင်း သို့မဟုတ် ၎င်းတို့၏ နိုင်ငံသားများ လူကုန်ကူးခံရသည့် ဥပဒေပိုင်နက်များအတွင်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူသည် မည်သို့ အကျိုးဝင်သက်ရောက်သည်ကို နားလည်ရန်ဆောင်ရွက်ရာတွင် အောက်ပါမေးခွန်းများကို ထည့်သွင်းစဉ်းစားခြင်းဖြင့် အထောက်အကူဖြစ်စေနိုင်ပါသည် -

၁။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား ဥပဒေ သို့မဟုတ် မူဝါဒတွင် အတိအလင်း ထည့်သွင်းပြဋ္ဌာန်းထားခြင်း ရှိပါသလား။

၂။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူသည် မည်သည့်ပြစ်မှုများအတွက် အကျုံးဝင်သနည်း။ ပြစ်မှုများအားလုံးအတွက် အကျုံးဝင်ခြင်း သို့မဟုတ် ပြစ်မှုအချို့အတွက်သာ အသုံးဝင်ခြင်း ဖြစ်ပါသလား။

၃။ နစ်နာသူ၏ လူကုန်ကူးခံရခြင်း ကြုံတွေ့ခံစားရမှုနှင့် ၎င်း၏ ပြစ်မှုကျူးလွန်ခြင်းအကြား မည်သို့ဆက်နွယ်နေသောကြောင့် အခြေခံမူအား ကျင့်သုံးရန်လိုအပ်သနည်း (ဥပမာ အကျိုးဆက်အဖြစ် ကျူးလွန်ခြင်း သို့မဟုတ် အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခြင်း)။

၄။ ဤဆက်နွယ်မှုအား သက်သေထူရန် တာဝန်ရှိသူမှာ မည်သူနည်း။ မည်သည့် သက်သေဆိုင်ရာစံသတ်မှတ်ချက်ကို အသုံးပြုမည်နည်း။

၅။ နစ်နာသူကို ပြစ်မှုကျူးလွန်သူဟု သတ်မှတ်နိုင်မှုအပေါ် အခြေခံမူသည် ဥပဒေအရ မည်သို့ အကျိုးသက်ရောက်မှုများ ရှိသနည်း။ ထိုသို့သတ်မှတ်နိုင်မှုကို လုံးလုံးလျားလျား ကွယ်ပျောက်စေခြင်းဖြစ်ပါသလား၊ သို့မဟုတ် လျော့နည်းစေခြင်းသာ ဖြစ်ပါသလား။

ကိုးကား - Marija Jovanović, 'The Principle of Non-Punishment of Victims of Trafficking in Human Beings: A Quest for Rationale and Practical Guidance' *Journal of Trafficking and Human Exploitation*, 2017, Vol. 1 Nr. 1, 41-76 at 58 and 62.

## ပုံ ၁ - လူကုန်ကူးခံရသည့် နစ်နာသူများအား ရာဇဝတ်သားအဖြစ် သတ်မှတ်ခြင်းနှင့် မသတ်မှတ်ခြင်း

| ရာဇဝတ်သားအဖြစ်သတ်မှတ်ခြင်း | ရာဇဝတ်ဆိုင်ရာ တရားမျှတရေး လုပ်ငန်းစဉ် | ရာဇဝတ်သားအဖြစ် မသတ်မှတ်ခြင်း |
|---|---|---|
| နစ်နာသူကို လူကုန်ကူးခံရသည့် နစ်နာသူ ဖြစ်နိုင်ခြေ ရှိသူအဖြစ် ဖော်ထုတ်အတည်ပြုမှု မရှိခြင်း<br><br>နစ်နာသူကို ကျူးလွန်သူအဖြစ် ဖော်ထုတ်အတည်ပြုခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် ဆက်ဆံခြင်း | **ဖော်ထုတ်အတည်ပြုခြင်း/စုံစမ်းစစ်ဆေးခြင်း** | ကျူးလွန်သူ ဖြစ်နိုင်ခြေရှိသူများ အတွင်းမှ နစ်နာသူကို ဖော်ထုတ်အတည်ပြုခြင်း<br><br>နစ်နာသူများကို ရာဇဝတ်ဆိုင်ရာ တရားမျှတရေး လုပ်ငန်းစဉ်များမှ လမ်းလွှဲကာ အကာအကွယ် ပေးခြင်းနှင့် ထောက်ပံ့ကူညီခြင်း ဆောင်ရွက်ချက် များအတွင်းသို့ သွတ်သွင်းခြင်း |
| ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များ မရှိခြင်း/ လက်တွေ့အသုံးမချခြင်း<br><br>နစ်နာသူအပေါ် တရားစွဲဆိုချက်များ<br><br>ဖမ်းဆီးမည်ဟု ခြိမ်းခြောက်၍ ပူးပေါင်း ဆောင်ရွက်ရန် နစ်နာသူအား ဖိအားပေးခြင်း | **ဖမ်းဆီးခြင်း/တရားစွဲဆိုခြင်း** | လူကုန်ကူးခံရသည့် နစ်နာသူများအား တရားစွဲဆို စစ်ဆေးခြင်းကို တားမြစ် ပိတ်ပင်ထားသည့် ဥပဒေများ<br><br>နစ်နာသူကို ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်း အားပေးသည့်အနေဖြင့် ၎င်းနှင့် ဆက်ဆံရေးကောင်း တည်ဆောက်ခြင်း<br><br>တရားမစွဲခြင်း/ နစ်နာသူကို လူကုန်ကူးမှုဆိုင်ရာ အထူးတရားရုံးများထံ လွှဲပြောင်းပို့ဆောင်ခြင်း |
| နစ်နာသူကို တရားစွဲဆိုစစ်ဆေးခြင်း<br><br>ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များ မရှိခြင်း/ လက်တွေ့အသုံးမချခြင်း<br><br>တရားခံရှေ့နေက လူကုန်ကူးမှု၏ သက်ရောက်မှုနှင့်စပ်လျဉ်း၍ ပညာရှင်သက်သေ ဆင့်ခေါ်ထွက်ဆိုစေမှု မရှိခြင်း | **တရားစွဲဆိုစစ်ဆေးခြင်း/ခုခံချေပခြင်း** | အစိုးရရှေ့နေက တရားစွဲဆို စစ်ဆေးခြင်းကို ရပ်တန့်ခြင်း/ တရားရုံးတော်က ရပ်တန့်ပေးရန် လျှောက်ထားတောင်းဆိုခြင်း<br><br>ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များ/ ခုခံချေပချက်များ အသုံးချခြင်း<br><br>တရားခံရှေ့နေက လူကုန်ကူးမှု၏ သက်ရောက်မှု နှင့် စပ်လျဉ်း၍ သက်သေဆင့်ခေါ်ကာ ထွက်ဆိုစေခြင်း |
| နစ်နာသူကို ပြစ်မှုကျူးလွန်သူအဖြစ် ပြစ်မှုထင်ရှားစီရင်ခြင်း | **ပြစ်မှုထင်ရှားစီရင်ခြင်း** | အစိုးရရှေ့နေက လူကုန်ကူးသူများကို အမှုဖွင့်ခြင်း<br><br>နစ်နာသူကို ပြစ်မှုထင်ရှား မစီရင်ခြင်း<br><br>ပြစ်မှုထင်ရှားစီရင်ခြင်းအစား ဆောင်ရွက် နိုင်သည့် အခြားနည်းလမ်းများ |
| နစ်နာသူကို ၎င်း၏ လူကုန်ကူးခံရခြင်းနှင့် ဆက်နွှယ် နေသည့် ပြစ်မှုများအတွက် ဒဏ်ကြေးတပ်ခြင်း နှင့်/သို့မဟုတ် အကျဉ်းချခြင်း<br><br>အကျဉ်းထောင်စနစ်အတွင်းသို့ ရောက်ရှိသွား သည်နှင့်တစ်ပြိုင်နက် ပြစ်မှုထင်ရှားစီရင်ခံရသူကို ကျူးလွန်သူအဖြစ် ယူဆသတ်မှတ်ခြင်း | **ပြစ်ဒဏ်အမိန့်ချမှတ်ခြင်း** | ပြစ်ဒဏ်အမိန့်ချမှတ်ခြင်းကို ဆိုင်းငံ့ခြင်း သို့မဟုတ် လျှော့ပေါ့ပြစ်ဒဏ်ချမှတ်ခြင်း<br><br>အကျဉ်းချခြင်းအစား ဆောင်ရွက်နိုင်သည့် အခြားနည်းလမ်းများ (ခံဝန်ချုပ်ဖြင့် လွှတ်ခြင်း/ လူမှုရေးပြစ်ဒဏ် ပေးခြင်း) |
| ပြစ်မှုထင်ရှားစီရင်ခြင်းများသည် နစ်နာသူ၏ လူမှုအဖွဲ့အစည်းနှင့် ပြန်လည်ပေါင်းစည်းခြင်းနှင့် အလုပ်အကိုင်/ပညာသင်ယူမှု/အိုးအိမ်နေရာ ရယူမှုတို့ကို အဟန့်အတားဖြစ်စေခြင်း<br><br>နစ်နာသူသည် ထပ်မံ၍ လူကုန်ကူးခံရနိုင်သည့် ထိခိုက်လွယ်အန္တရာယ်ရှိခြင်း | **ပြစ်မှုထင်ရှားစီရင်ပြီးနောက်ပိုင်း** | နစ်နာသူ၏ ကိုယ်ရေးအချက်အလက်ကို အကာအကွယ်ပေးရန် ပြစ်မှုထင်ရှား စီရင်ခြင်းများအား လျှို့ဝှက်ထားရှိခြင်း<br><br>ပြစ်မှုထင်ရှားစီရင်ခြင်းများကို ဖျက်သိမ်းခြင်း/ပယ်ဖျက်ခြင်း |


## ၃.၁ ဖော်ထုတ်အတည်ပြုခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း

### အကြံပြုချက် ၁ - ပြစ်မှုကျူးလွန်သူများအဖြစ် ကြုံတွေ့ရသူများအနက် လူကုန်ကူးခံရသည့် နစ်နာသူ ဖြစ်နိုင်ခြေရှိသူများကို ဖော်ထုတ်အတည်ပြုနိုင်ရန် ကနဦးတုံ့ပြန်ဆောင်ရွက်သည့် အရာရှိများကို စွမ်းဆောင်ရည် မြှင့်တင်ပေးပါ

လူကုန်ကူးခံရသော နစ်နာသူများကို ဖော်ထုတ်အတည်ပြုမှု မရှိခြင်းနှင့် ၎င်းတို့၏ ပြစ်ဒဏ်ချမှတ်ခံရမှုအကြား အရေးကြီးသော ဆက်နွယ်မှုရှိသည်။[143] နစ်နာသူများကို ဆောလျင်ထိရောက်စွာ ဖော်ထုတ်အတည်ပြုခြင်းက လူကုန်ကူး ခံရသည့် တိုက်ရိုက်အကျိုးဆက်အနေဖြင့် ၎င်းတို့ ကျူးလွန်ထားသော ဥပဒေနှင့် မညီသည့် လုပ်ရပ်များအတွက် ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ အကာအကွယ်ရရှိနိုင်ရန်အတွက် အရေးကြီးသည်။ ထိုသို့ နစ်နာသူများကို ဖော်ထုတ် အတည်ပြုနိုင်ခြင်း မရှိပါက ၎င်းတို့ လူကုန်ကူးခံရစဉ်အတွင်း ကျူးလွန်သည့် ပြစ်မှုများအတွက် ဖမ်းဆီးခံရပြီး တရားစွဲဆိုခံရခြင်း သို့မဟုတ် ထိန်းသိမ်းခံရပြီး ပြည်နှင်ဒဏ်ပေးခံရခြင်းတို့ ဖြစ်နိုင်ပေသည်။ ရလဒ်အားဖြင့် နစ်နာသူတို့သည် ၎င်းတို့ရှိသည့်နေရာကို ဝင်ရောက်စီးနင်းခြင်း၊ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း၊ တရားရင်ဆိုင်ရခြင်းနှင့် အကျဉ်းချခံရခြင်း စသည့် အတွေ့အကြုံများကြောင့် ထပ်မံ၍ ထိခိုက်နစ်နာခြင်း၊ စိတ်ဒဏ်ရာရရှိခြင်းနှင့် အရှက်ရခြင်း တို့ ခံစားရပြီး အာဏာပိုင်များအတွက် ရလဒ်မှာမူ နစ်နာသူများကို ဖော်ထုတ်အတည်ပြုနိုင်မည့် အခွင့်အရေးများနှင့် လူကုန်ကူးသည့် ရာဇဝတ်မှုကျူးလွန်သူ အုပ်စုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ရယူနိုင်မည့် အခွင့်အရေးများကို လက်လွတ်ဆုံးရှုံးရခြင်းတို့ ဖြစ်သည်။ ထို့သို့ဖြင့် နစ်နာသူများကို ဖော်ထုတ်အတည်ပြုမှု မရှိခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်း သံသရာမှာ ဆက်လက်လည်ပတ်နေသည်။

**ပုံ ၂ -**

**နစ်နာသူအား ပြစ်ဒဏ်ချမှတ်ခြင်း သံသရာ**




[143] Conference of the Parties to the UNTOC, Report on the meeting of the Working Group on Trafficking in Persons (14–15 April 2009), UN Doc. CTOC/COP/WG.4/2009/2, 21 April 2009, para 12.

ဤသံသရာအား အဆုံးသတ်ရန် နစ်နာသူများအနေဖြင့် ၎င်းတို့ ထိန်းသိမ်းခံရခြင်းဖြင့်သော်လည်းကောင်း၊ ပြည်နှင်ဒဏ်ပေးခံရခြင်းဖြင့်သော်လည်းကောင်း၊ ပြစ်ဒဏ်သတ်မှတ်ခံရခြင်းဖြင့်သော်လည်းကောင်း ပြစ်ဒဏ်ချမှတ်ခံရမည်ကို ကြောက်ရွံ့ခြင်းမရှိဘဲ တာဝန်ရှိသူများထံ တရားမျှတမှုရှိစွာနှင့် လုံခြုံစွာ တိုင်ကြားနိုင်ရန်အတွက် အားထုတ်ကြိုးပမ်းရမည်ဖြစ်သည်။[144] ရဲအရာရှိများ၊ လူဝင်မှုကြီးကြပ်ရေး အရာရှိများနှင့် အလုပ်သမားရေးရာ အရာရှိများ အပါအဝင် ကနဦးတုံ့ပြန်ဆောင်ရွက်ရေး တာဝန်ရှိသူများအနေဖြင့် ၎င်းတို့၏ တာဝန်ကို ဆောင်ရွက်နေစဉ်အတွင်း တွေ့ကြုံရသူများအနက် လူကုန်ကူးခံရသည့် နစ်နာသူများကို ဖော်ထုတ် အတည်ပြုနိုင်ရန် ပုံမှန် လေ့ကျင့်သင်ကြားပေးခြင်းများ စီစဉ်ဆောင်ရွက်ပေးရမည်။ နစ်နာသူများမှ ၎င်းတို့ကိုယ်တိုင်က နစ်နာသူဟု ဖော်ထုတ်အတည်ပြုလိုစိတ် မရှိခြင်းနှင့် အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်လိုမှု မရှိခြင်းကို ပေါ်ပေါက်စေသည့် အကြောင်းရင်းများကို သိရှိနိုင်စေရန် လိင်မခွဲခြားဘဲ စိတ်ဒဏ်ရာနှင့် ပတ်သက်ပြီး သိရှိနားလည်စေနိုင်မည့် လေ့ကျင့်သင်ကြားပေးခြင်းမျိုး ဖြစ်သင့်သည်။ မြို့ပြနှင့် အချက်အချာကျသည့် နေရာများမှ ကနဦးတုံ့ပြန်ဆောင်ရွက်သည့် အရာရှိများကိုသာ သင်တန်းပေးခြင်းမဟုတ်ဘဲ လူကုန်ကူးမှု ဖြစ်သွားသည့် ဒေသနှင့် ဝေးလံခေါင်သီသည့် ဒေသများတွင်ပါ သင်တန်းပေးရန် အလွန်အရေးကြီးသည်။ ထိုကဲ့သို့ လေ့ကျင့်သင်ကြားပေးခြင်းကို လူကုန်ကူးမှုဆိုင်ရာ အထူးစုံစမ်းစစ်ဆေးသူများ သာမက အခြားရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးနေစဉ်အတွင်း လူကုန်ကူးခံရသည့် နစ်နာသူများနှင့် တွေ့ကြုံနိုင်သည့် အရာရှိများအတွက်ပါ စီစဉ်ဆောင်ရွက်ပေးသင့်သည်။

လူကုန်ကူးခံရသည့် နစ်နာသူများကို ဖော်ထုတ်အတည်ပြုရာတွင် ကနဦးတုံ့ပြန်ဆောင်ရွက်သည့် အရာရှိများအတွက် အထောက်အကူဖြစ်စေရန် အထောက်အပံ့ပစ္စည်းများကို စီစဉ်ပေးအပ်သင့်ပြီး ၎င်းအထောက်အပံ့ပစ္စည်းများတွင် ဖော်ထုတ်အတည်ပြုခြင်းဆိုင်ရာ အဟန့်အတားများကို ဖြေရှင်းနိုင်ရန်အတွက် အထောက်အထားအခြေပြု အရင်းအမြစ်များ၊[145] နောက်ဆုံးရအချက်အလက်များဖြင့် ပုံမှန် ပြုပြင်မွမ်းမံပြီး အခြေအနေတစ်ရပ်စီအလိုက် အသုံးပြုနိုင်ရန် ရေးဆွဲထားသည့် လူကုန်ကူးမှုဖြစ်ပွားခြင်း အချက်ပြအညွှန်းများနှင့် လူကုန်ကူးခံရသည့် နစ်နာသူများက လူကုန်ကူးမှုနှင့် ဆက်နွှယ်၍ ကျူးလွန်နိုင်ခြေရှိသော ပြစ်မှုများအား စာရင်းပြုစုထားသည့် ထပ်မံဖြည့်စွက်နိုင်သော အပြီးအပိုင် သတ်မှတ်မထားသည့် စာရင်းများ[146] ပါဝင်သည်။

## အကြံပြုချက် ၂ - လူကုန်ကူးသူများ အသုံးပြုသည့် ထိန်းချုပ်မှုနည်းလမ်းများနှင့် နစ်နာသူများအပေါ် ၎င်းတို့၏ အကျိုးသက်ရောက်မှုတို့အား တရားဥပဒေစိုးမိုးရေး အရာရှိများ၏ နားလည်မှုကို ပိုမိုခိုင်မာစေရန် မြှင့်တင်ပေးပါ

တရားဥပဒေစိုးမိုးရေး အရာရှိများသည် လူကုန်ကူးမှုကို ထိရောက်စွာ စုံစမ်းစစ်ဆေးနိုင်ရန်အတွက် လိုအပ်သည့် အရည်အချင်းနှင့် အားထုတ်မှုတို့ကို လျှော့တွက်လေ့ရှိကြသည်။ ဤသည်ကို အမေရိကန်သံအမတ်ကြီး John Cotton Richmond မှ 'တရားဥပဒေစိုးမိုးရေး အရာရှိတွေဟာ ဖြစ်စဉ်အခြေခံ ရာဇဝတ်မှုတွေ မဟုတ်ဘဲ ဖြစ်ရပ်အခြေခံ ရာဇဝတ်မှုတွေကို စုံစမ်းစစ်ဆေးရတာနဲ့ အသားကျနေပြီ' ဟု မှတ်ချက်ပြုထားသည်။[147] ရလဒ်အနေဖြင့် လူကုန်ကူးခြင်း၏ ရှုပ်ထွေးသည့် သဘောသဘာဝကို ၎င်းတို့ သတိမမူမိကြတော့ဘဲ လူကုန်ကူးခံရသည့် နစ်နာသူများကို

---

[144] Global Combat for Safe, Orderly and Regular Migration, Objective 10 paragraph 26(e)

[145] For instance: *Trafficking Victim Identification: A Practitioner Guide (NEXUS Institute and Bali Process Regional Support Office* (NEXUS Institute / Bali Process RSO, 2021). This resource explores for practitioners in the ASEAN region, address challenges and barriers to effective victim identification.

[146] See: *Implementation of the non-punishment principle: Report of the Special Rapporteur on trafficking in persons, especially women and children, Siobhán Mullaly*, UN Doc. A/HRC/47/34 (17 May 2021), para. 54(c). Also see Annex 1 for a comprehensive list of offences victims of trafficking may commit.

[147] Survivor Justice Panel Discussion, Dressember and Karana Rising, 7pm ET, 30 April 2021. Author's notes.

ဖော်ထုတ်အတည်ပြုခြင်းနှင့် လူကုန်ကူးသူများကို စုံစမ်းစစ်ဆေးနိုင်မည့် အခွင့်အရေးများကို လက်လွှတ်ဆုံးရှုံး ရနိုင်သည်။

စုံစမ်းစစ်ဆေးသူများသည် လူကုန်ကူးသူများ အသုံးပြုသည့် နည်းလမ်းများနှင့် အတင်းအကျပ်ခိုင်းစေပုံများကို သိရှိနားလည်ထားရမည်ဖြစ်ပြီး နစ်နာသူများမှ ၎င်းတို့ကြုံတွေ့ခဲ့ရသည်များကို အမှန်အတိုင်းပြော၍ရချိန်တွင် ချက်ချင်းမပြောဘဲ ထားခဲ့ရာမှ အကျိုးဆက်အဖြစ် ဖြစ်ပေါ်နိုင်သည့် စိတ်ဒဏ်ရာနှင့် ကဲ့ရဲ့ပြစ်တင်မှု သဘောသဘာဝ ကိုပါ နားလည်ရမည်ဖြစ်သည်။ အထူးသဖြင့် လူကုန်ကူးသူများမှ 'နည်းလမ်းများ'[148] ကို အသုံးပြုရာတွင် နစ်နာသူ၏ လိုက်လျောပါဝင်မှု ရှိခြင်း၊ မရှိခြင်းနှင့် ထိခိုက်လွယ်သည့် အခြေအနေကို အသုံးချခြင်းကဲ့သို့သော ထင်ရှားရန် ခက်ခဲသည့် နည်းလမ်းများ အသုံးပြုခြင်းကြောင့် စုံစမ်းစစ်ဆေးသူများအနေဖြင့် ၎င်းတို့ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နေချိန်အတွင်း ထိုနည်းလမ်းများကို နားလည်ရန်နှင့် သက်သေရယူရန် အခက်အခဲများ ရှိနိုင်သည်။ ထို့ကြောင့် ဥပဒေစိုးမိုးရေး အရာရှိများသည် လူကုန်ကူးမှုအား အနက်ဖွင့်ဆိုချက်ကို နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်းရေးဆိုင်ရာ ဥပဒေများနှင့်အညီ သိရှိနားလည်ရန်နှင့် အသက်အရွယ် ပြည့်ပြီးသည့် လူပုဂ္ဂိုလ်များနှင့် ကလေးသူငယ်များ နှစ်မျိုးစလုံးကို လူကုန်ကူးခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် လက္ခဏာရပ်များကို သက်သေထူရာတွင် တွေ့ကြုံရသည့် အထောက်အထားဆိုင်ရာ အခက်အခဲများကို သိရှိနားလည်နိုင်ရန် အကူအညီစီစဉ် ပေးသင့်သည်။

## အကြံပြုချက် ၃ - 'ကိုယ်လုပ်ကိုယ်ခံရသော' သို့မဟုတ် 'စာနာရန်အကြောင်းမရှိသော' လူကုန်ကူးခံရသည့် နစ်နာသူများနှင့် ပတ်သက်သည့် လွဲမှားသည့်အမြင်များနှင့် ယူဆချက်များကို စိန်ခေါ်တိုက်ဖျက်ပါ

တရားဥပဒေစိုးမိုးရေး အရာရှိများက မည်သူသည် 'လူဆိုး' 'လူကောင်း'ဖြစ်ပြီး မည်သူသည် 'မှန်ကန်သည့်' သို့မဟုတ် 'အပြစ်ကင်းသည့်' နစ်နာသူ ဖြစ်သည်၊ မဖြစ်သည်ဟု ယူဆမှုများသည် လူကုန်ကူးခံရသည့် နစ်နာသူများကို ထိရောက်စွာ ဖော်ထုတ်အတည်ပြုပြီး လူကုန်ကူးသူများကို စုံစမ်းစစ်ဆေးနိုင်စွမ်းအား သိသာစွာ လျော့ကျစေသည်။ ထို့ကြောင့်ပင် နစ်နာသူများမှာ တရားစွဲဆိုစစ်ဆေးမှု ခံရနိုင်ခြေရှိပြီး လူကုန်ကူးသူများကို တရားစီရင်မှုမှ ရှောင်တိမ်းနိုင် စေမည့် အန္တရာယ်များ ပေါ်ပေါက်စေသည်။ နစ်နာသူများကို ပြစ်တင်ကဲ့ရဲ့ခြင်းနှင့် အချို့နစ်နာသူများမှာ အခြားသူများ ကဲ့သို့ လူကုန်ကူး 'မခံရသင့်'သူများဖြစ်သည်ဆိုသော ဘက်လိုက်သည့် အမြင်ကြောင့် အချို့နစ်နာသူများ (ဥပမာ - အတင်းအကျပ်ခေါ်ဆောင်ခံရသူ သို့မဟုတ် လိမ်လည်ခံရသူများ) မှာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ အခြေခံမူမှ အကျိုးခံစားခွင့် ရရှိနိုင်ပြီး အချို့မှာ ရရှိနိုင်မည် မဟုတ်ပေ။ ဥပမာဖော်ပြရသော် အလုပ်တစ်မျိုးမျိုး လုပ်ကိုင်ရန် အတွက် နိုင်ငံတစ်နိုင်ငံအတွင်းသို့ တရားမဝင်နည်းလမ်းဖြင့် ဝင်ရောက်လာကြပြီး လူကုန်ကူးခံရသူများ ဖြစ်သည်။

ရာဇဝတ်ဆိုင်ရာ တရားရေးတာဝန်ရှိသူများမှ နစ်နာသူများကို ဖော်ထုတ်အတည်ပြုခြင်းနှင့် လူကုန်ကူးသူများကို စုံစမ်းစစ်ဆေးနိုင်စွမ်းအား ထိခိုက်စေသော လွဲမှားသည့်အယူအဆများတွင် လိင်ပိုင်းဆိုင်ရာ ရှုထောင့်လည်း ပါဝင်နေ နိုင်သည်။ လိင်လုပ်ငန်းရှိ အမျိုးသမီးများအားလုံးမှာ လူကုန်ကူးခံရသည့် နစ်နာသူများဖြစ်ပြီး လိင်လုပ်ငန်းရှိ အမျိုးသား များမှာ လူကုန်ကူးခံရသည့် နစ်နာသူများ မဟုတ်ဟူသည့် ယူဆချက် အပါအဝင် လိင်ပိုင်းဆိုင်ရာ ဘက်လိုက်မှုမှာ ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပေါ်နိုင်သည်။ ထိုကဲ့သို့ အားနည်းချက်များသည် လူကုန်ကူးသူများအတွက် အားသာချက် ဖြစ်စေနိုင်ပေသည်။ နစ်နာသူများကို ဖော်ထုတ်အတည်ပြုသည့် လုပ်ထုံးလုပ်နည်းများမှာလည်း မသန်စွမ်းသူများပါ

[148] Force and other forms of coercion, abduction, fraud, deception, abuse of power or of a position of vulnerability, and the giving or receiving of payments or benefits to achieve the consent of a person having control over another person are the 'means' specified in Article 3(a) of the Trafficking Protocol and article 2(a) of ACTIP.

အကျုံးဝင်သည့် နည်းလမ်းများ ဖြစ်သင့်သည်။ ထိုမှသာ နစ်နာသူမှာ စိတ်ပိုင်းဆိုင်ရာ ချို့တဲ့သူဖြစ်စေ၊ ဉာဏ်ပညာချို့တဲ့သူဖြစ်စေ၊ ကိုယ်လက်မသန်စွမ်းသူဖြစ်စေ၊ လူကုန်ကူးခံရသူအဖြစ် ဖော်ထုတ်အတည်ပြုရာတွင်နှင့် လူကုန်ကူးခံရခြင်းကြောင့် မသန်စွမ်းသူတစ်ဦးအနေဖြင့် ကျူးလွန်နိုင်သည့် ဥပဒေနှင့်မညီသည့် လုပ်ရပ်များအတွက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ အခြေခံမှုကို လျှောက်ထားရာတွင် ၎င်း၏ မသန်စွမ်းမှုက အဟန့်အတားဖြစ်စေမည် မဟုတ်ပေ။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ အခြေခံမှုသည် လူကုန်ကူးခံရသည့် နစ်နာသူများအပေါ် လူမျိုး၊ အသားအရောင်၊ လိင်၊ လိင်ကွဲပြားမှု၊ ဘာသာစကား၊ မသန်စွမ်းမှု၊ ဘာသာတရား၊ နိုင်ငံရေးအမြင် သို့မဟုတ် အခြား အတွေးအမြင်များ၊ နိုင်ငံသား သို့မဟုတ် လူမှုဇာတိ၊ ပိုင်ဆိုင်မှု၊ မွေးဖွားမှု သို့မဟုတ် အခြားအနေအထား စသည်တို့အား ခွဲခြားခြင်းမရှိဘဲ သက်ရောက်မှုရှိသည်ကို ရာဇဝတ်ဆိုင်ရာ တရားရေးတာဝန်ရှိသူများ သဘောပေါက်နားလည်စေရန် အားထုတ်ရမည်။[149] စိတ်ပိုင်းဆိုင်ရာ ချို့တဲ့သူဖြစ်စေ၊ ဉာဏ်ပညာချို့တဲ့သူဖြစ်စေ၊ ကိုယ်လက်မသန်စွမ်းသူဖြစ်စေ၊ မသန်စွမ်းသည့် နစ်နာသူအရေးတွင် ဖော်ထုတ်အတည်ပြုခြင်းနှင့် အကာအကွယ်ပေးမှု လုပ်ထုံးလုပ်နည်းများကို အခြားသူများနည်းတူ ညီတူညီမျှ ရရှိစေရန် သင့်တင့်လျောက်ပတ်သည့် အစီအစဉ်များကို ချမှတ်ဆောင်ရွက်ပေးရမည် ဖြစ်သည်။[150] တစ်ချိန်တည်းတွင် လူကုန်ကူးခြင်းနှင့် လူကုန်ကူးမှုတိုက်ဖျက်ခြင်း နှစ်မျိုးစလုံးသည် မတူညီသည့် အသက်အရွယ်၊ လိင်၊ လိင်ကွဲပြားမှုနှင့် အခြား စရိုက်လက္ခဏာများရှိသော လူပုဂ္ဂိုလ်များအပေါ် မည်သည့်ပုံစံနည်းလမ်းများဖြင့် မတူညီစွာ အကျိုးသက်ရောက်မှု ရှိစေနိုင်ကြောင်းကို လေ့ကျင့်သင်ကြားပေးခြင်းနှင့် အခြားသော စွမ်းဆောင်ရည် တည်ဆောက်ခြင်း လုပ်ဆောင်ချက်များတွင် ထည့်သွင်းဖော်ပြသင့်သည်။ ရာဇဝတ်ဆိုင်ရာ တရားရေးတာဝန်ရှိသူများကို ၎င်းတို့တွင် ရှိနေနိုင်သော မည်သည့်နစ်နာသူက အကာအကွယ်ရထိုက်သည်ဟူသည့် ယူဆချက်များကို စိန်ခေါ်သုံးသပ်ရန် အားပေးတိုက်တွန်းရမည်။ လူကုန်ကူးခံရသည့် နစ်နာသူများ၏ အခွင့်အရေးများနှင့် ပတ်သက်၍ သင်တန်းပေးရာတွင် ရာဇဝတ်ဆိုင်ရာ တရားစီရင်ရေးအား ဆောင်ရွက်ရာ၌ ပါဝင်ပတ်သက်နေနိုင်သည့် လိင်ပိုင်းဆိုင်ရာ ရှုထောင့်၊ လူကုန်ကူးမှုဆိုင်ရာ အခြားရှုထောင့်များနှင့် မရည်ရွယ်သည့် ဘက်လိုက်မှု စသည့် အစိတ်အပိုင်းများလည်း ပါဝင်ရမည်။ ပြစ်မှုကျူးလွန်ခြင်းနှင့် လူကုန်ကူးခံရခြင်းတို့အကြား ဆက်နွှယ်မှုရှိပါက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ အခြေခံမှုသည် လူကုန်ကူးခံရသည့် နစ်နာသူများ အားလုံးအပေါ် အကျုံးဝင်သက်ရောက်မှုရှိကြောင်းကိုလည်း ထပ်လောင်းအသိပေးသင့်သည်။

## အကြံပြုချက် ၄ - လူကုန်ကူးခံရသည့်နစ်နာသူ ဖြစ်နိုင်ခြေရှိသော ပြစ်မှုကျူးလွန်သူများကို စစ်ဆေးစိစစ်ခြင်း ဆောင်ရွက်ရန်အတွက် ထိရောက်စွာနှင့် ကျွမ်းကျင်စွာ လွှဲပြောင်းပေးပါ

တာဝန်ရှိသူများအနေဖြင့် လူပုဂ္ဂိုလ်တစ်ဦးသည် လူကုန်ကူးခံရသည့် နစ်နာသူဟု မှတ်ယူနိုင်သည့် အကြောင်းရင်းခံရှိသည်နှင့်တစ်ပြိုင်နက် ၎င်းနစ်နာသူမှာ တရားဝင် ဖော်ထုတ်အတည်ပြုခြင်း ခံရပြီးဖြစ်စေ၊ မခံရသေးသည်ဖြစ်စေ၊ သို့မဟုတ် လူကုန်ကူးသူကို စွဲချက်တင်ပြီးဖြစ်စေ၊ မတင်ရသေးသည်ဖြစ်စေ၊ ထိုပုဂ္ဂိုလ်အပေါ် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ အခြေခံမှုကို သက်ရောက်စေရမည် ဖြစ်သည်။[151] ရာဇဝတ်မှုတစ်ခု ကျူးလွန်ထားသည်ဟု သံသယရှိသူမှာ လူကုန်ကူးခံရသူ ဖြစ်နိုင်သည်ဟု ခိုင်မာစွာသံသယရှိနိုင်သည့် အခြေအနေများတွင် ၎င်းမှာ လူကုန်ကူးခံရခြင်း ဟုတ်၊ မဟုတ် သတ်မှတ်ဆုံးဖြတ်ရန် အခွင့်အာဏာရှိသူများမှ နိုင်ငံတကာ၊ ဒေသတွင်းနှင့် ပြည်တွင်းရေးရာ လုပ်ထုံးလုပ်နည်းများတွင် ဖော်ပြပါရှိသည့်အတိုင်း မဆိုင်းမတွ စစ်ဆေးဆောင်ရွက်ရမည်ဖြစ်သည်။ ရာဇဝတ်ဆိုင်ရာ

---

[149] See article 26 of the *International Covenant on Civil and Political Rights*, and article 2 of the *ASEAN Human Rights Declaration*. Also see *the Convention on the Elimination of Discrimination against Women and the Convention on the Rights of Persons with Disabilities*

[150] Convention on the Rights of Persons with Disabilities, article 2

[151] See: *Implementation of the non-punishment principle: Report of the Special Rapporteur on trafficking in persons, especially women and children, Siobhán Mullaly*, UN Doc. A/HRC/47/34 (17 May 2021), para. 58

တရားရေးတာဝန်ရှိသူများအနေဖြင့် ရာဇဝတ်မှု တရားစီရင်ရေးတွင် နစ်နာသူက ပါဝင်လာစေရန် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ အခြေခံမူကို လွဲမှားစွာ အသုံးမပြုသင့်ပေ။ ၎င်းအခြေခံမူကို ကျင့်သုံးရာတွင် နစ်နာသူက ပူးပေါင်းဆောင်ရွက်သည့် အခြေအနေတွင်သာ အကျုံးဝင်သက်ရောက်စေမည်ဟု သတ်မှတ်၍မရပါ။

ရဲအရာရှိများ၊ လူဝင်မှုကြီးကြပ်ရေး အရာရှိများနှင့် အလုပ်သမားရေးရာ အရာရှိများအနေဖြင့် နိုင်ငံတွင်း၌ အသုံးပြုသည့် လွှဲပြောင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား သိရှိနေစေရန် လုပ်ဆောင်ထားရှိပါမှ လူကုန်ကူးခံရသည့် နစ်နာသူ ဖြစ်နိုင်ခြေရှိသူများကို မဆိုင်းမတွ လွှဲပြောင်းပေးနိုင်မည်ဖြစ်သည်။ လွှဲပြောင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထိရောက်စွာ အသုံးပြုခြင်းမရှိဘဲ နစ်နာသူများကို ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ လုံလောက်စွာ အကာအကွယ်မပေးနိုင်သည့် နေရာများတွင် ကြုံတွေ့နေရသည့် အဟန့်အတားများကို ဖော်ထုတ်သတ်မှတ်ရမည်ဖြစ်ပြီး အချက်အလက်ဖြန့်ဝေခြင်းဖြင့်သော်လည်းကောင်း၊ ကျွမ်းကျင်မှုသင်တန်း ပေးခြင်းဖြင့်သော်လည်းကောင်း၊ သို့မဟုတ် အခြားနည်းလမ်းများဖြင့်သော်လည်းကောင်း လွှဲပြောင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရမည်ဖြစ်သည်။

ရဲအရာရှိများ၊ လူဝင်မှုကြီးကြပ်ရေး အရာရှိများနှင့် အလုပ်သမားရေးရာ အရာရှိများအနေဖြင့် နိုင်ငံတွင်း၌ အသုံးပြုသည့် လွှဲပြောင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား သိရှိနေစေရန် လုပ်ဆောင်ထားရှိပါမှ လူကုန်ကူးခံရသည့် နစ်နာသူ ဖြစ်နိုင်ခြေရှိသူများကို မဆိုင်းမတွ လွှဲပြောင်းပေးနိုင်မည်ဖြစ်သည်။ လွှဲပြောင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထိရောက်စွာ အသုံးပြုခြင်းမရှိဘဲ နစ်နာသူများကို ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ လုံလောက်စွာ အကာအကွယ်မပေးနိုင်သည့် နေရာများတွင် ကြုံတွေ့နေရသည့် အဟန့်အတားများကို ဖော်ထုတ်သတ်မှတ်ရမည်ဖြစ်ပြီး အချက်အလက် ဖြန့်ဝေခြင်းဖြင့်သော်လည်းကောင်း၊ ကျွမ်းကျင်မှုသင်တန်း ပေးခြင်းဖြင့်သော်လည်းကောင်း၊ သို့မဟုတ် အခြားနည်းလမ်းများဖြင့်သော်လည်းကောင်း လွှဲပြောင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရမည်ဖြစ်သည်။

## အကြံပြုချက် ၅ - လူကုန်ကူးခံရသည့်နစ်နာသူ ဖြစ်နိုင်ခြေရှိသည့် ပြစ်မှုကျူးလွန်သူများ၏ ပြစ်မှုနှင့် လူကုန်ကူးသူ ဖြစ်နိုင်ခြေရှိသူတို့၏ စီမံလုပ်ဆောင်မှုအကြား ချိတ်ဆက်နေမှုများကို ကြိုတင်ဦးစွာ စုံစမ်းစစ်ဆေးပါ

လူကုန်ကူးသူများသည် ၎င်းတို့ ရာဇဝတ်မှုများ ကျူးလွန်ရာတွင် ရာဇဝတ်ဆိုင်ရာ တရားစီရင်ရေး၏ အာရုံစိုက်မှုကို ၎င်းတို့ထံမှ သွေဖည်၍ နစ်နာသူများအပေါ် ကျရောက်စေရန် နစ်နာသူများကို အစားထိုးအဖြစ် အသုံးပြုနိုင်သဖြင့် ဖမ်းဆီးခံရနိုင်သည့် အန္တရာယ်ရှိသူများမှာ နစ်နာသူများ ဖြစ်ကြသည်။[152] နစ်နာသူများကို တရားစွဲဆိုစစ်ဆေးခံရပြီး ပြစ်ဒဏ်ချမှတ်ခံရမည်ကို ကြောက်ရွံ့သည့် ရာဇဝတ်သားများအဖြစ် ပြောင်းလဲခြင်းသည် လူကုန်ကူးသူများ၏ နည်းဗျူဟာဖြစ်ကာ နစ်နာသူများမှာ ၎င်းတို့ကို ကုန်ကူးခဲ့သူများအား ဥပဒေစိုးမိုးရေး အရာရှိများထံ တိုင်ကြားနိုင်ခြေနည်းပေသည်။[153] ဥပဒေနှင့် ငြိစွန်းဖူးသူများ သို့မဟုတ် အာဏာပိုင်များနှင့် ရှုပ်ထွေးသည့် ဆက်ဆံရေးရှိသူများမှာ ကြိုးကိုင်ခြယ်လှယ်ရန် လွယ်ကူသည့်အတွက် လူကုန်ကူးသူများသည် ၎င်းတို့ကို ပစ်မှတ်ထားနိုင်သည်။ အာဏာပိုင်များသည် နစ်နာသူများကို လုံးဝယုံကြည်မည်မဟုတ်ဘဲ ၎င်းတို့ ကျူးလွန်သည့် ပြစ်မှုများအတွက် ရာဇဝတ်သားများအဖြစ်သာ မြင်လိမ့်မည်ဟု ပြောဆိုထားခြင်း ရှိနိုင်သဖြင့် အာဏာပိုင်များက နစ်နာသူများကို ပြစ်မှုကျူးလွန်ရန် အလားအလာရှိသူများအဖြစ် ဆက်ဆံသည့်အခါ လူကုန်ကူးသူများ၏ ပြောဆိုမှုများမှာ မှန်ကန်ရာရောက်ပြီး နစ်နာသူများက အာဏာပိုင်များအပေါ် ယုံကြည်မှု မရှိတော့ပေ။

---

[152] *Report of the Special Rapporteur on trafficking in persons, especially women and children, Maria Grazia Giammarinaro,* 6 April 2020, UN Doc A/HRC/44/45, para. 29.

[153] *Global Trafficking in Persons Report 2020* (UNODC, 2021) p.51

ဥပဒေစိုးမိုးရေး အရာရှိများအနေဖြင့် ဤရှုထောင့်များကို နားလည်ရမည်ဖြစ်ကာ ၎င်းတို့မှာ လူကုန်ကူးသူများ သို့မဟုတ် နစ်နာသူများဖြစ်ကြောင်း ဖော်ထုတ်အတည်ပြုရန် လူကုန်ကူးခံရသည့် နစ်နာသူများ သို့မဟုတ် နစ်နာသူများကို ရှာဖွေတွေ့ရှိသည့် ပိုင်ဆိုင်မှုပစ္စည်းများ သို့မဟုတ် အဆောက်အဦများကို ထိန်းချုပ် သို့မဟုတ် စီမံရာတွင် ပါဝင်ပတ်သက်နေနိုင်သူများကို ကြိုတင်ဦးစွာ စုံစမ်းစစ်ဆေးရမည်ဖြစ်သည်။[154] ရဲအရာရှိများအနေဖြင့် လူကုန်ကူးခံရသည့် နစ်နာသူ ဖြစ်နေနိုင်သည့် အဆင့်နိမ့် ပြစ်မှုကျူးလွန်သူများအား လွယ်လင့်တကူ ဖမ်းဆီးနေသည်ထက်စာလျှင် ကြီးလေးရှုပ်ထွေးသည့် အမှုများကို အချိန်ပေးပြီး ၎င်းတို့၏ ကျွမ်းကျင်မှုနှင့် အားစိုက်ထုတ်ကာ စုံစမ်းစစ်ဆေးစေရေးအတွက် မည်သို့ အားပေးတိုက်တွန်းရမည်ကို ထည့်သွင်းစဉ်းစားရန် ၎င်းတို့၏ လုပ်ဆောင်ချက်များကိုလည်း အကဲဖြတ်သုံးသပ်သင့်သည်။ စုံစမ်းစစ်ဆေးသူများသည် အလားအလာရှိသော လူကုန်ကူးမှုများကို စုံစမ်းစစ်ဆေးရန် နိုင်ငံတော်၏ အပြုသဘောဆောင်သော တာဝန်ဝတ္တရားများကို သိရှိနားလည်ထားသင့်ပေသည်။

## ၃.၂ ဖမ်းဆီးခြင်းနှင့် တရားစွဲဆိုခြင်း

### အကြံပြုချက် ၆ - ဖမ်းဆီးခြင်းသည် လူကုန်ကူးခံရသည့် နစ်နာသူများနှင့် လူကုန်ကူးမှုအား ရာဇဝတ်ဆိုင်ရာ တရားစီရင်ရေးအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိကြောင်း ကနဦး တုံ့ပြန်ဆောင်ရွက်သည့် အရာရှိများ နားလည်စေရန် ဆောင်ရွက်ပါ

ဥပဒေစိုးမိုးရေး အရာရှိများနှင့် အခြား ရာဇဝတ်ဆိုင်ရာ တရားရေးတာဝန်ရှိသူများက လူကုန်ကူးခံရသည့် နစ်နာသူများကို ဖမ်းဆီးခြင်းမှာ ၎င်းတို့၏ ကောင်းကျိုးအတွက်ဖြစ်ပြီး လူကုန်ကူးသူများထံမှ ၎င်းတို့ လွတ်မြောက်စေရန်နှင့် ၎င်းတို့ကို ကာကွယ်ခြင်းဖြစ်သည်ဟု ပြောဆိုသည်များ ရှိခဲ့သည်။ သို့သော်လည်း လူကုန်ကူးခံရသည့် နစ်နာသူများကို ဖမ်းဆီးခြင်းမှာ နစ်နာသူဗဟိုပြု ချဉ်းကပ်နည်းလမ်းနှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး ၎င်းတို့ကို ကာကွယ်ခြင်းနှင့် ကူညီခြင်းဖြစ်သည်ဟု ပြောဆိုကာ တရားမျှတကြောင်း ပြသနိုင်မည် မဟုတ်ပေ။[155]

ကနဦးတုံ့ပြန်ဆောင်ရွက်သည့် အရာရှိများသည် ဖမ်းဆီးခံရသူများ ကြုံတွေ့ခံစားရသည့် ဖမ်းဆီးခြင်း၏ အကျိုးသက်ရောက်မှုကို သိရှိနားလည်ရမည်ဖြစ်သည်။ ၎င်းသက်ရောက်မှုများတွင် လူကုန်ကူးခံရသူများနှင့် နိုင်ငံတော်၏ ဆောင်ရွက်ချက်များကြောင့် ၎င်းတို့ ထပ်မံနစ်နာရမှုများနှင့် ဖမ်းဆီးခံရခြင်း၊ ဓါတ်ပုံရိုက်ခံရခြင်း၊ လက်ဗွေရယူခံရခြင်း၊ လက်ထိတ်ခတ်ခံရခြင်းနှင့် ရုံဖန်ရံခါတွင် မိမိ၏ သဘောဆန္ဒကို ရယူခြင်းမရှိဘဲ ဆေးစစ်ခံရခြင်းတို့အထိ ပြုလုပ်ခြင်းခံရရာမှ အရှက်ရခြင်း စသည်တို့ အပါအဝင်ဖြစ်သည်။ ဖမ်းဆီးခြင်းသည် နစ်နာသူများကို အသရေပျက်စေပြီး ၎င်းတို့၏ ပြန်လည်ထူထောင်ရေးတွင် အနှောင့်အယှက်ဖြစ်စေသည်ကို နားလည်ရမည်ဖြစ်သည်။

ထို့အပြင် နစ်နာသူကို ဖမ်းဆီးခြင်းသည် ရာဇဝတ်ဆိုင်ရာ တရားစီရင်ရေးကို မည်သို့ ထိခိုက်နစ်နာစေကြောင်း ကနဦးတုံ့ပြန်ဆောင်ရွက်သည့် အရာရှိများအနေဖြင့် သိရှိနားလည်ရမည်။ လူကုန်ကူးမှုများတွင် နစ်နာသူများသည် မကြာခဏဆိုသလို အဓိက သို့မဟုတ် တစ်ခုတည်းသော သက်သေဖြစ်ရာ နစ်နာသူများက အာဏာပိုင်များအပေါ် ယုံကြည်မှုကင်းမဲ့သွားပါက လူကုန်ကူးသူများကို တရားစီရင်ရေးဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်နိုင်ခြေ လျော့နည်းသွားမည်ဖြစ်သည်။

---

[154] Marcelo Colombo, Head Prosecutor, Specialized Office for Investigation of Kidnapping and Trafficking in Persons Cases (PROTEX), Argentina speaking on the principle of non-punishment of victims of trafficking in persons, being a side event to the 47th Session of the Human Rights Council 30 June 2021, 13:00 – 14:30 CET. Author's notes on file.

[155] *Prosecution at any cost? The Impact of Material Witness Warrants in Federal Human Trafficking Cases* (The Human Trafficking Legal Centre, 2020) 23

## အကြံပြုချက် ၇ - ကနဦးတုံ့ပြန်ဆောင်ရွက်သည့် အရာရှိများက ၎င်းတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်များနှင့် ၎င်းဆုံးဖြတ်ခွင့်များအား မည်သို့ကျင့်သုံးရမည်ကို နားလည်စေရန် ဆောင်ရွက်ပါ

အချို့သော ဥပဒေပိုင်နက်များတွင် စုံစမ်းစစ်ဆေးသူများသည် စွဲချက်တင်မည် မတင်မည် နှင့်/သို့မဟုတ် စွဲချက်တင်ရန် အကြံပြုမည်၊ မပြုမည်ဆိုသည်နှင့် ပတ်သက်၍ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ ဖမ်းဆီးခြင်းမပြုရန်နှင့် စွဲချက်မတင်ရန် ဆုံးဖြတ်ပိုင်ခွင့်ကို ဤဆုံးဖြတ်ပိုင်ခွင့်အား ဖော်ပြထားသည့် ဥပဒေနှင့် မူဝါဒများနှင့် အဆိုပါလူပုဂ္ဂိုလ်အား စွဲချက်တင်ခြင်းသည် အများပြည်သူအတွက် အကျိုးရှိ၊ မရှိ အပါအဝင် အဆိုပါဆုံးဖြတ်ချက်တွင် ထည့်သွင်းစဉ်းစားရမည့် အချက်များအပေါ် မူတည်ဆုံးဖြတ်နိုင်သည်။ အခြားသော ဥပဒေပိုင်နက်များတွင် စုံစမ်းစစ်ဆေးသူများသည် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် အနည်းအကျဉ်းသာရှိခြင်း  သို့မဟုတ် လုံးဝမရှိခြင်း ဖြစ်နိုင်ပြီး ယင်းအစား ရာဇဝတ်မှုများ ကျူးလွန်ထားသည်ဟု စွပ်စွဲခံရသူတစ်ဦးကို ဖမ်းဆီးခြင်း၊ စွဲချက်တင်ခြင်းနှင့် ဖမ်းဆီးထိန်းသိမ်းခြင်းကို မပျက်မကွက် ဆောင်ရွက်ရမည့် တာဝန်ရှိသည်။ ရလဒ်အနေဖြင့် တရားစွဲဆိုစစ်ဆေးခြင်းအား ဆက်လက်လုပ်ဆောင်ခြင်း ပြုမည့်၊ မပြုမည့် ဆုံးဖြတ်ချက်ကို အစိုးရရှေ့နေများ သို့မဟုတ် တရားရုံးများက ချမှတ်ရသည်။

ဥပဒေပိုင်နက်အားလုံးတွင် စုံစမ်းစစ်ဆေးသူများသည် လူတစ်ဦးချင်းအား ဖမ်းဆီးခြင်း သို့မဟုတ် ဖမ်းဆီးမှု မပြုခြင်းနှင့် ၎င်းတို့ ချမှတ်ထားသော စွဲချက်များနှင့် ပတ်သက်၍ ၎င်းတို့တွင် မည်သည့် ကိုယ်ပိုင် ဆုံးဖြတ်ပိုင်ခွင့်များ ရှိသည်၊ မရှိသည်ကို မဖြစ်မနေ နားလည်ရန် အရေးကြီးပါသည်။ စုံစမ်းစစ်ဆေးသူများအနေဖြင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိသည်ဖြစ်စေ၊ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို အသုံးချသည်ဖြစ်စေ၊ စုံစမ်းစစ်ဆေးသူအားလုံးသည် ပြစ်မှုကျူးလွန်သူမှာ လူကုန်ကူးခံရသည့် နစ်နာသူဖြစ်ကြောင်း ပြောဆိုနိုင်သည့် ပတ်ဝန်းကျင်အခြေအနေများ အပါအဝင် စွပ်စွဲခံရသည့် ပြစ်မှုဆိုင်ရာ အထောက်အထားများအားလုံးကို စုဆောင်းသိမ်းဆည်းရမည့် ၎င်းတို့၏ တာဝန်များကို ထမ်းဆောင်ရန် အရေးကြီးသည်။ ထိုသို့သော အထောက်အထားများသည် တရားရုံးတွင် အမှုရင်ဆိုင်နေရသည့် နစ်နာသူများအားကိုးအားထားပြုနိုင်မည့် ခုခံချေပချက်များကို ခိုင်လုံစွာ တင်ပြရာတွင် ဆက်စပ်မှုရှိနေနိုင်သည်။[156]

## အကြံပြုချက် ၈ - ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို ကျင့်သုံးစေရေးအတွက် ဥပဒေစိုးမိုးရေး အရာရှိများကို မက်လုံးပေးပါ

ရဲတပ်ဖွဲ့၏ စွမ်းဆောင်ရည်ကို ၎င်းတို့၏ ဖမ်းဆီးရရှိမှု အရေအတွက်နှင့် စွဲချက်တင်သည့် အရေအတွက်ဖြင့် တိုင်းတာသည့်အတွက် ၎င်းတို့က ပြစ်မှုကျူးလွန်သူများအဖြစ် ကြုံတွေ့ရသည့် လူကုန်ကူးခံရသည့် နစ်နာသူများ ဖြစ်နိုင်ခြေရှိသူများအပေါ် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို ကျင့်သုံးရန် အားလျော့နိုင်သည်။ ထို့ကြောင့် ရဲတပ်ဖွဲ့အနေဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ကျင့်သုံးမှုကို ထင်ဟပ်နိုင်သည့် စွမ်းဆောင်ရည် တိုင်းတာမှုများ အပါအဝင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို ၎င်းတို့ ကျင့်သုံးရန် မည်သို့တွန်းအားပေးနိုင်မည်ကို ထည့်သွင်းစဉ်းစားသင့်သည်။ ဥပမာအားဖြင့် လူကုန်ကူးခံရသူများဟု နောက်ပိုင်းတွင် အတည်ပြုခံရသူများကို စစ်ဆေးစိစစ်ရန်အတွက် လူများကို လွှဲပြောင်းပေးခြင်းများသည် ရဲတပ်ဖွဲ့၏ စွမ်းဆောင်ရည်ကို အပြုသဘောဖြင့် တိုင်းတာရန်အတွက် အသုံးပြုသည့် မက်ထရစ်တစ်ခု ဖြစ်နိုင်သည်။

လူကုန်ကူးခံရသည့် နစ်နာသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို အခြေခံကာ ဖမ်းဆီးခြင်းနှင့် စွဲချက်တင်ခြင်းများ မပြုလုပ်သည့် ဥပဒေစိုးမိုးရေး အရာရှိများကို ၎င်းတို့၏ တာဝန်ဝတ္တရားများ ဆောင်ရွက်ရာတွင် ပေါ့ဆသည်ဟုစွပ်စွဲ၍ တာဝန်ခံစေခြင်းမရှိဘဲ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို ကျင့်သုံးခြင်းအတွက် ချီးကျူးခြင်းကို

[156] *Guidance on the issue of appropriate criminal justice responses to victims who have been compelled to commit offences as a result of their being trafficked: Background paper prepared by the Secretariat for the Working Group on Trafficking in Persons*, Vienna 10 and 11 September 2020, UN Doc. CTOC/COP/WG.4/2020/2 (15 June 2020), paragraph 40-42.

ဆောင်ရွက်နိုင်သည်။ ထိုကဲ့သို့သော မက်လုံးများကို ရာဇဝတ်မှုကျူးလွန်သူများအား စုံစမ်းစစ်ဆေး ဖမ်းဆီးရေး ပိုမိုကျယ်ပြန့်သော တရားဥပဒေစိုးမိုးရေး တာဝန်ဝတ္တရားများမှ သွေဖည်ယုတ်လျော့ခြင်းမရှိစေရန် စီမံရေးဆွဲရမည် ဖြစ်သောကြောင့် လူကုန်ကူးမှု အပါအဝင် ကြီးလေးသော ရာဇဝတ်မှု အမျိုးအစားများအပေါ် သက်သေ အထောက်အထားများ တည်ဆောက်ခြင်းနှင့် လူကုန်ကူးခံရသည့် နစ်နာသူများဖြစ်နိုင်သည့် ပြစ်မှုကျူးလွန်သူများအား စုံစမ်းစစ်ဆေးရာ၌ လိမ္မာပါးနပ်စွာ ချဉ်းကပ်ခြင်းတို့အတွက် ၎င်းတို့အား ချီးမြှင့်မြှောက်စားရန် ထည့်သွင်းစဉ်းစား နိုင်ပေသည်။

## အကြံပြုချက် ၉ - ဖမ်းဆီးသည့် အရာရှိများက ဖမ်းဆီးခံရသူများအပေါ် ထားရှိလိုက်နာရမည့် တာဝန်များကို နားလည်စေရန် ဆောင်ရွက်ပါ

လူကုန်ကူးခံရသည့် နစ်နာသူများ အပါအဝင် ဖမ်းဆီးခံရသူများနှင့်စပ်လျဉ်း၍ ဥပဒေစိုးမိုးရေး အရာရှိများ လိုက်နာရန် တာဝန်ရှိသည့် အခွင့်အရေးများ ရှိသည်။ ဤအခွင့်အရေးများတွင် ၎င်းတို့အား ဖမ်းဆီးရခြင်း အကြောင်းရင်းနှင့် ၎င်းတို့ကို စွဲဆိုထားသည့် စွဲချက်များအား သိရှိပိုင်ခွင့်နှင့် တရားသူကြီး သို့မဟုတ် အခြား အရာရှိများထံ ဆောလျင်စွာ တင်ပြနိုင်ခွင့်တို့ ပါဝင်သည်။[157] ကောင်စစ်ဝန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ အပိုဒ် ၃၆ တွင် ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းခံထားရသော နိုင်ငံခြားသားများအား ၎င်းတို့၏ သံရုံးကို အကြောင်းကြားရန် အခွင့်အရေး ရှိကြောင်း အသိပေးရမည် ဖြစ်ကာ ၎င်းတို့သည် ကောင်စစ်ဝန်၏ အကြံဉာဏ်နှင့် ပံ့ပိုးကူညီမှုများကို လက်ခံရယူ နိုင်သည်ဟု ပါရှိသည်။ နစ်နာသူများသည် အာဏာပိုင်များထံမှ သင့်လျော်သော အကြံဉာဏ်နှင့် ပံ့ပိုးကူညီမှုများ ရရှိစေရေးနှင့် လူကုန်ကူးခံရခြင်း၏ အကျိုးဆက်အနေဖြင့် ၎င်းတို့ ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် ပြစ်ဒဏ်ကို ရှောင်လွှဲနိုင်မည့် ဤအခွင့်အရေးများကို ဖမ်းဆီးသည့်အရာရှိမှ ပေးအပ်ဖြည့်ဆည်းရန် အရေးကြီးပေသည်။ ထို့ကြောင့် ကနဦးတုံ့ပြန်ဆောင်ရွက်သည့် အရာရှိများသည် လူကုန်ကူးခံရသူများ အပါအဝင် ဖမ်းဆီးခံရသူများအတွက် ၎င်းတို့၏ လူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန် လုံလောက်သော စွမ်းရည်ရှိရမည်။

# ၃.၃ တရားစွဲဆိုစစ်ဆေးခြင်း

## အကြံပြုချက် ၁၀ - လူကုန်ကူးခံရသည့် နစ်နာသူများအနေဖြင့် မလျော်မကန် တရားစွဲဆို စစ်ဆေးခံရနိုင်သည့် အန္တရာယ်ကိုလျှော့ချရန် ဥပဒေကို ပြင်ဆင်ပါ

လူကုန်ကူးခံရသည့် နစ်နာသူအား တရားစွဲဆိုစစ်ဆေးခြင်းသည် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသည်ဖြစ်စေ၊ မခံရသည် ဖြစ်စေ ပြစ်ဒဏ်ပေးမှု ပုံစံတစ်မျိုးဖြစ်သည်။ ဥရောပတွင် [နစ်နာသူများ၏ လူ့အခွင့်အရေး] ကို အလေးအနက် ထားဆုံးသော နိုင်ငံများသည် လူကုန်ကူးခံရသူများကို ရာဇဝတ်မှုမှ ကင်းလွတ်ခွင့်ပေးရုံသာမက အဆိုပါ ပြစ်မှုများ အတွက် ၎င်းတို့အား တရားစွဲဆိုခြင်းမပြုရန် အစီအမံများကို အကောင်အထည်ဖော်ကြောင်း ရှင်းပြထားသည်။[158] လူကုန်ကူးခံရခြင်း၏ အကျိုးဆက်အနေဖြင့် ၎င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် မလျော်မကန် တရားစွဲဆို စစ်ဆေးခြင်း ခံရနိုင်ခြေကို လျှော့ချရန် နိုင်ငံတော်အနေဖြင့် ဥပဒေများကို ပြင်ဆင်ရန် ထည့်သွင်းစဉ်းစားသင့်သည်။ ၎င်းကို အောင်မြင်စွာ လုပ်ဆောင်နိုင်သည့် နည်းလမ်းများစွာရှိသည်။ ဥပမာအားဖြင့် လူကုန်ကူးမှုကို အနက်ဖွင့်ဆို ရာတွင် ရာဇဝတ်မှု အဓမ္မကျူးလွန်စေခြင်းကို ခေါင်းပုံဖြတ်ခြင်း အသွင်သဏ္ဍာန် တစ်မျိုးအဖြစ် အတိအလင်း

ထည့်သွင်းရန် လူကုန်ကူးမှုဥပဒေကို ပြင်ဆင်နိုင်သည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်ကိုလည်း ဥပဒေတွင် အတိအလင်း ထည့်သွင်းနိုင်သည် (၃.၄ မှ အကြံပြုချက် ၁၆ ကို ကြည့်ပါ)။ ပြစ်မှုထင်ရှားစီရင်ခြင်းခံရမှုများမှ လွတ်ကင်းရန်လည်း ဥပဒေများကို ထည့်သွင်းနိုင်သည် (၃.၆ မှ အကြံပြုချက် ၂၅ ကို ကြည့်ပါ)။

နိုင်ငံတော်အနေဖြင့် နစ်နာသူများ တရားစွဲဆိုစစ်ဆေးခံရနိုင်သည့် အန္တရာယ် ဖြစ်ပေါ်စေနိုင်သည့် ဥပဒေကိုလည်း ပြင်ဆင်ကောင်းပြင်ဆင်ရန် လိုအပ်နိုင်သည်။ ဥပမာအားဖြင့် မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပြစ်မှုများ အပါအဝင် တင်းကျပ်သော တာဝန်ဝတ္တရားရှိသည့် ပြစ်မှုများမှာ လူကုန်ကူးခံရသည့် နစ်နာသူများကို တရားစွဲဆိုစစ်ဆေးခံရကာ ကိုယ်ကာယနာကျင်စေသည့်ပြစ်ဒဏ် သို့မဟုတ် သေဒဏ်အထိ ကျရောက်စေနိုင်သည့် အန္တရာယ်ကို ဖြစ်ပေါ်စေသည့် အကျိုးသက်ရောက်မှုရှိသည်ကို ထည့်သွင်း စဉ်းစားနိုင်သည်။ နိုင်ငံတော်အနေဖြင့် လူကုန်ကူးခံရသည့် နစ်နာသူများနှင့် အခြား ထိခိုက်လွယ်ပြီး ဖယ်ကြဉ်ခံရသည့် အုပ်စုများအပေါ် လိင်လုပ်ငန်းကို တားမြစ်သည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုနှင့် သင့်လျော်သည့်ပြင်ဆင်မှုများ လုပ်ဆောင်ရန် ထည့်သွင်းစဉ်းစားသင့်သည်။ ဥပမာအားဖြင့် ကလေးသူငယ်များအရေးတွင် အရွယ်ရောက်သူအဖြစ် သတ်မှတ်နိုင်သည့် အသက်အရွယ်ကို လိင်လုပ်ငန်းနှင့် ဆက်နွှယ်နေသည့် ပြစ်မှုများ၏ လက္ခဏာရပ်တစ်ခုအဖြစ် ထည့်သွင်းသတ်မှတ်ခြင်းအား ဆောင်ရွက်ရန် ထည့်သွင်း စဉ်းစားနိုင်ပေသည်။ ထိုမှသာ ကလေးသူငယ်များ (လူကုန်ကူးခံရသည့် နစ်နာသူများအပါအဝင်) ကို ၎င်းတို့၏ ပါဝင်ပတ်သက်မှုအတွက် တရားဥပဒေအရ တရားစွဲဆိုစစ်ဆေးခြင်း ပြုလုပ်နိုင်မည်မဟုတ်ပေ။[159]

ကလေးသူငယ်များအား တရားစွဲခံရခြင်းမှ အကာအကွယ်ပေးသည့် ဥပဒေများနှင့် စပ်လျဉ်း၍ *ကလေးသူငယ်ဆိုင်ရာ တရားစီရင်ရေးစနစ်မှ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အထွေထွေ မှတ်ချက် အမှတ် ၂၄ (၂၀၁၉)* တွင် ပြစ်မှုဆိုင်ရာ တာဝန်ယူမှုအတွက် သင့်လျော်သော အနိမ့်ဆုံးအသက်အရွယ်ကို သတ်မှတ်ရန်နှင့် ၎င်းအသက်အရွယ်ရှိ မည်သည့် ဘက်မှ ကလေးများကိုမဆို သင့်လျော်စွာဆက်ဆံရန် လိုအပ်ပြီး ကလေးသူငယ်များအား ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေး လုပ်ငန်းစဉ်များမှ ဝေးကွာစေရန်နှင့် ထိရောက်သော ပံ့ပိုးကူညီမှု အစီအစဉ်များဆီသို့ ဦးတည်ရန် အလေးပေးဖော်ပြထားသည်။[160] *ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း* ၏ အပိုဒ် ၄၀ တွင် ပြစ်မှုဆိုင်ရာ တာဝန်ယူမှုအတွက် အနိမ့်ဆုံးအသက်ကို သတ်မှတ်မထားသော်လည်း ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီက သိပ္ပံနည်းကျအထောက်အထားများကို သတိချပ်ရန်နှင့် ပြစ်မှုဆိုင်ရာ တာဝန်ယူမှုအသက်ကို ၁၄ နှစ်အထိ တိုးမြှင့်ပေးရန် နိုင်ငံများကို တိုက်တွန်းပြီး ကလေးတစ်ဦး၏ အသက်အရွယ်ကို သက်သေမပြနိုင်သည့် အခြေအနေတွင် သံသယ အကျိုးခံစားခွင့်ပေးရမည်ဟု ဆိုသည်။[161]

## အကြံပြုချက် ၁၁ - တရားဝင်ဖော်ထုတ်အတည်ပြုခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်ပြီးမြောက်ကာ ရှင်းလင်းစွာ ရှင်းပြသိရှိပြီးမှသာ လူကုန်ကူးခံရသည့် နစ်နာသူတစ်ဦးအား တရားစွဲဆိုစစ်ဆေးရန် ဆုံးဖြတ်သည့် မည်သည့်ဆုံးဖြတ်ချက်ကိုမဆို ချမှတ်စေရန် ဆောင်ရွက်ပါ

လူကုန်ကူးခံရသည့် နစ်နာသူများကို တရားစွဲဆိုစစ်ဆေးခြင်းတွင် ယေဘုယျ တားမြစ်ချက်မရှိပါ။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအရ အကျိုးခံစားခွင့်ရှိရန် နစ်နာသူက ပြစ်မှုကျူးလွန်ရန် အဓမ္မစေခိုင်းခံရခြင်း (အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခြင်း) ဖြစ်စေ သို့မဟုတ် လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်ကြောင့် ပြစ်မှုကျူးလွန်ခြင်း (အကျိုးဆက်အဖြစ် ကျူးလွန်ခြင်း) ဖြစ်စေ ပြစ်မှုကျူးလွန်ခြင်းနှင့် လူကုန်ကူးခံရခြင်းအကြား ဆက်စပ်မှုရှိရမည်

[159] Ambassador-at-large, John Cotton Richmond, speaking at Survivor Justice Panel Discussion, Dressember and Karana Rising, 7pm ET, 30 April 2021. Author's notes.
[160] General Comment No. 24 (2019) on children's rights in the child justice system, UN Doc. CRC/C/GC/24, 18 September 2019 [6]
[161] General Comment No. 24 (2019) on children's rights in the child justice system, UN Doc. CRC/C/GC/24, 18 September 2019 [22-24]

ဖြစ်သည်။ ပြစ်မှုကျူးလွန်မှုနှင့် လူကုန်ကူးခံရမှုကြား ဆက်စပ်မှုမရှိသည့်တိုင် နစ်နာသူအား တရားစွဲဆို စစ်ဆေးခြင်းသည် နစ်နာသူများအား အကာအကွယ်ပေးရန်နှင့် လူကုန်ကူးသူများအား စုံစမ်းစစ်ဆေးအရေးယူရန် တာဝန်ရှိမှုနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်ဟု နိုင်ငံတော်က ယူဆနိုင်သည်။

လူကုန်ကူးခြင်းဆိုင်ရာ တုံ့ပြန်မှုလုပ်ငန်းစဉ်နှင့် ACTIP တွင် သတ်မှတ်ထားသည့် စံနှုန်းများနှင့်အညီ အခွင့်အာဏာ ရှိသော အာဏာပိုင်များက တရားဝင် လူကုန်ကူးမှုဆိုင်ရာ အကဲဖြတ်သုံးသပ်မှုကို မပြုလုပ်မချင်း အစိုးရရှေ့နေများသည် တရားစွဲဆိုစစ်ဆေးခြင်း ပြုလုပ်မည်၊ မလုပ်မည်နှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များ မချမှတ်သင့်ပါ။ ဥရောပ လူ့အခွင့်အရေးတရားရုံးက *V.C.L နှင့် A.N. v The United Kingdom* တို့၏အမှုတွင် ဖော်ပြထားသကဲ့သို့ -

> **...**လူကုန်ကူးခံရသည့် နစ်နာသူတစ်ဦးအဖြစ် သတ်မှတ်ခြင်းသည် တရားစွဲဆိုစစ်ဆေးရန် လုံလောက်သော အထောက်အထား ရှိ၊ မရှိ နှင့် အများပြည်သူ အကျိုးစီးပွားအတွက် အကျိုးရှိ၊ မရှိ အပေါ် သက်ရောက်မှု ရှိနိုင်သည်နှင့်အညီ ဖြစ်နိုင်သည့်အခြေအနေ အားလုံးတွင် လူကုန်ကူးခံရသည့် နစ်နာသူဖြစ်နိုင်ခြေရှိသူကို တရားစွဲဆိုစစ်ဆေးရန် ဆုံးဖြတ်ချက်မှန်သမျှကို အရည်အချင်းပြည့်မီသူတစ်ဦးက လူကုန်ကူးမှုဆိုင်ရာ အကဲဖြတ် ခြင်းအား ပြုလုပ်ပြီးမှသာ ဆုံးဖြတ်ဆောင်ရွက်သင့်သည်။ ကလေးသူငယ်များ ပါဝင် ပတ်သက်နေသည့် အရေးတွင် ထိုသို့ဆောင်ရွက်ရန် အထူးအရေးကြီးပါသည်။[162]

လူတစ်ဦးအနေဖြင့် လူကုန်ကူးခံရသည့် နစ်နာသူဖြစ်ကြောင်း တရားဝင် ဖော်ထုတ်အတည်ပြုပြီးသည့်တိုင်အောင် အစိုးရရှေ့နေတစ်ဦးက ၎င်းကျူးလွန်ထားသည့် ပြစ်မှုများအတွက် တရားစွဲဆိုစစ်ဆေးခြင်း ဆောင်ရွက်မည်ဟု ဆုံးဖြတ်ကောင်းဆုံးဖြတ်နိုင်သည်။ သို့သော် ပြစ်မှုကျူးလွန်ခြင်းနှင့် လူကုန်ကူးခံရခြင်းအကြား ဆက်နွယ်မှု မရှိခြင်းကြောင့်သော်လည်းကောင်း၊ သို့မဟုတ် နစ်နာသူအား တရားစွဲဆိုစစ်ဆေးခြင်းက အများပြည်သူ၏ အကျိုးစီးပွား အတွက် ဖြစ်ခြင်းကြောင့်သော်လည်းကောင်း စသည်ဖြင့် ထိုသို့ဆုံးဖြတ်ရသည့် အကြောင်းရင်းများကို ရှင်းလင်းစွာ ပြသရမည်ဖြစ်သည်။ တရားရုံးက လုပ်ထုံးလုပ်နည်းများနှင့် ဆုံးဖြတ်ချက်များကို နစ်နာသူများအား ရှင်းပြရန်မှာလည်း အရေးကြီးသည်။ တရားရုံးများအနေဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအကြောင်း အပါအဝင် နစ်နာသူများအတွက် အချက်အလက်များနှင့် ပစ္စည်းများကို ဥပဒေအသုံးအနှုန်းများဖြင့် မဟုတ်ဘဲ ၎င်းတို့နားလည်မည့် ဘာသာစကားဖြင့် ရိုးရှင်းစွာ ဖော်ပြရမည်။ ထိုမှသာ ၎င်းတို့အနေဖြင့် လူကုန်ကူးခံရမှုနှင့် ဆက်စပ်နေသည့် မည်သည့်ရာဇဝတ်မှုအတွက်မှ ပြစ်ဒဏ်ချမှတ်ခံရမည် မဟုတ်ကြောင်း နားလည်မည် ဖြစ်သည်။[163]

## အကြံပြုချက် ၁၂ - နစ်နာသူအဖြစ်သတ်မှတ်ခြင်းနှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အကြား ဆက်နွယ်မှုကို ရှင်းပြပါ

ဥပဒေပိုင်နက် အများအပြားတွင် နစ်နာသူအဖြစ် သတ်မှတ်ခြင်းသည် ၎င်းတို့အပေါ် ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေး လုပ်ငန်းစဉ်များအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိသည်ကို ရှင်းရှင်းလင်းလင်း မသိရပေ။**[164]** ထို့ကြောင့် တရားဝင် ဖော်ထုတ်အတည်ပြုခံရသူများပင်လျှင် လူကုန်ကူးခံရခြင်း၏ အကျိုးဆက်အနေဖြင့် ၎င်းတို့ကျူးလွန်သည့် ရာဇဝတ်မှု များအတွက် တရားစွဲဆိုစစ်ဆေးခံရနိုင်သည်။ ထို့ကြောင့် လူကုန်ကူးခံရသည့် နစ်နာသူတစ်ဦး၏ ထိုသို့သတ်မှတ်

[162] *V.C.L and A.N. v The United Kingdom* [Application nos. 77587/12 and 74603/12], European Court of Human Rights, 16 February 2021, para 161.

[163] TIP Victim Sensitive Court Indicators, ASEAN-ACT, 4.1(b)

[164] For instance, a 2019 report on counter-trafficking in the UK found that while the National Referral Mechanism reaches a decision that a person is a victim of trafficking on the basis of the balance of probabilities, that decision has no official status in criminal court that make decisions that must be reached to the standard of ‘beyond reasonable doubt’. *Independent Review of the Modern Slavery Act 2015*: *Final Report* (Secretary of State for the Home Department, 2019) 18

ခံရခြင်းနှင့် တရားစွဲဆိုစစ်ဆေးရန် ဖြစ်နိုင်ခြေ သို့မဟုတ် မဖြစ်နိုင်မှုတို့အကြား ဆက်စပ်မှုကို နိုင်ငံများက ဆုံးဖြတ်ရမည်ဖြစ်သည်။ အရေးကြီးသည်မှာ ၎င်းတို့၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်မှာ နစ်နာသူ သို့မဟုတ် ၎င်းကို လူကုန်ကူးသူအား တရားဝင်ဖော်ထုတ်အတည်ပြုခြင်းအပေါ် မူတည်မနေသင့်ပေ၊ လူကုန်ကူးမှုဖြစ်ပွားသည်ဟု ယုံကြည်ရန် ကျိုးကြောင်းဆီလျော်သော အကြောင်းရင်းခံရှိသည်နှင့်တစ်ပြိုင်နက် ဤအခြေခံမှုကို စတင်ကျင့်သုံးသင့်ပေသည်။

ဥပဒေများ၊ မူဝါဒများနှင့် လမ်းညွှန်ချက် စာရွက်စာတမ်းများတွင် လူကုန်ကူးမှု၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်သည့်ပြစ်မှုများအတွက် တရားစွဲဆိုစစ်ဆေးခြင်းမပြုရဟု အတိအလင်းဖော်ပြထားရန် လိုအပ်သည်။ ၎င်းအခြေခံမူနှင့် ပတ်သက်သည့် အချက်အလက်များကို သင့်လျော်စွာ ဖြန့်ဝေခြင်းအားဖြင့် လူကုန်ကူးခံရသည့် နစ်နာသူများကို တရားစွဲဆိုစစ်ဆေးခြင်း မပြုလုပ်သည့် ရည်ရွယ်ချက်နှင့် ထိုသို့ကျင့်သုံးမှုကို အစိုးရရှေ့နေများ သိရှိကျွမ်းဝင်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။ ပဏာမအဆင့်အနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ပါဝင်ပတ်သက်သူများသည် တည်ဆဲဥပဒေ၊ မူဝါဒနှင့် လမ်းညွှန်ချက်စာရွက်စာတမ်းများပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြဋ္ဌာန်းချက်များနှင့် အကျွမ်းတဝင်ရှိသင့်သည်။

အာဏာပိုင်များအနေဖြင့်လည်း ချုပ်ဆိုထားသည့် နှစ်နိုင်ငံသဘောတူစာချုပ်များ၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြဋ္ဌာန်းချက်များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိသင့်ကာ လက်တွေ့ကျင့်သုံးရေးကို ဦးတည်သင့်သည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အကာအကွယ်များသည် မတူညီသော ဥပဒေပိုင်နက်များတွင် အကျုံးဝင်သက်ရောက်မှု ရှိစေရန်အလို့ငှာ နိုင်ငံများအကြားချုပ်ဆိုသည့် နှစ်နိုင်ငံသဘောတူနှင့် ဒေသတွင်းစာချုပ်များတွင် နိုင်ငံတစ်နိုင်ငံက နစ်နာသူအဖြစ် သတ်မှတ်ထားသည်ကို စာချုပ်ပါ အခြားနိုင်ငံများကလည်း အလေးထားစေရန် ဂရုပြု၍ ထည့်သွင်း ဖော်ပြထားသင့်သည်။ နှစ်နိုင်ငံသဘောတူနှင့် ဒေသတွင်းသဘောတူစာချုပ်များပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြဋ္ဌာန်းချက်များတွင် အချို့နစ်နာသူများအပေါ်သာ (ဥပမာ - အမျိုးသမီးများနှင့် မိန်းမငယ်လေးများ) အကျုံးဝင်ပြီး အခြားနစ်နာသူများ (ဥပမာ - အရွယ်ရောက်ပြီးသော အမျိုးသားများ) ကို ပြစ်ဒဏ်ချမှတ်ခံရမှု အန္တရာယ် ဖြစ်စေနိုင်သည့် ခွဲခြားခြင်းမျိုး မပါရှိသင့်ပေ။ အကာအကွယ်မပေးဘဲ ပြစ်ဒဏ်ချမှတ်ခြင်းကို အချို့သော ပြစ်မှုများ (ဥပမာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည့်တန်ဆာပြုခြင်းဆိုင်ရာ ပြစ်မှုများ) အပေါ်တွင်သာ ဆောင်ရွက်ခြင်းမျိုးလည်း မဖြစ်သင့်ပေ။

## အကြံပြုချက် ၁၃ - အစိုးရရှေ့နေများသည် ၎င်းတို့လုပ်ဆောင်နိုင်သည့် ဆုံးဖြတ်ပိုင်ခွင့်များနှင့် အဆိုပါ ဆုံးဖြတ်ပိုင်ခွင့်များအား မည်သို့ကျင့်သုံးရမည်ကို နားလည်စေရန် ဂရုပြုဆောင်ရွက်ပါ

တရားစွဲဆိုစစ်ဆေးခြင်းဆိုင်ရာ ဆုံးဖြတ်ပိုင်ခွင့်သည် နစ်နာသူအား တရားစွဲဆိုစစ်ဆေးခြင်းကို တိုက်ဖျက်ရာတွင် အားကိုးအားထားပြုရန် မစွမ်းသာသည့် ဘေးဆီးရန်ကာအစီအမံဖြစ်ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို ထိန်းသိမ်းမြှင့်တင်ရန်အတွက်လည်း အသုံးပြုနိုင်ခြင်းမရှိသော်လည်း အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နိုင်သည်။ အချို့သော ဥပဒေပိုင်နက်များတွင် ပြစ်မှုကျူးလွန်သည်ဟု ယူဆစွပ်စွဲခံရသူအား တရားစွဲဆိုစစ်ဆေးခြင်းကို မဖြစ်မနေဆောင်ရွက်ရန် ပြဋ္ဌာန်းထားနိုင်သည်။ သို့သော် အခြားဥပဒေပိုင်နက်များတွင်မူ အစိုးရရှေ့နေများသည် နစ်နာသူများအား ရာဇဝတ်ဆိုင်ရာ တရားစွဲဆိုစစ်ဆေးခြင်းမပြုရန်နှင့် တရားစွဲဆိုစစ်ဆေးခြင်းကို စတင်ဆောင်ရွက်ပြီး ဖြစ်ပါကလည်း ရုံးတင်စစ်ဆေးခံနေရသည့် လူပုဂ္ဂိုလ်သည် လူကုန်ကူးခံရသည့် နစ်နာသူတစ်ဦးဖြစ်ကြောင်း သက်သေအထောက်အထား ရရှိပါက စစ်ဆေးကြားနာမှုကို ရပ်တန့်လိုက်ရန် ဆုံးဖြတ်ပိုင်ခွင့်ရှိနိုင်သည်။[165]

---

[165] Interagency Coordination Group against Trafficking in Persons, *Non-punishment of victims of trafficking* (ICAT, Issue Brief 8/2020) 4; *Guidance on the issue of appropriate criminal justice responses to victims who have been compelled to commit offences as a result of their being trafficked: Background paper prepared by the Secretariat for the Working Group on Trafficking in Persons*, Vienna 10 and 11 September 2020, UN Doc. CTOC/COP/WG.4/2020/2 (15 June 2020), paragraph 44-45.

အစိုးရရှေ့နေများသည် ၎င်းတို့၏ ဆုံးဖြတ်ပိုင်ခွင့်ကို နားလည်ပြီး ကျင့်သုံးနိုင်ရန်အတွက် လိုအပ်သော စွမ်းဆောင်ရည် ရှိရန် အထူးအရေးကြီးသည်။ အစိုးရရှေ့နေများ ထိုသို့ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် ဥပဒေပိုင်နက်များတွင် နစ်နာသူများအား ၎င်းတို့လူကုန်ကူးခံရခြင်းနှင့် ဆက်နွယ်နေသည့် ပြစ်မှုများအတွက် စစ်ဆေးကြားနာခြင်းများကို ရပ်တန့်ရန် ၎င်းတို့တွင် အတိအလင်းတာဝန်ရှိကြောင်း ဖော်ပြထားသင့်သည်။ တရားစွဲဆိုစစ်ဆေးခြင်း ဆောင်ရွက်မည်၊ မဆောင်ရွက်မည်ကို ဆုံးဖြတ်ရာ၌ အစိုးရရှေ့နေများသည် (ကာယကံရှင်၏အမှား အပါအဝင်) ပြစ်မှုနှင့်သက်ဆိုင်သည့် အင်္ဂါရပ်များ၊ အသုံးချနိုင်သော ခုခံချေပချက်များနှင့် တရားစွဲဆိုစစ်ဆေးခြင်းကို ထောက်ခံသည့် သို့မဟုတ် ဆန့်ကျင်သည့် လူထု၏ အမြင်နှင့်စကားသံများကိုပါ ထည့်သွင်းစဉ်းစား၍ တရားစွဲဆိုစစ်ဆေးခြင်းအား ဆောင်ရွက်ရန် လုံလောက်သော အထောက်အထားရှိ၊ မရှိ မိမိအနေဖြင့် မည်သို့ယူဆကြောင်း ဆန်းစစ်နိုင်သည်။

အစိုးရရှေ့နေများကို ရာဇဝတ်ဆိုင်ရာပြစ်မှုများ၌ ရည်ရွယ်ဆန္ဒဟူသည့် အင်္ဂါရပ်အား နားလည်ရန်နှင့် ၎င်းတို့တရားစွဲဆို စစ်ဆေးသည့် မည်သည့်ပြစ်မှုအတွက်မဆို ရည်ရွယ်ဆန္ဒ အင်္ဂါရပ်ကို စစ်ဆေးရန်၊ (အင်အားသုံးခြင်း၊ ဖိအားပေးခြင်း၊ ထိခိုက်လွယ်သည့် အခြေအနေကို အလွဲသုံးစားပြုခြင်းနှင့် လူကုန်ကူးခြင်းဆိုင်ရာ တုံ့ပြန်မှုလုပ်ငန်းစဉ်၏ အပိုဒ်ခွဲ ၃(က) နှင့် ACTIP ၏ အပိုဒ်ခွဲ ၂(က) တို့တွင် ဖော်ပြထားသည့် အခြားနည်းလမ်းများ အပါအဝင်) နည်းလမ်းများကို အသုံးပြုခြင်းဖြင့် ပြစ်မှုကျူးလွန်လိုသည့် ရည်ရွယ်ဆန္ဒအား ထိခိုက်စေခြင်း ရှိ၊ မရှိကို ဖော်ထုတ်အတည်ပြုရန် အပြည့်အဝ လေ့ကျင့်ပေးထားသင့်သည်။ ဤသို့စစ်ဆေးခြင်းဖြင့် လူကုန်ကူးခံရသည့် နစ်နာသူများအနေဖြင့် ရည်ရွယ်ဆန္ဒမပါဘဲ ကျူးလွန်ခဲ့ရသည့် ပြစ်မှုများအတွက် ရုံးတင်စစ်ဆေးကြားနာခံရခြင်းနှင့် တရားစွဲဆိုစစ်ဆေးခံရခြင်းကို ရှောင်လွှဲနိုင်မည်ဖြစ်သည်။ အစိုးရရှေ့နေများအတွက် မက်လုံးဖန်တီးရန်အလို့ငှာ ဤစစ်ဆေးခြင်းအား ဆောင်ရွက်ခြင်း ရှိ၊ မရှိကို စံပြု၍ ၎င်းတို့၏ စွမ်းဆောင်ရည်ကို တိုင်းတာနိုင်သည်။[166] ရာဇဝတ်မှုကျူးလွန်လိုသည့် ရည်ရွယ်ဆန္ဒ လုံလောက်စွာ မရှိသည့် ပြစ်မှုများအား တရားစွဲဆိုစစ်ဆေးခြင်းအတွက်လည်း ၎င်းတို့ကို တာဝန်ခံစေသင့်သည်။

## အကြံပြုချက် ၁၄ - အစိုးရရှေ့နေများ၊ အထူးသဖြင့် လူကုန်ကူးခံရသည့် နစ်နာသူများက အများအားဖြင့် ကျူးလွန်တတ်သည့် ပြစ်မှုများကို တရားစွဲဆိုစစ်ဆေးခြင်းအား အထူးပြုလုပ်ဆောင်သည့် အစိုးရရှေ့နေများကို လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ လေ့ကျင့်သင်ကြားပေးခြင်းကို ဆောင်ရွက်ပါ

ASEAN နှင့် အခြားဒေသများတွင် အစိုးရရှေ့နေများစွာသည် လူကုန်ကူးမှုဆိုင်ရာ အမှုဖြစ်စဉ်များကို မည်ကဲ့သို့ တရားစွဲဆိုစစ်ဆေးရမည်နှင့်စပ်လျဉ်း၍ လေ့ကျင့်သင်ကြားပေးခြင်းကို ခံယူပြီးဖြစ်သည်။ သို့ရာတွင် အခြားပြစ်မှုများအား တရားစွဲဆိုစစ်ဆေးသည့် အစိုးရရှေ့နေများကိုမူ အခြားသော ရာဇဝတ်ပြစ်မှုများ ကျူးလွန်ခြင်းကြောင့် ပြစ်မှုထင်ရှားစီရင်နိုင်ရန် ၎င်းတို့ကြိုးပမ်းနေသည့် လူပုဂ္ဂိုလ်များအနက် လူကုန်ကူးခံရသည့် နစ်နာသူဖြစ်နိုင်သူများကို ဖော်ထုတ်အတည်ပြုရန်နှင့် လူကုန်ကူးခံရသည်ဟု ညွှန်းဆိုဖော်ပြနေသည့် အချက်များအား မည်သို့တုံ့ပြန် ဆောင်ရွက်ရမည်နှင့်စပ်လျဉ်း၍ လေ့ကျင့်သင်ကြားပေးခြင်းမှာမူ မရှိသလောက် နည်းပါးသည်။

လူကုန်ကူးခံရသည့် နစ်နာသူများက အများအားဖြင့် ကျူးလွန်တတ်သည့် ပြစ်မှုများကို တရားစွဲဆိုစစ်ဆေးသည့် အစိုးရရှေ့နေများသည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအရ အမှုကြားနာခြင်းများအား ရပ်တန့်ရန် ဆောင်ရွက်နိုင်သည့် အချက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ဆောင်ရွက်ပေးသင့်သည်။ ၎င်းတို့သည် လူကုန်ကူးခြင်း အနက်ဖွင့်ဆိုချက်၊ နစ်နာသူများအပေါ် စိတ်ဒဏ်ရာသက်ရောက်မှု၊ လူကုန်ကူးသူများက နည်းလမ်းများ အသုံးချခြင်းနှင့် နည်းလမ်းများ အသုံးချထားသည့် အခြေအနေ၌ သဘောတူညီမှုပေးခြင်း၏ အရာမရောက်မှုတို့ကို ရင်းနှီးကျွမ်းဝင်မှုရှိစေရန်လည်း

[166] Ambassador-at-large, John Cotton Richmond, speaking at Survivor Justice Panel Discussion, Dressember and Karana Rising, 7pm ET, 30 April 2021. Author’s notes.

စီစဉ်ဆောင်ရွက်ပေးသင့်သည်။ လူကုန်ကူးခံရသည်ဟု ညွှန်းဆိုဖော်ပြနေသည့် အချက်များနှင့် နစ်နာသူများအား ရာဇဝတ်ဆိုင်ရာ တရားမျှတရေးစနစ်အတွင်းမှ နုတ်သိမ်း၍ တရားဝင် ဖော်ထုတ်အတည်ပြုခြင်းအတွက် သက်ဆိုင်ရာ လုပ်ပိုင်ခွင့်ရှိသောအာဏာပိုင်များထံ လွှဲပြောင်းပေးရန် အခွင့်ပေးသော လွှဲပြောင်းပေးမှုလုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ထားရန်လည်း လေ့ကျင့်ပေးထားသင့်သည်။

## အကြံပြုချက် ၁၅ - ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား ကျင့်သုံးရာတွင် လူကုန်ကူးခြင်း၌ နစ်နာသူ၏ သဘောတူညီမှုသည် အရာရောက်ခြင်းမရှိကြောင်း အခိုင်အမာ သိရှိနားလည်စေရန် ဆောင်ရွက်ပါ

နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ ကာကွယ်စောင့်ရှောက်မှုပေးခြင်းကို ရှောင်လွှဲရန်အတွက် နစ်နာသူသည် ပြစ်မှုတစ်ရပ်အား စိတ်ဆန္ဒရှိစွာ ကျူးလွန်ခြင်းဖြစ်သည်ဟူသော ငြင်းခုံချေပချက်များကို အသုံးမပြုရပါ။ လူပုဂ္ဂိုလ်တစ်ဦးသည် မိမိ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အပြည့်အဝ ရွေးချယ် ဆုံးဖြတ်နိုင်စွမ်းရှိသည်ဆိုပါက ပြစ်မှုကျူးလွန်ခြင်းအတွက် ၎င်းကို တာဝန်ခံစေခြင်းမှာ မှန်ကန်သည်။ သို့ရာတွင် လူကုန်ကူးခံရသည့် နစ်နာသူဟူသည်မှာ အနက်ဖွင့်ဆိုချက်အားဖြင့် သဘောတူညီချက်ပေးမှုကို ထိခိုက်ပျက်စီးစေရန် လူကုန်ကူးသူက လူကုန်ကူးခြင်းဆိုင်ရာ တုံ့ပြန်မှုလုပ်ငန်းစဉ်၏ အပိုဒ်ခွဲ ၃(ခ) နှင့် ACTIP ၏ အပိုဒ်ခွဲ ၂(ခ) တို့တွင် ဖော်ပြထားသည့် နည်းလမ်းများကို အသုံးပြု၍ ဖျက်ဆီးခံထားရသူဖြစ်သည်။ ထို့ကြောင့် လူကုန်ကူးသူများက နစ်နာသူကို လက်ရှိ အငြင်းပွားနေသည့်ပြစ်မှုအား ကျူးလွန်စေရန် ရည်ရွယ်ချက်ဖြင့် ခြိမ်းခြောက်ခြင်း သို့မဟုတ် အင်အားသုံးခြင်း သို့မဟုတ် အခြားသော ဖိအားပေးခြင်း အသွင်သဏ္ဌာန်များ၊ ပြန်ပေးဆွဲခြင်း၊ လိမ်လည်ခြင်း၊ လီဆယ်ဖြားယောင်းခြင်း၊ အာဏာ သို့မဟုတ် ထိခိုက်လွယ်သည့် အခြေအနေကို အလွဲသုံးစားပြုခြင်း၊ သို့မဟုတ် နစ်နာသူအား ထိန်းကွပ်သည့် ပုဂ္ဂိုလ်ကို ငွေပေးချေမှုများ သို့မဟုတ် အကျိုးခံစားခွင့်များ ပေးခြင်း သို့မဟုတ် လက်ခံခြင်း နည်းလမ်းများကို အသုံးပြုထားသည့် အခြေအနေတွင် နစ်နာသူအနေဖြင့် ပြစ်မှုကျူးလွန်ရန် သဘောတူညီမှုပေးခြင်းကို အရာရောက်သည်ဟု ထည့်သွင်းစဉ်းစားခြင်း မပြုသင့်ပေ။

ရာဇဝတ်ဆိုင်ရာ တရားရေးတာဝန်ရှိသူများနှင့် အထူးသဖြင့် လူကုန်ကူးခံရသည့် နစ်နာသူများက ၎င်းတို့ လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အနေဖြင့် ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် ပြစ်မှုထင်ရှား စီရင်နိုင်ရန် ဆောင်ရွက်နေသည့် အစိုးရရှေ့နေများအနေဖြင့် လူကုန်ကူးခံရသည့် နစ်နာသူများက ပြစ်မှုကျူးလွန်ခြင်းကို ပိုမိုကောင်းမွန်စွာ နားလည်စေရန်အလို့ငှာ နည်းလမ်းများအသုံးချထားသည့် လူကုန်ကူးမှု၌ သဘောတူညီမှု ပေးခြင်းသည် အရာရောက်ခြင်းမရှိကြောင်း သိရှိစေရန် ရှင်းပြ၍ လေ့ကျင့်သင်ကြားပေးသင့်သည်။[167]

# ၃.၄ ဥပဒေအရ ခုခံချေပခြင်း

## အကြံပြုချက် ၁၆ - နစ်နာသူများအားလုံးကို ပြစ်မှုများအားလုံးအတွက် အကာအကွယ် ပေးနိုင်မည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို လက်တွေ့ကျင့်သုံးနိုင်ရန်အလို့ငှာ အတိအလင်းဖော်ပြထားသည့် ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ ရေးဆွဲပါ သို့မဟုတ် မွမ်းမံပြင်ဆင်ပါ

[167] Recommended resources: *Issue Paper: The Role of 'Consent' in the Trafficking in Persons Protocol* (UNODC, 2014) available at: https://www.unodc.org/documents/human-trafficking/2014/UNODC_2014_Issue_Paper_Consent.pdf

ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို လက်တွေ့အကောင်အထည်ဖော်ရာတွင် ရှင်းလင်းတိကျ၍ အတိအလင်း ဖော်ပြထားသည့် ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရေးဆွဲပြဋ္ဌာန်းခြင်းသည် အများလက်ခံထားသည့် အလေ့အထ ကောင်းတစ်ရပ် ဖြစ်သည်။[168] မတရားချုပ်နှောင်၍ စေခိုင်းခြင်းနှင့် အခြေအနေအရလိုအပ်၍ ဆောင်ရွက်ရခြင်းစသည့် ယေဘုယျ ဥပဒေဆိုင်ရာ ခုခံချေပချက်များမှာ လူကုန်ကူးခံရသည့် နစ်နာသူများကို ပြစ်ဒဏ်ချမှတ်ခြင်းမှ အကာအကွယ်ပေးရန် အသုံးဝင်သော်လည်း ၎င်းတို့သည် နစ်နာသူများအား တရားရုံး၌ ရုံးတင်စစ်ဆေးကြားနာချိန်၌သာ အသုံးချနိုင်သည်။ အပြုသဘောဆောင်သော ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များမှာမူ နစ်နာသူများအား ရုံးတင်စစ်ဆေးခြင်း မခံရစေရန် ကာကွယ်ပေးနိုင်သည်။ ထို့အပြင် ယေဘုယျ ဥပဒေဆိုင်ရာ ခုခံချေပချက်များသည် တရားမျှတမှုမဲ့စွာ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်းနှင့် ရုံးတင် စစ်ဆေးခြင်းတို့ကို ကြုံတွေ့ရသည့် စွပ်စွဲခံရသူအား လွတ်ငြိမ်းခွင့်ရရှိစေခြင်းထက် ပြစ်ဒဏ်ချမှတ်မှု အတိုင်းအတာကို လျော့ပါးစေရုံသာ အကျိုးရှိနိုင်ပြီး ထိုကဲ့သို့ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်းနှင့် ရုံးတင်စစ်ဆေးခြင်း ကိုယ်၌သည် ပြစ်ဒဏ်ချမှတ်ခြင်းပင်ဖြစ်ကာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူနှင့် ဆန့်ကျင်နေသည်။

ထို့ကြောင့် ဥပဒေရေးဆွဲသူများသည် အတိအလင်းဖော်ပြထားသည့် ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရေးဆွဲခြင်း သို့မဟုတ် မွမ်းမံပြင်ဆင်ခြင်းပြုရန် ထည့်သွင်းစဉ်းစားသင့်သည်။ မဖြစ်မနေ တရားစွဲဆိုစစ်ဆေးရန် သတ်မှတ်ချက် ထားရှိသည့် ဥပဒေပိုင်နက်များတွင် လူကုန်ကူးခံရသည့် နစ်နာသူများကို တရားစွဲဆိုစစ်ဆေးခြင်း မပြုရန် သို့မဟုတ် တရားစွဲဆိုစစ်ဆေးခြင်းအား အစောပိုင်းအဆင့်များတွင် ရပ်တန့်ရန် ဥပဒေများကို မွမ်းမံပြင်ဆင်ခြင်း ဆောင်ရွက်သင့်သည်။ တရားစွဲဆိုစစ်ဆေးခြင်း ပြုမည်၊ မပြုမည်ကို ဥပဒေအရာရှိများက ဆုံးဖြတ်နိုင်သည့် ဥပဒေပိုင်နက်များတွင် အစိုးရရှေ့နေများအနေဖြင့် တရားစွဲဆိုစစ်ဆေးခြင်း မပြုရန် သို့မဟုတ် အစပြုပြီးသည့် တရားစွဲဆိုစစ်ဆေးခြင်း လုပ်ငန်းစဉ်များကို ချက်ချင်းရပ်တန့်ရန် ဥပဒေများကို မွမ်းမံထားသင့်သည်။

[168] *Guidance on the issue of appropriate criminal justice responses to victims who have been compelled to commit offences as a result of their being trafficked: Background paper prepared by the Secretariat for the Working Group on Trafficking in Persons*, Vienna 10 and 11 September 2020, UN Doc. CTOC/COP/WG.4/2020/2 (15 June 2020), paragraph 46.

## စာကွက် ၁၀ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့်စပ်လျဉ်းသည့် ပုံစံအလိုက် ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ

### အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခြင်း ပုံစံ

အောက်ပါအချက်များနှင့် ကိုက်ညီပါက သက်ဆိုင်ရာလူပုဂ္ဂိုလ်အား အပြစ်မရှိဟု သတ်မှတ်စေရမည် -

(က) ပြစ်မှုအဖြစ်သတ်မှတ်နိုင်သည့် လုပ်ရပ်ကို ဆောင်ရွက်ရသည့် အကြောင်းရင်းမှာ အဓမ္မစေခိုင်းခံရ၍ ဖြစ်ပြီး ထိုသို့အဓမ္မစေခိုင်းခြင်းသည် လူကုန်ကူးမှုနှင့် ဆက်နွှယ်နေခြင်း၊ သို့မဟုတ်

(ခ) လူကုန်ကူးခံရသည့် အခြေအနေ၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ပြစ်မှုအဖြစ်သတ်မှတ်နိုင်သည့် လုပ်ရပ်ကို ဆောင်ရွက်ရခြင်း။

### အကျိုးဆက်အဖြစ် ကျူးလွန်ခြင်း ပုံစံ


| (UNODC) | (အထူး အစီရင်ခံစာတင်သွင်းသူ) |
| --- | --- |
| လူကုန်ကူးခံရသည့် နစ်နာသူကို ၎င်းတို့လူကုန်ကူးခံရသည့် အခြေအနေ၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ရသည့် ပြစ်မှုများ [ဥပဒေနှင့်မကိုက်ညီသော လုပ်ရပ်များ] အတွက် ရာဇဝတ်ဥပဒေအရဖြစ်စေ တရားမဥပဒေအရဖြစ်စေ ပြစ်ဒဏ်ချမှတ်ခြင်း [သင့်တင့်လျော်ညီသော အကြောင်းမရှိဘဲ အကျဉ်းချခြင်း၊ ဒဏ်ကြေးတပ်ခြင်း သို့မဟုတ် အခြားပြစ်ဒဏ်ချမှတ်ခြင်း] မရှိစေရ။<br><br>ဤအပိုဒ်ပါ ပြဋ္ဌာန်းချက်များသည် ဥပဒေအရ နစ်နာသူက ခံစားရပိုင်သည့် ယေဘုယျ ခုခံချေပချက်များအပေါ် ထိခိုက်ခြင်း မရှိစေရ။[169] | လူကုန်ကူးခံရသည့် နစ်နာသူကို ၎င်းတို့လူကုန်ကူးခံရသည့် အခြေအနေ၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ရသည့် ဥပဒေနှင့်မကိုက်ညီသော လုပ်ရပ်များ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြစ်မှုများအတွက် ရာဇဝတ်ဥပဒေအရဖြစ်စေ တရားမဥပဒေဖြစ်စေ ပြစ်ဒဏ်ချမှတ်ခြင်း မရှိစေရ။<br><br>လူကုန်ကူးခံရသည့် နစ်နာသူ ကလေးသူငယ်ကို ၎င်း၏ လူကုန်ကူးခံရမှုနှင့် ဆက်နွှယ်နေသည့် ဥပဒေနှင့်မကိုက်ညီသော လုပ်ရပ်များအတွက် တရားစွဲဆိုစစ်ဆေးခြင်း သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်း မရှိစေရ။[170] |

[169] *Model Legislative Provisions against Trafficking in Persons,* (United Nations, Vienna, 2020) 44. Also see Article 10 of *Model Law against Trafficking in Persons* (UNODC, 2009) pp.40-42

[170] *The Importance of implementing the non-punishment provision: the obligation to protect victims,* Maria Grazia Giammarinaro, Special Rapporteur on trafficking in persons, especially women and children, United Nations, Geneva, 30 July 2020, 5 at [29]

ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူသည် နစ်နာသူအနေဖြင့် မည်သည့်လူကုန်ကူးမှုအမျိုးအစားကို ကြုံတွေ့ရသည် ဖြစ်စေ သို့မဟုတ် ၎င်းလူကုန်ကူးမှု၏ အကျိုးဆက်အဖြစ် မည်သည့်ပြစ်မှုကို ကျူးလွန်သည်ဖြစ်စေ နစ်နာသူများ အားလုံးအပေါ် ခွဲခြားမှုမရှိဘဲ အကျုံးဝင်သည်။  သို့ရာတွင် လက်တွေ့၌ နစ်နာသူကကျူးလွန်သည့် ပြစ်မှုသည် ပိုမိုကြီးမားလေလေ၊ လူကုန်ကူးသူများ အသုံးပြုသည့် နည်းလမ်းသည် ထင်ရှားရန်ပိုမိုခက်ခဲလေလေ၊ နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခြင်းမှ အကာအကွယ်ပေးနိုင်ရန် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား အသုံးချနိုင်မှု လျော့နည်းလေလေ ဖြစ်သည်။ အချို့သောဥပဒေပိုင်နက်များတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ဥပမာအားဖြင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ သို့မဟုတ် ပြည့်တန်ဆာပြုခြင်းဆိုင်ရာ ပြစ်မှုများအတွက်သာ အကျုံးဝင်သည်။[171] ရလဒ်အနေဖြင့် ပြဋ္ဌာန်းချက်များသည် အချို့သော လူကုန်ကူးခံရသည့် နစ်နာသူများကို အချို့သောပြစ်မှုများအတွက် အကာအကွယ်ပေးနိုင်သော်လည်း (ဥပမာ လူကုန်ကူးခံရသည့် သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခံရသည့် နစ်နာသူများအား ပြည့်တန်ဆာပြုခြင်းဆိုင်ရာ ပြစ်မှုများမှ အကာအကွယ်ပေးခြင်း) (ခိုးမှု သို့မဟုတ် မူးယစ်ဆေးဝါး ဆိုင်ရာ ပြစ်မှုများကဲ့သို့) အခြားသောပြစ်မှုများအား ခုခံချေပရာတွင်မူ အထောက်အကူမပြုနိုင်ခြင်းမျိုး ဖြစ်ပွားတတ်ပြီး လိင်ပိုင်းဆိုင်ရာမဟုတ်သည့် ကိစ္စရပ်များ အပါအဝင် ခေါင်းပုံဖြတ်ခြင်း အသွင်သဏ္ဌာန်အားလုံးကို ကြုံတွေ့နေရသည့် နစ်နာသူများကိုလည်း အကာအကွယ် ပေးနိုင်မည် မဟုတ်ပေ။

## ပုံ ၃ - ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့အကောင်အထည်ဖော်ခြင်း




ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များသည် မည်သည့်ခေါင်းပုံဖြတ်ခြင်းအမျိုးအစားအတွက် လူကုန်ကူးခံရသည်ဖြစ်စေ၊ နစ်နာသူကျူးလွန်သည့် ပြစ်မှုသည် မည်မျှကြီးလေးသည်ဖြစ်စေ ခွဲခြားဆက်ဆံခြင်းမရှိဘဲ နစ်နာသူများ အားလုံးအပေါ် အကျုံးဝင်သင့်ပြီး ကျယ်ပြန့်သော သို့မဟုတ် အပြီးအပိုင် သတ်မှတ်မထားသော တရားမမှု၊ စီမံအုပ်ချုပ်မှုဆိုင်ရာ၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာနှင့် ရာဇဝတ်မှုဆိုင်ရာ ပြစ်မှုများအတွက် အကျုံးဝင်သင့်သည်။[172] ထို့ကြောင့် နိုင်ငံတော်များ သည် လူကုန်ကူး၍ ရာဇဝတ်မှု အဓမ္မကျူးလွန်စေခြင်းကို ခေါင်းပုံဖြတ်ခြင်း

[171] See for instance, Susan Coppedge (former US Ambassador at Large, Senior counsel with Krevolin & Horst, and attorney for Tiffany Simpson), *Justice is a part of healing for victims of human trafficking,* law.com, 18 February 2021, https://www.law.com/dailyreportonline/2021/02/18/justice-is-a-part-of-healing-for-victims-of-human-trafficking/?slreturn=20210405034616 accessed 5 May 2021.

[172] See, inter alia, *Implementation of the non-punishment principle: Report of the Special Rapporteur on trafficking in persons, especially women and children, Siobhán Mullaly*, UN Doc. A/HRC/47/34 (17 May 2021), para. 37.

အသွင်သဏ္ဍာန်တစ်ရပ်အဖြစ် အတိအလင်း အတည်ပြုသတ်မှတ်သင့်သည်၊ သို့မဟုတ် ပြဋ္ဌာန်းချက်တွင် အကျုံးဝင်သည့် ပြစ်မှုများကို ဥပဒေပြုရေးမဏ္ဍိုင်က စာရင်းပြုစု သတ်မှတ်ပေးထားပါက အဆိုပါစာရင်းကို အပြီးအပိုင် သတ်မှတ်မထားသော စာရင်းအဖြစ် ဖော်ပြသင့်သည်။[173]

ကြီးလေးသော သို့မဟုတ် အလွန်တရာကြီးလေးသော ပြစ်မှုများအတွက်ပင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို ကျင့်သုံးခြင်းသည် အများအသိအမှတ်ပြုထားသည့် အလေ့အထကောင်းတစ်ရပ် ဖြစ်သည်။ ပညာရှင်တစ်ဦးက မှတ်ချက်ပြုသကဲ့သို့ -

> ပြစ်ဒဏ်မချမှတ်ရေး ဝတ္တရားကို ပြစ်မှုအများစုတွင် အသုံးချရန် မသင့်လျော်ဟု သတ်မှတ်နိုင်သည့် အကြောင်းရင်းတစ်စုံတစ်ရာ မရှိပေ။ ဤတာဝန်၏ အဓိက အနှစ်သာရမှာ လူကုန်ကူးခံရသူသည် မိမိစိတ်ဆန္ဒအလျောက် ဆောင်ရွက်နိုင်သူမဟုတ်ဘဲ ပြစ်မှုအား ကျူးလွန်ရုံမှအပ အခြား ရွေးချယ်ခွင့်မရှိဟူသည့် အချက်အပေါ် အခြေခံထားခြင်းဖြစ်ပါက အငြင်းပွားနိုင်သည်မှာ လူပုဂ္ဂိုလ်များကို ၎င်းတို့၏ လုပ်ရပ်များအား အပြည့်အဝ တာဝန်ယူနိုင်သည့် အစွမ်းအစ မရှိသည့်အတွက် ပြစ်တင်တာဝန်ခံစေခြင်း မပြုနိုင်သကဲ့သို့ပင် ၎င်း(နစ်နာသူ)တို့ကိုလည်း ရာဇဝတ်မှု ကျူးလွန်သူအဖြစ် သတ်မှတ်တာဝန်ခံစေခြင်း မပြုသင့်ပေ။[174]

ကြီးလေးသောပြစ်မှုများတွင် အခြေခံမှုကို လက်တွေ့အသုံးချခြင်းနှင့်စပ်လျဉ်း၍ လူကုန်ကူးမှုဆိုင်ရာ ယခင် အထူး အစီရင်ခံစာတင်သွင်းသူက အခြေခံမှုအား ကျယ်ပြန့်စွာ အကျုံးဝင်သက်ရောက်မှုရှိစေရန် ခွင့်ပြုပေးခြင်းသည် အလုံးစုံ လွတ်ငြိမ်းချမ်းသာခွင့်သဘောကို မဆောင်ဘဲ စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ စံသတ်မှတ်ချက်တစ်ရပ်ကိုသာ ဖော်ဆောင်ခြင်းဖြစ်ကြောင်း ရှင်းပြခဲ့သည် -

> ပြစ်မှုပိုမိုကြီးလေးလေလေ၊ ပြစ်မှုကျူးလွန်ခဲ့သည့် အခြေအနေအရပ်ရပ်ကို သိရှိနိုင်ရန်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကို ခိုင်မာလျော်ညီစွာ ကျင့်သုံးနိုင်မှု ရှိ၊ မရှိကို ဖော်ထုတ်နိုင်ရန် အတွက် စုံစမ်းစစ်ဆေးခြင်းကို ပိုမိုအသေးစိတ်ဆောင်ရွက်ရန် လိုအပ်လေလေ ဖြစ်သည်။ 'အလုံးစုံလွတ်ငြိမ်းချမ်းသာခွင့်' ပေးခြင်းနှင့် အနည်းငယ်မျှပင် မနီးစပ်ဘဲ ထိုသို့ ဘေးဆီး ရန်ကာ ဆောင်ရွက်ခြင်းသည် (၁) ပြစ်မှုကျူးလွန်ခဲ့သည့် အခြေအနေမှန်အား အတည်ပြု ဖော်ထုတ်ရန် လိုအပ်ခြင်းကို ဖြည့်ဆည်းပေးသည်၊ (၂) နစ်နာသူများအား ၎င်းတို့ ခံစားရရှိပိုင်သည့် ဘေးဆီးရန်ကာခြင်းနှင့် ထောက်ကူဖေးမခြင်း ဝန်ဆောင်မှု များကို ရရှိစေရန် လမ်းခင်းပေးသည်၊ (၃) လူကုန်ကူးမှုအား စုံစမ်းစစ်ဆေး ဖော်ထုတ်ခြင်းကို ဆောင်ရွက်ရန် တွန်းအားပေးနိုင်ပြီး ရလဒ်အနေဖြင့် လူကုန်ကူးသူ များအား တရားစွဲဆို စစ်ဆေးခြင်းကို မြှင့်တင်ပေးကာ နစ်နာသူများအနေဖြင့် အခြားသူ တစ်ဦး၏ လွှမ်းမိုး မှုကြောင့် သို့မဟုတ် ခေါင်းပုံဖြတ်မှုကြောင့် ကျူးလွန်ခဲ့ရသည့် ပြစ်မှုများအတွက် တရားစွဲဆို စစ်ဆေးခြင်းကို လျှော့ချပေးနိုင်သည်။ ထို့အပြင် ပြစ်ဒဏ် လွတ်ငြိမ်းခွင့် အခြေခံမှုကို နိုင်ငံ့ဥပဒေရှိ မည်သည့် ခုခံချေပချက်ကိုမဆို မထိခိုက်စေဘဲ အသုံးချနိုင်မည်။[175]

---

[173] *Implementation of the non-punishment principle: Report of the Special Rapporteur on trafficking in persons, especially women and children, Siobhán Mullaly*, UN Doc. A/HRC/47/34 (17 May 2021) paragraph 37 and 38.

[174] Ryszard Piotrowicz, "Article 26, Non-punishment provision" in Julia Planitzer and Helmut Sax (eds.) *A Commentary on the Council of Europe Convention on against Trafficking in Human Beings* (Edward Elgar, 2020) p.320

[175] *The Importance of implementing the non-punishment provision: the obligation to protect victims,* Maria Grazia Giammarinaro, Special Rapporteur on trafficking in persons, especially women and children, United Nations, Geneva, 30 July 2020, 11 at [41]

ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား အသုံးချရာတွင် လူကုန်ကူးမှု ကျူးလွန်သူဟု စွပ်စွဲခံရသူကို တရားစွဲဆို စစ်ဆေးခြင်းပြုသည့်၊ သို့မဟုတ် ရာဇဝတ်မှုဆိုင်ရာ စစ်ဆေးကြားနာခြင်းတွင် နစ်နာသူက ပူးပေါင်းဆောင်ရွက်ခြင်း ပြုသည့် အခြေအနေမျိုး၌သာ အသုံးချခြင်းမဖြစ်စေရန် အရေးကြီးသည်။[176]

## အကြံပြုချက် ၁၇ - နစ်နာသူကကျူးလွန်သည့် ပြစ်မှုနှင့် ၎င်း၏လူကုန်ကူးခံရခြင်းတို့အကြား ဆက်နွယ်မှုကို မည်သို့ဖော်ထုတ်ရမည်ကို တရားရေးတာဝန်ရှိသူများအား လေ့ကျင့်သင်ကြား ပေးခြင်းနှင့် လမ်းညွှန်ချက်ပေးခြင်း ဆောင်ရွက်ပါ

ASEAN ဒေသရှိ နိုင်ငံများအပါအဝင် နိုင်ငံအများအပြားတွင် ရာဇဝတ်ဆိုင်ရာ တရားရေးတာဝန်ရှိသူများသည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို အသုံးချရန်အလို့ငှာ နစ်နာသူ၏ ပြစ်မှုကျူးလွန်ခြင်းနှင့် ၎င်း၏ လူကုန်ကူးခံရခြင်းတို့အကြား ဆက်နွယ်မှုကို မည်သို့ ဖော်ထုတ်ရမည်ကို ရှင်းလင်းစွာ မသိရှိကြပေ။ နိုင်ငံတော်များအနေဖြင့်လည်း မတူကွဲပြားသော ချဉ်းကပ်နည်းလမ်းအမျိုးမျိုးကို အသုံးချကြပြီး အချို့က အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခြင်း ပုံစံကို အသုံးပြုပြီး အချို့က အကျိုးဆက်အဖြစ် ကျူးလွန်ရခြင်း ပုံစံကို အသုံးပြုကာ အချို့ကမူ ၎င်းပုံစံနှစ်ခုကို ပေါင်းစည်းအသုံးပြုသည် သို့မဟုတ် လုံးဝကွဲပြားသော အခြားနည်းလမ်း တစ်ရပ်ရပ်ကို အသုံးပြုသည်။ ပြည်တွင်းဥပဒေအရ မည်သည့်ချဉ်းကပ်နည်းလမ်းကို အသုံးပြုသည်ဖြစ်စေ တရားရေးတာဝန်ရှိသူများအနေဖြင့် ၎င်းကို နားလည်ထားရန် အရေးကြီးသည်။

**(လူကုန်ကူးသူက နစ်နာသူကို ပြစ်မှုကျူးလွန်ရန် အဓမ္မစေခိုင်းသည့်)** 'အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခြင်း' ပုံစံကို အသုံးပြုသည့် ဥပဒေပိုင်နက်များ - အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခြင်း ပုံစံကို အသုံးပြုသည့်ပိုင်နက်များတွင် တရားရေး တာဝန်ရှိသူများအနေဖြင့် ခြိမ်းခြောက်ခြင်း သို့မဟုတ် အင်အားသုံးခြင်း သို့မဟုတ် အခြား ဖိအားပေးခြင်း အသွင်သဏ္ဌာန်များ၊ ပြန်ပေးဆွဲခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားယောင်းခြင်း၊ အာဏာ သို့မဟုတ် ထိခိုက်လွယ်သည့် အခြေအနေကို အလွဲသုံးစားပြုခြင်း၊ သို့မဟုတ် နစ်နာသူအား ထိန်းကွပ်သည့် ပုဂ္ဂိုလ်ကို ငွေပေးချေမှုများ သို့မဟုတ် အကျိုးခံစားခွင့်များ ပေးခြင်း သို့မဟုတ် လက်ခံရရှိခြင်း အပါအဝင် နိုင်ငံတကာနှင့် ဒေသတွင်း၏ လူကုန်ကူးမှုဆိုင်ရာ အနက်ဖွင့်ဆိုချက်တွင် ဖော်ပြထားသည့် 'နည်းလမ်းများ' အနက် မည်သည့်နည်းလမ်းကိုမဆို အသုံးချခြင်း အပါအဝင် လူကုန်ကူးသူများက နစ်နာသူ၏ လွတ်လပ်သောစိတ်ဆန္ဒကို ထိခိုက်ပျက်စီးစေရန် အသုံးချနိုင်သည့် နည်းလမ်းများကို အပြည့်အဝ နားလည်ထားရန် အရေးကြီးသည်။[177] ကလေးသူငယ်များအား လူကုန်ကူးရန်အတွက် 'နည်းလမ်းများ' အသုံးပြုသည်ဖြစ်စေ မပြုသည်ဖြစ်စေ ဥပဒေဆိုင်ရာ ခုခံချေပချက်များသည် ကလေးသူငယ်များ အားလုံးအပေါ် အကျုံးဝင်သက်ရောက်စေသင့်သည်။ ဤပုံစံသည် သာမန် အဓမ္မချုပ်နှောင်၍ စေခိုင်းခြင်း ခုခံချေပချက်ထက် ပိုမိုကျယ်ပြန့်၍ တူညီသော သက်သေ အထောက်အထားများကို လိုအပ်သည်ဟု သတ်မှတ်ထားပါက နစ်နာသူအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို ခံစားပိုင်ခွင့်မရှိစေရန် ငြင်းပယ်ခြင်းဖြစ်သောကြောင့် ထိုသို့သတ်မှတ်ချက် မရှိစေသင့်ပေ။[178] လူကုန်ကူးမှု၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှုဆိုင်ရာ ယခင်

---

[176] See: *Implementation of the non-punishment principle: Report of the Special Rapporteur on trafficking in persons, especially women and children, Siobhán Mullaly*, UN Doc. A/HRC/47/34 (17 May 2021), para. 58

[177] See Trafficking in Persons Protocol, article 3(a) and ACTIP 2(a). Also note that in proving the criminal culpability of traffickers, the consent of the victim is irrelevant where any of these means is established, in the case of adult victims (article 3(b) of the Trafficking in Persons Protocol; and article 2(b) of ACTIP) and always in the case of a child, for whom the means element is not required (article 3(c) of the Trafficking in Persons Protocol and article 2(c) of ACTIP).

[178] *Guidance on the issue of appropriate criminal justice responses to victims who have been compelled to commit offences as a result of their being trafficked: Background paper prepared by the Secretariat for the Working Group on Trafficking in Persons*, Vienna 10 and 11 September 2020, UN Doc. CTOC/COP/WG.4/2020/2 (15 June 2020), paragraph 60.

ကုလသမဂ္ဂ အထူးအစီရင်ခံစာ တင်သွင်းသူက အခြေခံမှုကို အသုံးချရာတွင် 'ရှင်းလင်းသော သက်သေအထောက်အထားကို လိုအပ်ခြင်းမရှိဘဲ လူကုန်ကူးမှု ဖြစ်ပွားလျက်ရှိသည်ဟု ယုံကြည်ဖွယ်အကြောင်းရင်းများကိုသာ လိုအပ်ခြင်း' ဖြစ်သင့်သည်ဟု ဖော်ပြခဲ့သည်။[179]

**(နစ်နာသူ၏ ပြစ်မှုကျူးလွန်မှုသည် လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်ဖြစ်သည့်)** 'အကျိုးဆက်အဖြစ် ကျူးလွန်ခြင်း' ပုံစံကို အသုံးပြုသည့် ဥပဒေပိုင်နက်များ - 'အကျိုးဆက်အဖြစ် ကျူးလွန်ခြင်း' ပုံစံကို အသုံးပြုသည့် ဥပဒေပိုင်နက်များတွင် အာဏာပိုင်များအနေဖြင့် 'တိုက်ရိုက်အကျိုးဆက်' သို့မဟုတ် 'တိုက်ရိုက်ရလဒ်'နှင့် 'ဆက်နွှယ်နေသည့်' အစရှိသော စကားရပ်များကို ရှင်းလင်းကျယ်ပြန့်စွာ နားလည်ခြင်းရှိစေရန်အလို့ငှာ စိတ်တွင်း၌ ဆက်လက်ခံစားနေရသည့် အကြောက်တရားနှင့် စိတ်ဒဏ်ရာတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ နားလည်စေရန် ဆောင်ရွက်ပေး၍ လူကုန်ကူးခြင်းနှင့် ပြစ်မှုကျူးလွန်ခြင်းအကြား ဆက်နွှယ်မှုကို ကျယ်ပြန့်စွာ နားလည်မှုရှိစေရန် ဂရုပြုဆောင်ရွက်သင့်သည်။ စွပ်စွဲခံရသော ရာဇဝတ်ကျူးလွန်မှုနှင့် လူကုန်ကူးခံရမှုတို့အကြား ဆက်နွှယ်မှုသည် ကာလကြာမြင့်ပါက ပျောက်ကွယ်ခြင်း ရှိ၊ မရှိ၊ မည်မျှကြာမြင့်ပါက ပျောက်ကွယ်သည် သို့မဟုတ် အခြေအနေများ မည်ကဲ့သို့ပြောင်းလဲသွားပါက ပျောက်ကွယ်သည်နှင့်စပ်လျဉ်း၍ အချိန်ကာလဆိုင်ရာ မေးခွန်းပြဿနာများကို ဖြေရှင်းရနိုင်သည်။ ကျယ်ပြန့်စွာ နားလည်သိရှိထားပါက 'တိုက်ရိုက်နှင့် ချက်ချင်းဖြစ်သော' ဆက်နွှယ်မှုကို မလိုအပ်ဘဲ လူကုန်ကူးမှုနှင့် စွပ်စွဲခံထားရသော ပြစ်မှုကျူးလွန်ခြင်းတို့အကြား ဆက်နွှယ်မှုသည် ဆက်လက်၍ တည်ရှိနေနိုင်ကြောင်း အသိအမှတ်ပြုကာ ဥပမာဆိုရသော် ဖြစ်ပွားပြီးနောက် ဆက်လက်ကြုံတွေ့ခံစားနေရသည့် အကြောက်တရားနှင့် ဖိအားပေးခံရခြင်းဆိုင်ရာ ပြဿနာများကြောင့် ဖြစ်နိုင်သည်။[180] အခြားတစ်ဘက်တွင်မူ လူကုန်ကူးခံရသည့် အခြေအနေနှင့် ဆက်လက်ရင်ဆိုင်နေရသော နစ်နာသူတစ်ဦးသည် လူကုန်ကူးမှုနှင့် မဆက်နွှယ်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်နိုင်ပြီး ထိုသို့ဖြစ်ပါက ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အကာအကွယ်ကို ခံစားပိုင်ခွင့် မရှိပေ။

ဥပဒေတွင်ဖြစ်စေ ဥပဒေနှင့်တွဲဖက်ထုတ်ပြန်သည့် လမ်းညွှန်စာရွက်စာတမ်းများတွင်ဖြစ်စေ ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ခုခံချေပချက်များကို အသုံးပြုနိုင်ရန် လိုအပ်သည့် အခြေခံအချက်များအား တရားရေးတာဝန်ရှိသူများကို ရှင်းလင်း၍ လက်လှမ်းမီရယူနိုင်သော လမ်းညွှန်ချက်များဖြင့် အတူတကွ ရှင်းပြထားသင့်သည်။ နိုင်ငံတော်များသည် တရားရေးတာဝန်ရှိသူများအနေဖြင့် ၎င်းတို့၏ ဥပဒေပိုင်နက်အတွင်းရှိ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြဋ္ဌာန်းချက်များတွင် မည်သို့ဖော်ပြ၍ မည်သည့်အနက်ဆောင်သည်ကို သိရှိစေရန်နှင့် နစ်နာသူကကျူးလွန်သည့် ပြစ်မှုသည် ၎င်း၏ လူကုန်ကူးခံရမှုနှင့် ဆက်နွှယ်ခြင်း ရှိသည်၊ မရှိသည်ကို ဖော်ထုတ်ရန်အလို့ငှာ သက်သေအထောက်အထားအား မည်သို့အသုံးချသင့်သည်ကို ရှင်းလင်းစွာ အသိပေးရှင်းပြရန်အတွက် လေ့ကျင့်သင်ကြားပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း လုပ်ငန်းဆောင်ရွက်ချက်များ အပါအဝင် လမ်းညွှန်ချက်များကို ရေးဆွဲချမှတ်ကာ ဖြန့်ဝေပေးသင့်သည်။

## အကြံပြုချက် ၁၈ - လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ပြစ်မှုများကျူးလွန်ခဲ့သည့် နစ်နာသူများအတွက် ယေဘုယျခုခံချေပချက်များအား အသုံးချခြင်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ဆိုင်ရာ တရားရေး တာဝန်ရှိသူများအား လေ့ကျင့်သင်ကြားပေးခြင်းနှင့် လမ်းညွှန်ချက်ပေးခြင်း ဆောင်ရွက်ပါ

နိုင်ငံ့ဥပဒေတွင် လူကုန်ကူးခံရသည့် နစ်နာသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို သီးခြားထည့်သွင်းဖော်ပြမထားသည့် နိုင်ငံများ၌ ရာဇဝတ်ဆိုင်ရာ တရားရေးတာဝန်ရှိသူများသည် ၎င်းတို့၏ ရာဇဝတ်ဥပဒေ

[179] *Trafficking in persons, especially women and children, Report of the Special Rapporteur on trafficking in persons, especially women and children*, UN Doc. A/HRC/44/45 (6 April 2020) [36]
[180] Ryszard Piotrowicz, How far can we extend the non-punishment principle? La Strada, 21 April 2021, https://www.lastradainternational.org/blog/how-far-can-we-extend-the-non-punishment-principle/

များတွင် ဖော်ပြထားသည့် ယေဘုယျ ခုခံချေပချက်များကို အားကိုးအားထားပြု၍ အသုံးချရမည် ဖြစ်သည်။ လူကုန်ကူးခံရသည့် နစ်နာသူများအတွက် လျှောက်လဲရာ၌ အသုံးပြုနိုင်မည့် ခုခံချေပချက်များတွင် မတရားချုပ်နှောင်၍ စေခိုင်းခြင်း၊ အစိုးရတာဝန်ရှိသူက ဖိအားပေးစေခိုင်းခြင်း၊ အခြေအနေအရလိုအပ်၍ ဆောင်ရွက်ရခြင်းနှင့် မိမိကိုယ်ကို ခုခံကာကွယ်ခြင်းတို့ ပါဝင်သည်။

'မတရားချုပ်နှောင်၍ စေခိုင်းခြင်း' နှင့် 'အခြေအနေအရလိုအပ်၍ ဆောင်ရွက်ရခြင်း' ယေဘုယျ ခုခံချေပချက်များ အသုံးပြုရန် လိုအပ်သည့် တင်းကျပ်သော စံသတ်မှတ်ချက်များသည် လူကုန်ကူးခြင်း၏ ရှုပ်ထွေးမှုကို ထည့်သွင်းစဉ်းစားရန် ပျက်ကွက်နိုင်ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိစေရန် ကြိုးပမ်းရာတွင် အဟန့်အတားတစ်ရပ်ပင် ဖြစ်လာနိုင်သည်။[181] ဥပမာ မတရားချုပ်နှောင်၍ စေခိုင်းခြင်း ခုခံချေပချက်ကို ဖော်ပြခြင်းနှင့် အနက်ဖွင့်ခြင်း ဆောင်ရွက် သည့် နည်းဟန်အပေါ် မူတည်၍ နစ်နာသူက ကြီးလေးသော သို့မဟုတ် ရုတ်ချည်းကြုံရနိုင်သော အန္တရာယ်ကြောင့် ကျူးလွန်ရသည့် အခြေအနေများအတွက်သာ အကျုံးဝင်ခြင်းမျိုး ပေါ်ပေါက်နိုင်ပြီး လူကုန်ကူးသူများက ၎င်းတို့ ကုန်ကူးသည့် နစ်နာသူများကို ဖိအားပေးရန်နှင့် ခြယ်လှယ်ရန် အသုံးပြုသည့် ထင်ရှားရန် ပိုမိုခက်ခဲသော နည်းလမ်းများ ကို ထည့်သွင်းစဉ်းစားမှုမရှိခြင်းမျိုး ကြုံတွေ့ရနိုင်သည်။ အန္တရာယ်ရှိကြောင်း သက်သေအထောက်အထား ကို ဖော်ပြ၍ ခုခံချေပချက်ကို သက်သေထူရန်အလို့ငှာ လိုအပ်ချက်သည် နစ်နာသူအပေါ် ကျရောက်လာနိုင်သည်။[182] ထို့ကြောင့် ဤခုခံချေပချက်များသည် ပိုမိုကျယ်ပြန့်သော ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူထက် သက်ရောက် အကျုံးဝင်မှု ပိုမိုနည်းပါးသည်။[183] ထို့ကြောင့် ယေဘုယျ ခုခံချေပချက်များကို လူကုန်ကူးခြင်းဆိုင်ရာ ဖြစ်စဉ်များ၌ အသုံးပြုရာတွင် ပိုမိုကျယ်ပြန့်စွာ အနက်ဖွင့်ဆိုခြင်းဖြင့် (လူကုန်ကူးခြင်းဆိုင်ရာ တုံ့ပြန်မှုလုပ်ငန်းစဉ်၏ အပိုဒ် ၃ နှင့် ACTIP ၏ အပိုဒ်ခွဲ ၂(က) ရှိ လူကုန်ကူးခြင်း အနက်ဖွင့်ဆိုချက်တွင် ဖော်ပြထားသော 'နည်းလမ်းများ' အားလုံး အပါအဝင်) ထင်ရှားရန် ခက်ခဲသော ဖိအားပေးခြင်း အသွင်သဏ္ဌာန်များအား ထည့်သွင်းစဉ်းစားမှု ရှိစေရန် ဂရုပြု ဆောင်ရွက်သင့်သည်။[184]

ရာဇဝတ်ဆိုင်ရာ တရားရေးတာဝန်ရှိသူများသည် နစ်နာသူ-ကျူးလွန်သူများအား ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ အကာအကွယ်ပေးရာတွင် ယေဘုယျ ခုခံချေပချက်များကို မည်သို့ အတည်ပြု၍ အသုံးချရမည်နှင့်စပ်လျဉ်းသည့် လေ့ကျင့်သင်ကြားခြင်းနှင့် လမ်းညွှန်ချက်ပေးခြင်း အထောက်အကူများကို ရရှိသင့်သည်။ ဤ လေ့ကျင့် သင်ကြားခြင်း နှင့် လမ်းညွှန်ချက်ပေးခြင်း ဆောင်ရွက်ချက်များကို လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ တာဝန်ရှိသူများ အတွက်သာမက လူကုန်ကူးခံရသည့် နစ်နာသူများအနေဖြင့် ကျူးလွန်နိုင်သည့် ပြစ်မှုများအား ကျူးလွန်သူများကို တရားစွဲဆိုစစ်ဆေးခြင်း သို့မဟုတ် ခုခံလျှောက်လဲခြင်း ဆောင်ရွက်သည့် အထွေထွေ တရားရေးတာဝန်ရှိသူများ အတွက်ပါ စီစဉ်ဆောင်ရွက်ပေးရန် မဖြစ်မနေ အရေးကြီးသည်။

---

[181] United Nations Office on Drugs and Crime, *Female Victims of Trafficking for Sexual Exploitation as Defendants: A Case Law Analysis* (United Nations, Vienna, 2020) 6, 76-93

[182] *Christine Anchan,* "Protecting the imperfect victim: expanding 'safe harbours' to adult victims of sex trafficking" William & Mary Journal of Race, Gender and Social Justice, Vol 23 (2016-2017) November 2016, 127-128

[183] For instance, the Special Rapporteur on Trafficking in Persons differentiates the defence of duress provided for in the Rome Statute of the International Criminal Court, and its application in the case of *Prosecutor v Dominic Ongwen* from the wider non-punishment principle. See *Implementation of the non-punishment principle: Report of the Special Rapporteur on trafficking in persons, especially women and children, Siobhán Mullaly*, UN Doc. A/HRC/47/34 (17 May 2021) paragraph 51.

[184] See: *Implementation of the non-punishment principle: Report of the Special Rapporteur on trafficking in persons, especially women and children, Siobhán Mullaly*, UN Doc. A/HRC/47/34 (17 May 2021), para. 58

## အကြံပြုချက် ၁၉ -   သက်သေထူရန်တာဝန်သည် နိုင်ငံတော်၏တာဝန်ဖြစ်ပြီး နစ်နာသူ၏တာဝန် မဖြစ်စေရန် ဂရုပြုဆောင်ရွက်ပါ

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရေးဆွဲရာတွင် နစ်နာသူ-ကျူးလွန်သူအနေဖြင့် ၎င်းသည် လူကုန်ကူးခံရသည့် နစ်နာသူဖြစ်ကြောင်း အထောက်အထားပြ၍ သက်သေထူရန် လိုအပ်ကြောင်း ဖော်ပြ၍ ရေးဆွဲပြဋ္ဌာန်းခြင်းမျိုး ပေါ်ပေါက်နိုင်သည်။ သို့ရာတွင် ဤအချက်သည် အကောင်အထည်ဖော်ရန် ခက်ခဲနိုင်ပြီး အထူးသဖြင့် ရာဇဝတ်ဆိုင်ရာ ဆောင်ရွက်ချက်များဖြင့် ခေါင်းပုံဖြတ်ခြင်းကို လူကုန်ကူးမှုအသွင်သဏ္ဌာန် တစ်ရပ်အဖြစ် ပြည်တွင်းဥပဒေ၌ အသိအမှတ်မပြုထားသည့် ဥပဒေပိုင်နက်များတွင် ဖြစ်သည်။[185] သက်သေထူရန် တာဝန်ကို နစ်နာသူထံ ပေးအပ်ခြင်းသည် နိုင်ငံတော်အနေဖြင့် နစ်နာသူများအား ဖော်ထုတ်အတည်ပြုခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းကို ကြိုတင်ဦးစွာ ဆောင်ရွက်ရမည့် ဝတ္တရားနှင့်အညီ တာဝန်ယူဆောင်ရွက်ခြင်း ဖြစ်သည့် အကောင်းဆုံးအလေ့အထနှင့်လည်း ဆန့်ကျင်နေသည်။

နစ်နာသူသည် ပြစ်ဒဏ်ချရန်လိုအပ်သော ရာဇဝတ်မှုကျူးလွန်လိုသည့် ရည်ရွယ်ချက်ရှိပြီး ၎င်းရည်ရွယ်ချက်သည် လူကုန်ကူးသူ၏ နည်းလမ်းအသုံးချမှုကြောင့် ထိခိုက်ပြောင်းလဲခြင်း မရှိသဖြင့် ဥပဒေအရ ခုခံချေပချက်များသည် *အကျုံးမဝင်ကြောင်း* သက်သေထူရန်တာဝန်သည် အမြဲတစေ နိုင်ငံတော်က ဆောင်ရွက်ရမည့် တာဝန်ဖြစ်စေရန် ဥပဒေဆိုင်ရာ အပြောင်းအလဲများ လုပ်ဆောင်ရန် လိုအပ်နိုင်သည်။[186] လိုအပ်သော သက်သေထူခြင်းဆိုင်ရာ စံသတ်မှတ်ချက်နှင့်စပ်လျဉ်း၍ လူကုန်ကူးမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့ထံ ပေးအပ်လာသည့် လမ်းညွှန်ချက်တွင် အောက်ပါအတိုင်း ဖော်ပြထားသည် -

> စွပ်စွဲခံရသည့် လူပုဂ္ဂိုလ်သည် ကျိုးကြောင်းသင့်လျော်သော သံသယ သို့မဟုတ် ဖြစ်နိုင်ခြေများ ထည့်သွင်းစဉ်းစားချိန်ထိုးခြင်းကို ကျော်လွန်၍ ခုခံချေပချက်ကို သက်သေထူရန် လိုအပ်ကြောင်း သတ်မှတ်ထားပါက အပြစ်ကင်းစင်သည်ဟု တင်ကြိုယူဆချက်အပေါ် ထိခိုက်နိုင်သောကြောင့် ထိုသို့သတ်မှတ်ထားခြင်း မရှိသင့်ပေ။ ရုံးတင်စစ်ဆေးကြားနာရာတွင် ခုခံချေပချက်သည် ဖြေရှင်းရမည့် ပြဿနာရပ်ဖြစ်လာပါက ၎င်းခုခံချေပချက်ကို အသုံးချရန် အကျုံးမဝင်ကြောင်း အစိုးရရှေ့နေက သက်သေထူရန် လိုအပ်သင့်ပြီး ကျိုးကြောင်းသင့်လျော်သော သံသယထက် ပိုမိုခိုင်မာသည့် သက်သေကို လိုအပ်သင့်သည်။[187]

ခုခံချေပချက်ကို အသုံးပြုရာတွင် သက်သေထူရန်တာဝန်သည် မည်သူ့ထံတွင်ရှိကြောင်း ရှင်းလင်းတိကျသော လမ်းညွှန်ချက်ကို ဖော်ပြထားသင့်သည်။ ခုခံချေပချက်များကို အသုံးပြုပါက အဆိုပါခုခံချေပချက်သည် အကျုံးမဝင်ကြောင်း သက်သေထူရန်တာဝန်သည် နိုင်ငံတော် (အစိုးရရှေ့နေ) ၏ တာဝန်ဖြစ်ကြောင်း ရာဇဝတ်ဆိုင်ရာ တရားရေး တာဝန်ရှိသူများက သိရှိထားစေရန် ဆောင်ရွက်သင့်သည်။

---

[185] United Nations Office on Drugs and Crime, *Female Victims of Trafficking for Sexual Exploitation as Defendants: A Case Law Analysis* (United Nations, Vienna, 2020) 6, 76-93

[186] A 2018 decision by the United Kingdom Court of Appeal ruled that the burden of proof should lie with the Crown, meaning that it should fall to the prosecutor to disprove the applicability of the statutory defence beyond reasonable doubt. *Independent Review of the Modern Slavery Act 2015*: *Final Report* (Secretary of State for the Home Department, 2019) 18, referring to MK v R [2018] EWCA Crim 667

[187] *Guidance on the issue of appropriate criminal justice responses to victims who have been compelled to commit offences as a result of their being trafficked: Background paper prepared by the Secretariat for the Working Group on Trafficking in Persons*, Vienna 10 and 11 September 2020, UN Doc. CTOC/COP/WG.4/2020/2 (15 June 2020), paragraph 65.

### အကြံပြုချက် ၂၀ - ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား အလွဲသုံးစားပြုခြင်းမှ ကြိုတင်ကာကွယ်ပါ

ဥပဒေအား ကျွမ်းကျင်ပိုင်နိုင်မှုရှိစွာ စနစ်တကျ အသုံးချခြင်း သီးသန့်ဖြင့်သာ လျော့ပါးသက်သာစေနိုင်မည်။ ထို့ကြောင့် နိုင်ငံတော်များအနေဖြင့် လူပုဂ္ဂိုလ်တစ်ဦးသည် လူကုန်ကူးခံရသည့် နစ်နာသူဖြစ်ကြောင်း (သို့မဟုတ် နစ်နာသူသည် ကလေးသူငယ်ဖြစ်ပါက နစ်နာသူနှစ်ဦးဖြစ်ကြောင်း) ဖော်ထုတ်အတည်ပြုရန်နှင့် နစ်နာသူ၏ ပြစ်မှုကျူးလွန်ခြင်းနှင့် ၎င်း၏ နစ်နာသူအဖြစ် ကြုံတွေ့ရခြင်းအကြား ဆက်နွှယ်မှုကို ဖော်ထုတ်ရန် သို့မဟုတ် မမှန်ကြောင်း သက်သေပြရန် အတွက် အင်္ဂါသုံးရပ် စစ်ဆေးချက်ကို အသုံးချရန် ရာဇဝတ်ဆိုင်ရာ တရားမျှတမှု ဖော်ဆောင်ရေး စွမ်းဆောင်ရည်ကို အဆက်မပြတ်မြှင့်တင်ပေးရန် ဆောင်ရွက်သင့်သည်။ ဤနည်းလမ်းကို အသုံးပြုရာတွင် လူကုန်ကူးခြင်းဆိုင်ရာ တုံ့ပြန်မှုလုပ်ငန်းစဉ်နှင့် ACTIP တို့တွင် ဖော်ပြထားသည့် လူကုန်ကူးခြင်း အနက်ဖွင့်ဆိုချက်ကို ရည်ညွှန်းအသုံးချသင့်ပြီး သက်ဆိုင်ရာ ဥပဒေပိုင်နက်အတွင်းရှိ ဥပဒေစနစ်နှင့်အညီ ဆောင်ရွက်သင့်သည်။

## ၃.၅ ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် အမိန့်ချခြင်း

### အကြံပြုချက် ၂၁ - တရားရေးကဏ္ဍ အဖွဲ့ဝင်များကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူ အကြောင်းနှင့် အဆိုပါ အခြေခံမူအား အသုံးချရာတွင် ၎င်းတို့ပါဝင်ရမည့် အခန်းကဏ္ဍအကြောင်း ရင်းနှီးကျွမ်းဝင်မှု ရှိစေရန် ဆောင်ရွက်ပါ

ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တရားစွဲဆိုစစ်ဆေးခြင်း ဆောင်ရွက်မှုဆိုင်ရာ ဆုံးဖြတ်ပိုင်ခွင့်များ အပါအဝင် ဘေးဆီးရန်ကာအစီအမံများသည် နစ်နာသူအား တရားစွဲဆိုစစ်ဆေးခြင်းမှ အကာအကွယ်ပေးရန် ပျက်ကွက်ခဲ့ပါက နစ်နာသူများအား ဆက်လက်၍ ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ ကာကွယ်ပေးရန် အခွင့်အလမ်းများကို ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် အမိန့်ချခြင်း အဆင့်များတွင် ရရှိနိုင်သည်။ တရားရေးကဏ္ဍ အဖွဲ့ဝင်များသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။ တရားသူကြီးများသည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူနှင့် အသုံးချနိုင်သော ဥပဒေဆိုင်ရာ ခုခံချေပချက်များကို မသိရှိပါက ဤတွင် အခက်အခဲပြဿနာများ ကြုံတွေ့ရမည်ဖြစ်သည်။[188] ထို့ကြောင့် တရားရေးကဏ္ဍ အဖွဲ့ဝင်များသည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူနှင့် ပြစ်မှုကျူးလွန်သူများအဖြစ် ရုံးတင်စစ်ဆေးကြားနာခံနေရသည့် လူကုန်ကူးခံရသော နစ်နာသူများအပေါ် ဤအခြေခံမူ၏ အကျုံးဝင်သက်ရောက်မှုနှင့်စပ်လျဉ်း၍ ရင်းနှီးကျွမ်းဝင်မှု ရှိအောင် ဆောင်ရွက်ရန် လိုအပ်သည်။ ခုခံချေပသူရှေ့နေ သို့မဟုတ် အစိုးရရှေ့နေက ဖော်ထုတ်ပြောဆိုခြင်း မရှိလျှင်ပင် တရားရုံးတော်အနေဖြင့် လူကုန်ကူးခံရသူ နစ်နာသူများအတွက် အသုံးချနိုင်သည့် မည်သည့် ခုခံချေပချက်ကိုမဆို ထည့်သွင်းစဉ်းစားခြင်းသည် အလေ့အထကောင်းတစ်ရပ်ပင် ဖြစ်သည်။[189] ဤတာဝန်ကို ရှင်းလင်းစွာ ဖော်ပြနိုင်ရန်အတွက် ဥပဒေဆိုင်ရာ မွမ်းမံပြင်ဆင်မှုများ ဆောင်ရွက်ရန် လိုအပ်နိုင်သည်။

---

[188] For insights in the UK, see Ofer, Nogah, Implementation of the Non-Punishment Principle in England: Why Are Victims of Trafficking Not Benefiting from the Protection from Prosecution Provided by International Law? *Journal of Human Rights Practice*, 11, 2019, 486–507 at 492-494.

[189] *Guidance on the issue of appropriate criminal justice responses to victims who have been compelled to commit offences as a result of their being trafficked: Background paper prepared by the Secretariat for the Working Group on Trafficking in Persons*, Vienna 10 and 11 September 2020, UN Doc. CTOC/COP/WG.4/2020/2 (15 June 2020), paragraph 66.

## အကြံပြုချက် ၂၂ - ပြစ်မှုထင်ရှားစီရင်ခံရသည့် လူကုန်ကူးခံရသော နစ်နာသူများအတွက် ပြစ်ဒဏ်အမိန့် ချမှတ်ခြင်းကို မဆောင်ရွက်ဘဲ ရှောင်လွှဲပါ သို့မဟုတ် လျှော့ပေါ့ပြစ်ဒဏ် ချမှတ်ပါ

လက်တွေ့အခြေအနေများ၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား ကျင့်သုံးရာတွင် ပြစ်မှုထင်ရှားစီရင်ခြင်းကို မခံရစေရန် အကာအကွယ်ပေးမည့်အစား ပြစ်ဒဏ်အမိန့်ချမှတ်ရာတွင် ထည့်သွင်းစဉ်းစားခြင်းအဖြစ်သာ အခြေခံမူကို လျှော့ချပစ်လေ့ရှိသည်။[190] သို့ရာတွင် နစ်နာသူများကို တရားစွဲဆိုစစ်ဆေးခြင်းနှင့် ပြစ်မှုထင်ရှား စီရင်ခြင်းတို့မှ အကာအကွယ်မပေးနိုင်ခဲ့ပါက လျှော့ပေါ့ပြစ်ဒဏ်ချမှတ်ခြင်းသည် နောက်ဆုံးဆောင်ရွက်နိုင်သည့် အချက်ပင်ဖြစ်သည်။ ချမှတ်သည့်အမိန့်အတိုင်း ပြစ်ဒဏ်ကျခံပြီး ကာလကြာရှည် ကြာမြင့်ပြီးသည့်နောက်တွင်ပင် ရာဇဝတ်သားအဖြစ် သတ်မှတ်ခံရသည့် အတွေ့အကြုံသည် နစ်နာသူ၏ ပြန်လည်ထူထောင်ခြင်းနှင့် လူမှုအဖွဲ့အစည်းနှင့် ပြန်လည် ပေါင်းစည်းခြင်းတို့အပေါ် ထိခိုက်စေနိုင်သည်။ ပြစ်မှုငယ်များပင်ဖြစ်စေ ရာဇဝတ်မှုမှတ်တမ်းများသည် နစ်နာသူများ၏ ရွှေ့ပြောင်းနေထိုင်ခြင်းနှင့် ခရီးသွားခြင်း၊ အလုပ်အကိုင်နှင့် ပညာရေးဆိုင်ရာ အခွင့်အလမ်းများကို ထိခိုက်စေနိုင်သည့် အပြင် အိမ်ရာရယူခြင်း၊ အကျိုးခံစားခွင့်ရယူခြင်းနှင့် ၎င်းတို့၏ ကလေးငယ်များအား အုပ်ထိန်းခွင့်ရယူခြင်းတို့ကိုပါ ထိခိုက်စေနိုင်သည်။ ထို့ကြောင့် လျှော့ပေါ့ပြစ်ဒဏ်အမိန့်ချမှတ်ခြင်းသည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသည်ကို တရားရေးတာဝန်ရှိသူများအနေဖြင့် နားလည်ထားရန် မဖြစ်မနေလိုအပ်သည်။

သို့ရာတွင် လူကုန်ကူးခံရသည့် နစ်နာသူများအား ပြစ်မှုထင်ရှားစီရင်သည့် ဖြစ်စဉ်များတွင်မူ တရားရုံးတော်သည် ပြစ်ဒဏ်အမိန့်ချမှတ်သည့်အချိန်၌ လျှော့ပေါ့ပေးခြင်းဖြင့် ပြစ်ဒဏ်ကို အနည်းအကျဉ်း သက်သာစေနိုင်သည်။ သီးခြားဖော်ပြထားသည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူများ မရှိသည့် သို့မဟုတ် ယေဘုယျ ခုခံချေပချက်များ အကျုံးဝင်သက်ရောက်ခြင်းမရှိသည့် အခြေအနေများတွင် ပြစ်ဒဏ်လျှော့ပေါ့ခြင်းနှင့်စပ်လျဉ်းသည့် စည်းမျဉ်းများသည် အခြေခံမူအား လက်တွေ့အသုံးချရာတွင် အထူးအသုံးတည့်သော နည်းလမ်းများ ဖြစ်လာမည်။[191] တရားရေးကဏ္ဍ အဖွဲ့ဝင်များသည် လူကုန်ကူးခံရသော နစ်နာသူများ ပြစ်မှုထင်ရှားသည်ပင်ဖြစ်စေ ပြစ်ဒဏ်အမိန့်ချမှတ်ခြင်းကို *မဆောင်ရွက်ရန်* လုပ်ပိုင်ခွင့်ပေးသော စည်းမျဉ်းများကို အသုံးချရန် ဖြစ်နိုင်သည်။ အခြားဥပဒေပိုင်နက်များတွင် ပြစ်ဒဏ်အမိန့်များ ချမှတ်ရာ၌ ပြစ်မှုကျူးလွန်သူ၏ ပြစ်ဒဏ်ခံရသင့်မှုကို ထင်ဟပ် ဖော်ပြရန် အထွေထွေစည်းမျဉ်း များကို အသုံးပြုနိုင်သည်။ လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့အစည်းစုံအဖွဲ့ (ICAT) က လူကုန်ကူးခံရသူသည် ပြစ်မှုတစ်စုံတစ်ရာကျူးလွန်ကြောင်း ထင်ရှားကာ ခုခံချေပခြင်းမရှိသည့် ဖြစ်စဉ်များ တွင်ပင် ပြစ်ဒဏ်ချမှတ်သည့် အမိန့်များသည် နစ်နာသူ-ကျူးလွန်သူ၏ တာဝန်ရှိမှုအတိုင်းအတာနှင့် ကျူးလွန်သည့် ပြစ်မှု၏ ကြီးလေးမှုကို အမြဲတစေ ထည့်သွင်းစဉ်းစား ထင်ဟပ်သင့်ကြောင်း အလေးအနက် ဖော်ပြထားသည်။[192]

ထိုသို့အခြေအနေများတွင် အပြစ်ထိုက်မှုအတိုင်းအတာကို ဆုံးဖြတ်သတ်မှတ်ရာ၌ ပြစ်မှုကျူးလွန်ခြင်းနှင့် လူကုန်ကူး ခြင်းတို့အကြား ဆက်နွှယ်မှုသည် ပိုမိုခိုင်မာလေလေ၊ သက်ဆိုင်ရာလူပုဂ္ဂိုလ်၏ အပြစ်ထိုက်မှု အတိုင်းအတာကို ပိုမိုလျှော့နည်းသည်ဟု သတ်မှတ်သင့်လေလေဖြစ်ကြောင်း ယူဆသတ်မှတ်ခြင်းမှာ ကျိုးကြောင်းဆီလျော်သည်။ သို့ရာတွင် လက်တွေ့ကျင့်သုံးရာ၌မူ တရားသူကြီးများသည် လူကုန်ကူးခြင်းဆိုင်ရာ ကြုံတွေ့ခံစားရမှု များသည် နစ်နာသူ-ကျူးလွန်သူများ၏ အပြစ်ဖြစ်ကြောင်း ကိုင်စွဲယူဆလျက် ၎င်းပုဂ္ဂိုလ်အနေဖြင့် 'သိရှိပြီးဖြစ်သင့်သည်' ဟူသော

---

[190] See: *Policy and legislative recommendations towards the effective implementation of the non-punishment provision with regard to victims of trafficking* (OSCE, 2013) 26, referring to Case of R v N, R v LE, EWCA Crim 189 (2012), paras. 13, 91 and 113

[191] *Guidance on the issue of appropriate criminal justice responses to victims who have been compelled to commit offences as a result of their being trafficked: Background paper prepared by the Secretariat for the Working Group on Trafficking in Persons*, Vienna 10 and 11 September 2020, UN Doc. CTOC/COP/WG.4/2020/2 (15 June 2020), paragraph 46.

[192] ICAT is a policy forum established in March 2017, pursuant to General Assembly Resolution 61/180, consisting of 25 entities mandated by the General Assembly to improve coordination among UN and other relevant international organizations to respond to trafficking in persons.

အကြောင်းပြချက်ဖြင့် ပိုမိုပြင်းထန်သော ပြစ်ဒဏ်များကို ချမှတ်နိုင်သည်။[193] ထို့ကြောင့် တရားသူကြီးများအပါအဝင် ရာဇဝတ်ဆိုင်ရာ တရားရေးတာဝန်ရှိသူများကို အပြစ်ထိုက်မှုနှင့် စပ်လျဉ်းသည့် ထည့်သွင်းစဉ်းစားရမည့် အချက်များအား အလေးပေးစဉ်းစားရန်နှင့် လူကုန်ကူးခံရသော နစ်နာသူများနှင့်စပ်လျဉ်း၍ ၎င်းတို့စွဲကိုင်ထားသည့် ဘက်လိုက်တွေးခေါ်မှုများနှင့် ယူဆသတ်မှတ်ချက်များကို ပြန်လည်ဆန်းစစ်ရန် လေ့ကျင့်သင်ကြားပေးထားသင့်သည်။

## အကြံပြုချက် ၂၃ - နစ်နာသူ-ကျူးလွန်သူများအား ပြစ်ဒဏ်ချမှတ်ရာတွင် ဒဏ်ခတ်ရန် ပြစ်ဒဏ်ပေးခြင်း မဟုတ်ဘဲ ပြန်လည်ထူထောင်ပြင်ဆင်နိုင်ရန် ပြစ်ဒဏ်ပေးခြင်းကို ဆောင်ရွက်ရန် ထည့်သွင်းစဉ်းစားပါ

အချို့သော ဥပဒေပိုင်နက်များတွင် ပြစ်မှုအမျိုးအစားအချို့ကို ကျူးလွန်သူများအတွက် ပြစ်မှုထင်ရှားစီရင်ကာ အကျဉ်းချခြင်းအစား အခြားပြစ်ဒဏ်ခတ်သည့် နည်းလမ်းများကို အသုံးချရန် ပြင်ဆင်သတ်မှတ်ထားသည်။ ဤသို့ သတ်မှတ်ရခြင်း၏ ရည်ရွယ်ချက်မှာ ဒဏ်ခတ်ရန် ပြစ်ဒဏ်ပေးခြင်းအစား ပြန်လည်ထူထောင်နိုင်ရန် ပြစ်ဒဏ်ပေးခြင်းကို ဆောင်ရွက်ရန်နှင့် အချို့သောပြစ်မှုအမျိုးအစားများအား ကျူးလွန်သူများကို ရာဇဝတ် တရားမျှတမှုဖော်ဆောင်ရေး လုပ်ငန်းစဉ်များအတွင်းသို့ မသွတ်သွင်းဘဲ အကာအကွယ်နှင့် အကူအညီပေးအပ်ရန် ဖြစ်ပါသည်။ ဤနည်းလမ်းများကို လက်တွေ့အသုံးချရာတွင် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိခဲ့ပြီး အချို့သော လူကုန်ကူးမှုအသွင်သဏ္ဌာန် များဖြင့်၊ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုအတွက် လူကုန်ကူးခံရသည့် နစ်နာသူအချို့ကို ရာဇဝတ်သား အဖြစ် သတ်မှတ်ခြင်းအား လျှော့ချရန်အလို့ငှာ လူထုအခြေပြု တရားရုံးတော်အား ကျင့်သုံးသည့် နည်းလမ်းများကို အသုံးပြုခဲ့ကြသည် (အောက်ရှိ စာကွက် ၁၁ ကို ကြည့်ပါ)။ နစ်နာသူ-ကျူးလွန်သူများကို ပြစ်ဒဏ်ချမှတ်မည့်အစား ကူညီဖေးမနိုင်ရန်အတွက် တရားရုံးတော်များနှင့် တရားရုံး လုပ်ငန်းစဉ်များကို မည်မျှအတိုင်းအတာအထိ ပြောင်းလဲ ပြင်ဆင်နိုင်မည်ကို နိုင်ငံတော်များအနေဖြင့် ထည့်သွင်း စဉ်းစားသင့်သည်။

[193] United Nations Office on Drugs and Crime, *Female Victims of Trafficking for Sexual Exploitation as Defendants: A Case Law Analysis* (United Nations, Vienna, 2020) 7.

## စာကွက် ၁၁ - အမေရိကန်ပြည်ထောင်စုရှိ လူကုန်ကူးမှုဆိုင်ရာ လူထုအခြေပြု တရားရုံးတော်များ

လူထုအခြေပြု တရားရုံးတော်အား ယေဘုယျအားဖြင့် လိင်ပိုင်းဆိုင်ရာ လုပ်ငန်းများမှ လူပုဂ္ဂိုလ်များအတွက် အသုံးချလေ့ရှိသည်။ အဆိုပါ တရားရုံးတော်များတွင် ပြည့်တန်ဆာပြုခြင်းနှင့် ပြင်ပတွင် အကြောင်းမဲ့ ရှည်ကြာစွာနေခြင်းနှင့်စပ်လျဉ်းသည့် အမှုများကို ကြားနာပြီး ရာဇဝတ်ပြစ်ဒဏ်အစား ချမှတ်နိုင်သည့် အခြား ပြစ်ဒဏ်ခတ်နည်းလမ်းများကို အသုံးချကာ လူကုန်ကူးခံရသည့် နစ်နာသူများအား ဖော်ထုတ်အတည်ပြုခြင်းနှင့် ကူညီဖေးမခြင်းကို ဆောင်ရွက်နိုင်ရန် ထောက်ကူပေးနိုင်သည်။ အချို့သော တရားရုံးတော်များတွင် 'လိင်ပိုင်းဆိုင်ရာ လူကုန်ကူးခြင်း' သို့မဟုတ် 'လူသားများအား လူကုန်ကူးခြင်း' စသည့် အသုံးအနှုန်းများကိုပင် အသုံးပြုနိုင်ပြီး ဥပမာဖော်ပြရသော် ပြည့်တန်ဆာမှုနှင့် လူကုန်ကူးမှုဆိုင်ရာ ချီကာဂိုတရားရုံး၊ ကယ်လီဖိုးနီးယားပြည်နယ်၊ စကရာမန်တိုကောင်တီမှ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခံရသူနှင့် လူကုန်ကူးခံရသူများ လျှော့ချရေး (RESET) တရားရုံး၊ နယူးယော့ပြည်နယ်၊ ကွီးန်စ်ကောင်တီမှ လူကုန်ကူးမှုဆိုင်ရာ တရားရုံး (HITC) တို့ ဖြစ်ပါသည်။[194] သို့ရာတွင် အခြားတရားရုံးများ၏ အမည်နာမများအရ အဓိကအလေးပေးချက်မှာ စွပ်စွဲခံရသည့် လူကုန်ကူးသူများ၏ ဆောင်ရွက်ချက်များကို ကိုင်တွယ်ဖြေရှင်း၍ အမူအကျင့်များကို ပြောင်းလဲခြင်းအစား နစ်နာသူဖြစ်နိုင်ခြေရှိသည့်သူများကို ထိုသို့ ကိုင်တွယ်ပြောင်းလဲရန် ဖြစ်သည်။ ဥပမာဖော်ပြရသော် အိုဟိုင်းယိုးပြည်နယ်၊ ဖရန်ကလင်ကောင်တီရှိ အလေ့အထများပြောင်းလဲရန် ဆောင်ရွက်ချက်များ ပြောင်းလဲရေး (CATCH) တရားရုံး၊ ကယ်လီဖိုးနီးယားပြည်နယ်၊ လော့စ်အိန်ဂျလိစ် ကောင်တီရှိ ပြီးမြောက်အောင်မြင်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းတို့ဖြင့် အောင်မြင်ရေး (STAR) တရားရုံး၊ နှင့် တက်ဆက်စ်ပြည်နယ်၊ တားရန့်ကောင်တီရှိ မိမိစွမ်းရည်ကို မြှင့်တင်ခြင်းဖြင့် အမှီအခိုကင်းလွတ်လပ်ရေး (RISE) တရားရုံးတို့ ဖြစ်ပါသည်။

ထိုသို့သော တရားရုံးတော်များတွင် ရုံးတင်စစ်ဆေးကြားနာခံရသူများသည် အကျဉ်းချခြင်းအစား အခြားသော ပြစ်ဒဏ်များကို ခံစားပိုင်ခွင့် ရှိ၊ မရှိ ဆုံးဖြတ်ပေးနိုင်သည့် အခွင့်အာဏာရှိသော တရားသူကြီးတစ်ဦးနှင့် အစိုးရရှေ့နေများကို ခန့်အပ်ထားပြီး ရုံးတင်စစ်ဆေးကြားနာခံရသူများအား အကူအညီပေးရန်အလို့ငှာ အမှုအပေါ် တစိုက်မတ်မတ် အလေးထားပြင်ဆင်၍ ခုခံလျှောက်လဲပေးမည့် ရှေ့နေများနှင့် ဝန်ဆောင်မှု ပေးအပ်သူများကိုလည်း ခန့်အပ်ပေးထားသည်။[195] ဤတရားရုံးတော်များသည် အချို့သော ပြစ်မှုအမျိုးအစားများ ကျူးလွန်သူများအား ရာဇဝတ်သားအဖြစ် သတ်မှတ်ပြစ်ဒဏ်ချခြင်းကို လျှော့ချရာ၌ အောင်မြင်မှု ရရှိခဲ့ပြီး အဆိုပါကျူးလွန်သူများအနက် လူကုန်ကူးခြင်းခံခဲ့ရသူများလည်း ပါဝင်နိုင်သည်။ သို့ရာတွင် လူကုန်ကူးခံရသည့် နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ အကာအကွယ်ပေးရာ၌ အဆိုပါ တရားရုံးတော်များ၏ ဆောင်ရွက်နိုင်စွမ်းသည် ကန့်သတ်ချက်အမြောက်အများ ရှိပါသည်။

---

194 Teresa C. Kulig & Leah C. Butler (2019) From "Whores" to "Victims": The Rise and Status of Sex Trafficking Courts, *Victims & Offenders*, 14:3, 299-321 at 309.

195 *Clearing the Slate: seeking effective remedies for criminalized trafficking victims,* International Women's Human Rights Clinic (IWHRC) at the City University of New York School of Law, May 2015, 29

လိင်ပိုင်းဆိုင်ရာလုပ်ငန်းများကို လူသားများအား လူကုန်ကူးခြင်းနှင့် ပေါင်းစည်းခြင်း၊ နှင့် လိင်လုပ်သားများအား လူကုန်ကူးခံရသည့် နစ်နာသူများနှင့် ပေါင်းစည်းခြင်းတို့ ဆောင်ရွက်သည့်အတွက် ဤတရားရုံးတော်များကို ဝေဖန်မှုများ ရှိခဲ့သည်။ လိင်ပိုင်းဆိုင်ရာ မဟုတ်သည့် ခေါင်းပုံဖြတ်ခြင်း အသွင်သဏ္ဌာန်များအတွက် ရည်ရွယ်၍ လူကုန်ကူးခံရသူများကို အကာအကွယ်ပေးခြင်း သည်လည်း ထိုတရားရုံးတော်များနှင့် သက်ဆိုင်မှုမရှိပေ။ အချို့သောဖြစ်စဉ်များ၌ ထိုတရားရုံးတော်များတွင် အမျိုးသားများ မပါဝင်ဘဲ အမျိုးသမီးများသာ အကျုံးဝင်ခြင်း၊ သို့မဟုတ် အသက်ပြည့်ပြီးသူများ အကျုံးမဝင်ဘဲ အသက်မပြည့်သေးသူများသာ အကျုံးဝင်ခြင်းစသည့် ကိစ္စရပ်များရှိပြီး ၎င်းအချက်သည် နစ်နာသူ၏ သဘောတူလက်ခံမှုနှင့် လွတ်လပ်သောစိတ်ဆန္ဒကို ထိခိုက် ပျက်စီးစေရန် လူကုန်ကူးသူများက အသုံးချသည့် 'နည်းလမ်းများ' အလုပ်လုပ်ပုံကို လုံလောက်နက်နဲစွာ နားလည်ခြင်းမရှိကြောင်း ဖော်ပြနေသည်။[196] အချို့သောဖြစ်စဉ်များ၌ လိင်ပိုင်းဆိုင်ရာလုပ်ငန်းများတွင် လုပ်ကိုင်သူများအနေဖြင့် တရားစွဲဆိုစစ်ဆေး ခံရခြင်းနှင့် ဝန်ဆောင်မှုအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခြင်း နှစ်မျိုးအကြား ရွေးချယ်စေသောကြောင့် ဤနည်းလမ်းသည် ဖိအားပေးရာရောက်သည်ဟု အချို့က သတ်မှတ်ရှုမြင်ပြီး ပါဝင်ဆောင်ရွက်ရန်လိုအပ်သည့် ဝန်ဆောင်မှုအစီအစဉ်များတွင် အချို့ကို ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများက စီစဉ်ဆောင်ရွက်နေခြင်း သို့မဟုတ် ၎င်းတို့နှင့် ချိတ်ဆက်ထားခြင်း ဖြစ်သည်။[197] ပြန်လည်ထူထောင်ပြင်ဆင်နိုင်ရန် ပြစ်ဒဏ်ပေးခြင်းကို ဆောင်ရွက်ရာတွင် ဖိအားပေးသည့် နည်းလမ်းများကို အသုံးချခြင်းသည် အခြေအနေတစ်ရပ်ပေါ်မူတည်စေခြင်းဖြစ်သောကြောင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုနှင့် ကိုက်ညီခြင်းမရှိဘဲ နစ်နာသူများသည် ကနဦးကပင် ပြစ်မှုထင်ရှားစီရင်ခြင်းခံရမည်ဟု ခြိမ်းခြောက်မှုနှင့် ကြုံတွေ့ရခြင်း မရှိသင့်ပေ။ ထို့အပြင် ဤတရားရုံးတော်များသည် ယခင်က ပြစ်မှုထင်ရှားစီရင်ခံရဖူးသူများကို ချန်လှပ်ထားနိုင်ပြီး ဤသည်မှာ 'ခြွင်းချက်ထားချန်လှပ်ပေးရန် တောင်းဆိုရာတွင် အများအားဖြင့် လူပုဂ္ဂိုလ်၏ ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်နိုင်စွမ်းကို လျှော့ချဖော်ပြကာ အဆိုပါလူပုဂ္ဂိုလ်သည် ဥပဒေနှင့် မကိုက်ညီသော ဆောင်ရွက်ချက်ကို လုပ်ဆောင်ရန် ဖိအားပေးခြင်း သို့မဟုတ် လီဆယ်ဖြားယောင်းခြင်း ခံခဲ့ရသည်ဟူသည့် ငြင်းခုံချေပချက်ကို အမှန်းတင်လျက်' 'အပြစ်ရှိသူ' နှင့် 'အပြစ်ကင်းသူ' အကြားရှိ ကွဲပြားခြားနားမှုကို ပိုမိုခိုင်မာစေသည်။[198] ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးရာတွင် 'ကိုယ်လုပ်ကိုယ်ခံရသော' နှင့် 'စာနာရန်အကြောင်းမရှိသော' နစ်နာသူများနှင့်စပ်လျဉ်းသည့် အမြင်မှားများကို ဖြေရှင်းရမည့် စိန်ခေါ်မှုများအဖြစ် ထပ်မံကြုံတွေ့ ရမည် ဖြစ်သည်။

[196] *Christine Anchan,* "Protecting the imperfect victim: expanding 'safe harbours' to adult victims of sex trafficking" William & Mary Journal of Race, Gender and Social Justice, Vol 23 (2016-2017) November 2016, 123-125; Dempsey, Michelle Madden, *Decriminalizing Victims of Sex Trafficking,* American Criminal Law Review, 2015, Vol 52:207, 223-224

[197] Teresa C. Kulig & Leah C. Butler (2019) From "Whores" to "Victims": The Rise and Status of Sex Trafficking Courts, *Victims & Offenders*, 14:3, 299-321 at 305.

[198] Sabrina Balgamwalla, *Trafficking in Narratives: Conceptualizing and Recasting Victims, Offenders, and Rescuers in the War on Human Trafficking,* Denver Law Review Vol 94:1, January 2016, 28

ပြန်လည်ထူထောင်ပြင်ဆင်နိုင်ရန် ပြစ်ဒဏ်ပေးခြင်းသည် လူကုန်ကူးခံရသည့် အခြေအနေ၌ ပြစ်မှုများ ကျူးလွန်ရသည့် ကလေးသူငယ်များအား အကာအကွယ်ပေးရာတွင် အထူးအရေးကြီးသည်။ လက်နက်ကိုင် ပဋိပက္ခနှင့် အကြမ်းဖက်မှုများ ဖြစ်ပွားနေသည့် အခြေအနေတွင်းသို့ လူကုန်ကူးခံရပြီး ပြစ်ဒဏ်ချမှတ်ခံရနိုင်ခြေ မြင့်မားသော ကလေးသူငယ်များအတွက် အထူးရည်ရွယ်၍ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၂၃၈၈ (၂၀၁၇) တွင် အဖွဲ့ဝင်နိုင်ငံများကို လူကုန်ကူးခံရသည့် နစ်နာသူ ကလေးသူငယ်များအား ပြစ်ဒဏ်ချမှတ်ခြင်းမပြုရန် ဆော်ဩခဲ့ပြီး ဆုံးဖြတ်ချက်အမှတ် ၂၄၂၇ (၂၀၁၈) တွင် အကြမ်းဖက်မှုကျူးလွန်သည့် ကလေးသူငယ်များ အပါအဝင် အစိုးရတပ်မဟုတ်သော လက်နက်ကိုင်အဖွဲ့များနှင့် နီးနွယ်နေသည့် ကလေးသူငယ်များအား ဆက်ဆံခြင်းနှင့်စပ်လျဉ်း၍ ဖော်ပြထားပြီး ၎င်းတို့အား သင့်တင့်လျော်ညီစွာ ဆက်ဆံခြင်း ရှိစေရန်အတွက် စံလုပ်ငန်းလုပ်ထုံးလုပ်နည်းများကို ချမှတ်ထားရန် တိုက်တွန်းထားသည်။ တရားရေးနှင့်မသက်ဆိုင်သည့် အစီအမံများ ရေးဆွဲချမှတ်ရာတွင်လည်း ကလေးသူငယ်များအား တရားစွဲဆိုစစ်ဆေးခြင်းမဟုတ်သည့် အခြားသော နည်းလမ်းများအဖြစ် ပြန်လည်ထူထောင် ပြင်ဆင်ခြင်းနှင့် လူမှုအဖွဲ့အစည်းနှင့် ပြန်လည်ပေါင်းစည်းခြင်းတို့ကို အလေးပေးဆောင်ရွက်ရန်နှင့် လက်နက်ကိုင် တပ်ဖွဲ့များ၊ အဖွဲ့များနှင့် နီးနွယ်နေသည့် ကလေးသူငယ်များအားလုံး ၎င်းတို့ရပိုင်ခွင့်ရှိသည့် အခွင့်အရေးများအားလုံးကို ခံစားခွင့်ရစေရန် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း အကြံပြု ဖော်ပြထားသည်။ ဤသို့ ရပိုင်ခွင့်ရှိသည့် အခွင့်အရေးများအား ခံစားခွင့်ရစေရန် ဆောင်ရွက်ပေးရာတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူသည် အရေးပါသောကဏ္ဍမှ ပါဝင်သည်။[199]

## အကြံပြုချက် ၂၄ - လူကုန်ကူးခံရသည့် နစ်နာသူများကို ကိုယ်ကာယနာကျင်စေသည့် ပြစ်ဒဏ် ချမှတ်ခြင်းနှင့် သေဒဏ် ချမှတ်ခြင်းတို့ မရှိစေရန် ကာကွယ်စောင့်ရှောက်ပါ

အချို့နိုင်ငံများတွင် ပြစ်မှုအချို့အတွက် ကြိမ်ဖြင့်ရိုက်ခြင်းနှင့် ကြာပွတ်ဖြင့်ရိုက်ခြင်းကဲ့သို့သော ကိုယ်ကာယ နာကျင်စေသည့် ပြစ်ဒဏ်ချမှတ်ပြီး အဆိုပါပြစ်မှုများတွင် လူကုန်ကူးခံရသည့် နစ်နာသူများအနေဖြင့် ၎င်းတို့ လူကုန်ကူးခံရမှု၏ အကျိုးဆက်အဖြစ် ကျူးလွန်ကောင်းကျူးလွန်မိနိုင်သည့် ပြစ်မှုများလည်း ပါဝင်နိုင်သည်။ အချို့ဒေသများတွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေချိုးဖောက်မှုများသည် ဤပြစ်မှုများထဲတွင် ပါဝင်နိုင်သည်။ လူကုန်ကူးခံရသည့် နစ်နာသူများသည် ၎င်းတို့ကို လူကုန်ကူး၍ ကျူးလွန်စေသည့် ပြစ်မှုများကြောင့် သေဒဏ် ချမှတ်ခံရနိုင်သည့် အန္တရာယ်နှင့်လည်း ကြုံတွေ့ရနိုင်သည်။ လက်တွေ့တွင်လည်း ဤလေ့လာချက်အား ရေးသားပြုစုနေသည့်အချိန်တွင် လူကုန်ကူးခံရသည့် နစ်နာသူများသည် လူကုန်ကူးခံရမှု၏ အကျိုးဆက်အဖြစ် ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် သေဒဏ်စီရင်ခြင်းကို စောင့်ဆိုင်းနေကြရသူများ ရှိနေသည် (စာကွက် ၅ ကို ကြည့်ပါ)။

တရားမျှတမှုမရှိသော ရုံးတင်စစ်ဆေးကြားနာခြင်းအပြီး သေဒဏ်ချမှတ်ခြင်းသည် တရားမျှတသော ရုံးတင်စစ်ဆေးကြားနာခြင်း ရရှိပိုင်ခွင့် (အပိုဒ် ၁၄၊ *နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ်စာချုပ်* (ICCPR)) နှင့် အသက်ရှင်သန်ပိုင်ခွင့် (အပိုဒ် ၆၊ ICCPR၊ အပိုဒ် ၂၀၊ *ASEAN လူ့အခွင့်အရေး ကြေညာစာတမ်း*) နှစ်မျိုးစလုံးကို ချိုးဖောက်ခြင်းဖြစ်သည်။[200] အထူးအရေးကြီးသည်မှာ ဥပဒေကို ချိုးဖောက်သော ကလေးသူငယ်များနှင့်စပ်လျဉ်း၍ *ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း* (CRC) ၏ အပိုဒ် ၃၇ တွင် 'အသက် ၁၈ နှစ်အောက် လူပုဂ္ဂိုလ်များ ကျူးလွန်သည့် ပြစ်မှုများအတွက် သေဒဏ်ဖြစ်စေ

[199] *Implementation of the non-punishment principle: Report of the Special Rapporteur on trafficking in persons, especially women and children, Siobhán Mullaly*, UN Doc. A/HRC/47/34 (17 May 2021) paragraph 39.
[200] The death penalty is prohibited for States parties to the *Second Option Protocol to the International Covenant on Civil and Political Rights (ICCPR), Aiming at the Abolition of the Death Penalty* adopted in 1989. In the ASEAN region, only the Philippines is party to this treaty.

လွတ်မြောက်နိုင်မည့်အကြောင်းမရှိသော တစ်သက်တစ်ကျွန်း ထောင်ဒဏ်ဖြစ်စေ ချမှတ်ခြင်းမရှိစေရ' ဟု ဖော်ပြထားသည်။ နိုင်ငံတော်များအနေဖြင့် လူကုန်ကူးခံရသည့် နစ်နာသူများအား ကြီးလေးသောပြစ်မှုများအတွက် ပြစ်မှုထင်ရှားစီရင်သည့် အမှုဖြစ်စဉ်များကို ချဉ်းကပ်ဖြေရှင်းရာတွင် ဤ လူ့အခွင့်အရေးဆိုင်ရာ ဝတ္တရားများကို လိုက်နာဖြည့်ဆည်းရန် အထူးအရေးကြီးသည်။

သေဒဏ်ချမှတ်ခြင်းသည် လူကုန်ကူးခြင်းအား ဆန့်ကျင်တိုက်ဖျက်ရန် နိုင်ငံတော်၏ ရာဇဝတ်ဆိုင်ရာ တရားမျှတမှု ဖော်ဆောင်နိုင်စွမ်းကို နည်းအမျိုးမျိုးဖြင့် မြင့်မားစွာ ထိခိုက်စေသည်။ ပထမဆုံးအနေဖြင့် နစ်နာသူများသည် သေဒဏ်ကိုစိုးရွံ့၍ အကူအညီတောင်းခံခြင်းနှင့် ၎င်းတို့ကိုယ်၎င်းနှင့် ၎င်းတို့အား လူကုန်ကူးသူများကို အာဏာပိုင်များထံ ဖော်ပြအတည်ပြုခြင်းတို့ ဆောင်ရွက်ခြင်းမရှိပေ။ ဒုတိယအချက်မှာ သေဒဏ်ပေးခြင်းသည် လူကုန်ကူးမှု၏ အဓိက သက်သေများကို လက်တွေ့အမှန်ပင် ဖျောက်ဖျက်လိုက်ခြင်းဖြစ်သောကြောင့် လူကုန်ကူးသူများအတွက် အဆင်ပြေ ချောမွေ့စေသည်။ တတိယအချက်မှာ နိုင်ငံဖြတ်ကျော် လူကုန်ကူးခြင်းကို အောင်အောင်မြင်မြင် ကိုင်တွယ်ဖြေရှင်းရန် လိုအပ်နိုင်သည့် အပြန်အလှန် ဥပဒေအထောက်အကူပေးခြင်း၊ တရားခံလွှဲပြောင်းပေးခြင်းနှင့် အခြားသော နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အသွင်သဏ္ဌာန်များ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ထိခိုက်စေသည်။ စတုတ္ထအနေဖြင့် နိုင်ငံတော်များ၏ ရာဇဝတ်ဆိုင်ရာ တရားမျှတရေးစနစ်ကို ပိုမိုခိုင်မာကောင်းမွန်လာစေရန် အထောက်အကူပေးရန် အတွက် ဆောင်ရွက်နေသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အလှူရှင်နိုင်ငံများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုတွင် အဟန့်အတားများ ပေါ်ပေါက်လာစေပြီး ၎င်းတို့၏ ကူညီထောက်ပံ့မှုများကို လျှော့ချခြင်း သို့မဟုတ် ပြန်လည် ရုပ်သိမ်းခြင်းတို့ ဆောင်ရွက်ရန် လိုအပ်လာစေနိုင်သည်။[201] လူကုန်ကူးခံရသည့် နစ်နာသူများအား ကိုယ်ကာယ နာကျင်စေသည့် ပြစ်ဒဏ်နှင့် သေဒဏ်ချမှတ်သည့် ဖြစ်စဉ်များတွင် နိုင်ငံတော်များအနေဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား ထည့်သွင်းစဉ်းစားခဲ့ခြင်း ရှိ၊ မရှိနှင့် မည်သို့ဆောင်ရွက်ခဲ့သည်၊ အဘယ်ကြောင့် လက်တွေ့မကျင့်သုံးခဲ့သည်တို့ကို ပွင့်လင်းမြင်သာစွာ အသိပေးဖော်ပြသင့်သည်။

## ၃.၆ ပြစ်မှုထင်ရှားစီရင်ခြင်းနောက်ပိုင်း ပြန်လည်ကုစားမှုများ

### အကြံပြုချက် ၂၅ - လူကုန်ကူးခံရသည့် နစ်နာသူများ၏ ရာဇဝတ်မှတ်တမ်းများကို ပယ်ဖျက်ရန် အတွက် ဥပဒေဆိုင်ရာ အခွင့်အလမ်းများကို စူးစမ်းရှာဖွေပါ

ရာဇဝတ်ဆိုင်ရာ တရားမျှတရေးစနစ် အဆင့်ဆင့်၌ ထားရှိသည့် ဘေးဆီးရန်ကာအစီအမံများသည် လူကုန်ကူးခံရသည့် နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ ကာကွယ်စောင့်ရှောက်ပေးရန် ပျက်ကွက်သည့် အခြေအနေများတွင် ရလဒ်အနေဖြင့် နစ်နာသူများသည် ပြစ်မှုထင်ရှားစီရင်ခံရ၍ အကျဉ်းချခံရပြီး စိတ်ဒဏ်ရာ ထပ်မံခံစားရကာ ၎င်းတို့ ပြန်လည်ထူထောင်ခြင်းနှင့် လူမှုအဖွဲ့အစည်းနှင့် ပြန်လည်ပေါင်းစည်းခြင်းတို့ကို ထိခိုက်စေသည်။[202] အလွန်သေးငယ်သော ပြစ်မှုများအတွက် ပြစ်မှုထင်ရှားစီရင်ခြင်းသည်ပင် နစ်နာသူများအပေါ် ကာလကြာရှည် ထိခိုက်စေနိုင်သည်။ အမိန့်ချမှတ်သည့်အတိုင်း ပြစ်ဒဏ်ကျခံပြီး ကြာမြင့်လျှင်ပင် ရာဇဝတ်မှတ်တမ်းများသည် လူပုဂ္ဂိုလ်တစ်ဦး၏ ပညာရေး၊ အလုပ်အကိုင်၊ အိုးအိမ်၊ ချေးငွေ၊ ရွှေ့ပြောင်းနေထိုင်သူဗီဇာနှင့် ကာကွယ်စောင့်ရှောက်မှုဗီဇာ၊ လူမှုဖူလုံရေး၊ လိုင်စင်နှင့် ၎င်းတို့ကလေးသူငယ်များအား အုပ်ထိန်းခွင့်ကို ရယူရာတွင်

[201] *UNODC Toolkit for mainstreaming human rights and gender equality into criminal justice interventions to address trafficking in persons and smuggling of migrants* (UNODC, 2021) p.75

[202] Report of the Special Rapporteur on trafficking in persons, especially women and children, Joy Ngozi Ezeilo, 6 June 2012, UN Doc. A/HRC/20/18, [7]

အဟန့်အတားဖြစ်စေနိုင်သည်။[203] ထို့ကြောင့် ထိခိုက်နစ်နာစေသည့် ရေရှည်အကျိုးဆက်များကို ရှောင်လွှဲရာတွင် နစ်နာသူများ၏ ရာဇဝတ်မှတ်တမ်းများအား ပယ်ဖျက်ရန် မဖြစ်မနေ လိုအပ်နိုင်သည်။[204]

အချို့သော ဥပဒေပိုင်နက်များတွင် နစ်နာသူများ၏ ရာဇဝတ်မှတ်တမ်းများကို ဖျက်သိမ်းခြင်း (ပြစ်မှုထင်ရှားစီရင်ခြင်းကို ပြန်လည်ရုပ်သိမ်းခြင်း)၊ ပယ်ဖျက်ခြင်း (ပြစ်မှုထင်ရှားစီရင်ခြင်းကို မရုပ်သိမ်းသော်လည်း နစ်နာသူ၏ ရာဇဝတ်မှတ်တမ်းမှ ပယ်ဖျက်ပေးခြင်း) သို့မဟုတ် လျှို့ဝှက်ထားရှိခြင်း (ပြစ်မှုထင်ရှားစီရင်ခြင်းကို မရုပ်သိမ်းသော်လည်း မျက်မြင်ကြည့်ရှုနိုင်ရန် တရားရုံးအမိန့်လိုအပ်ခြင်း) တို့ ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေရေးဆွဲချမှတ်ထားသည်။[205] နစ်နာသူများစွာအနေဖြင့် ရာဇဝတ်မှတ်တမ်းအား ဖျက်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် လျှို့ဝှက်ထားရှိခြင်းကြောင့် ခံစားရသည့် အကျိုးရလဒ်မှာ လူကုန်ကူးခံရမှုကို ကျော်လွှန်ပြီးနောက်ပိုင်းဘဝတွင် ရရှိနိုင်သည့် အခွင့်အလမ်းများအား ကန့်သတ်ထားသည့် ယခင်အတိတ်က ပြစ်မှုထင်ရှားစီရင်ခံရခြင်း အမည်းစက်အောက်မှ လွတ်မြောက်မှုရရှိခြင်းပင် ဖြစ်သည်။

လူကုန်ကူးခံရသည့် နစ်နာသူများအနေဖြင့် ၎င်းတို့၏ဘဝများကို ဆက်လက်ရှင်သန်နေထိုင်နိုင်ရန်အတွက် အဆိုပါ ဥပဒေများသည် အလွန်အရေးပါသော ပြန်လည်ကုစားမှုဖြစ်သော်လည်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့ကျင့်သုံးခြင်းကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်ရန်အတွက်မူ လုံလောက်ခြင်းမရှိဘဲ အဆိုပါ နစ်နာသူများအား ဖမ်းဆီးခြင်း၊ တရားစွဲဆိုစစ်ဆေးခြင်းနှင့် ပြစ်မှုထင်ရှားစီရင်ခြင်းတို့ ဆောင်ရွက်ခြင်းဖြင့်ပင် ၎င်းတို့အပေါ် ထိခိုက်စေပြီး ဖြစ်နေနိုင်သည်။ သို့ရာတွင် ပြစ်မှုထင်ရှားစီရင်ခြင်းများကို ဖျက်သိမ်းခြင်းသည် ၎င်းတို့အား ယခင်က ရာဇဝတ်သားများ အဖြစ် ဆက်ဆံခဲ့သည့် ရာဇဝတ်ဆိုင်ရာ တရားမျှတရေးစနစ်အပေါ် ယုံကြည်အားထားမှုကို ပြန်လည်တည်ဆောက် ရာတွင် အတိုင်းအတာတစ်ခုအထိ အထောက်အကူပေးနိုင်သည်။[206] နစ်နာသူများသည် ၎င်းတို့၏အခွင့်အရေးများအား မည်သို့ချိုးဖောက်မှုအတွက်မဆို ထိရောက်ပြီး လက်တွေ့ အရေးယူနိုင်သော ပြန်လည်ကုစားမှုတစ်ရပ်ကို ခံစားပိုင်ခွင့် ရှိကြောင်း နိုင်ငံတကာဥပဒေနှင့် ASEAN လူ့အခွင့်အရေး ကြေညာစာတမ်း၏ အပိုဒ် ၅ နှစ်မျိုးစလုံးတွင် ဖော်ပြ ထားသည်။ နိုင်ငံတော်များအနေဖြင့် လူကုန်ကူးခံရသည့် နစ်နာသူများအား ပြစ်မှုထင်ရှားစီရင်ခြင်းများကို ဖျက်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် လျှို့ဝှက်ထားရှိခြင်းတို့ ဆောင်ရွက်နိုင်စေမည့် ဥပဒေကို အသစ်ရေးဆွဲ ပြဋ္ဌာန်းခြင်း သို့မဟုတ် ၎င်းအတွက် ရှိရင်းစွဲ ဥပဒေပြဋ္ဌာန်းချက်ကို ဖော်ထုတ်အတည်ပြုကာ လက်တွေ့ အကောင်အထည်ဖော် ကျင့်သုံးခြင်းအား ပိုမိုကောင်းမွန်လာစေရန် မြှင့်တင်ခြင်းတို့ဆောင်ရွက်ရန် ထည့်သွင်း စဉ်းစားသင့်သည်။

---

[203] See inter alia, *Guidance on the issue of appropriate criminal justice responses to victims who have been compelled to commit offences as a result of their being trafficked: Background paper prepared by the Secretariat for the Working Group on Trafficking in Persons*, Vienna 10 and 11 September 2020, UN Doc. CTOC/COP/WG.4/2020/2 (15 June 2020), paragraph 48; *Clearing the Slate: seeking effective remedies for criminalized trafficking victims,* International Women's Human Rights Clinic (IWHRC) at the City University of New York School of Law, May 2015, 15-16, 21-25; *Christine Anchan,* "Protecting the imperfect victim: expanding 'safe harbours' to adult victims of sex trafficking" William & Mary Journal of Race, Gender and Social Justice, Vol 23 (2016-2017) November 2016, 127-128; *Non-Criminalization Practice Guide* (Warnath Group, Washington DC, 2021)

[204] Interagency Coordination Group against Trafficking in Persons, *Non-punishment of victims of trafficking* (ICAT, Issue Brief 8/2020) 4

[205] See for instance, *Post-Conviction Advocacy for Survivors of Human Trafficking: A Guide for Attorneys* (American Bar Association, 2016) p.9

[206] *Clearing the Slate: seeking effective remedies for criminalized trafficking victims,* International Women's Human Rights Clinic (IWHRC) at the City University of New York School of Law, May 2015, 26-27

### စာကွက် ၁၂ - ရာဇဝတ်မှတ်တမ်းဖျက်သိမ်းခြင်း ဥပဒေများအတွက် အကောင်းဆုံး အလေ့အထများဆိုင်ရာ အကြံပြုချက်

အမေရိကန်ပြည်ထောင်စု၌ လုပ်ဆောင်ခဲ့သည့် လေ့လာချက်တစ်ခုတွင် ရာဇဝတ်မှတ်တမ်းဖျက်သိမ်းခြင်း ဥပဒေများအနေဖြင့် လိုက်နာသင့်သော အကောင်းဆုံးအလေ့အထများကို အကြံပြုချက်များအဖြစ် ထည့်သွင်းဖော်ပြထားပြီး ယင်းအကြံပြုချက်အချို့ကို အောက်တွင် ဖော်ပြထားသည်။ [207]

| *ရာဇဝတ်မှတ်တမ်းဖျက်သိမ်းခြင်း ဥပဒေများသည် -* | *ရာဇဝတ်မှတ်တမ်းဖျက်သိမ်းခြင်း ဥပဒေများသည် -* |
|---|---|
| လူကုန်ကူးခံရသည့် နစ်နာသူများကို အနက်ဖွင့်ဆိုရာတွင် ကျယ်ပြန့်စွာ ဖွင့်ဆိုသင့်သည် | နစ်နာသူဖြစ်ကြောင်း အတည်ပြုပေးနိုင်သည့် အထောက်အထား သို့မဟုတ် ကျိုးကြောင်းမဆီလျော်သော သက်သေကို လိုအပ်ကြောင်း သတ်မှတ်ခြင်းမရှိစေသင့်ပါ |
| ပြစ်မှုအမျိုးအစား အများအပြားအတွက် ပြစ်မှုထင်ရှားစီရင်ခြင်းအမျိုးအစား အများအပြားကို အကျုံးဝင်စေသင့်သည် | တရားဥပဒေစိုးမိုးရေး အရာရှိများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းပြုရန် လိုအပ်ကြောင်း သတ်မှတ်ခြင်းမရှိစေသင့်ပါ |
| နစ်နာသူများ၏ ကိုယ်ရေးအချက်အလက်များကို ကာကွယ်ပေးရန်အတွက် လျှို့ဝှက်ထားရှိရေး ပြဋ္ဌာန်းချက်များကို ထည့်သွင်းသင့်သည် | ပြစ်မှုထင်ရှားစီရင်ခြင်းများအား ဖျက်သိမ်းရန် မေးမြန်းဆောင်ရွက်ခြင်းအတွက် လက်တွေ့မကျသော ကာလကန့်သတ်ချက်များ သတ်မှတ်ခြင်းမရှိစေသင့်ပါ |
| ရလဒ်အနေဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းများကို ထိရောက်မှုရှိစွာ ဖျက်သိမ်းနိုင်သင့်သည် | |
| ပြစ်မှုထင်ရှားစီရင်ခြင်းများအား ဖျက်သိမ်းရန်အတွက် ထပ်ဆောင်းဆောင်ရွက်ချက်များ လုပ်ဆောင်ရန် တရားရေးတာဝန်ရှိသူများကို ဆုံးဖြတ်ပိုင်ခွင့် ပေးသင့်သည် | |
| နစ်နာသူများအနေဖြင့် ၎င်းတို့၏ ပြစ်မှုထင်ရှားစီရင်ခြင်းများကို ဖျက်သိမ်းရန် မေးမြန်းဆောင်ရွက်ရာ၌ ဥပဒေအထောက်အကူပေးရန် ရန်ပုံငွေထူထောင်ပေးသင့်သည် | |

[207] *Clearing the Slate: seeking effective remedies for criminalized trafficking victims,* International Women's Human Rights Clinic (IWHRC) at the City University of New York School of Law, May 2015, 31-32

## အကြံပြုချက် ၂၆ - ပြစ်မှုထင်ရှားစီရင်ခြင်းများအား ဖျက်သိမ်းရာ၌ လူကုန်ကူးခံရသည့် နစ်နာသူများ ကြုံတွေ့ရသည့် အဟန့်အတားများကို ဖော်ထုတ်၍ ဖြေရှင်းပါ

ပြစ်မှုထင်ရှားစီရင်ခြင်းများကို ဖျက်သိမ်းရန်အတွက် နစ်နာသူသည် ပြစ်မှုထင်ရှားစီရင်ခြင်းအား ပယ်ဖျက်ပေးရန် တရားရုံးတော်သို့ လျှောက်ထားတင်သွင်းရမည်ဖြစ်ပြီး အောင်မြင်ပါက တရားရုံးတော်သည် ပြစ်မှုထင်ရှား စီရင်ခြင်းသည် မှားယွင်းစီရင်ခဲ့ခြင်းဖြစ်ကြောင်း အသိအမှတ်ပြုကာ စီရင်ခြင်းကို ပြန်လည်ရုပ်သိမ်းမည်ဖြစ်သည်။[208] အချို့သော ဥပဒေပိုင်နက်များတွင် ဤသို့ရုပ်သိမ်းခြင်း၏ အကျိုးရလဒ်အဖြစ် နစ်နာသူက ၎င်းသည် တရားစွဲဆိုခံရခြင်း သို့မဟုတ် ပြစ်မှုထင်ရှားစီရင်ခံရခြင်း မရှိခဲ့ဖူးကြောင်း ဖော်ပြနိုင်သည်။ အချို့နိုင်ငံများတွင်မူ ပြစ်မှုစွဲချက်ကို နစ်နာသူ၏ ရာဇဝတ်မှတ်တမ်းမှ ပယ်ဖျက်ပေးသော်လည်း ပြစ်မှုထင်ရှားစီရင်ခြင်းမှာမူ ကျန်ရှိဆဲ ဖြစ်သည်။[209]

ရာဇဝတ်မှတ်တမ်းဖျက်သိမ်းခြင်းအတွက် ဥပဒေပြုရာတွင် ကန့်သတ်ချက်များရှိသည်။ အချို့ဥပဒေများသည် (ပြည့်တန်ဆာပြုခြင်းနှင့်သက်ဆိုင်သည့် ပြစ်မှုများကဲ့သို့) သီးခြားပြစ်မှုများအတွက်သာ အကျုံးဝင်နိုင်ပြီး လူကုန်ကူးခံရသည့် နစ်နာသူအနေဖြင့် လူကုန်ကူးခံရခြင်း၏ အကျိုးဆက်အနေဖြင့် ကျူးလွန်မိနိုင်သည့် အခြား ပြစ်မှုများအတွက် အကျုံးမဝင်ခြင်းမျိုး ပေါ်ပေါက်တတ်ပြီး ထို့ကြောင့်ပင် လိင်ပိုင်းဆိုင်ရာမဟုတ်သည့် ခေါင်းပုံဖြတ်ခြင်း အသွင်သဏ္ဍာန်များအတွက် လူကုန်ကူးခံရသည့် နစ်နာသူများအားလုံးကို ချန်လှပ်ထားခြင်းမျိုး ဖြစ်ပွားနိုင်သည်။ သို့သော် အချို့ဖြစ်စဉ်များတွင်မူ တရားရုံးတော်များသည် ရာဇဝတ်မှတ်တမ်းဖျက်သိမ်းခြင်း ဥပဒေများကို ကျယ်ပြန့်စွာ အနက်ဖွင့်ဆိုရန် ဆောင်ရွက်နိုင်ခဲ့ခြင်းများလည်း ရှိသည်။[210] ပြစ်မှုထင်ရှား စီရင်ခြင်းသည် မှားယွင်းစီရင်ခြင်းဖြစ်ကြောင်း သက်သေထူရန်တာဝန်သည် နစ်နာသူ၏ တာဝန်ဖြစ်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းမှာ လူကုန်ကူးခံရခြင်း၏ အကျိုးဆက်အဖြစ် စီရင်ခံရခြင်းဖြစ်ကြောင်း သက်သေပြရန် လိုအပ်သည်။[211] ဤအခက်အခဲများနှင့် အခွင့်အလမ်းများကို သတိချပ်၍ ရာဇဝတ်ဆိုင်ရာ တရားရေး တာဝန်ရှိသူများသည် ဥပဒေအရ အသုံးချနိုင်သည့် ရွေးချယ်စရာအချက်များ၊ လူကုန်ကူးခံရသည့် နစ်နာသူများ အနေဖြင့် ၎င်းတို့ကိုအသုံးချရန် လိုအပ်သည့် အခြေအနေများနှင့် ရွေးချယ်လိုက်သည့်အချက်ကို ဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းစဉ်များဖြင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် လေ့လာထားသင့်သည်။ လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အကျိုးသက်ဆိုင်သူ များသည် နစ်နာသူများအနေဖြင့် ၎င်းတို့၏ ရာဇဝတ် မှတ်တမ်းများကို ဖျက်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းအတွက် လျှောက်ထားရာ၌ ကြုံတွေ့ရသည့် ဥပဒေဆိုင်ရာ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာနှင့် အခြားအဟန့်အတားများကို ဖော်ထုတ်ကာ ဖြေရှင်းပေးသင့်သည်။ နစ်နာသူများအတွက် မလိုအပ်ဘဲ ဝန်ပိခြင်းကို လျှော့ချပေးနိုင်ရန်အလို့ငှာ ဥပဒေ အထောက်အကူပေးအပ်ခြင်း အပါအဝင် တရားရုံးတော်များအနေဖြင့် ရာဇဝတ်မှတ်တမ်းဖျက်သိမ်းခြင်း ဥပဒေများကို လက်တွေ့ ကျင့်သုံးနိုင်ရန်အတွက် လုံလောက်သောရန်ပုံငွေကို သတ်မှတ်ပေးထားသင့်သည်။[212] ပြစ်မှုထင်ရှား

---

[208] *Guidance on the issue of appropriate criminal justice responses to victims who have been compelled to commit offences as a result of their being trafficked: Background paper prepared by the Secretariat for the Working Group on Trafficking in Persons*, Vienna 10 and 11 September 2020, UN Doc. CTOC/COP/WG.4/2020/2 (15 June 2020), paragraph 50.

[209] Human Trafficking Issue Brief: Vacating Convictions (Polaris, 2015) 1

[210] For instance, in the case of *New York v. G.M.* 32 Misc. 3d 274 (Criminal Court of the City of New York, Queens County, Apr. 29, 2011), the court vacated charges for trespassing and possession of a controlled substance, alongside prostitution charges ruling that these charges were also a result of being trafficked, and the statute allowed the court to order additional actions that are appropriate under the circumstances. Case referred to in Human Trafficking Issue Brief: Vacating Convictions (Polaris, 2015) 1

[211] Human Trafficking Issue Brief: Vacating Convictions (Polaris, 2015) 1

[212] *Implementation of the non-punishment principle: Report of the Special Rapporteur on trafficking in persons, especially women and children, Siobhán Mullaly*, UN Doc. A/HRC/47/34 (17 May 2021) paragraph 50.

စီရင်ပြီးနောက် ပြန်လည်ကုစားခြင်းများသည် ကလေးသူငယ်များနှင့် ကိုက်ညီမှုရှိပြီး ကလေးသူငယ်များနှင့် လူငယ်များအနေဖြင့် လက်လှမ်းမီရယူနိုင်စေရန်နှင့် တရားမျှတမှုနှင့် ထိရောက်သော ပြန်လည်ကုစားခြင်းကို ရယူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် ပြည်တွင်းဥပဒေများနှင့်အညီ မသန်စွမ်းသူများလည်း အကျုံးဝင်ပါဝင်စေရန် ဂရုပြုဆောင်ရွက်ခြင်း အပါအဝင် အချို့နစ်နာသူများအနေဖြင့် ပြန်လည်ကုစားမှုများကို လက်လှမ်းမီရယူရာ၌ ကြုံတွေ့ရနိုင်သည့် အဟန့်အတားများကို ဖယ်ရှားပေးရန်အတွက်လည်း ထည့်သွင်းစဉ်းစားသင့်သည်။

***စာကွက် ၁၃ - ရာဇဝတ်သားအဖြစ် ပြစ်ဒဏ်ချမှတ်ခံရသော လူကုန်ကူးခံရသည့် နစ်နာသူများအား အကူအညီပေးရန် ရာဇဝတ်မှတ်တမ်းဖျက်သိမ်းခြင်း ဥပဒေများ***

၂၀၁၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၏ နိုင်ငံတော်ရေးရာဌာနမှ လူကုန်ကူးမှု စောင့်ကြည့်ရေးနှင့် ဆန့်ကျင်တိုက်ဖျက်ရေးရုံး၏ ထိုအချိန်က အမေရိကန်သံအမတ်ကြီးက CNN Freedom Project သို့ ရာဇဝတ်မှတ်တမ်းဖျက်သိမ်းခြင်း ဥပဒေများ၏ တန်ဖိုးနှင့်စပ်လျဉ်း၍ အတွေးအမြင်ဆောင်းပါးတစ်ပုဒ်ကို ရေးသားပေးပို့ခဲ့သည်။

အစိုးရအနေဖြင့် မည်မျှအားထုတ်၍ ကုစားသည်ဖြစ်စေ လူကုန်ကူးခံရခြင်း၏ အကျိုးဆက်အဖြစ် ခံစားရသည့် စိတ်ဒဏ်ရာကို လုံးလုံးလျားလျား ပျောက်ကွယ်သွားစေရန် ကုစားပေးနိုင်စွမ်းမရှိသော်လည်း ကျွန်ုပ်တို့သည် လူကုန်ကူးခံရသည့် နစ်နာသူများအနေဖြင့် ၎င်းတို့ကို အဓမ္မဖိအားပေး၍ ကျူးလွန်စေသော ပြစ်မှုများအတွက် ကနဦးကပင် တရားစွဲဆိုစစ်ဆေးခြင်း မခံရစေရန် ကျွန်ုပ်တို့၏ ဥပဒေများနှင့် မူဝါဒများကို ပိုမိုကောင်းမွန်အောင် မွမ်းမံပြင်ဆင်ခြင်းသည် နိဒါန်းတစ်ရပ်ဖြစ်သည်။ လူကုန်ကူးခံရသည့် နစ်နာသူများသည် တရားစွဲဆို စစ်ဆေးခံရပြီး ပြစ်မှုထင်ရှားစီရင်ခံရပါက ၎င်းတို့၏ ရာဇဝတ်မှတ်တမ်းများကို ဖျက်သိမ်းရန် သို့မဟုတ် ပယ်ဖျက်ရန်အတွက် စနစ်တစ်ရပ်ကို မပျက်မကွက် ရေးဆွဲချမှတ်ထားရန် လိုအပ်သည်။ ၂၀၁၀ ခုနှစ်တွင် နယူးယော့ပြည်နယ်သည် လူကုန်ကူးခံရပြီးနောက် ရှင်ကျန်သူများအနေဖြင့် ပြည့်တန်ဆာပြုခြင်းဆိုင်ရာ ပြစ်မှုများအတွက် ပြစ်မှုထင်ရှားစီရင်ခံရခြင်းများကို ပယ်ဖျက်နိုင်ရန် အခွင့်ပေးသည့် ဥပဒေတစ်ရပ်အား ပထမဆုံး အတည်ပြုပြဋ္ဌာန်းသည့်ပြည်နယ်ဖြစ်လာသည်။ ၂၀၁၃ ခုနှစ်တွင် ဖလော်ရီဒါပြည်နယ်၏ ဥပဒေသည် ပို၍ပင် တိုးတက်လာပြီး “လူကုန်ကူးခံရသည့် နစ်နာသူက .... ကျူးလွန်သည့် ပြစ်မှုအတွက် မည်သည့် ပြစ်မှုထင်ရှားစီရင်ခြင်းကိုမဆို” ပယ်ဖျက်ပေးရန် ပြဋ္ဌာန်းထားသည်။ ရာဇဝတ်မှတ်တမ်းဖျက်သိမ်းခြင်း ဥပဒေများသည် လူကုန်ကူးခံရသည့် နစ်နာသူများအနေဖြင့် ယခင်အတိတ်မှ တရားမမျှတမှုများကို ပြန်လည်ပြင်ဆင်နိုင်ရန် အခွင့်ပေးသည်သာမက ၎င်းတို့၏ဘဝများကို ပြန်လည်တည်ဆောက်ရာတွင်လည်း အထောက်အကူဖြစ်စေသည်။[213]

---

[213] Susan Coppedge, “Stop criminalizing the victims”, CNN Freedom Project 17 March 2016 available at: https://edition.cnn.com/2016/03/17/opinions/coppedge-freedom-project-new-lives/index.html

# နောက်ဆက်တွဲများ

## နောက်ဆက်တွဲ ၁ - လူကုန်ကူးခံရသည့် နစ်နာသူများကို ရာဇဝတ်ပြစ်ဒဏ် ချမှတ်ခံရသည့် ပြစ်မှုများ

ဤနောက်ဆက်တွဲတွင် လူကုန်ကူးခံရသည့် နစ်နာသူများ ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့် သာဓကပြစ်မှုများကို အကြမ်းဖျင်း စာရင်းပြုဖော်ပြထားသည်။[214]

## လူဝင်မှုကြီးကြပ်ရေးနှင့် စာရွက်စာတမ်းဆိုင်ရာ ပြစ်မှုများ

တရားမဝင် ရွှေ့ပြောင်းနေထိုင်ခြင်းကို ရာဇဝတ်မှုသဖွယ် သဘောထားပြီး တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများကို တရားစွဲဆိုစစ်ဆေးလိုသော သဘောထား ပြင်းထန်သည့် နိုင်ငံများတွင် လူကုန်ကူးခံရသူများမှာလည်း ရာဇဝတ်ပြစ်ဒဏ်ချမှတ်ခြင်း ခံရသည်။[215] လူကုန်ကူးခံရသည့် နစ်နာသူများ တရားစွဲဆိုစစ်ဆေးခံရသည့် ပြစ်မှုများတွင် ခွင့်ပြုချက်မရှိဘဲ နိုင်ငံမှ ထွက်ခွာခြင်း၊ နိုင်ငံတွင်းသို့ တရားမဝင် ဝင်ရောက်ခြင်း၊ တရားမဝင်နေထိုင်ခြင်း၊ စာရွက်စာတမ်းအတုများ ပြုလုပ်ခြင်း၊ စာရွက်စာတမ်းအတုများကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် အသုံးပြုခြင်းကဲ့သို့ ပြစ်မှုများ ပါဝင်နိုင်သည်။ ASEAN ဒေသသည် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ရွှေ့ပြောင်းနေထိုင်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ရောထွေးနေသည့် ဒေသအဖြစ် ထောက်ပြ ပြောဆိုခံထားရပြီး လူကုန်ကူးခံရသူများမှာ တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများအဖြစ် ဖော်ထုတ် အတည်ပြုခြင်းခံရကာ ပြည်နှင်ဒဏ်ချမှတ်ခံရနိုင်ခြေ ကြီးမားပေသည်။ ၂၀၂၁ ခုနှစ် လေ့လာချက်တစ်ခုက မှတ်ချက်ပြုထားသည်မှာ -

> ASEAN အဖွဲ့ဝင်နိုင်ငံများရှိ ပြည်တွင်းပြစ်မှုဆိုင်ရာဥပဒေများနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေတို့မှာ လွန်စွာကွဲပြားခြားနားသည်။ အချို့ နိုင်ငံတော် ဥပဒေများမှာ လူကုန်ကူးမှုနှင့် မှောင်ခိုရွှေ့ပြောင်းနေထိုင်မှုအကြား ကွဲပြားမှု မရှိခြင်း ကြောင့် လူကုန်ကူးမှုဆိုင်ရာ နယ်ပယ်အတိုင်းအတာမှာ တိကျမှုမရှိပေ။ ထို့ကြောင့် လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ဆောင်မှုများသည် များသောအားဖြင့် လူဝင်မှု ကြီးကြပ်ရေး စည်းမျဉ်းစည်းကမ်းများ၊ အထူးသဖြင့် ရွှေ့ပြောင်းနေထိုင်သူလက်ခံသည့် နိုင်ငံများတွင် လူဝင်မှုကြီးကြပ်ရေး စည်းမျဉ်းစည်းကမ်းများနှင့် တွဲစပ်နေပြီး ၎င်းလောက် အရေးပေးခြင်းမခံရပေ။[216]

[214] The Special Rapporteur on Trafficking in Persons recommends that States "adopt an open-ended and non-exhaustive list of offences frequently related to trafficking in persons, which should be disseminated to and included in training and in published guidance for all law enforcement authorities and all persons likely to come into contact with trafficked persons." See: *Implementation of the non-punishment principle: Report of the Special Rapporteur on trafficking in persons, especially women and children, Siobhán Mullaly*, UN Doc. A/HRC/47/34 (17 May 2021), para. 54(c).

[215] *Report of the Special Rapporteur on trafficking in persons, especially women and children, Maria Grazia Giammarinaro,* 6 April 2020, UN Doc A/HRC/44/45, 35.

[216] Marija Jovanović, International Law and Regional Norm Smuggling: How the EU and ASEAN Redefined the Global Regime on Human Trafficking, The American Journal of International Law, 2021, Vol. XX, 1, 19

အခြားဒေသများတွင်လည်း အလားတူပင်ဖြစ်သည်။ ဥပမာ - ဥရောပတွင် လိင်လုပ်ငန်း၌ ဝင်ရောက်လုပ်ကိုင်သည့် နိုင်ဂျီးရီးယားမှ ရွှေ့ပြောင်းနေထိုင်သူများမှာ ၎င်းတို့ ရောက်ရှိသွားသည့်နိုင်ငံများနှင့် နိုင်ဂျီးရီးယားသို့ နေရပ်ပြန်သည့်အခါတွင် 'လူကုန်ကူးခံရသည့် နစ်နာသူများ' အဖြစ် သို့မဟုတ် 'ရာဇဝတ်သားများ' အဖြစ် သို့မဟုတ် 'အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူများ' အဖြစ် သတ်မှတ်ခြင်းခံရသည်။ ဤလက်တွေ့ဖြစ်ရပ်က ထိခိုက်နစ်နာသူများကို လူသားချင်းစာနာစွာ ကယ်တင်လိုစိတ်နှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေများကို ချိုးဖောက်သည့် 'စီးပွားရေးအရ ရွှေ့ပြောင်းနေထိုင်သူများ'ကို စည်းကမ်းအရ နှိမ်နှင်းလိုစိတ်အကြား လွန်ဆွဲမှုကို ဖော်ပြနေသည်။ လူကုန်ကူးသူများကို လူသိရှင်ကြားရှုတ်ချပါက ပထမတစ်မျိုးကို နစ်နာသူများအဖြစ် အတည်ပြုနိုင်ကောင်း ပြုနိုင်မည်ဖြစ်ပြီး ၎င်းတို့ နေရပ်နိုင်ငံသို့ 'ပြန်ပို့' နိုင်မည်ဖြစ်ကာ နောက်တစ်မျိုးကိုမူ 'ပြည်နှင်ဒဏ်ချမှတ်' မည် ဖြစ်သည်။ သက်ဆိုင်ရာပုဂ္ဂိုလ်အတွက် အချက်အလက်ကွာခြားမှုမှာ အဓိကကျခြင်း ရှိလိုမှရှိပေလိမ့်မည်။[217]

တရားမဝင် ရွှေ့ပြောင်းနေထိုင်မှု လွယ်ကူချောမွေ့စေရန် အယောင်ဆောင်လက်ထပ်ခြင်းများတွင် ပါဝင်ပတ်သက်မှုအတွက် တရားစွဲဆိုစစ်ဆေးခံရသော လူကုန်ကူးခံရသည့် နစ်နာသူများလည်း ရှိနေနိုင်သည်။ ဥပမာ - ဥရောပတွင် ဥရောပနိုင်ငံသားများ၊ များသောအားဖြင့် အမျိုးသမီးများမှာ အကျပ်ကိုင်ခံရခြင်း၊ ပြန်ပေးဆွဲခံရခြင်း သို့မဟုတ် ခေါ်ဆောင်သွားခြင်းခံရပြီး တတိယနိုင်ငံသားများ ဥရောပသမဂ္ဂနိုင်ငံများတွင် နေရာရရှိရေးအတွက် လက်ထပ်ရန် အတင်းအကျပ်စေခိုင်းခံရသည့်ဖြစ်ရပ်များ ရှိခဲ့သည်။ ထိုသို့ စီစဉ်ပေးမှုအတွက် လူကုန်ကူးသူများက ပိုက်ဆံရရှိမည် ဖြစ်သည်။ ထိုကဲ့သို့သော ဖြစ်ရပ်များနှင့် တွေ့ကြုံရသည့် အမျိုးသမီး အများအပြားမှာ စိတ်ပိုင်းဆိုင်ရာချို့ယွင်းချက် ရှိသူများဖြစ်ပြီး လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုခြင်းခံရသည့် နစ်နာသူများဖြစ်ကာ ၎င်းတို့အား တင်းကျပ်စွာ စောင့်ကြည့်ထိန်းချုပ်ထားရပေသည်။[218]

## ပြည့်တန်ဆာအလုပ်လုပ်ကိုင်ခြင်းနှင့် ပတ်သက်သည့် ပြစ်မှုများ

ပြည့်တန်ဆာအလုပ်လုပ်ကိုင်ခြင်းက ရာဇဝတ်မှုမြောက်သည့် နိုင်ငံများတွင် လူကုန်ကူးခံရသည့် နစ်နာသူများသည် ပြည့်တန်ဆာမှုပြုရန် သွေးဆောင်ခြင်းနှင့် ပြင်ပတွင် အကြောင်းမဲ့ ရှည်ကြာစွာနေခြင်းကဲ့သို့သော လုပ်ရပ်များအတွက် တရားစွဲဆိုစစ်ဆေးခံရနိုင်သည်။[219] ပြည့်တန်ဆာအလုပ်လုပ်ကိုင်ခြင်းကို စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းသိမ်းခွင့်ပြုထားသည့် နိုင်ငံများတွင် လူကုန်ကူးခံရသည့် နစ်နာသူများသည် စည်းမျဉ်းစည်းကမ်းဆိုင်ရာ လိုအပ်ချက်များကို မလိုက်နာဘဲ လုပ်ကိုင်ခြင်းအတွက် ပြစ်ဒဏ်ချမှတ်ခံရနိုင်သည်။[220] ပြည့်တန်ဆာအလုပ်တွင် ဆန္ဒအလျောက် လုပ်ကိုင်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ရန် ရည်ရွယ်ချက်ဖြင့် လူကုန်ကူးခြင်းတို့ ရောထွေးနေခြင်းကြောင့် မည်သူက နစ်နာသူဖြစ်ပြီး မည်သူက နစ်နာသူမဟုတ်ကြောင်း ရှုပ်ထွေးမှုများ လွန်စွာဖြစ်ပေါ်စေသည်။[221] လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ရန်အတွက် လူကုန်ကူးခြင်းကို လိင်လုပ်သားအဖွဲ့အစည်းများ (တောင်အာဖရိက) က ဖော်ထုတ်ခဲ့သည့် သာဓကများနှင့် မိန်းမငယ်လေးများ ပြည့်တန်ဆာအိမ်ကို ခေါ်ဆောင်သွားခြင်းခံရသည့် အိန္ဒိယမှ

[217] Sine Plambech, "Between "Victims" and "Criminals": Rescue, Deportation, and Everyday Violence among Nigerian Migrants, *Social Politics.* Vol. 24. No. 3, 2014, 382-402 at 384-385.

[218] For instance, in the United Kingdom, *Trafficking for Forced Criminal Activities and Begging in Europe: Exploratory Study and Good Practices* (Anti-Slavery International, 2014) 64, 72-73

[219] *Report of the Special Rapporteur on trafficking in persons, especially women and children, Maria Grazia Giammarinaro,* 6 April 2020, UN Doc A/HRC/44/45, 35.

[220] *Guidance on the issue of appropriate criminal justice responses to victims who have been compelled to commit offences as a result of their being trafficked: Background paper prepared by the Secretariat for the Working Group on Trafficking in Persons*, Vienna 10 and 11 September 2020, UN Doc. CTOC/COP/WG.4/2020/2 (15 June 2020), paragraph 7.

[221] See inter alia, Parmanand, Sharmila (2021). *Salvation as violence: anti-trafficking and the rehabilitation of rescued Filipino women into moral subjects*. Journal of International Women's Studies, 22(2), 78-91

ဖြစ်ရပ်ပေါင်းများစွာကို လိင်လုပ်သား အဖွဲ့အစည်းများက ၎င်းတို့သည် လူကုန်ကူးခံရပြီး ရောက်ရှိလာခြင်းဖြစ်ကြောင်း ဖော်ထုတ်အတည်ပြုနိုင်ခဲ့သည့် သာဓကများကို GAATW တွင် တွေ့ရှိနိုင်သည်။[222] ရွှေ့ပြောင်းနေထိုင်သူ လိင်လုပ်သားများ အပေါ် အထူးသက်ရောက်မှုရှိသည့် ၎င်းရောထွေးမှုကို ဥရောပတွင်လည်း တွေ့ရှိရသည်။[223]

လူကုန်ကူးမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို 'အပြစ်မဲ့နစ်နာသူများ' နှင့် 'အပြစ်ရှိသည့်ရွှေ့ပြောင်းနေထိုင်သူများ' အား ခွဲခြားသည့်နည်းလမ်းများဖြင့် အလွဲသုံးစားပြုခြင်းသည် လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် စိမ့်ဝင်ပျံ့နှံ့နေသည်မှာ ကြာခဲ့ပြီ ဖြစ်သည်။ အထူးသဖြင့် 'လူကုန်ကူးခံရသည့် နစ်နာသူများကို ကယ်ဆယ်ခြင်း' ဟူသည့် အကြောင်းပြချက်ဖြင့် 'ဝင်ရောက်စီးနင်းပြီး ကယ်ဆယ်မှုများ' ပြုလုပ်ခြင်းသည် ဥပဒေစိုးမိုးရေး အာဏာပိုင်များနှင့် စီးနင်းမှုပြုလုပ်ရာတွင် ပါဝင်သည့် အခြားသူများကြောင့် လူကုန်ကူးခံရသည့် နစ်နာသူများသာမက ယင်းအနီးအနားဝန်းကျင်တွင် နေထိုင်သူများ၏အခွင့်အရေးများ ထိခိုက်ရခြင်းအတွက် အပြင်းအထန် ဝေဖန်ခံထားရသည်။ လူကုန်ကူးခံရသည့် အခြေအနေတွင် သဘောတူလိုက်လျောခြင်း၏ ရှုပ်ထွေးမှုများနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးမူဘောင်ကို အသုံးပြုရန် နည်းလမ်းအား သဘောပေါက်နားလည်မှုမှာ သိသာစွာအားကောင်းလာပြီဖြစ်သော်လည်း ၎င်းမူဘောင်ကို လွဲမှားစွာ အသုံးပြုခြင်းက လိင်လုပ်ငန်းတွင် လုပ်ကိုင်နေသူများအပါအဝင် ဖယ်ကြဉ်ချန်လှပ်ခံထားရသော လူနည်းစုများအတွက် အပျက်သဘောဆောင်သည့် အကျိုးဆက်များ ဆက်လက်ဖြစ်ပေါ်နေစေသည်။[224] ဤပြဿနာများနှင့်ပတ်သက်၍ လုံလောက်သော ကွဲပြားမှုမရှိခြင်း၏ အကျိုးဆက်တစ်ခုမှာ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ရန်အတွက် လူကုန်ကူးခံရသည့် နစ်နာသူများသည် လိင်လုပ်ငန်းတွင် ပါဝင်ပတ်သက်မှုအတွက်၊ အထူးသဖြင့် လူကုန်ကူးသူများမှ ၎င်းတို့ကို ထင်ရှားရန်ခက်ခဲသော နည်းလမ်းများဖြင့် ထိုနေရာတွင်ထားရှိသဖြင့် လိင်လုပ်ငန်းတွင် ပါဝင်ပတ်သက်မှုအတွက် ရာဇဝတ်သားကဲ့သို့ ပြုမူဆက်ဆံခံရနိုင်သည်။ အချို့ဖြစ်ရပ်များတွင် ပြည့်တန်ဆာအလုပ်လုပ်ကိုင်မှုနှင့် ပတ်သက်သည့် ပြစ်မှုများအတွက် အသက်မပြည့်သေးသူများ တရားစွဲဆိုစစ်ဆေးခံရခြင်းများပင် ရှိခဲ့သည်။

[222] Borislav Gerasimov, speaking at ISRSE webinar on 'Sex Work, Migration, Exploitation and Trafficking in Europe', 17 May 2021.

[223] *From vulnerability to resilience: sex workers organising to end exploitation* (International Committee on the Rights of Sex Workers in Europe, May 2021) 8

[224] See for instance, *Hit and Run: The impact of anti-trafficking policy and practice on Sex Worker's Human Rights in Thailand* (RATS-W Team, Empower, 2012).

**ဖြစ်ရပ်လေ့လာချက် - လူကုန်ကူးခံရသည့် နစ်နာသူကလေးသူငယ်များ ပြည့်တန်ဆာမှုဖြင့် အဖမ်းခံရခြင်း**

"အဲဒီတုန်းက ကျွန်မအသက် ၁၃ နှစ်၊ ဝါရှင်တန်ဒီစီရဲ့ လမ်းတွေပေါ် ရောက်နေခဲ့တဲ့အချိန်ပေါ့။ ကျွန်မကို လူကုန်ကူးခဲ့တဲ့သူက ယောကျ်ားတွေက ကားရပ်ပြီး ကျွန်မကိုလာဝယ်တဲ့အခါ ဘာလုပ်ရမယ်ဆိုတာ နောက်ထပ် ၁၆ နှစ်အရွယ် ဆယ်ကျော်သက်ကောင်မလေးကို ပြခိုင်းတယ်။ အဲဒါ သူတို့ ကျွန်မကို မြို့လယ်ခေါင်မှာ သွားရောင်းတဲ့ တတိယမြောက်ညပဲ။ အိမ်ဖြူတော်နဲ့ဆို ဘယ်နှဘလောက်မှ မဝေးဘူး။ ကျွန်မမှာ အေးကအေး၊ ဗိုက်ကလည်းဆာနဲ့ ဘာလုပ်လို့လုပ်ရမယ်မှန်း မသိဘူး။ နောက်တော့ ရဲတွေရောက်လာတယ်၊" [...] "ရဲကားတွေ နေရာအနံ့ပဲ။ အဲဒီမှာ ရဲအရာရှိငါးယောက်က ကျွန်မကို မေးခွန်းတွေ စမေးတယ်။ ကျွန်မမှာ ကြောက်လိုက်တာ ဆိုတာ။ ရဲမေကို ကျွန်မအသက် ၁၈ နှစ်လို့ လိမ်ပြောလိုက်တယ်။ လိင်ကုန်ကူးခံရတဲ့အခါ လိုက်လုပ်ရမယ့် စည်းကမ်းတွေက အများကြီးပဲ။ အဲဒီအထဲမှာ ကိုယ့်အသက်ကို လိမ်ပြောတာလည်းပါတယ်။ စည်းကမ်းအတိုင်း မလုပ်ရင် အရိုက်ခံရရင် ခံရ၊ မဟုတ်ရင် အဲထက်ဆိုးတာခံရမှာ။ ကလေးဆိုတော့လည်း ရဲဖမ်းခံရတာက အရမ်းကြီးမဆိုးဘူးလို့ တွေးခဲ့တာပေါ့။" [...] "ဗဟိုစာရင်းသွင်းဌာနမှာ ကျွန်မကို လူကုန်ကူးတဲ့သူအကြောင်း အပြန်ပြန်အလှန်လှန် ဖိစစ်တာ နာရီနဲ့ချီကြာတယ်။ ကျွန်မမှာ ကြောက်လွန်းလို့ စကားမပြောနိုင်ဘူး။ ရဲတွေက ကျွန်မကို ပြည့်တန်ဆာမှုနဲ့ဖမ်းပြီး သက်ငယ်ယာယီအကျဉ်းစခန်းကို ပို့လိုက်တယ်။ ရှက်ဖို့ကောင်းလိုက်တာ။ အဲဒီမှာ တခြားမိန်းကလေးတွေက ကျောင်းပြေးတာတို့ဘာတို့လောက်အမှုနဲ့ ရောက်လာကြတာကို ကျွန်မမှာ တော့ ပြည့်တန်ဆာမှုနဲ့ အဖမ်းခံရတာလေ။" [...] "တရားသူကြီးဆိုရင် ကျွန်မကို ကြည့်တောင်မကြည့်ဘူး။ ထောင်ချပြီး ကုသမှုခံခိုင်းရမယ်လို့ ဆုံးဖြတ်ထားတဲ့ပုံပဲ။ ကလေးတစ်ယောက်နဲ့ လိင်ဆက်ဆံခဲ့တဲ့ ယောကျ်ား ရင့်မာကြီးတွေကျတော့ လွတ်လွတ်လပ်လပ် သွားလာနေကြပြီး ကျွန်မကိုကျ ဘာလို့ထောင်ချတာလဲလို့ သူ့ကိုမေးချင်ခဲ့တာ။[225]

လူကုန်ကူးခံရသည့် နစ်နာသူများကို ပြစ်မှုကျူးလွန်သူများအဖြစ် ဆက်ဆံခြင်း၌ လိင်ပိုင်းဆိုင်ရာ ယူဆချက်များ အဓိကပါဝင်နေသည်ဖြစ်ရာ မည်သည့်မိန်းမက 'ကောင်းသော' သို့မဟုတ် 'ဆိုးသွမ်းသော' မိန်းကလေး သို့မဟုတ် အမျိုးသမီးဖြစ်သည်ဟူသည့် မျှော်မှန်းချက်များအပေါ် အခြေခံပြီး အကဲဖြတ်ခံရခြင်းများ ဖြစ်ပွားနိုင်သည်။ လူကုန်ကူးခံရသည့် နစ်နာသူ၊ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ရန်အတွက် လူကုန်ကူးခံရသည့် အမျိုးသမီးများသည် ၎င်းတို့အား ဖမ်းဆီးခြင်းနှင့် အကျဉ်းချခြင်းက ၎င်းတို့အတွက် အကောင်းဆုံးဖြစ်သည်ဟူသော ဖခင်အသွင်အုပ်ချုပ်ရေးဝါဒဆန်သော အမြင်ဖြင့် ဖမ်းဆီးခံရနိုင်ပေသည်။[226] ဤကဲ့သို့ လိင်ပိုင်းဆိုင်ရာ ရှုမြင်ယူဆမှုမှာ အမျိုးသားနစ်နာသူများကို နစ်နာသူများအဖြစ်ထက် ကျူးလွန်သူများအဖြစ် ဆက်ဆံခြင်းလည်း ဖြစ်ပွားစေနိုင်သည်။ ဥပမာ - လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုပုံစံများဖြင့် လူကုန်ကူးခံရသည့် အမျိုးသားနစ်နာသူများတွင် ယောကျ်ားလေး များသည် လိင်မှုကိစ္စကို လိုလားသောကြောင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခံရသည့်နစ်နာသူ မဖြစ်နိုင်ဟု ယူဆနိုင်ကြပေသည်။[227]

[225] Ashley Lowe, quoted in 'An Arrested Childhood: Ashley Lowe's Journey as an incarcerated child sex trafficking victim', by Andrea Powell, Co-Founder and Executive Director, Karana Rising with Ashley Lowe, Survivor Leader and Advocacy Director, Karana Rising, https://www.dressember.org/blog/ashleylowejourney

[226] Sabrina Balgamwalla, *Trafficking in Narratives: Conceptualizing and Recasting Victims, Offenders, and Rescuers in the War on Human Trafficking,* Denver Law Review Vol 94:1, January 2016, 33-34

[227] Survivor Justice Panel Discussion, Dressember and Karana Rising, 7pm ET, 30 April 2021. Author's notes.

## မူးယစ်ဆေးဝါးနှင့်သက်ဆိုင်သည့် ပြစ်မှုများ

**မူးယစ်ဆေးဝါး သုံးစွဲခြင်း -** လူကုန်ကူးခံရသည့် နစ်နာသူများသည် လူကုန်ကူးသူများက ၎င်းတို့ ဆေးစွဲသွားရန် ရည်ရွယ်သောကြောင့်သော်လည်းကောင်း၊ မူးယစ်ဆေးစွဲစေခြင်းအားဖြင့် ၎င်းတို့ကိုထိန်းချုပ်ရန် ဖန်တီး လုပ်ဆောင်ခြင်းကြောင့်သော်လည်းကောင်း တားမြစ်မူးယစ်ဆေးများကို သုံးစွဲနိုင်သည်။ ဤသို့သော သဘောသဘာဝများကို သဘောပေါက်နားလည်ခြင်းမရှိပါက နစ်နာသူများမှာ မူးယစ်ဆေးသုံးစွဲခြင်းအတွက် ရာဇဝတ်သားကဲ့သို့ ပြုမူဆက်ဆံခံရနိုင်ခြေရှိပြီး ASEAN ဒေသ အပါအဝင် နိုင်ငံအများအပြားတွင် အလွန်ပြင်းထန်သောပြစ်ဒဏ်များ ချမှတ်နိုင်သည်။

**မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်း -** လူကုန်ကူးခံရသည့် နစ်နာသူများသည် ၎င်းတို့ကို လူကုန်ကူးခံရသည့် နစ်နာသူများဟု ဖော်ထုတ်အတည်ပြုခံရပြီးဖြစ်လင့်ကစား မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်းအတွက် အချို့ ဥပဒေပိုင်နက်များတွင် ရာဇဝတ်သားကဲ့သို့ ပြုမူဆက်ဆံခံကြရသည်။ ရလဒ်အနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်ရန်အတွက် လူကုန်ကူးသူများမှာ တရားစွဲဆိုစစ်ဆေးခြင်းမခံရဘဲ လူကုန်ကူးခံရသည့် နစ်နာသူများမှာ မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများဖြင့် တရားစွဲဆို စစ်ဆေးခံကြရပေသည်။[228]

### ဖြစ်ရပ်လေ့လာချက် - လူကုန်ကူးခံရသည့် နစ်နာသူများကို မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပြစ်မှုများဖြင့် ရာဇဝတ်သားကဲ့သို့ ပြုမူဆက်ဆံခြင်း

အသက် (၃၉) နှစ်အရွယ်ရှိပြီဖြစ်တဲ့ Son Van Trinh နဲ့ သူ့မိသားစုဟာ ငွေကြေးအကျပ်အတည်းဆိုက်ပြီး ဝမ်းရေးအတွက် ရုန်းကန်နေကြရတဲ့ကာလ ဖြစ်ပါတယ်။ သူဟာ မိသားစုကိုထောက်ပံ့ဖို့ရာ ဗီယက်နမ်ကနေ ထွက်ခွာပြီး အလုပ်ရှာဖွေဖို့အတွက် မိသားစုနဲ့အတူ ခက်ခက်ခဲခဲ ဆုံးဖြတ်ချက်ချခဲ့ပြီး ယူကေကိုမရောက်ခင် ချေချင်းညာကနေ ပြင်သစ်နိုင်ငံကို လော်ရီကားတစ်စီးရဲ့ နောက်တွဲကနေ မှောင်ခိုလိုက်ဖို့ ပေါင်၂၅,၀၀၀ ပေးခဲ့ပါတယ်။ အဲဒီနောက် လန်ကက်ရှိုင်းယားက အိမ်ကြီးတစ်အိမ်ကို ခေါ်ဆောင်သွားခံရပြီး အပင်ပေါင်း ၃၁၉ ပင်ကို ကြည့်ရှုစောင့်ရှောက်ရမယ်လို့ သူ့ကိုပြောသွားပြီး ကြမ်းပြင်ပေါ်အိပ်ဖို့ မွေ့ရာတစ်ခုရယ်၊ စားစရာအနည်းငယ်ရယ်ပဲ ပေးခဲ့ပါတယ်။ အဲဒီအိမ်ကို ရဲတွေဝင်ရောက်စီးနင်းတဲ့အခါ ထိတ်လန့်တုန်လှုပ်နေတဲ့ သူ့ကို  အိမ်ထဲမှာတွေ့ရပြီး သူ့ကိုယ်သူ ဘယ်နိုင်ငံရောက်လို့ ရောက်မှန်းမသိ ဖြစ်နေပါတယ်။ သူဟာ မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုတွေနဲ့ စွဲချက်တင်ခံရပြီး ထောင် ၁၆ လ ကျသင့်စေဖို့ စီရင်ချက်ချခံခဲ့ရပါတယ်။ သူ့ကို စီရင်ချက်ချစဉ်မှာ တရားသူကြီးက ‘ခင်ဗျားအနေနဲ့ အတင်းအကျပ်စေခိုင်းခံရလို့လုပ်တာ ဖြစ်ကောင်းဖြစ်မယ်၊ ဒါပေမဲ့ ဒီအမှုမှာ ခင်ဗျားပါဝင်ပတ်သက်နေတာက ရိုးအပြီး ကိုယ်ကျိုးရှာချင်တဲ့အတွက်လို့ ပြောရင်တော့ မှန်ကောင်းမှန်လိမ့်မယ်’ လို့ ပြောခဲ့ပါတယ်။

ရင်းမြစ်- Extracted from *Trafficking for Forced Criminal Activities and Begging in Europe: Exploratory Study and Good Practices* (Anti-Slavery International, 2014) 29 referring to Lancashire Evening Post, 18th December 2013, Cannabis Farmer gets Locked Up after Bust. Available at; lep.co.uk/news/local/cannabis-farmer-gets-locked-up-after-bust-1-6323095

[228] See for instance, Dr Patrick Burland, *Villains not Victims? An Examination of the Punishment of Vietnamese Nationals Trafficked for Cannabis Cultivation in the United Kingdom*, 2016.

လူကုန်ကူးခံရသည့် နစ်နာသူများ - အရွယ်ရောက်ပြီးသူများနှင့် ကလေးသူငယ်နစ်နာသူများသည် - ဆေးခြောက်စိုက်ပျိုးရေးတွင် ဝင်ရောက်လုပ်ကိုင်ရန် ခေါင်းပုံဖြတ်ခံရခြင်းရှိသည်။ လူကုန်ကူးခံရသူများအနေဖြင့် မက်သာဖက်တမင်း (ခရစ္စတယ်မက်သ်) ထုတ်လုပ်ရေးတွင် ပါဝင်ပတ်သက်နေသည်ဟု အစီရင်ခံထားခြင်းများလည်း ရှိသည်။[229] ၂၀၁၄ ခုနှစ်တွင်ပြုလုပ်ခဲ့သည့် လေ့လာမှုတစ်ရပ်တွင် ၂၀၁၁ မှ ၂၀၁၂ အတွင်း ယူနိုက်တက်ကင်းဒမ်းရှိ ဆေးခြောက်စိုက်ပျိုးရေးတွင် ဝင်ရောက်လုပ်ကိုင်ရန် ခေါင်းပုံဖြတ်ခံရသူများ အဖြစ် ဖော်ထုတ်အတည်ပြုခံရသူများတွင် ၉၆% မှာ ဗီယက်နမ်နိုင်ငံမှဖြစ်ပြီး ၎င်းတို့မှ ၈၀% မှာ ကလေးသူငယ်များဖြစ်သည်ကို တွေ့ရှိခဲ့ရသည်။[230] ၂၀၁၆ ခုနှစ်တွင် ယူကေ၌ ရာဇဝတ်ဆိုင်ရာ ခေါင်းပုံဖြတ်မှုအတွက် လူကုန်ကူးခံရသူများဖြစ်နိုင်ခြေရှိသည့် ကလေးသူငယ်နစ်နာသူ ၁၄၂ ဦးကို တွေ့ရှိခဲ့ရပြီး၊ ၇၁ ဦး (၅၀%)မှာ ထောက်ပံ့ကြေးတောင်းခံရန်အတွက်လည်းကောင်း၊ ၂၉ ဦး (၂၁%)မှာ ဆေးခြောက်စိုက်ပျိုးရေးအတွက်လည်းကောင်း ခေါင်းပုံဖြတ်ခံခဲ့ရပြီး ၎င်းတို့မှ ၂၅ ဦးမှာ ဗီယက်နမ်နိုင်ငံသားများ ဖြစ်ကြသည်။[231] ဆေးခြောက်စိုက်ပျိုးရေးတွင် ပါဝင်ပတ်သက်နေသူများကို ယူနိုက်တက်ကင်းဒမ်း၊ အိုင်ယာလန်၊ နယ်သာလန်အပါအဝင် နိုင်ငံများက ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကိုဆန့်ကျင်၍ နစ်နာသူအဖြစ် ဆက်ဆံရမည့်အစား ပြစ်မှုကျူးလွန်သူများအဖြစ် ဆက်ဆံခြင်းမှာ စိုးရိမ်ဖွယ်ဖြစ်သည်။[232] ဥရောပ လေ့လာမှုတစ်ရပ်ကလည်း အစိုးရမူဝါဒများက 'မူးယစ်စစ်ပွဲ' ဆင်နွှဲနေသည့်အခါ နစ်နာသူများကို ရာဇဝတ်သားကဲ့သို့ ပြုမူဆက်ဆံခြင်းပြဿနာမှာ မရည်ရွယ်ဘဲဖြစ်ပေါ်နိုင်ကြောင်း တွေ့ရှိခဲ့သည်။[233] နစ်နာသူများကို မူးယစ်ဆေးဝါးဆိုင်ရာပြစ်မှုများဖြင့် ရာဇဝတ်သား ကဲ့သို့ ပြုမူဆက်ဆံခြင်းမှာ စာကွက် ၄ တွင် ဆွေးနွေးခဲ့သည့် V.*C.L and A.N. v The United Kingdom* [Application nos. 77587/12 and 74603/12] နှင့်စပ်လျဉ်း၍ လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး၏ အထင်ကရ စီရင်ချက်မှစကာ ပေါ်လွင်ထင်ရှားလာခဲ့သည်။

---

229 For instance, in the United Kingdom, *Trafficking for Forced Criminal Activities and Begging in Europe: Exploratory Study and Good Practices* (Anti-Slavery International, 2014) 64

230 *Trafficking for Forced Criminal Activities and Begging in Europe: Exploratory Study and Good Practices* (Anti-Slavery International, 2014) 18

231 Unicef, *Victim, Not Criminal: Trafficked Children and the Non-Punishment Principle in the UK* (Unicef, 2017) 3

232 *Trafficking for Forced Criminal Activities and Begging in Europe: Exploratory Study and Good Practices* (Anti-Slavery International, 2014) 5-6; Ofer, Nogah, Implementation of the Non-Punishment Principle in England: Why Are Victims of Trafficking Not Benefiting from the Protection from Prosecution Provided by International Law? *Journal of Human Rights Practice*, 11, 2019, 486–507 at 489.

233 *Trafficking for Forced Criminal Activities and Begging in Europe: Exploratory Study and Good Practices* (Anti-Slavery International, 2014) 9

**ဖြစ်ရပ်လေ့လာချက် - ဆေးခြောက်ပင်စိုက်ပျိုးရေးတွင် အဓမ္မလုပ်အားခိုင်းစေရန် လူကုန်ကူးခြင်း**

အသက်ဆယ့်ငါးနှစ်အရွယ် Hai ဟာ ဗီယက်နမ်က ရွာလေးတစ်ရွာမှာ ကြီးပြင်းခဲ့တာဖြစ်ပြီး ကျောင်းမတက်ခဲ့ရပါဘူး။ သူ့ဖခင် ဆုံးပါးသွားတဲ့အခါ Hai ဟာ မြို့ပေါ်မှာ ပြန်လည်အသုံးချမယ့် ပလတ်စတစ်ဘူးတွေကိုရောင်းပြီး အသက်မွေးဖို့ကြိုးစားခဲ့ပါတယ်။ တစ်နေ့မှာ လူတစ်ယောက်က သူ့ဆီချဉ်းကပ်လာပြီး ဥရောပမှာ ပိုက်ဆံကောင်းကောင်းရှာနိုင်တယ်လို့ ပြောပါတယ်။ Hai အနေနဲ့ သူ့ကို ဥရောပခေါ်သွားမယ့် အေးဂျင့်အတွက် ဒေါ်လာထောင်ချီရှာဖွေရမှာပါ။ အဲဒီအတွက် သူ့အမေက အိမ်ကို အပေါင်ထားပြီး ကျန်တဲ့ငွေတွေကို သူ့ဦးလေးက ထုတ်ပေးခဲ့ပါတယ်။

၁၄ လကြာ ခရီးသွားပြီးတဲ့နောက်မှာ Hai ဟာ အင်္ဂလန်က လမ်းဘေးခါတ်ဆီဆိုင်တစ်ခုမှာ ပစ်ထားခံခဲ့ရပါတယ်။ အဲဒီမှာ Cuong လို့ခေါ်တဲ့ နောက်ထပ် ဗီယက်နမ်အမျိုးသားတစ်ဦးနဲ့တွေ့ပြီး သူ့ကို စကော့တလန်က အိမ်တစ်လုံးဆီ ကားနဲ့ခေါ်သွားပါတယ်။ အခုဆိုရင် Hai ဟာ ခရီးစဉ်အတွက် ပိုက်ဆံနဲ့ အတိုးပါ အကြွေးတင်နေပြီး အကြွေးဆပ်ဖို့နဲ့ သူ့မိခင်နဲ့ ညီမတွေဆီ ပိုက်ဆံပို့နိုင်ဖို့အတွက် ဆေးခြောက်ပင်တွေကို ရေလောင်းရမယ်လို့ ပြောပါတယ်။ Hai က သူ့ကိုပြောထားတဲ့အတိုင်း စားသောက်ဆိုင်တစ်ခုခုမှာ ဘာဖြစ်လို့ လုပ်လို့မရတာလဲလို့ မေးတဲ့အခါ Cuong က ဒီအလုပ်ပဲ လုပ်လို့ရမယ်လို့ ဆိုပါတယ်။

Cuong ဟာ Hai ကို ဘာလုပ်ရမယ်ဆိုတာတွေ ပြောပြီးတဲ့နောက် အိမ်ထဲမှာ တစ်ယောက်တည်း ထားခဲ့ပြီး တံခါးတွေကို အပြင်ကနေ သော့ခတ်သွားပါတယ်။ သူဟာ သုံးလေးရက်ခြားတစ်ခါ စားစရာနဲ့ သောက်ရေယူလာပြီး အဲဒီအိမ်ကို ပြန်လာပါတယ်။ Hai က အိမ်ပြန်လို့ရမလား မေးတဲ့အခါ Cuong က သူ့ကိုရိုက်နှက်ပြီး သူ ဘယ်မှသွားလို့မရကြောင်း၊ သွားမယ်ဆိုရင် ရဲတွေလာဖမ်းပြီး ရိုက်နှက်မှာဖြစ်တဲ့ အကြောင်း ပြောဆိုပါတယ်။

သုံးလကြာတဲ့နောက်မှာ အဲဒီအိမ်ကို ရဲတွေဝင်စီးပြီး Hai က ဖမ်းဆီးထိန်းသိမ်းခံလိုက်ရပါတယ်။ သူ့ကို မေးမြန်းတဲ့အခါမှာ စိတ်ရှုပ်ထွေးပြီး ကြောက်လွန်းနေတဲ့အတွက် ဘာမှပြန်မပြောနိုင်ပါဘူး။ တရားရုံး ရှေ့နေတစ်ဦးက သူ့ကို အပြစ်ရှိကြောင်း လျှောက်လဲဖို့ အကြံပေးတဲ့အတွက် Hai ဟာ ထောင်ဒဏ် ၂၄ လ ချမှတ်ခံရပြီး ပြစ်ဒဏ်စေ့တဲ့အခါ ပြည်နှင်ခံရမယ်လို့ ပြောဆိုခံခဲ့ရပါတယ်။

ရင်းမြစ်- Extracted from *Trafficking for Forced Criminal Activities and Begging in Europe: Exploratory Study and Good Practices* (Anti-Slavery International, 2014) 17

**မူးယစ်ဆေးဝါး သယ်ယူပို့ဆောင်ခြင်း / ကုန်ကူးခြင်း** - လူကုန်ကူးခံရသည့် နစ်နာသူများသည် မူးယစ်ဆေး သယ်ဆောင်သူများအဖြစ်၊ ရံဖန်ရံခါတွင် မူးယစ်ဆေးများကို ၎င်းတို့၏ ခန္ဓာကိုယ်အတွင်း ထည့်သွင်းသည့် အန္တရာယ်များသော နည်းလမ်းများဖြင့် အမြတ်ထုတ်ခံကြရသည်။[234] မူးယစ်ဆေးများကို သယ်ဆောင်ရန် သို့မဟုတ် ကုန်ကူးရန် ကလေးသူငယ်များအား လူကုန်ကူးခြင်းမှာလည်း မှတ်တမ်းမှတ်ရာဖြင့် ရှိပေသည်။ ယူနိုက်တက်ကင်းဒမ်းမှ *County Lines* အမှုဖြစ်စဉ်များတွင် နိုင်ငံအနှံ့ မူးယစ်ဆေးသယ်ဆောင်ရန် လူကုန်ကူး ခံရသည့် ကလေးသူငယ်များအပါအဝင် အားနည်းသော ကလေးသူငယ်များကို အမြတ်ထုတ်ခေါင်းပုံဖြတ် ခြင်းများ ပါဝင်သည်။[235] ဤသို့ အလားတူဖြစ်ရပ်မှာ အရှေ့အလယ်ပိုင်းမှ ဥရောပအထိ ရွှေ့ပြောင်းလမ်းကြောင်းများ တစ်လျှောက် မူးယစ်ဆေးကုန်ကူးရန် ခေါ်ဆောင်ခံရသည့် ကလေးသူငယ်များဖြင့် ကမ္ဘာနှင့်တစ်ဝန်း ဖြစ်ပွားခဲ့သည်။ [236]

ဤနည်းလမ်းဖြင့် ခေါင်းပုံဖြတ်ခံရသူ အများအပြားမှာ လူကုန်ကူးခံရသည့် နစ်နာသူများအဖြစ် ဖော်ထုတ်အတည်ပြုပြီး ဆက်ဆံခံရမည့်အစား မူးယစ်ဆေးမှောင်ခိုသွင်းမှုအတွက် ဖမ်းဆီးတရားစွဲဆိုစစ်ဆေးခြင်း ခံကြရသည်။ အချို့ဖြစ်ရပ်များတွင် နစ်နာသူများအဖြစ် ဆက်ဆံခြင်းမရှိသည်မှာ ပြစ်မှုကြီးလေးမှုနှင့် ပြစ်မှုကျူးလွန်ချိန်နှင့် လူကုန်ကူးခံခဲ့ရချိန်အကြား အချိန်ကွာဟချက်ကြောင့်လည်း ဖြစ်နိုင်သည်။ လူတစ်ဦး၏ နစ်နာသူဖြစ်မှုနှင့် ယုံကြည်စိတ်ချရမှုကို သက်သေပြရန်လည်း ခက်ခဲနိုင်ပေသည်။[237] ဤဖြစ်စဉ်မှာ ကမ္ဘာ့နေရာအများအပြားတွင် ဖြစ်ပွားလျက်ရှိပြီး ASEAN အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံသားများအပေါ် သက်ရောက်မှုရှိသည်။

ဟောင်ကောင်တွင် လူကုန်ကူးခံရသည့် နစ်နာသူများနှင့် နစ်နာသူဖြစ်နိုင်ခြေရှိသူများမှာ မူးယစ်ဆေးနှင့်ဆက်စပ်သည့် ပြစ်မှုများဖြင့် ပြစ်မှုထင်ရှားစီရင်ခံရပြီး အကျဉ်းချခံရခြင်းရှိကြောင်း ဟောင်ကောင်တရားရေးဗဟိုက သတင်းရေးသားခဲ့သည်။ ၎င်းရေးသားချက် *Not Stopping Here: Hong Kong as a Transit Site for Human Trafficking* တွင် အမျိုးသမီးတစ်ဦး၏ဖြစ်ရပ်ကို မှတ်တမ်းတင်ခဲ့ပြီး ၎င်းအမျိုးသမီးကို ရည်းစားဖြစ်သူ (ကူးသန်းရောင်းဝယ်သူတစ်ဦးဟု သူမ ထင်ခဲ့သူ)က တရုတ်နိုင်ငံ ကွမ်ကျိုးမှ မလေးရှားနိုင်ငံ ကွာလာလမ်ပူသို့ ဟောင်ကောင်မှတစ်ဆင့် အဝတ်အထည်များ သယ်ဆောင်ရန် ပြောဆိုခဲ့ခြင်းဖြစ်သည်။ သူမ သယ်ဆောင်ခဲ့သည့် ပစ္စည်းများမှာ မူးယစ်ဆေးများဖြစ်ကြောင်း မသိရှိခဲ့ပေ။ ဟောင်ကောင်ကိုဖြတ်၍ တောင်အမေရိက သို့မဟုတ် အာဖရိကမှ တရုတ်နိုင်ငံသို့ မူးယစ်ဆေးကုန်ကူးရန် အမျိုးသားများက ခင်မင်ရင်းနှီးမှုမှတစ်ဆင့်၊ အမျိုးသမီးများက သမီးရည်းစား ဆက်ဆံရေးမှတစ်ဆင့် လှည့်ဖြားခံရသည့်၊ အကျပ်ကိုင်စေခိုင်းခံရသည့် သို့မဟုတ် ခြိမ်းခြောက်ခံရသည့် အခြားဖြစ်ရပ်များစွာလည်း ရှိခဲ့သည်။[238] တရုတ်ပြည်မကြီးမှ အမျိုးသမီးများလည်း မလေးရှားနိုင်ငံသို့ မူးယစ်ဆေးကုန်ကူးရန် လှည့်စားခံရခြင်းများရှိသည်။ ဤဖြစ်ရပ်များအားလုံးတွင် ကျူးလွန်သူများသည် လူကုန်ကူးခံရသည့် နစ်နာသူဖြစ်နိုင်ကြောင်း ဖော်ထုတ်အတည်ပြု ခံရခြင်းမရှိဘဲ မူးယစ်ဆေးကုန်ကူးခြင်းအတွက် တရားစွဲဆိုစစ်ဆေးခံကြရပေသည်။[239]

---

[234] Drugs may be trafficked anally or orally, but also otherwise. In a case in Spain, a victim had drugs placed in her as breast implants. Carolina Villacampa and Núria Torres, Human trafficking for criminal exploitation: Effects suffered by victims in their passage through the criminal justice system, *International Review of Victimology,* 2019, Vol. 25(1) 3–18, at 9.

[235] *County Lines Violence, Exploitation and Drug Supply 2017: National Briefing Report* (National Crime Agency, November 2017) 15

[236] Healy, Claire., *The Strength to Carry On: Resilience and Vulnerability to Trafficking and Other Abuses among People Travelling along Migration Routes to Europe* (ICMPD, 2019), pp.210-212

[237] Carolina Villacampa and Núria Torres, Human trafficking for criminal exploitation: Effects suffered by victims in their passage through the criminal justice system, *International Review of Victimology,* 2019, Vol. 25(1) 3–18, at 10.

[238] Justice Centre Hong Kong, *Not Stopping Here: Hong Kong as a Transit Site for Human Trafficking* (January 2019) p.10, 14.

[239] Justice Centre Hong Kong, *Submission for the Working Group on Arbitrary Detention's Study on arbitrary detention relating to drug policies* (March 2020)

ASEAN အပါအဝင် ဒေသအများအပြားတွင် မူးယစ်ဆေးကုန်ကူးမှုကို နှိမ်နင်းတိုက်ဖျက်ရန် ပြင်းထန်သည့် အားထုတ်ကြိုးပမ်းမှုက လူကုန်ကူးခံရသည့် နစ်နာသူများ ကြီးလေးသောပြစ်ဒဏ် ချမှတ်ခံရနိုင်ခြေကို မြင့်တက်သွားစေသည်။ အထူးသဖြင့် လက်ရှိ Mary Jane Veloso အမှုတွင် သူမသည် မူးယစ်ဆေးကုန်ကူးရန် ရည်ရွယ်ချက်အတွက် လူကုန်ကူးခံခဲ့ရခြင်းဖြစ်ကြောင်း သူမအား လူကုန်ကူးခဲ့သူများကို ထိန်းသိမ်းထားသည့် ဖိလစ်ပိုင်အာဏာပိုင်များက အသိအမှတ်ပြုပြီးဖြစ်သော်လည်း အင်ဒိုနီးရှားနိုင်ငံတွင် မူးယစ်ဆေးကုန်ကူးမှုဖြင့် စီရင်ချက်စောင့်ဆိုင်းနေရသည် (စာကွက် ၅ ကို ကြည့်ပါ)။

## လူသတ်မှုနှင့် လူသေစေမှု

လူကုန်ကူးသူများက ထိန်းချုပ်သည့်သဘောအားဖြင့် နစ်နာသူများက အခြားနစ်နာသူများကို ကိုယ်ထိလက်ရောက် ကျူးလွန်ခိုင်းပြီး ၎င်းကို အကျပ်ကိုင်မှု ပုံစံတစ်မျိုးအနေဖြင့်၊ ဥပမာ - နစ်နာသူများကို ရဲတိုင်၍မရကြောင်း ခြိမ်းခြောက်ခြင်းအားဖြင့် ဖိအားပေးနိုင်သည်။[240] လူကုန်ကူးခံရသည့် နစ်နာသူများသည် ၎င်းတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒမပါဘဲ ပြင်းထန်သောရာဇဝတ်မှုများ သို့မဟုတ် တစ်စုံတစ်ယောက်ကို သတ်ဖြတ်ခြင်းအထိပင် ကျူးလွန်ရန် အဓမ္မစေခိုင်းခံရသည့် သို့မဟုတ် အကျပ်ကိုင်ခံရသည့် အခြေအနေများရှိသည်။[241]

### ဖြစ်ရပ်လေ့လာချက် - လူသတ်မှုဖြင့် စီရင်ချက်ကျသော လူကုန်ကူးခံရသည့် နစ်နာသူ

နယ်သာလန်နိုင်ငံ အမှုတစ်ခုတွင် အိန္ဒိယနိုင်ငံသား S သည် ဟော့ဂ်မြို့တွင် နေထိုင်သည့် အိန္ဒိယစုံတွဲ R နှင့် P ၏ အိမ်တွင် အိမ်မှုကိစ္စများပြုလုပ်ရန် ခေါ်င်းပုံဖြတ်ခံခဲ့ရသည်။ R နှင့် P က S ကို ၎င်းအိမ်တွင် မိဘများနှင့်အတူ နေထိုင်လျက်ရှိသည့် မိန်းကလေးငယ် Mehak အား နှိပ်စက်ညှဉ်းပန်းရန် စေခိုင်းတောင်းဆိုပြီး R နှင့် P ၏ အကြောင်းပြချက်မှာ ၎င်းမိန်းကလေးငယ်သည် ကျိန်စာသင့်နေသောကြောင့်ဟူ၍ ဖြစ်သည်။ Mehak သေဆုံးသွားပြီးနောက် S မှာ လူကုန်ကူးခံရသည့် နစ်နာသူဖြစ်ရသလို သူမ၏ ပါဝင်ပတ်သက်နေမှုကြောင့် လူသေစေမှုစွဲချက်များကိုလည်း ရင်ဆိုင်ရသည်။ S သည် ကနဦးတွင် တရားစွဲဆိုစစ်ဆေးခံရပြီး လူသတ်မှုကို ပူးပေါင်းကြံစည်ခြင်းအတွက် အယူခံတရားရုံးတွင် အမှုရင်ဆိုင်ရန် ဆုံးဖြတ်ချက်ကျခဲ့သည်။ S သည် R နှင့် P ၏ အမျက်ဒေါသကို လက်ခံခြင်းအားဖြင့် ကလေး၏အသက်ကို ချမ်းသာရာရစေနိုင်လိမ့်မည်ဆိုသည်နှင့် ဆက်စပ်၍မရနိုင်သော မတရားချုပ်နှောင်စေခိုင်းခြင်းခံရသူဖြစ်သည်ဟူသည့် ခုခံချေပချက်ကို အယူခံတရားရုံးမှ ပယ်ချခဲ့သည်။ လူသေစေမှုမှာ လူကုန်ကူးခံရခြင်းနှင့် မသက်ဆိုင်သည့်အတွက် တရားသူကြီးသည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို လက်တွေ့ကျင့်သုံးခြင်းလည်း မရှိခဲ့ပါ။ S ကို ပြစ်မှုထင်ရှားစီရင်၍ အကျဉ်းချခဲ့ပြီး သူမ၏ နိုင်ငံရေးခိုလှုံခွင့် လျှောက်ထားတောင်းခံမှုများအတွက် ဆုံးဖြတ်ရာတွင် သူမ၏ နစ်နာသူအဖြစ် သတ်မှတ်ချက်ကို အနည်းငယ်မျှသာ သို့မဟုတ် လုံးလုံးလျားလျား ထည့်သွင်းစဉ်းစားခြင်း မရှိခဲ့ပါ။

ဖြစ်ရပ်လေ့လာချက် Footnote - [242]

[240] Survivor Justice Panel Discussion, Dressember X Karana Rising, 4pm PT / 7 PM ET, 30 April 2021. Author's notes.

[241] Global Trafficking in Persons Report 2020 (UNODC, 2021) p.50. In the United States, there are some high-profile cases of victims of trafficking having been charged with murder, including Cyntoya Brown, Jessica and Jordan Hampton and Tiffany Simpson.

[242] Corinne Dettmeijer-Vermeulen and Luuk Esser, "The victim of human trafficking as offender: A combination with grave consequences A reflection on the criminal, immigration and labour law procedures involving a victim of human trafficking in the Dutch Mehak case" *Journal of Trafficking and Human Exploitation,* 2017, Vol. 1 Nr. 1, 77-94.

လူကုန်ကူးခံရသည့် နစ်နာသူက လူသတ်မှု သို့မဟုတ် လူသေစေမှုကို ကျူးလွန်ထားသည့်အခါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို ကျင့်သုံးနိုင်ခြင်း ရှိ၊ မရှိအား ဆုံးဖြတ်ရာတွင် လူကုန်ကူးခံရခြင်းနှင့် ပြစ်မှု ကျူးလွန်ခြင်းတို့အကြား ကာလအားဖြင့် ထပ်တူကျရန် လိုအပ်ကြောင်း၊ တစ်နည်းဆိုရသော် အဆိုပါပြစ်မှုကို ၎င်းလူကုန်ကူးခံရသည့် ဖြစ်စဉ်အတွင်း ကျူးလွန်ခဲ့ခြင်းဖြစ်ရန် လိုအပ်ကြောင်း၊ အဆိုပါအခြေအနေ၌ လူကုန်ကူးသူက နည်းလမ်းအသုံးပြု ခဲ့ကြောင်း ဖော်ပြနိုင်ခြင်း သီးသန့်သည် လုံလောက်မှုမရှိဘဲ နစ်နာသူအနေဖြင့် အခြားလုပ်ရပ်တစ်ခုခုကို ပုဂ္ဂလဆန္ဒအရ ဖြစ်စေ ဓမ္မဓိဋ္ဌာန်ကျစွာဖြစ်စေ ရွေးချယ်နိုင်မည့် အကြောင်းရင်းမရှိဘဲ ပြစ်မှုကိုသာ မဖြစ်မနေ ကျူးလွန်ရမည့် အခြေအနေဖြစ်ရန် လိုအပ်ပြီး အဆိုပါအခြေအနေအား သက်သေထူရန် တာဝန်သည် ခုခံချေပသူ၏တာဝန်ဖြစ်စေ ရမည်ဟု သတ်မှတ်ခြင်းသည် ကျိုးကြောင်းသင့်တင့်မှုရှိသည်ဟု ယူဆသတ်မှတ်ထားကြသည်။[243]

## အကြမ်းဖက်မှု၊ ပြင်းထန်သော အစွန်းရောက်မှုနှင့် လက်နက်ကိုင်ပဋိပက္ခ

မည်သူမဆို လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်မှုများတွင် တိုက်ခိုက်ရေးတွင်ဖြစ်စေ၊ အစားအသောက် ချက်ပြုတ်သူများ၊ အထမ်းသမားများ၊ သို့မဟုတ် လူသားဒိုင်းများအဖြစ်နှင့် တိုက်ခိုက်ရေး မပြုလုပ်ရသည်ဖြစ်စေ အမြတ်ထုတ်ခံရရန် လူကုန်ကူးခံရနိုင်သည်။ လက်နက်ကိုင်အကြမ်းဖက်မှု၊ ပြင်းထန်သည့် အစွန်းရောက်မှုနှင့် လက်နက်ကိုင်ပဋိပက္ခများသို့ သိမ်းသွင်းခံရခြင်းသည် လက်ထပ်ရန် အတင်းအကျပ် စေခိုင်းခံရခြင်းနှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းမှစ၍ အကြမ်းဖက်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှု အပါအဝင် ခေါင်းပုံဖြတ်မှုပုံစံအမျိုးမျိုး ဖြစ်ပေါ်စေနိုင်သည်။[244] လက်နက်ကိုင်ပဋိပက္ခများသို့ ကလေးသူငယ်များ ခေါ်ယူသိမ်းသွင်းခံရသည့် အခြေအနေများတွင် (လုပ်ရပ်နှင့် ခေါင်းပုံဖြတ်လိုသည့် ရည်ရွယ်ချက်သာ လိုအပ်သည့်) လူကုန်ကူးမှုမှာ အမြဲလိုလိုပါဝင်သည်။ လက်နက်ကိုင် ပဋိပက္ခအတွင်းသို့ ခေါ်ယူသိမ်းသွင်းခံရသည့် ကလေးသူငယ်များသည် နိုင်ငံတကာဥပဒေနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေတွင် လူ့အခွင့်အရေးကို အကြီးအကျယ် ချိုးဖောက်ခံရသည့် နစ်နာသူများအဖြစ် အသိအမှတ်ပြုခံရသင့်ပြီး ၎င်းတို့ကို ထိုသို့အသိအမှတ်ပြုရန် ပျက်ကွက်ခြင်းက အကာအကွယ်ပေးရေးကို ပျက်ကွက်စေနိုင်သည်။ အချို့ဖြစ်ရပ်များတွင် ကလေးစစ်သားများအဖြစ် ခေါင်းပုံဖြတ်ခံခဲ့ရ သူများက အခြားသူများကို ပြန်လည်ခေါင်းပုံဖြတ်ခြင်းများ ဖြစ်ပွားတတ်သည်။ ဤသို့သောပုံစံများဖြင့် ခေါင်းပုံဖြတ်ခံရသည့် ကလေးသူငယ်များကို လူကုန်ကူးခံရသည့် နစ်နာသူများအဖြစ်နှင့် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေကို အကြီးအကျယ် ချိုးဖောက်ခံရခြင်းအဖြစ် အဓိကထား ဆက်ဆံခြင်း ခံရသင့်သော်လည်း ၎င်းတို့မှာ မကြာခဏဆိုသလို ရာဇဝတ်သားများကဲ့သို့ ပြုမူဆက်ဆံခံကြရသည်။ ၎င်းတို့၏ နစ်နာမှုကို အသိအမှတ်ပြု မခံရသည့်အခါ၌ အကြမ်းဖက်မှုနှင့် လက်နက်ကိုင်ပဋိပက္ခအဖွဲ့များတွင် ပါဝင်ပတ်သက်မှုအတွက် တရားစွဲဆို စစ်ဆေးခံရနိုင်ခြေရှိပြီး အကာအကွယ်ပေးရေး အာဏာပိုင်များထံ လွှဲပြောင်းပေးခြင်းခံရမည့်အစား လုံခြုံရေးအတွက် ခြိမ်းခြောက်မှုတစ်ခုအဖြစ် ဆက်ဆံခံရနိုင်သည်။[245]

243 Corinne Dettmeijer-Vermeulen and Luuk Esser, "The victim of human trafficking as offender: A combination with grave consequences A reflection on the criminal, immigration and labour law procedures involving a victim of human trafficking in the Dutch Mehak case" *Journal of Trafficking and Human Exploitation,* 2017, Vol. 1 Nr. 1, 77-94 at 85.

244 Global Trafficking in Persons Report 2020 (UNODC, 2021) p.50

245 See *Countering Trafficking in Persons in Conflict Situations* (UNODC, 2018).

**ဖြစ်ရပ်လေ့လာချက် - Dominic Ongwen အား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်း**

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးက ၎င်းစစ်ဆေးကြားနာနေသည့် *The Prosecutor v Dominic Ongwen,* ICC-02/04-01/15 အမှုအတွက် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်နေ့တွင် စီရင်ချက်ချမှတ်ခဲ့ပြီး Mr. Ongwen ကို ယူဂန်ဒါနိုင်ငံ မြောက်ပိုင်းတွင် ၂၀၀၂ ခုနှစ်၊ ဇူလိုင် ၁ မှ ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာ ၃၁ အထိ ကျူးလွန်ခဲ့သည့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှုများအတွက် အပြစ်ရှိကြောင်း စီရင်ခဲ့သည်။ Mr. Ongwen ကို ပြစ်မှုထင်ရှားစီရင်သည့် ပြစ်မှုများတွင် လူသတ်မှု၊ အဓမ္မ ထိမ်းမြားစေမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ မုဒိမ်းမှု၊ လိင်ကျွန်ပြုမှုနှင့် ကျွန်ပြုမှု၊ နှင့် အသက် ၁၅ နှစ်အောက် ကလေးသူငယ်များကို အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပါဝင်စေရန် တပ်သားအဖြစ် စုဆောင်းမှုတို့ ပါဝင်သည်။ ၂၀၂၁ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် ICC သည် Mr. Ongwen ကို ၂၅ နှစ်ကြာ အကျဉ်းကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ Mr. Ongwen ကိုယ်တိုင်သည် အသက် ၉ နှစ် ဝန်းကျင် အရွယ်၊ ၁၉၈၇ ခုနှစ်တွင် ဘုရားသခင်၏ တော်လှန်ရေးတပ်တော် (LRA) ၏ ပြန်ပေးဆွဲခြင်းကို ခံခဲ့ရသော်လည်း ၎င်းအား စွဲချက်တင်သည့် ပြစ်မှုများကိုမူ မိမိလုပ်ရပ်များအတွက် အပြည့်အဝ တာဝန်ရှိသည့် လူကြီးအဖြစ်နှင့် LRA ၏ အုပ်ချုပ်သူတပ်မှူးအဖြစ် ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် Mr. Ongwen ၏ ခုခံချေပလျှောက်လဲရေး ကောင်စီသည် တရားရုံးတော်၏ စီရင်ချက်အပေါ် အယူခံဝင်လိုကြောင်း အသိပေးလွှာကို တင်ပြခဲ့သည်။ အယူခံဝင်ရခြင်း၏ အကြောင်းရင်းများတွင် အချက်များစွာကို ဖော်ပြထားပြီး ခုခံချေပ လျှောက်လဲရေး ကောင်စီသည် Mr. Ongwen ကိုယ်တိုင် ပြန်ပေးဆွဲခံခဲ့ရသည့် အထောက်အထား၊ LRA တွင် ဝါဒသွတ်သွင်းခံရခြင်းနှင့် ကလေးစစ်သားအဖြစ် ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများကို တရားရုံးတော်က ထည့်သွင်းစဉ်းစားမှု မရှိဘဲ မှားယွင်းစီရင်ချက်ချခဲ့ကြောင်း တင်ပြထားသည်။[246]

ISIS ၏ လူကုန်ကူးခြင်းကို သုတေသနပြုလုပ်ခဲ့ရာတွင် ၎င်းတို့လိုချင်သည့်လူများကို စနစ်တကျချဉ်းကပ် ပစ်မှတ်ထားပြီး လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း၊ အိမ်ကျွန်ပြုမှု၊ အဓမ္မလုပ်အားခိုင်းစေမှုနှင့် အကြမ်းဖက်မှုတွင်ပါဝင်စေခြင်း အပါအဝင် အခြားသော ခေါင်းပုံဖြတ်မှုများအတွက် ခေါ်ဆောင်မှုရှိကြောင်း တွေ့ရှိရသည်။ ဗြိတိန်နိုင်ငံသားများကို ISIS က လူကုန်ခြင်းနှင့်ပတ်သက်၍ Reprieve က ပြုလုပ်ခဲ့သည့် သုတေသနတွင် ဆီးရီးယားအရှေ့မြောက်ပိုင်းတွင် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် ဗြိတိသျှအမျိုးသမီးအများစု (၆၃%)မှာ လူကုန်ကူးခံရသူများဖြစ်ကြောင်း တွေ့ရှိရသည်။[247] အချို့သောဖြစ်ရပ်များတွင် လူကုန်ကူးခံရသည့် နစ်နာသူများအဖြစ် ဖော်ထုတ်အတည်ပြုခံရမည့်အစား တာဝန်ရှိနိုင်ငံအာဏာပိုင်များက ၎င်းတို့အား နိုင်ငံသားဖြစ်ခွင့်မပေးခြင်း၊ ကောင်စစ်ဝန်အကူအညီကို ရယူခွင့်မပေးခြင်း၊ ၎င်းတို့ နိုင်ငံသားဖြစ်ရာနိုင်ငံသို့ ပြန်ခွင့်မပေးခြင်း၊ သို့မဟုတ် ၎င်းတို့သည် ထိုပြစ်မှုများတွင် ပါဝင်ပတ်သက်နေခြင်းကြောင့် ‘ကိုယ့်အပြစ်ကိုယ် ခံရခြင်းဖြစ်သည်’ ဟုဆိုကာ ၎င်းတို့အား အကန့်အသတ်မရှိ ဖမ်းဆီးထိန်းသိမ်းထားခြင်းများ ရှိပေသည်။ ဤကဲ့သို့ လုပ်ရပ်များကြောင့် အဓိက ထိခိုက်သူများမှာ ကလေးသူငယ်များဖြစ်သည်။[248]

---

[246] *Prosecutor v Dominic Ongwen,* ICC-02/04-01/15, https://www.icc-cpi.int/uganda/ongwen

[247] *Trafficked to ISIS: British families detained in Syria after being trafficked to Islamic State* (Reprieve, 2021) 11

[248] *Trafficked to ISIS: British families detained in Syria after being trafficked to Islamic State* (Reprieve, 2021). Also see Maya Foa, Co-Executive Director, Reprieve, speaking on the principle of non-punishment of victims of trafficking in persons, being a side event to the 47th Session of the Human Rights Council 30 June 2021, 13:00 – 14:30 CET. Author’s notes on file. Also see Maya Foa, *Shamima Begum is a victim of trafficking – and the UK should treat her as such,* Guardian 27 February 2021 (accessed 31 August 2021) available at: https://www.theguardian.com/commentisfree/2021/feb/26/shamima-begum-trafficking-uk-citizenship-rights.

## လူကုန်ကူးခြင်း

လူကုန်ကူးခံရသည့် နစ်နာသူများသည် လူကုန်ကူးသည့် ပြစ်မှုများဖြင့် ပြစ်ဒဏ်စီရင်ခံရနိုင်သည်။ အချို့ဖြစ်ရပ်များတွင် နစ်နာသူများမှာ ၎င်းတို့ထက်အင်အားကြီးသော လူကုန်ကူးသူများ၏ ပိုမိုအရေးပေးခြင်း သို့မဟုတ် ကြမ်းတမ်းစွာ ဆက်ဆံခံရခြင်း နည်းပါးစေရန်အလို့ငှာ အခြားနစ်နာသူများကို ရှာဖွေစုဆောင်းပေးရခြင်း သို့မဟုတ် စောင့်ကြပ်ကြည့်ရှုရခြင်းတို့တွင် ပါဝင်ပတ်သက်မှုရှိနေနိုင်သည်။[249] ဥပမာ - လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ရန်အတွက် လူကုန်ကူးခံရသော အမျိုးသမီးများသည် ၎င်းတို့အကြွေးများကို ပြန်ဆပ်ပြီးသည့်နောက် အမျိုးသမီးပြည့်တန်ဆာခေါင်း ဖြစ်သွားကြသည့် ဖြစ်ရပ်များရှိသည်။ အချို့နစ်နာသူများဆိုလျှင် အခြားအမျိုးသမီးများကို နိုင်ငံရပ်ခြားရှိ လိင်လုပ်ငန်းတွင် အလုပ်လုပ်ကိုင်ရန်  (အတင်းအကျပ်ပြုခြင်း၊ လိမ်ညာခြင်း သို့မဟုတ် အကျပ်ကိုင်စေခိုင်းခြင်း) များ မသုံးဘဲ ခေါ်ဆောင်ခြင်းအတွက် လူကုန်ကူးသူများအဖြစ် တရားစွဲဆိုစစ်ဆေးခံရခြင်းများ ရှိသည်။[250]

*Female Victims of Trafficking for Sexual Exploitation as Defendants: A Case Law Analysis* ခေါင်းစဉ်ဖြင့် ၂၀၂၀ ခုနှစ် UNDOC လေ့လာချက်က ဥရောပကိုဗဟိုပြုပြီး ဥပဒေပိုင်နက် ၁၆ ခုမှ အမှုပေါင်း ၅၃ မှုကို စိစစ်သုံးသပ်ခဲ့သည်။ လူကုန်ကူးသူများသည် နစ်နာသူများကို နစ်နာသူအသစ်များ စည်းရုံးခေါ်ယူစေခြင်း၊ ထိန်းချုပ်ခြင်း၊ ခေါင်းပုံဖြတ်ခြင်းနှင့် ဝန်ဆောင်မှုများကိုကြော်ငြာခြင်းတို့မှရရှိသည့် အမြတ်အစွန်းများကို သိမ်းဆည်းခြင်းကဲ့သို့သော လုပ်ရပ်များကို ကျူးလွန်စေခြင်းအားဖြင့် ၎င်းတို့တရားစွဲဆိုစစ်ဆေးခံရခြင်းမှ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရန် နစ်နာသူများကိုအသုံးချကြောင်း ထိုလေ့လာချက်က တွေ့ရှိခဲ့သည်။ နစ်နာသူ-တရားခံအများအပြားမှာ ၎င်းတို့ကိုယ်တိုင်က လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခံနေရဆဲဖြစ်ပြီး ၎င်းတို့ခေါင်းပုံဖြတ်ခံရမှုကို လျော့ပါးသက်သာစေရန် လူကုန်ကူးသူများအဖြစ် လုပ်လိုစိတ်ရှိကြကာ ၎င်းတို့အား လူကုန်ကူးခဲ့သူများ၏ မျက်နှာသာပေးမှုကို ရယူလိုကြသည်၊ သို့မဟုတ် လူကုန်ကူးသူများအဖြစ် မဖြစ်မနေလုပ်ကြရသည်။ သို့သော်လည်း ထိုလေ့လာချက်၏ရည်ရွယ်ချက်အတွက် ဆန်းစစ်ခဲ့သည့်အမှုများတွင် တရားရုံးများအနေနှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို ဆွေးနွေးခြင်းမရှိ၊ တရားခံကို နစ်နာသူအဖြစ် အသိအမှတ်ပြုခြင်းမရှိ၊ သို့မဟုတ် အခြေခံမူကိုကျင့်သုံးလိုခြင်း မရှိသည့်အတွက် ၎င်းတို့အား တရားစွဲဆိုစစ်ဆေးခြင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းတို့၏ ရလဒ်များမှာ ၎င်းတို့ထပ်မံနစ်နာရခြင်းနှင့် ညီမျှပေသည်။[251]

---

249 *Guidance on the issue of appropriate criminal justice responses to victims who have been compelled to commit offences as a result of their being trafficked: Background paper prepared by the Secretariat for the Working Group on Trafficking in Persons*, Vienna 10 and 11 September 2020, UN Doc. CTOC/COP/WG.4/2020/2 (15 June 2020), paragraph 8.

250 *A Brief Guide on Collateral Damages of Anti-Trafficking Laws and Measures on Sex Workers* (International Committee on the Rights of Sex Workers in Europe, 2019) 33.

251 United Nations Office on Drugs and Crime, *Female Victims of Trafficking for Sexual Exploitation as Defendants: A Case Law Analysis* (United Nations, Vienna, 2020).

### ဖြစ်ရပ်လေ့လာချက် - Tiffany Simpson - လူကုန်ကူးမှုဖြင့် စီရင်ချက်ချခံရခြင်း

Tiffany Simpson သည် သူမ၏ နှစ် ၃၀ ထောင်ဒဏ်ကို အမေရိကန်ပြည်ထောင်စု၊ ဂျော်ဂျီယာပြည်နယ်၌ ဆယ်နှစ်ကျခံပြီးဖြစ်သည်။ Tiffany သည် သူမအသက် ၁၇ နှစ်အရွယ်တွင် လူကုန်ကူးခံခဲ့ရခြင်းဖြစ်ပြီး ရိုက်နှက်ခံရခြင်း၊ ခါးထိုးခံရခြင်း၊ မူးယစ်ဆေးများအသုံးပြုရန် စေခိုင်းခံရခြင်းနှင့် အခြား အရွယ်မရောက်သေးသူများကို လူကုန်ကူးရန် အတင်းအကျပ်ခိုင်းစေခြင်းများ ခံခဲ့ရသည်။ သူမကို လူကုန်ကူးခံရသည့် နစ်နာသူအဖြစ် ဆက်ဆံခံရမည့်အစား အသက်မပြည့်သေးသူအား လူကုန်ကူးခြင်းဆိုင်ရာ ပြစ်မှုများဖြင့် ဂျော်ဂျီယာတောင်ပိုင်းခရိုင်ရှေ့နေရုံးက စွဲချက်တင်ခြင်းကိုခံခဲ့ရပြီး တရားစွဲဆိုစစ်ဆေးခြင်း ခံခဲ့ရသည်။ သူမကို တရားစွဲဆိုစစ်ဆေးရာတွင် Tiffany မှာ ကိုယ်တိုင်ကိုယ်ကျ ပြောဆိုခွင့်မရခဲ့ပေ။ သူမ၏ ဥပဒေရေးရာကိုယ်စားလှယ်မှ ရှင်းလင်းတင်ပြခဲ့သည်မှာ -

လူကုန်ကူးခံရတဲ့ နစ်နာသူတွေကို တရားစွဲဆိုစစ်ဆေးတာဟာ မဖြစ်သင့်ပေမယ့်လည်း သမိုင်းကြောင်းအရ နစ်နာသူတွေက သူတို့ကိုလူကုန်ကူးတဲ့သူရဲ့ ထိန်းချုပ်မှုအောက်မှာနေရပြီး သူတို့ကို ပြစ်မှုကျူးလွန်စေဖို့ ဖိအားလည်းဖြစ်စေတဲ့ မတရားဖိနှိပ်ခံရတဲ့ ကြောက်ရွံ့စိတ်နဲ့ ထိန်းချုပ်ခံရမှုတွေကြောင့် မကြာခဏဆိုသလို ကိုယ်ပြောချင်သလို ပြောဆိုခွင့်မရှိ၊ ကိုယ်လုပ်ချင်သလို လုပ်နိုင်စွမ်းလည်း မရှိကြပါဘူး။ Tiffany ဟာ သူခံစားခဲ့ရတဲ့စိတ်ဒဏ်ရာနဲ့ သူ့ကို လူကုန်ကူးတဲ့သူအပေါ် ကြောက်တဲ့စိတ်ကြောင့် သူ့ကိုယ်သူ နစ်နာသူလို့ မမြင်တော့ဘဲ စွဲချက်နှစ်ခုအတွက် အပြစ်ရှိတယ်လို့ လျှောက်လဲခဲ့ပါတယ်။ Tiffany ဟာ ထောင်ဒဏ်အနှစ် ၃၀ ချမှတ်ခံရပြီး နှစ် ၂၀ ကို ထောင်ထဲမှာ ပြစ်ဒဏ်ခံရမှာဖြစ်ပြီးတော့ ၉ နှစ် ပြစ်ဒဏ်ကျခံခဲ့ပြီးပါပြီ။ ဥပဒေအရဆိုရင် Tiffany အနေနဲ့ အခြားသူကို လူကုန်ကူးတဲ့ပြစ်မှုကျူးလွန်ဖို့ ရည်ရွယ်ချက်မတည်ဆောက်နိုင်ပါဘူး။ သူနဲ့ သူ့အဘွားဖြစ်သူရဲ့လုံခြုံရေးအတွက် ကြောက်ရွံ့တဲ့စိတ်နဲ့ မဖြစ်မနေ ကျူးလွန်ခဲ့ရတာသာဖြစ်ပါတယ်။ အကျင့်စာရိတ္တပိုင်းအရဆိုရင်တော့ Tiffany အနေနဲ့ ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူဖြစ်တဲ့ ဝန်ဆောင်မှုရရှိသင့်ပြီး သူနဲ့ အခြားနစ်နာသူအပေါ် လူကုန်ကူးသူက ကျူးလွန်ခဲ့တဲ့ပြစ်မှုကြောင့် ပြစ်ဒဏ်ချမှတ်မခံရသင့်ပါဘူး။[252]

ရင်းမြစ် - Susan Coppedge (former US Ambassador at Large, Senior counsel with Krevolin & Horst, and attorney for Tiffany Simpson), *Justice is a part of healing for victims of human trafficking*, law.com, 18 February 2021

## ရွှေ့ပြောင်းနေထိုင်သူများကို မှောင်ခိုသွင်းခြင်း

လူကုန်ကူးခံရသည့် နစ်နာသူများသည် အခြားတစ်နိုင်ငံသို့ရောက်ရှိရန် လမ်းကြောင်းအတွက် အခကြေးငွေများပေးကာ မှောင်ခိုဝင်ရောက်သည့် ရွှေ့ပြောင်းနေထိုင်သူများအဖြစ် ခရီးစခဲ့ကြသူများဖြစ်နိုင်သည်။ ရွှေ့ပြောင်းနေထိုင်သူများက လူမှောင်ခိုသွင်းသည့်ယာဉ်များကို မောင်းနှင်ခြင်း သို့မဟုတ် မှောင်ခိုဝင်ရောက်ကြေးအတွက် သို့မဟုတ် လျှော့ဈေးရရှိရန် အလဲအလှယ်အနေဖြင့် ယာဉ်များမောင်းနှင်ပေးခြင်းကဲ့သို့သော မှောင်ခိုအလုပ်များလုပ်ကိုင်သည့် အခြေအနေများတွင် လူကုန်ကူးခံရသည့် နစ်နာသူများက ရွှေ့ပြောင်းနေထိုင်သူများကို မှောင်ခိုသွင်းသူများအဖြစ်နှင့် တရားစွဲဆိုစစ်ဆေးခံရနိုင်သည်။ ဩစတြေးလျနိုင်ငံသို့ လူများပို့ဆောင်ပေးရာတွင်ပါဝင်ခဲ့သည့် မှောင်ခိုတင်သွင်းမှုဆိုင်ရာ ပြစ်မှုများအတွက် အင်ဒိုနီးရှားကလေးများအား တရားစွဲဆိုစစ်ဆေးခြင်းအပါအဝင် အသက်မပြည့်သေးသူများအတွက်

[252] Susan Coppedge (former US Ambassador at Large, Senior counsel with Krevolin & Horst, and attorney for Tiffany Simpson), *Justice is a part of healing for victims of human trafficking,* law.com, 18 February 2021, https://www.law.com/dailyreportonline/2021/02/18/justice-is-a-part-of-healing-for-victims-of-human-trafficking/?slreturn=20210405034616 accessed 5 May 2021.

အန္တရာယ်တစ်မျိုးကို သိရှိမှတ်သားရသည်။[253] ထိုအန္တရာယ်မှာ ပြစ်မှုပုံစံနှစ်မျိုးက ရောထွေးနေပြီး ၎င်းပြစ်မှုများကို ရာဇဝတ်ဆိုင်ရာတရားစီရင်ရေး တာဝန်ရှိသူများက ခွဲခြားနိုင်စွမ်းမရှိသည့် ဥပဒေပိုင်နက်များတွင် ရွှေ့ပြောင်းနေထိုင်သူများကို မှောင်ခိုသွင်းသည့်ပြစ်မှုများက ပိုမိုဆိုးရွားစေသောကြောင့် လူကုန်ကူးခံရသည့် နစ်နာသူများက စွဲချက်တင်ခံနိုင်ရခြင်းဖြစ်သည်။

## ငွေကြေးဆိုင်ရာနှင့် မှတ်ပုံတင်ဆိုင်ရာ ရာဇဝတ်မှု

**လိမ်လည်မှု** - လူကုန်ကူးသူများသည် လူမှုဖူလုံရေးထောက်ပံ့ကြေး/ထောက်ပံ့ငွေများကို လိမ်လည်ရယူရန် နစ်နာသူများကိုအသုံးချကြသည်များရှိရာ သာဓကအားဖြင့် လူကုန်ကူးသူများက မသန်စွမ်းသူများအား ထောက်ပံ့ငွေများတောင်းဆိုရယူရန် စေခိုင်းခြင်းဖြစ်သည်။[254] လူကုန်ကူးခံရသည့် နစ်နာသူများကို အခြားသူတစ်ဦး၏ မှတ်ပုံတင်ကိုပေးပြီး အခြားရည်ရွယ်ချက်များအတွက် ခေါင်းပုံဖြတ်ခြင်းများလည်းရှိခဲ့ပြီး နစ်နာသူများမှာ မှတ်ပုံတင်လိမ်လည်မှုဖြင့် တရားစွဲဆို စစ်ဆေးခံကြရသည်။[255] ခရက်ဒစ်ကတ်လိမ်လည်မှုလည်း ရှိခဲ့သည်။[256] လူကုန်ကူးသူများသည် နစ်နာသူများကို အသုံးချပြီး အခွန်လိမ်လည်မှုကျူးလွန်နိုင်ခြင်းကြောင့် နစ်နာသူများမှာ တရားမမှုနှင့် ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးမှု များကို ၎င်းတို့လူကုန်ကူးခံရပြီး နှစ်ပေါင်းများစွာကြာသည်အထိ ရင်ဆိုင်ကြရသည်များရှိသည်။ ဤသို့သောအခြေအနေ များတွင် နစ်နာသူများအနေဖြင့် မတရားချုပ်နှောင်၍ စေခိုင်းခြင်းခံရသည်ဟု အခိုင်အမာပြောဆိုရန်မှာ လက်တွေ့တွင် မလွယ်ကူနိုင်ပေ။

---

[253] Palmer, W., & Missbach, A. (2017). Trafficking within migrant smuggling operations: are underage transporters 'victims' or 'perpetrators'? *Asian and Pacific Migration Journal*, *26*(3), 287-307.

[254] *Trafficking for Forced Criminal Activities and Begging in Europe: Exploratory Study and Good Practices* (Anti-Slavery International, 2014) 72.

[255] Survivor Justice Panel Discussion, Dressember and Karana Rising, 7pm ET, 30 April 2021. Author's notes.

[256] Carolina Villacampa and Núria Torres, Human trafficking for criminal exploitation: Effects suffered by victims in their passage through the criminal justice system, *International Review of Victimology,* 2019, Vol. 25(1) 3–18, at 4

## ဖြစ်ရပ်လေ့လာချက် - Rebekah

အမေရိကန်ပြည်ထောင်စုတွင် ဖြစ်ရိုးဖြစ်စဉ်အမှုတစ်ခု၌ လူကုန်ကူးခံရသည့်နစ်နာသူ Rebekah သည် ကြမ်းတမ်းခက်ထန်သည့် လူကုန်ကူးသူတစ်ဦး၏ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းကို ခံခဲ့ရသူဖြစ်သည်။ သူမကို လူကုန်ကူးသူသည် သူမအမည်နှင့် အိမ်များ၊ ကားများဝယ်ယူထားပြီး ၎င်းတရားမဝင်ရရှိထားသည့် ငွေကြေးအမြတ်အစွန်းများနှင့် ပတ်သက်နေခြင်းမရှိအောင် ရှောင်လိုသည့်အတွက် သူမကို နာမည်အတုများ၊ လူမှုလုံခြုံရေးနံပါတ်အတုများဖြင့် ဘဏ်အကောင့်များဖွင့်ခိုင်းခဲ့သည်။ ထိုအကောင့်များထဲသို့ ရောက်ရှိလာသည့် ဝင်ငွေများအတွက် သူမအား ဝင်ငွေခွန်တင်ပြခွင့် မပေးခဲ့ပေ။ Rebekah သည် သူမ ကျူးလွန်ရန် အတင်းအကျပ်စေခိုင်းခံခဲ့ရသည့် ငွေကြေးဆိုင်ရာပြစ်မှုများအတွက် စွဲချက်တင်ခံခဲ့ရပြီး အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမပြုရန် ကြိုးကိုင်ခြယ်လှယ်ခံခဲ့ရသဖြင့် ၎င်းပြစ်မှုများတွင် လူကုန်ကူးသူ၏ ပါဝင်မှုများကို ထုတ်ဖော်ခြင်းမရှိခဲ့ပေ။ သူမသည် အခွန်ရှောင်ခြင်းအတွက် အပြစ်ရှိကြောင်းလျှောက်လဲခဲ့ပြီး ထောင်ဒဏ် ၁၃ လ ချမှတ်ခံခဲ့ရသည်။ သူမ ထောင်မှလွတ်လာပြီးသည့်နောက်တွင် လူကုန်ကူးသူက ဝင်ငွေခွန်ပြန်လည်တင်ပြရန် ဖိအားပေးခိုင်းစေခဲ့ရာ ဝင်ငွေခွန် အမေရိကန်ဒေါ်လာနှစ်သိန်းကျော် အကြွေးတင်သည့်အဖြစ်သို့ ရောက်ရှိခဲ့ရသည်။

Footnote for Case study: Rebekah [257]

[257] *An Advocate's Guide to Tax Issues Affecting Victims of Trafficking,* (The Human Trafficking Legal Centre, Ropes & Gray LLP, and the University of Baltimore Law School, 2019) 4

**အွန်လိုင်း / ဖုန်းဖြင့် လိမ်လည်ခြင်းများ -** အရှေ့အာရှမှ လူကုန်ကူးခံရသည့် နစ်နာသူများသည် ကောလ်စင်တာများ၌ ငွေကြေးချမ်းသာသူများအား လိမ်လည်ခိုင်းရန်ရည်ရွယ်ချက်ဖြင့် ခေါင်းပုံဖြတ်ခံရပြီး နစ်နာသူများမှာ မည်သည့် အခကြေးငွေမျှ ရရှိခြင်းမရှိသလို လူလူသူသူနေရခြင်းလည်းမရှိသည့် ဖြစ်ရပ်များရှိခဲ့သည်။ ဤသို့လိမ်လည်မှုကို ဩစတြေးလျနှင့်ဥရောပ နှစ်နေရာစလုံးတွင်တွေ့ရှိရပြီး အခြားနေရာများတွင်လည်း ဖြစ်ပွားနေနိုင်သည်။[258]

**အကျင့်ပျက်ခြစားမှုဆိုင်ရာ ပြစ်မှုများ -** လူကုန်ကူးခံရသည့် နစ်နာသူများသည် ၎င်းတို့၏ဇာတိမြေမှ ခေါင်းပုံဖြတ်ခံရသည့်နေရာသို့ တရားမဝင် ရွှေ့ပြောင်းနေထိုင်ခြင်း ပြုလုပ်နေစဉ်တွင်ဖြစ်စေ၊ သို့မဟုတ် ခေါင်းပုံဖြတ်ခံနေရသည့် ကာလအတွင်းဖြစ်စေ၊ သာဓကအားဖြင့် ဥပဒေစိုးမိုးရေးအရာရှိများမှ ၎င်းတို့ကို ငွေကြေးအကျိုးအမြတ် သို့မဟုတ် လိင်ပိုင်းဆိုင်ရာဝန်ဆောင်မှုများအပါအဝင် အခြားရုပ်ဝတ္ထုဆိုင်ရာ အကျိုးအမြတ်များအတွက် ခြိမ်းခြောက်ငွေညှစ်သည့် အခါမျိုးတွင် နစ်နာသူများမှာ အကျင့်ပျက်ခြစားမှုဆိုင်ရာ ပြစ်မှုများကို ကျူးလွန်ခြင်းရှိနိုင်သည်။[259]

## အခြားပြစ်မှုများ

**အသေးစားရာဇဝတ်မှုများ -** ခိုးယူခြင်း[260]၊ တရားမဝင် ငွေကြေးအထောက်အပံ့များရယူခြင်းနှင့် ခါးပိုက်နှိုက်ခြင်း၊ အိတ်လုခြင်း၊ အလစ်သုတ်ခြင်း၊ ATM ခိုးယူမှုနှင့် ကာယကံရှင်ကိုအာရုံလွှဲ၍ ပစ္စည်းခိုးယူခြင်းများအပါအဝင် အသေးစားရာဇဝတ်မှုများတွင် အမြတ်ထုတ်ခြင်းများအတွက် လူကုန်ကူးခံရသည့် နစ်နာသူများမှာ တရားစွဲဆိုစစ်ဆေးခံရသည်များရှိသည်။ ခါးပိုက်နှိုက်ခြင်းနှင့် ယူကေအပါအဝင် နိုင်ငံများတွင် ကုန်ပစ္စည်းအတုများ ရောင်းချခြင်းတွင် ပါဝင်ကျူးလွန်သူများမှာ ဖယ်ကြည်ချန်လုပ်ခံထားရသည့် လူမျိုးစုများမှဖြစ်ပြီး အဓိကအားဖြင့် ရိုးမားမှ လူမျိုးများဖြစ်ကြသည်။ ပြင်သစ်တောင်ပိုင်း၊ စပိန်၊ အီတလီနှင့် အခြားနေရာများတွင်လှုပ်ရှားပြီး ခိုးယူမှုဖြင့် ကလေးသူငယ်ပေါင်း ၂၀၀၀ ကျော်ကို ခေါင်းပုံဖြတ်မှုတွင်ပါဝင်သည့် စနစ်တကျဖွဲ့စည်းထားသော ရာဇဝတ်ဂိုဏ်းကို ပြစ်သစ်အာဏာပိုင်များက ဖြိုခွင်းဖျက်သိမ်းခဲ့သည်။[261] သတ္တုခိုးယူမှုအတွက် လူကုန်ကူးခြင်း (လူကုန်ကူးခံရသည့် နစ်နာသူများက လူကုန်ကူးသူများရောင်းစားမည့် သတ္တုများကို မွှေနှောက်ရှာဖွေရခြင်း) ကို ဥရောပတွင် တွေ့ရှိရသည်။[262]

**တောင်းရမ်းခြင်း -** တောင်းရမ်းခြင်းကို အချို့ဥပဒေပိုင်နက်များတွင် အတင်းအကျပ်ခိုင်းစေခံရခြင်းအဖြစ် အတည်ပြုသတ်မှတ်ထားခြင်းမရှိနိုင်သလို လူကုန်ကူးခံရသည့်ပြဿနာအဖြစ် အသိအမှတ်ပြုခြင်းလည်း မခံရနိုင်ပေ။ ဆိုလိုသည်မှာ တောင်းရမ်းရန် ဖိအားပေးခိုင်းစေခံရသော လူကုန်ကူးခံရသည့် နစ်နာသူများသည် ဖော်ထုတ်အတည်ပြုခံရခြင်း ရှိချင်မှရှိပေလိမ့်မည်။ ဥပမာအားဖြင့် နယ်သာလန်နိုင်ငံတွင် တောင်းရမ်းခြင်းကို အများပြည်သူအနှောင့်အယှက်ဖြစ်စေသည့် ပြဿနာတစ်ရပ်ဟု သဘောထားပြီး တောင်းရမ်းသူများကို လူကုန်ကူးခံရသည့် နစ်နာသူဖြစ်နိုင်ခြေရှိသူများအဖြစ် ဖော်ထုတ်အတည်ပြုခြင်းထက် ပြစ်မှုကျူးလွန်သူများ အဖြစ်သာ ဆက်ဆံကြသည်။ ဥရောပ၏ အခြားနိုင်ငံများ (ဥပမာ - ရိုမေးနီးယားနှင့် ဘူလ်ဂေးရီးယား)တွင် တောင်းရမ်းခြင်းက ရာဇဝတ်မှုမြောက်ပြီး တောင်းရမ်းရန်အတွက် လူကုန်ကူးခံရသည့် နစ်နာသူများမှာ တရားစွဲဆိုစစ်ဆေးခံရနိုင်သည့်အန္တရာယ် ရှိပေသည်။ ကလေးသူငယ်များအား တောင်းရမ်းစေခြင်းအားဖြင့် ခေါင်းပုံဖြတ်ခြင်းသည် လူကုန်ကူးသူများအတွက် အကျိုးအမြတ်များကာ စွန့်စားမှုနည်းသည့် ရာဇဝတ်မှုဖြစ်ပြီး ပြစ်မှုဆိုင်ရာအရတာဝန်ရှိသည့် အသက်အရွယ် (ဆယ်နှစ် သို့မဟုတ်

[258] Global Trafficking in Persons Report 2020 (UNODC, 2021) p.51

[259] See: *Corruption as a Facilitator of Smuggling of Migrants and Trafficking in Persons in the Bali Process Region with a focus on Southeast Asia* (UNODC and RSO, 2021) pp.10, 33, 35-36.

[260] Survivor Justice Panel Discussion, Dressember and Karana Rising, 7pm ET, 30 April 2021. Author's notes.

[261] Global Trafficking in Persons Report 2020 (UNODC, 2021) p.50

[262] For instance, in the United Kingdom, *Trafficking for Forced Criminal Activities and Begging in Europe: Exploratory Study and Good Practices* (Anti-Slavery International, 2014) pp.5, 15, 64, 73, 89.

ရှစ်နှစ်ဖြစ်နိုင်)ကိုလည်း အခွင့်ကောင်းယူထားသောကြောင့် တရားစွဲဆိုစစ်ဆေးခြင်း ပြုလုပ်၍မရနိုင်သည့် ကလေးသူငယ်များကို ဆက်လက်ခေါင်းပုံဖြတ်ရန်အတွက် ဥရောပတစ်ခွင် ရွှေ့လျားသွားလာနေနိုင်ပေသည်။[263]

**တရားမျှတမှုကို တားဆီးခြင်း** - လူကုန်ကူးခံရသည့် နစ်နာသူများကို ရဲများက ၎င်းတို့နှင့် တွေ့ကြုံခဲ့ဖူးသည့် လူကုန်ကူးသူများ သို့မဟုတ် အခြားရာဇဝတ်သားများနှင့်ပတ်သက်၍ ၎င်းတို့သိလိုသည်များကို စစ်မေးခြင်းများ ရှိနိုင်သည်။ အချို့ဖြစ်ရပ်များတွင် နစ်နာသူများသည် ၎င်းတို့က ရဲများကိုကူညီနေသည်ဟု ထင်မြင်ခြင်းခံရပါက ၎င်းတို့၏လုံခြုံရေးအတွက် စိုးရိမ်ကြောက်ရွံ့စိတ်ဖြင့် ရဲများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း မရှိကြပေ။[264] နစ်နာသူများသည် လူကုန်ကူးမှုဆိုင်ရာဥပဒေအပါအဝင် ပြည်တွင်းဥပဒေဖြင့် တရားစွဲဆိုစစ်ဆေးခံရနိုင်သည်။ ဥပမာအားဖြင့် စင်ကာပူ နိုင်ငံတွင် ၂၀၁၄ ခုနှစ် လူကုန်ကူးမှုဆိုင်ရာဥပဒေအမှတ် ၂၄ ၌ ရဲအရာရှိ သို့မဟုတ် ဥပဒေစိုးမိုးရေးအရာရှိကို ထွက်ဆိုချက်အမှားများပေးခြင်း၊ အချက်အလက်အမှားများပေးခြင်း၊ စသည်ဖြင့် (အပိုဒ်ခွဲ ၂၀) အဟန့်အတား ဖြစ်စေခြင်းအား တားမြစ်ထားသည် (အပိုဒ်ခွဲ ၁၇)၊ ထိုပြစ်မှုနှစ်ခုစလုံးသည် ကျူးလွန်ပါက ဒဏ်ကြေးဒေါ်လာ ၁၀,၀၀၀ အထိပေးဆောင်ရခြင်း နှင့်/သို့မဟုတ် ၁၂ လထက်မကျော်သည့်ထောင်ဒဏ် ချမှတ်ခံရမည်ဖြစ်သည်။ ဥပဒေပိုင်နက် အများအပြားတွင် ပြည်သူများသည် ဖမ်းဆီးခံရနိုင်ပြီး တရားရုံးတွင် သက်သေများအဖြစ် တင်သွင်းခံရနိုင်သည်။

**အသရေဖျက်မှု/ဂုဏ်သိက္ခာကျဆင်းစေမှု** - ၂၀၂၀ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အမေရိကန်ပြည်ထောင်စု အစီရင်ခံစာ အပါအဝင် ရင်းမြစ်များမှဖော်ပြသည်မှာ ခေါင်းပုံဖြတ်လိုသည့် အလုပ်ရှင်များသည် နစ်နာသူများနှင့် ၎င်းတို့အတွက် အရေးဆိုထောက်ခံပေးသူများက လုပ်ငန်းခွင်အခြေအနေများကို မဝေဖန်နိုင်စေရန်အလို့ငှာ နစ်နာသူများအား အသရေဖျက်မှုဆိုင်ရာ ဥပဒေများကိုသုံးပြီး ပြစ်မှုဆိုင်ရာစွဲချက်တင်ခြင်းများ ရှိခဲ့သည်ဟူ၍ဖြစ်သည်။ ထိုင်းနိုင်ငံမှ ကုမ္ပဏီတစ်ခုသည် လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေတွင် ထုတ်ဖော်ပြောဆိုသူကို အကာအကွယ်ပေးရေးများ ပါရှိနေလင့်ကစား ၎င်းတို့လုပ်ငန်းခွင်အခြေအနေများမှာ အဓမ္မလုပ်အားစေခိုင်းခြင်းကို ညွှန်ပြနေသည်ဟု လူသိရှင်ကြား စွပ်စွဲခဲ့သည့် လူ့အခွင့်အရေးထောက်ခံအားပေးသူများကို တိုင်ကြားခဲ့ခြင်းများရှိခဲ့သည်နှင့် သာဓကပေးထားသည်။ မြန်မာနိုင်ငံမှ အခြားသာဓကတစ်ခုတွင် တရုတ်ပိုင်စက်ရုံတစ်ရုံ၌ အချိန်ပိုဆင်းရန် အတင်းအကျပ် စေခိုင်းခံရခြင်း ဖြစ်ပြီးသည့်နောက် စက်ရုံအလုပ်သမားများက ဆန္ဒပြခြင်းအတွက် အာဏာပိုင်များက အလုပ်သမားများကို စွဲချက် တင်ခြင်းများပါဝင်သည်။[265]

**အငှားကိုယ်ဝန်ဆောင်မှုဆိုင်ရာ ပြစ်မှုများ** - အငှားကိုယ်ဝန်ဆောင်ရန်အတွက် လူကုန်ကူးခံရသည့်အခါနှင့် အငှားကိုယ်ဝန်ဆောင်ရန် ခေါင်းပုံဖြတ်ခံရခြင်းက ခေါင်းပုံဖြတ်ခံရမှုပုံစံတစ်မျိုးအဖြစ် အသိအမှတ်ပြု မခံရသည့်အခါ လူကုန်ကူးခံရသည့် နစ်နာသူများသည် ဖော်ထုတ်အတည်ပြုခံရခြင်းမရှိဘဲ စီးပွားဖြစ် အငှားကိုယ်ဝန်ဆောင်ခြင်း သို့မဟုတ် မျိုးပွားမှုဆိုင်ရာနည်းပညာနှင့်ပတ်သက်သည့် ပြစ်မှုများအတွက် ရာဇဝတ်သားကဲ့သို့ ပြုမူဆက်ဆံခံရနိုင် ပေသည်။

**ကိုယ်တွင်းအင်္ဂါ ရောင်းချခြင်း/ကိုယ်တွင်းအင်္ဂါ ကုန်ကူးခြင်း** - ဥပဒေပိုင်နက်အများအပြားတွင် ကိုယ်တွင်းအင်္ဂါ ဖယ်ထုတ်ရန်အတွက် လူကုန်ကူးခြင်းအား ထိရောက်စွာ ဖော်ထုတ်အတည်ပြုခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းမရှိပေ။ ယင်းအစား ကိုယ်တွင်းအင်္ဂါဖယ်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် လူကုန်ကူးခံရသည့် နစ်နာသူများအပါအဝင် ပါဝင်ပတ်သက် နေသူများသည် ကိုယ်တွင်းအင်္ဂါရောင်းချခြင်း သို့မဟုတ် ကုန်ကူးခြင်းကြောင့် ပြစ်ဒဏ်စီရင်ခံရနိုင်ပေသည်။ လက်ရှိလေ့လာမှုတွင် ဆင်းရဲသည့်နိုင်ငံများမှ အမျိုးသားများသည် ၎င်းတို့၏ကျောက်ကပ်များကို ရောင်းချရန်အတွက်

---

[263] *Trafficking for Forced Criminal Activities and Begging in Europe: Exploratory Study and Good Practices* (Anti-Slavery International, 2014) pp.6, 22, 61, 64.
[264] Survivor Justice Panel Discussion, Dressember and Karana Rising, 7pm ET, 30 April 2021. Author's notes.
[265] 2020 Trafficking in Persons Report: Burma (US Department of State, 2020)

ASEAN ဒေသအပါအဝင် နိုင်ငံဖြတ်ကျော် ခရီးသွားပြီးသည့်နောက် ကိုယ်တွင်းအင်္ဂါဖယ်ထုတ်မှုနှင့်စပ်ဆိုင်သည့် လူကုန်ကူးမှုဆိုင်ရာ ဥပဒေဖြင့် ရာဇဝတ်သားကဲ့သို့ပြုမူဆက်ဆံခံရသည့် အခြေအနေများကို တွေ့ရှိရသည်။

**တရားမဝင်သော၊ အစီရင်ခံထားခြင်းမရှိသောနှင့် စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းသိမ်းထားခြင်းမရှိသော (IUU) ငါးဖမ်းခြင်းနှင့်စပ်ဆိုင်သည့် ပြစ်မှုများ** - ငါးဖမ်းလုပ်ငန်းသို့ ခေါင်းပုံဖြတ်ခံရသူများမှာ တရားမဝင်ငါးဖမ်းခြင်း၊ ပိုင်နက်ကျူးကျော်၍ ငါးခိုးဖမ်းခြင်း၊ မှောင်ခိုတင်သွင်းခြင်းနှင့် နိုင်ငံပိုင်နက်များအတွင်းသို့ တရားမဝင် ဝင်ရောက်ခြင်းများအပါအဝင် ၎င်းတို့ လူကုန်ကူးခံနေရစဉ်အတွင်းကျူးလွန်သည့် ရာဇဝတ်မှုများအတွက် ရာဇဝတ်သားကဲ့သို့ ပြုမူဆက်ဆံခံရခြင်းများ ပိုမိုကြုံတွေ့ရနိုင်သည်။[266] ငါးဖမ်းလုပ်ငန်းသို့ လူကုန်ကူးခံရသူများမှာ IUU ငါးဖမ်းခြင်းတွင် ပါဝင်ပတ်သက်မှုအတွက် တရားစွဲဆိုစစ်ဆေးခံရပြီး ပြစ်ဒဏ်ချမှတ်ခံရနိုင်သည်။[267] လက်ရှိလေ့လာမှုအရ ASEAN ဒေသတစ်ခွင်ရှိ ငါးဖမ်းလုပ်ငန်းများတွင် လူကုန်ကူးခံရသည့် နစ်နာသူများ၊ အထူးသဖြင့် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံသားများသည် အာရှနိုင်ငံများတွင်သာမက ပစိဖိတ်နှင့် အခြားဒေသများအပါအဝင် အခြားနိုင်ငံများရှိ IUU တွင် ပါဝင်ပတ်သက်မှုအတွက် ပြစ်ဒဏ်ချမှတ်ခံရခြင်းနှင့် ဒဏ်ငွေပေးဆောင်ရခြင်းများရှိသောကြောင့် ၎င်းနစ်နာသူများအတွက် စိုးရိမ်ပူပန်ဖွယ် တွေ့ရှိရသည်။ ငါးဖမ်းလုပ်ငန်းသို့ လူကုန်ကူးခံရသည့် ASEAN နိုင်ငံများ၏ နိုင်ငံသားများမှာ ကမ္ဘာ့ဒေသအနှံ့အပြားသို့ လူကုန်ကူးခံရခြင်းဖြစ်သည်။ အချို့ဖြစ်ရပ်များတွင် ဤပုဂ္ဂိုလ်များကို လူကုန်ကူးခံရသည့် နစ်နာသူများအဖြစ် NGO များက ဖော်ထုတ်အတည်ပြုသော်လည်း တရားဝင်ဖော်ထုတ်အတည်ပြုခြင်းခံရပြီး အကာအကွယ်ပေးခံရခြင်းများ မရှိပေ။

[266] 2021 Trafficking in Persons Report: Indonesia (US Department of State, 2021)
[267] Sallie Yea, *Human Trafficking and Modern Slavery in Asia*, ABC Big Ideas, 10 May 2021

## နောက်ဆက်တွဲ ၂။ ဆွေးနွေးပွဲအတွက် ဦးဆောင်ဆွေးနွေးမှု အထောက်အကူပြုကိရိယာ

### အဖွဲ့ဝင်နိုင်ငံများ၏ လူကုန်ကူးခံရသည့် နစ်နာသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းဆိုင်ရာ ဥပဒေ၊ မူဝါဒနှင့် ကျင့်သုံးမှုအလေ့အထများ ဆွေးနွေးပွဲ

**ဦးဆောင်ဆွေးနွေးသူအတွက် လမ်းညွှန်ချက်များ -** ဤဖောင်ပုံစံကို AACT ဌာနေလုပ်ငန်းအဖွဲ့အနေဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူနှင့်ပတ်သက်ပြီး ဆွေးနွေးပွဲများကျင်းပရာတွင် အသုံးပြုနိုင်ရန် ရေးဆွဲထားပါသည်။ ၎င်းကို အသုံးပြုရမည့်သူများမှာ -

- ဆွေးနွေးပွဲများ အဆင်ပြေချောမွေ့စေရန် ဦးဆောင်ဆွေးနွေးမည့်သူများ
- ဆွေးနွေးပွဲများကို မှတ်တမ်းတင်ရန်အတွက် မှတ်စုယူသူများ - ဆွေးနွေးပွဲ တစ်ခုစီအတွက် ဖောင်ပုံစံတစ်ခုစီကို မှတ်စုယူသူက ဖြည့်စွက်ရမည်ဖြစ်သည်။

ဤဖောင်ပုံစံကို ဆွေးနွေးပွဲသို့ ဖိတ်ကြားထားသူများ/ပါဝင်တက်ရောက်သူများနှင့် မျှဝေခြင်းမပြုရပါ။

**အစည်းအဝေးမတိုင်မီနှင့် အစည်းအဝေးကျင်းပနေစဉ်ကာလအတွင်း ဌာနေလုပ်ငန်းအဖွဲ့က ဖြည့်စွက်ရန် -**

| | |
|---|---|
| **ဆွေးနွေးမည့် နေ့/အချိန်/နေရာ** | |
| ရက်စွဲ | |
| အချိန် | |
| နေရာ | |
| **ဆွေးနွေးပွဲမှ ASEAN-ACT အဖွဲ့** | |
| ဦးဆောင်ဆွေးနွေးသူအမည် | |
| မှတ်စုယူသူအမည် | |
| စကားပြန်အမည် | |
| အခြားတက်ရောက်သည့် AACT ဝန်ထမ်း | |
| တက်ရောက်သူအရေအတွက် စုစုပေါင်း | |
| **ဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်သူများအကြောင်း အချက်အလက်အကျဉ်း** | |
| အစိုးရ/ အစိုးရမဟုတ်သော | |
| ပါဝင်တက်ရောက်သူဦးရေ/ ကျား၊ မ | အမျိုးသားဦးရေ -<br>အမျိုးသမီးဦးရေ -<br>ပါဝင်တက်ရောက်သူအရေအတွက် စုစုပေါင်း - |
| ပါဝင်တက်ရောက်သူများ၏ ရာထူးတာဝန် (ကျေးဇူးပြု၍ ဖော်ပြပါ)<br>[ဥပမာ - တရားဥပဒေစိုးမိုးရေးအရာရှိ၊ လူဝင်မှုကြီးကြပ်ရေး အရာရှိ၊ အစိုးရရှေ့နေ၊ တရားခံရှေ့နေ၊ တရားသူကြီး၊ နစ်နာသူအတွက် ဝန်ဆောင်မှုပေးသူ၊ အခြား စသည်ဖြင့်] | |

**ဦးဆောင်ဆွေးနွေးသူအနေဖြင့် ဆွေးနွေးပွဲအဖွင့်မိတ်ဆက်ရာတွင် အသုံးပြုရန် -**

**နောက်ခံအကြောင်းအရာ** - ASEAN-Australia Counter Trafficking (ASEAN-ACT) သည် 'ASEAN အဖွဲ့ဝင် နိုင်ငံများတွင် လူကုန်ကူးခံရသည့် နစ်နာသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို အကောင်အထည်ဖော် ကျင့်သုံးရေး' ဟူသော ခေါင်းစဉ်ဖြင့် စာတမ်းတစ်စောင်ကို အသေးစိတ်ရေးသားလျက် ရှိပါသည်။ ၎င်းစာတမ်းကို ASEAN-ACT ဆိုင်ရာ နိုင်ငံတကာဥပဒေနှင့် မူဝါဒရေးရာအကြံပေး Marika McAdam က ပြုစုရေးသားနေခြင်း ဖြစ်သည်။ ဤလေ့လာချက်အတွက် လိုအပ်သည့်အချက်အလက်များ ရယူနိုင်ရန်အတွက် ASEAN အဖွဲ့ဝင်နိုင်ငံများရှိ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၏ ထိုးထွင်းသုံးသပ်ချက်များနှင့် အတွေ့အကြုံများကို မေးမြန်းဆွေးနွေးလိုပါသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုတွင် လူကုန်ကူးခံရသည့် နစ်နာသူများသည် ၎င်းတို့လူကုန်ကူးခံရသည့် အကျိုးဆက် အနေဖြင့် ကျူးလွန်သည့် ဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် ပြစ်ဒဏ်ချမှတ်မခံရသင့်ဟု ဖော်ပြထားသည်။ ဤအခြေခံမှုသည် လူကုန်ကူးခံရသူက ကျူးလွန်သည့် ပြစ်မှုများအားလုံးအတွက် အလုံးစုံလွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်း မဟုတ်သလို ကြီးလေးသောရာဇဝတ်မှုများကို ချန်လှပ်ထားရန်လည်း မရည်ရွယ်ပေ။ ဤအခြေခံမှုကို *အမျိုးသမီးများနှင့် ကလေးသူငယ်များအား အထူးအလေးပေးသော လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ်* (၂၀၁၅) ၏ အပိုဒ်ခွဲ ၁၄(၇) တွင် "လူကုန်ကူးခံရသည့် နစ်နာသူတစ်ဦးချင်းစီသည် ၎င်းတို့ ကျူးလွန်ထားသော ဥပဒေနှင့်မညီသည့် လုပ်ရပ်များက ၎င်းတို့ လူကုန်ကူးခံရခြင်းနှင့် တိုက်ရိုက်ဆက်နွယ်နေပါက သက်ဆိုင်ရာနိုင်ငံ၏ ပြည်တွင်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများအရနှင့် သင့်တင့်လျောက်ပတ်သည့် အခြေအနေများတွင် ရာဇဝတ်ဆိုင်ရာ သို့မဟုတ် အုပ်ချုပ်ရေးပိုင်းဆိုင်ရာအရ ပြစ်မှုမြောက်စေရန် တာဝန်ရှိသည်ဟု မသတ်မှတ်ရ" ဟု ဖော်ပြထားသည်။ ဤသည်သာမက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ အခြေခံမှုကို ACWC ၏ *လူကုန်ကူးခံရသူ အမျိုးသမီးများနှင့်ပတ်သက်၍ ကိုင်တွယ် ဖြေရှင်းရန် ကျားမ ကွဲပြားမှုကို အထူးဂရုပြုထားသော လမ်းညွှန်ချက်* (အပိုင်း ၃၊ ၃.၆.၁) နှင့် *လူကုန်ကူးခြင်းအား ရာဇဝတ်ဆိုင်ရာ တရားမျှတရေး တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ ASEAN တရားရေးတာဝန်ရှိသူ လမ်းညွှန်* (၂၀၀၇) ၏ အပိုင်း ၁၊ ၈-၂ တွင် ဖော်ပြထားသည်။ ထို့အပြင် ASEAN ဒေသတစ်ဝန်းရှိ နိုင်ငံအများစုတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို ထင်ဟပ်ဖော်ပြထားသည့် သီးခြားဥပဒေကို ပြဋ္ဌာန်းထားခြင်း ရှိပေသည်။

**ဤဆွေးနွေးပွဲ၏ ရည်ရွယ်ချက်** - ဤဆွေးနွေးပွဲတွင် အောက်ပါအကြောင်းအရာများနှင့် စပ်လျဉ်း၍ မေးခွန်းများ မေးမြန်းဆွေးနွေးလိုပါသည်။

- ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို သဘောပေါက်နားလည်ခြင်းနှင့် ကျင့်သုံးခြင်း
- လူကုန်ကူးခံရသူများက လူကုန်ကူးခံရစဉ်အတွင်း ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် တရားစွဲဆို စစ်ဆေးခြင်း
- နစ်နာသူများကို တရားစွဲဆိုစစ်ဆေးခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းမှ အကာအကွယ်ပေးရာတွင် ဥပဒေ၏ ပါဝင်မှု အခန်းကဏ္ဍ
- ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် သက်ဆိုင်သည့် လမ်းညွှန်ချက်များ၊ မူဝါဒများ နှင့် နှစ်နိုင်ငံသဘောတူနှင့် ဒေသအလိုက် သဘောတူစာချုပ်များ
- ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို လိုက်နာကျင့်သုံးရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် အလေ့အထကောင်းများ

သင့်အနေနှင့် မည်သည့်မေးခွန်းကိုမဆို ကျော်သွားနိုင်ပြီး ဖြေဆိုလိုခြင်းမရှိသည့် မေးခွန်းများကို ဖြေဆိုရန် မလိုအပ်ပါ။

ဤဆွေးနွေးမှုမှာ ၂ နာရီခွဲခန့် ကြာမြင့်မည်ဟု ခန့်မှန်းထားပါသည်။

**လျှို့ဝှက်ထားရှိမှု** - လေ့လာချက်တွင် ကျွန်ုပ်တို့နှင့် ဆွေးနွေးတိုင်ပင်ထားသော အဖွဲ့အစည်းများနှင့် အေဂျင်စီများကို စာရင်းပြုစု၍ ထည့်သွင်းဖော်ပြမည်ဖြစ်သော်လည်း တက်ရောက်သည့် လူပုဂ္ဂိုလ်များ သို့မဟုတ် ၎င်းတို့နှင့် ဆက်နွယ်ပတ်သက်သည့် အဖွဲ့အစည်းများနှင့်စပ်လျဉ်းသည့် မှတ်ချက်များကို ဤစာတမ်းတွင် ထည့်သွင်းဖော်ပြမည် မဟုတ်ပါ။ ဆွေးနွေးပွဲတွင် ရယူထားသော မှတ်စုများကို ဤလေ့လာမှုအတွက် အချက်အလက်များအဖြစ်သာ အသုံးပြုမည်ဖြစ်ပြီး ASEAN-Australia Counter Trafficking အဖွဲ့ပြင်ပသို့ မျှဝေမည်မဟုတ်ပါ။

**မေးခွန်းများ -** ဆက်လက်မဆောင်ရွက်မီ မေးမြန်းလိုသည်များ ရှိပါသလား။

## Part 1: General questions (20 mins) အပိုင်း ၁။ အထွေထွေမေးခွန်းများ (မိနစ် ၂၀)

**<u>ဦးဆောင်ဆွေးနွေးသူက ရှင်းပြရန်</u>** - လူကုန်ကူးခံရသည့် နစ်နာသူသည် ၎င်းလူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အနေဖြင့် ကျူးလွန်ခဲ့သောပြစ်မှုများ သို့မဟုတ် လူကုန်ကူးသူများက အတင်းအကျပ်စေခိုင်း၍ ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် ပြစ်ဒဏ်ချမှတ်ခံရခြင်း မရှိစေရဟု ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူက ဆိုထားသည်။

### *သင့်အမြင်အရ...*

| | |
|---|---|
| **<u>မေးခွန်း ၁။</u>** ဤအခြေခံမူကို သင့်နိုင်ငံတွင် ရှင်းလင်းစွာ သဘောပေါက်နားလည်ပြီး ကျင့်သုံးခြင်းရှိသည်ဟု ထင်ပါသလား။<br>• အဘယ်ကြောင့်နည်း၊ သို့မဟုတ် အဘယ်ကြောင့် မထင်သနည်း။ | |

**<u>မေးခွန်း ၂။</u>** လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးဖြစ်သော သင်သည် သင်၏နိုင်ငံတွင်း၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို လိုက်နာကျင့်သုံးရာတွင် မည်သည့်အခန်းကဏ္ဍမှ ပါဝင်နေသနည်း။

| **လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ တာဝန်**<br>[ဥပမာ - စုံစမ်းစစ်ဆေးသူ၊ အစိုးရရှေ့နေ၊ ရှေ့နေ၊ တရားသူကြီး၊ လူဝင်မှုကြီးကြပ်ရေး/ နယ်စပ်အရာရှိ/ လုပ်သားဆိုင်ရာ စစ်ဆေးရေးအရာရှိ၊ နစ်နာသူအတွက် ဝန်ဆောင်မှုပေးသူ/ အခြား (ကျေးဇူးပြု၍ အတိအကျဖော်ပြပါ)]<br>မှတ်ချက် - ပါဝင်တက်ရောက်သူ တစ်ဦးလျှင် တစ်ကြောင်းနှုန်း ရေးသားရန် | **ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို လိုက်နာကျင့်သုံးရာတွင် ပါဝင်သည့် အခန်းကဏ္ဍ -** |
|---|---|
| ပါဝင်တက်ရောက်သူ ၁- | |
| ပါဝင်တက်ရောက်သူ ၂ - | |
| ပါဝင်တက်ရောက်သူ ၃ - | |
| ပါဝင်တက်ရောက်သူ ၄ - | |
| ပါဝင်တက်ရောက်သူ ၅ - | |
| ပါဝင်တက်ရောက်သူ ၆ - | |
| ပါဝင်တက်ရောက်သူ ၇ - | |
| ပါဝင်တက်ရောက်သူ ၈ - | |
| ပါဝင်တက်ရောက်သူ ၉ - | |
| ပါဝင်တက်ရောက်သူ ၁၀ - | |
| ပါဝင်တက်ရောက်သူ ၁၁- | |
| ပါဝင်တက်ရောက်သူ ၁၂ - | |

## အပိုင်း ၂။ နစ်နာသူအား ပြစ်ဒဏ်ချမှတ်ခြင်းနှင့် တရားစွဲဆိုစစ်ဆေးခြင်းဆိုင်ရာ လက်တွေ့အခြေအနေများ (မိနစ် ၄၀)

**ဦးဆောင်ဆွေးနွေးသူက ရှင်းပြရန် -** လူကုန်ကူးခံရသည့် နစ်နာသူများသည် လူကုန်ကူးခံရသည့် ဖြစ်စဉ်တစ်လျှောက် ပြစ်မှုများ ကျူးလွန်နိုင်သည်။ ၎င်းပြစ်မှုများတွင် နိုင်ငံဖြတ်ကျော် လူကုန်ကူးခံရခြင်းအတွက် စာရွက်စာတမ်းဆိုင်ရာ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြစ်မှုများလည်း အပါအဝင်ဖြစ်သည်။ ခေါင်းပုံဖြတ်ခံရသည့်အဆင့်တွင် နစ်နာသူများသည် အထူးသဖြင့် ပြည့်တန်ဆာပြုခြင်းကို တရားမဝင်ဟု သတ်မှတ်ထားသည့် အခြေအနေတွင် တရားမဝင်အလုပ်များနှင့် ဆက်စပ်နေသည့် ပြစ်မှုများကို ကျူးလွန်နိုင်သည်။ ကိုယ်တွင်းကလီစာများ ထုတ်ရောင်းရန် ရည်ရွယ်ချက်ဖြင့် လူကုန်ကူးခံရသူများမှာလည်း နစ်နာသူများအဖြစ် အကာအကွယ်ရရှိခြင်းထက် ကိုယ်တွင်းကလီစာကုန်ကူးခြင်းအတွက် ပြစ်မှုစီရင်ခံရနိုင်သည်။ ရာဇဝတ်မှု ကျူးလွန်ရန် (မူးယစ်ဆေးဝါးစိုက်ပျိုးခြင်း၊ တရားမဝင် စီးကရက်ထုတ်လုပ်ခြင်း၊ အလစ်သုတ်ခြင်း၊ ခိုးယူခြင်းနှင့် ကုန်ပစ္စည်းအတုများ ရောင်းချခြင်း၊ အကျိုးအမြတ်လိမ်လည်ခြင်း) အတွက် လူကုန်ကူးခံရသူများမှာ ၎င်းတို့ ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် တရားစီရင်ခံရနိုင်ခြေ ရှိပေသည်။

**မေးခွန်း ၃။** <u>တရားဝင်ဖော်ထုတ်အတည်ပြုခံရခြင်း မရှိသေးသည့်</u> လူကုန်ကူးခံရသူများ သို့မဟုတ် လူကုန်ကူးခံရသည်ဟု ယူဆရသူများအနေနှင့် အောက်ပါပြစ်မှုများအတွက် တရားစွဲဆိုစစ်ဆေးခံရသည့် အခြေအနေများကို သင်သိပါသလား။ အခြေအနေကို အတိုချုံးဖော်ပြပါ -

| ပြစ်မှု | လက်တွေ့သာဓက |
|---|---|
| တရားမဝင် ဝင်ရောက်ခြင်း | |
| တရားမဝင် ထွက်ခွာခြင်း | |
| တရားမဝင် နေထိုင်ခြင်း | |
| တရားမဝင်အလုပ် လုပ်ကိုင်ခြင်း<br>(ဥပမာ - ပြည့်တန်ဆာပြုခြင်း/အခြား) | |
| စာရွက်စာတမ်းဆိုင်ရာ ပြစ်မှုများ | |
| အဂတိလိုက်စားမှုဆိုင်ရာ ပြစ်မှုများ | |
| အသရေဖျက်ခြင်း/ အသရေဖျက်ခြင်းဆိုင်ရာ ပြစ်မှုများ | |
| ကိုယ်တွင်းအင်္ဂါများ ရောင်းချခြင်း/ ကုန်ကူးခြင်း | |
| အငှားကိုယ်ဝန်ဆောင်ခြင်းဆိုင်ရာ ပြစ်မှုများ | |
| မူးယစ်ဆေးဝါး စိုက်ပျိုးခြင်း သို့မဟုတ် ကုန်ကူးခြင်း | |
| လူကုန်ကူးမှုဆိုင်ရာ ပြစ်မှုများ<br>(ဥပမာ - အခြားသူများကို ကုန်ကူးမှု) | |

| | |
|---|---|
| အကြမ်းဖက်မှု/ လက်နက်ကိုင် ပဋိပက္ခများနှင့် ပတ်သက်သော ပြစ်မှုများ | |
| အသေးအဖွဲ့ပြစ်မှုများ | |
| အခြား (ကျေးဇူးပြု၍ အတိအကျဖော်ပြပါ) | |

**<u>မေးခွန်း ၄။</u>** <u>တရားဝင်ဖော်ထုတ်အတည်ပြုခံရပြီးသော</u> လူကုန်ကူးခံရသည့် နစ်နာသူများကို ၎င်းတို့ လူကုန်ကူးခံနေရစဉ်အတွင်း ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် တရားစွဲဆိုစစ်ဆေးခံရသည့် အခြေအနေ တစ်ရပ်ရပ်ကို သင်သိပါသလား။ မည်သည့်ပြစ်မှုများ ဖြစ်ပါသနည်း။ အခြေအနေကို အတိုချုံးဖော်ပြပါ -

| **ပြစ်မှု** | **လက်တွေ့သာဓက** |
|---|---|
| | |
| | |
| | |
| | |

**<u>မေးခွန်း ၅။</u>** သင့်နိုင်ငံတွင် လူကုန်ကူးခံရသည့် နစ်နာသူများအနေနှင့် အောက်ဖော်ပြပါအခြေအနေများ ကြုံတွေ့ရသည့် သာဓကများ ရှိပါသလား။ ၎င်းနစ်နာသူများကို တရားဝင်ဖော်ထုတ်အတည်ပြုပြီးခြင်း ရှိ၊ မရှိ ဖော်ပြပါ။ အခြေအနေကို အတိုချုံးဖော်ပြပါ -

| | |
|---|---|
| ဖမ်းဆီးခြင်း | |
| တရားဥပဒေစိုးမိုးရေး သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဌာနတွင် ထိန်းသိမ်းခံရခြင်း | |
| ခိုလှုံရာ သို့မဟုတ် ပြုစုစောင့်ရှောက်ရေး ဌာနတွင် ထိန်းသိမ်းခံရခြင်း | |
| ပြည်နှင်ဒဏ်ချမှတ်ခြင်း/ အတင်းအကျပ်ပြန်စေခြင်း | |
| လဝကကြေး/ ပြစ်ဒဏ်ကြေးများ ကောက်ခံခြင်း | |
| နေထိုင်ခွင့် သို့မဟုတ် အလုပ်လုပ်ကိုင်ခွင့် သက်တမ်းတိုးပေးမှု မရှိခြင်း | |
| နိုင်ငံသားဖြစ်ခွင့် ဆုံးရှုံးခြင်း | |
| အခြား (ကျေးဇူးပြု၍ အတိအကျဖော်ပြပါ) | |

**<u>မေးခွန်း ၆။</u>** နစ်နာသူများက လူကုန်ကူးခံရသည့် အကျိုးဆက်အနေဖြင့် ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် ပြစ်ဒဏ်ချမှတ်ခံရနိုင်ခြေသည် အောက်ပါနစ်နာသူအမျိုးအစားများအပေါ် ထူးထူးခြားခြား သက်ရောက်မှုရှိသည်ဟု သင်ထင်ပါသလား၊ မည်သည့်ပုံစံများဖြင့် ထူးထူးခြားခြား သက်ရောက်မှုရှိသည်ဟု ထင်ပါသနည်း။

| | |
|---|---|
| အမျိုးသား နစ်နာသူများ | |
| အမျိုးသမီး နစ်နာသူများ | |
| အမျိုးသမီးချင်း စုံမက်သူ၊<br>အမျိုးသားချင်း စုံမက်သူ၊<br>လိင်နှစ်မျိုးလုံး စုံမက်သူ၊<br>လိင်ပြောင်းခဲ့စိတ်ထားသူ၊<br>ဇီဝလိင် မကွဲပြားသူ၊<br>လိင်တူစုံမက်သူ နစ်နာသူများ | |
| ကလေးသူငယ် နစ်နာသူများ | |
| နိုင်ငံသူ/နိုင်ငံသားများ | |
| နိုင်ငံသားမဟုတ်သူများ | |
| အထောက်အထားမဲ့ နိုင်ငံသားများ | |
| လိင်ပိုင်းဆိုင်ရာ<br>အမြတ်ထုတ်ခံရသူများ | |
| လိင်ပိုင်းဆိုင်ရာမဟုတ်သော<br>ပုံစံများဖြင့် ခေါင်းပုံဖြတ်ခံရသူများ | |
| အခြား (ကျေးဇူးပြု၍<br>အတိအကျဖော်ပြပါ) | |

## အပိုင်း ၃။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ဥပဒေ (မိနစ် ၄၀)

**ဦးဆောင်ဆွေးနွေးသူက ရှင်းပြရန် -** *အမျိုးသမီးများနှင့် ကလေးသူငယ်များအား အထူးအလေးပေးသော လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ်* (၂၀၁၅) တွင် 'လူကုန်ကူးခံရသည့် နစ်နာသူက ကျူးလွန်ထားသော ဥပဒေနှင့်မညီသည့် လုပ်ရပ်များသည် ၎င်းတို့ လူကုန်ကူးခံရခြင်းနှင့် တိုက်ရိုက် ဆက်နွှယ်နေပါက သက်ဆိုင်ရာနိုင်ငံ၏ ပြည်တွင်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများအရ သင့်တင့်လျောက်ပတ်သည့် အခြေအနေများတွင် ၎င်းနစ်နာသူကို ရာဇဝတ်ဆိုင်ရာ သို့မဟုတ် အုပ်ချုပ်ရေးပိုင်း ဆိုင်ရာအရ ပြစ်ဒဏ်ခံယူရန် တာဝန်ရှိသည်ဟု မသတ်မှတ်ရပါ' ဟု ဖော်ပြထားသည်။ (အပိုဒ်ခွဲ ၁၄(၇))။

နိုင်ငံအဆင့်၌ **ဘရူနိုင်းဒါရူစလမ်** နိုင်ငံတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို *ဘရူနိုင်းဒါရူစလမ် လူကုန်ကူးမှု တိုက်ဖျက်ရေး အမိန့်ကြေညာချက် (၂၀၁၉)* ၏ အပိုဒ်ခွဲ ၄၇ တွင် ထည့်သွင်းပြဌာန်းထားပြီး လူကုန်ကူးခံရသူများသည် လူကုန်ကူးခံရသည်ဟု ယူဆခံရခြင်း သို့မဟုတ် လူကုန်ကူးခံခဲ့ရခြင်း၏ တိုက်ရိုက်အကျိုးဆက်ဖြစ်သည့် ဘရူနိုင်းဒါရူစလမ်နိုင်ငံအတွင်း ဝင်ရောက်ရန် ရည်ရွယ်ချက်ဖြင့် ၎င်းရယူခဲ့သည့်၊ သို့မဟုတ် ၎င်းအား ပေးအပ်ထားသည့် ခရီးသွားစာရွက်စာတမ်း သို့မဟုတ် မှတ်ပုံတင်စာရွက်စာတမ်း အတုများအား ပြုလုပ်ရယူခြင်း သို့မဟုတ် လက်ဝယ် ပိုင်ဆိုင်ခြင်းများနှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ တရားစွဲဆိုစစ်ဆေးခံရရန် ဥပဒေအရ တာဝန်မရှိဟု ဖော်ပြထားသည်။

နိုင်ငံအဆင့်၌ **ကမ္ဘောဒီးယား**နိုင်ငံ *လူကုန်ကူးမှုနှိမ်နင်းရေးနှင့် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းဆိုင်ရာ ဥပဒေ* (၂၀၀၈) အပိုဒ်ခွဲ ၄၄ တွင် အသက် ၁၅ နှစ်အောက်အရွယ်များက အသက်ဆယ့်ငါးနှစ်အောက် အရွယ်မရောက်သေးသူများနှင့် လိင်ဆက်ဆံခြင်း (အပိုဒ်ခွဲ ၄၂) နှင့် အသက်ဆယ့်ငါးနှစ်အောက် အရွယ်မရောက်သေးသူများအပေါ် မတော်တရော် ပြုမူခြင်း (အပိုဒ်ခွဲ ၄၃) အပါအဝင် ပြဌာန်းချက်ပါ ပြစ်မှုများအတွက် ၎င်းတို့အား ပြစ်ဒဏ်ချမှတ်ခြင်းမှ ကာကွယ်ပေး ထားသည်။

နိုင်ငံအဆင့်၌ **အင်ဒိုနီးရှား**နိုင်ငံ၏ *လူကုန်ကူးမှုတိုက်ဖျက်ရေး ပြစ်မှုဆိုင်ရာအက်ဥပဒေကို ပယ်ဖျက်သည့် အင်ဒိုနီးရှား သမ္မတနိုင်ငံ ဥပဒေအမှတ် ၂၁ (၂၀၀၇)* တွင် 'လူကုန်ကူးမှု ကျူးလွန်သူ၏ ဖိအားပေးစေခိုင်းမှုကြောင့် ရာဇဝတ်မှု ကျူးလွန်ရသည့် နစ်နာသူကို ဥပဒေအရ ပြစ်မှုဆိုင်ရာစွဲချက်တင်ခြင်း မပြုရ'ဟု ဖော်ပြပါရှိသည်။

နိုင်ငံအဆင့်၌ **လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတော်**၏ *လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေ* (၂၀၁၅) အပိုဒ်ခွဲ ၃၉(၇)တွင် နစ်နာသူများ၏ အခွင့်အရေးနှင့်ပတ်သက်ပြီး 'ပြည့်တန်ဆာအလုပ်လုပ်ကိုင်ခြင်းဆိုင်ရာ ပြစ်မှုနှင့် တရားမဝင် အခြေချနေထိုင်မှုအတွက် ပြစ်မှုဆိုင်ရာ တာဝန်ခံမှုမှ လွတ်ငြိမ်းခွင့်ရရှိပြီး ထိန်းသိမ်းခံရခြင်း မရှိစေရ' ဟု ဖော်ပြ ထားသည်။ ထို့အပြင် *အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေ* ၏ အပိုဒ်ခွဲ ၂၅(၆) တွင် လူကုန်ကူးခံရသည့် နစ်နာသူအမျိုးသမီးများနှင့် ကလေးသူငယ်များအနေဖြင့် 'အမျိုးသမီးများနှင့် ကလေးသူငယ် များအား လူကုန်ကူးခြင်း၊ ပြည့်တန်ဆာအလုပ်လုပ်ကိုင်ခြင်း၊ [သို့မဟုတ်] တရားမဝင် ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ မည်သည့်စွဲချက်များဖြင့်မဆို တရားစွဲဆိုစစ်ဆေးခြင်းနှင့် ဖမ်းဆီးထိန်းသိမ်းခြင်း မခံရစေရန်' အတွက် အခွင့်အရေး ရှိသည်ဟု ဖော်ပြထားသည်။

နိုင်ငံအဆင့်၌ **မလေးရှား**နိုင်ငံ *လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် မှောင်ခိုရွှေ့ပြောင်းဝင်ရောက်သူများ တားဆီးရေး အက်ဥပဒေ* (၂၀၀၇) ၏ အပိုဒ် ၂၅ တွင် လူကုန်ကူးခံရသူများသည် လူကုန်ကူးခံရသည်ဟု ယူဆခံရခြင်း သို့မဟုတ် လူကုန်ကူးခံခဲ့ရခြင်း၏ တိုက်ရိုက်အကျိုးဆက်ဖြစ်သည့် သက်ဆိုင်ရာနိုင်ငံအတွင်း ဝင်ရောက်ရန် သို့မဟုတ် ဖြတ်သန်းသွားရန် ရည်ရွယ်ချက်ဖြင့် ၎င်းရယူခဲ့သည့်၊ သို့မဟုတ် ၎င်းအား ပေးအပ်ထားသည့် ခရီးသွား စာရွက်စာတမ်း သို့မဟုတ် မှတ်ပုံတင်စာရွက်စာတမ်း အတုများအား ပြုလုပ်ရယူခြင်း သို့မဟုတ် လက်ဝယ် ပိုင်ဆိုင်ခြင်းများနှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ တရားစွဲဆိုစစ်ဆေးခံရရန် ဥပဒေအရ တာဝန်မရှိဟု ဖော်ပြထားသည်။

နိုင်ငံအဆင့်၌ **မြန်မာ**နိုင်ငံ *လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ* (၂၀၀၅) ၏ အခန်း ၅ ရှိ လူကုန်ကူးခံရသည့် နစ်နာသူများ၏ အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ခြင်း၌ ဗဟိုအဖွဲ့သည် လူကုန်ကူးခံရသူများကို *လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေ* အောက်ရှိ မည်သည့်ပြစ်မှုနှင့်မျှ အရေးယူခြင်းမပြုရန်နှင့် လူကုန်ကူးမှု၏ တိုက်ရိုက်အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသည့် အခြားပြစ်မှုတစ်ခုခုအတွက် လူကုန်ကူးခံရသူများအား အရေးယူရန် သင့်လျော်မှု ရှိ၊ မရှိ ဆုံးဖြတ်ရမည်ဟု ဖော်ပြထားသည်။

နိုင်ငံအဆင့်၌ **ဖိလစ်ပိုင်**နိုင်ငံတွင် -

- *RA ၁၀၃၆၄* (၂၀၁၂) ဖြင့် မွမ်းမံပြင်ဆင်ထားသည့် *ပြည်သူ့သမ္မတနိုင်ငံ အက်ဥပဒေ အမှတ် ၉၂၀၈* (၂၀၀၃) ၏ အပိုဒ် ၁၇ တွင် လူကုန်ကူးခံရသည့် နစ်နာသူများအား ၎င်းတို့လူကုန်ကူးခံရခြင်း၏ တိုက်ရိုက် အကျိုးဆက်အဖြစ် သို့မဟုတ် ၎င်းအခြေအနေနှင့် ဆက်နွှယ်၍ ကျူးလွန်ခဲ့သည့်၊ သို့မဟုတ် လူကုန်ကူးသူက အမိန့်ပေးသဖြင့် လိုက်နာ၍ ကျူးလွန်ခဲ့သည့် ဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် ပြစ်ဒဏ်ချမှတ်ခံရခြင်း မရှိစေရဟု ဖော်ပြထားသည်။ အဆိုပါအပိုဒ်တွင် ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်စေရန် လူကုန်ကူးခံရသည့် နစ်နာသူများအား *မွမ်းမံပြင်ဆင်ထားသည့် ရာဇသတ်ကြီး ဥပဒေ* အရ တရားစွဲဆိုစစ်ဆေးခြင်း၊ ဒဏ်ကြေးတပ်ခြင်း သို့မဟုတ် အခြားပြစ်ဒဏ်ချမှတ်ခြင်း မခံရစေရန်အတွက်လည်း အကာအကွယ် ပေးထားသည်။
- ပြည်သူ့သမ္မတနိုင်ငံ အက်ဥပဒေအမှတ် ၁၀၃၆၄ ဖြင့် မွမ်းမံပြင်ဆင်ထားသည့် ပြည်သူ့သမ္မတနိုင်ငံ အက်ဥပဒေ အမှတ် ၉၂၀၈ အား လက်တွေ့အကောင်အထည်ဖော်ခြင်းဆိုင်ရာ မွမ်းမံထားသော စည်းမျဉ်းစည်းကမ်းများ၏ အပိုဒ် ၈၈ တွင် 'လူကုန်ကူးခံရခြင်းနှင့် ဆက်နွှယ်၍ဖြစ်စေ လူကုန်ကူးသူများ၏ တိုက်ရိုက်အမိန့်များကြောင့်ဖြစ်စေ ကျူးလွန်ခဲ့ရသည့် ဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် တရားစွဲဆိုခြင်း မခံရစေရန် ကာကွယ်ပေးထား' ပြီး "ကုန်ကူးခဲ့သည့်ရည်ရွယ်ချက်အရ ခေါင်းပုံဖြတ်ခြင်းကို ဆောင်ရွက်ရာ၌ လူကုန်ကူးခံရသည့် ပုဂ္ဂိုလ်က ပေးအပ်သည့် သဘောတူညီမှုသည် အရာရောက်ခြင်းမရှိပေ။ လူကုန်ကူးခံရသူများအနေဖြင့် ၎င်းတို့ လူကုန်ကူးခံရခြင်းနှင့် ဆက်နွှယ်၍ဖြစ်စေ လူကုန်ကူးသူများ၏ တိုက်ရိုက်အမိန့်များကြောင့်ဖြစ်စေ ကျူးလွန်ခဲ့ရသည့် ဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် ၎င်းတို့အား ပြစ်ဒဏ်ချမှတ်ခြင်း မရှိစေရ" ဟု ဖော်ပြထားသည်။ ဆက်လက်၍ အပိုဒ် ၈၉ တွင် 'မွမ်းမံပြင်ဆင်ထားသည့် ရာဇသတ်ကြီး ဥပဒေ၏ အပိုဒ် ၂၀၂ အရ တရားစွဲဆိုခံရခြင်းမှ အကာအကွယ်ပေးကြောင်း' ဖော်ပြထားပြီး 'ပြည့်တန်ဆာလုပ်ငန်း ဆောင်ရွက်စေရန် လူကုန်ကူးခံရသည့် ပုဂ္ဂိုလ်များအား မွမ်းမံပြင်ဆင်ထားသည့် ရာဇသတ်ကြီး ဥပဒေ၏ အပိုဒ် ၂၀၂ ပါ ပြဋ္ဌာန်းချက်များအရ တရားစွဲဆိုစစ်ဆေးခြင်း၊ ဒဏ်ကြေးတပ်ခြင်း သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်း မရှိစေရ' ဟု ဖော်ပြထားသည်။

**စင်္ကာပူ**နိုင်ငံ၏ *လူကုန်ကူးမှုတားဆီးကာကွယ်ရေး အက်ဥပဒေ ၂၀၁၄* (အမှတ် ၄၅၊ ၂၀၁၄) တွင် လူကုန်ကူးခံရသည့် နစ်နာသူများအား ပြစ်ဒဏ်ချမှတ်ခြင်း သို့မဟုတ် တရားစွဲဆိုစစ်ဆေးခြင်းမှ အကာအကွယ်ပေးသည့် သီးခြား ပြဋ္ဌာန်းချက် တစ်စုံတစ်ရာ ပါဝင်ခြင်းမရှိပေ။

**ထိုင်း**နိုင်ငံ၏ *လူကုန်ကူးမှုတိုက်ဖျက်ရေး အက်ဥပဒေ B.E. ၂၅၅၁* (၂၀၀၈) အပိုဒ် ၄၁ တွင် တရားရေးဝန်ကြီး၏ ခွင့်ပြုမိန့် မပါရှိဘဲ နိုင်ငံတွင်းသို့ တရားမဝင် ဝင်ရောက်ခြင်း သို့မဟုတ် နေထိုင်ခြင်း၊ အချက်အလက်အမှားများ ပေးခြင်း၊ စာရွက်စာတမ်းဆိုင်ရာ ပြစ်မှုများ၊ ပြည့်တန်ဆာအလုပ်လုပ်ကိုင်ခြင်းဆိုင်ရာ ပြစ်မှုများ၊ အလုပ်လုပ်ကိုင်ခြင်းဆိုင်ရာ ပြစ်မှုများ ကျူးလွန်ခြင်းတို့အတွက် လူကုန်ကူးခံရသူများအား ပြစ်မှုဆိုင်ရာ စစ်ဆေးဆောင်ရွက်ခြင်းများ ပြုလုပ်ခွင့် မရှိဟု ဖော်ပြထားသည်။ ထိုင်းနိုင်ငံသည် အဓမ္မလုပ်အားခိုင်းစေခြင်း ဆိုင်ရာ ကွန်ဗင်းရှင်းအတွက် ILO တုံ့ပြန်မှု လုပ်ငန်းစဉ် (၂၀၁၄) ၌ လက်မှတ်ရေးထိုးထားသည့် နိုင်ငံလည်းဖြစ်ပြီး ယင်းလုပ်ငန်းစဉ်တွင် 'အဓမ္မလုပ်အားခိုင်းစေ ခံရသူများကို ၎င်းတို့ အဓမ္မလုပ်အားခိုင်းစေခံရခြင်း၏ တိုက်ရိုက် အကျိုးဆက်အနေဖြင့် မဖြစ်မနေကျူးလွန်ရသည့် ဥပဒေနှင့်မညီသော လုပ်ရပ်များတွင် ပါဝင်ပတ်သက်မှုအတွက် အခွင့်အာဏာရှိသော အာဏာပိုင်များက တရားစွဲဆို စစ်ဆေးခြင်း သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်းများ ပြုလုပ်ခွင့် မရှိကြောင်း သေချာစေရန် လိုအပ်သည်များကို ဆောင်ရွက်ရမည်' ဟူ၍ ဖော်ပြထားသည်။

**ဗီယက်နမ်**နိုင်ငံတွင် ၎င်းတို့၏ လူကုန်ကူးမှုကာကွယ်ရေး၊ နှိမ်နှင်းရေး ဥပဒေအမှတ် 66/2011/QH12 ၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များ မပါရှိပါ။ အလားတူပင် လူကုန်ကူးခံရသည့် နစ်နာသူများအား ဖော်ထုတ်အတည်ပြုခြင်းဆိုင်ရာ အခြေခံအချက်များနှင့် နစ်နာသူများနှင့် ၎င်းတို့၏ဆွေမျိုးသားချင်းများအား အကာအကွယ်ပေးရေးကို ဖော်ပြထားသည့် ၂၀၁၂ ခုနှစ် ဩဂုတ်လ ၁၃ ရက်စွဲပါ အမိန့်ဥပဒေအမှတ် 62/2012/ND-CP နှင့် လူကုန်ကူးမှုဆိုင်ရာဥပဒေ အပိုဒ်ခွဲများစွာကို အသေးစိတ်ပြဋ္ဌာန်းထားသည့် အမိန့်ဥပဒေအမှတ် 09/2013/ND-CP တွင်လည်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို ထည့်သွင်းဖော်ပြထားခြင်းမရှိပေ။

**သင်၏ နိုင်ငံဥပဒေနှင့်စပ်လျဉ်း၍ သင့်အမြင်တွင်...**

| | |
|---|---|
| **မေးခွန်း ၇** - ဤဥပဒေသည် လူကုန်ကူးခံရသူများကို ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ အကာအကွယ်ပေးရန် အသုံးတည့်ပါသလား။<br>• အဘယ်ကြောင့် အသုံးတည့်သနည်း သို့မဟုတ် အဘယ်ကြောင့် အသုံးမတည့်သနည်း။ | |
| **မေးခွန်း ၈** - ဤဥပဒေကို လက်တွေ့တွင် မည်သည့် အတိုင်းအတာအထိ ကျင့်သုံးသနည်း။<br>• ဤဥပဒေအား ကျင့်သုံးသည့်နေရာနှင့် ကျင့်သုံးသည့်ပုံစံအတွက် သာဓကများ ပေးနိုင်ပါသလား။<br>• ဤဥပဒေကို မည်ကဲ့သို့သော လူကုန်ကူးမှုများနှင့် မည်သို့သော ပြစ်မှုအမျိုးအစားများအတွက် ကျင့်သုံးသနည်း။ | |
| **မေးခွန်း ၉** - ဤပြဋ္ဌာန်းချက် သက်ရောက်မှုရှိစေရန် လူကုန်ကူးခံရသူသည် လူကုန်ကူးခံရသည့် နစ်နာသူ ဖြစ်ကြောင်း တရားဝင် ဖော်ထုတ်အတည်ပြုခံရရန် လိုအပ်ပါသလား။ | |
| **မေးခွန်း ၁၀** - ဤပြဋ္ဌာန်းချက်များသည် စုံစမ်းစစ်ဆေးရေးအဆင့်တွင် ပါဝင်သည်ဆိုပါက မည်သည့်အခန်းကဏ္ဍမှ ပါဝင်သနည်း။<br>• စုံစမ်းစစ်ဆေးရေးအရာရှိများအနေဖြင့် စွဲချက်တင်ရန်၊ မတင်ရန် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ရှိပါသလား။ | |

| | |
|---|---|
| <u>**မေးခွန်း ၁၁**</u> - ဤပြဋ္ဌာန်းချက်များသည် <u>တရားစွဲဆို စစ်ဆေးမှု</u>အဆင့်တွင် ပါဝင်သည်ဆိုပါက မည်သည့် အခန်းကဏ္ဍမှ ပါဝင်သနည်း။<br>• အစိုးရရှေ့နေများအနေဖြင့် တရားစွဲဆို စစ်ဆေးခြင်း ပြုရန်၊ မပြုရန် ကိုယ်ပိုင် ဆုံးဖြတ်ခွင့်ရှိပါသလား။ | |
| <u>**မေးခွန်း ၁၂**</u> - ပြစ်မှုကျူးလွန်သူများမှာ လူကုန်ကူးခံရသူများဖြစ်နေသည့် အမှုများ၌ တရားရုံးများသည် အမှုကိုင်တွယ်မှုပုံစံအပေါ် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိပါသလား။<br>• ဥပမာ - တရားသူကြီးများအနေဖြင့် နစ်နာသူများအား စီရင်ချက်မချခြင်း သို့မဟုတ် ပြစ်ဒဏ်များကို လျှော့ပေါ့ပေးခြင်း သို့မဟုတ် စီရင်ချက်များကို မှတ်တမ်း မယူခြင်းများ ပြုလုပ်နိုင်ပါသလား။ | |
| <u>**မေးခွန်း ၁၃ (တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခြင်းအတွက်)**</u> - ဤပြဋ္ဌာန်းချက်ကို ကျင့်သုံးရာတွင် လူကုန်ကူးခံရသူကကျူးလွန်သည့် ပြစ်မှုနှင့် ၎င်းလူကုန်ကူးခံရခြင်းတို့အကြား ဆက်နွှယ်မှုကို မည်သို့ဖော်ထုတ်သနည်း။ | |
| <u>**မေးခွန်း ၁၃ (အဓမ္မစေခိုင်းခံရ၍ ကျူးလွန်ခြင်းအတွက်)**</u> - ဤပြဋ္ဌာန်းချက်ကို ကျင့်သုံးရာတွင် လူကုန်ကူးခံရသူကကျူးလွန်သည့် ပြစ်မှုနှင့် ၎င်းကို လူကုန်ကူးသူက အတင်းအကျပ် ခိုင်းစေခြင်းခံရမှုတို့အကြား ဆက်နွှယ်မှုကို မည်သို့ဖော်ထုတ်သနည်း။ | |

**လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ မဟုတ်သည့် အခြားဥပဒေများ -**

| | |
|---|---|
| မေးခွန်း ၁၄ - သင့်နိုင်ငံရှိ အုပ်ချုပ်ရေးဆိုင်ရာ သို့မဟုတ် ပြစ်မှုဆိုင်ရာ ဥပဒေများတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို လိုက်နာကျင့်သုံးခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ ရှိပါသလား။<br><br>ဥပမာ -<br>• ပြည်တွင်းဥပဒေရှိ ဥပဒေအေရ ခုခံချေပချက်များ<br>• ရာဇဝတ်မှတ်တမ်းများကို ဖျက်သိမ်းသည့် သို့မဟုတ် ပယ်ဖျက်သည့် ဥပဒေများ | |
| **<u>မေးခွန်း ၁၅</u>** - သင်၏ သိရှိနားလည်မှုအရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား လိုက်နာကျင့်သုံးရန် ဤပြဋ္ဌာန်းချက်များကို ထိရောက်စွာ အသုံးချခဲ့ပြီးသည့် အခြေအနေများ ရှိပါသလား။<br>• အဘယ်ကြောင့်နည်း၊ သို့မဟုတ် အဘယ်ကြောင့် မရှိသနည်း။<br>• ၎င်းတို့ကို အသုံးချသည့် သာဓက တစ်စုံတစ်ရာ ပေးနိုင်ပါသလား။ | |

## အပိုင်း ၄။ လမ်းညွှန်ချက်များ၊ မူဝါဒများနှင့် သဘောတူညီချက်များ (မိနစ် ၂၀)

**<u>ဦးဆောင်ဆွေးနွေးသူက ရှင်းပြရန် -</u>** ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုနှင့် သက်ဆိုင်သည့် ဒေသအလိုက် လမ်းညွှန်ချက်များ အများအပြားရှိပြီး အောက်ပါတို့ အပါအဝင်ဖြစ်ပါသည် -

- *ACWC ၏ လူကုန်ကူးခံရသူ အမျိုးသမီးများနှင့်ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရန် ကျား၊မကွဲပြားမှုကို အထူးဂရုပြု ထားသော လမ်းညွှန်ချက်* (အပိုင်း ၃၊ ၃.၆.၁) – 'နစ်နာသူများကို ၎င်းတို့လူကုန်ကူးခံရခြင်း၏ တိုက်ရိုက် အကျိုးဆက် အဖြစ် ကျူးလွန်ခဲ့ရသည့် မည်သည့်ပြစ်မှုအတွက်မဆို ဖမ်းဆီးထိန်းသိမ်းခြင်း၊ စွဲချက်တင်ခြင်း သို့မဟုတ် တရားစွဲဆိုစစ်ဆေးခြင်း မပြုသင့်ပေ။'

- *လူကုန်ကူးခြင်းအား ရာဇဝတ်ဆိုင်ရာ တရားမျှတရေး တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ ASEAN တရားရေးတာဝန်ရှိသူ လမ်းညွှန်* (၂၀၀၇) (အပိုင်း ၁၊ ၈-၂) – 'လူကုန်ကူးခံရသည့် နစ်နာသူများကို ၎င်းတို့လူကုန်ကူးခံရခြင်း၏ တိုက်ရိုက် အကျိုးဆက်အဖြစ် ကျူးလွန်ခဲ့ရသည့် ပြစ်မှုများနှင့်စပ်လျဉ်း၍ စွဲချက်တင်ခြင်း သို့မဟုတ် တရားစွဲဆိုစစ်ဆေးခြင်း အား တတ်နိုင်သမျှ ရှောင်လွှဲပါ။'

- *မဟာမဲခေါင်ဒေသတွင်း လူကုန်ကူးခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ COMMIT နားလည်မှုစာချွန်လွှာ* (၂၀၀၄) တွင် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် နိုင်ငံတို့ကို 'လူကုန်ကူးခံရသည့် နစ်နာသူများအဖြစ် ဖော်ထုတ်အတည်ပြုခံရပြီးသည့် နစ်နာသူများအား တရားဥပဒေ စိုးမိုးရေး အာဏာပိုင်များက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဖမ်းဆီးထိန်းသိမ်းခြင်းမရှိစေရန် ဂရုပြုဆောင်ရွက်ရေး အတွက်' ကတိကဝတ် ပြဌာန်းထားသည် (အပိုဒ် ၁၆)။

- (ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် အတွက်) *နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းနှင့် လွှဲပြောင်းပေးခြင်းဆိုင်ရာ COMMIT လုပ်ထုံးလုပ်နည်းများ လမ်းညွှန်* တွင် 'လူကုန်ကူးခံရသည့် ပုဂ္ဂိုလ်များကို ၎င်းတို့လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ရသည့် လုပ်ရပ်များ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေများအား ချိုးဖောက်မှုများအတွက် မည်သည့်အခြေအနေတွင်ဖြစ်စေ တရားစွဲဆို စစ်ဆေးခြင်း သို့မဟုတ် ဖမ်းဆီးထိန်းသိမ်းခြင်း မပြုရ' ဟု ဖော်ပြထားသည်။

နိုင်ငံအဆင့်၌ **ဘရူနိုင်းဒါရူစလမ်** နိုင်ငံတွင် - ?

နိုင်ငံအဆင့်၌ **ကမ္ဘောဒီးယား**နိုင်ငံတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အခြေခံမှုနှင့်ဆက်စပ်သည့် မူဝါဒ စာရွက်စာတမ်းများ၊ လမ်းညွှန်ချက်များ၊ ဖောင်ပုံစံများနှင့် လုပ်ထုံးလုပ်နည်းများ အများအပြားရှိသည်။

- *သင့်တင့်လျော်ညီသော ဝန်ဆောင်မှုများ ပေးအပ်နိုင်ရေးအတွက် လူကုန်ကူးခံရသည့် နစ်နာသူများအား ဖော်ထုတ် အတည်ပြုခြင်းဆိုင်ရာ ဖောင်ပုံစံများနှင့် လုပ်ထုံးလုပ်နည်းများ လမ်းညွှန်* (လူကုန်ကူးမှုဆိုင်ရာ နိုင်ငံတော်အဆင့် ကော်မတီ၊ NCCT၊ ၂၀၁၅) ၏ ၂-ဂ၊ ၂ တွင် '[ပဏာမ] ဖော်ထုတ်အတည်ပြုခြင်း လုပ်ငန်းစဉ်အတွင်း နစ်နာသူများအဖြစ် တရားဝင် အတည်ပြုသတ်မှတ်ခြင်း ခံရသည့် ပြည်ပနိုင်ငံသားများကို တရားမဝင် နိုင်ငံတွင်းသို့ ဝင်ရောက်ခြင်းကြောင့်ဖြစ်စေ ပြည့်တန်ဆာပြုခြင်းကြောင့်ဖြစ်စေ ဖမ်းဆီးထိန်းသိမ်းခြင်း သို့မဟုတ် တရားစွဲဆိုခြင်း မရှိစေရ။ တရားဝင် မူရင်းနိုင်ငံသို့ပြန်ပို့ခြင်း လုပ်ငန်းစဉ်အား စောင့်ဆိုင်းနေစဉ်အတွင်း နေထိုင်ခိုလှုံရာနှင့် ကာကွယ်စောင့်ရှောက်မှု ပေးထားရမည်' ဟု ဖော်ပြထားသည်။

- *ကမ္ဘောဒီးယားနိုင်ငံတော်မှ လူကုန်ကူးခံရသည့် ကလေးသူငယ်များ၏ အခွင့်အရေးများအား ကာကွယ်လိုက်နာခြင်း လမ်းညွှန်ဆိုင်ရာ ဆုံးဖြတ်ချက်* (ကလေးသူငယ်ဆိုင်ရာ ကမ္ဘောဒီးယား နိုင်ငံတော်အဆင့်ကောင်စီ၊ CNCC၊ ၂၀ ဒီဇင်ဘာ ၂၀၀၇၊ အမှတ် ၁၀၇) ၌ အပိုဒ် ၄၊ ၂.၃ (က) တွင် 'လူကုန်ကူးခံရသည့် ကလေးသူငယ်များသည်

လူ့အခွင့်အရေး ချိုးဖောက်ခံရသည့် နစ်နာသူများဖြစ်သည်။ ၎င်းတို့အား ပြစ်မှုကျူးလွန်သူများအဖြစ် ဆက်ဆံခြင်း သို့မဟုတ် ၎င်းတို့၏ လူကုန်ကူးခံရသည့် ကလေးသူငယ်ဖြစ်သော အခြေအနေနှင့်ဆက်နွယ်၍ ကျူးလွန်ခဲ့ရသည့် မည်သည့်ပြစ်မှုအတွက်မဆို ရာဇဝတ်ပြစ်ဒဏ် ချမှတ်ခြင်း သို့မဟုတ် ချမှတ်မည်ဟု ခြိမ်းခြောက်ခြင်း မပြုသင့်ပါ' ဟု ဖော်ပြထားသည်။

- *လူကုန်ကူးခြင်းနှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းကို တားဆီးတိုက်ဖျက်ခြင်း ဥပဒေအား အကောင်အထည်ဖော်ခြင်းဆိုင်ရာ လမ်းညွှန်* (တရားဝင်အဖွဲ့အစည်းက ထုတ်ပြန်ထားခြင်းမဟုတ်သည့် UNIAP ဘာသာပြန်မှု၊ ၂၀၀၈) အထွေထွေလမ်းညွှန် တွင် '(၄) - ပြည့်တန်ဆာများကို ပြည့်တန်ဆာလုပ်ငန်း အတွက် ဝယ်ယူခံထားရသည့် နစ်နာသူများအဖြစ် သတ်မှတ်ဆက်ဆံရမည်။ ပြည့်တန်ဆာပြုခြင်းသည် ပြစ်မှုမဟုတ်သည့် အားလျော်စွာ ပြည့်တန်ဆာပြုသည့် ပုဂ္ဂိုလ်များအား ဥပဒေသစ်အရ ပြစ်မှုကျူးလွန်သူများအဖြစ် ပြစ်ဒဏ်ချမှတ်ခြင်း မရှိပေ' ဟု ဖော်ပြထားသည်။

- ကမ္ဘောဒီးယားသည် ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြင့်လည်း နားလည်မှုစာချွန်လွှာများ ရေးထိုးချုပ်ဆိုထားပြီး အဆိုပါ စာချွန်လွှာများတွင် စာချုပ်ဝင်များသည် အမျိုးသမီးများနှင့် ကလေးသူငယ် နစ်နာသူများအား ပြစ်မှုကျူးလွန်သူများအဖြစ် မဆက်ဆံဘဲ နစ်နာသူများအဖြစ် ဆက်ဆံရန်နှင့် တရားမဝင် နိုင်ငံတွင်းသို့ ဝင်ရောက်ခြင်း သို့မဟုတ် ပိုင်နက်တွင်းမှ ထွက်ခွာခြင်း၊ သို့မဟုတ် လူကုန်ကူးခံရခြင်း၏ တိုက်ရိုက် အကျိုးဆက်အဖြစ် ကျူးလွန်ခဲ့ရသည့် အခြား မည်သည့်ပြစ်မှုများအတွက်မဆို ပြစ်ဒဏ်ချမှတ်ခြင်းကို ရှောင်လွှဲရန် အတည်ပြုသဘောတူညီခဲ့ကြသည်။

နိုင်ငံအဆင့်၌ **အင်ဒိုနီးရှား**နိုင်ငံတွင် *လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် လုပ်ငန်းစီမံချက် ၂၀၁၅-၂၀၁၉* ၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအကြောင်း ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။ နိုင်ငံတော်အဆင့် လုပ်ငန်းစီမံချက် ၂၀၂၀-၂၀၂၄ ကို ယခုထက်တိုင် ရယူလေ့လာနိုင်ခြင်း မရှိသေးပေ။ ချမှတ်ပြဋ္ဌာန်းထားသည်။ ၂၀၀၇ ခုနှစ်တွင် ထုတ်ပြန်သည့် ဥပဒေအမှတ် ၂၁ အား ကျင့်သုံးခြင်းဖြင့် တွဲဖက်ဖြည့်ဆည်းထားသည့် *လူကုန်ကူးမှု ကိုင်တွယ်ဖြေရှင်းရာတွင် လူကုန်ကူးခံရသည့် နစ်နာသူများအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် တရားဥပဒေ စိုးမိုးရေး အရာရှိများအတွက် လမ်းညွှန်* (၂၀၀၉)တွင် ၎င်းတို့လူကုန်ကူးခံရခြင်းနှင့် ဆက်စပ်နေသည့် ပြစ်မှုများအား ကျူးလွန်သည်ဟူ၍လည်း သတ်မှတ်ခံထားရသော နစ်နာသူများ ကြုံတွေ့ရသည့် အခက်အခဲများကို (စာ - ၃၆တွင်) ဖော်ပြထားပြီး အရာရှိများအနေဖြင့် နစ်နာသူများသည် ၎င်းတို့လူကုန်ကူးခံရခြင်းနှင့်စပ်လျဉ်း၍ ပြစ်မှုများ ကျူးလွန်မိနိုင်ကြောင်း နားလည်ရန်အတွက် အထူး ကျွမ်းကျင်မှုစွမ်းရည်များရှိရန် လိုအပ်ကြောင်း (စာ - ၄၁တွင်) အလေးပေးဖော်ပြထားသည်။

နိုင်ငံအဆင့်၌ **လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ** နိုင်ငံတွင် *လူကုန်ကူးခံရသည့် နစ်နာသူများအား ကာကွယ်စောင့်ရှောက်ခြင်း၊ ထောက်ပံ့ကူညီခြင်းနှင့် လွှဲပြောင်းပေးခြင်းဆိုင်ရာ လမ်းညွှန်* (လူမှုဆိုင်ရာ ဘေးကင်းလုံခြုံရေး ဝန်ကြီးဌာန၊ လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် ဦးဆောင်ကော်မတီအတွက် အတွင်းရေးမှူးရုံး၊ ၂၀၂၀) တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို အတိအလင်း ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ သို့ရာတွင် ၎င်းလမ်းညွှန်များသည် လူ့အခွင့်အရေးဆိုင်ရာ အခြေခံမှုများ၊ နစ်နာသူများ၏ ကာကွယ်စောင့်ရှောက်မှု ခံစားရပိုင်ခွင့်များနှင့် နစ်နာသူများအား ၎င်းတို့၏အကျိုးအတွက် သဘောတူညီချက်တောင်းခံ၍ ကာကွယ်စောင့်ရှောက်ခြင်း၊ ထောက်ပံ့ကူညီခြင်းနှင့် လွှဲပြောင်းပေးခြင်းဆိုင်ရာ အခြေခံမှုများကို လိုက်နာစောင့်ထိန်းမှု ရှိပါသည်။

- တရုတ်နိုင်ငံနှင့် ချုပ်ဆိုခဲ့သည့် ၂၀၁၄ ခုနှစ် နားလည်မှုစာချွန်လွှာတွင် စာချုပ်ဝင်များသည် 'နစ်နာသူများကို တရားမဝင် နိုင်ငံတွင်းသို့ဝင်ရောက်ခြင်း သို့မဟုတ် ပိုင်နက်တွင်းမှ ထွက်ခွာခြင်း သို့မဟုတ် ၎င်းတို့ လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခဲ့သည့် အခြား မည်သည့်ပြစ်မှုများအတွက်မဆို ပြစ်ဒဏ်ချမှတ်ခြင်း မပြုရ' ဟု ဖော်ပြထားသည်။

- ၂၀၁၇ ခုနှစ်၌ လာအိုနှင့် ထိုင်းနိုင်ငံတို့အကြား ချုပ်ဆိုခဲ့သော နားလည်မှုစာချွန်လွှာတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကို သီးခြားထည့်သွင်းဖော်ပြထားခြင်း မရှိသော်လည်း တရားမျှတမှုနှင့် ဥပဒေအရ အကာအကွယ်ပေးမှု ရှိစေရန် (အပိုဒ် ၆) နှင့် ၎င်းတို့အား ဥပဒေရေးရာ စစ်ဆေးကြားနာမှုများဖြင့် ထပ်မံ၍ နစ်နာစေခြင်းအား ရှောင်လွှဲရန် လိုအပ်ကြောင်း (အပိုဒ် ၁၇) ဖော်ပြထားသည်။

နိုင်ငံအဆင့်၌ **မလေးရှား** နိုင်ငံတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား အတည်ပြုကျင့်သုံးခြင်းအတွက် ရှင်းလင်း ပြတ်သားသည့် မူဝါဒ သို့မဟုတ် အခြားလမ်းညွှန်ချက်များ မရှိပါ။ နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းကို အထောက်အကူပေးရန်အတွက် လူကုန်ကူးမှုနှင့် ရွှေ့ပြောင်းနေထိုင်သူများ မှောင်ခိုသွင်းမှု ဆန့်ကျင်တိုက်ဖျက်ရေး ကောင်စီ (MAPO) က စံလုပ်ထုံးလုပ်နည်းများကို ရေးဆွဲချမှတ်ထားသည်။ လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး ဆိုင်ရာ နိုင်ငံတော်အဆင့် လုပ်ငန်းစီမံချက် ၂၀၁၆-၂၀၂၀ (MAPO) တွင် လူကုန်ကူးခံရသည့် လူပုဂ္ဂိုလ်များအား ဆက်ဆံရာ၌ နစ်နာသူဗဟိုပြုပြီး လူ့အခွင့်အရေးအခြေပြုသော ချဉ်းကပ်နည်းဟန်ကို အသုံးပြုရန်နှင့် 'နစ်နာသူများကို လိင်ဖြစ်တည်မှု၊ အသက်အရွယ်နှင့် ကိုးကွယ်ယုံကြည်မှုအပေါ် အခြေခံ၍ ခွဲခြားခြင်းမရှိဘဲ အဆင့်တိုင်း၌ နိုင်ငံတကာတွင် ကိုင်စွဲ ကျင့်သုံးသော လူ့အခွင့်အရေးများကို အားပေးမြှင့်တင်၍ လိုက်နာ စောင့်ထိန်းခြင်းဖြင့်' ကာကွယ်စောင့်ရှောက်မှု ပေးခြင်းနှင့် ပြန်လည်ပြင်ဆင်ထူထောင်ပေးခြင်း လုပ်ငန်းစဉ်များ၏ အရည်အသွေးကို မြှင့်တင်ရန် ကတိကဝတ် ပြဋ္ဌာန်း ထားသည်။ ၂၀၂၁-၂၀၂၅ နိုင်ငံတော်အဆင့် လုပ်ငန်းစီမံချက်ကို လက်ရှိအချိန်၌ အပြီးသတ်ပြုစုရေးဆွဲလျက် ရှိပါသည်။

နိုင်ငံအဆင့်၌ **မြန်မာ** နိုင်ငံတွင် ၂၀၁၇-၂၀၂၁ လုပ်ငန်းစီမံချက်၌ နစ်နာသူအား ကာကွယ်စောင့်ရှောက်မှုပေးခြင်းဆိုင်ရာ လုပ်ငန်းစီမံချက် အမျိုးမျိုးကို ထည့်သွင်းဖော်ပြထားသော်လည်း မည်သည့်စီမံချက်တွင်မျှ ပြစ်ဒဏ် လွတ်ငြိမ်းခွင့်နှင့် စပ်လျဉ်း၍ သီးခြားဖော်ပြထားခြင်း မရှိပေ။ ထို့အပြင် မြန်မာနိုင်ငံသည် နားလည်မှုစာချွန်လွှာများကိုလည်း ချုပ်ဆိုထားပြီး ထိုင်းနိုင်ငံနှင့် ချုပ်ဆိုသည့် နားလည်မှုစာချွန်လွှာ (၂၀၀၉၊ အပိုဒ်ခွဲ ၈(က)) နှင့် တရုတ်နိုင်ငံနှင့်ချုပ်ဆိုသည့် နားလည်မှုစာချွန်လွှာ (၂၀၀၉၊ အပိုဒ်ခွဲ ၅(၁)) တို့ အပါအဝင် အဆိုပါ စာချွန်လွှာများတွင် စာချုပ်ဝင်များအနေဖြင့် နစ်နာသူများကို နစ်နာသူများအဖြစ် ဆက်ဆံကာ ပြစ်မှုကျူးလွန်သူများအဖြစ် မဆက်ဆံ ရန်နှင့် တရားမဝင် နိုင်ငံတွင်းသို့ ဝင်ရောက်ခြင်း သို့မဟုတ် ပိုင်နက်တွင်းမှ ထွက်ခွာခြင်း၊ သို့မဟုတ် လူကုန်ကူး ခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခဲ့ရသည့် အခြား မည်သည့်ပြစ်မှုများအတွက်မဆို ပြစ်ဒဏ် ချမှတ်ခြင်းကို ရှောင်လွှဲရန် သဘောတူညီထား ကြသည်။

**ဖိလစ်ပိုင်** နိုင်ငံတွင် လူကုန်ကူးခံရသည့် အမျိုးသမီးများ၏ အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ လမ်းညွှန် (လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အဖွဲ့အစည်းပေါင်းစုံကောင်စီနှင့် ညှိနှိုင်းဆောင်ရွက်သည့် ဖိလစ်ပိုင် အမျိုးသမီးရေးရာ ကော်မရှင် (IACAT) ၂၀၁၃) တွင် 'လူကုန်ကူးခံရသည့် အမျိုးသမီးများကို နစ်နာသူများအဖြစ် ဆက်ဆံသင့်ပြီး ပြစ်မှုကျူးလွန်သူများအဖြစ် မဆက်ဆံသင့်ကြောင်း' အလေးအနက် ဖော်ပြထားသည် (၅.၃.၈.၁.၁.)။

၂၀၁၇ ခုနှစ်၊ မတ် ၂ တွင် ၂၀၁၇ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၀၀၆ ဖြင့် အတည်ပြုခဲ့သည့် *လူကုန်ကူးမှု ဆန့်ကျင် တိုက်ဖျက်ရေးဆိုင်ရာ အဖွဲ့အစည်းပေါင်းစုံကောင်စီ* (IACAT) *က ကျင့်သုံးလိုက်နာသည့် လူကုန်ကူးမှုဆိုင်ရာ လွှဲပြောင်း ပေးရေးစနစ် လမ်းညွှန်*တွင် လူကုန်ကူးခံရသည့် ပုဂ္ဂိုလ်များသည် '၎င်းတို့အနေဖြင့် လူကုန်ကူးခံရသည့် ဖြစ်စဉ် တစ်လျှောက် ပါဝင်ပတ်သက်ကျူးလွန်ခဲ့ရသည့် ဥပဒေနှင့် မညီသော လုပ်ရပ်များအတွက် ရာဇဝတ်ပြစ်ဒဏ် ချမှတ်ခြင်း (သို့မဟုတ် တရားစွဲခံရခြင်း သို့မဟုတ် ပြစ်ဒဏ် ချမှတ်ခံရခြင်း) မှ လွတ်ငြိမ်းပိုင်ခွင့်ရှိကြောင်း ဖော်ပြထားသည်။

**စင်္ကာပူ** နိုင်ငံတွင် လူကုန်ကူးမှုဆိုင်ရာ စင်္ကာပူအဖွဲ့အစည်းပေါင်းစုံ လုပ်ငန်းအဖွဲ့က ထုတ်ပြန်သည့် *လူကုန်ကူးမှု ဆန့်ကျင် တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် ဆောင်ရွက်မှုနည်းလမ်း ၂၀၁၆-၂၀၂၆* တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့်စပ်လျဉ်း၍ ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။

**ထိုင်း နိုင်ငံတွင် -**

- *လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် နှိမ်နင်းတိုက်ဖျက်ရေးဆိုင်ရာ ဒုတိယအကြိမ် နိုင်ငံတော်အဆင့် မူဝါဒ၊ မဟာဗျူဟာများနှင့် အစီအမံများ ၂၀၁၇-၂၀၂၁* (လူမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘေးကင်းလုံခြုံရေး ဝန်ကြီးဌာန၊ ၂၀၁၇)တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူနှင့်စပ်လျဉ်း၍ ထည့်သွင်းဖော်ပြထားခြင်း မရှိသော်လည်း နစ်နာသူများအား ဖော်ထုတ်အတည်ပြုခြင်းကို ပိုမိုထိရောက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရသည်။
- ထို့အပြင် ထိုင်းနိုင်ငံသည် နားလည်မှုစာချွန်လွှာများကိုလည်း ချုပ်ဆိုထားပြီး မြန်မာနိုင်ငံနှင့် ၂၀၀၉ ခုနှစ်တွင် ချုပ်ဆိုသည့် နားလည်မှုစာချွန်လွှာ (အပိုဒ်ခွဲ ၈(က))၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ၂၀၁၄ ခုနှစ်တွင် ချုပ်ဆိုသည့် အမျိုးသမီးများနှင့် ကလေးသူငယ်များဆိုင်ရာ နားလည်မှုစာချွန်လွှာ (အပိုဒ် ၆) နှင့် ဗီယက်နမ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံနှင့် ၂၀၀၈ ခုနှစ်တွင် ချုပ်ဆိုသည့် အမျိုးသမီးများနှင့် ကလေးသူငယ်များဆိုင်ရာ နားလည်မှုစာချွန်လွှာ (အပိုဒ် ၆) တို့ အပါအဝင် အဆိုပါ စာချွန်လွှာများတွင် စာချုပ်ဝင်များအနေဖြင့် နစ်နာသူများကို နစ်နာသူများအဖြစ် ဆက်ဆံကာ ပြစ်မှုကျူးလွန်သူများအဖြစ် မဆက်ဆံရန်နှင့် တရားမဝင် နိုင်ငံတွင်းသို့ ဝင်ရောက်ခြင်း သို့မဟုတ် ပိုင်နက်တွင်းမှ ထွက်ခွာခြင်း၊ သို့မဟုတ် လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခဲ့ရသည့် အခြား မည်သည့် ပြစ်မှုများအတွက် မဆို ပြစ်ဒဏ်ချမှတ်ခြင်း ကို ရှောင်လွှဲရန် သဘောတူညီထားကြသည်။ ၂၀၁၇ ခုနှစ်၌ လာအိုနှင့် ထိုင်းနိုင်ငံတို့အကြား ချုပ်ဆိုခဲ့သော နားလည်မှုစာချွန်လွှာတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကို သီးခြားထည့်သွင်း ဖော်ပြထားခြင်း မရှိသော်လည်း တရားမျှတမှုနှင့် ဥပဒေအရ အကာအကွယ်ပေးမှု ရှိစေရန် (အပိုဒ် ၆) နှင့် ၎င်းတို့အား ဥပဒေရေးရာ စစ်ဆေးကြားနာမှုများဖြင့် ထပ်မံ၍ နစ်နာစေခြင်းအား ရှောင်လွှဲရန် လိုအပ်ကြောင်း (အပိုဒ် ၁၇) ဖော်ပြ ထားသည်။

**ဗီယက်နမ်** နိုင်ငံတွင် *လူကုန်ကူးခံရသည့် နစ်နာသူများအတွက် ဝန်ဆောင်မှုများပေးအပ်ခြင်းဆိုင်ရာ အနိမ့်ဆုံး စံသတ်မှတ်ချက်များ* (လုပ်သားရေးရာ၊ မသန်စွမ်းရေးရာနှင့် လူမှုရေးရာ ဝန်ကြီးဌာန၊ ၂၀၁၁)တွင် ပြစ်ဒဏ် လွတ်ငြိမ်းခွင့် အခြေခံမူနှင့်စပ်လျဉ်း၍ ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ ဗီယက်နမ်သည် ထိုင်းနိုင်ငံနှင့် နားလည်မှု စာချွန်လွှာကို ၂၀၁၃ ခုနှစ်၌ ချုပ်ဆိုထားပြီး ကမ္ဘောဒီးယားနိုင်ငံနှင့် ၂၀၀၄ ခုနှစ်၌ ချုပ်ဆိုထားကာ အဆိုပါ စာချွန်လွှာများတွင် စာချုပ်ဝင်များသည် နစ်နာသူများကို နစ်နာသူများအဖြစ် ဆက်ဆံကာ ပြစ်မှုကျူးလွန် သူများအဖြစ် မဆက်ဆံရန်နှင့် အမျိုးသမီးနှင့် ကလေးသူငယ် နစ်နာသူများကို တရားမဝင် နိုင်ငံတွင်းသို့ ဝင်ရောက်ခြင်း သို့မဟုတ် ပိုင်နက်တွင်းမှ ထွက်ခွာခြင်း၊ သို့မဟုတ် လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက် အဖြစ် ကျူးလွန်ခဲ့ရသည့် အခြား မည်သည့် ပြစ်မှုများအတွက်မဆို ပြစ်ဒဏ်ချမှတ်ခြင်းကို ရှောင်လွှဲရန် သဘောတူညီ ထားကြသည်။ ၂၀၁၀ ခုနှစ်၌ လာအိုနိုင်ငံနှင့် ဗီယက်နမ်တို့အကြား ချုပ်ဆိုခဲ့သည့် နားလည်မှု စာချွန်လွှာတွင် စာချုပ်ဝင်များသည် နစ်နာသူများကို 'တရားမဝင် နိုင်ငံတွင်းသို့ဝင်ရောက်ခြင်း သို့မဟုတ် လူကုန်ကူးခံရခြင်းနှင့် ဆက်စပ်နေသည့် အခြား အုပ်ချုပ်ရေးဆိုင်ရာ ပြစ်မှုများအတွက် ဖမ်းဆီးထိန်းသိမ်းခြင်း နှင့်/ သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်း မဆောင်ရွက်ရန်' ကတိကဝတ် ပြဋ္ဌာန်း ထားသည်။ ၂၀၁၀ ခုနှစ်၌ တရုတ်နိုင်ငံနှင့် ချုပ်ဆိုခဲ့သည့် နားလည်မှုစာချွန်လွှာတွင် စာချုပ်ဝင်များသည် နစ်နာသူများကို ၎င်းတို့နိုင်ငံပိုင်နက်အတွင်းသို့ တရားမဝင် ဝင်ရောက်ခြင်း သို့မဟုတ် ပိုင်နက်အတွင်းမှ ထွက်ခွာခြင်း၊ သို့မဟုတ် လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခဲ့ရသည့် အခြား ဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် ပြစ်ဒဏ်ချ မှတ်ခြင်း မဆောင်ရွက်ရန် သဘောတူညီထားကြသည် (အပိုဒ် ၂-က)။

| | |
|---|---|
| **မေးခွန်း ၁၆** -_သင့်သိရှိနားလည်မှုအရ လူကုန်ကူးခံရသူများကို ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ အကာအကွယ်ပေးရာတွင် ဤပြဋ္ဌာန်းချက်များသည် မည်သည့်အခန်းကဏ္ဍမှ ပါဝင်နေသနည်း။<br><br>၎င်းတို့အား မည်ကဲ့သို့ လက်တွေ့ကျင့်သုံးဖူးသည်ကို သာဓကများ ပေးနိုင်ပါသလား။ | |
| **မေးခွန်း ၁၇** - သင့်နိုင်ငံရှိ အခြားမည်သည့် လမ်းညွှန်ချက်များ သို့မဟုတ် မူဝါဒရေးရာ စာရွက်စာတမ်းများသည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် သက်ဆိုင်ပါသနည်း။<br><br>၎င်းတို့အား မည်ကဲ့သို့ လက်တွေ့ကျင့်သုံးဖူးသည်ကို သာဓကများပေးနိုင်ပါသလား။ | |

## အပိုင်း ၅။ အပိတ်မေးခွန်းများ (မိနစ် ၂၀)

**<u>ဦးဆောင်ဆွေးနွေးသူက ရှင်းပြရန်</u> -** ယခုအချိန်တွင် ဆွေးနွေးပွဲအဆုံးသတ်သို့ ရောက်ရှိလာပြီဖြစ်ပါသည်။ ကျန်ရှိနေသေးသည့်အချိန်တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား ထိရောက်စွာ လိုက်နာကျင့်သုံးရေးအတွက် သင်တို့ထံမှ နောက်ဆုံးပါဝင်ဆွေးနွေးမှုနှင့် အကြံဉာဏ်များကို ရယူလိုပါသည်။

| | |
|---|---|
| **<u>မေးခွန်း ၁၈</u>** - သင့်နိုင်ငံတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအတွက် ဥပဒေ၊ မူဝါဒနှင့် အလေ့အထများ ရေးဆွဲချမှတ်ကျင့်သုံးရာတွင် ကြုံတွေ့ရသည့် အဓိက **အခက်အခဲများ** နှင့်/သို့မဟုတ် အကန့်အသတ်များမှာ မည်သည်တို့ဖြစ်သည်ဟု ထင်ပါသနည်း။ | |
| **<u>မေးခွန်း ၁၉</u>** - ဥပဒေ၊ မူဝါဒနှင့် အလေ့အထများတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား ရေးဆွဲထည့်သွင်း ချမှတ်ခြင်းကို အောင်မြင်စေရန်အတွက် မည်သည့် **အလေ့အထကောင်း** သာဓကများနှင့် အကြံပြုချက်များ ပေးလိုပါသနည်း။ | |

**<u>မေးခွန်း ၂၀</u>** - နောက်ဆုံးအနေနှင့် သင့်တွင် -

- သင့်နိုင်ငံရှိ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူနှင့်ပတ်သက်ပြီး <u>ထပ်တိုးမှတ်ချက်</u>ပေးလိုသည်များ ရှိပါသလား၊
- သင်အကြံပြုလိုသော ကျွန်ုပ်တို့ ကြည့်ရှုသင့်သည့် <u>စာရွက်စာတမ်းများ</u> (ဥပမာ - ဖြတ်ထုံးဥပဒေ၊ သုတေသန အစီရင်ခံစာများ) ရှိပါသလား၊
- သို့မဟုတ် ကျွန်ုပ်တို့ တွေ့ဆုံဆွေးနွေးသင့်သည့် <u>ကျွမ်းကျင်ပညာရှင်များ</u>ကို အကြံပြုလိုပါသလား။

| | |
|---|---|
| ထပ်တိုးမှတ်ချက်များ | |
| အကြံပြု စာရွက်စာတမ်းများ | |
| ကျွမ်းကျင်ပညာရှင်များ | |

**<u>ဆွေးနွေးပွဲအပိတ်တွင် ဦးဆောင်ဆွေးနွေးသူက ပြုလုပ်ရမည့်အချက်များ -</u>**

- လူကြီးမင်းတို့အနေနှင့် စာဖြင့် ထပ်တိုးမှတ်ချက်ပေးလိုသည်များရှိပါက၊ သို့မဟုတ် ကျွန်ုပ်တို့အား သုတေသန လေ့လာချက်၊ အစီရင်ခံစာများ၊ ဖြတ်ထုံးဥပဒေများ၊ သို့မဟုတ် အခြားစာရွက်စာတမ်းများ ဖတ်ရှုရန် လမ်းညွှန်လိုပါက [အီးမေးလ်] မှတစ်ဆင့် ပေးပို့နိုင်ပါသည်။

- ကျွန်ုပ်တို့၏ မှတ်စုများကို စာတမ်းရေးသားသူထံပေးပို့ရန် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုမည် ဖြစ်ပါသည်။ ၎င်းမှတ်စုများတွင် လူကြီးမင်းတို့၏ အမည်များကို ထည့်သွင်းမှတ်သားမည် မဟုတ်ပါ။

- ယနေ့ ကျွန်ုပ်တို့အား အချိန်ပေးခြင်းနှင့် ဤအရေးကြီးလေ့လာမှုအတွက် လူကြီးမင်းတို့၏ အချိန်နှင့် ကျွမ်းကျင်မှုများဖြင့် ထောက်ပံ့ပေးခြင်းတို့အတွက် ကျေးဇူးတင်ရှိပါသည်။

- အပြီးသတ်လေ့လာချက်ကို ထုတ်ဝေသည့်အခါ လူကြီးမင်းတို့နှင့် မျှဝေရန် ကျွန်ုပ်တို့မျှော်လင့်ပါသည်။

# နောက်ဆက်တွဲ ၃ - ပါဝင်တက်ရောက်သူများ

The author and the ASEAN-ACT project team are grateful to the following expert practitioners, who contributed practical insights, experiences and expertise to this study.

- Brigjen. Pol. (Purn) Dr. Achmadi, S.H., M.AP, Vice Chairman, Witness and Victim Protection Agency, Indonesia
- Jerome Alcantara, Executive Director, Blas F Ople Policy Center and Training Institute, Philippines
- Lilian Doris S. Alejo, Senior Asst. State Prosecutor, Head of Task Force Against TIP (DOJTFATIP), Department of Justice (DOJ), Philippines
- Ronny Pancratius Anis, S.E., M.Si, Sub-Coordinator for the Protection of the Middle East 2, Directorate for the Protection and Empowerment of Europe and the Middle East Region, Indonesian Migrant Workers Protection Agency (BP2MI)
- Chutinate Arsakit, Social worker, LIFT International, Thailand
- Tatsana Bannasan, Director of the Care of Victims of Trafficking and Child Sexual Exploitation, Operation Underground Railroad (O.U.R.), Thailand
- Ma Timotea Barizo, Over all Head Supervisor TCEU, Bureau Of Immigration (BI), Philippines
- Ruth P. Bernabe, Assistant City Prosecutor, Department of Justice (DOJ), Philippines
- Naruephon Boonyaban, Senior Programme Assistant, International Organization for Migration Bangkok, Thailand
- Mr. Phonepaseith Bouaphanthong technical staff ATD, Ministry of Public Security (MoPS), Lao PDR
- Ms. Inthana Bouphasavanh, Director, The Association for Development of Women and Legal Education (ADWLE), Lao PDR
- Christina Phuong Chi Bui, Project Manager, Pacific Link, Viet Nam
- Binh Cao, Officer, ABAROLI, Viet Nam
- Gideon Elfred Cauton, Attorney, International Justice Mission, Philippines
- Pol. Col. Trirong Chaichana, Superintendent (Inquiry Officer), Anti-Trafficking in Persons Division, Royal Thai Police, Thailand
- Ratha Chey, Department Director, Ministry of Foreign Affairs and International Cooperation, Cambodia

- HE Phally Chiv, Director, Department of Anti-Human Trafficking and Juvenile Protection, Cambodian National Police
- HE Bun Eng Chou, Secretary of State, Ministry of Interior, Permanent Vice-Chairperson, National Committee for Counter Trafficking in Persons (NCCT), Cambodia
- Thi Thu Hien Chu, Head of Division, Department of General Affairs, Supreme People's Court, Viet Nam
- Ma. Roda Cisnero, Program Officer, The Asia Foundation, Philippines
- Thi Kim Anh Dang, Lecturer, People's Public College, No. 2, Ministry of Public Security, Viet Nam
- Angela Marie M. De Garcia, Office of Cybercrime, Department of Justice (DOJ), Philippines
- Jinky Dedumo, Executive Director, IACAT, Department of Justice (DOJ), Philippines
- Anita Dewayani, S.H., M.H., Head of Sub-Directorate of Pre-Trial, Directorate of Terrorism and Transnational Crimes, Attorney General's Office (AGO), Indonesia
- Hoang Quang Dinh, Lecturer, Hanoi Procuratorate University, Viet Nam
- Van Trinh Dinh, Deputy Head of Division Criminal Police Department, Ministry of Public Security, Viet Nam
- Wimol Dinu, Social worker, HUG Project, Thailand
- Dinh Cong Duong, Lecturer, Hanoi Procuratorate University, Viet Nam
- Sam-Ol Ek, Project Manager, International Organisation for Migration (IOM), Cambodia
- Jean Enriquez, Executive Director, Coalition Against Trafficking in Women-Asia Pacific (CATW-AP), Philippines
- Barbara Mae P. Flores, Deputy Regional Prosecutor (Reg XI), Department of Justice (DOJ), Philippines
- Dr. iur. Asmin Fransiska, S.H., LL.M, Dean of Law Faculty, University of Atmajaya, Jakarta, Indonesia
- James Gregorio, Administrative Officer, Inter-agency Council Against Trafficking (IACAT) Secretariat, Department of Justice (DOJ), Philippines
- Thi Van Khanh Ha, Country Coordinator, UNDP, Viet Nam
- Chivorn Hang, Chief of Secretariat, National Committee for Counter Trafficking in Persons (NCCT), Cambodia
- Hariyanto, Chairman, Indonesian Migrant Workers Union (SBMI), Indonesia

- Anis Hidayah, Member of the Task Force Expert for Syndicate Eradication of Illegal placement of Indonesian Migrant Workers, Indonesian Migrant Workers Protection Agency (BP2MI), Indonesia
- Sophorn Him, Court Support Team Leader, APLE Cambodia
- Huong Nhung Hoang, Lecturer, Advocacy Department, Vietnam Women's Union, Viet Nam
- Mr. Somboun Hosakoun, Lawyer, Songvilay Law Firm, Lao PDR
- Chanvanthorn Hor, Social Worker, Legal Support for Children and Women (LSCW), Cambodia
- HE Vudthy Hou, Secretary of State, Ministry of Labour and Vocational Training, Cambodia
- Ms. Vannaly Inphaphom, Head of Counseling Division, Lao Women's Union, Lao PDR
- Mr. Souliyavong Insisiengmay, Child Protection Officer, Namjai Community Association (NCA), Lao PDR
- Dr. Livia Istania DF Iskandar, M.Sc. Psi., Vice Chairman, Witness and Victim Protection Agency, Indonesia
- Marija Jovanovic, MJur, MPhil, DPhil (Oxon), Lecturer in Law, University of Essex, United Kingdom
- Mohamed Faizal Mohamed Abdul Kadir, Deputy Chief Prosecutor, Singapore
- Patomchai Kaewnaul, Lawyer, International Justice Mission (IJM), Thailand
- Pol. Col. Runglert Kantajan, Superintendent, Internet Crime Against Children Group TICAC Unit, High-Tech Crime Division, Cyber Crime Investigation Bureau, Royal Thai Police, Thailand
- Wassana Kaonoparat, Director, The Center for the Protection of Children's Rights Foundation (CPCR), Thailand
- Pol. Col. Patcharadanai Karin, Superintendent (Inquiry Officer), Anti-Trafficking in Persons Division, Royal Thai Police, Thailand
- Karsiwen, Chairperson, KABAR BUMI, Indonesia
- Juwita Kayana, S.H, M.H., Head of Sub-Unit of Execution and Examination, Directorate of Terrorism and Transnational Crimes, Attorney General's Office (AGO), Indonesia
- Nithi Keereedech, Lawyer, SR Law, Thailand
- Phalla Keo (Maj.Gen), Head Office, National Committee for Counter Trafficking in Persons (NCCT), Cambodia

- Mr. Thavone Keophila, Head of Division, Ministry of Public Security (MoPS), Lao PDR
- Ms. Virith Khattingavong, Director, (Shelter) Sengsavang Organization, Lao PDR
- Wanpen Khunthong, Expert Public Prosecutor, Department of Trafficking in Persons Litigation, Office of the Attorney General, Thailand
- Phuong Lien Kieu, Deputy Head of Division, Department No. 13, Supreme People's Procuracy, Viet Nam
- Thi Huyen Trang Kieu, Officer, Department of Legal Aid, Ministry of Justice, Viet Nam
- Villa Kong, Executive Director, Cambodia ACT
- Ngoc Hoan La, Officer, Division No. 2, Foreign Relations Department, Ministry of Public Security, Viet Nam
- Lin Lao, Deputy Director, Department of Anti-Human Trafficking and Juvenile Protection, Cambodian National Police
- Thi Hong Luong Le, Program Officer, Blue Dragan Foundation, Viet Nam
- Mr. Sengphet Liemphacahnh, Deputy Director, Ministry of Justice, Lao PDR
- Liceria S. Lofranco-Rabilas, City Prosecutor, OCP Cebu City - TF member Region 7, Department of Justice (DOJ), Philippines
- Pros Lolita L. Lomanta, Senior Assistant Provincial Prosecutor (Cebu Province), Department of Justice (DOJ). Philippines
- Nancy G. Losano, State Counsel, Department of Justice (DOJ), Philippines
- Hai Yen Luong, Head of the Criminology and Criminal Investigation Faculty, Hanoi Procuratorate University, Viet Nam
- Hong Loan Luong, Program Director, Pacific Link, Viet Nam
- Thi Lich Luu, Psychologist, Institute of Human Studies, Viet Nam
- Tonghuy Ly, Deputy Secretary General, National Committee for Counter Trafficking in Persons (NCCT), Cambodia,
- Saravuot Mab, Lawyer, Chab Dai, Cambodia
- Melvin P. Mabulac, Acting Chief, BI National Operations Center, Bureau of Immigration, Philippines
- Ratchapon Maneelek, Director of Coordinating Assistance and Protecting Group, Division of Anti Trafficking, Ministry of Social Development and Human Security, Thailand

- Sa Im Meas, Deputy Head of Woman and Children Rights Section, ADHOC, Cambodia
- Glenda Melodillar, Administrative Officer, Inter-agency Council Against Trafficking (IACAT) Secretariat, (Department of Justice) DOJ, Philippines
- Rebecca Miller, Regional Coordinator, Human Trafficking and Migrant Smuggling, Regional Office for Southeast Asia and the Pacific, United Nations Office on Drugs and Crime (UNODC)
- Sokchar Mom, Director, Legal Support for Children and Women (LSCW), Cambodia
- Wirawan Mosby, Founder and Director, HUG Project, Thailand
- Eny Rofiatul Ngazizah, OIC National Programme Officer CT/LMHD, International Organisation for Migration (IOM), Indonesia
- Pol.Lt.Col. Supoj Noisawan, Deputy Superintendent (Inquiry Officer), Sub-Division 3, Crime Suppression Division, Thailand Anti-Trafficking in Persons Task Force, Royal Thai Police, Thailand
- Judha Nugraha, Director for the Protection of Indonesian Citizen and Legal Entities, Directorate General for Protocol and Consular Affairs, MOFA, Indonesia
- Mohamad Nurdin, First Functional Diplomat, Ministry of Foreign Affairs, Indonesia
- Duc Hanh Nguyen, Vice Principal, Hanoi Procuratorate University, Viet Nam
- Bich Hien Nguyen, Lecturer, Police University, Ministry of Public Security, Viet Nam
- Hong Anh Nguyen, Program Manager, The Delegation of the European Union to Vietnam, Viet Nam
- Hai Hoa Nguyen, Officer, Division No. 5, Department of Criminal Police, Ministry of Public Security, Viet Nam
- Thanh Huong Nguyen, Lecturer, Hanoi Procuratorate University, Viet Nam
- Loan Nguyen, Lecturer, Hanoi Procuratorate University, Viet Nam
- Tan Thuong Nguyen, Head of Criminal Police, Faculty, People's Police College, No. 2, Ministry of Public Security, Viet Nam
- Thi Huyen Trang Nguyen, Officer, Department of General Affairs, Supreme People's Court, Viet Nam
- Thi Hong Van Nguyen, Officer, People's Police Academy, Ministry of Public Security, Viet Nam
- Thi Kim Dung Nguyen, Administrative and Criminal Laws Department, Ministry of Justice, Viet Nam

- Thi Loc Nguyen, Head of Division, Hanoi Procuratorate University, Viet Nam
- Thi Mai Anh Nguyen, Deputy Head of Division, Department of Social Vices Prevention, Ministry of Labour, Invalids and Social Affairs (MOLISA), Viet Nam
- Thi Mai Thuy Nguyen, National Project Coordinator, International Labour Organisation (ILO), Viet Nam
- Thi Man Nguyen, Lecturer, Department of Gender Equality, Ministry of Labour, Invalids and Social Affairs (MOLISA), Viet Nam
- Thi Ngan Nguyen, Officer, Department No. 13, Supreme People's Procuracy, Viet Nam
- Thi Thanh Huyen Nguyen, Officer, Department of Legal Affairs and Administrative and Judicial Reform, Ministry of Public Security, Viet Nam
- Thi Thanh Nguyen, Social Worker, Pacific Link, Viet Nam
- Thi Thanh Tu Nguyen, Lecturer, Hanoi Law University, Viet Nam
- Thi Thu Ha Nguyen, Case Management, Hagar International, Viet Nam
- Thi Thuy Hanh Nguyen, Lecturer, Criminal Police Faculty, People's Police Academy, Ministry of Public Security, Viet Nam
- Thi Thuy Hang Nguyen, Deputy Head of Criminal, Police Faculty, People's Police College No. 2, Ministry of Public Security, Viet Nam
- Thi Thuy Nguyen, Officer, Division No. 5, Department of Criminal Police, Ministry of Public Security, Viet Nam
- Van Huong Nguyen, Head of Criminal Law Faculty, Hanoi Law University, Viet Nam
- Van Oanh Nguyen, Lecturer, Criminal Police Faculty, People's Police Academy, Ministry of Public Security, Viet Nam
- Van Tat Nguyen, Deputy Director, Department No. 2, Supreme People's Procuracy, Viet Nam
- Viet Dung Nguyen, Officer, Legal Department, Supreme People's Court, Viet Nam
- Xuan Ha Nguyen, Deputy Head of Criminal Police Faculty, People's Police College No. 2, Ministry of Public Security, Viet Nam
- Monton Ongmali, Legal Officer (Professional Level), Office of the Judiciary, Thailand
- Mr. Thanakone Ousavang, Legal Officer, International Organization for Migration (IOM), Lao PDR
- Ms. Xoukiet Panyanouvong, Chief of Party, Winrock International, Lao PDR

- Janejinda Pawadee, Social worker, LIFT International, Thailand
- HE Pichsaly Pen, Directly General, General Directorate of Prosecution and Criminal Affairs, Ministry of Justice (MoJ), Cambodia
- Hai Trung Pham, Deputy Head of Criminal, Police Faculty, Police College No. 1, Ministry of Public Security, Viet Nam
- Sam Ann Phat, Southeast Program Manager, Hagar International, Cambodia
- Mr. Xaysomphone Phetsomphou, Judge, People's Supreme Court (PSC), Lao PDR
- Ms. Lattanong Phienmany Deputy head of Division, ATD, Ministry of Public Security (MoPS), Lao PDR
- Pol.Col. Kenechanh Phommachack, Deputy Directors of Police Dept, Ministry of Public Security (MoPS), Lao PDR
- Putborey Phon, Department Director, Ministry of Women's Affairs (MoWA), Cambodia
- Ms. Sourivonexay Phormmala, Senior Project Officer, TAF, Lao PDR
- Ms. Kongseng Piengpanya, Program Coordinator, Village Focus International (VFI), Lao PDR
- Pleut Pisey, Legal Assistant, Legal Support for Children and Women (LSCW), Cambodia
- HE Samkhan Ponn, Secretary General, National Committee for Counter Trafficking in Persons (NCCT), Cambodia
- Kanjana Poolkaew, Director of Labour Protection Division, Department of labour protection and welfare, Ministry of Labour, Thailand
- Sayan Poonpermboon, Acting Head of Human Trafficking Crime Division 1, Department of Special Investigation, Thailand
- Wipada Prasanpeangsri, Lawyer, Operation Underground Railroad (O.U.R.), Thailand
- Ronnasit Proeksayajiva, Chairman, Ronnasit Foundation, Thailand
- Sokhan Prum, Director, Department of Anti-Human Trafficking and Victim Reintegration, Ministry of Social Affairs, Veterans and Youth Rehabilitation (MoSVY), Cambodia
- Adi Purwanto, S.H., M.H., Immigration Officer, Sub-Directorate of Investigation, Directorate of Immigration Monitoring and Prosecution, MOLHR, Directorate General of Immigration, Ministry of Law and Human Rights, Indonesia
- Marie Michelle Munoz Quezon, Child Protection Officer, UNICEF, SAFERKIDS PH, Philippines
- Mr. Xaysana Rajvong, Deputy Director of Criminal Dept, OSPP, Lao PDR

- Varamon Ramangkura, Judge of the Office of the President of the Supreme Court, Office of the Judiciary, Thailand
- Serey Leakhena Ran, Deputy Secretary General, National Committee for Counter Trafficking in Persons (NCCT), Cambodia
- Sugunya Rattananakin, Senior Expert Public Prosecutor, Department of Trafficking in Persons Litigation, Office of the Attorney General, Thailand
- Dollaya Rochanahastin, Social Worker Practitioner Level, Division of Anti Trafficking, Ministry of Social Development and Human Security, Thailand
- Hazel Roxas, Executive Officer for Admin, National Bureau of Investigation (NBI), Philippines
- Jatuporn Saenghiran, Deputy Director-General, Department of Trafficking in Persons Litigation, Office of the Attorney General, Thailand
- Chaleerat Saengsuwan, Program Coordinator, Alliance Anti Traffic (AAT), Thailand
- Sony San, Lawyer, Chab Dai, Cambodia
- Pol.Lt.Col. Thidet Satjanurakwong, Deputy Superintendent (Inquiry Officer), Investigation Division, Immigration Bureau, Royal Thai Police, Thailand
- RD Chrisanctus Paschalis Saturnus, Chairman, Commission for Justice and Peace – the Pastoral Care of Migrants and Itinerant People, (KKPMP), Pangkal Pinang, Indonesia
- Mr. Vongtavanh Sayavong, National Project Coordinator, ILO, Lao PDR
- Saroeun Sek, International Justice Mission (IJM), Cambodia
- Cristina Sevilla, Attorney, Coalition Against Trafficking in Women-Asia Pacific (CATW-
- AP), Philippines
- Papop Siamhan, Program Director, Human Rights and Development Foundation (HRDF),
- Thailand
- Noor Sidharta, General Secretary, Witness and Victim Protection Agency, Indonesia
- Jacob Sims, Director, International Justice Mission (IJM), Cambodia
- Ermelina Singereta, Coordinator in Law Unit, National Coalitions of Indonesian Anti TIP (JARNAS Anti TPPO), Indonesia
- Mr. Nanthasay Singhak, technical staff ATD, Ministry of Public Security (MoPS), Lao PDR
- Ms. Vadsana Sinthavong, Senior Project Manager, The Asia Foundation (TAF), Lao PDR
- Lt.Jg. Songpaow Smiti, Policy and Action Plan Analyst Officer (Practitioner Level), Command Center of Prevention on Labour Trafficking, Ministry of Labour, Thailand

- Wannapa Sookkhong, Director of Division of Anti Trafficking, Ministry of Social Development and Human Security, Thailand
- Sorrakrai Sornsri, Lawyer/ Researcher, SR Law, Thailand
- Mingwarin Srisiripong, Divisional Public Prosecutor, Department of Trafficking in Persons Litigation, Office of the Attorney General, Thailand
- Polwish Subsrisunjai, Program Coordinator, Human Rights and Development Foundation (HRDF), Thailand
- Dr. Sudharmawatiningsih, S.H., M.Hum., Young Clerk for Criminal Cases, Clerk Office, Supreme Court, Indonesia
- Dwi Sugiarto, S.H., M.H., Judiciary Judge/ Substitute Clerk of the Clerk Office, Supreme Court, Indonesia
- Bagus Suharyono, Echelon IV - Head of PPNS section, Immigration Directorate General, Indonesia
- Desiree Ann Sumalinog, Administrative Officer V, Inter-agency Council Against Trafficking (IACAT) Secretariat, Department of Justice (DOJ), Philippines
- Nono Sumarsono, Project Director SAFE Seas Project, Yayasan PLAN International Indonesia
- Sokhalida Sun, Director of the Department of Criminal Affairs, General Departments of Prosecutor and Criminal Affairs, Ministry of Justice (MoJ), Cambodia
- Drs. Hasto Atmojo Suroyo, M. Krim, Chairman, Witness and Victim Protection Agency, Indonesia
- Dr. Ida Susanti, S.H., LL.M, Lecturer, University of Parahyangan, West Java, Indonesia
- Susilaningtias, S.H., M.H., Vice Chairman, Witness and Victim Protection Agency, Indonesia
- Wahyu Susilo, S.S., Executive Director, Migrant CARE, Indonesia
- Apinya Tajit, Deputy Director, Stella Maris Center, Thailand
- Thamma Tajit, Fieldwork at Stella Maris Rayong, Stella Maris Center, Thailand
- Chonticha Tangworamongkon, National Project Coordinator, International Labour Organization (ILO), Thailand
- Pol.Maj. Arit Tatsaphan, Deputy Director of Bureau of Human Trafficking Crime, Department of Special Investigation, Thailand
- Mr. Khamphone Thaochervang, Deputy of Division, Ministry of Justice, Lao PDR

- Mr. Thongphanh Thilasack, Head of Division, Vientiane Anti-Trafficking Division, Lao PDR
- Mr. Viengpasith Thipphasouda, National Project Coordinator, International Labour Organization (ILO), Lao PDR
- Sothareth Te, Deputy Secretary General, National Committee for Counter Trafficking in Persons (NCCT), Cambodia
- Dinh Hai Tran, Lecturer, Criminology and Criminal Investigation Faculty, Hanoi Procuratorate University, Viet Nam
- Thi Hong Tran, Program Officer, International Organisation for Migration (IOM), Viet Nam
- Thi Hong Yen Tran, Communication Assistant, International Organisation for Migration (IOM), Viet Nam
- Duy Thuyen Trinh, Lecturer, People's Police College No. 2, Ministry of Public Security, Viet Nam
- Heisela Uk, Deputy Director General in charge of Legislation, Immigration Department, Ministry of Interior (MoI), Cambodia
- Mr. Somsanouk Vannabouathong, Head of Division, Vientiane Prosecutor, Lao PDR
- Siriwan Vongkietpaisan, Project Chief/ Chief Lawyer/ Researcher, SR Law, Thailand
- Manh Tuan Vu, Lecturer, Criminal Police Faculty, People's Police College, No. 2, Ministry of Public Security, Viet Nam
- Thi Thu Huong Vu, Deputy Director, National Legal Aid Agency, Ministry of Justice, Viet Nam
- Ngoc Binh Vu, Senior Adviser, Institute for Population, Family and Children Studies (IPFCS) under the Viet Nam Union of Science and Technology Associations, Viet Nam
- Anastasia Vynnychenko, Program Officer, International Organisation for Migration (IOM), Viet Nam
- Hadi Wahyuningrum, Director of Protection and Empowerment of the European and Middle East region, Indonesian Migrant Workers Protection Agency (BP2MI), Indonesia
- Samruam Waiwasa, Social Development Worker, Division of Anti Trafficking, Ministry of Social Development and Human Security, Thailand
- Agatha C Wangge, S.H, Prosecutor, West Java Provincial Prosecutor's Office, Indonesia
- (Dr. iur.) Antonius PS Wibowo, S.H., M.H., Vice Chairman, Witness and Victim Protection Agency, Indonesia
- Danny Dwi Wulandari, Head of section government institutions, National Counter-Terrorism Agency, Indonesia

- Mr. Sonephet Xayasith, technical staff, ATD, Ministry of Public Security (MoPS), Lao PDR
- Mr. Khanpane Xayavong, Head of Division, ATD, Ministry of Public Security (MoPS), Lao PDR
- Pol.Col. Lathsamie Xayyakham, Director General of Anti-Trafficking Department (ATD), Ministry of Public Security (MoPS), Lao PDR
- Sallie Yea, Tracey Banivanua Mar Principal Research Fellow, Department of Social Inquiry, La Trobe University, Victoria, Australia
- Mr. Nyoua Herr Xia Yee, Judge, PSC, Lao PDR
- Chan Narum Yem, Deputy Secretary General, National Committee for Counter Trafficking in Persons (NCCT), Cambodia
- Sokhemarin Yos, Deputy Director of Consular Affairs Department, Ministry of Foreign Affairs and International Cooperation (MoFAIC), Cambodia
- Ayu Hannah Zaimah, Project Assistant II - Counter Trafficking and Labor Migration Unit, International Organisation for Migration (IOM) Indonesia

The author would also like to thank ASEAN-ACT colleagues for their support in conducting this study, including Dang Thi Hanh, Manichanh Keoviriyavong, Chhuon Nay, Archemides Siguan, Apiradee Thienthong and Nurul Qoiriah for their support in facilitating roundtable discussions. Thanks also to the ASEAN-ACT support team, including Thet Sandar Aung, Phadsada Chanthavong, Tran Thu Huong, Vikanya Jearaditharporn, Thi Thanh Hang Le, Thi Van Nguyen, Darlene Pajarito, Maly Pem, Bich Phuong Pham, Chanita Rochananond, Methinee Sangsuwan, Thu Huong Tran and Vuthy Un.

# ကိုးကားချက်များ


- American Bar Association, *Post-Conviction Advocacy for Survivors of Human Trafficking: A Guide for Attorneys* (American Bar Association, 2016)
- Anchan, Christine, 'Protecting the imperfect victim: expanding 'safe harbours' to adult victims of sex trafficking', *William & Mary Journal of Race, Gender and Social Justice*, Vol 23 (2016-2017) November 2016
- Anti-Slavery International, *Trafficking for Forced Criminal Activities and Begging in Europe: Exploratory Study and Good Practices* (Anti-Slavery International, 2014)
- Balgamwalla, Sabrina, 'Trafficking in Narratives: Conceptualizing and Recasting Victims, Offenders, and Rescuers in the War on Human Trafficking', *Denver Law Review,* Vol 94:1, January 2016.
- Chapkis, Wendy, 'Trafficking, Migration, and the Law: Protecting Innocents, Punishment Migrants', *Gender & Society*, Vol. 17, No. 6, December 2003, 923-937.
- Dempsey, Michelle Madden, 'Decriminalizing Victims of Sex Trafficking', *American Criminal Law Review*, 2015, Vol 52:207,
- Derenčinović, Davor, 'Comparative Perspectives on Non-Punishment Of Victims of Trafficking In Human Beings' (2014) 46 *Annales de la Faculté de Droit d'Istanbul* 63, 3-20
- Dettmeijer-Vermeulen, Corrinne, and Luuk Esser, 'The victim of human trafficking as offender: A combination with grave consequences A reflection on the criminal, immigration and labour law procedures involving a victim of human trafficking in the Dutch Mehak case', *Journal of Trafficking and Human Exploitation*, 2017, Vol. 1 Nr. 1, 77-94
- ECPAT International, *Through the eyes of the child: Barriers to Access to Justice and Remedies for Child Victim of Sexual Exploitation* (ECPAT International, 2017)

- Empower, '*Hit and Run: The impact of anti-trafficking policy and practice on Sex Worker's Human Rights in Thailand'* (RATS-W Team, Empower, 2012).
- Gerry QC, Felicity., Karen Gomez Dumpit, Sara Kowal, Courtney Keefe, 'Human trafficking and the proposed reintroduction of the death penalty', 3 April 2020, *International Bar Association*, ibanet.org accessed 30 September 2021
- Giammarinaro, Maria Grazia., Special Rapporteur on trafficking in persons, especially women and children, *The Importance of implementing the non-punishment provision: the obligation to protect victims* (United Nations, Geneva, 30 July 2020)
- Giammarinaro, Maria Grazia., Special Rapporteur on trafficking in persons, especially women and children, *Trafficking in persons, especially women and children*, Report of the Special Rapporteur on trafficking in persons, especially women and children, UN Doc. A/HRC/44/45 (6 April 2020)
- Global Alliance Against Trafficking Traffic in Women, *Sex Workers organising for change: Self-representation, community mobilisation, and working conditions* (GAATW, 2018).
- *Guidance on the issue of appropriate criminal justice responses to victims who have been compelled to commit offences as a result of their being trafficked: Background paper prepared by the Secretariat for the Working Group on Trafficking in Persons*, Vienna 10 and 11 September 2020, UN Doc. CTOC/COP/WG.4/2020/2 (15 June 2020).
- The Human Trafficking Legal Centre, *Prosecution at any cost? The Impact of Material Witness Warrants in Federal Human Trafficking Cases* (HTLC, 2020)
- The Human Trafficking Legal Centre et al., *An Advocate's Guide to Tax Issues Affecting Victims of Trafficking* (The Human Trafficking Legal Centre, Ropes & Gray LLP, and the University of Baltimore Law School, 2019)
- Inter-Agency Coordination Group Against Trafficking in Persons, *Non-punishment of victims of trafficking,* Issue Brief 8, 2020 (United Nations, Vienna, 2020)
- International Committee on the Rights of Sex Workers in Europe, *A Brief Guide on Collateral Damages of Anti-Trafficking Laws and Measures on Sex Workers* (ICRSWE, 2019)
- International Committee on the Rights of Sex Workers in Europe, *From vulnerability to resilience: sex workers organising to end exploitation* (ICRSWE, May 2021)
- International Committee on the Rights of Sex Workers in Europe, *Undeserving victims? A community report on migrant sex worker victims of crime in Europe* (ICRSWE, 2020)
- International Labour Organisation, *Recruitment fees and related costs: What migrant workers from Cambodia, the Lao People's Democratic Republic, and Myanmar pay to work in Thailand* (ILO, 2020)

- International Women's Human Rights Clinic, *Clearing the Slate: seeking effective remedies for criminalized trafficking victims* (IWHRC at the City University of New York School of Law, May 2015)
- Jovanović, Marija, 'The Principle of Non-Punishment of Victims of Trafficking in Human Beings: A Quest for Rationale and Practical Guidance', *Journal of Trafficking and Human Exploitation*, 2017, Vol. 1 Nr. 1, 41-76
- Jovanović, Marija, 'International Law and Regional Norm Smuggling: How the EU and ASEAN Redefined the Global Regime on Human Trafficking', *The American Journal of International Law,* 2021, Vol. XX, 1.
- Jovanović, Marija, 'The Principle of Non-Punishment of Victims of Trafficking in Human Beings: A Quest for Rationale and Practical Guidance' (2017) 1 (1) *Journal of Trafficking and Human Exploitation* 41-76;
- Justice Centre Hong Kong, *Not Stopping Here: Hong Kong as a Transit Site for Human Trafficking* (January 2019)
- Justice Centre Hong Kong, *Submission for the Working Group on Arbitrary Detention's Study on arbitrary detention relating to drug policies* (March 2020)
- Kulig, Teresa C. & Leah C. Butler (2019) 'From "Whores" to "Victims": The Rise and Status of Sex Trafficking Courts', *Victims & Offenders*, 14:3, 299-321
- Liberty Asia, *ASEAN & ACTIP: Using a Regional Legal Framework to Fight a Global Crime* (Liberty Asia, 2017)
- McAdam, Marika, *Briefing Note on Draft Law on Vietnamese Workers Working Abroad under Contract of the Socialist Republic of Viet Nam (Draft Law 72): Implications for Trafficking in Persons* (ASEAN-ACT, 2020)
- McAdam, Marika., *Freedom of movement of persons identified as victims of human trafficking: An analysis of law, policy and practice in the ASEAN region* (ASEAN-ACT, 2021)
- Mullaly, Siobhán., *Implementation of the non-punishment principle: Report of the Special Rapporteur on trafficking in persons, especially women and children, Siobhán Mullaly*, UN Doc. A/HRC/47/34 (17 May 2021), Submitted to the 47th Session of the Human Rights Council, 21 June to 9 July 2021.
- *Non-punishment and non-prosecution of victims of trafficking in persons: administrative and judicial approaches to offences committed in the process of such trafficking*, UN Doc. CTOC/COP/WG.4/2010/4 (9 December 2009)
- *Non-punishment and non-prosecution of victims of trafficking in persons: administrative and judicial approaches to offences committed in the process of such trafficking: Background paper prepared by the Secretariat*, Vienna 27 – 29 January 2010, UN Doc. CTOC/COP/WG.4/2010/4 (9 December 2010)

- Ofer, Nogah, 'Implementation of the Non-Punishment Principle in England: Why Are Victims of Trafficking Not Benefiting from the Protection from Prosecution Provided by International Law?' *Journal of Human Rights Practice*, 11, 2019, 486–507
- Ofer, Nogah, 'Prosecuting Victims of Trafficking in the UK: The Difference between law and practice', *University of Oxford, Border Criminologies Blog*, 11 February 2019.
- Office of the High Commissioner of Human Rights et al., *Human Trafficking: Joint UN Commentary on the EU Directive – A Human Rights-Based Approach* (OHCHR, UNHCR, UNICEF, UNODC, UN Women and ILO, 2011)
- Organisation for Security and Cooperation in Europe, *Policy and legislative recommendations towards the effective implementation of the non-punishment provision with regard to victims of trafficking* (OSCE, Vienna, 2013)
- Palmer, W., & Missbach, A. (2017). 'Trafficking within migrant smuggling operations: are underage transporters 'victims' or 'perpetrators'?', *Asian and Pacific Migration Journal*, *26*(3), 287-307.
- Parmanand, Sharmila (2021). 'Salvation as violence: anti-trafficking and the rehabilitation of rescued Filipino women into moral subjects'. *Journal of International Women's Studies*, 22(2), 78-91
- Piotrowicz, Ryszard Wilson and Liliana Sorrentino, 'Human Trafficking and the Emergence of the Non-Punishment Principle' 2016 (16) 4 *Human Rights Law Review* 669 – 699.
- Piotrowicz, Ryszard and Liliana Sorrentino, 'What's on your mind? Towards growing recognition of the non-punishment principle with regard to victims of trafficking', *La Strada Newsletter*, Issue 44, April 2017
- Piotrowicz, Ryszard., 'Article 26, Non-punishment provision' in Julia Planitzer and Helmut Sax (eds.) *A Commentary on the Council of Europe Convention on against Trafficking in Human Beings* (Edward Elgar, 2020)
- Piotrowicz, Ryszard., 'Non-Punishment Provision' in *A Commentary on the Council of Europe Convention on Action against Trafficking in Human Beings* (Edward Elgar Publishing, 2020)
- Plambech, Sine., 'Between "Victims" and "Criminals": Rescue, Deportation, and Everyday Violence among Nigerian Migrants', *Social Politics*. Vol. 24. No. 3, 2014
- Polaris, *Human Trafficking Issue Brief: Vacating Convictions* (Polaris, 2015).
- Schloenhardt, Andreas & Rebekkah Markey-Towler, "Non-Criminalisation of Victims of Trafficking in Persons – Principles, Promises, and Perspectives", *Groningen Journal of International Law,* Vol 4(1) (2016), 10-38

- Shared Hope International, *Responding to Sex Trafficking: Victim-Offender Intersectionality*, (Shared Hope International, 2020).
- Surtees, Rebecca and Laura S. Johnson (2021) *Trafficking Victim Identification: A Practitioner Guide* (Regional Support Office of the Bali Process (RSO) and NEXUS Institute, 2021)
- Unicef, Victim, *Not Criminal: Trafficked Children and the Non-Punishment Principle in the UK* (Unicef, 2017)
- United Kingdom Crown Prosecution Services, *Guidelines on Human Trafficking, Smuggling and Slavery*, UK CPS, Updated 30 April 2020
- United Kingdom Home Department, *Independent Review of the Modern Slavery Act 2015: Final Report* (Secretary of State for the Home Department, United Kingdom, 2019)
- United Nations Office on Drugs and Crime, *Female Victims of Trafficking for Sexual Exploitation as Defendants: A Case Law Analysis* (United Nations, Vienna, 2020).
- United Nations Office on Drugs and Crime, *Issue Paper: The Role of 'Consent' in the Trafficking in Persons Protocol* (UNODC, 2014)
- United Nations Office on Drugs and Crime, *Guidance Note on 'abuse of a position of vulnerability' as a means of trafficking in persons in Article 3 of the Trafficking in Persons, Especially Women and Children, supplementing the United Nations Convention against Transnational Organised Crime* (UNODC, 2012)
- United Nations Office on Drugs and Crime, *Legislative Guide for the Protocol to Prevent, Suppress and Punish Trafficking in Persons, especially women and children, supplementing the United Nations Convention against Transnational Organized Crime* (United Nations, Vienna, 2020)
- United Nations Office on Drugs and Crime, *Model Legislative Provisions against Trafficking in Persons*, (United Nations, Vienna, 2020)
- United Nations Office of Drugs and Crime, *The Role of Recruitment Fees and Abusive Fraudulent Practices of Recruitment Agencies in Trafficking in Persons* (UNODC, 2015)
- United Nations Office on Drugs and Crime, *UNODC Toolkit for mainstreaming human rights and gender equality into criminal justice interventions to address trafficking in persons and smuggling of migrants* (UNODC, 2021)
- United Nations Office on Drugs and Crime and Bali Process Regional Support Office, *Corruption as a Facilitator of Smuggling of Migrants and Trafficking in Persons in the Bali Process Region with a focus on Southeast Asia* (UNODC and RSO, 2021)

- United Nations Office of the High Commissioner for Human Rights, *Commentary to Recommended Principles and Guidelines on Human Rights and Human Trafficking* (United Nations, Geneva, 2010)
- United Nations Office of the High Commissioner for Human Rights, *Recommended Principles and Guidelines on Human Rights and Human Trafficking* (United Nations, Geneva, 2002)
- Urquiza-Haas, Nayeli, 'Vulnerability Discourses and Drug Mule Work: Legal Approaches in Sentencing and Non-Prosecution/Non-Punishment Norms' (2017) 56(3) *The Howard Journal of Crime and Justice* 309
- Villacampa, Carolina, and Núria Torres, 'Human trafficking for criminal exploitation: Effects suffered by victims in their passage through the criminal justice system', *International Review of Victimology*, 2019, Vol. 25(1) 3–18
- Zornosa, Francisco, 'Protecting Victims from Punishment and Promoting their Rehabilitation: The Need for an Affirmative Defense', *Washington and Lee Journal of Civil Rights and Social Justice*, 2016, Vol 22, Issue 1, 177-203.

Australian Aid | ASEAN-Australia Counter Trafficking

**Implementation of the non-punishment principle for victims of human trafficking in ASEAN Member States**